အနန္တဇိန ဗုဒ္ဓခြေတော်ရာ

အရှင်နာရဒါဘိဝံသ(လှရတနာ)



သဗ္ဗ ဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူတကာတွင် တရားဓမ္မအလှူသည်

အမြတ်ဆုံး

ဒို့

မှ

အမှတ်တရ ဓမ္မဒါနလက်ဆောင်မှန်

နေ့စွဲ----------

အနန္တဇိန ဗုဒ္ဓခြေတော်ရာ

ဗုဒ္ဓခြေတော်ရာ သမိုင်းကြောင်း
ဗုဒ္ဓခြေတော်ရာဆိုင်ရာ တရားနှင့် ကိုးကွယ်ရကျိုးများ
ဗုဒ္ဓခြေတော်ရာ ဆွမ်းတော်ကပ်နည်း ဘုရားရှိခိုးနည်းနှင့်
ပုတီးစိပ်နည်းတို့ကို ညွှန်ပြထားပါသည်

ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာ)

ပထမကျော်, အဂ္ဂမဟာအကျော်, အဌကထာပြန်အကျော်,

ဝဋ္ဌံသကာ, ပါဠိပါရဂူ, သ–စ–အ ဓမ္မာစရိယ။

သာသနာ–၂၅၅၅၊ ကောဇာ–၁၃၇၃၊ ခရစ်–၂၀၁၁

မမွဒါနကုသိုလ်ရှင်

မိခင်ကြီးဒေါ်စောရီကို ရည်စူး၍
ဦးဌေးကို+ဒေါ်သန်းစောဦး
သား–မောင်ထင်အောင်ကို၊ မောင်ရန်အောင်ကို
သမီး မခြူးခြူးကို–ကသာမြို့ က
ဓမ္မဒါန ပြုပါသည်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်	–	၆၀၀၈၅၃၁၀၁၁
မျက်နှာဖုံး ခွင့်ပြုချက်အမှတ်	–	၆၀၀၇၃၃၁၀၁၁
ပုံနှိပ်ခြင်း	–	ပထမအကြိမ်၊ ၂၀၁၁–ခုနှစ်၊ အောက်တိုဘာလ။
အုပ်ရေ	–	၁၀၀၀
တန်ဖိုး	–	
စီစဉ်သူ	–	ဘဒ္ဒန္တနာရဒါဘိဝံသ
ပုံနှိပ်သူ	–	ဦးမြင့်ဦး (သိန်းသန်းဦးအော့ဖ်ဆက်) အမှတ် (၁၂၁/၁၁၉)၊ (၃၄)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၂၅၂၆၂၀၊ ၃၉၈၀၃၁
ထုတ်ဝေသူ	–	ဦးမြင့်ဦး (ရွှေကျေးစာပေ)
ဖြန့်ချီရေး	–	ရွှေကျေးစာပေ
မျက်နှာဖုံးဒီဇိုင်း	–	မြင့်မောင်
ဓာတ်ပုံ	–	ကိုအောင်ဟိန်း၊ မောင်သိန်းဇော်ဝင်း

“ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း” (CTP)

၂၉၁.၃၅
ဘဒ္ဒန္တနာရဒါဘိဝံသ
အနန္တဇိန ဗုဒ္ဓခြေတော်ရာ/ဘဒ္ဒန္တနာရဒါဘိဝံသ။ ရန်ကုန်၊ ရွှေကျေးစာပေ၊ ၂၀၁၁။

မာတိကာ

(က) ဗုဒ္ဓခြေတော်ရာ ပဒေသတိ(၃)မျိုး

၁။ အနန္တဇိနဗုဒ္ဓခြေတော်ရာမည်ပုံ ၁
၂။ မြတ်ဗုဒ္ဓ မြေပြင်မှာ ခြေလျင်ကြွခြင်း ၁
၃။ ဥပကတက္ကတွန်းနှင့် တွေ့တော်မူခြင်း ၂
၄။ အနန္တဇိန အမည်တော်ရပုံ ၄
၅။ အနန္တဇိနဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီတော် ဘုရားရှိခိုး ၆
၆။ အနန္တဇိဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီဝန္ဒနာ ၁၀
၇။ ဘုရားရှင် ဇီတကိလေသ ဖြစ်ပုံနှင့် ဗုဒ္ဓဉာဏ်(၁၄)ပါး ၁၁
၈။ ဗုဒ္ဓခြေတော်ရာ ပဒေတီ (၃) မျိုး ၁၂
၉။ သဇီဝပဒေတီ ဗုဒ္ဓခြေတော်ရာ ၁၃
၁၀။ အကြောင်းကုသိုလ်ကံ (၄)မျိုး ၁၃
၁၁။ ဘုရားလောင်းဘဝ ကုသိုလ်ကောင်းမှု ပြုခဲ့ပုံများ ၁၄
၁၂။ အကျိုးရင်း လက္ခဏာတော်ရပုံ ၁၅
၁၃။ အကျိုးဆက် အာနိသင်ရပုံ ၁၆
၁၄။ ပရိဘောဂ ပဒေတီ (၈)ဆူ ၁၇
၁၅။ မာဂဏ္ဍိပုဏ္ဏား ဇနီးမောင်နှံနှင့် ဗုဒ္ဓခြေရာ ၁၉
၁၆။ ခြေရာ(၄)မျိုး ၁၉
၁၇။ မြေပေါ်မှာ ခြေတော်ရာ ထင်+မထင် ၂၀
၁၈။ မြင်စေချင်မှ မြင်ကြရတဲ့ခြေရာတော် ၂၂
၁၉။ ဘယ်သူဖျက်ဖျက် မပျက်နိုင်သော ခြေရာတော် ၂၂
၂၀။ ဦးခေါင်းပေါ်သို့ ခြေတော်ရာပင့်ပုံ ၂၃
၂၁။ ခြေတော်ဟား ဥဒ္ဒိဿပဒေတီခြေတော်ရာ ၂၅
၂၂။ ခြေတော်ရာ အထွန်းကားဆုံး ပုဂံခေတ် ၂၇
၂၃။ ခြေတော်ရာ သာသနာ ထွန်းကားသော မြန်မာပြည် ၂၇
၂၄။ ခေတ်အဆက်ဆက်မှ ခြေတော်ရာ ပုံတော်အမျိုးမျိုး ၂၇
၂၅။ ဗုဒ္ဓခြေတော်ရာ မူမှန် ပူဇော်ရေးအဖွဲ့ ၂၈
၂၆။ ဖဝါးပြင်မှ စက်ဝန်း၏ တည်နေရာ ၂၉
၂၇။ ဝမုမာနကလက္ခဏာ အဆုံးအဖြတ် ၃၀
၂၈။ ဝဒ္ဓမာဏ-ပုံ (ဝဓမာန-သင်္ကတ) ၃၁

၂၉။ အနန္တဇိန ဗုဒ္ဓခြေတော်ရာမူ ၃၃
၃၀။ အနန္တဇိနဗုဒ္ဓခြေတော်ရာမူ(၁၀၈)ကွက် စက်လက္ခဏာများ ၃၅
၃၁။ မြတ်ဗုဒ္ဓခြေတော်ရာ လေ့လာကြည်ညိုနည်း ၄၀
၃၂။ ဘုရား(၄)ဆူခြေတော်အဖြစ် ထုလုပ်ပူဇော်ခြင်း ၄၁
၃၃။ ဘုရင့်နန်းတော်တွင်းမှ ရွှေဗုဒ္ဓခြေတော်ရာ ၄၁
၃၄။ လှရတနာမှ အနန္တဇိနခြေတော်ရာ ၄၃
၃၅။ (၁၀၈)ကွက် စက်လက္ခဏာတော်တို့ကို
သတ္တ+သခ်ီရ+သြကာသလောကအားဖြင့် ခွဲဝေပုံ ၄၇
၃၆။ ခြေဖဝါးပြင်မှ မြတ်သော မင်္ဂလာအမှတ်အသားများ ၅၅

(ခ)ဗုဒ္ဓခြေတော်ရာ တရားများ

၃၇။ အောင် (၁၀၈)ကွက် ဗုဒ္ဓစက်(ဗန်းမော်ဆရာတော်) ၅၇
၃၈။ အဇိရသ ဗုဒ္ဓခြေတော်ရာတရား (ဗန်းမော်ဆရာတော်) ၆၂
၃၉။ ဗုဒ္ဓခြေတော်ရာ ပါဒစေတီ ကိုးကွယ်ရကျိုးများ ၆၃
၄၀။ မိုးပျံဘောလုံး မိုးပျံပူပေါင်း ဥပမာ ၆၄
၄၁။ (၁၀၈)ချင်း တူညီနေပုံ ၆၅
၄၂။ ဗုဒ္ဓခြေတော်ရာနှင့် သုဂတ-ဂုဏ်တော်ပွားများနည်း ၆၆
၄၃။ ခြေတော်ရာတန်ခိုးကြောင့် ဘေးရန်များပယ်ရှား ၆၇
၄၄။ ဗုဒ္ဓခြေတော်နှင့် ရဟန္တာအရှင်မဟာကဿပ ၆၈
၄၅။ စက်နှင့် လက္ခဏာ ကွာခြားပုံ ၆၉
၄၆။ အရှင်မဟာကဿပ အလောင်းတော် ဘုန်းကံကြီးမားပုံ ၇၀
၄၇။ သံလိုက်မာတ် ကရိန်း ဥပမာ ၇၁
၄၈။ ဆုပန်နည်း ၇၂
၄၉။ လောကမာရဇိန်ဘုရားခြေတော်ရာ တရားတော်
(စစ်ကိုင်းသင်္ကာနောဒယဆရာတော်) ၇၃
၅၀။ မာဂဏ္ဍိပုဏ္ဏားသားအဖ ဝတ္ထု ၇၄
၅၁။ အဇိရသ ဗုဒ္ဓခြေတော်ရာ တရားတော်
(လှရတနာဆရာတော်) ၈၂
၅၂။ ဆင်းတုရုပ်ပွါးနှင့် ဗုဒ္ဓခြေတော်ရာ ကွာခြားပုံ ၈၂
၅၃။ လယ်ပေါ် ဆရာတော်ကြီး စကား ၈၃

၅၄။ အညာအရပ်ဒေသမှ ဘုရားအမ တစ်ဦး ၈၄
၅၅။ အနန္တဇိန ဆင်းတု ရုပ်ပွါးတော်ကြီး ၈၄
၅၆။ မူသစ် ဒီဇိုင်းအသစ်ဖြင့် ပထမဆုံး ပူဇော်သော ခြေတော်ရာ ၈၅
၅၇။ ရွှေဇဝါယွန်း ဗုဒ္ဓခြေတော်ရာရဲ့ ထူးခြားချက် ၈၆
၅၈။ ဘုရားဖြစ်ရမှာ ကြောက်သူနှင့် ဘုရားဖြစ်ချင်သူ ၈၇
၅၉။ စေတီ(၅)ဆူ အလှူတရားတော်(လှုရတနာဆရာတော်) ၈၉
၆၀။ ခြေတော်မူမှန် ပူဇော်ရေးအဖွဲ့ ဖြစ်ပေါ်လာပုံ ၉၀
၆၁။ အဘယာရာမ ဆရာတော် ဦးသီလာနန္ဒာဘိဝံသ စကား ၉၁
၆၂။ စေတီ(၅)ဆူ လှူဖြစ်ပုံ ၉၅
၆၃။ ကုသိုလ်ကံကုန်လျှင် ရတနာများကျောက်ခဲဖြစ်သွား ၉၈
၆၄။ အုံဖွယ်အမျိုးသမီးငယ် ၁၀၀
၆၅။ အနန္တဇိဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီ အာသီမင်္ဂလာ ၁၀၈
၆၆။ ရွှေပန်းတိမ်သည်သားဝတ္ထုတရားတော်
(လှုရတနာဆရာတော်) ၁၁၁
၆၇။ သံယပဝါရဏာနေ့ ၁၁၁
၆၈။ အာဘိဓမ္မအခါတော်နေ့ ၁၁၃
၆၉။ သဗ္ဗညုတဉာဏ်အခါတော်နေ့ ၁၁၃
၇၀။ သုရုစိရသေ့ပန်းဖြင့် ပူဇော်ခြင်း ၁၁၅
၇၁။ သဗ္ဗညုတဉာဏ်ကို ချီးကျူးခြင်း ၁၁၇
၇၂။ ရွှေပန်းတိမ်သည်သားရဟန်း ၁၂၁
၇၃။ ကြာနီပွင့်မှ ခန္ဓာကိုယ်သို့ ပြောင်းရွှေ့ပုံ ၁၂၂
၇၄။ သစ္စာ(၄)ပါးပြ ဩဘာသ ဂါထာ ၁၂၄
၇၅။ ဝိပဿနာရှုမှတ်နည်း ၁၂၅
၇၆။ ပါဒပိဋ္ဌကာဝတ္ထုတရားတော်(လှုရတနာဆရာတော်) ၁၂၇
၇၇။ ဓမ္မသည်သာ အားကိုးရာ ၁၂၉
၇၈။ စာတိုက်ဗီဒို ဓမ္မစေတီလှူရက်ချိုး ၁၃၁
၇၉။ ဒုလ္လဘတရား(၅)ပါး ၁၃၄
၈၀။ ခြေဆေးအင်းပျဉ်ခုံ သယ်ယူပုံ ၁၃၅
၈၁။ ဘုရင်မင်းမြတ် အမိန့်ချမှတ်ပုံ ၁၃၈

၈၂။ ကျောင်းဒကာ သစ္စာပြုပုံ ၁၄၁
၈၃။ ဒသရထဇာတ်ဖြင့် သစ္စာပြုပုံ ၁၄၃
၈၄။ ဖိနပ်နှစ်ဖက်က တိုင်းပြည်အုပ်ချုပ်ပုံ ၁၄၆
၈၅။ သစ္စာစွမ်းအား လွန်ကြီးမားပုံ ၁၅၂
၈၆။ ဓာတ်ခိုက်ဓာတ်ကူးပုံ ၁၅၄
၈၇။ မိတ္တူကူးပုံကူးနည်း ၁၅၆

(ဂ)ဗုဒ္ဓခြေတော်ရာဆွမ်းတော်ကပ်နည်း

၈၈။ (၁၀၈)ကွက်စက်လက္ခဏာဆွမ်းတော်ကပ်နည်းဖြစ်ပေါ်လာပုံ ၁၅၉
၈၉။ (၁၀၈)ကွက်စက်လက္ခဏာဆွမ်းတော်ကပ်နည်း ၁၈၀

(ဃ) ဗုဒ္ဓခြေတော်ရာ ဘုရားရှိခိုးများ

၉၀။ ဗုဒ္ဓခြေတော်ရာ ဘုရားရှိခိုးများ ၁၈၈
၉၁။ နမက္ကာရကျမ်းလာ ရှိခိုးဂါထာ ၂၀၄
၉၂။ ပဇ္ဇမဓုကျမ်းလာ ဆုတောင်းဂါထာများ ၂၀၅

(င)အနန္တဇိနဗုဒ္ဓခြေတော်ရာမှတ်တမ်း

၉၃။ ဗုဒ္ဓခြေတော်ရာ ဒီဇိုင်းမူ စက်လက္ခဏာဆွေးနွေးပွဲ မှတ်တမ်း ၂၀၇
၉၄။ ဒီဇိုင်းမူ-အတည်ပြု ဆွေးနွေးပွဲ အခမ်းအနား အစီအစဉ် ၂၁၀
၉၅။ အုတ်မြစ်တော်စိ မင်္ဂလာအခမ်းအနားအစီအစဉ် ၂၁၁
၉၆။ ဌပနာသွင်းခြင်း အခမ်းအနား အစီအစဉ် ၂၁၃
၉၇။ ရေစက်ချ မဟာမင်္ဂလာအခမ်းအနားအစီအစဉ် ၂၁၆
၉၈။ ဦးကြည်ဝင်း၏ ကျေးဇူးတင် စကား ၂၁၈
၉၉။ ဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီတော် မော်ကွန်း ၂၂၁
၁၀၀။ ပိဋ္ဌကသုံပုံ ဓမ္မစေတီတော်များ ၂၂၅

(စ)အနန္တဇိနဗုဒ္ဓခြေတော်ရာ ကုသိုလ်ရှင်စာရင်း

၁၀၁။ အနန္တဇိန ဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီတော်
သွန်းလောင်းပူဇော်ရန် ကုသိုလ်ရှင်များစာရင်း ၂၂၉

းမြဲယင္ဂဝစ္ဂြစဋ်ဝ် နဲမွန်နီနင်း ဂ်းဒုဝါယစင်နဲထဝဲလ



ယဝှယာဇြာဧီဝံဒွံနှယာဇးဟိဂှဖ်နှစ္စနီနှင်





ဗုဒ္ဓခြေတော်ရာကြီး မန္တလေးမဟာမြတ်မုနိဘုရားကြီးထံတွင်
တစ်ညရင်ငွေ့တော် ခိုလှုံစဉ်

ဌိဓမ္မဒုကြီး၏ ဒုတိုဂစဒုံထ(၁)ဒုလိဂ ပွဲးယြဝပုဟစကြစဉီဝန်ဖွဲနိန်ဇ





ဗန်မော်ဆရာတော် ခြေတော်ရာ မူမှန်ကို အတည်ပြု ဖတ်ကြားစဉ်



ပါကိုးရှာဝတ္တကိစ ဒုံန် ဒွိဖားနှိုလဂ + ငွဲပးဝ်ရဲပ

မြဖာချုဒ ဒုဖ်ါလ်ဧဂွဇ်ဖ ယဝှယာစြာဒိဝ်နမွန်နဧ ယဂဖံဝိစဒုဂြ ဒုဝိယာပဒိဝ်





သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ဆွာရက္ကာကျိုတိုယဘုရားထီးတင်ပွဲ၌ တွေ့ရသောစာအုပ်အလှူရှင်

ရဟန်းအမကြီးဒေါ်စောရိန်နှင့် ဓမ္မမိတ်ဆေမဂ္ဂ

အနွံဓိနပုဗ္ဗဓေခြတော်ရာ
နိဒါန်းစကား

ဘုရားရှင်ခြေတော်ရာ ခွင့်ပြုခဲ့ပုံ

မြတ်စွာဘုရားရှင်သည် မိမိသက်တော်ထင်ရှား ရှိနေစဉ် အချိန်ကပင် ဗုဒ္ဓခြေတော်ရာ ပဒေသတိမျှားကို ဝေနေယျသတ္တဝါတို့ ဖူးမြော်နိုင်ကြရန် အဓိဋ္ဌာန်လျက် ချပေးတော်မူခဲ့သည်၊ ထိုခြေတော်ရာ ပဒေသတိမျှားတွင် သုမနနတ်မင်း၏ တောင်းပန်ချက်အရ စေတိယ ပါဒတောင်ပေါ်တွင် ချထားသော ခြေတော်ရာကိုငှင်း၊ နမ္မဒါနဂါးမင်းနှင့် သစ္စဗန္ဓရဟန္တာ မထေရ်တို့တောင်းပန်ချက်အရ နမ္မဒါမြစ်ကမ်းနား၊ သစ္စဗန္ဓတောင်ပေါ်တို့တွင် ချထားသော ခြေတော်ရာတို့ကိုငှင်း၊ ယခုအချိန်အထိ ဖူးမြင်ကြည်ညိုနိုင်ပါသည်၊ ထိုခြေတော်ရာတို့ကို အထိမ်းအမှတ်ပြု၍ ရှေးဆရာတော်ကြီးများ,ဂေါပကလူကြီးများနှင့် အလှူရှင်တို့က အိန္ဒိယ, နီပေါ, ပါကစ္စတန်,ထိုင်း,ကမ္ဘောဒီးယား,သီရိလင်္ကာ,မြန်မာစသော နိုင်ငံအသီးသီးရှိ စေတီပုထိုး ဘုရားတန်ဆောင်း ကျောင်း,ကန်အတွင်းနှင့် တောင်ပေါ်အရပ် ဒေသ လိုဏ်ဂူတို့၌ ခြေတော်ရာပွား ဉဒ္ဒိဿကပဒေတိမျှားကို တည်ထားကိုးကွယ်ကြ၏။

ခြေတော်ရာခေတ်ဆန်းချိန်

ထိုကမ္ဘာနိုင်ငံအသီးသီးတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံသည် ခြေတော်ရာအများဆုံးရှိသော နိုင်ငံများဖြစ်ကြ၏၊ ထိုနှစ်နိုင်ငံတို့ကို ခြေတော်ရာ သာသနာထွန်းကားသော နိုင်ငံများ-ဟု ဆိုနိုင်ပါ၏၊ မြန်မာနိုင်ငံတွင်မူ ဝေသာလီခေတ်စသော ခေတ်အဆက်ဆက်တို့၌ ခြေတော်ရာတို့ကို ထုလုပ်ကိုးကွယ်ခဲ့ကြ၏၊ ထိုခေတ်အဆက်ဆက်တို့တွင် ပုဂံခေတ်သည်ကား ခြေတော်ရာကို ရေးဆွဲထုလုပ်ကိုးကွယ်မှုအများဆုံး,ခြေတော်ရာ အထွန်းကားဆုံး ခေတ်ဖြစ်ခဲ့သည်၊ ထို့ကြောင့်လည်း ပုဂံခေတ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေး,ပညာရေး,စစ်ရေး,ဘာသာရေးတို့ အကြီးအကျယ်ထွန်းကားခဲ့

(၁)

ခြင်းဖြစ်ပေသည်၊ ပုဂံခေတ် နောက်ပိုင်းခေတ်များတွင် ခြေတော်ရာကို ထုလုပ်ကိုးကွယ်ခဲ့ကြသော်လည်း ပုဂံခေတ်လောက် မများပြားတော့ပေ။

သာသနာတော်နှစ် (၂၅၅၀)ပြည့်ပြီးသည့်နောက်နှစ် (၂၅၅၁)ခုနှစ်၌မူ ဗန်မော်ဆရာတော်အမှူးရှိသော "ဗုဒ္ဓခြေတော်ရာမူမှန် ပူဇော်ရေးအဖွဲ့"သည် နိုင်ငံအသီးသီး ခေတ်အဆက်ဆက်တို့မှ ခြေတော်ရာတို့၏ အနေအထားကို လေ့လာ စူးစမ်းဆွေးနွေးတော်မူခဲ့ကြ၏၊ ဗုဒ္ဓစာပေဖြစ်သော ပါဠိတော်အဋ္ဌကထာဋီကာတို့အပြင် ဟင်ဒီ သက္ကဋ အဘိဓာန်, အင်္ဂလိပ် အဘိဓာန်တို့နှင့်ပါ တိုက်ဆိုင်စိစစ်ကြ၏၊ ယင်းသို့ ဆွေးနွေးစီစစ်ပြီးသည့်အခါ "အနန္တဇိနဗုဒ္ဓခြေတော်ရာမူ" ဟူ၍ ပေါ်ထွက်လာခဲ့ပေသည်

ထို"အနန္တဇိနဗုဒ္ဓခြေတော်ရာမူ" ပေါ်ထွက်လာပြီးသည့်နောက် ပိုင်းတွင် အလှူရှင်ဘုရားဒါယကာ+ ဘုရားဒါယိကာမတို့သည် မြန်မာပြည်အနှံ့ ဘုရားစေတီ,ကျောင်းကန်,လိုဏ်ဂူတို့၌ ဗုဒ္ဓခြေတော်ရာမြောက်များစွာတို့ကို တည်ထားကိုးကွယ်ခဲ့ကြ၏။ ခြေတော်ရာသာသနာတခေတ်ဆန်းလျက် ပြန်လည်ထွန်းကားလာခြင်းပင်ဖြစ်သည်။ ခြေတော်ရာမူမှန်ပူဇော်ရေးအဖွဲ့၏ ခေါင်းဆောင်ဖြစ်သော ဗန်မော်ဆရာတော်သည်လည်း ဆွေးနွေးချိန်၌ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်အနေဖြင့် အဂ္ဂမဟာပဏ္ဍိတဆရာတော်သာဖြစ်၏၊ ယခုအချိန်အခါ၌မူကား အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တော်ကြီးရလျက် နိုင်ငံတော် သံဃမဟာနာယက ဥက္ကဋ္ဌ ဆရာတော်ကြီးအနေဖြင့် သာသနာရေးကိစ္စတို့ကို ဆောင်ရွက်နေပါပြီ၊ ဤမျှသာမကသေးပါ ဂျပန်,အမေရိကန်, အင်္ဂလန်စသော ကမ္ဘာနိုင်ငံအသီးသို့ ကြွရောက်လျက် သာသနာပြုနေသည့် ကမ္ဘာဗုဒ္ဓသာသနာပြုဆရာတော်ကြီးလည်း ဖြစ်နေပါပြီ။

ခြေတော်ရာကို ဆွမ်းတော်ကြီးပွဲ ကပ်လှူခြင်း

ဗုဒ္ဓခြေတော်ရာမူမှန်ပူဇော်ရေးအဖွဲ့၏ ဆွေးနွေးအတည်ပြုချက် အရ ပေါ်ထွန်းလာသည့်မူအတိုင်း ဗုဒ္ဓဂယာပုည သဟာယက

အဖွဲ့သည် သိန်း(၁၀၀)ကျော် အကုန်အကျခံလျက် ပါဠိတက္ကသိုလ် ညောင်တုန်းတိုက် လှရတနာကျောင်းတွင် (၁၃၆၉)ခုနှစ်၊ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ (၂၆၊ ၁၀၊ ၂၀၀၇)၌ "အနန္တဇိနဗုဒ္ဓ ခြေတော်ရာကြီး"ကို တည်ထားကိုးကွယ်ခဲ့ကြ၏၊ ထိုဗုဒ္ဓခြေတော်ရာကြီးသည် ယခု (၁၃၇၃)ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့တွင် (၅)နှစ်ပြည့်မည် ဖြစ်ပါသည်၊ (၅)နှစ်ပြည့်အထိမ်းအမှတ်ဖြင့် ထိုအနန္တဇိနဗုဒ္ဓ ခြေတော်ရာကြီးကို ဆွမ်းတော်ကြီးပွဲ ကပ်လှူကြပါမည်၊ ဆွမ်းတော်ကြီးပွဲ ကပ်လှူရာ၌ ခြေတော်ရာစက်ဝန်းတွင်ပါဝင်သည့် အကန့်ပေါင်း(၁၀၀၀)နှင့် လက္ခဏာပေါင်း (၁၀၈)ကွက်ကို ရည်ရွယ်ပြီး သတ်သတ်လွတ် သီးစုံဆွမ်းပွဲပေါင်း (၁၁၀၈)ပွဲ၊ သောက်တော်ရေ (၁၁၀၈)ခွက်၊ သတ်သတ်လွတ်ဟင်း (၁၀၈)ခွက်၊ သစ်သီး(၁၀၈)ခွက်၊ ပန်း(၁၀၈)ခွက်၊ ဆီမီး(၁၀၈)ခွက်တို့ကို လှူဒါန်းကြမည်ဖြစ်ပါသည်၊ ထိုဆွမ်းတော်ကြီးကပ်ပွဲကို ရွှေသံလွင် ကုမ္ပဏီနှင့် ဗုဒ္ဓဂယာပုညသဟာယကအဖွဲ့တို့က ဦးဆောင်ပြီး ကပ်လှူကြပါမည်။

အနန္တဇိနဗုဒ္ဓခြေတော်ရာ စာအုပ်ဖြစ်ပေါ်လာပုံ

အနန္တဇိနဗုဒ္ဓခြေတော်ရာကြီး (၅)နှစ်ပြည့်နှင့် ဆွမ်းတော်ကြီးကပ်ပွဲ အထိမ်းအမှတ်အဖြစ် ဤ "အနန္တဇိန ဗုဒ္ဓခြေတော်ရာစာအုပ်" ကို ရေးသားပူဇော်ရခြင်းဖြစ်ပါသည်၊ ရေးသားပူဇော်ရာ၌ -

(က) ဗုဒ္ဓခြေတော်ရာ (၃)မျိုး၊

(ခ) ဗုဒ္ဓခြေတော်ရာ တရားများ၊

(ဂ) ဗုဒ္ဓခြေတော်ရာဆွမ်းတော်ကပ်နည်း၊

(ဃ) ဗုဒ္ဓခြေတော်ရာ ဘုရားရှိခိုးများ၊

(င) အနန္တဇိန ဗုဒ္ဓခြေတော်ရာမှတ်တမ်းများ၊

(စ) အနန္တဇိနဗုဒ္ဓခြေတော်ရာအလှူ.ရှင်များ-ဟူ၍

(၆)ခန်းခွဲခြားလျက် ရေးသားထားပါသည်။

(ဃ)

စာအုပ်မျက်နှာဖုံးပါအကြောင်းအရာကို အခန်း (က)မှ ပရိဘောဂပဒစေတီအပိုင်းနှင့် အခန်း(ခ)မှ စစ်ကိုင်း သဇ္ဇနောဒယ ဆရာတော်ကြီး၏ခြေတော်ရာတရားကို ဖတ်ရှု၍ ကြည်ညိုခံစားနိုင်ပါသည်၊ အနန္တဇိနဗုဒ္ဓခြေတော်ရာကြီးပေါ်လာပုံကိုမူ အခန်း(က)မှ ဥဒ္ဒိဿပဒစေတီအပိုင်းတွင် ကြည်ရှုနိုင်ပေသည်။ အခန်း(ခ)ခြေတော်ရာတရားများ အပိုင်းတွင် ဗန်မော် ဆရာတော်ကြီးနှင့် စစ်ကိုင်းသဇ္ဇနောဒယ ဆရာတော်ကြီး၏ တရားတို့ကိုပါ တွေ့ရမည်ဖြစ်ပါသည်၊ လာမည့်သီတင်းကျွတ်လပြည့်နေ့တွင် အနန္တဇိနဗုဒ္ဓခြေတော်ရာကြီးကို ဆွမ်းတော်ကြီးပွဲကပ်လှူရာ၌ အခန်း(ဂ)၌လာသည့် ဆွမ်းတော်ကပ်နည်း အတိုင်း ရွတ်ဆိုလျက် ကပ်လှူကြပါမည်၊ အခန်း(ဃ)၌လာသော ခြေတော်ရာ ဘုရားရှိခိုးများဖြင့် ဘုရားစေတီကျောင်းကန်တို့တွင် တွေ့မြင်ဖူးမြင်ရသည့် ဗုဒ္ဓခြေတော်ရာတို့ကို ရှိခိုးပူဇော်နိုင်ပါသည်။

ဓမ္မဒါန စာအုပ်ကောင်း မှုရှင်

ဤစာအုပ်ကို ကသာမြို့မှ ဦးဌေးကို+ဒေါ်သန်းစောဦး၊ သား-မောင်ထင်အောင်ကို၊ မောင်ရန်အောင်ကို၊ သမီး-မခြူးခြူးကို-တို့က မိခင်ရဟန်းအမကြီး ဒေါ်စောရီကို ရည်စူး၍ လှူဒါန်းကြပါသည်၊ ရဟန်းအမကြီး ဒေါ်စောရီသည် စာရေးသူနှင့်အတူ မြန်မာပြည်မှ ခြေတော်ရာတို့ကိုသာမက အိန္ဒိယ,နီပေါ,သီရိလင်္ကာနိုင်ငံတို့မှ ခြေတော်ရာ တို့ကိုပါ ဖူးမြော်ခဲ့ သူဖြစ်၏၊ အနန္တဇိနဗုဒ္ဓခြေတော်ရာကြီး တည်ထားရာ၌လည်း ပါဝင်လှူဒါန်းခဲ့သူဖြစ်သည်၊ သို့သော် ခြေတော်ရာကြီး (၅)နှစ်ပြည့်နှင့်၊ ဆွမ်းတော်ကြီးပွဲကပ်လှူရာ အထိမ်းအမှတ်အဖြစ် ရေးသားပူဇော်ရာ ယခုအချိန်အခါ၌ကား ရဟန်းအမကြီးသည် ကွယ်လွန်ခဲ့ပြီဖြစ်၍ မရှိရှာတော့ချေ၊ အကယ်၍များ ရဟန်းအမကြီး ယခုအချိန်ထိ ရှိနေသေးပါလျှင် ဆွမ်းတော်ကြီးကပ်လှူပွဲသို့ တက်ရောက်လာ ပေလိမ့်မည်၊ သို့ဖြစ်၍ ဤစာအုပ်ရေးသားပူဇော်ရခြင်း၏ ကုသိုလ်အဖို့ဘာဝကို ရဟန်းအမကြီး ဒေါ်စောရီအား အမျှပေးဝေပါ၏၊ ရဟန်းအမကြီးဒေါ်စောရီသည် ဖြစ်လေရာ ဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

ထိုအပြင် ဤစာအုပ်ရေးသားနေချိန်ကား စာရေးသူအတွက် သာသနာရေးကိစ္စများ ဝန်ပိနေသောအချိန်ဖြစ်ပါ၏၊ ကျောင်းတိုက်ကြီး၏ ပဓာနနာယက သက်တော်ရှည်ဆရာတော်ကြီးသည် ဝါဆိုပြီးစအချိန်မှစ၍ S-S-C-ဆေးရုံတွင် တက်ရောက် ကုသနေရ၏၊ တိုက်အုပ်ဆရာတော်သည်လည်း နိုင်ငံတော် ဝိနည်းမိုရ်ကိစ္စဖြင့် ကမ္ဘာအေးသို့ ရောက်ရှိနေ၏၊ သို့ဖြစ်၍ နံနက်ပိုင်းတွင် အဋ္ဌသာလိနီစာဝါ၊ နေ့လည်ပိုင်းတွင် သီလက္ခန်စာဝါ၊ ညနေပိုင်းတွင် ပါရာဇိကဏ်စာဝါအားဖြင့် အဋ္ဌကထာစာဝါကြီး (၃)ဝါတို့ကို ပို့ချပေးရ၏၊ ကျောင်းတိုက်ကိစ္စနှင့် ဆေးရုံကိစ္စတို့ကိုလည်း စီစဉ်ဆောင်ရွက်ပေးရသည်၊ ညောင်တုန်းကျောင်းတိုက် ဆိုသော်လည်း ဗောဓိညောင်ပင်ကား မရှိခဲ့ချေ၊ကျောင်းတိုက်တည်ထောင်အပြီး နှစ်ပေါင်း(၆၀)ကျော်လာမှသာ ဗောဓိညောင်ပင်ကို စိုက်ပျိုး ပူဇော်ဖြစ်တော့သည်၊ ထိုဗောဓိညောင်ပင်အတွက်လည်း ထိုက်ထိုက်တန်တန် အဆောင်အယောင်အဖြစ် ပန်ခြံကို စိုက်ပျိုး ပေးရပြန်၏၊ ဤကဲ့သို့သော သာသနာရေးကိစ္စတွေကို ဆောင်ရွက်နေရသည်ကြားမှပင် ဤစာအုပ်ကို ရေးသားပူဇော်ရပါသည်။

ယင်းသို့ရေးသားနေချိန်၌ မှတ်တမ်းတင်စီဒီချပ်တို့ကို ပြန်၍ ကြည့်ရှုရ၏၊ ထိုအခါ အနန္တဇိနဗုဒ္ဓခြေတော်ရာကြီးအပေါ် ကြည်ညိုမှု သဒ္ဓါများဖြစ်ပွားလာရသည်၊ ခြေတော်ရာကြီး၏ တန်ခိုးနှင့် ကြည်ညိုသော သဒ္ဓါကုသိုလ်စိတ်၏စွမ်းအင်ကြောင့် ဤစာအုပ်ထွက်ပေါ်လာရသည်ဟု ယုံကြည်မိပါသည်၊ ဤစာအုပ်ကို အချိန်မှီထွက်ပေါ်လာနိုင်အောင် ကွန်ပျူတာ စာစီစာရိုက်ပေးကြသော သိမ်ကျောင်းဘုန်းကြီး ဦးအာသဘ၊ အဘိဓဇကျောင်းဘုန်းကြီး ဦးခေမိကာလင်္ကာရာဘိဝံသ၊ ကျမ်းပြီးဦးဝိစိတ္တာလင်္ကာရ၊ ကျမ်းစွဲ ဦးအာဇာနှင့် ဖိုးသားကြီး တို့ကိုငှင်း၊ ဓာတ်ပုံဆရာ ကိုအောင်ဟိန်း၊ မောင်သိန်ဇော်ဝင်း၊ ဒီဇိုင်းဆရာ ကိုမြင့်မောင်နှင့် သိန်းသန်းဦး ပုံနှိပ်တိုက်တို့ကိုငှင်း၊ အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်၊ ဗုဒ္ဓခြေတော်, ခြေတော်ရာ တန်ခိုးဖြင့် ဘေးရန်ကင်းရှင်းပြီး လိုအင်ဆန္ဒများ ပြည့်ဝကြပါစေ။

အရှင်နာရဒါဘိဝံသ(လှရတနာ) (၈၊ ၁၀၊ ၂၀၁၁)စနေနေ့

(က) ဗုဒ္ဓခြေတော်ရာ ပဒစေတီ(၃)မျိုး

အနန္တဇိနဗုဒ္ဓခြေတော်ရာမည်ပုံ

မြတ်ဗုဒ္ဓမြေပြင်မှာ ခြေလျင်ကြွခြင်း

ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် သူအို-သူနာ-သူသေ-ရဟန်းဟူသော နိမိတ်ကြီးလေးပါးကို မြင်၍ သံဝေဂရနေစဉ် သားတော်ရာဟုလာလေး မွေးဖွားလာသောနေ့၌ပင် တောထွက်တော် မူခဲ့လေသည်။ ထိုနေ့ကား မဟာသက္ကရာဇ်(၉၇)ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့ပင်ဖြစ်သည်။

အနောမာသောင်ကမ်း၌ ဃဋိကာရ ဗြဟ္မာမင်းဆက်သသော ပရိက္ခရာရှစ်ဖြာဖြင့် ရဟန်းပြုတော်မူလေ၏။ ဥရုဝေလတောကြီးအတွင်း၌ ဒုက္ကရစရိယာအကျင့်ကို (၆)နှစ် ကျင့်တော်မူသည်၊ အာနာပါနစတုတ္ထစျာန်ကို အခြေ ခံကာ ပဋိစ္စသမုပ္ပါဒ်ဝိပဿနာ အနုလုံ+ပဋိလုံရှုမှတ်ရာ မဟာသက္ကရာဇ် (၁၀၃)ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဗုဒ္ဓဂယာ ဗောဓိမဏ္ဍိုင်အရပ်၌ မြတ်စွာဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပေသည်၊ ဘုရားအဖြစ်သို့ ရောက်ပြီး ဗုဒ္ဓဂယာ ဗောဓိမဏ္ဍိုင်အရပ်၌ပင် သတ္တဌာန(၇)ဌာန သီတင်းသုံးလျက် ဖလသမာပတ် ဝင်စားတော်မူသည်။

မြတ်စွာဘုရားသည် "ငါဘုရားသည် မိဂဒါဝုန်တောသို့ ကြွသွား၍ ဓမ္မစကြာတရားကို ဟောကြားမည်" ဟု ကြံစည်တော်မူပြီးလျှင် ဗောဓိမဏ္ဍိုင်ကုန်း၏ အနီးမှာပင် ဆွမ်းခံလှည့်လည်ကာ ဝါဆိုလဆန်း(၁၄)ရက်နေ့ တိုင်အောင် နေတော်မူ၏။ ဝါဆိုလပြည့်နေ့သို့ ရောက်သောအခါ၌မူ နံနက်စောစောကပင် "ဗာရာဏသီပြည် သို့ ကြွသွားတော့အံ့"ဟု သပိတ်သင်္ကန်းကို ပြင်ဆင်ယူဆောင်ကာ (၁၈)ယူဇနာဝေးကွာသော ခရီးကို မြေပြင်မှ ခြေလျင် ကြွသွားတော်မူလေသည်။

ရှေးရှေးမြတ်စွာဘုရားရှင်တို့သည် ဓမ္မစကြာတရားကို ဟောကြားရန် မိဂဒါဝုန်တောသို့ ကောင်းကင် ခရီးဖြင့် စျာန်ယာဉ်စီးကာ ကြွတော်မူကြကုန်၏။ အကျွန်ုပ်တို့၏ ဂေါတမမြတ်စွာဘုရားမှာ ဥပကတက္ကတွန်း၏ အနာဂါမ်ဖြစ်လတ္တံ့သောအကြောင်း ရှေးကောင်းမှုကို မြင်တော်မူသဖြင့် **"ယခုအခါ ဥပကသည် ဤခရီးသို့ လာနေ၏၊ ထိုဥပကသည် ငါဘုရားကို ဖူးမြင်တွေ့ရှိ စကားနှီးနှောပြောဆိုပြီး သွားလိမ့်မည်၊ နောက်တချိန်တွင် လူဘောင်ကို ငြိုငွေ့၍ ငါဘုရားထံမှောက် လာရောက်တရားနာပြီးလျှင် ယခုဘဝ အနာဂါမ်အရိယာဖြစ်၍ ဒုတိယဘဝ၌ အဝိဟာဘုံသို့ ကပ်ရောက်ကာ ရဟန္တာဖြစ်လိမ့်မည်"**ဟု သိတော်မူပြီးလျှင် (၁၈)ယူဇနာ ဝေးကွာ သော ခရီးကို မြေပြင်မှ ခြေလျင် ကြွတော်မူလေသည်။

ဥပကတက္ကတွန်းနှင့် တွေ့တော်မူခြင်း

ထိုသို့ မြတ်စွာဘုရားသည် မဟာဗောဓိမှ ဗာရာဏသီပြည်သို့ မြေပြင်မှ ခြေလျင်ကြွသွားတော်မူလတ်သော် မဟာဗောဓိနှင့် ဗုဒ္ဓဂယာ၏ အကြားဌ၌ ခရီးသွားနေဆဲရှိသော ဥပကတက္ကတွန်းသည် မြတ်စွာဘုရားရှင်ကိုမြင်၍ အနီးသို့ ချဉ်းကပ်ပြီးလျှင် ဤသို့မေးမြန်းလေ၏၊ **"ငါ့ရှင်--သင်၏ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်-ဟူသော ဣန္ဒြေခြောက်ပါးတို့သည် ကြည်လင်လှကုန်၏၊ ကိုယ်ရေ အဆင်းသည်လည်း သန့်ရှင်းစင်ကြယ်လျက် ပြိုးပြိုးပြက်ရှိပေ၏၊ ငါ့ရှင်--သင်သည် အဘယ်ဆရာကို ရည်မှန်း၍ ရဟန်း ပြုခဲ့ ပါသနည်း၊ သင်၏ဆရာကား အဘယ်သူနည်း၊ အဘယ်သူ၏တရားကို သင်နှစ်သက်ပါသနည်း"**

ထိုအခါ မြတ်စွာဘုရားသည် ဥပကတက္ကတွန်းကို ဤသို့ ဖြေကြားတော်မူပါသည်။

ငါ့ရှင်ဥပက--ငါဘုရားသည် ဘုံသုံးပါးဌဿဖြစ်သော တရားအားလုံးကို လွှမ်းမိုးစိုးအုပ်၍ တည်သူဖြစ်၏၊ တရားအလုံးစုံကို အကုန်အစင် အကြွင်းမဲ့ သိမြင်သူလည်းဖြစ်၏၊ ခပ်သိမ်းသော တေဘူမကတရားတို့ဌ တပ်မက်ခြင်း, ပြစ်မှားခြင်း, တွေဝေခြင်းအစရှိသည့် ကိလေသာတည်းဟူသော လိမ်းကျံခြင်းမှလည်း ကင်းစင်သူဖြစ်၏၊ ခပ်သိမ်းသော တေဘူမကတရားကို ပယ်ရှားစွန့်ပစ်ပြီးသူလည်း ဖြစ်၏၊ တဏှာ၏ကုန်ရာ နိဗ္ဗာန်ဌ စိတ်ချ ညွှတ်ညွှတ်ကျွတ်လွတ် သက်ဝင်၍ တည်သူလည်းဖြစ်၏၊ တရားအလုံးစုံကို ဆရာမရှိမိမိအလိုလို ထိုးထွင်းသိမြင် သူဖြစ်သောကြောင့် အဘယ်မည်သော သူတယောက်ကို **"ဤသူကား ငါ၏ ဆရာတည်း"**ဟု ညွှန်ပြဖွယ်ရာ ရှိအံ့နည်း၊ မရှိသည်သာ။

ငါ့ရှင်ဥပက--ငါဘုရားအား ဆရာဟူ၍ မရှိ၊ ငါနှင့်တူသော သူသည်ပင် မရှိ။ နတ်နှင့် တကွသော သတ္တလောကဌ သီလအစရှိသော ဂုဏ်ကျေးဇူးတို့ဖြင့် ငါဘုရား၏ ကိုယ်စားပြုလောက် သူပင် မရှိ။

ငါ့ရှင်ဥပက--ငါသည် လောကဌ ပူဇော်အထူးကို ခံထိုက်သော အရဟံဂုဏ်ရှင် ဖြစ်ပေ၏၊ ငါသည် လောကဌ အတုမရှိ လွန်ကဲမြင့်မြတ်သော လူနတ်တို့၏ ဆရာလည်းဖြစ်ပေ၏၊ ငါသည် တရားအလုံးစုံကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ထိုးထွင်းသိမြင်နိုင်သည်ဖြစ်၍ ပြုံင်ဖက်မပြု တဆူတည်းသာဖြစ်၏၊ ကိလေသာမီး အေးငြိမ်း ပြီးသူလည်း ဖြစ်၏။

ငါ့ရှင်ဥပက--ငါဘုရားသည် ဓမ္မစကြာတရားကို ဟောကြားခြင်းငှါ ကာသိတိုင်း ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောသို့ သွားပေအံ့၊ ပညာမျက်စိ မရှိစမ်းတန်း သူကန်းသဖွယ်ဖြစ်သောနတ်လူအပေါင်းဌ တရားဒေသနာတည်းဟူသော အမြိုက်စည်ကြီးကို ရိုက်တီး ဆော်ရွှမ်းပေအံ့။ တရားဒေသနာတည်းဟူသော အမြိုက်စည်ကြီး ရိုက်တီးဆော်ရွှမ်းရန် ကာသိတိုင်း ဗာရာဏသီပြည်သို့ ငါသွားပေအံ့။

ထိုအခါ ဥပကတက္ကတွန်းသည် **ယထာ ခါ တွံ အာဝုသော ပဋိဇာနာသိ၊ အရဟာသိ အနန္တဇိနော==**

"ငါ့ရှင်--သင်ဝန်ခံသည့်အတိုင်းသာဆိုလျှင် သင်သည် **"အနန္တဇိနမည်သူ"** အနန္တဉာဏ်ရှင် အကုသိုလ်များ မာရ်ငါးပါးကို အောင်မြင်ပြီးသူ ဖြစ်မှာဘဲ" ဟူ၍ မြတ်စွာဘုရားကို ပြောဆိုလေသည်၊ ထိုအခါ မြတ်စွာဘုရားကလည်း-

မာဒိသာ ဝေ ဇိနာ ဟောန္တိ၊ ယေ ပတ္တာ အာသဝက္ခယံ။
ဇိတာ မေ ပါပကာ ဓမ္မာ၊ တသ္မာဟ မုပက ဇိနော။

ငါ့ရှင်ဥပက--ငါကဲ့သို့ သဘောရှိကုန်သော မြတ်စွာဘုရားတို့သည် အာသဝေါတရားလေးပါးတို့၏ ကုန်ရာ အရဟတ္တမဂ်ဉာဏ်သို့ ရောက်တော်မူကုန်လျှက် ယုတ်မာဆိုးဝါး အကုသိုလ်တရားတို့ကို ပယ်ရှား အောင်မြင်တော်မူကြကာ**"ဇိန"**အမည်တော်ရှိကုန်၏၊ ငါသည်လည်း ထိုဘုရားတို့နည်းတူ အာသဝက္ခယ-(အရဟတ္တမဂ်ဉာဏ်) သို့ ရောက်လျှက် ယုတ်မာဆိုးဝါး အကုသိုလ်တရားတို့ကို ပယ်ရှားအောင်မြင်ပြီးဖြစ်သောကြောင့် **"ဇိန"**အမည်တော် ရှိ၏ဟူ၍ ဥပကတက္ကတွန်းကို မိန့်တော် မူလေသည်။

အနန္တဇိန အမည်တော်ရပုံ

ဥပကတက္ကတွန်း၏ ဖော်ပြပါစကားထဲမှ **"အနန္တဇိန"**ဟူသည် မြတ်စွာဘုရားရှင်ပင်ဖြစ်သည်။ မြတ်စွာဘုရားရှင်၏ အနန္တဇိန အမည်တော်ရပုံမှာ ဤသို့ဖြစ်၏၊ အနန္တဇိနဟူသော အမည်တော်တွင် အနန္တပုဒ်၊ ဇိနပုဒ်တို့ ပါဝင်ကြ၏၊ အနန္တ-ဟူသည် ဥပါဒ်အခိုက်အတန့် ဘင်အခိုက်အတန့် ဌီအခိုက်အတန့်မရှိသော နိဗ္ဗာန်ပင်ဖြစ်သည်၊ ပြုပြင်အပ်သော သင်္ခတဖြစ်သည် ရုပ်နာမ်တရားတို့၌ ဥပါဒ် ဌီ ဘင်အခိုက်အတန့်များ ရှိသော်လည်း အသင်္ခတဖြစ်သော နိဗ္ဗာန်၌မူ ယင်းအခိုက်အတန့်များ မရှိရကား နိဗ္ဗာန်ကို အနန္တ-ဟု ဆိုရ၏၊ ဘုရားရှင်သည် ကိလေသာအကုသိုလ် ရန်သူအပေါင်းကို နှိမ်နင်းလျက် နိဗ္ဗာန်ကို ရတော်မူသောကြောင့် အနန္တဇိန-အမည် ရတော်မူပေသည်။

ပရိယန္တပရိစ္ဆေဒဘာဝရဟိတတ္တာ အနန္တံ ဝုစ္စတိ နိဗ္ဗာနံ၊ တံ ဘဂဝတာ ရညာ သပတ္တဂဏံ အဘိမဒ္ဒိတ္တာ ဇိတံ ဝိဇိတံ အဓိဂတံ သမ္ပတ္တံ၊ တသ္မာ ဘဂဝါ အနန္တဇိနောတိ ဝုစ္စတိ။ *(ဝိ ၄၊ ၄၊ ၂၃၅)*

တနည်း မြတ်စွာဘုရားရှင်၏ အနန္တဇိနအမည်ရပုံကို သာရတ္ထဋီကာ (၃၊ ၁၆၅)၌ အနန္တဉာဏော ဇိတကိလေသောတိ အနန္တဉာဏော-ဟု ဖွင့်ပြ၏၊

ဤနည်းအလို မြတ်စွာဘုရားရှင်၏ အနန္တဇိန အမည်ရပုံမှာ ဤသို့ပါတည်း။

အနန္တဇိနောဟူသော အမည်တော်တွင် ပါဝင်သော အနန္တ-ဟူသည် အနန္တဉာဏောဟူသော အဖွင့်အရ အဆုံးအပိုင်းအခြား မရှိသည့် ဉာဏ်တော်များစွာရှိသော မြတ်စွာဘုရားပင် ဖြစ်သည်။

မှန်၏၊ မြတ်စွာဘုရားရှင်၌ ဉာဏ်တော်ပေါင်း မြောက်များစွာရှိ၏၊ ထိုဉာဏ်တော်တို့ကို အကျဉ်းချုပ်မျှ ဖေါ်ပြရလျှင် တီသု ကာလေသု အပ္ပဋိဟတဉာဏ်၊ စတုအရိယမဂ္ဂဉာဏ်၊ စတုပဋိသမ္ဘိဒါဉာဏ်၊ စတုဝေသာရဇ္ဇဉာဏ်၊ စတုယောနိပရိစ္ဆေဒကဉာဏ်၊ ပဉ္စဂတိပရိစ္ဆေဒကဉာဏ်၊ ဆအသာဓာရဏဉာဏ်၊ သတ္တဟောဇ္ဈင်္ဂဝိဘာဝနဉာဏ်၊ အဋ္ဌပရိသအကမ္ပနဉာဏ်၊ နဝါနုပုဗ္ဗဝိဟာရသမာပတ္တိဉာဏ်၊ ဒသဗလဉာဏ်၊ စုဒ္ဒသဗုဒ္ဓဉာဏ်၊ ဧကူနဝီသတိပစ္စဝေက္ခဏဉာဏ်၊ စတုစတ္တာရီသဝတ္ထုဉာဏ်၊ ပညာသဉဒယဗ္ဗယဉာဏ်၊ တေသတ္တတိဉာဏ်၊ သတ္တသတ္တတိဉာဏ်၊

နေ့စဉ်ဝင်စား သုံးဆောင်မြဲဖြစ်သည့် ကုဋေနှစ်သန်း လေးသိန်း အရေအတွက်ရှိသော သမာပတ်ဟုဆိုအပ်သော မဟာဝဇိရဉာဏ်၊ ကုဋေသုံးသန်း ခြောက်သိန်း အရေအတွက်ရှိသော ဝိပဿနာဟုဆိုအပ်သော မဟာဝဇိရဉာဏ်၊ အနန္တနယဖြစ်သော သမန္တပဋ္ဌာန်းကျမ်းကြီးလာ အကြောင်းအကျိုးတို့ကို ဆင်ခြင်သုံးသပ်ဟောကြားသော ဒေသနာဉာဏ်၊ အဆုံးအပိုင်းအခြားမရှိသော စကြာဝဠာကမ္ဘာလောကဓာတ်တို့၌ နေကြသော အဆုံးအပိုင်းအခြားမရှိသော သတ္တဝါတို့ဖြစ်ကြ၏၊ ယင်းသို့သော ဉာဏ်တော်များ အထောင်အသောင်းအသိန်းတို့ နှလုံးသွင်း အလိုဆန္ဒ အာသယကို ထင်ရှားစွာသိမြင်သော အာသယာဒိဝိဘာဝန ဉာဏ်စသော ဉာဏ်တော်အထောင် အသောင်း အသိန်းတို့ ရှိကြသောကြောင့် မြတ်စွာဘုရားရှင်ကို **"အနန္တဉာဏ"**ဟု ဆိုရသည်၊ ထို့ကြောင့် ထေရာပဒါန်ပါဠိတော်တို့၌ ရဟန္တာအရှင်မြတ်တို့က မြတ်စွာဘုရားရှင်ကို **"အနန္တဉာဏော အသမသမော၊ အတုလော အဂ္ဂတံ ဂတော"**ဟူ၍ ၎င်း၊ **"အနန္တဉာဏံ သမ္မဒ္ဒံ၊ ကော ဒိသွာ နပ္ပသီဒတိ"**ဟူ၍ ၎င်း ခိုးကျူးတော်မူကြခြင်းဖြစ်သည်။

အနန္တဇိနော-ဟူသော အမည်တော်တွင် ပါဝင်သော ဇိန-ဟူသည် ဇိတကိလေသော ဟူသော အဖွင့်အရ အောင်မြင်အပ်သော ကိလေသာ

ရှိသော (၀၊) လောဘ ဒေါသ မောဟစသော အကုသိုလ်ကိလေသာတို့ကို ပယ်သတ်အောင်မြင် ပြီးသော မြတ်စွာဘုရားရှင်ပင် ဖြစ်သည်၊ သို့ဖြစ်၍ အနန္တဇိန-ပုဂ္ဂိုလ်ဟူသည်မှာ အဆုံးအပိုင်းအခြားမရှိသော ဉာဏ်တော်များ ရှိ၍ အနန္တဉာဏ်ရှင်၊ အကုသိုလ်ကိလေသာများကို ပယ်သတ်အောင်မြင်ပြီး သော ကိလေသာအောင်မြင် မြတ်စွာဘုရားသခင်ပင် ဖြစ်ပါသည်။

ဥပကတက္ကတွန်းသာ မြတ်စွာဘုရားရှင်ကို အနန္တဇိန-ဟု ခေါ်ခဲ့သည်မဟုတ်ပေ၊ အရှင်ဥပါလိရဟန္တာမထေရ်ကလည်း ပရိဝါပါဠိတော် (၀၊ ၅၊ ၃၇၀)၌ **"ယံ ဒေသိတံ နန္တဇိနေန တာဒိနာ"**ဟူ၍ ဟောပြခဲ့ပေသည်၊ ဤသို့သော ပါဠိတော်ဒေသနာအရ မြတ်စွာဘုရားရှင်ကို **"အနန္တဇိန"**ဟူ၍ ကြည်ညိုရပါသည်၊ အနန္တဇိန-ဂုဏ်တော်ဖြင့် ကြည်ညိုရသော အနန္တဉာဏ်ရှင် ကိလေသာအောင်မြင် မြတ်စွာဘုရားသခင်၏ ခြေတော်ရာကို အနန္တဇိနဗုဒ္ဓခြေတော်ရာ-ဟူ၍ ဆိုရသည်၊ ယင်းအနန္တဇိနဗုဒ္ဓခြေတော်ရာကို ရတနာမျိုးစုံဖြင့် သွန်းလောင်း ပူဇော်ထားရကား **"ရတနာပါဒ စေတီတော်"** ဟူ၍လည်း ခေါ်ရသည်။ ယင်းသို့သော ဂုဏ်မျိုးစုံဖြင့် ကုံလုံပြည့်ဝသော အနန္တဇိနဗုဒ္ဓခြေတော်ရာ စေတီတော်ကို ဖော်ပြပါအတိုင်း ရှိခိုးပူဇော်ရပါသည်။

အနန္တဇိန ဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီတော် ဘုရားရှိခိုး

အနန္တဇိန အမည်ရပုံ

၁။ ဥပါဒ်ဌိဘင် အဆုံးအပိုင်းအခြား မရှိရကား ဖြစ်ပျက်မစဉ် အငြိမ်းဓာတ်ဖြင့် မပြတ်ပုံသေ အေးမြပေသော နိဗ္ဗာန်ကို ကိလေသာအပူ ရန်သူဟူသမျှအား နှိမ်နင်းပယ်သတ်လျက် ရတော်မူရောက်တော်မူပြီးသော၊ သစ္စာဉာဏ် (၄) ပါး၊ ပဋိသမ္ဘိဒါဉာဏ် (၄)ပါး၊ အသာဓာရဏဉာဏ် (၆) ပါး၊ ဗုဒ္ဓဉာဏ်တော် (၁၄) ပါး စသောအားဖြင့် အဆုံးအပိုင်းအခြားမရှိ များမြောင်လှသည့် ဉာဏ်တော်များရှိ၍ လောဘ,ဒေါသ,မောဟစသား ကိလေသာများကို အောင်မြင်တော်မူသဖြင့် **"အနန္တဇိန"** အမည်တော် ရသော-

အသာမာရဏာညာက် (၆) ပါး

၂။ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာဟူသမျှတို့၊ ရခြင်းငှာမထိုက်၊ သုံးတိုက်ဘုံသား၊ အများသတ္တာ၊ ဝေနေယျပုဂ္ဂိုလ်တို့၏၊ အလိုဆန္ဒ၊ အာသယကိန်းဟန်ကို ဧကန်သိမြင်နိုင်သော၊ အာသယာနုသယညာက်၊ ဣန္ဒြေရင့်မရင့်ကို၊ ထောက်ချင့် သိစွမ်းနိုင်သော၊ ဣန္ဒြိယပရော ပရိယတ္တာညာက်၊ ပရမတ်ပညတ်၊ အရပ်ရပ်လုံးစုံကို၊ အကုန်အစင်၊ သိမြင်နိုင်သော၊ သဗ္ဗညုတညာက်၊ သခ်ီရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန်၊ ပညတ်တည်းဟူသော ဥယျံခံငါးအင်ကို၊ သိမြင်တော်မူရာ၌၊ ဆီးကာပိတ်ပင်ခြင်းမရှိသော၊ အနာဝရဏာညာက်၊ ယမိုက်ပြာဋိဟာ၊ လွှတ်ခြင်းအရာ၌၊ လေ့လာတော်မူနိုင်သော၊ ယမကပါဋိဟာရိယညာက်၊ သနားထိုက်လှစွာသော၊ ဝေနေယျသတ္တဝါကို၊ လွန်စွာသနားတော်မူသော မဟာကရုဏာ သမာပတ္တိညာက်၊ ဤခြောက်တန်သော၊ ဆအသာမာရဏာ၊ ညာဏလျှံပြောင်၊ မြတ်တန်ဆောင်ကို၊ ညှို့ထောင်ထွန်းစိုက်တော်မူသည်ဖြစ်၍၊ ဝေးနီး စကြာဝဠာ၊ သမန္တာရပ်၊ လောကဓာတ်တို့ကို၊ ထုတ်ခပ်ထင်ထင်၊ ရှုမြင်တော်မူနိုင်သော၊ ပသာဒစက္ခု၊ ညာဏစက္ခု၊ ဒိဗ္ဗစက္ခု၊ ဗုဒ္ဓစက္ခု၊ သမန္တစက္ခု တည်းဟူသော မျက်စိတော်ငါးလုံးဖြင့်၊ အဆုံးမဲ့၊ မြင်တော်မူပြီးထသော။

ပဋိသမ္ဘိဒါညာက် (၄) ပါး

၃။ သယမ္ဘူတကာ၊ ပြည့်စုံရာသော၊ နာနာကုလတို့၏ ဝေါဟာရသဒ္ဒါ အနက်ကို၊ အချက်ကျကျ သိနိုင်သော၊ အတ္ထပဋိသမ္ဘိဒါညာက်၊ ဝါစာဂိရတ်၊ နှုတ်သံလွှတ်က၊ ဇာတ်တူတူမတူတူ၊ ဘာသာဟူသမျှကို၊ ဧကန္တသိနိုင်သော၊ ဓမ္မပဋိသမ္ဘိဒါညာက်၊ တစ်ခုတစ်ခုသော ပုဒ်အက္ခရာ၊ သဒ္ဒါ၏အလိုကို၊ ဝိဂြိုဟ်ဝစနတ်၊ ဓာတ်ပစ္စည်း လိင်အန်ဖြင့်၊ ဝေဖန်၍ သိနိုင်သော၊ နိရုတ္တိပဋိသမ္ဘိဒါညာက်၊ ကိုယ်တော်သိသမျှတရားကို၊ သူတစ်ပါး သိစိမ့်သောငှာ၊ သဒ္ဒပညတ်သို့တင်၍၊ စုံလင်စွာမြွက်ဆိုတတ်သော ပဋိဘာန, ပဋိသမ္ဘိဒါညာက်တည်းဟူသော ပဋိသမ္ဘိဒါညာက်လေးပါး။

သစ္စာဉာဏ် (၄) ပါး

၄။ လောကသုံးရွာ၊ သတ္တဝါတို့၏၊ ခန္ဓာရုပ်နာမ်ဝယ်၊ အဖန်ဖန် ကပ်ငြိလျက်၊ ဖိစီးနှိပ်စက်တတ်သော၊ ပီဋ္ဌန အနက်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့သည်၊ ပြုပြင် စီရင်အပ်သော၊ သခ်ၤတအနက်၊ မရောင့်ရဲစွာ၊ သတ္တဝါတို့ကို၊ လောင်ဆာပူပန် စေတတ်သော၊ သန္တာပအနက်၊ ဇရာ မရဏာ၊ သောက ပရိဒန်တို့ဖြင့်၊ ဖောက်ပြန်ပျက်စီးတတ်သော၊ ဝိပရိဏာမ အနက်တည်းဟူသော၊ လေးပါးသော၊ ဒုက္ခသစ္စာ၏ အနက်တို့ကိုဎင်း။ အစမထင်၊ သံသရာ၌၊ လူးလာစုန်ဆန်၊ အဖန်ဖန်သွားလာစေခြင်းငှာ၊ အားထုတ်တတ်သော အာယူဟနအနက်၊ ဝဋ်ဆင်းရဲအပေါင်း၏၊ အကြောင်းမူလဖြစ်သော နိဒါနအနက်၊ ဝဋ်ဆင်းရဲ၌၊ အမြဲပျော်ရွှင်၊ တမင်မင်ဖြင့်၊ ကျင်လည် စေတတ်သော၊ သံယောဇအနက်၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင် းဖြစ်သော၊ မဂ္ဂသစ္စာကို၊ ဆီးကာတားမြစ်တတ်သော၊ ပလိဗောဓ အနက် တည်းဟူသော၊ လေးပါးသော သမုဒယသစ္စာ၏ အနက်တို့ကိုဎင်း၊ သံသရာ ဝဋ်မှ၊ ထွက်လွတ်ကူးမြောက် ပြီးသော၊ နိဿရဏာအနက်၊ သခ်ၤါရတို့မှ ဆိတ်သော၊ ဝိဝေကအနက်၊ ပြုပြင်ခြင်းကင်းသော အသခ်ၤတအနက်၊ သေခြင်းစသော ဒုက္ခခပ်သိမ်းမှ ကင်းငြိမ်းချမ်းသာသော အမတအနက် တည်းဟူသော၊ လေးပါးသော နိရောဓသစ္စာ၏ အနက်တို့ကိုဎင်း၊ ဝဋ်ဒုက္ခအပေါင်းတို့မှ ကောင်းစွာထွက်မြောက်တတ်သော၊ နိယျာနိကအနက်၊ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော ဟေတုအနက်၊ နိဗ္ဗာန်ကို မြင်တတ်သော ဒဿနအနက်၊ သခ်ၤါရတရားမျိုးတို့ကို အစိုးရသော၊ အဓိပတေယျ အနက်တည်းဟူသော၊ လေးပါးသော မဂ္ဂသစ္စာ၏ အနက်တို့ကို လည်းကောင်း၊

နဝလောဟ ဗုဒ္ဓဝင်တော်ရာ ဥဒ္ဒိသစေတီ

၅။ အကြောင်းအကျိုးအားလျော်စွာ၊ လေးသစ္စာတို့ကို၊ ဒဿနာ ကာရဖြင့်၊ သောဋ္ဌသဝေဖန်၍၊ ရွှေဉာဏ်ထင်ထင်၊ ရွှေလက်တင် ပတ္တာမြား ကဲ့သို့၊ ပိုင်းခြားသိမြင်တော်မူသည့်အလျောက်၊ အထောက်အခံ၊ ကံဉာဏ်ကြီး ရင့်၊ ပွင့်ထိုက် သောသတ္တဝါ၊ ဝေနေယျာတို့ကို၊ ပွင့်ပါစေနှလုံးဖြင့်၊ စွေချန်း

ထစ်ကြိုး၊ ရှစ်ကိုးနယ်ကုန်၊ သုန်သုန်ပြင်းဝှန်၊ ရွာဖျန်းသွန်သော၊ မေယျဝန်တမျှ၊ ဓမ္မဘေရီ၊ မေဒနီကို၊ နာရီမလပ်၊ လူနှင့်နတ်အား၊ မပြတ် တိုက်ကျွေး၊ ပေးတော်မူတတ်သော၊ သုံးရပ်လုံးဆရာ၊ ဒေဝါဓိဒေဝိန္ဒ၊ ဗြဟ္မာ ဓိဗြဟ္မိန္ဒ၊ တိဘဝပါရဂူ၊ အဘိဘူပါမောက္ခ၊ အနုတ္တရသင်းကျစ်၊ မဟာဓမ္မရာဇ်၊ မြတ်ရှင်ချစ်၏ နှစ်ဖက်သော ခြေဖဝါးတော်အပြင်တို့၌ တစ်ထောင်သော အကန့်အကွက် အကွပ်တံကူ ပုံတောင်းအချက်နှင့်တကွ ခပ်သိမ်းသော အခြင်းအရာ (၁၀၈) ကွက် စက်လက္ခဏာ မင်္ဂလာအမှတ်အသားများကို ရည်မှန်း၍ ကြေးနီ,ကြေးဝါ၊ ရွှေငွေတင်းသံ သွပ်ဒန်ပြဒါး ဤကိုးပါးတို့ကို များစွာပေါင်းစု ကောင်းစွာထွင်းထု သွန်းလောင်းပြုလျက် ပူဇော်ထားသော နဝလောဟ ဥဒ္ဒိဿစေတီ ထိုက်တော်မူသည့် အနန္တဇိနဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီတော်ကို ဘုရားတပည့်တော်သည် ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့် ရိုသေလှစွာ သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏၊ မြတ်စွာဘုရား၊ မြတ်စွာဘုရား။

အာသီသမင်္ဂလာ

၆။ ဤသို့လျှင် ဘဒ္ဒကမ္ပာတွင် ပွင့်တော်မူပြီး ဖြစ်ကြကုန်သော ကကုသန်,ကောဏာဂုမ်,ကဿပ,ဂေါတမအားဖြင့် ဘုရားရှင် (၄) ဆူတို့၏ ဗုဒ္ဓခြေတော်ရာတို့ကို ရည်မှန်း၍ သွန်းလောင်းပူဇော်ပြီး မာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီ,ပါဒစေတီအားဖြင့် စေတီ (၅) မျိုး ကိန်းဝပ်စံပယ်တော်မူသော **"အနန္တဇိန ဗုဒ္ဓခြေတော်ရာ ရတနာပါဒ စေတီတော်"** ကို ကောင်းစွာယခု ရှိခိုးမှုပြုရသော ပဏာမစေတနာ ကုသိုလ်မင်္ဂလာကြောင့် ပကတိခရီး, ဘဝခရီး,သံသရာခရီးတို့သို့ သွားလာရာတွင် ဘေးရန်စင်လျက် ကုသိုလ်ဆန္ဒ ဟူသမျှတို့ ပြည့်ဝပါစေ တောင်းဆုခွေ၏ မသွေအမှန် မင်္ဂ,ဖိုလ်ဉာဏ်ဖြင့် ဘေးရန်ကင်းငြား နိဗ္ဗာန်တရားကို မျက်မှောက်ပြုရန် တောင်းဆုပန်သည် ဧကန်မုချ ပြည့်စေသော်။

အနန္တဇိန ဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီ ဝန္ဒနာ

ဘုရားရှင် အနန္တဇိနအမည်ရပုံ

ယထာ ခေါ တွံ အာဝုသော ပဋိဇာနာသိ၊ အရဟသိ အနန္တဇိနောတိ။

မာဒိသာ ဝေ ဇိနာ ဟောန္တိ၊ ယေ ပတ္တာ အာသဝက္ခယံ။
ဇိတာ မေ ပါပကာ ဓမ္မာ၊ တသ္မာဟ မုပက ဇိနောတိ။

(ဝိနည်းမဟာဝါပါဋိတော်)

တတ္ထ ပရိယန္တ ပရိစ္ဆေဒဘာဝရဟိတတ္တာ အနန္တံ ဝုစ္စတိ နိဗ္ဗာနံ (တဒေတံ ဥပ္ပါဒန္တော ဝါ ဝယန္တော ဝါ ဌိတဿ အညထတ္ထန္တော ဝါ ဧတဿ နတ္ထီတိ အနန္တံ။ *(သီ-၄-၃၂၅)*

တံ ဘဂဝတာ ရညာ သပတ္တဂဏံ အဘိမဒ္ဒိတ္ဝာ ရဇ္ဇံ ဝိယ ကိလေသဂဏံ အဘိမဒ္ဒိတ္ဝာ ဇိတံ ဝိဇိတံ အဓိဂတံ သမ္ပတ္တံ၊ တသ္မာ ဘဂဝါ အနန္တဇိနောတိ ဝုစ္စတိ။ *(ဝိ၊ ၄၊ ၄-၂၃၅)*

အနန္တဉာဏော ဇိတကိလေသောတိ အနန္တဇိနော။

(သာရတ္ထ၊ ၃၊ ၁၆၅)

ဘုရားရှင် အနန္တဉာဏ ဖြစ်ပုံ

အနန္တဉာဏောတိ ဧတ္ထ တီသု ကာလေသု အပ္ပဋိဟတဉာဏံ စတုအရိယမဂ္ဂဉာဏံ, စတုပဋိသမ္ဘိဒါဉာဏံ, စတုဝေသာရဇ္ဇဉာဏံ, စတုယောနိပရိစ္ဆေဒကဉာဏံ, ပဉ္စဂတိပရိစ္ဆေဒက ဉာဏံ, ဆအသာဓာရဏ ဉာဏံ, သတ္တဗောဇ္ဈင် ဝိဘာဝနဉာဏံ, အဌမဂ္ဂင်ဝိဘာဝနာဉာဏံ,အဌသု ပရိသာသု အကမ္ပနဉာဏံ, နဝါနုပုဗ္ဗဝိဟာရ သမာပတ္တိဉာဏံ, ဒသဗလဉာဏံ, စုဒ္ဒသဗုဒ္ဓဉာဏံ,ဧကူနဝီသတိ ပစ္စဝေက္ခဏဉာဏံ, စတုစတ္တာလီသ ဉာဏဝတ္ထု, ပညာသဥဒယဗ္ဗယ ဉာဏံ, တေသတ္တတိဉာဏံ, သတ္တသတ္တတိဉာဏံ။

စတုဝီသတိ ကောဋိသတသဟဿသမာပတ္တိသဥ္စရ မဟာဝဇိရ ဉာဏံ, ဆတ္တိံသကောဋိသတသဟဿ သမ္မသန မဟာဝဇိရဉာဏံ, အနန္တနယ

သမန္တပဋ္ဌာန ပဝိစယ ပစ္စဝေက္ခဏာ ဒေသနာဉာဏ် အနန္တာသု လောက ဓာတူသု အနန္တာနံ သတ္တာနံ အာသယာဒိ ဝိဘာဝနဉာဏန္တိ အနေကာနိ ဉာဏာသဟဿာနိ ဘဂဝတော သန္တိတိ ဘဂဝါ အနန္တဉာဏော နာမ။

ဘုရားရှင် ဇိတကိလေသ ဖြစ်ပုံနှင့် ဗုဒ္ဓဉာဏ်(၁၄)ပါး

ဇိတကိလေသောတိဧတ္ထ ဘဂဝါ လောဘ,ဒေါသ,မောဟာဒယော အနေကေ ပါပကေ အကုသလေ ဓမ္မေ ဇိနာတီတိ ဇိတကိလေသော နာမ။

ဧဝံ အနန္တဇိနသ အနန္တဉာဏ ဇိတကိလေသဿ ဘဂဝတော အနန္တဉာဏောသု စုဒ္ဒသ ဗုဒ္ဓဉာဏာနိ ဗုဒ္ဓသေဝ ဉာဏာနိတိ ဝစနတ္ထေန ဗုဒ္ဓဉာဏာနိ နာမ၊ ကတမာနိ တာနိ?

၁။ ဒုက္ခံ သမုဒယသစ္စံ၊ နိရောဓော မဂ္ဂသစ္စကံ၊
စတုသစ္စ မဘိဇာနံ် စတုကိစ္စေဟိ တံ် နမေ။

၂။ အတ္ထ,ဓမ္မ,သမ္ဖိဒါစ နိရုတ္တိပဋိဘာနကာ၊
စတုသမ္ဖိဒ ပတ္တာနံ် အဂ္ဂပတ္တံ် ဇိနံ် နမေ။

၃။ မဟာကရုဏာ သမာပတ္တိ၊ ယမကပ္ပါဋိဟာရိယံ၊
အာသယာနုသယေ ဉာဏံ်၊ ကထြိယာန ပရော ပရေ။
သဗ္ဗညုတာ နာဝရဏံ်၊ ဆာသာဓာရဏိကံ် နမေ။

ကတိ အနန္တဇိနသ အနန္တဉာဏ,ဇိတကိလေသဿ ဗုဒ္ဓသ စက္ကလက္ခဏပဋိမဏ္ဍိတံ် ရတနပါဒစေတိယံ် အဟံ် ဝန္ဒါမိ။ အနန္တဇိန ဗုဒ္ဓရတန ပါဒ စေတိယံ် မံ် ရက္ခတု ပါလေတု။

သဇီဝ ပဒစေတီ

ဗုဒ္ဓခြေတော်ရာ ပဒစေတီ (၃) မျိုး

စက္ကပါဒေစ ဗုဒ္ဓဿ၊ အက္ကန္တ ဌာန စေတိယေ။
ဥဒ္ဒိဿကေ ဗုဒ္ဓပါဒေ၊ တီဏိ ဝန္ဒာမိ အာဒရံ။

ဖော်ပြပါဂါထာတွင် ပါဒဟူသည် ဘုရားရှင်၏ ခြေတော် ခြေရာတော်ကိုဆိုသည်၊ အနန္တဇိနဗုဒ္ဓခြေတော်ရာဟူသော စကားမှ ခြေရာပင်ဖြစ်သည်၊ ပါဒပုဒ်နှင့် ပဒပုဒ်မှာ ခြေတော် ခြေရာတော်ကို ဟောသည့် အနက်တူ သဒ္ဒါဖြစ်သည်၊ ထို့ကြောင့် ပါဒစေတီနှင့် ပဒစေတီမှာ အတူတူပင်ဖြစ်သည်၊ ဂါထာတွင် **"စက္ကပါဒေ စ ဗုဒ္ဓဿ"** ဟူသော ပါဋိရပ်ဖြင့် သဇီဝပဒစေတီကို ပြသည်၊ **"အက္ကန္တဌာနစေတိယေ"**ဟူသော ပါဋိရပ်ဖြင့်မူ ပရိဘောဂ ပဒစေတီကို ရည်ညွှန်းသည်၊ **"ဥဒ္ဒိဿကေ ဗုဒ္ဓပါဒေ"**ဟူသော ပါဋိရပ်ဖြင့်ကား ဥဒ္ဒိဿက ပဒစေတီကို ဖော်ညွှန်းပြ၏၊ ထို့ကြောင့် ဗုဒ္ဓခြေတော်ရာ ပဒ စေတီသည် သုံးမျိုးဖြစ်လာပါ၏၊

၁။ သက်တော်ထင်ရှား ဘုရားရှင်၏ စက္ကေနဏီတ ပါဒလက္ခဏာဖြစ်သော အကန့်တစ်ထောင် အကွပ်တံကူ ပုံတောင်းအချက်နှင့်တကွ ခပ်သိမ်းသော အခြင်းအရာ (၁၀၈)ကွက် လက္ခဏာတို့နှင့် ပြည့်စုံသော စက်ဝန်းတည်ရှိသော ဖြေဖဝါး,ခြေတော်ကား **"သဇီဝ ပဒစေတီ"** ဖြစ်သည်။

၂။ ရှေ့၌ပြဆိုမည့် ဥက္ကဌမြို့နှင့် သေတဗျမြို့တို့၏အကြား လမ်းခရီးအရပ်ဌာန စသော နေရာအရပ် (၈)ဌာနတို့၌ အဓိဌာန်ဖြင့် အသုံးပြု ချပြခဲ့သော ခြေတော်ရာတို့သည်ကား-**"ပရိဘောဂ ပဒစေတီ"**တို့ဖြစ်ကြသည်။

၃။ ယင်း **သဇီဝ ပဒစေတီ, ပရိဘောဂ ပဒစေတီ** တို့ကို ရည်မှန်း၍ တူနိုင်သမျှ တူအောင်ထုလုပ် ပူဇော်ကိုးကွယ်ကြသော ခြေတော်ရာပွားတို့သည်ကား-**"ဥဒ္ဒိဿ ပဒစေတီ"** ဖြစ်ကြသည်။

ယင်းပဒစေတီ (၃) မျိုးကို အာရုံပြုကြည်ညိုရှိခိုးလိုက်လျှင် သက်တော်ထင်ရှား ဘုရားရှင်၏ ခြေတော်မှစ၍ ရှိရှိသမျှ ခြေတော်ရာ အားလုံးကို ကြည်ညိုရှိခိုးပြီးသား ဖြစ်သွားပါသည်၊ ပဒစေတီ(၃)မျိုးတို့ကို အစဉ်အတိုင်း ဖော်ပြပါမည်။

သဇီဝ ပါဒစေတီ ဗုဒ္ဓခြေတော်ရာ

"သူချမ်းသာဆောင်၊ မကြောက်အောင်ရွယ်၊ စောင့်ရှောက်ကယ်၍၊ ဖွယ်ရာခြံရုံ၊ လှုဒါန်းကြောင့်--- ဝန်းရံပတ်လျက်၊ ရာရှစ်ကွက်ဖြင့်၊ မြချက်ပုံတောင်း၊ အကွပ်ဆောင်း၍၊ ထောင်ပေါင်းအကန့်၊ ရှင်းသန့်ပြတ်သား၊ ခြေတော်ဖဝါး၌၊ ကြီးမားတေဇော်၊ စက်တော်ရတနာ၊ လက္ခဏာဖြင့်--- မကွာခစား၊ ထံတော်ပါးဝယ်၊ များသောအခြံအရုံ ရှိတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား၊ ထိုမြတ်စွာဘုရားအား ဦးညွတ်ရိုကျိုး ရှိခိုးပါ၏ အရှင်ဘုရား။"

ဤလက်ာသည်ကား မြတ်ဗုဒ္ဓ၏ စက်လက္ခဏာ ခြေတော်ရာကို ပုံဖော်ဖွဲ့ဆိုထားသော လက်ာဖြစ်သည်၊ စာဆိုရှင်မှာ မန္တလေးမြို့ တောင်ပြင် ဘုံကျော်ကျောင်းတိုက် ဒေါင်းကျောင်းဆရာတော် ဦးယောသိတဖြစ်သည်၊ ဆရာတော်သည် လက်ာတွင် ခြေတော်ရာနှင့်စပ်သော အချက်အလက်တို့ကို စုံလင်စွာပါရှိအောင် ဖွဲ့ဆိုခဲ့လေသည်၊ ဤလက်ာ၌ မြတ်ဗုဒ္ဓခြေတော်တွင် စက်လက္ခဏာ ပါရှိရခြင်း၏ (က) အကြောင်းကုသိုလ်၊ (ခ) အကျိုးရင်း လက္ခဏာ၊ (ဂ) အကျိုးဆက်အာနိသံသတို့ကို ဖော်ပြထားပေသည်၊ မြတ်ဗုဒ္ဓခြေတော်တွင် စက်လက္ခဏာပါရှိရခြင်း၏ အကြောင်းကုသိုလ်ကံကား (၄)မျိုးဖြစ်ပေသည်၊ ထို(၄)မျိုးတို့ကား -----

(က) အကြောင်းကုသိုလ်ကံ (၄)မျိုး

၁။ မြတ်စွာဘုရားရှင်သည် ရှေးရှေးသော ဘုံဘဝများစွာတို့၌ ဘုရားလောင်းဘဝဖြင့် လူအများ ချမ်းသာအောင် ဆောင်ရွက်ခဲ့ခြင်း။

၂။ ထိတ်လန့်တုန်လှုပ် ကြောက်ရွံ့နေသူများ၏ ဘေးအန္တရာယ် များကို ပယ်ဖျောက်ပေးခဲ့ခြင်း။

၃။ တရားနှင့်လျော်ညီစွာ စောင့်ရှောက်မှု ကာကွယ်မှု လုံခြုံစေမှုတို့ကို စီမံ ခန့်ခွဲပေးခဲ့ခြင်း။

၄။ လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို အခြံအရံ ပစ္စည်းများနှင့်တကွ လှူဒါန်း ခဲ့ခြင်းတို့ ဖြစ်ကြသည်။။

ဘုရားလောင်းဘဝ ကုသိုလ်ကောင်းမှု ပြုခဲ့ပုံများ

ဤအကြောင်းကုသိုလ်ကံ(၄)မျိုးတွင် လူအများ ချမ်းသာအောင် ဆောင်ရွက်ခဲ့ပုံမှာ ငါးရာငါးဆယ် ဇာတ်တော်မှ မူဂပက္ခ(တေမိယ)ဇာတ်၊ ကုဒါလပဏ္ဍိတဇာတ်၊ အယောဃရပဏ္ဍိတဇာတ်၊ ဟတ္ထိပါလဇာတ်၊ သရဘင်္ဂဇာတ်တော် စသည်တို့၌ ပေါ်လွင်ထင်းရှားပါသည်၊ ထိုဇာတ်တော်တို့၌ ဘုရားလောင်းရသေ့သည် တိုင်းသူပြည်သား လူအများတို့ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာတို့ကို ရရှိအောင် ဆောင်ရွက်ပြုလုပ်ပေးခဲ့လေသည်။

မဟာသုတသောမဇာတ်တော်၌ သုတသောမမသင်းသည်ဌင်း၊ သုပ္ပါရက ဇာတ်တော်၌ သုပ္ပါရကမာလိန်မှူးသည်ဌင်း၊ ဥမင်္ဂ(မဟောသဓ)ဇာတ်တော်၌ မဟောသဓာပညာရှိသုခမိန်သည်ဌင်း၊ ဤဘုရားလောင်းတို့သည် ထိတ်လန့်တုန်လှုပ် ကြောက်ရွံ့နေကြသော တရာ့တပါးသောမင်း၊ ခုနှစ်ရာသော သင်္ဘောသား၊ မိထိလာတိုင်းသူပြည်သားတို့၏ ဘေးရန် အန္တရာယ် များကို ပယ်ရှားပေးခဲ့ကြ၏၊ ထို့အပြင် တရားနှင့်လျော်ညီသော ကာကွယ်စောင့်ရှောက် မှုကိုလည်း စီမံပေးခဲ့ကြသည်။

ဘုရားလောင်းတော်သည် လူသားဘဝဖြင့်သာ သတ္တဝါအများ၏ ဘေးရန်များကို ပယ်ရှားလျက် ကာကွယ်စောင့်ရှောက်ခဲ့သည် မဟုတ်ပေ၊ တိရစ္ဆာန်ဘဝတို့ဖြင့်လည်း ကာကွယ်စောင့်ရှောက်ပေးခဲ့သည်သာဖြစ်၏။ မှန်၏၊ ဘုရားလောင်းတော်သည် မစ္ဆရာဇာတ်၌ ငါးရံ့မင်းဘဝဖြင့် သစ္စာပြုပြီး မိုးကြိုးရွာသွန်းစေလျက် ရေနေသတ္တဝါတို့၏ ဘေးရန်များကို ပယ်ရှား ခဲ့လေသည်။

နိဂြောဓမိဂဇာတ်၌မူ နိဂြောဓရွေသမင်မင်းဘဝဖြင့် သေလှည့်ကျ နေသော ကိုယ်ဝန်ဆောင် သမင်မအစား အသေခံလျက် သမင်အပေါင်းကို ကယ်တင်ခဲ့ပေသည်၊ ထို့အတူ မဟာကပိဇာတ်၌လည်း မျောက်မင်းဘဝဖြင့် သရက်ပင်ပေါ်မှ (၈)သောင်းသော မျောက်အပေါင်းတို့၏ အသက်ကို ကာကွယ် ပေးခဲ့လေသည်၊ ဝလာဟကဿဇာတ်၌ကား ဘုရားလောင်းသည် ကောင်းကင် ပျံနိုင်သည့် မြင်းမင်းဘဝဖြင့် သီဟိုဠ်ကျွန်း သိရီသဝတ္ထုဘီလူမြို့မှ လူသား ကုန်သည် (၂၅၀)တို့ ရင်ဆိုင်ကြုံတွေ့နေရသော ဘီလူးဘေးရန်ကို ပယ်ဖျောက် ပေးခဲ့၏။

လှူဖွယ်ပစ္စည်းတို့ကို လှူဒါန်းသည့်အခါ တစ်မျိုးတည်းမလှူဘဲ အခြံအရံပစ္စည်းများနှင့်တကွ လှူဒါန်းခဲ့ပုံတို့မှာ မဟာသုဒဿနသုတ်၊ ဝေလာမသုတ် ပါဠိတော်၊ ဝေဿန္တရဇာတ်တော်တို့၌ အလွန်ထင်ရှားလှပါသည်၊ ထိုသုတ္တန်ပါဠိတော် ဇာတ်တော်တို့၌ ဘုရားလောင်း မဟာသုဒဿန စကြာမင်း၊ ဝေလာမပုဏ္ဏား၊ ဝေဿန္တရာမင်းကြီးတို့သည် လောကတွင် မလှူဘူး သေးသည့် ပစ္စည်း၊ လှူဖွယ်ဝတ္ထုထဲတွင် မပါဝင်သေးသည့်ပစ္စည်း မရှိရလေအောင် စုံလင်စွာ လှူဒါန်းခြင်း ကုသိုလ်ကောင်းမှု တို့ကို ပြုလုပ်ခဲ့လေသည်။

ဤအကြောင်းကုသိုလ်ကံ(၄)မျိုးကို လက်ာတွင် **"သူ့ချမ်းသာ ဆောင်၊ မကြောက်အောင်ရွယ်၊ စောင့်ရှောက်ကယ်၍၊ ဖွယ်ရာခြံရုံ၊ လှူဒါန် ကြောင့်"**ဟူသော အပိုဒ်ဖြင့် ပြဆိုပါသည်။

(ခ) အကျိုးရင်း လက္ခဏာတော်ရပုံ

ဤအကြောင်းကုသိုလ်ကံ(၄)မျိုးတို့ကို ပါရမီဖြည့်ကျင့်စဉ် ဘုရား လောင်းဘဝတို့၌ ပြုလုပ်ဆည်းပူးခဲ့သောကြောင့် နောက်ဆုံးဘဝ သိဒ္ဓတ္ထ မင်းသားလေး၏ ခြေဖဝါးအပြင်၌ စက်လက္ခဏာများထင်လျက် **"စက္ကေနကတ ပါဒလက္ခဏာ"**ကို အကျိုးရင်းအနေဖြင့် ရအရှိလာခြင်း ဖြစ်သည်၊ နှစ်ဖက်သော ခြေဖဝါးတော်အပြင်တို့၌ စက်လက္ခဏာတို့ ပါရှိနေဟန်ကား-- တစ်ထောင်သော အကန့်အကွက် အကွပ်တံကူ (အနား

ရေး နခမ်းသပ်)၊ ပုံတောင်း(ဗဟိုချက်)နှင့်တကွ လှံမ အိမ်မွန် စသော ခပ်သိမ်းသော အခြင်းအရာ တို့နှင့် ပြည့်စုံသော (၁၀၈)ကွက် စက်လက္ခဏာ မဂ်လာအမှတ်အသားတို့ ပါရှိ တည်ရှိ နေကြပေသည်။

(၈) အကျိုးဆက် အာနိသင်ရပုံ

ခြေဖဝါးတော်၌ စက်လက္ခဏာတော်များ ပါရှိခြင်းမှာ အကျိုးရင်း ဖြစ်ပြီး၊ အကျိုးဆက် အာနိသံသကိုလည်း ရရှိပါသေးသည်၊ ထိုအကျိုးဆက် အာနိသံသကား---အခြံအရံ ပရိသတ်ပေါများခြင်းပင်ဖြစ်သည်၊ မြတ်စွာဘုရား ရှင်၏ အခြံအရံ ပရိသတ်တို့မှာ ရဟန်းသံဃာတော်များ၊ ဘိက္ခုနီမများ၊ ဥပါသကာဒါယကာများ၊ ဥပါသိကာဒါယိကာမများ၊ နတ်ဗြဟ္မာများ၊ လူများ၊ အသူရာများ၊ နတ်နဂါးများ၊ ဂန္ဓဗ္ဗနတ်များအားဖြင့် များပြားလှပါပေ၏၊ ဤသို့ အကျိုးဆက် အာနိသံသအနေဖြင့် အခြံအရံပရိသတ် များပြားစွာရရှိခြင်းကို လက်ဝတ်တွင် **"မကွာခစား၊ ထံတော်ပါးဝယ်၊ များသောအခြံအရံ ရှိတော် မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား"**ဟူသော အပိုဒ်က ဖော်ပြပါသည်။

ဆိုခဲ့ပြီးသော စကားရပ်တို့ကို အကျဉ်းချုပ်လိုက်လျှင် ဤသို့ တွေ့ရပါမည်၊ ကုသိုလ်ကောင်းမှု ပြုသည့်အနေဖြင့် လှူဒါန်းသည့်အခါ အခြံအရံ ဝတ္ထုပစ္စည်းနှင့်တကွ လှူဒါန်းခြင်း "သပရိဝါရကဒါန"ကုသိုလ်ကို ပြုလုပ်ရမည်။ ယင်းသို့ ပြုလုပ်လျှင် အခြံအရံပရိသတ် ပေါများခြင်းအကျိုးကို ရရှိနိုင်သည်၊ ထို့အပြင် **"မြတ်ဗုဒ္ဓ၏ ခြေတော်ရာ"**တို့ကိုလည်း ဖူးမြော်ပူဇော်ထိုက်သည်၊ ဖူးမြော်ပူဇော်လျှင် **"ဇနေတိ သဒ္ဒိသံ ပါကံ"**ဟူသော ကမ္မနိယာမ-အရ မိတ်ကောင်း ဆွေကောင်း သူငယ်ချင်းကောင်း ဆရာကောင်း သမားကောင်း စသော ပုဂ္ဂိုလ်ကောင်းများနှင့် တွေ့ကြုံဆုံစည်းရလျှက် အခြံအရံပရိသတ် ပေါများခြင်းအကျိုးကို ရရှိနိုင်ပေသည်။

ပရိဘောဂပဒစေတီဗုဒ္ဓခြေတော်ရာ
ခြေတော်ရာ-ဟူသည်

မြတ်စွာဘုရားရှင်သည် တပည့်သာဝကများ သတိသံဝေဂ ဖြစ်ကြစေရန် နှင့် မဂ်ဖိုလ်တရားထူးကို ရကြစေရန် ရည်သန်၍ဖြစ်စေ နောင်လာနောက်သားတို့ ထာဝရဖူးမျှော်နိုင်ကြစေရန် ရည်သန်လျှက် ဝေနေယျသတ္တဝါတို့၏ တောင်းပန်ချက်ကြောင့်ဖြစ်စေ အဓိဋ္ဌာန်ပြု၍ ခြေတော်ကိုချသောအခါ ခြေတော်ချရာ အရပ်၌ ခြေဖဝါးတော်မှ အရာတော်တို့ ထင်ကျန်ရစ်ခဲ့သည်၊ ထိုထင်ကျန်ရစ်ခဲ့သော အရာတော်တို့ကို **"ခြေတော်ရာ"** ဟူ၍ခေါ်ရသည်။ ထိုခြေတော်ရာ၌ အကန့်တစ်ထောင် အကွပ်တံကူ ပုံတောင်းအချက် နှင့်တကွ (၁၀၈)ကွက် လက္ခဏာတို့နှင့် ပြည့်စုံသော စက်ဝန်းတို့ ထင်ရှားစွာ မြင်တွေ့ကြရကြောင်းကို ဒေါဏာသုတ်ပါဠိတော်၌ ပြဆိုထားပေသည်။

ပရိဘောဂ ပါဒစေတီ (၈)ဆူ

ဒေါဏော မာဂဏ္ဍိယ ဒ္ဝိဇော၊ ကုက္ကုဋ္ဌော အဇိတာဒယော။
သာရိပုတ္တော သုမနော၀၊ သစ္စဗန္ဓော၀ နမ္ဗဒါ။
တေသံ ဗုဒ္ဓါ နုကမ္ပါယ၊ ဒဿေသိ ပဒစေတိယံ။

ပရိဘောဂ ဘူတာနမ္ပိ၊ စေတိယာနံ နမာမဟံ-ဟူသော ဂါထာနှင့်အညီ-

(၁) ဒေါဏပုဏ္ဏားကြီး မြင်တွေ့စေရန် ဥက္ကဋ္ဌမြို့နှင့် သေတဗျမြို့တို့၏အကြား လမ်းခရီးအရပ်ဌာန၌ဎင်း၊

(၂) မာဂဏ္ဍိပုဏ္ဏား ဇနီးမောင်နှံတို့ မြင်တွေ့စေရန် ကမ္မာသဒမ္မ နိဂုံးရွာကြီးနှင့် တောအုပ်အကြား လမ်းခရီး အရပ်ဌာန၌ဎင်း၊

(၃) ကုက္ကုဋ္ဌမိတ္တ မုဆိုးသားအဖတို့ မြင်တွေ့စေရန် ရာဇဂြိုဟ်မြို့အနီး တောအုပ် အတွင်း၌ ထောင်ထားအပ်သော ကျော့ကွင်းအနီး အရပ်ဌာန၌ဎင်း၊

(၄) အဇိတစသော ရသေ့တို့မြင်တွေ့စေရန် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်အတွင်း ဂန္ဓကုဋီကျောင်းအနီး အရပ်ဌာန၌ဎင်း၊

(၅) အရှင်သာရိပုတြာမထေရ် မြင်တွေ့စေရန် ဟိမဝန္တာရှိ တစ်ခုသော တောင်ဝှမ်း အတွင်း အရပ်ဌာနဒ္ဌဂင်း၊
(၆) သုမနနတ်မင်း၏ တောင်းပန်ချက်အရ သီဟိုဠ်ကျွန်း သမန္တကူဋ သုမန တောင်ပေါ် အရပ်ဌာနဒ္ဌဂင်း၊
(၇) နမွဒါနဂါးမင်း၏ တောင်းပန်ချက်အရ သုနာပရန္တတိုင်း နမွဒါမြစ်ကမ်းနား အရပ်ဌာနဒ္ဌဂင်း၊
(၈) သစ္စဗန္ဓ ရဟန္တာမထေရ်၏ တောင်းပန်ချက်အရ သစ္စဗန္ဓတောင်ပေါ် အရပ်ဌာန ကျောက်ဖျာပေါ်ဒ္ဌဂင်း၊ ဤသို့အားဖြင့် အရပ်ဒေသ (၈)ဌာန တို့ဒ္ဌ အဓိဌာန်ဖြင့် ပြအပ်ချထားအပ်သောနေရာဒ္ဌ ထင်ကျန်ရစ်သော တစ်ထောင်သော အကန့်,အကွက်-အကွပ်,တကူ-ပုံတောင်းအချက်နှင့်တကွ ခပ်သိမ်းသော အခြင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈)ကွက် စက်လက္ခဏာ မင်္ဂလာအမှတ် အသားများ ပါရှိသော ခြေတော်ရာတို့ကား ပရိဘောဂ ပဒစေတီ (၈)ဆူတို့ ဖြစ်ကြ၏။

ခြေတော်ရာချရခြင်း၏ ရည်သန်ချက် (၃)မျိုးတွင် အရှင်သာရိပုတ္တရာ မထေရ်အား ခြေတော်ရာကို ပြခြင်း ချခြင်းသည် သတိသံဝေဂ ရရန် အတွက်ဖြစ်သည်၊ ဒေါဏပုဏ္ဏားကြီး,မာဂဏ္ဍီပုဏ္ဏားဇနီး မောင်နှံ, ကုက္ကုဋ္ဌ မိတ္တမုဆိုးသားအဖ, အဇိတရသေ့ အားဖြင့် ဤပုဂ္ဂိုလ်တို့ မြင်တွေ့ကြစေရန် နေရာ (၄)ဌာနတို့ဒ္ဌ ခြေတော်ရာချခြင်းသည် မင်္ဂ,ဖုိလ် တရားထူး ရကြစေရန် ဟူသော ရည်သန်ချက်ကြောင့် ဖြစ်သည်၊ သုမန နတ်မင်း, နမွဒါနဂါးမင်း, သစ္စဗန္ဓ ရဟန္တာမထေရ် အားဖြင့် ဤပုဂ္ဂိုလ်သုံးဦးတို့၏ တောင်းပန်ချက်အရ နေရာ (၃)ဌာနတို့ဒ္ဌ ခြေတော်ရာကို ချခြင်းသည်ကား နောင်လာနောက် သားတို့ ထာဝရ ဖူးမျှော်နိုင်ကြစေရန် အတွက်ပင်ဖြစ်သည်။

ဤသို့လျှင် ရည်သန်ချက်သုံးမျိုးဖြင့် နေရာဌာန (၈)ဌာနတို့ဒ္ဌ ချခဲ့သော ခြေတော်ရာ (၈)ဆူတို့ကို အဓိဌာန်ဖြင့် အသုံးပြုပြီး ချပြခဲ့သဖြင့် **"ပရိဘောဂ ပါဒစေတီ"** ဟုဆိုရသည်၊ ထိုပရိဘောဂပါဒစေတီ (၈)ဆူတို့တွင် ရှေ့ရည်သန်ချက် နှစ်မျိုးဖြင့် အရှင်သာရိပုတ္တရာမထေရ် ဒေါဏပုဏ္ဏား စသော ပုဂ္ဂိုလ်တို့အား ချပြခဲ့သော (၅)ဆူတို့ကား မြင်တွေ့စေချင်သော ပုဂ္ဂိုလ်တို့ မြင်တွေ့ကြရပြီး ရည်သန်ချက် အကျိုးကိစ္စများလည်းပြီးစီး ပြီဖြစ်၍

အလိုအလျောက် ကွယ်ပျောက်သွားကြသည်၊ နောင်လာနောက်သား ဝေနေယျသတ္တဝါတို့ ထာဝရဖူးမျှော်နိုင်ကြစေရန်ဟူသော ရည်ရွယ် ချက်ဖြင့် ချထားခဲ့သော နောက်(၃)ဆူတို့ကိုသာ ယွဲ့ချိန်ထိ သီရိလင်္ကာနိုင်ငံ၊ သမန္တကူဋတောင်ပေါ်နှင့် မြန်မာနိုင်ငံ နမ္မဒါမြစ်ကမ်းနားအရပ် သစ္စဗန္ဓ တောင် ပေါ်အရပ်တို့၌ ဖူးမြင်ကြရသည်။

မာဂဏ္ဍိပုဏ္ဏား ဇနီးမောင်နှံနှင့် ပုဒ္ဓခြေရာ

ဤပရိဘောဂပဒစေတီ ပုဒ္ဓခြေတော်ရာ (၈)ဆူတွင် မာဂဏ္ဍိပုဏ္ဏား ဇနီးမောင်နှံအတွက်ချထားသော ပုဒ္ဓခြေတော်ကို အကျဉ်းချုပ်လျက် ဖေါ်ပြ ပါမည်။

မြတ်စွာဘုရားရှင်သည် ဒေါဏပုဏ္ဏားကြီးကို ခြေတော်ရာ ချပြသလို မာဂဏ္ဍိပုဏ္ဏားကြီး ဇနီးမောင်နှံ အတွက်လည်း ခြေတော်ရာကို ချပေးခဲ့ ပါသည်။ မြတ်စွာဘုရားရှင်သည် မာဂဏ္ဍိပုဏ္ဏားကြီးနှင့် ပုဏ္ဏားမကြီးတို့ မြင်တွေ့စေရန် ကမ္မာသဒ္ဒမ္မ နိဂုံးရွာကြီးနဲ့. တောအုပ်အကြား လမ်းခရီး အရပ်ဌာနမှာ ခြေတော်ရာကို ချထားခဲ့လေသည်၊ ခြေတော်ရာကို ရှေးဦးစွာ မာဂဏ္ဍိပုဏ္ဏားကြီး မြင်သည့်အခါ မြတ်စွာဘုရားရှင်၏ ခြေတော်ရာမှန်း မသိပါ။ နောက်မှ မိသားစု လိုက်လာ၍ ပုဏ္ဏေးမကြီးကို ပြလိုက်သောအခါ မာဂဏ္ဍိပုဏ္ဏေးမကြီးက ဤခြေတော်ရာသည် မြတ်စွာဘုရားရှင်၏ ခြေတော်ရာ ဟူ၍ အတိအကျ ပြောပြနိုင်ပါလေသည်။

ခြေရာ(၄)မျိုး

“အရှင်ပုဏ္ဏား
၁။ တဏှာရာဂဖြင့် တပ်မက်သူ ရာဂစရိုက်ရှိသူ၏ ခြေရာသည် ဖဝါးအလယ် ဟောက်လျက် ခွက်လျက်တည်ပါ၏။
၂။ ဒေါသအမျက်ထွက်သူ ဒေါသစရိုက်ရှိသူ၏ခြေရာသည် နောက်ဘက်သို့ ဆွဲငင်ထားသကဲ့သို့ဖြစ်ပါ၏။
၃။ မောဟဖြင့်တွေဝေသူ မောဟစရိုက်ရှိသူ၏ခြေရာသည် ဖနောင့် ခြေဖျား တပါးပါးဖြင့် ဖိနင်းထားသော အရာထင်လျက်ဖြစ်ပါ၏။

၄။ ညီညီညာညာ ကောင်းစွာပီပြင် စက်လက္ခဏာတော်ထင်ရှားသော ဤခြေရာ ကတော့ ကိလေသာ အမိုးအကာကို စွန့်ပယ်ဖွင့်လှစ်ပြီးသော မြတ်စွာဘုရားရှင်၏ ခြေရာတော်ပါ"ဟူ၍ ပြောပြလိုက်၏။

ရတ္တာသ ဟိ ဥက္ကာဠိကံ ပဒံ ဘဝေ၊ ဒုဋ္ဌာသ ဟောတိ အနုကမိုတံ ပဒံ။
မုဋ္ဌာသ ဟောတိ သဟသာနုပီဠိတံ၊ ဝိဝဋ္ဌာဒာသ ဣဒမီဒိတံ ပဒံ။

(ဝိသုဒ္ဓိမဂ်၊၁၊၂၀၁)

မာဂဏ္ဍိပုဏ္ဏားကြီးထက် မာဂဏ္ဍိပုဏ္ဏားမကြီးက ဗေဒင်ပညာမှာ ပိုပြီး ကျွမ်းကျင်သည့်အတွက် မြတ်စွာဘုရားရှင်၏ ခြေတော်ရာကို သိနိုင်ခြင်းဖြစ်သည်။

မာဂဏ္ဍိပုဏ္ဏားကြီးတို့ဇနီးမောင်နှံသည် မြတ်စွာဘုရားရှင်၏ ခြေတော်ရာကို မြင်တွေ့ပြီးနောက် မြတ်စွာဘုရားရှင်ထံ လိုက်လာကြပြီး မြတ်စွာဘုရားရှင်အား သူတို့ရဲ့သမီးကို ဇနီးမယားအဖြစ် လက်ခံ သိမ်းယူဘို့ ပုဏ္ဏားကြီးက အပ်နှင်းလိုက်ပါ၏။ သို့သော် မြတ်စွာဘုရားရှင်က လက်မခံဘဲ တရားကိုသာ ဟောပြလိုက်သည့် အတွက် မာဂဏ္ဍိပုဏ္ဏားကြီးတို့ဇနီးမောင်နှံသည် အနာဂါမ်အရိယာပုဂ္ဂိုလ် အဆင့်သို့ ရောက်ရှိ သွားကြ၏။ မာဂဏ္ဍိ ပုဏ္ဏားကြီးတို့ ဇနီးမောင်နှံအနေနဲ့ မင်္ဂိုလ်နိဗ္ဗာန်ကို ရရှိနိုင်သည့် ဥပနိဿယရှိလို့ ခြေတော်ရာကို ချပြခြင်းဖြစ်သည်၊ ဇနီမောင်နှံလည်း ခြေတော်ရာ မြင်ပြီးသည့်နောက် ခြေတော်ရာဟာ အလိုလို ကွယ်ပျောက်သွား ပါသည်။

မြေပေါ်မှာ ခြေတော်ရာ ထင်+မထင်

မာဂဏ္ဍိပုဏ္ဏားကြီးတို့ ဇနီးမောင်နှံအတွက် မြတ်စွာ ဘုရားရှင်က ခြေတော်ရာ တွေကို ချပြထားခဲ့သည်ဆိုရာ၌

ကျန်သည့်အချိန်ကျတော့ရော ခြေတော်ရာကို မချတော့ဘူးလား၊

မြတ်စွာဘုရားရှင်ဟာ မြေပြင်ပေါ်မှာ ခြေလှမ်းပြီးတော့ မသွားတော့ ဘူးလား၊

သွားတဲ့အခါမှာရော မြေပြင်ပေါ်မှာ ခြေတော်ရာဟာ ထင်ကျန်ရစ်ပါသလား ၊

ဘုရားခြေတော်ရာ ချမယ့်လမ်းခရီးကရော ဘယ်လိုတည်ရှိပါသလဲ စသည့် မေးခွန်းများ ပေါ်ထွက်လာပါသည်။

မြတ်စွာဘုရားရှင်အနေနဲ့ ရိုးရိုးလူသားတွေလိုပဲ မြေပြင်ပေါ်မှာ ခြေဖဝါးနဲ့ လှမ်းကြွပြီး သွားပါသည်။ ခြေတော်ရာကို မြေပေါ်မှာချပါသည်၊ မြေအပြင်ပေါ်မှာ ခြေဖဝါးနဲ့ လှမ်းကြွပြီး သွားသည့်အခါ ခြေတော်ရာကို ချတဲ့အခါ သွားတိုင်းသွားတိုင်း ချတိုင်းချတိုင်း ခြေရာဟာ မထင်ပါ။ ခြေတော်ရာဟာ မြေပြင်အပေါ်မှာ ဘာကြောင့် မထင်သလဲဆိုသည်ကို အဋ္ဌကထာဆရာက အကြောင်း(၃)ချက်ထုတ်ပြထားပါသည်။

ပထမအကြောင်းက မြတ်စွာဘုရားရှင်ရဲ့ခြေတော်ရာဟာ အင်မတန်ကို နူးညံ့ သိမ်မွေ့သောကြောင့် ဖြစ်သည်၊ အင်မတန် နူးညံ့ သိမ်မွေ့သည့် ဝါဂွမ်းဆိုင်ဟာ ထိရာမြေ အပြင်မှာ အရာမထင်သလိုပဲ မြတ်စွာဘုရားရှင်၏ ခြေတော်ဟာ အင်မတန် နူးညံ့ သိမ်မွေ့သည့်အတွက် မြေအပြင်မှာ ခြေတော်ရာဟာ မထင်ပါ။

ဒုတိယအကြောင်းက မြတ်စွာဘုရားရှင်ဟာ အင်မတန်ခွန်အားဗလကြီးမားတော် မူပါသည်၊ ခွန်အားဗလ ကြီးမားတော်မူသည့်အတွက် မြေအပြင်မှာ ခြေတော်ရာဟာ မထင်ပါ။ ဥပမာအနေနဲ့ သိန္ဓောမြင်းဟာ အင်မတန် ခွန်အားကြီးမားသည့်အတွက် ပဒုမ္မာကြာတော ကြာရွက်တွေပေါ်မှာ ဖြတ်ပြီး ပြေးလို့ရှိရင် ပဒုမ္မာကြာရွက်တွေဟာ ညွှတ်ကိုင်းပြီးတော့ မသွားပါ။ သိန္ဓောမြင်းသည် အင်မတန်မြန်သည့်အတွက် ပဒုမ္မာ ကြာရွက်တွေပေါ်ကနေ အမြန်ဖြတ်ပြေးသွားသည့်အခါ ပဒုမ္မာကြာရွက်တွေဟာ မကိုင်းညွှတ်သလို မြတ်စွာဘုရားရှင်သည်လည်းပဲ အင်မတန်ခွန်အားဗလကြီးမားသည့် အတွက်ကြောင့် ခြေတော်ရာဟာ မြေအပြင်ပေါ်မှာ မထင်ပါ။

တတိယအကြောင်းကတော့ လူသားသတ္တဝါတွေကို ချီးမြှောက်လိုသောကြောင့် လည်းပဲ ခြေတော်ရာဟာ မြေအပြင်ပေါ်မှာ မထင်ပါ။ လူသားသတ္တဝါတွေကို ဘယ်လို ချီးမြှောက်သလဲ၊ မြတ်စွာဘုရားရှင် ရှေ့ကကြွပြီဆိုရင် နောက်က တပည့်တပန်း ရဟန်း သံဃာတွေ ဒါယကာဒါယိကာမတွေ နောက်ကလိုက်ကြ၏၊ ယင်းသို့လိုက်သည့်အခါ မြတ်စွာဘုရားရှင်၏ နောက်က လိုက်ကြရသည်ဖြစ်၍ မြတ်စွာဘုရားရှင်၏ ခြေရာကို မြင်ပြီး ဘုရားခြေရာတော်ကို မနင်းဝံ့တော့ချေ၊ မနင်းဝံ့လို ဆက်မလိုက်လို့

ရှိရင် မြတ်စွာဘုရားရှင် အခြံအရံ မပါပဲ တပါးထဲ သွားရလိမ့်မယ်၊ အခြံအရံ တပည့်တပန်း ရဟန်းသံဃာတွေ ဒါယကာ ဒါယိကာမတွေ အနေနဲ့နောက်က လိုက်လာမှုဟာ ပြတ်တောက်သွားလိမ့်မယ်၊ ဤသို့ လူသားတို့ကို ခိုးမြောက်လိုသည့် အတွက်ကြောင့်လည်း မြတ်စွာဘုရားရှင်၏ ခြေတော်ရာသည် မြေအပြင်ပေါ်မှာ မထင်ခြင်းဖြစ်သည်။

"ကိုပန ဘဂဝတော ဂစ္ဆန္တဿ အက္ကန္တဌာနေ ပဒံ ပညာယတိတိ-န ပညာယတိ၊ ကသ္မာ- သုခမတ္ထာ မဟာဗလတ္ထာ မဟာဇနာနုဂ္ဂဟေနစ"။ *(အံဋ္ဌ၊ ၂၊ ၂၉၉)*

မြင်စေခြင်မှ မြင်ကြရတဲ့ခြေရာတော်

ယင်းသို့ဆိုလျှင်မာဂဏ္ဍိပုဏ္ဏားဇနီးမောင်နှံ တို့သည့် ဘာဖြစ်လို့ ခြေတော်ရာကို မြင်တွေ့ကြရသလဲ-ဟူ၍ မေးဖွယ်ပေါ်လာပါသည်၊ မြတ်စွာဘုရားရှင်က တမင်ကိုပဲ အဓိဋ္ဌာန် ထားရသည်၊ **"ငါဘုရားရှင် ချထားလိုက်တဲ့ ခြေတော်ရာကို မာဂဏ္ဍိပုဏ္ဏားဇနီးမောင်နှံတို့ မြင်တွေ့ပါစေ"** ဟူ၍ အဓိဋ္ဌာန်ပြီး ချလိုက်လို့ သာလျှင် ခြေတော်ရာဟာ မြေပေါ်မှာထင်ပြီး ခြေတော်ရာကို မာဂဏ္ဍိပုဏ္ဏား ဇနီး မောင်နှံတို့ မြင်တွေ့ ရခြင်းဖြစ်ပါသည်၊ မြတ်စွာ ဘုရားရှင်၏ အဓိဋ္ဌာန်ချက်ကြောင့် ခြေတော်ရာကို မြင်တွေ့ရခြင်း ဖြစ်ပါသည်။

ဘဂဝါ ဟိ ယဿ ပဒစေတိယံ ဒဿေတုကာမော ဟောတိ၊ တံ အာရဗ္ဘ "အသုကောနာမ ပဿတူတိ" အဓိဋ္ဌာတိ၊ တသ္မာ မာဂဏ္ဍိယ ဗြာဟ္မဏောဝိယ အယမ္ပိ ဗြာဟ္မဏော တထာဂတဿ အဓိဋ္ဌာနဝသေန အဒ္ဒသ။ *(အံ၊ ဋ္ဌ၊ ၂၊ ၂၉၉)*

ဘယ်သူဖျက်ဖျက် မပျက်နိုင်သော ခြေရာတော်

ယင်းသို့ မြတ်စွာဘုရားရှင်က မာဂဏ္ဍိပုဏ္ဏားကြီးဇနီးမောင်နှံတို့ မြင်တွေ့ကြပါစေဟူ၍ အဓိဋ္ဌာန် ချထားတဲ့ ခြေတော်ရာကို မာဂဏ္ဍိပုဏ္ဏား ဇနီးမောင်နှံတ့ို့ မလာခင် တခြားပုဂ္ဂိုလ်တို့သည်လည်း လမ်းပေါ်မှာ ဖြတ်သွားနေကြ၏၊ ဤပုဂ္ဂိုလ် တွေမှာ မြင်တွေ့ခွင့်ရသလားဆိုတော့ မြင်တွေ့ခွင့်မရပါ၊ မြတ်စွာ ဘုရား ရှင်က မာဂဏ္ဍိပုဏ္ဏားဇနီးမောင်နှံတို့ မြင်တွေ့ပါစေဟူ၍

မာဂဏ္ဍိပုဏ္ဏား ဇနီးမောင်နှံတို့အတွက်ပဲ ရည်ရွယ်ပြီးတော့ ချထားတာဖြစ်သည့်အတွက် ကျန်သည့် ပုဂ္ဂိုလ်တို့ဟာ မြတ်စွာဘုရားရှင်ရဲ့ ခြေတော်ရာကို မြင်တွေ့ခွင့် မရှိပါ။ မမြင်နိုင်ပါ။ မြတ်စွာဘုရားရှင် ရည်ရွယ်သည့် ပုဂ္ဂိုလ်ပဲ မြင်တွေ့ခွင့်ရှိပါသည်။

မြတ်စွာဘုရားရှင်က မာဂဏ္ဍိပုဏ္ဏားဇနီးမောင်နှံတို့ မြင်တွေ့ပါစေလို့ အဓိဋ္ဌာန်ပြီး ချထားတဲ့ ခြေတော်ရာကို တခြားပုဂ္ဂိုလ်တွေက မာဂဏ္ဍိပုဏ္ဏားဇနီးမောင်နှံတို့ မမြင်ရအောင် ဆင်၊ မြင်း၊ ကျွဲ၊ နွားစသည့် တိရစ္ဆာန်တွေနဲ့ တက်နင်း ပစ်လိုက်မယ်၊ မိုးကြီးသည်းထန်စွာ ရွာသွန်းမယ်၊ ဝေရမ္ဘာလေမုန်းတိုင်းကြီး ပြင်းထန်စွာတိုက်ခတ်မယ်၊ သည်လိုဆိုရင် ခြေတော်ရာ ပျက်သွားနိုင်သလား-ဆိုတော့ မပျက်စီးနိုင်ပါ။ မြတ်စွာဘုရားရှင်အနေနဲ့ မြင်ပါစေလို့ အဓိဋ္ဌာန်ထားသည့်ပုဂ္ဂိုလ် မမြင်မခြင်း ခြေတော်ရာဟာ ဘယ်လို အကြောင်းကြောင့်နဲ့မှ မပျက်စီးနိုင်ပါ။ မာဂဏ္ဍိပုဏ္ဏားကြီး တို့သာလျှင် မြင်တွေ့ခွင့်ရှိပြီး ကျန်တဲ့ပုဂ္ဂိုလ်တွေ မြင်ခွင့် မရှိပါ။ မာဂဏ္ဍိပုဏ္ဏားကြီးတို့ ဇနီးမောင်နှံ မြင်ပြီးသည့်နောက် မြတ်စွာဘုရားရှင်ထံမှ တရားနာပြီးသည့် အခါ အနာဂါမ်အရိယာပုဂ္ဂိုလ် ဖြစ်သွားပြီးသည့် နောက်ပိုင်းမှာ မူကား ခြေတော်ရာဟာ အလိုလိုပဲ ကွယ်ပျောက်သွားပါသည်။

ဗုဒ္ဓါနဉ္စိ ပဒစေတိယံ အဓိဋ္ဌဟိတွာ အက္ကန္တဋ္ဌာနေယေဝ ပညာယတိ၊ န အညတ္ထ။ ယေသဉ္စတ္ထာယ အဓိဋ္ဌိတံ ဟောတိ၊ တေယေဝ နံ ပဿန္တိ၊ တေသံ ပန အဒဿနကရဏတ္ထံ ဟတ္ထိအာဒယော ဝါ အက္ကမန္တူ၊ မဟာမေယျောဝါ ပဝဿတု၊ ဝေရမ္ဘဝါတာဝါ ပဟရန္တူ၊ နတံ ကောစိ မကွေတုံ သက္ကောတိ။ *(ဓမ္မပဒဋ္ဌကထာ၊ ၁၊၁၂၉)*

ဦးခေါင်းပေါ်သို့ ခြေတော်ရာပင့်ပုံ

ဤသို့ သိနားလည်ပြီဆိုရင် ခြေတော်ရာကို မိမိတို့၏ ဦးထိပ်ဦးခေါင်းပေါ်မှာ တင်ပြီး ပူဇော်နိုင်ပါပြီ။ မိမိတို့၏ ဦးထိပ် ဦးခေါင်းပေါ်မှာ မြတ်စွာ ဘုရားရှင်၏ ခြေတော်ရာ လာပြီး ကိန်းဝပ်နေ ပြီဆိုရင် မြတ်စွာဘုရားရှင်သည် လောကမှာ တန်ခိုးအကြီးမားဆုံး ပုဂ္ဂိုလ်ဖြစ်၍ ခြေတော်ရာ ကိန်းဝပ်ခံရသည့် ပုဂ္ဂိုလ်သည်လည်းပဲ ဘေးရန်အန္တရာယ်တို့ ကင်းရှင်းသွားပါသည်။ မြတ်စွာ ဘုရားရှင်၏ ခြေတော်ရာကို မိမိ၏ ဦးခေါင်းပေါ်သို့ သင်္ဏာဆရာတော်ကြီး၏ နည်းအတိုင်း ပင့်ကြရပါမည်။

စက္ကဝါဋ နဟုတာဂ၊ ဒေဝါလိဂဏ စုမ္ပိတော။
ဗုဒ္ဓပါဒမ္ပုဇော ဌာတု၊ သီသေ ဒယာ တိဂန္ဓဇော။

စကြာဝဋာပေါင်း၊ သောင်းလောကဓာတ်၊ ဖူးလာလက်သား၊ နတ်နတ်တကာ၊ ဗြဟ္မာအားလုံး၊ ပျားပိတုန်းတို့ စုရုံးရှင်လန်း၊ စုတ်နမ်းရာလည်း ဖြစ်တော်မူသော၊ စကြာဝဋာ အနန္တတိုင် မွေးကြိုင်ကောင်း မွန်လွန်သောနံ့သာ ဖြစ်တော်မူသော ဘုရားစိန္တေ သီတာရေ၌ ပုံသေရောက်လတ် ကြာမြတ်ပဒုံ ခြေတော်စုံသည် ဒွတ္တိံသာကာရ ဇေဂုစ္ဆစုတ် ကိုယ်ဟုသမုတ် အကျွန်ုပ်၏ ကိုယ်အင်္ဂါတွင် မြတ်ရာ ထားတင် ဦးထိပ်ပြင်၌ ဤသတ္တဝါ ဆင်းရဲစွာကို ငါချွေချွတ်မည် မှတ်ရည်သနား ဖြစ်သောအားဖြင့် တန့်ရပ်သောထွေ တည်နေ တော်မူပါဘုရား။ *(စတုရာရက္ခကျမ်း ပဏာမ)*

ယင်းသို့ ပင့်လျှောက်ချက်အရ မိမိတို့၏ ဦးခေါင်းထက်မှာ မြတ်စွာ ဘုရားရှင် ကြွရောက်သီတင်းသုံး နေပြီဟူ၍ ခံစားနားလည် သဘောပေါက် ရပါမည်။ ဤသို့ သဘောပေါက် နားလည်ပြီးလျှင် မိမိတို့ ဦးခေါင်းထက်မှာ ကိန်းဝပ်စံပယ်နေသည့် မြတ်စွာဘုရားရှင်၏ ခြေတော်ရာထံမှာ ဆုမွန်ကောင်း တောင်းကြရပါမည်။ **"သုဗောဓာ လင်္ကာရကျမ်း"** မှာလာ သည့်အတိုင်း **"ပန်းကုံးဆရာတော်"** ဖွဲ့ဆိုထားသည့် ဆုမွန်ကောင်း တောင်းပုံနည်းဖြင့် ဆုတောင်းကြရပါမည်၊

မုနိသင်းကျစ် ဓမ္မရာဇ်၏ လွန်နှစ်သက်အပ်လျှပ်လျှပ် ပြောင်ပြောင် ခြေသည့်ရောင်ကား များမြောင်အကု ကိလေစုကို အောင်မှုစိုက်ထူ အောင်လံဟူ၏ ရန်သူများဖြင့် ဖြိုဖျက်နှင်သည် တို့ရှင်ဘုရားခြေတော် များသည် (ငါ့အား/သင့်အား)အောင်ဆု ပေးစေသော်။

ပါဒဒွန္ဒံ မုနိန္ဒဿ၊ ဒဒါတု ဝိဇယံ တဝ။
နခရံသီ ပရံကန္တာ၊ ယဿ ပါပ ဇယဒ္ဓဇာ။

(သုဗောဓာ လင်္ကာရကျမ်း)



ဥဒ္ဒိဿ ပဒစေတီခြေတော်ရာ

ခြေတော်ရာပွား ဥဒ္ဒိဿ ပဒစေတီ
သဇီဝ ပရိဘောဂါနိ၊ သမ္ဘုဒ္ဓဿ ပဒါနိပိ။

ဥဒ္ဒိဿ ကတ ပါဒါနံ၊ စေတိယာနံ နမာမဟံ-ဟူသော ဂါထာနှင့်အညီ

စက္ကေနကိတပါဒလက္ခဏာဖြစ်သော သဇီဝပါဒစေတီ၊ ခြေတော်ချရာ အရပ်၌ ခြေဖဝါးတော်မှ ထင်ကျန်ရစ်ခဲ့ သည့်အရာ (ခြေတော်ရာ) ဖြစ်သော ပရိဘောဂပါဒစေတီတို့ကို ရည်မှန်း၍ တူနိုင်သမျှတူအောင် ကျောက်သား အင်္ဂတေ စသည်ကို ထုလုပ်ထားသော **"ခြေတော်ရာပွား"** တို့သည် **"ဥဒ္ဒိဿ ပါဒစေတီ"** ဖြစ်ကြသည်၊ ထိုသို့ ထုလုပ်ထားသော ခြေတော်ရာပွား ဥဒ္ဒိဿပါဒစေတီကို အစောဆုံးအားဖြင့် အေဒီ (၁)ရာစု အစောပိုင်း အိန္ဒိယ နိုင်ငံတောင်ပိုင်း ဆန်ခြိအရပ်၌ရှိသည့် ဆန်ခြိစေတီတွင် ဖူးမျော်နိုင်သည်၊ ထိုဆန်ခြိစေတီတွင် တုရိဏ်းတိုင် မုခ်(၄)ခုရှိရာ အရှေ့ဘက်မုခ်၌ ကျောက်သားကို ထွင်းထုလျှက် တောထွက်ခန်းကို ပြထား၏။ ထိုတောထွက်ခန်း ကျောက်ရုပ်တို့တွင် ကဏ္ဍကမြင်း၏ ကျောပေါ်၌ သိဒ္ဓတ္ထမင်းသား၏ ပုံတော်ကို မတွေ့ရပေ၊ သိဒ္ဓတ္ထမင်းသား၏ ကိုယ်စား ဗောဓိပင်နှင့် ခြေတော်ရာအစုံ ထုလုပ်ထားသည်ကို တွေ့ရ၏။ ဤကား ဘုရားလောင်း၏ ခြေရာကို ထုလုပ် ကိုးကွယ်ပုံဖြစ်၏၊

ဘုရားရှင်၏ ခြေတော်ရာကိုမူ အိန္ဒိယနိုင်ငံ အလယ်ပိုင်း မဇ္ဈိမဒေသ ဆတ္နခရိုင်တွင် သုဂ်မင်းဆက် (၁၈၇-၇၅၊ ဘီစီ)တည်ခဲ့သော ဘရ်ဟုတ် စေတီမှာ မြင်တွေ့ရ၏၊ ထိုစေတီတွင် ကျောက်ဆစ်လက်ရာများ ပါရှိရာ နတ်ဗြဟ္မာစသော ပရိသတ်တို့ လာရောက်၍ မြတ်စွာဘုရားရှင်အား ပူဇော်နေပုံကို မြင်တွေ့နိုင် ပေသည်၊ သို့သော် မြတ်စွာဘုရားရှင်ကိုယ်စား ခြေတော်ရာပုံကိုသာ ဖော်ပြထားပါသည်၊ ထိုဘရ်ဟုတ်စေတီမှာပင် ကျောက်ဆစ်လက်ရာ တခုရှိသေး၏၊ ထိုကျောက်ဆစ်လက်ရာ၌မူ ဘုရားရှင် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာ တရား ဟောကြားအပြီး လူ့ပြည်

သက်ဿနဂိုရ်သို့ ပြန်ကြွတော်မူပုံကို ထုလုပ်ထားပေသည်၊ ဘုရားရှင်ကိုယ်စား ခြေတော်ရာကိုပင် ဖော်ပြထား ပေသည်။

ထို့နောက် အေဒီ(၂)ရာစုတွင် အမရဝတီမြို့ဟောင်း ခြေတော်ရာ၊ နာဂဇုဏ္ဏကောဏ္ဍမြို့ဟောင်း ခြေတော်ရာ ဗုဒ္ဓဂယာမြို့ဟောင်း ခြေတော်ရာ၊ ပါကစ္စတန်နိုင်ငံ ဂန္ဓာရတိုင်း ခြေတော်ရာ၊ လောနိုင်ငံ အမရဝတီအရပ် အန္ဓရဒေသခြေတော်ရာတို့ကို တွေ့ရ၏။ အေဒီ (၈)ရာစုတွင်မူ မြန်မာနိုင်ငံ၏ အစောဆုံး ခြေတော်ရာမှာ ကြေးသွန်းပြုလုပ်ထားသော ဝေသာလီခေတ် ခြေတော်ရာဖြစ်သည်၊ ပုဂံခေတ်၌တွေ့ရသော ခြေတော်ရာတို့တွင် အစောဆုံးဟူ၍ အသိအမှတ် ပြုထားသော ခြေတော်ရာမှာ အေဒီ(၁၁)ရာစု လောကနန္ဒာ ဘုရားအနီးမှတွေ့ရပြီး ပုဂံရှေးဟောင်းပြတိုက်တွင် ထားရှိသော လောကနန္ဒာ ခြေတော်ရာ ဖြစ်သည်။

ထိုမှတဖန် ဆက်လက်လေ့လာပြန်သော် အေဒီ (၁၂)ရာစု ကမ္ဘောဒီးယား နိုင်ငံ အန်ကောဝပ် ဘုရားခြေတော်ရာ၊ အေဒီ(၁၄)ရာစု ပင်းယခေတ် ပင်းယမြို့ ရွှေစည်းခုံစေတီ ခြေတော်ရာ အင်းဝခေတ်၌ တံတားဦးမြို့နယ် တောင်တလုံးရွာ လေသာကျောင်းခြေတော်ရာ၊ ညောင်ရမ်းခေတ်၌ စစ်ကိုင်းမြို့ ဗုဒ္ဓယဉ်ကျေးမှုပြတိုက်ရှိ ခြေတော်ရာ၊ ကုန်းဘောင်ခေတ်၌ ပခုက္ကူမြို့နယ် တန့်ကြည်တောင်ဘုရား ခြေတော်ရာ၊ အမရပူရခေတ်၌ အမရပူရမြို့ ရွှေဂူကြီး ဘုရား ခြေတော်ရာ၊ ရတနာပုံခေတ်၌ မန္တလေးမြို့ ကုသိုလ်တော်ဘုရား ခြေတော်ရာတို့ကို ခေတ်အလိုက် ထုလုပ် ကိုးကွယ်ကြသည်၊ မျက်မှောက် ခေတ်၌လည်း ဆိုခဲ့ပြီး ခေတ်မျိုးစုံ ခြေတော်ရာတို့ကို နမူနာယူကာ ထုလုပ် ကိုးကွယ်ကြသည်။ မျက်မှောက်ခေတ်၌လည်း ဆိုခဲ့ပြီး ခေတ်အဆက်ဆက်တို့၌ ကျောက်သားကိုသာ ဗုဒ္ဓခြေတော်ရာအဖြစ် ထုလုပ်ကြသည် မဟုတ်ပေ၊ အင်္ဂတေ, ပလာစတာ, သဲကျောက်, သစ်သား, သရိုး, စက္ကူ, အဝတ်အထည်, ဖန်သား, ယွန်း, ပြဒါး, ကြေးပြား, ငွေသား, ရွှေသား စသော ဝတ္ထုပစ္စည်း တို့ကိုလည်း ဗုဒ္ဓခြေတော်ရာအဖြစ် ထုလုပ် ကိုးကွယ်ကြ၏။

ခြေတော်ရာ အထွန်းကားဆုံး ပုဂံခေတ်

ထိုခေတ်အမျိုးမျိုးတို့တွင် ပုဂံခေတ်သည်ကား ဗုဒ္ဓခြေတော်ရာကို ထုလုပ်ရေးဆွဲ ကိုးကွယ်မှုအများဆုံး, ခြေတော်ရာအထွန်းကားဆုံးဖြစ်သည်။ လောကနန္ဒာဘုရား၊ ရွှေစည်းခုံဘုရား၊ အာနန္ဒာဘုရား၊ ရှင်အရဟံသိမ် စသော ဘုရားတို့၌ ခြေတော်ရာကို ကျောက်သားဖြင့် ထုလုပ် ကိုးကွယ်ကြ၏။ လောကထိပ်ပန်ဂူဘုရား၊ မိုင်းကုန်းဘုရား၊ သယ်ရာဇာဘုရား၊ မင်းနန်းသူရွာ လေးမျက်နှာဘုရား၊ တရုပ်ပြေးဘုရား၊ မောင်ရုံးဂူဘုရား၊ ဝက်ကြီးအင်း ဂူပျောက်ကြီးဘုရား စသော ဘုရားတို့၌မူ ဂူမုခ်ဝ အထက်အဝင်ဝတွင်ဌင်း၊ ဆင်းတုရုပ်ပွား၏ အထက်မျက်နှာကြက်တွင်ဌင်း နံရံဆေးဖြင့် ရေးခြယ်လျှက် ပူဇော်ကြသည်။

ဤသည်ကိုရည်ရွယ်၍ ကဝိလက္ခဏာ သတ်ပုံ ကျမ်းဆရာ စိန္တာကျော်သူ ဦးဩက "ပါဒ နက်သန်၊ စုံနှစ်ရန်၊ ပိတာန်လုပ်၍ကာ"ဟူ၍ စပ်ဆို လေသည်။

ခြေတော်ရာ သာသနာ ထွန်းကားသော မြန်မာပြည်

ကမ္ဘာပေါ်တွင် အိန္ဒိယ၊သီရိလင်္ကာ ထိုင်းစသောနိုင်ငံတို့၌ မြတ်ဗုဒ္ဓ၏ ခြေတော်ရာများ ထွင်းထုပူဇော် ကြသော်လည်း ဤမြန်မာနိုင်ငံလောက် မစုံလင် မများပြားချေ၊ ဤမြန်မာနိုင်ငံ၌ကား အဝတ်အထည်နှင့် ယွင်းပေါ်မှာဖြစ်စေ၊ သစ်သားပေါ်မှာဖြစ်စေ၊ အုတ်အင်္ဂတေပေါ်မှာဖြစ်စေ၊ သဲကျောက် စကျင် ကျောက်ပြား ပေါ်မှာဖြစ်စေ၊ ဖန်သားပြဒါး၊ ကြေးပြား ငွေပြား ရွှေပြားပေါ်မှာဖြစ်စေ ထွင်းထုသွန်းပြုလျက် ခြေတော်ရာ ပူဇော် ထားသည်ကို ဖူးတွေ့ရသည်၊ ခြေတော်ရာသာသနာ ထွန်းကား နေပေသည်။

ခေတ်အဆက်ဆက်မှ ခြေတော်ရာ ပုံတော်အမျိုးမျိုး

ယင်းသို့ ထွင်းထု သွန်းပြုရာ၌ ဝေသာလီခေတ် ပုဂံခေတ် အင်းဝ ခေတ် ညောင်ရမ်းခေတ် ကုန်းဘောင်ခေတ် ရတနာပုံခေတ် မျက်မှောက် ခေတ် လက်ရာပုံဟန်ဖြင့် ဝတ္ထုပစ္စည်း အမျိုးမျိုးတို့ကို သုံးစွဲပြီး၊

၁။ နံရံဆေးရေး ခြေတော်ရာ၊
၂။ စက္ကူခြေတော်ရာ၊
၃။ အုတ်ခွက်ခြေတော်ရာ၊
၄။ အင်္ဂတေခြေတော်ရာ၊
၅။ ပလာစတာခြေတော်ရာ၊
၆။ သဲကျောက်ခြေတော်ရာ၊
၇။ စကျင်ကျောက် ခြေတော်ရာ၊
၈။ သစ်ထွင်းခြေတော်ရာ၊
၉။ သရိုးခြေတော်ရာ၊
၁၀။ အဝတ်ခြေတော်ရာ၊
၁၁။ ရွှေခြည်ထိုးခြေတော်ရာ၊
၁၂။ ဖန်သားခြေတော်ရာ၊
၁၃။ ယွန်းခြေတော်ရာ၊
၁၄။ ပြဒါးခြေတော်ရာ၊
၁၅။ ကြေးပြားခြေတော်ရာ၊
၁၆။ ငွေသားခြေတော်ရာ၊
၁၇။ ရွှေသားခြေတော်ရာ-စသည်တို့ကို ပြုလုပ်လျက် ပူဇော်ကြသည်။

ဗုဒ္ဓခြေတော်ရာ မူမှန် ပူဇော်ရေးအဖွဲ့.

စာရေးသူသည် ဘုရားရှင်၏ စက္ကေနကိတပါဒလက္ခဏာကို ပုံဖော်ထုလုပ်ပြု ထားသည့် ဗုဒ္ဓခြေတော်ရာတို့ကို စိတ်ဝင်စားစွာလေ့လာ ဖြစ်ပါသည်၊ မြန်မာ ပြည်တွင်းမှ ဗုဒ္ဓခြေတောတ်ရာပေါင်း (၁၅၀)ကျော်နှင့် အိန္ဒိယ,နီပေါ, ထိုင်း,ကမ္ဘောဒီးယား,သီရိလင်္ကာနိုင်ငံတို့၌ရှိသည့် ဗုဒ္ဓခြေတော်ရာတို့ကိုပါ သွားရောက်ဖူးမြော်ခဲ့သည်၊ ယင်းသို့ လေ့လာဖူးမြော်ရာတွင် ခြေတော်ရာမှာ ပါရှိသည့် (၁၀၈)ကွက် စက်လက္ခဏာတို့မှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူကြပဲ ကွဲပြားကြ၏၊ တစ်နိုင်ငံတွင်းမှာပင် **"တစ်ကျောင်းတစ်ဂါထာ တစ်ရွာ**

တစ်ပုဒ်ဆန်းဆိုသလို" ခေတ်အလိုက် မူအမျိုးမျိုးကွဲပြားကြပြန်သည်၊ သူနိုင်ငံသူခေတ် သူလူမျိုး ယဉ်ကျေးမှုအလိုက် သဒ္ဓါတရားဖြင့် ထုလုပ် ပူဇော်ထားသည်ဖြစ်၍ အပြစ်မဆိုသာပေ၊ သို့သော် ထေရဝါဒဗုဒ္ဓစာပေဖြစ်သည့် ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့် ညီညွတ်နိုင်သမျှ ညီညွတ်စွာ ထုလုပ်ထားပါမူကား သဒ္ဓါတရားပို၍ ဖြစ်နိုင်ပေမည်။

စာရေးသူသည် (၂၀၀၇)ခုနှစ် မေလတွင် ထိုင်းနိုင်ငံရှိ ဗုဒ္ဓခြေတော်ရာတို့ကို လေ့လာဖူးမြော်ပြီး ပြန်လာခဲ့ပါသည်၊ ဗုဒ္ဓခြေတော်ရာကို ကြေး, ရွှေတို့ဖြင့် ထုလုပ်ပူဇော်မည့် ခြေတော်ရာ ဘုရားဖူး ဒေါ်စန်းစန်းဝင်း၏ လျှောက်ထား ချက်အရ **"ဗုဒ္ဓခြေတော်ရာ မူမှန်ပူဇော်ရေးအဖွဲ့"**ကို ဖွဲ့စည်းဖြစ်ပါသည်၊ ထိုအဖွဲ့တွင် ဗန်းမော် ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ, သက္ကသီဟဝင်္သကာ,စာပေပါရဂူ, ဒုတိယပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်)၊ လှရတနာ ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ(ပထမကျော်,အဂ္ဂမဟာအကျော်, အဋ္ဌကထာ ပြန်အကျော်, ဝင်္သကာ, သ-စ-အ ဓမ္မာစရိယ,ဝိနယပါဠိပါရဂူ)၊ မင်္ဂလာသီဆရာတော် ဘဒ္ဒန္တစန္ဒာသိရိဘိဝံသ (ပထမကျော်, စေတီယင်္ဂဏဓမ္မာစရိယ)၊ ချမ်းအေး ဘုန်းကြီး ဘဒ္ဒန္တဝိလာသ (ဝေမိုး-ကျွန်းလှ)၊ ဦးမြင့်မောင် (မြန်မာမှုဒီဇိုင်းပညာရှင်)၊ ဦးအောင်ဟိန်း (ဓာတ်ပုံပညာရှင်)၊ ဦးအောင်မြင့်ထွန်း (စာရေးဆရာ) စသော ခြေတော်ရာဆိုင်ရာ ကျွမ်းကျင်သည့် ပညာရှင်တို့ ပါဝင်ကြ၏၊ ထိုအဖွဲ့သည် အကြိမ်ကြိမ်စည်းဝေးထိုင်လျက် နိုင်ငံအသီးသီး ခေတ်အဆက်ဆက်မှ ဗုဒ္ဓခြေတော်ရာပုံတော်တို့ကို ပါဠိအဋ္ဌကထာဋီကာ မဂဓ,သက္ကဋ, အင်္ဂလိပ်, အာဘိဓာန် စသောကျမ်းတို့နှင့် တိုက်ဆိုင် စိစစ်ကြပါသည်။

ဖဝါးပြင်မှ စက်ဝန်း၏ တည်နေရာ

ဗုဒ္ဓခြေတော်ရာတွင် စက်ဝန်း၏တည်နေရာမှာ အမျိုးမျိုးဖြစ်နေသည် မြန်မာနိုင်ငံမှ ဗုဒ္ဓခြေတော်ရာအများစုတွင် စက်ဝန်းမှာ ဖနောင့်ပိုင်းသို့

ရောက်နေပြီး ခြေတော်ရာအနည်းစုတွင်မူ ဖဝါးအလယ်တွင် ရောက်ရှိနေသည်၊ ထိုင်းစသော နိုင်ငံခြားခြေတော်ရာတို့၌ကား စက်ဝန်းမှာ ဖဝါးအလယ်တွင် တည်ရှိသည်၊ ယင်းသို့ကွဲပြားလျက်ရှိရာ စက်ဝန်းသည် ဖဝါးပြင်ဝယ် အဘယ်နေရာ၌ တည်ရှိနေပါသနည်း။

စက်ဝန်း၏တည်နေရာကို လေ့လာရှာဖွေကြရာ မဟာပဒါနသုတ် မဟာဝါအဌကထာ၊ ဗြဟ္မာယုသုတ်အဌကထာ၊ ဇိနာလင်္ကာရဋီကာတို့ကို ကိုးကား၍ ဆုံးဖြတ်ထားသော မောင်းထောင်သာသနာပိုင်ဆရာတော်၏ အဆုံးအဖြတ်ကို အမေးတော်ဖြေကျမ်း၌ တွေ့ရသည်၊ သာသနာပိုင်ဆရာတော်၏ အဆုံးဖြတ်ကား ဤသို့ပါတည်း။

တထာဂတဿ ပန စတူသု ကောဌာသေသု ဒွေ ကောဌာသာ အဂ္ဂပါဒေါ ဟောတိ၊ တတိယေ ကောဌာသေ ဇယ်ာ ပတိဌာတိ။

(မ၊ ၌-၃၊ ၂၅၈။ ဒီ-၌၊ ၂၊ ၃၇)။

ဘဂဝတော ပန ပါဒတလံ စတုဘာကံ ကတွာ ဧကသ္မိံ ပဏ္ဍိ ပတိဌိတာ၊ ဧကသ္မိံ ဇယ်ာ ပတိဌိတာ၊ ဒွေ ဘာဂါ အဂ္ဂပါဒတလာနိ။

(ဇိနာလင်္ကာရဋီကာ၊၁၇၀)။

ယင်းသို့ အဌကထာ ဋီကာတို့၌ ခြေတော်ကို (၄)ဖို့ပြုပြီးသော် ရှေ့ (၂)ဖို့ကို ခြေချောင်းနှင့်ဖြစ်၍ ခြေဖျားမည်သည်ဆိုခြင်းကြောင့် ဖမျက်မြင်းခေါင်းတော်အောက် (၃)ဖို့မြောက်သည် ခြေလယ်၊ (၄)ဖို့မြောက် ဖနောင့်တော်သည် ခြေရင်းမည်ရကား ဖမျက်တော်အောက် (၃)ဖို့မြောက် ဟူသော အလယ်အရပ်တွင် စက်တော်တည်သည်။

(အမေးတော်ဖြေကျမ်း၊ ၄၇၆)။

ဝမုမာနကလက္ခဏာ အဆုံးအဖြတ်

ယင်းသို့ ဖဝါးပြင်ဝယ် စက်ဝန်းတော်တည်နေရာအမှန်ကို သိပြီးသည့်နောက် (၁၀၈)ကွက် မင်္ဂလာအမှတ်သား ရုပ်ပုံတော်တို့ကို ဇယားကွက်တွင် ထည့်သွင်းရန်ကိစ္စကို ဆက်လက်ပြီးဆွေးနွေးကြပါသည်။

(၁၀၈)ကွက် မင်္ဂလာအမှတ်အသားတို့တွင် (၆)ခုမြောက်လက္ခဏာမှာ ဝမှုမာနကလက္ခဏာဖြစ်၏၊ ထိုဝမှုမာနကလက္ခဏာကို ရှေးခေတ်မှစ၍ ယခုကာလအထိ ဝမှုမာနက-ဆွမ်းအုပ် ထမင်းအုပ်ဟု ဘာသာပြန်ပြီး ပုံတော်၌ ဘုန်းတော်ကြီးများကျောင်းသို့ပို့သော ဆွမ်းအုပ်ပုံသဏ္ဌာန်ကို ရေးဆွဲပြကြ ထုလုပ်ကြ၏။

ထိုဝမှုမာနကလက္ခဏာနှင့်စပ်၍ ဗန်းမော်ဆရာတော်က ဤသို့ အမိန့်ရှိပါသည်။

ဝမှုမာနကပုဒ်ကို အဒ္ဓမာဂမိ အဘိဓာန်၌ ဝဒ္ဓမာဏ-ဝဒ္ဓမာဏဂ ဟု တည်ပုဒ်ပြု၍ အောက်ပါအတိုင်း အတ္ထုဒ္ဒါရ (၅)နက်ထုတ်ပြ၏။

ဝဒ္ဓမာဏ-ပုံ (ဝဓမာန-သက္ကတ)

၁။ Mahavira Svami, the 24 th Titthankara

မဟာဝီရ သွာမီ၊ (၂၄)ယောက်မြောက် တိတ္ထင်္ကရ-မဟာဝီရ အရှင်သခင်၊ (၂၄)ယောက်မြောက် အယူဝါဒတည်ထောင်သူ။

၂။ An earthen vessel; an inslgnia of stanit Kumara god; a sign like an earthen cap in their crowns ; = မြေအိုးခွက် စတန်နီ တမင်းသား နတ်သား၏ အဆောင်အရောင်၊ သူတို့၏ သရဖူများထဲ၌ မြေဖြင့်ပြုလုပ် ထားသော ဦးထုပ်ကဲ့သို့ အမှတ်အသား၊

၃။ A man who carries a man on his shoulders before a processien = ပရိသတ်ရှေ့၌ ပခုံးများဖြင့် လူတစ်ယောက်ကို ထမ်းနေ သော လူတစ်ယောက်။

၄။ A Kind of limited kmowkedge = အကန့်အသတ်ရှိသော ပညာရပ်တစ်မျိုး၊

၅။ A house built on the principlse of architecture= ဗိသုကာ ပညာဖြင့် ဆောက်လုပ်ထားသည့်အိမ်၊

၄င်း (၅)နက်တို့တွင် တတိယအနက်အဖွင့်သည် ဝမုမာနကန္တိ ပုရိသဟာ ရိပုရိသင်္ဂ ဟူသောဗြဟ္မာယုသုတ် မစ္ဈိမပဏ္ဏာသဋ္ဌီကာ (၃၊ ၁၇၂)အဖွင့်နှင့်ညီ၏၊ ဋ္ဌီကာအဖွင့်ကိုလည်း ပုရိသဟာရိပုရိသင်္ဂ= ယောက်ျားတစ်ယောက်ကို ပုခုံးပေါ် မှာတင်၍ပရိသတ်ရှေ့၌ ထမ်းဆောင်နေသော ယောက်ျား၏လက္ခဏာသည်ဝမု မာန ကန္တိဝမုမာနကံနာမ ဝမုမာနကမည်၏-ဟူ၍အနက်ပေးပါ။

ပြဆိုခဲ့သောပဏ္ဏာသဋ္ဌီကာနှင့်အဒ္ဓမာဂဓီအဘိဓာန်၊ ပါကဋ္ဌ အဘိဓာန်များနှင့် အညီ ဝမုမာနကဟူသည် ယောက်ျားတစ်ဦးကို ပုခုံးပေါ်တင်၍ ပရိသတ်ရှေ့မှာ ထမ်းဆောင်နေသော ယောက်ျား၏ ပုံကိုဖေါ်ပြရပေမည်၊ သို့မှသာ အဘိဓာန် သက္က တသဒ္ဒါကျမ်း ပဏ္ဏာသဋ္ဌီကာကျမ်းများနှင့် ညီညွတ်ပေမည်။

ဤအဖွင့်ဋ္ဌီကာများကို အဒ္ဓမာဂဓီပါကဋ္ဌသက္ကတ အဘိဓာန်တို့နှင့် တိုက်ဆိုင် ညှိနှိုင်းမှု မပြုနိုင်သဖြင့် ရှေးခေတ်အဆက်ဆက်တို့အဆို အမိန့်မှားယွင်းနေခြင်း ဖြစ်ပေသည်၊ ဝမုမာနကပုံနှင့်ပတ်သက်၍ ပဏ္ဏာသဋ္ဌီကာ သင်္ဂါယနာတင်ချိန်က မူအမျိုးမျိုးဖြစ်နေ၍ အနက်မှန် ပါဌ်မှန်ကိုဆုံးဖြတ်ရန်ခဲယဉ်း နေကြသည်၊ ပါဌ်ရှိအ တိုင်းပင်ထားခဲ့ ရသည်၊အဘယာရာမဆရာတော် ဦးသီလာနန္ဒာဘိဝံသ (အဂ္ဂမဟာ ပဏ္ဍိတ-**Ph.D** အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြု တက္ကသိုလ်-ပါမောက္ခချုပ်၊ တိပိဋကပါဋိမြန်မာအဘိဓာန် ကျမ်းပြု) အိန္ဒိယသီဟိုဋ္ဌတို့မှပြန် ကြွလာမှ အဒ္ဓမာဂဓီ အဘိဓာန်ရခဲ့၍ ကြည့်ရှုရာ ပဏ္ဏာသဋ္ဌီကာအဖွင့်နှင့် အဒ္ဓမာဂဓီအဘိဓာန်တို့အဆို ညီညွတ် နေသည်ကိုတွေ့ရသည်၊ ပဏ္ဏာသဋ္ဌီကာဆရာတော်, အဘယရာမ ဆရာတော် ဦးသီလာနန္ဒာဘိဝံသတို့ အဆိုအတိုင်း ယခုဆုံးဖြတ်ချက် ချမှတ်ခြင်း ဖြစ်ပါသည်၊ အမှားပယ်ဖျောက်၍ အမှန်ကိုလိုက်နာကျင့်သုံးပူဇော် နိုင်ကြ ပါစေကုန်သတည်း။

ဗန်းမော်ဆရာတော် မိန့်ကြားသည့်အတိုင်းပင် တိပိဋကပါဠိမြန်မာ အဘိဓာန် အဝဂ် အတွဲ (၁၈) ဝမုမာနကပုဒ်၌လည်း အောက်ပါအတိုင်း မှတ်ချက်ရေးသား ထားလေသည်။

ပါကဋ္ဌ၌ ခန္ဓရောပိတ ပုရိသ= ပခုံးပေါ်၌ ထမ်းထားအပ်သော ယောက်ျားဟု ဖွင့်သည်။ အလားတူအဒ္ဓမာဂမီ၌ ပခုံးပေါ်မှာ ယောက်ျား တစ်ယောက် ကိုထမ်း ပြီး လမ်းလျှောက်နေသော ယောက်ျား-ဟုဖွင့်သည်၊ *(အဝဂ်အတွဲ၊ ၁၈၊ ၅၅၈)*

ယင်းသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် အဘယာရာမဆရာတော်၊ ဒုတိယပါမောက္ခချုပ် ဗန်းမော်ဆရာတော်နှင့် တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့၏ ဆုံးဖြတ်ချက်အရ -ဝမု မာနကလက္ခဏာကို ပုံဖော်ရာ၌ ယောကျ်ားတစ်ဦးကို ပခုံးပေါ်တင်၍ ပရိသတ်ရှေ့မှာ ထမ်းဆောင်နေသော ယောက်ျား၏ ပုံကို ရေးသား၍ အတည်ပြု ကြသည်။

အနန္တဇိန ဗုဒ္ဓခြေတော်ရာမူ

ဗုဒ္ဓခြေတော်ရာ မူမှန်ပူဇော်ရေးအဖွဲ့သည် စက်လက္ခဏာတော်တို့၏ အနေအထား မဂ်လာအမှတ်အသား ပုံတော်တို့ကို အကြိမ်ကြိမ် အစည်းဝေးထိုင်ပြီး (၁၅၊ ၇၊ ၂၀၀၇)နေ့တွင် အတည်ပြု ဆုံးဖြတ်ကြသည်၊ ဆွေးနွေးအတည်ပြု ဆုံးဖြတ်ထားသည့် ဗုဒ္ဓခြေတော်ရာမူကိုလည်း **"အနန္တဇိန"** ဘုရားရုပ်ပွားတော်ရှေ့၌ ပူဇော်ထားမည်ဖြစ်၍ **"အနန္တဇိန"** ဗုဒ္ဓခြေတော်ရာမူဟူ၍ အမည်ပေးတော်မူကြ၏၊ ယင်းသို့ အတည်ပြုဆုံးဖြတ် အမည်ပေးပြီးသော အခါတွင် ဥက္ကဋ္ဌ ဦးကြည်ဝင်းအမှူးရှိသော **"ဗုဒ္ဓဂယာပုညသဟာယ"** အဖွဲ့က ထိုအနန္တဇိနဗုဒ္ဓခြေတော်ရာ မူသစ် ဒီဇိုင်းသစ်အတိုင်း ရတနာ(၉)မျိုးပါဝင်သည့် နဝရတ်ဗုဒ္ဓခြေတော်ရာ တစ်ဆူကို ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ်ညောင်တုန်းတိုက် လှရတနာသုံးထပ်တိုက်ကျောင်း မြေညီထပ် အနန္တဇိနဘုရား ရုပ်ပွားတော်ကြီးရှေ့တွင် ပူဇော်ကြပါသည်။

ထိုအနန္တဇိန ဗုဒ္ဓခြေတော်ရာကြီးကို မန္တလေးမြို့ တမွဝတီရပ် ပြည့်ဝ ဦးလှမြင့်က ၁၃၆၉-ခုနှစ် ဒုတိယဝါဆိုလဆန်း (၁၁)ရက် (၂၅၊ ၇၊ ၂၀၀၇) ဗုဒ္ဓဟူးနေ့ နံက် (၉)နာရီတွင် စတင် သွန်းလောင်းပါသည်၊ မသွန်းလောင်းခင် ဘုရားကြီးတိုက်မှ အာဇာနည်ဆရာတော် ဦးနန္ဒဝံသ၊ ဒေါနခြံဆရာတော် ဦးဝဏ္ဏိသရ၊ ဦးသုမနတို့က ဗုဒ္ဓခြေတော်ရာဂုဏ်တော်တို့ကို ရွတ်ဆိုပူဇော်ကြ၏၊ သွန်းလောင်းမည့် သူများကား ဝတ်ဖြူစင်ကြယ်ဝတ်ကြလျက် ငါးပါးသီလ ခံယူပြီးမှ သွန်းလောင်းကြပါသည်၊ သွန်းလောင်းရာတွင် ရှေးဦးစွာ ဒီဇိုင်းမို ပုံစံပြုလုပ်ပြီးမှ သွန်းလောင်းရ၏၊ အလှူရှင်များ လှူဒါန်းထားသော ရတနာ ပစ္စည်းများကိုပါ ထည့်သွင်းသွန်းလောင်းခြင်းဖြစ်သည်၊ သွန်းလောင်းပြီးသော ထိုခြေတော်ရာကြီးကား မဟာမုနိဘုရားကြီး ထံတွင် တစ်ည ကျိန်းစက်လျက် ရင်ငွေ့တော် ခိုလှုံပါသည်၊ ထို့နောက် ဘုရားကြီးတိုက် ဒေါနခြံအုတ်ကျောင်းသို့ ပင့်ဆောင်လျက် မန္တလေးမြို့ပေါ်မှ စာချအကျော် ဆရာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်လျက် ပူဇော်ကြ၏။။

ထိုမှတဖန် မြတ်မန္တလာထွန်းကားဖြင့် ရန်ကုန်မြို့ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် လှရတနာကျောင်းသို့ ပင့်ဆောင် ကြပါသည်၊ ထိုခြေတော်ရာကြီးကို သွန်းလောင်းရာတွင် ဗန်းမော် ဆရာတော်ချီးမြှင့်သည့် ဓာတ်လုံး(၂)လုံး အပါအဝင် ကြေးနီ-,ကြေးဝါ,ရွှေ,ငွေ,တင်း,သံ,သွပ်,ဒန်, ပြဒါး အားဖြင့် ရတနာ(၉) မျိုးတို့ကို ပေါင်းစုသွန်းလောင်းထားသဖြင့် **"နဝလောဟ ဗုဒ္ဓခြေတော်ရာ"**ဟူ၍ငှင်း၊ **"နဝရတ် ဗုဒ္ဓခြေတော်ရာ"** ဟူ၍ငှင်း ခေါ်ကြသေး၏။ ထိုအနန္တဗုဒ္ဓခြေတော်ရာကို ဘဒ္ဒကမ္ပာတွင် ပွင့်တော်မူပြီး ဖြစ်ကြသည့် ကကုသန်,ကောဏာဂုမ်, ကဿပ, ဂေါတမ ဟူသော ဘုရားရှင် (၄)ဆူတို့၏ ခြေတော်ရာ တို့ကို ရည်မှန်း၍ သွန်းလောင်းထုလုပ် ပူဇော်ထားခြင်း ဖြစ်သည်။

အနန္တဇိနဗုဒ္ဓခြေတော်ရာကား ဘယ်+ညာ (၂)မျိုးတွင် မြန်မာပြည်ရှိ ချခဲ့သော ဘယ်ခြေတော်ရာဖြစ်သည်၊ အရွယ်ပမာဏမှာမူ အလျား(၅၄) လက်မ၊ အနံခြေဖျားတော် (၂၄)လက်မ၊ ဖြေဖဝါးတော် (၂၃)လက်မ၊

ခြေဖနောင့်တော် (၂၃)လက်မဖြစ်သည်၊ အလေးချိန်အားဖြင့်ကား (၄၁) ပိဿာ (၂၅)ကျပ်သား ရှိသည်၊ (၁၀၈)ကွက်ထားနည်း (၂)မျိုးတွင် စက်ဝန်းအဝိုင်း၏ အပြင်ဘက်မှ ခရုပတ်လည် ပတ်၍ပြထားသည်၊ ထိုအနန္တဇိနပုဒ္ဓခြေတော်ရာကြီးကို ၁၃၆၉-ခုနှစ်၊ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ (၂၆၊ ၁၀၊ ၂၀၀၇)နေ့တွင် ပုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်လျက် ရေစက်သွန်းချ အမျှပေးဝေကြ၏။

အနန္တဇိန ပုဒ္ဓခြေတော်ရာမူ (၁၀၈)ကွက် စက်လက္ခဏာများ

အနန္တဇိန ပုဒ္ဓခြေတော်ရာမူအလို (၁၀၈)ကွက် စက်လက္ခဏာတော်တို့မှာ ဤသို့ဖြစ်ပါ၏။

၁။ သတ္တိ,လက္ခဏာ=လှံမပုံ

၂။ သီရိဝစ္ဆ,လက္ခဏာ=အိမ်မွန်ပုံ

၃။ နန္ဒိယာဝဋ္ဋ,လက္ခဏာ=ဇလပ်ပန်းသဏ္ဌာန်ကလာပ်ပုံ

၄။ သောဝတ္တိက,လက္ခဏာ=လည်ရေးသုံးဆင့်ပုံ

၅။ ဝဇ္ဇံသက,လက္ခဏာ=ဦးဆောက်ပန်းပုံ

၆။ ဝမုမာနက,လက္ခဏာ=ယောကျ်ားတဦးက အခြားတဦးကို ထမ်းသည့်ပုံ

၇။ ဘဒ္ဒပီဋ္ဌ,လက္ခဏာ=အင်းပျဉ်ပုံ (ရွှေသလွန်)

၈။ အင်္ကုသ,လက္ခဏာ=ချိန်းတောင်းပုံ

၉။ ပါသာဒ,လက္ခဏာ=ပြာသာဒ်ပုံ

၁၀။ တောရဏ,လက္ခဏာ=တံခါးတိုင်ပုံ

၁၁။ သေတစ္ဆတ္တ,လက္ခဏာ=ထီးဖြူပုံ

၁၂။ ခဂ္ဂ,လက္ခဏာ=သန်လျက်ပုံ

၁၃။ တာလဝဏ္ဏ,လက္ခဏာ=ထန်းရွက်ယပ်ဝန်းပုံ

၁၄။ မယူရဟတ္ထ,လက္ခဏာ=ဥဒေါင်းမြီးယပ်ပုံ

၁၅။ ဥဏှီသ,လက္ခဏာ=သင်းကျစ်ပုံ

၁၆။ မဏိ,လက္ခဏာ=ပတ္တမြားပုံ

၁၇။ ပတ္တ,လက္ခဏာ=သပိတ်ပုံ

၁၈။ သုမနဒါမ,လက္ခဏာ=မြတ်လေးပန်းဆိုင်းပုံ

၁၉။ နီလုပ္ပလ,လက္ခဏာ=ကြာညိုပုံ (ကြာပြာ)

၂၀။ ရတ္တုပ္ပလ,လက္ခဏာ=ကြာနီပုံ

၂၁။ သေတုပ္ပလ,လက္ခဏာ=ကြာဖြူပုံ

၂၂။ ပဒုမ,လက္ခဏာ=ပဒုမ္မာကြာပုံ

၂၃။ ပုဏ္ဍရိက,လက္ခဏာ=ပုဏ္ဍရိက်ကြာပုံ

၂၄။ ပုဏ္ဍယဋ္ဌ,လက္ခဏာ=ရေပြည့်အိုးပုံ

၂၅။ ပုဏ္ဍပါတီ,လက္ခဏာ=ရေပြည့်ဖလားပုံ

၂၆။ သမုဒ္ဒ,လက္ခဏာ=မဟာသမုဒ္ဒရာပုံ

၂၇။ စက္ကဝါဠပဗ္ဗတ,လက္ခဏာ=စကြဝဠာတောင်ပုံ

၂၈။ ဟိမဝန္တပဗ္ဗတ,လက္ခဏာ=ဟိမဝန္တာတောင်ပုံ

၂၉။ မေရုပဗ္ဗတ,လက္ခဏာ=မြင်းမိုရ်တောင်ပုံ

၃၀။ သူရိယမဏ္ဍလ,လက္ခဏာ=နေဝန်းပုံ

၃၁။ စန္ဒမဏ္ဍလ,လက္ခဏာ=လဝန်းပုံ

၃၂။ နက္ခတ္တာနိ,လက္ခဏာ=နက္ခတ်တာရာများပုံ

၃၃။ ပုဗ္ဗဝိဒေဟ,လက္ခဏာ=အရှေ့ကျွန်းပုံ

၃၄။ အပရဂေါယာန,လက္ခဏာ=အနောက်ကျွန်းပုံ

၃၅။ ဥတ္တရကုရု,လက္ခဏာ=မြောက်ကျွန်းပုံ

၃၆။ ဇမ္ဗုဒီပ,လက္ခဏာ=ဇမ္ဗူဒိပ်(တောင်)ကျွန်းပုံ

၃၇။ စက္ကဝတ္တိ,လက္ခဏာ=စကြဝတေးမင်းပုံ

၃၈။ သေတသဉ်,လက္ခဏာ=လက်ယာရစ်ခရုသင်းဖြူပုံ

၃၉။ မစ္ဆယုဂဠ,လက္ခဏာ=ငါးကြင်းအစုံပုံ

၄၀။ စက္ကာဝုဓ,လက္ခဏာ=စက်လက်နက်ပုံ

၄၁။ လဝဏသီဒါ,လက္ခဏာ=ဆားငံသမုဒ္ဒရာပုံ

၄၂။ ဥစ္ဆုသီဒါ,လက္ခဏာ=ကြံရည်အဆင်းရှိသော သမုဒ္ဒရာပုံ

၄၃။ သုရာသီဒါ,လက္ခဏာ=သေရည် အဆင်းရှိသော သမုဒ္ဒရာပုံ

၄၄။ သာဓိသီဒါ,လက္ခဏာ=အမှုခပ်သိမ်းပြီးစေသော သမုဒ္ဒရာပုံ

၄၅။ ဒဓိသီဒါ,လက္ခဏာ=နို့ဓမ်း အဆင်းရှိသော သမုဒ္ဒရာပုံ

၄၆။ ဒုဒ္ဓသီဒါ,လက္ခဏာ=နို့ရည်အဆင်းရှိသော သမုဒ္ဒရာပုံ

၄၇။ ဇလသီဒါ,လက္ခဏာ=ရေချို သမုဒ္ဒရာပုံ

၄၈။ ယုဂန္ဓရ,လက္ခဏာ=ယုဂန္ဓရတောင်ပုံ

၄၉။ ဣသဓရ,လက္ခဏာ=ဣသဓရတောင်ပုံ

၅၀။ ကရဝိက,လက္ခဏာ=ကရဝိကတောင်ပုံ

၅၁။ သုဒဿန,လက္ခဏာ=သုဒဿနတောင်ပုံ

၅၂။ နေမိန္ဓရ,လက္ခဏာ=နေမိန္ဓရတောင်ပုံ

၅၃။ ဝိနတက,လက္ခဏာ=ဝိနတကတောင်ပုံ

၅၄။ အဿကဏ္ဏ,လက္ခဏာ=အဿကဏ္ဏတောင်ပုံ

၅၅။ အနောတတ္တ,လက္ခဏာ=အနောတတ္တရအိုင်ပုံ

၅၆။ ကဏ္ဏမုဏ္ဍ,လက္ခဏာ=ကဏ္ဏမုဏ္ဍရအိုင်ပုံ

၅၇။ ရထကာရ,လက္ခဏာ=ရထကာရရအိုင်ပုံ

၅၈။ ဆဒ္ဒန္တ,လက္ခဏာ=ဆဒ္ဒန္တရအိုင်ပုံ

၅၉။ ကုဏာလ,လက္ခဏာ=ကုဏာလရအိုင်ပုံ

၆၀။ မဏ္ဍကိနီ,လက္ခဏာ=မဏ္ဍကိနီရအိုင်ပုံ

၆၁။ သီဟပွပါတ,လက္ခဏာ=သီဟပွပါတရောဂိုင်ပုံ

၆၂။ သုပဏ္ဏရာဇာ,လက္ခဏာ=ဂဠုန်မင်းပုံ

၆၃။ သံသုမာရ,လက္ခဏာ=မိကျောင်းမင်းပုံ

၆၄။ ဓဇ,လက္ခဏာ=တံခွန်လျားပုံ

၆၅။ ပဋာကာ,လက္ခဏာ=တံခွန်ကုက္ကားပုံ

၆၆။ သုဝဏ္ဏသိဝိကာ,လက္ခဏာ=ရတနာသံလျင်းပုံ

၆၇။ သုဝဏ္ဏဝါဠဗီဇနီ,လက္ခဏာ=ရွှေစာမရီသားမြီးယပ်ပုံ

၆၈။ ကေလာသပဗ္ဗတ,လက္ခဏာ=ကေလာသငွေတောင်ပုံ

၆၉။ သီဟရာဇာ,လက္ခဏာ=ခြင်္သေ့မင်းပုံ

၇၀။ ဗျဂ္ဃရာဇာ,လက္ခဏာ=ကျားမင်းပုံ

၇၁။ ဝလာဟကအဿရာဇာ,လက္ခဏာ =ဝလာဟကမြင်းမင်းပုံ

၇၂။ ဥပေါသထ ဆဒ္ဒန္တဟတ္ထိရာဇာ,လက္ခဏာ=ဥပေါသထ ဆဒ္ဒန္တ ဆင်မင်းပုံ

၇၃။ ဗာသုကီနာဂရာဇာ,လက္ခဏာ= ဗာသုကီ နဂါးမင်းပုံ

၇၄။ ဟံသရာဇာလက္ခဏာ=ဟင်္သာမင်းပုံ

၇၅။ ဥသဘရာဇာ,လက္ခဏာ=ဥသဘနွားမင်းပုံ

၇၆။ ဧရာဝဏဟတ္ထိရာဇာ,လက္ခဏာ=ဧရာဝဏ်ဆင်မင်းပုံ

၇၇။ သုဝဏ္ဏမကာရ,လက္ခဏာ=ရွှေမကာရ်းပုံ

၇၈။ သုဝဏ္ဏနာဝါ,လက္ခဏာ=မုခ်ထွင့်လေးခုရှိသောရွှေလှေပုံ

၇၉။ ငြဟ္မရာဇာ,လက္ခဏာ=ငြဟ္မာမင်းပုံ

၈၀။ သဝစ္ဆဂေါဓေနု,လက္ခဏာ=နွားသားအမိပုံ

၈၁။ ကိမ်ပုရိသ ကိမ်ပုရိသီ,လက္ခဏာ=ကိန္နရာအဖို အမပုံ

၈၂။ ကရဝိက,လက္ခဏာ=ကရဝိက်ငှက်မင်းပုံ

၈၃။ မယ္ဆူရရာဇာ,လက္ခဏာ=ဥဒေါင်းမင်းပုံ

၈၄။ ကောဠရာဇာ,လက္ခဏာ=ကြိုးကြားငှက်မင်းပုံ

၈၅။ စက္ကဝါကရာဇာ,လက္ခဏာ=စက္ကဝါက်ငှက်မင်းပုံ

၈၆။ ဇိဝ္ဇိဝကရာဇာ,လက္ခဏာ=ဇိဝဇိုဝ်းငှက်မင်းပုံ

၈၇။ စာတုမဟာရာဇိကာ,လက္ခဏာ=စာတုမဟာရာဇ်နတ်ဘုံ

၈၈။ တာဝတိံသာ,လက္ခဏာ=တာဝတိံသာနတ်ဘုံ

၈၉။ ယာမာ,လက္ခဏာ=ယာမာနတ်ဘုံ

၉၀။ တုသိတာ,လက္ခဏာ=တုသိတာနတ်ဘုံ

၉၁။ နိမ္မာနရတိ,လက္ခဏာ=နိမ္မာနရတိနတ်ဘုံ

၉၂။ ပရနိမ္မိတဝသဝတ္တိ ,လက္ခဏာ=ပရနိမ္မိတဝသဝတ္တိနတ်ဘုံ

၉၃။ ဗြဟ္မပါရိသဇ္ဇာ,လက္ခဏာ=ပါရိသဇ္ဇာဗြဟ္မာဘုံ

၉၄။ ဗြဟ္မပုရောဟိတာ,လက္ခဏာ=ပုရောဟိတဗြဟ္မာဘုံ

၉၅။ မဟာဗြဟ္မာ,လက္ခဏာ=မဟာဗြဟ္မာဘုံ

၉၆။ ပရိတ္တာဘာ,လက္ခဏာ=ပရိတ္တာဘာဗြဟ္မာဘုံ

၉၇။ အပ္ပမာဏာဘာ,လက္ခဏာ=အပ္ပမာဏာဘာဗြဟ္မာဘုံ

၉၈။ အာဘဿရာ,လက္ခဏာ=အာဘဿရာဗြဟ္မာဘုံ

၉၉။ ပရိတ္တာသုဘာ,လက္ခဏာ =ပရိတ္တာသုဘာဗြဟ္မာဘုံ

၁၀၀။ အပ္ပမာဏာသုဘာ,လက္ခဏာ =အပ္ပမာဏာသုဘာဗြဟ္မာဘုံ

၁၀၁။ သုဘကိဏ္ဏာ,လက္ခဏာ=သုဘကိဏ္ဏာဗြဟ္မာဘုံ

၁၀၂။ ဝေဟပ္ဖလာ,လက္ခဏာ=ဝေဟပ္ဖလာဗြဟ္မာဘုံ

၁၀၃။ အသညသတ္တာ,လက္ခဏာ=အသညသတ္တာဗြဟ္မာဘုံ

၁၀၄။ အဝိဟာ,လက္ခဏာ=အဝိဟာဗြဟ္မာဘုံ

၁၀၅။ အတပ္ပါ,လက္ခဏာ=အတပ္ပါဗြဟ္မာဘုံ

၁၀၆။ သုဒဿါ,လက္ခဏာ=သုဒဿာဗြဟ္မာဘုံ

၁၀၇။ သုဒဿီ,လက္ခဏာ=သုဒဿီ ဗြဟ္မာဘုံ

၁၀၈။ အကနိဋ္ဌာ,လက္ခဏာ=အကနိဋ္ဌာဗြဟ္မာဘုံ တို့ ဖြစ်ကြသည်။

မြတ်ဗုဒ္ဓခြေတော်ရာ လေ့လာကြည်ညိုနည်း

မြတ်စွာဘုရားရှင်၏ ခြေဖဝါးတော်၌ (၁၀၈)ကွက်သော စက်လက္ခဏာ မင်္ဂလာအမှတ်အသားတို့ ပါရှိကုန်၏၊ ထို(၁၀၈)ကွက်သော စက်လက္ခဏာ မင်္ဂလာအမှတ်အသားတို့သည် လောက(၃)ပါးကို ပုံဖော်၍ တည်ကုန်၏၊ ထို (၁၀၈)ကွက်တို့တွင် ဩကာသလောကကို ပေါ်လွင်ထင်ရှား စေသော မင်္ဂလာအမှတ်အသား(၅၈)ကွက်၊ သတ္တလောကကို ပေါ်လွင်ထင်ရှားစေသော မင်္ဂလာအမှတ်အသား (၂၂)ကွက်၊ သခ်ါရလောက ကို ပေါ်လွင်ထင်ရှားစေသော မင်္ဂလာ အမှတ်အသား (၂၈)ကွက် ပါရှိကုန်၏။

ထို့အပြင် လူလောက တိရစ္ဆာန်လောကကို ပေါ်လွင်ထင်ရှားစေသော မင်္ဂလာအမှတ်အသား (၈၁)ကွက်၊ နတ်လောကကို ပေါ်လွင်ထင်ရှားစေသော မင်္ဂလာအမှတ်အသား (၁၀)ကွက်၊ ဗြဟ္မာလောကကို ပေါ်လွင်ထင်ရှား စေသော မင်္ဂလာအမှတ်အသား (၁၇)ကွက် တည်ရှိကုန်၏။

ဘုရား(၄)ဆူ ခြေတော်ရာအဖြစ် ထုလုပ်ပူဇော်ခြင်း

မြန်မာနိုင်ငံ သီရိလင်္ကာနိုင်ငံ အိန္ဒိယနိုင်ငံ ကမ္ဘောဒီးယားနိုင်ငံတို့၌ ဂေါတမဘုရားရှင်တစ်ဆူ၏ ဗုဒ္ဓခြေ တော်ရာကို ထုလုပ်ပူဇော်ကြ၏။ ထိုင်းနိုင်ငံ၌ကား ဂေါတမဘုရားရှင်တစ်ဆူ၏ ခြေတော်ရာအပြင် ဘဒ္ဒကမ္ပာတွင် ရှေးရှေးက ပွင့်ခဲ့သော ဘုရားရှင် (၃)ဆူတို့၏ ခြေရာတို့ကိုပါ ထုလုပ်ပူဇော်ကြ၏။ ခြေတော်ရာပုံမှာ အချို့ ခြေတော်ရာတို့၌ အရွယ် ကြီးစဉ်ငယ်လိုက်ထပ်ပြီးထုလုပ်ကြ၏၊ တချို့ခြေတော်ရာတို့၌မူ ဖနောင့်ပိုင်း တချို့ခြေတော်ရာတို့၌ ခြေဖျားပိုင်းကိုထပ်၍ ထုလုပ်ကြ၏၊ တချို့ခြေတော်ရာတို့၌ကား ခြေတော်ရာတခုလုံး၏ အနားရေး ကိုပင် (၄)ရေးပြုလုပ်လျက် ပူဇော်ထားကြ၏။

မည်သို့ပင် ထပ်ထားသည်ဖြစ်စေ ဘဒ္ဒကမ္ပာတွင် ပွင့်တော်မူပြီးဖြစ်သည့်-

၁။ ကကုသန်ဘုရား၊

၂။ ကောဏာဂုမ်ဘုရား၊

၃။ ကဿပဘုရား၊

၄။ ဂေါတမဘုရား အားဖြင့် ဤဘုရား(၄)ဆူကို ရည်မှန်း၍ ထုလုပ်ပူဇော်ထားသည်ဖြစ်၍ တပြိုင်နက် တည်း ဘုရား(၄)ဆူလုံး၏ ခြေတော်ရာတို့ကို ပူဇော်ပြီးသား ဖြစ်သွားပေသည်။ ဘုရား(၄)ဆူ သင်္ကေတ ဗုဒ္ဓခြေတော်ရာတို့ကို ထိုင်းနိုင်ငံတွင် ဖူးမြော်နိုင်ပါသည်။

ဘုရင့်နန်းတော်အတွင်းမှ ရွှေဗုဒ္ဓခြေတော်ရာ

ထိုင်းနိုင်ငံ မိဖုရား သီရိခေတ်၏ အသက် နှစ်(၆၀)ပြည့် ဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ် ဘဒ္ဒကမ္ပာ တွင် ပွင့်တော်မူပြီးသော ဘုရား(၄)ဆူ၏ ခြေတော်ရာကို သွန်းလုပ်ထားခြင်းဖြစ်သည်၊ The Siam Society Under Royal Patronage အဖွဲ့က သွန်းလောင်းသည်၊ ဘဒ္ဒကမ္ပာတွင် ပွင့်တော်မူပြီးသော ၁။ ကကုသန် ဘုရား။ ၂။ ကောဏာဂုမ်ဘုရား။ ၃။ ကဿပဘုရားရှင်တို့၏ ခြေတော်ရာပေါ်တွင် ၄။ ဂေါတမမြတ်စွာဘုရားရှင်၏ ခြေတော်ရာကို ချထားသည့်သဏ္ဌာန် သွန်းလုပ်ပူဇော်ထားခြင်း

ဖြစ်သည်၊ ခြေတော်ရာ၏ ဘေးပတ်လည် တွင် အရေး (၃)ဆင့်သည် ပွင့်တော်မူပြီးသား ရှေးဘုရားရှင်(၃)ဆူတို့၏ ခြေတော်ရာသင်္ကေတကို ဖော်ညွှန်းထား ခြင်းဖြစ်သည်။ အတွင်းပိုင်းမှ ခြေတော်ရာ အပြည့်အစုံသည်ကား ဂေါတမဘုရားရှင်၏ ခြေတော်ရာပင် ဖြစ်သည်၊ ခြေတော်ရာကို တင်ထားသောပလ္လင်မှာ (၄)ဆင့်ရှိပြီး ဘုရားရှင် (၄)ဆူကိုပင် ရည်ညွှန်းထားသည်။

လောကသုံးပါးတွင် အမြတ်ဆုံးဖြစ်သော မြတ်စွာဘုရားရှင်၏ ခြေဖဝါးတွင် ပေါ်လွင်စွာ ထင်ရှားနေသည့် (၁၀၈)ကွက် လက္ခဏာတော်များကို ရွှေသားဖြင့် သွန်းလုပ်၍ ရွှေလိုင်းအကွက်များကြားတွင် ထားရှိသည်၊ စက် ဝန်းတော်ပုံနှင့် ခြေချောင်းတော်များကိုလည်း ရွှေသားအစစ်ဖြင့်ပင် သွန်းလုပ်ထားသည်၊ သွန်းလုပ်သူ Nai Surapun Atichatanan ၏ မူပိုင်ဖြစ်ပြီး ၎င်း၏ အဘိုးတော်သူ Charoen Pattanan ggoon (ဘုရင် ရာမ ၅)၏မူဖြစ်သည် Nai surapun Atichatananနှင့် ၎င်း၏ လက်ထောက်တို့သည် ဤရွှေဗုဒ္ဓခြေတော်ရာကို သွန်းလုပ်ခဲ့ကြ၏၊ ခြေတော်ရာသွန်းလောင်းမှု စီစဉ်ရာ တွင် ခြေတော်ရာပညာရှင် ဒေါက်တာ ဇိုင်းလာက အတိုင်ပင်ခံအဖြစ် ဆောင်ရွက်ပေးသည်၊ ၁၉၉၁-ခုနှစ်က သွန်းလောင်းခဲ့ပြီး ကြေးပလ္လင်ပေါ်တွင် ရွှေသားခြေတော်ရာကို ပူဇော်ထား ခြင်းဖြစ်သည်။

ရွှေခြေတော်ရာ၏ အရွယ်ပမာဏမှာ အလျား (၁၇၀)စင်တီမီတာ (၆၈-လက်မ)နှင့် အနံ (၆၅) စင်တီမီတာ (၂၆-လက်မ)ရှိသည်၊ စုစုပေါင်း ကြေးပလ္လင် အလေးချိန်မှာ (၅၀၀) ကီလိုဂရမ် (၃၀၅-ပိဿာ)ရှိပြီး ဆွစ်ဇာလန် ရွှေပြားချိန် (၃၀) ကီလိုဂရမ် (၁၈-ပိဿာ၊ ၃၃-ကျပ်သား)ရှိသည်၊ ကမ္ဘာပေါ်တွင် ရွှေချိန်အများဆုံးဖြင့် သွန်းလောင်း ထားသည့် (၁)ဆူ တည်းသော ရွှေဗုဒ္ဓခြေတော်ရာကြီးဖြစ်သည်၊ ယခုအခါ ၎င်းရွှေဗုဒ္ဓ ခြေရာတော်ကြီးသည် ဘန် ကောက်မြို့ ဘုရင့်နန်းတော်အတွင်း သီးသန့် ဆောင်တွင် ရှိသည်၊ ဘာသာရေးအရ နေ့ထူး နေ့မြတ် အခါကြီး ရက်ကြီး တို့၌သာ ဖူးမြော်ပူဇော်နိုင်ပါသည်။

လှရတနာမှ အနန္တဇိန ဗုဒ္ဓခြေတော်ရာ

အနန္တဇိန ဗုဒ္ဓခြေတော်ရာကို တည်ထားသည့်အခါ ထိုင်းနိုင်ငံ ဘုရင့်နန်းတော်အတွင်းမှ ရွှေဗုဒ္ဓခြေတော် ရာအတိုင်း ဘုရား(၄)ဆူကို ရည်ညွှန်းပြီး တည်ထားပါသည်၊ စက်လက္ခဏာတော် (၁၀၈)ကွက်မှာမူ မတူညီပါ၊ ဤဒ္ဓကား နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ဗန်းမော် ဆရာတော်ကြီး အမှူးပြုသော "ဗုဒ္ဓခြေတော်ရာမူမှန် ပူဇော်ရေးအဖွဲ့"က အတည်ပြုထားသည့် မူအတိုင်း သွန်းလောင်းပူဇော်ထားပါသည်။ ထို့အပြင် ဗုဒ္ဓခြေတော်ရာ ကို ရွှေတစ်မျိုးတည်းဖြင့် မသွန်းလောင်းပဲ ဗန်းမော် ဆရာတော်ကြီး ခွီးမြင့်သည့် ဓာတ်လုံး(၂)လုံးအပါအဝင် ကြေးနီ, ကြေးဝါ, ရွှေ, ငွေ, တင်း, သံ, သွပ်, ဒန်, ပြဒါး အားဖြင့် ရတနာ(၉)မျိုးတို့ကို သွန်းလောင်းထားခြင်းဖြစ် သည်၊ ရတနာ(၉)မျိုးမှာမူ ဘုရားရှင်၏ အရဟံ-သမ္မာသမ္ဗုဒ္ဓါစသော ဘုရား ဂုဏ်တော်(၉)ပါးကို ဖော်ညွှန်းပါ သည်၊ ထို့ကြောင့် ဤ"အနန္တဇိနဗုဒ္ဓခြေတော်ရာကြီး"ကို "နဝလောဟ ဗုဒ္ဓခြေတော်ရာ"ဟူ၍ဂုဏ်း၊ "နဝရတ်ဗုဒ္ဓ ခြေတော်ရာ"ဟူ၍ဂုဏ်း ခေါ်ကြခြင်းဖြစ်သည်။

ပလ္လင်ကို အင်္ဂတေဖြင့် ပြုလုပ်ထားပြီး အဆင့်(၄)ဆင့်မှာမူ ဘဒ္ဒကမ္ပာတွင် ပွင့်ပြီးသော ကကုသန်, ကောဏာဂုမ်, ကဿပ, ဂေါတမ-ဟူသော ဘုရားရှင် (၄)ဆူကို ရည်ညွှန်းသည်၊ ပလ္လင်အတွင်း ဌာပနာတိုက်၌ မူကား ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီ, ပါဒစေတီဟူသော စေတီ(၅)မျိုးကို ထည့်သွင်းထား ပါသည်၊ သို့ဖြစ်၍ ဤအနန္တဇိနဗုဒ္ဓခြေတော်ရာကြီးသည် ဗုဒ္ဓခြေတော်ရာပါဒစေတီ သက်သက် တမျိုးတည်းသာ မဟုတ်ဇတော့ပေ၊ ဘုရားရှင်၏ ခန္ဓာကိုယ်အစိတ် အပိုင်းဖြစ်သည့် ဓာတ်တော်များပါ ကိန်းဝပ်စံပါယ်တည်ရှိရကား "သဓာတုက ပါဒစေတီ"=ဘုရားဓာတ်တော် ကိန်းဝပ်ပါရှိသော ခြေတော်ရာဖြစ်ရသည်၊ စေတီ(၅)မျိုးလုံးကို ဌာပနာ ထည့်သွင်းထားသောကြောင့် "ပရိပုဏ္ဏာပါဒစေတီ"= စေတီ(၅)ဆူလုံး ပြည့်စုံစွာ ပါရှိသော ခြေတော်ရာလည်း ဖြစ်ရပြန်သည်၊ ယင်းသို့ ဘုရားဓာတ်တော် အပါအဝင် စေတီ(၅)မျိုးလုံး ကိန်းဝပ်ပါရှိသည့် ဤအနန္တဇိန ဗုဒ္ဓခြေ တော်ရာကြီးမှာလည်း ကမ္ဘာပေါ်တွင် တစ်ဆူတည်းသာ

ရှိသော ဗုဒ္ဓ ခြေတော်ရာကြီးဖြစ်ပေသည်၊ ထို့ကြောင့် ဤဗုဒ္ဓ ခြေတော်ရာကြီးကို တည်ထားလှူဒါန်းကြသည့် အလှူ့ရှင်များနှင့် ကိုးကွယ်ပူဇော်ကြသော ပုဂ္ဂိုလ်တို့မှာ ကောင်းကျိုးချမ်းသာ များစွာကို ရရှိကြခြင်း ဖြစ်ပေသည်။

ဘဒ္ဒကမ္ပာတွင် ပွင့်ပြီးသည့် ဘုရား(၄)ဆူကို ရည်ညွှန်းပြီး ဗုဒ္ဓ ခြေတော်ရာကို ထုလုပ်သွန်းလောင်း ပူဇော် ရာဌ် အနာရေး(၃)ရစ်မှာ အပြင်ဖက်မှစပြီး အတွင်းဖက်သို့ အစဉ်အတိုင်း ၁။ ကကုသန်ဘုရား၊ ၂။ ကောဏာ ဂုဏ်ဘုရား၊ ၃။ ကဿပဘုရား၏ ခြေတော်ရာဟူ၍ ယူရသည်၊ ၄။ အလယ်မှ ခြေတော်ရာ အပြည့်အစုံကား ဂေါတမဘုရား၏ ခြေတော်ရာ ဖြစ်သည်။ ဤသို့ ယူသော အစဉ်အရ ကကုသန်ဘုရား၏ ခြေတော်ရာမှာ အကြီး ဆုံးဖြစ်ပြီး ကျန်ဘုရား(၃)ဆူ၏ ခြေတော်ရာမှာ အစဉ်အတိုင်း ငယ်သွားသည်ကို တွေ့ရပေမည်၊ ယင်းသို့ ဘုရား (၄)ဆူ၏ ခြေတော်ရာတို့ကို ထပ်လျက် ထုလုပ်သွန်းလောင်းကောင်းပါရဲ့လား-ဟူ၍ စီစစ်ဖွယ်ရှိပေသည်။

ဘုရားရှင်(၄)ဆူတို့၏ ခြေတော်ရာတို့ကို ထပ်လျက် ထုလုပ် သွန်းလောင်းကောင်းပါသည်ဟူ၍ ဆုံးဖြတ် ရပါသည်၊ အကြောင်းမှာ ဤဘုရားရှင်(၄)ဆူတို့သည် ကမ္ဘာကွဲပြားလျက် ပွင့်ကြသည်မဟုတ်ပေ၊ ဤ ဘဒ္ဒကမ္ပာ တစ်ကမ္ဘာထဲ၌ပင် ရှေ့ဆင့် နောက်ဆင့်အနေဖြင့် အတူပွင့် ကြသည့် ဘုရားရှင်များဖြစ်ကြ၏၊ ထို့အပြင် အရင်ပွင့် သည့်ဘုရားရှင်တို့က သက်တန်းရှည်ကြသလို ကိုယ်လုံးအရပ်တော်မှာလည်း မြင့်ကြ၏၊ အရပ်တော်မြင့်သလို ခြေဖဝါးတော်လည်း အရွယ်ပမာဏကြီးမားကြသည်၊ နောက်ပွင့်သော ဘုရားရှင်တို့ကား သက်တန်းတိုပြီး အရပ် တော်လည်း ရှေ့ဘုရားရှင်တို့လောက် မမြင့်ကြချေ၊ အရပ်တော်မမြင့်လျှင် ခြေဖဝါး တော်မှာလည်း ရှေ့ဘုရားရှင် တို့၏ ခြေဖဝါးတော်လောက် မကြီးမားကြပေ။

မှန်ပါသည်၊ ဗုဒ္ဓဝံသပါဠိတော်၌ ဂေါတမဘုရားရှင် ကိုယ်တိုင် ရှေး ဘုရားရှင်တို့၏ ပွင့်ရာ သက်တန်း, အရပ်တော်အမြင့်ပမာဏတို့ကို ဟောပြ ထားပေသည်၊ ဘဒ္ဒကမ္ပာတွင် ပွင့်ကြသည့် ဘုရားရှင်တို့တွင် ကကုသန် ဘုရားရှင်မှာ အနှစ်(၄)သောင်းတန်းတွင် ပွင့်ပြီး အရပ်တော်မှာ အတောင် (၄၀)မြင့်တော်မူပါသည်။ ကောဏာ ဂုမ်ဘုရားရှင်သည် အနှစ်(၃)သောင်း

တန်းတွင် ပွင့်ပြီး အတောင်(၃၀)အရပ်တော်မြင့်လေသည်၊ ကဿပဘုရား ရှင်မှာ အနှစ်(၂)သောင်းတန်းတွင် ပွင့်ပြီး အရပ်တော်မှာ အတောင်(၂၀) မြင့်ပေသည်၊ အကျွန်ုပ်တို့၏ ဂေါတမ ဘုရားရှင်သည်ကား အနှစ်(၁)ရာ တန်းတွင် ပွင့်ပြီး (၁၈)တောင်သာ အရပ်မြင့်တော်မူပါသည်၊ ဤသို့သော ခန္ဓာ ကိုယ်လုံးရုပ်တော်ပမာဏအရ အကြီး+အငယ်အနေဖြင့် ထပ်လျက် ထုကောင်းပါသည်။ *(အပါဒါန်ပါဠိတော် ၂/၃၇၃)*

ရှေ့ဘုရားရှင်တို့၏ ခြေရာပေါ်တွင် နောက်ဘုရားရှင်တို့၏ ခြေရာကို ထပ်ကောင်းကြောင်းမှာလည်း သာဝတ္ထိပြည် ဇေတဝန်ကျောင်း၏ နေရာအကျယ်အဝန်းပမာဏ ကွာခြားချက်အရ သိနိုင်ပါသည်။ မှန်ပါသည်။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းနေရာသည် ဘုရားရှင်တိုင်း မစွန့်လွတ်သည့် အဝိဇဟိတနေရာဌာနဖြစ်သည်။ ဝိနည်း စူဠဝါအဋ္ဌကထာဖွင့်ပြချက်အရ ထို ဇေတဝန်ကျောင်းမြေနေရာသည် ကကုသန်ဘုရား လက်ထက်က တစ်ဂါဝုတ် မျှ ကျယ်ဝန်းလေသည်၊ ကောဏာဂုမ်ဘုရားလက်ထက်တွင် ဂါဝုတ်ဝက်ခန့်မျှ ကျယ်ဝန်းပေသည်၊ ကဿပဘုရားလက်ထက်တွင်မူ ဥသဘနှစ်ဆယ်မျှ ကျယ်ဝန်းသည်၊ ဂေါတမဘုရားလက်ထက်တွင်ကား ရှစ်ပယ်မျှသာ ကျယ်ဝန်းတော့၏။ *(စူဠဝါအဋ္ဌကထာ-၆၃)*

ထို့အပြင် သက်ဿနဂိုရ်မြို့ တံခါးအရပ်ဌာနသည်လည်း ဘုရားရှင်တိုင်း မစွန့်လွတ်သည့် အဝိဇဟိတ နေရာဌာနဖြစ်သည်၊ မှန်၏။ ထို့မြို့တံခါးအရပ်ဌာန၌ပင် ဘုရားရှင်တိုင်း တာဝတိံသာနတ်ပြည်တွင် အဘိဓမ္မာတရားဟောကြားပြီးလျှင် လက်ျာခြေတော်ကို ချမြဲမမွတာဖြစ်သည်၊ ဤသို့သော ယုတ္တိသာဓက ပါဠိတော် အဋ္ဌကထာ အဖွင့်တို့အရ ဘဒ္ဒကမ္ပာ တွင် ပွင့်သည့် ဘုရား(၄)ဆူတို့ကို ရည်ညွှန်းပြီး ဗုဒ္ဓခြေတော်ရာကို ထုလုပ် သွန်းလောင်း ပူဇော်ကောင်းပါကြောင်း တင်ပြရပါသည်။

သဗ္ဗဗုဒ္ဓါနံ ကိရ အဝိဇဟိတမေဝ ယမကပါဋိဟီရံ ကတ္ဝာ ဒေဝလောကေ ဝဿံ ဝသိတ္ဝာ သင်္ကဿ နဂရဒ္ဝါရေ ဩတရဏံ၊ တတ္ထ ပန ဒက္ခိဏပါဒဿ ပတိဋ္ဌိတဋ္ဌာနံ အစလစေတိယဋ္ဌာနံ နာမ ဟောတိ။

(ဓမ္မပဒအဋ္ဌကထာ-၂/၁၄၇)

အနန္တဇိန ဗုဒ္ဓခြေတော်ရာမူ မြတ်ဗုဒ္ဓ ဝဘက်စက်တော်ရာ ပါဒစေတီတော်



အနန္တဇိန ဗုဒ္ဓခြေတော်ရာမူ
ဗုဒ္ဓခြေတော်ရာတွင် ပါဝင်သည့် (၁၀၈)ကွက်
စက်လက္ခဏာတော်တို့ကို
သတ္တ+သခီါရ+သြကာသလောကအားဖြင့် ခွဲဝေပုံ

(က) သြကာသလောက (၅၈)ကွက်

၂။ အိမ်မွန်

၉။ ပြာသာဒ်

၁၀။ တံခါးတိုင်

၂၆။ မဟာသမုဒ္ဒရာ

၂၇။ စကြဝဠာတောင်

၂၈။ ဟိမဝန္တာတောင်

၂၉။ မြင်းမိုရ်တောင်

၃၀။ နေဝန်း

၃၁။ လဝန်း

၃၂။ နက္ခတ်တာရာများ

၃၃။ အရှေ့ကျွန်း

၃၄။ အနောက်ကျွန်း

၃၅။ မြောက်ကျွန်း

၃၆။ တောင်ကျွန်း

၄၁။ ဆားငံသမုဒ္ဒရာ

၄၂။ ကြံရည်အဆင်းရှိသော သမုဒ္ဒရာ

၄၃။ သေရည် အဆင်းရှိသော သမုဒ္ဒရာ

၄၄။ အမှုခပ်သိမ်းပြီးစေသော သမုဒ္ဒရာ

၄၅။ နို့ဓမ်း အဆင်းရှိသော သမုဒ္ဒရာ

၄၆။ နို့ရည်အဆင်းရှိသော သမုဒ္ဒရာ

၄၇။ ရေချို သမုဒ္ဒရာ
၄၈။ ယုဂန္ဓရတောင်
၄၉။ ဤသဓရတောင်
၅၀။ ကရဝိကတောင်
၅၁။ သုဒဿနတောင်
၅၂။ နေမိန္ဓရတောင်
၅၃။ ဝိနတကတောင်
၅၄။ အဿကဏ္ဏတောင်
၅၅။ အနောတတ္တရေအိုင်
၅၆။ ကဏ္ဏမုဏ္ဍရေအိုင်
၅၇။ ရထကာရရေအိုင်
၅၈။ ဆဒ္ဒန္တရေအိုင်
၅၉။ ကုဏာလရေအိုင်
၆၀။ မဏ္ဍကိနီရေအိုင်
၆၁။ သီဟပ္ပပါတရေအိုင်
၆၈။ ကေလာသငွေတောင်
၈၇။ စာတုမဟာရာဇ်နတ်ဘုံ
၈၈။ တာဝတိံသာနတ်ဘုံ
၈၉။ ယာမာနတ်ဘုံ
၉၀။ တုသိတာနတ်ဘုံ
၉၁။ နိမ္မာနရတီနတ်ဘုံ
၉၂။ ပရနိမ္မိတဝသဝတ္တီနတ်ဘုံ
၉၃။ ပါရိသဇ္ဇာဗြဟ္မာဘုံ
၉၄။ ပုရောဟိတဗြဟ္မာဘုံ

၉၅။ မဟာဗြဟ္မာဘုံ
၉၆။ ပရိတ္တာဘာဗြဟ္မာဘုံ
၉၇။ အပ္ပမာဏာဘာဗြဟ္မာဘုံ
၉၈။ အာဘဿရာဗြဟ္မာဘုံ
၉၉။ ပရိတ္တသုဘာဗြဟ္မာဘုံ
၁၀၀။ အပ္ပမာဏသုဘာဗြဟ္မာဘုံ
၁၀၁။ သုဘကိဏ္ဏာဗြဟ္မာဘုံ
၁၀၂။ ဝေဟပ္ဖလာဗြဟ္မာဘုံ
၁၀၃။ အသညသတ္တာဗြဟ္မာဘုံ
၁၀၄။ အဝိဟာဗြဟ္မာဘုံ
၁၀၅။ အတပ္ပါဗြဟ္မာဘုံ
၁၀၆။ သုဒဿာဗြဟ္မာဘုံ
၁၀၇။ သုဒဿီ ဗြဟ္မာဘုံ
၁၀၈။ အကနိဋ္ဌာဗြဟ္မာဘုံ

(ခ) သတ္တလောက (၂၂)ကွက်

၆။ ယောက်ျားတဦးက အခြားတဦးကိုထမ်းသည့်ပုံ
၃၇။ စကြဝတေးမင်း
၃၉။ ငါးကြင်းအစုံ
၆၂။ ဂဠုန်မင်း
၆၃။ မိကျောင်းမင်း
၆၉။ ခြင်္သေ့မင်း
၇၀။ ကျားမင်း
၇၁။ ဝလာဟကမြင်းမင်း
၇၂။ ဥပေါသထဆဒ္ဒန္တ ဆင်မင်း
၇၃။ ဗာသုကီ နဂါးမင်း

၂၄။ ဟသ်ာမင်း
၂၅။ ဥသဘန္ဓားမင်း
၂၆။ ဧရာဝဏ်ဆင်မင်း
၂၇။ ရွှေမကာရ်း
၂၉။ ငြဟ္မာမင်း
၈၀။ နွားသားအမိ
၈၁။ ကိန္နရာအဖို အမ
၈၂။ ကရဝိက်ဉက်မင်း
၈၃။ ဥဒေါင်းမင်း
၈၄။ ကြိုးကြားဉက်မင်း
၈၅။ စက္ကဝါက်ဉက်မင်း
၈၆။ ဇီဝဇိုဝ်းဉက်မင်း

(ဂ) သခ်ီရလောက (၂၈)ကွက်

၁။ လုံမ
၃။ ဇလပ်ပန်းသဏ္ဌာန်ကလာပ်
၄။ လည်ရေးသုံးဆင့်
၅။ ဦးဆောက်ပန်း
၇။ အင်းပျဉ်
၈။ ချွန်းတောင်း
၁၁။ ထီးဖြူ
၁၂။ သန်လျက်
၁၃။ ထန်းရွက်ယပ်ဝန်း
၁၄။ ဥဒေါင်းမြီးယပ်
၁၅။ သင်းကျစ်

၁၆။ ပတ္တမြား
၁၇။ သပိတ်
၁၈။ မြတ်လေးပန်းဆိုင်း
၁၉။ ကြာညို
၂၀။ ကြာနီ
၂၁။ ကြာဖြူ
၂၂။ ပဒုမ္မာကြာ
၂၃။ ပုဏ္ဏရိက်ကြာ
၂၄။ ရေပြည့်အိုး
၂၅။ ရေပြည့်ဖလား
၃၈။ လက်ျာရစ် ခရုသင်းဖြူ
၄၀။ စက်လက်နက်
၆၄။ တံခွန်လျား
၆၅။ တံခွန်ကုက်ကား
၆၆။ ရတနာသံလျင်း
၆၇။ ရွှေစာမရီ သားမြီးယပ်
၇၈။ မုခ်ထွင့်ဒူလေးခုရှိသော ရွှေလှေ

(က) ဩကာသလောက = ၅၈ ကွက်
(ခ) သတ္တလောက = ၂၂ ကွက်
(ဂ) သခ်ါရလောက = ၂၈ ကွက်
စုစုပေါင်း = ၁၀၈ ကွက်
ဖြစ်သည်။

အနန္တဇိန ဝုဒ္ဓဗြေတော်ရာမူ

ဝုဒ္ဓဗြေတော်ရာတွင် ပါဝင်သည့် (၁၀၈)ကွက် စက်လက္ခဏာတို့ကို တိရစ္ဆာန်+လူ+နတ်+ဗြဟ္မာလောက အားဖြင့် ခွဲခြားပုံ

(က) နတ်လောက (၁၀)ကွက်

(၈၇)မှ (၉၂)ထိ နတ်ပြည်-၆ထပ်

၃၀။ နေဝန်း

၃၁။ လဝန်း

၃၂။ နက္ခတ်တာရာများ

၃၆။ ဧရာဝဏ်ဆင်မင်း

(ခ) ဗြဟ္မလောက (၁၇)ကွက်

(၉၃)မှ (၁၀၈) ထိ ဗြဟ္မာပြည် -၁၆ထပ်

၃၉။ ဗြဟ္မာမင်း

(ဂ) လူလောက (၆၀)ကွက်

(၁၉) မှ (၂၃) ထိ= ကြာမျိုး-၅ပါး

(၃၃) မှ (၃၆) ထိ= ကျွန်းကြီး -၄ ကျွန်း

(၄၁) မှ (၄၇) ထိ = သီဒါ- ၇ တန်

(၄၈) မှ (၅၄) ထိ = တောင်စဉ် - ၇ ထပ်

(၅၅) မှ (၆၁) ထိ = အိုင်ကြီး - ၇ အိုင်

၁။ လုံမ

၂။ အိမ်မွန်

၃။ ဇလပ်ပန်းသဏ္ဌာန်ကလာပ်

၄။ လည်ရေးသုံးဆင့်

၅။ ဦးဆောက်ပန်း

၆။ ယောကျ်ားတဦးက အခြားတဦးကိုထမ်းသည့်ပုံ

၇။ အင်းပျဉ်

၈။ ချွန်းတောင်း
၉။ ပြသာဒ်
၁၀။ တံခါးတိုင်
၁၁။ ထီးဖြူ
၁၂။ သန်လျက်
၁၃။ ထန်းရွက်ယပ်ဝန်း
၁၅။ သင်းကျစ်
၁၆။ ပတ္တမြား
၁၇။ သပိတ်
၁၈။ မြတ်လေးပန်းဆိုင်း
၂၄။ ရေပြည့်အိုး
၂၅။ ရေပြည့်ဖလား
၂၆။ မဟာသမုဒ္ဒရာ
၂၇။ စကြာဝဋ္ဌာတောင်
၂၈။ ဟိမဝန္တာတောင်
၂၉။ မြင့်မိုရ်တောင်
၃၇။ စကြာဝတေးမင်းပုံ
၄၀။ စက်လက်နက်
၆၄။ တံခွန်လျား
၆၅။ တံခွန်ကုက္ကား
၆၆။ ရတနာသံလျင်း
၆၈။ ကေလာသငွေတောင်
၇၈။ မုခ်ထွင့်လေးခုရှိသော ရွှေလှေ

(ဃ) တိရစ္ဆာန်လောက (၂၁)ကွက်

၁၄။ ဥဒေါင်းမြီးယပ်
၃၈။ လက်ယာရစ်ခရုသင်းဖြူ
၃၉။ ငါးကြင်းအစုံ
၆၂။ ဂဋ္ဌုန်မင်း

၆၃။ မိကျောင်းမင်း
၆၇။ ရွှေစာမရီသားမြီးယပ်
၆၉။ ခြသေ့်မင်း
၇၀။ ကျားမင်း
၇၁။ ဝလာဟကမြင်းမင်း
၇၂။ ဥပေါသထ ဆဒ္ဒန္တဆင်မင်း
၇၃။ ဗာသုကီနဂါးမင်း
၇၄။ ဟသ်ာမင်း
၇၅။ ဥဿဘနွားမင်း
၇၇။ ရွှေမကာရ်း
၈၀။ နွားသားအမိ
၈၁။ ကိန္နရာ အဖိုအမ
၈၂။ ကရဝိက် ငှက်မင်း
၈၃။ ဥဒေါင်းမင်း
၈၄။ ကြိုးကြာငှက်မင်း
၈၅။ စက္ကဝါက်ငှက်မင်း
၈၆။ ဇီဝဇိုဝ်းငှက်မင်း

(က) နတ်လောက	=	၁၀ ကွက်
(ခ) ဗြဟ္မလောက	=	၁၇ ကွက်
(ဂ) လူလောက	=	၆၀ ကွက်
(ဃ) တိရစ္ဆာန်လောက	=	၂၁ ကွက်
စုစုပေါင်း	=	၁၀၈ ကွက်

ဖြစ်သည်။

ဤသို့ လောကသုံးပါး ခွဲခြားချက်အရ ဆိုလိုရင်းကား- ဩကာသ+သတ္တ+သင်္ခါရ အားဖြင့်ပင် ဖြစ်စေ၊ လူ+နတ်+ဗြဟ္မာအားဖြင့်ပင်ဖြစ်စေ၊ လောကသုံးပါးသည် မြတ်စွာဘုရားရှင်၏ ခြေဖဝါးတော်အောက်၌ ရောက်ရှိနေ၏၊ မြတ်စွာဘုရားရှင်သည် လောကသုံးပါးထက် မြင့်မြတ်သည်ဟု

ဆိုလိုသည်၊ ထို စက်လက္ခဏာ မင်္ဂလာ အမှတ်အသားတို့သည်ကား ဖွားတော်မူခါစကပင် ပါရှိလာကြသည်။

ထို့ကြောင့်ပင် ဘုရားလောင်း သိဒ္ဓတ္ထမင်းသားငယ်သည် ဖွားတော်မူခါစ နေ့၌ပင် ကမ္ဘာလောကအနန္တကို ကြည့်ရှု၍ မိမိထက်သာလွန်သူ မိမိနှင့် တန်းတူ ပုဂ္ဂိုလ်တို့ကို မမြင်တွေ့ရသဖြင့် **"အဂ္ဂေါဟမသ္မိ လောကဿ ဇေဋ္ဌော လောက(၃)ပါးထက် အမြတ်ဆုံးဖြစ်၏"** စသော ရဲရင့်သော စကားကြီး (၃)ခွန်းကို ပြောဆိုခြင်း ဖြစ်သည်၊ ထို့ကြောင့် ဤဗုဒ္ဓခြေတော်ရာ စက်လက္ခဏာ မင်္ဂလာအမှတ်အသား (၁၀၈)ပါးကို ဖူးမြင်ရာတွင် မြတ်စွာဘုရားရှင်၏ **"တိလောကဂ္ဂ= လောကသုံးပါးထက် မြင့်မြတ်သောဂုဏ်၊ တိလော ကန္တဂူ=လောကသုံးပါးမှ လွန်မြောက်တော် မူသောဂုဏ်၊ လောကဝိဒူ= လောကသုံးပါးကို အကြွင်းမရှိ သိမြင်တော်မူသော လောကဝိဒူဂုဏ်၊ လောကနာထ= လောကသုံးပါး၏ ကိုးကွယ်အားထား ရာဖြစ်သော လောကနာထဂုဏ်တော်"** တို့ကို ဆင်ခြင်နှလုံးသွင်း၍ ဖူးမြင်ကြည်ညို ကြကုန်ရာ၏။

ခြေဖဝါးပြင်မှ မြတ်သော မင်္ဂလာအမှတ်အသားများ

ဤဆိုခဲ့ပြီးသော (၁၀၈)ကွက် စက်လက္ခဏာအဓိပ္ပါယ်ရှင်းတမ်းကို လေ့လာကြည့်လိုက်လျှင် စက်လက္ခဏာ အားလုံးတို့သည် သူ့နေရာဌာန အလိုက် အမြင့်မြတ်ဆုံးသော သက်ရှိ သက်မဲ့ အရာဝတ္ထုများ ဖြစ်နေကြသည်ကို တွေ့ရပေမည်။ ဥပမာပြရလျှင် စကြာဝတေးမင်းဟူသည် မိုးအောက်မြေအပြင် လူ့လောကတွင် အမြတ်ဆုံး လေးကျွန်းလုံးကို အစိုးရသောမင်းဖြစ်သည်၊ ယင်းစကြာဝတေးမင်း၏ အသုံးအဆောင် ပစ္စည်းများဖြစ်သော လုံမ အိမ်မွန် ကလာပ်စသည်တို့မှာလည်း နေရာဌာနအလိုက် မြင့်မြတ်သော မင်္ဂလာ အသုံးအဆောင် ပစ္စည်းများဖြစ်ကြ၏၊ ခြင်္သေ့မင်း ကျားမင်း မိကျောင်းမင်း စသည်တို့မှာလည်း တိရစ္ဆာန်တို့၏ဘုရင်များပင် ဖြစ်ကြ၏၊ ရွှေဟင်္သာမင်း ဂဠုန် နဂါးစသည့် သတ္တဝါတို့မှာလည်း ယင်းတို့၏ နေရာဌာနတွင် အမြတ်ဆုံး သတ္တဝါများ ဖြစ်ကြ၏၊ ဗာသုကိနဂါးမင်း

ဥပေါသထဆင်မင်း ဆဒ္ဒန်ဆင်မင်း ဧရာဝဏ်နတ်ဆင်မင်းတို့မှာလည်း မြင့်မြတ်သော သတ္တဝါတို့ပင် ဖြစ်ကြ၏၊ ကာမာဝစရနတ်ပြည်(၆)ထပ်၊ ရူပါဝစရဗြဟ္မာပြည်(၁၆)ထပ်တို့မှာလည်း သုဂတိဘုံ ပုဂ္ဂိုလ်များဖြစ်ကြ၍ မြင့်မြတ်သူတို့ နေရာဖြစ်ကြောင်း မြင့်မြတ်သူ များဖြစ်ကြောင်း ထင်ရှားလှပေသည်။

အားလုံးကိုချုပ်၍ ဆိုရလျှင် လောကတွင် အမြင့်မြတ်ဆုံးဟု သတ်မှတ် ထားသော သက်ရှိသက်မဲ့ အရာဝတ္ထု အားလုံး မြတ်စွာဘုရားရှင်၏ ခြေတော် စက် (ခြေဖဝါးပြင်)အောက်၌ ဝပ်စင်းခစားလျက်ရှိကြသည်၊ ဦးခိုက်ခိုလှုံ နေကြ သည့် အမှတ်အသားများ ဖြစ်ကြ၏၊ ယင်းသို့ ခြေဖဝါးပြင်တွင် ဦးခိုက်ခိုလှုံ နေကြသည့် မြင့်မြတ်သော မင်္ဂလာအမှတ် အသားကြောင့်ပင် ဘုရားရှင်သည် တလောကလုံးတွင် အမြတ်ဆုံးပုဂ္ဂိုလ် အဖြစ်သို့ ရောက်ရပေသည်၊ ထို့ကြောင့် **"နမက္ကာရကျမ်း"**၌ ဤသို့ ဆိုထားပါသည်။

ယော ပါဒပင်္ကဇ မုဒုတ္တလ ရာဇိကေဟိ၊
လောကေဟိ တီဟိ ဝိကလေဟိ နိရာကုလေဟိ။
သမ္ပါပုဏော နိရုပမေယျတမေဝ နာထော၊
တံ သဗ္ဗလောက မဟိတံ အသမံ နမာမိ။

ခြေတော်အစုံ ကြာပဒုံ၏ ဂွမ်းပုံလဲစု ပုလဲဥသို့ ချောနုပြေသန့် ကြွေခ မန့်လျှင် နူးညံ့ထင်ပေါ် ခြေဖဝါး အပြင်တော်၌ မြင်သော်မဝ ထိန်လျှံ ပသား တစ်ဆာ့ရွှစ်ကွက် စက်လက္ခဏာ အရေးတို့ဖြင့်သာလျှင် သုံးတိုက် ဘုံသူ အလုံးစုံသော နတ်, ဗြဟ္မာ,လူတို့နှင့် မနှိုင်းယှဉ်အပ် ကိုယ်တော် ကသာ ကဲလွန်ထူး မြတ်သည့်အဖြစ်သို့ ရောက်တော် မူလေပြီတကား။

(ခ)ဗုဒ္ဓခြေတော်ရာ တရားများ

အောင် (၁၀၈)ကွက် ဗုဒ္ဓစက်

မြတ်စွာဘုရားရှင်၏ခြေတော်၌ စက်နှင့်တကွ စက်ကိုဝိုင်းရံ၍ တည်ရှိ ကြသော လက္ခဏာတော် (၁၀၈)ကွက် ရှိပေသည်၊ ၎င်းကို စက်လက္ခဏာဟု ခေါ်ကြသည်၊ စက်ကားတခြား လက္ခဏာကား တခြားတည်း၊ စက်သည် ခြေဖဝါးတော်၏ ခြေဖျားမှ ဖနောင့်အထိတိုင်းလျှင် (၄)ပုံ ပုံ၍ တတိယအပုံ၌ စက်ဝိုင်းပုံတည်ရှိသည်၊ ၎င်းစက်ကို လက်ျာရစ် လှည့်ပတ်၍ လက္ခဏာတော် (၁၀၈) ကွက် တည်ရှိသည်၊ ၎င်း-စက်လက္ခဏာတော်တို့၏ တန်ခိုးတော် ကြောင့် မြတ်စွာဘုရားသခင် ကြွလှမ်းတော်မူလျှင် ကျောက်တုံးကျော်ခဲ ကျောက်စရစ်အိုးခြမ်းကွဲ ဆူးငြောင့်ခလုပ် သစ်ငုတ် စသည့် အန္တရာယ် မူတတ်သည့် အရာဝတ္ထု တို့သည် အချို့ငုတ်လျှိုးသွားကြသည်၊ အချို့ ဘေးဖယ် သွားကြသည်။

ပါသာဏာ သက္ခရာစေဝ၊ ကဋ္ဌလာ ခါဏု ကဏ္ဋကာ။
သဗ္ဗေ မဂ္ဂါ ဝိဝဇ္ဇန္တိ၊ ဂစ္ဆန္တေ လောက နာယကေ။

သောဘနံ ဂစ္ဆတီတိ သုဂတော၊ တင့်တယ်သပ်ပိယ်စွာ ကြွသွားတော်မူတတ်သောကြောင့် သုဂတ-မည်တော်မူပါ ပေ၏။ (၁၀၈)ကွက် စက်လက္ခဏာတော်ကို ပူဇော်ပသရှိခိုးကြသည့် လူ,နတ်ဗြဟ္မာသတ္တဝါတို့သည် စက်လက္ခဏာတော်၏ တန်ခိုးအရှိန်အဝါကြောင့် ဘေးဥပဒ်အန္တရာယ် ရန်အသွယ်သွယ် ကင်းစင်ပ၍ လိုအပ်သော အကျိုးများကို ချမ်းသာ လွယ်ကူစွာ ရရှိနိုင်ပေသည်။

ဘုရားသခင်၏ တတိယမဟာသာဝကကြီးဖြစ်တော်မူသော ပထမသင်္ဂီယနာတင် ဥက္ကဋ္ဌ အရှင်ကဿပ ရဟန္တာ မထေရ်ကြီးသည် ပရိနိဗ္ဗာန်စံပြီး၍ (၇)ရက်ရှိသော ဘုရားသခင်၏ စန္ဒကူးနံသာထင်းပုံအထက်မှ ခြေတော်အစုံကို အဓိဋ္ဌာန်ပြု၍ ရှိခိုးသည်၊ ခြေတော်အစုံသည် ထင်းပုံအထက်မှ အသက်ရှိကဲ့သို့ ထွက်ကြွလာ၍ အရှင်မဟာကဿပ ရဟန္တာ၏ဦးထိပ်၌ တံဆိပ်ခပ်နှိပ်သကဲ့သို့ တည်တော်မူသည်၊ ခြေတော်ရှိ စက်လက္ခဏာတို့၏ တန်ခိုးရှိန်စော် အာနုဘော်ကြောင့် အရှင်မဟာကဿပ လုပ်ခြင်သည့် သင်္ဂီယနာတင်ကိစ္စချောမောစွာ ပြီးစီးသည်။ ခြေတော်ရာကို ပူဇော်မြတ်နိုးရှိခိုးသော မည်သူမဆို လိုအပ်သောအကျိုး ဘေးမသီ ရန်မခပဲ ပြီးစီးနိုင်သည်သာ။

လှရတနာတော်ဆရာတော်လေး ဦးနာရဒါဘိဝံသ(ပထမကျော်, အဂ္ဂမဟာအကျော်,စေတိယင်္ဂဏ ဝဋ်ဆံသကာ, ဝိနယပါဠိပါရဂူ) သည် ပုဒ္ဓခြေတော်ရာတို့ကို အလွန်ကြည်ညိုသူဖြစ်၏၊ မြန်မာပြည်တွင်းမှ ခြေတော်ရာပေါင်း တစ်ရာကျော်ကို ဖူးထားရုံမျှ အားမရသဖြင့် အိန္ဒိယ,နီပေါ,ထိုင်း, သီရိလင်္ကာနိုင်ငံတို့မှ ခြေတော်ရာများကိုပါ သွားရောက်ဖူးမျှော်၏၊ ပြင်ဦးလွင်မြို့ နန္ဒမူလိုဏ်ဂူ,ရန်ကုန်မြို့ အိမ်တော်ရာဘုရား, ဆူလေဘုရား, မဟာဝိဇယဘုရားတို့၌ ခြေတော်ရာ ပါဒစေတီတို့ကို တည်ထားရုံမျှမက ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်အတွင်း၌လည်း စကျင်ကျောက်, သစ်သား,ကြေး,ရွှေ,ကျောက်မျက်ရတနာတို့ဖြင့် ခြေတော်ရာတို့ကို ပူဇော်ထား၏၊ ပါဒစေတီယ ဝန္ဒနာကျမ်း, သင်္ဃသနဂိုရ် ပုဒ္ဓခြေတော်ရာ ကျမ်းတို့ကိုလည်း ပြုစုထားသေး၏။

လှရတနာဆရာတော်လေးသည် ထိုင်းနိုင်ငံမှ ဗုဒ္ဓခြေတော်ရာတို့ကို ဖူးမျှော်ပြီး ပြန်လာသောအခါတွင် ဤစာရေးသူထံသို့လာ၍ ဗုဒ္ဓခြေတော်ရာတွင် အဓိကဖြစ်သည့် စက်ဝန်း၏တည်နေရာနှင့် (၁၀၈)ကွက် လက္ခဏာတော်များကို စာပေနှင့်အညီ စိစစ်ပေးပါဟူ၍ လျောက်ထားလာပါသည်၊ စာရေးသူကလည်း "သည်လိုဆိုရင် ဦးနာရဒအနေနဲ့ ခြေတော်ရာဆိုင်ရာ ပါဠိအဋ္ဌကထာ ဋီကာ အဘိဓာန်များနှင့် စက်လက္ခဏာဆိုင်ရာ အဆုံး အဖြတ် ကျမ်းစာအုပ်များ ရှာထားပေးပါ၊ ခြေတော်ရာဆိုင်ရာ ကျွမ်းကျင်သော ပုဂ္ဂိုလ်များနှင့် ဒီဇိုင်းဆရာကိုလည်း စုစည်းထားပါ" ဟူ၍ ပြောလိုက်ရသည်။

သို့ဖြင့် စာရေးသူတို့သည် ဗုဒ္ဓခြေတော်ရာကို စာပေနှင့်အညီ ပူဇော်နိုင်ရန် လှရတနာကျောင်း၌ အစည်းအဝေး (၄)ကြိမ် ဆွေးနွေးခဲ့ရသည်၊ ဆွေးနွေးပွဲသို့ စာရေးသူနှင့် လှရတနာဆရာတော်၊ မင်္ဂလာသိဏီ ဆရာတော် ဦးစန္ဒာသီရိဘိဝံသ (ပထမကျော်)၊ ချမ်းအေးဘုန်းကြီး ဦးဝိလာသ (ဝေမိုးကျွန်းလှ)၊ ဦးအောင်မြင့် (အောင်မြင့်ဟိန်း သာသနာပြု)၊ ဦးအောင်မြင့်ထွန်း (စာရေးဆရာ)၊ ဦးမြင့်မောင် (မြန်မာမှုဒီဇိုင်းပညာရှင်)၊ ဦးအောင်ဟိန်း (ဓာတ်ပုံဆရာ)တို့တက်ရောက်ကြသည်၊ ဆွေးနွေးပွဲများ၌ ဦးကျော်ဆန်းလွင်+ ဒေါက်တာ ဒေါ်မြင့်မြင့် မိသားစု၊ ဒေါ်လဲ့လဲ့ဝင်း ဒေါ်စန်းစန်းဝင်း ဒေါ်သန်းသန်းဝင်း တို့က လိုအပ်သည်တို့ကို ထောက်ပံ့ လှူဒါန်းကြ၏။

ဆွေးနွေးပွဲ၌ ဗုဒ္ဓခြေတော်ရာတွင် စက်ဝန်း၏ တည်နေရာ အမှန်ကို ၄င်း၊ လက္ခဏာတော် (၁၀၈) ကွက်တွင် ဝမုဖာနကလက္ခဏာတော် အမှန်ကို ၄င်း ဆွေးနွေးအတည်ပြုနိုင်ခဲ့သည်။

(၁၀၈)ကွက် လက္ခဏာတော်များအနက် (၆) ခုမြောက် ဝဒ္ဓမာနက (ဝမုဖာနက) လက္ခဏာကို ရှေးခေတ်မှစ၍ ယခုကာလ အထိ ဝဒ္ဓမာနက (ဝမုဖာနက) ထမင်းအုပ် ဆွမ်းအုပ်ဟု ဘာသာပြန်၍ ပုံတော်၌ ဘုန်းတော်ကြီး များကျောင်းသို့ပို့သော ဆွမ်းအုပ် ပုံသဏ္ဌာန် ရေးထုပြကြ၏၊ ရေးဆဲ့ပြကြ၏၊ ၄င်းဝမုဖာနကပုဒ်ကို အဒ္ဓမာဂမိ အဘိဓာန်၌ ဝဒ္ဓမာဏ= ဝဒ္ဓမာဏဂ - ဟု တည်ပုဒ်ပြု၍ အောက်ပါအတိုင်း အတ္ထုဒ္ဒါရ(၅)နက် ထုတ်ပြ၏။

ဝဒ္ဓမာဏ-ပုံ (၀၀မုမာန-သက္ကတ)

၁။ Mahāvi Svāmīç the 24th Tīrthaṅkara

မဟာဝီရ သွာမီ၊ (၂၄) ယောက်မြောက် တိတ္ထက်ရ= မဟာဝီရ အရှင်သခင်= (၂၄)ယောက်မြောက် အယူဝါဒတည် ထောင်သူ။

၂။ An earthen vessel; an inslgnia of Stanita Kumāra god; a sign like an earthen cap in their crowns; = မြေအိုးခွက်စတန်နီတမင်းသား နတ်သား၏ အဆောင်အရောင် သူတို့၏ သရဖူများထဲ၌ မြေဖြင့် ပြုလုပ်ထားသော ဦးထုပ်ကဲ့သို့ အမှတ်အသား၊

၃။ A man who carries a man on his shoulders before a processien=ပရိသတ်ရှေ့၌ ပခုံးများဖြင့် လူတစ်ယောက်ကို ထမ်းနေသော လူတစ်ယောက်၊

၄။ A Kind of limited knowledge= အကန့်အသတ်ရှိသော ပညာရပ်တစ်မျိုး၊

၅။ A house built on the principlse of architecture = ဗိသုကာပညာဖြင့် ဆောက်လုပ် ထားသည့်အိမ်၊

၄င်း (၅) နက်တို့တွင် တတိယအနက်အဖွင့်သည်၊ **ဝမုမာနကန္တိ ပုရိသဟာရိ ပုရိသင်္ဂ** ဟူသော ဗြဟ္မာယုသုတ် မဇ္ဈိမပဏ္ဏာသ ဋီကာ၊ (၃/၁၇၂) အဖွင့်နှင့်ညီ၏၊ ဋီကာအဖွင့်ကိုလည်း ပုရိသဟာရိပုရိသင်္ဂ= ယောက်ျားတစ်ယောက်ကို ပခုံးပေါ်မှာတင်၍ ပရိသတ်ရှေ့၌ထမ်းဆောင်နေသော ယောက်ျား၏ လက္ခဏာသည်။ ဝမုမာနကန္တိ ဝမုမာနကံနာမ ဝမုမာနကမည်၏-ဟူ၍အနက်ပေးပါ၊

ပြဆိုခဲ့သော ပဏ္ဏာသဋီကာနှင့် အဒ္ဓမာဂဓီ အဘိဓာန်,ပါကတ အဘိဓာန်များနှင့်အညီ ဝမုမာနကဟူသည် ယောက်ျားတစ်ဦးကို ပခုံးပေါ်တင်၍ ပရိသတ်ရှေ့မှာ ထမ်းဆောင်နေသော ယောက်ျား၏ပုံကို ဖေါ်ပြရပေမည်၊ သို့မှသာ အဘိဓာန် သက္ကတသဒ္ဒါကျမ်း, ပဏ္ဏာသဋီကာ ကျမ်းများနှင့် ညီညွတ်ပေမည်။

ဤအဖွင့် ဋီကာများကို အဒ္ဓမာဂဓီ၊ ပါကတ သက္ကတ အဘိဓာန် တို့နှင့် တိုက်ဆိုင်ညှိနှင်းမှု မပြုနိုင်သဖြင့် ရှေးခေတ် အဆက်ဆက်တို့

အဆိုအမိန့် မှားယွင်းနေခြင်းဖြစ်ပေသည်။ ဝမှုမာနကပုဒ်နှင့် ပတ်သက်၍ ပဏ္ဏာသဋ္ဌီကာ သင်္ဂီယနာတင်ချိန်က မူအမျိုးမျိုးဖြစ်နေ၍ အနက်မှန် ပါဠိမှန်ကို ဆုံးဖြတ်ရန် ခဲယဉ်းနေကြသည်၊ ပါဠိရှိတိုင်းပင် ထားခဲ့ရသည်၊ အဘယာရာမဆရာတော် ဦးသီလာနန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ. Ph.D) အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်-ပါမောက္ခချုပ်၊ တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်း ပြု) အိန္ဒိယ သီဟိုဠ်တို့မှ ပြန်ကြွလာမှ အဒ္ဓမာဂမိ အဘိဓာန်ရခဲ့၍ ကြည့်ရှုရာ ပဏ္ဏာသဋ္ဌီကာအဖွင့်နှင့် အဒ္ဓမာဂမိ အဘိဓာန်တို့အဆို ညီညွတ် နေသည်ကို တွေ့ရသည်၊ ပဏ္ဏာသဋ္ဌီကာ ဆရာတော်, အဘယာရာမ ဆရာတော်, ဦးသီလာနန္ဒာဘိဝံသတို့ အဆို အတိုင်း ယခုဆုံးဖြတ်ချက် ချမှတ်ခြင်း ဖြစ်ပါသည်။အမှား ပယ်ဖျောက်၍ အမှန်ကိုလိုက်နာကျင့်သုံး ပူဇော်နိုင်ကြပါစေ ကုန်သတည်း။

ဘဒ္ဒန္တကုမာရာဘိဝံသ (ဗန်မော်ဆရာတော်)
(အဂ္ဂမဟာပဏ္ဍိတ Ph. D. B.A.
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု
တက္ကသိုလ်-ဒုတိယပါမောက္ခချုပ်၊
တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းပြု၊
သကျသီဟဝင်္သကာ၊ သီရိပဝရမဟာစရိယပါဠိသိရောမဏိ)
(စိန္တာမဏိမဂ္ဂဇင်းမှ ဆောင်းပါး)

နိုင်ငံတော် သံဃမဟာနာယက ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်
ဘဒ္ဒန္တကုမာရာဘိဝံသ
ဟောကြားသော အဋ္ဌဂီရသ ခြေတော်ရာ တရားတော်

ရတနာ(၃)ပါး ကိုးကွယ်ရကျိုးများ

ဒီနေ့ ဘုန်းဘုန်းက အနုမောဒနာ တသက်လုံး ဝမ်းမြောက်စရာ တရား တစ်ပုဒ် ခပ်တိုတိုဟောပါမယ်-

ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊ န တေ ဂမိဿန္တိ အပါယဘူမိ။
ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ။

ယေကေစိ၊ အမှတ်မရှိ အလုံးစုံသော ပုဂ္ဂိုလ်သတ္တဝါတို့သည်။ **ဗုဒ္ဓံ**၊ မြတ်စွာဘုရားသခင်ကို။ **သရဏံ**၊ ကိုးကွယ်ရာဟူ၍။ **ဂတာသေ**၊ ဆည်းကပ်ကြကုန်၏။ **တေ**၊ ထိုမြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သည့် ပုဂ္ဂိုလ်သတ္တဝါ မှန်သမျှတို့သည်။ **အပါယဘူမိ**၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် အပါယ်လေးဘုံသို့။ **န ဂမိဿန္တိ**၊ မလားကြ မရောက် ကြကုန်လတ္တံ့။ **မာနုသံ ဒေဟံ**၊ ဤလူ့ခန္ဓာကိုယ်ကို။ **ပဟာယ**၊ ပယ်စွန့် ထားခဲ့၍။ **ဒေဝကာယံ**၊ နတ်အပေါင်း နတ်ခန္ဓာကိုယ်ကို။ **ပရိပူရေဿန္တိ**၊ ပြည့်စေကုန်လတ္တံ့။

ဘယ်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် ဘုရားကို ကိုးကွယ်ဆည်းကပ်ရင် အဲဒီ ဘုရား ကိုးကွယ် ဆည်းကပ်တဲ့ ကုသိုလ် စေတနာကြောင့် အပါယ်တံခါး ပိတ်ပြီးတော့ သေသည့်အခြားမဲ့၌ နတ်ဘုံ, ဗြဟ္မာဘုံ, ရောက်လိမ့်မယ်လို့ မြတ်စွာဘုရား သုတ်မဟာဝါပါဠိတော်မှာ ဟောကြားပါတယ်၊ အဲဒီပါဠိတော်မှာတော့ တစ်ဂါထာပဲ တွေ့ရပါတယ်။

ဒါပေမယ့်လို့ ဇာတ်အဋ္ဌကထာ ဗုဒ္ဓဝင်အဋ္ဌကထာတွေမှာတော့ နှစ်ဂါထာ ဖြည့်စွက်ပြီးတော့ ဖွင့်ပါတယ်။

ယေကေစိ ဓမ္မံ သရဏံ ဂတာသေ၊ န တေ ဂမိဿန္တိ အပါယဘူမိ။
ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ။

တရားရတနာကို ကိုးကွယ်ဆည်းကပ်တဲ့ ပုဂ္ဂိုလ်များလည်းပဲ အပါယ်ဘံခါး ပိတ်ပြီးတော့ လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံ ကောင်းမြတ်တဲ့ ဘုံဘဝတို့မှာ ကျင်လည်ရမယ်။

ယေကေစိ သံယံ သရဏံ ဂတာသေ၊ န တေ ဂမိဿန္တိ အပါယဘူမိ။
ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ။

သံဃာရတနာကို ကိုးကွယ်ဆည်းကပ်တဲ့ ပုဂ္ဂိုလ်များလည်းပဲ အပါယ်တံခါး ပိတ်ပြီးတော့ သေသည့် အခြားမဲ့၌ လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံ ကောင်းမြတ်တဲ့ ဘုံဘဝတို့မှာ ကျင်လည်ရမယ်။

ဒါနတ်တွေ ဗြဟ္မာတွေ သူတို့ဘုရားထံ လျှောက်ထားတဲ့ ဂါထာဖြစ်ပါတယ်။ နတ်တွေ ဗြဟ္မာတွေမို့လို့ ဒီဂါထာမှာ **ဒေဝကာယံ ပရိပူရေဿန္တိ**-လို့ ဒီလို လျှောက်ထားခြင်းဖြစ်ပါတယ်။ အမှန်တော့ သရဏဂုမ် ကိုးကွယ်ဆည်းကပ်တဲ့ ပုဂ္ဂိုလ်ဟာ လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံတွင်မက နိဗ္ဗာန်အထိ ရောက်နိုင်ပါတယ်။ အဲလို မှတ်ရမယ်။ ပြီးတော့ ဘုရားပါဠိတော်ရင်းမှာ ဘုရားကို ကိုးကွယ်ဆည်းကပ်တဲ့ပုဂ္ဂိုလ်သာ ဟောပေမယ့်လို့ ဒါ ပမာနနည်းအားဖြင့် ဟောတာပါ။ အမှန်တော့ တရားရတနာ ကိုးကွယ် ဆည်းကပ်တဲ့ ပုဂ္ဂိုလ်များလည်းပဲ အပါယ်မလားဘူး။ သံဃာရတနာ ကိုးကွယ်ဆည်းကပ်တဲ့ ပုဂ္ဂိုလ်များလည်းပဲ အပါယ်မလားဘူးလို့ အဋ္ဌကထာဆရာအနေနဲ့ ဆိုလိုရင်း ဖြစ်ပါတယ်၊ အဲဒါကြောင့် ပေါင်းလိုက်ရင် ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်တဲ့ပုဂ္ဂိုလ်များ အပါယ်မလားဘူး။

ဗုဒ္ဓခြေတော်ရာ ပါဒစေတီ ကိုးကွယ်ရကျိုးများ

ထားပါတော့ဗျာ ဘုရား, တရား, သံဃာ၊ အရှင်ဘုရား အခုဟာက ခြေတော်ရာကိုးကွယ်တာပဲ အပါယ်လားချင် လားမှာပေါ့လို့ ဒီလို ကပ်မယ်ဆိုရင် ကပ်နိုင်ပါတယ်နော် -

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ။
စေတော်ပဏီမိ ဟေတု ဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

တိဋ္ဌန္တေ၊ သက်တော်ထင်ရှား မြတ်စွာဘုရားသခင် အပေါ်၌ သော်လည်းကောင်း။ **နိဗ္ဗုတေ စာပိ**၊ ပရိနိဗ္ဗာန်ဝင်စံတော်မူသောအခါ မှာတော်, စေတီတော်, ဆင်းတုတော်, ဗောဓိပင်အပေါ်၌သော်လည်းကောင်း။ **သမေ စိတ္တေ**၊ စိတ်ထားတူမျှလှသော်။ **သမံ ဖလံ**၊ တူမျှသော အကျိုးကို ရ၏။ **စေတောပဏီမိ ဟေတုဟိ**၊ စိတ်ကိုကောင်းစွာ

ဆောက်တည် နိုင်ခြင်းတည်းဟူသော အကြောင်းကြောင့်။ သတ္တာ၊ သတ္တဝါတို့သည်။ သူဂွတီ၊ လူပြည်, နတ်ပြည်, ဗြဟ္မာပြည်ဟု ဆိုအပ်သော ကောင်းမြတ်သော ဘုံဘဝသို့။ ဂစ္ဆန္တီ၊ လားကြ ရောက်ကြရကုန်၏။

အဲဒီတော့ သက်တော်ထင်ရှား ဘုရားလက်ထက်မှီလိုက်တဲ့ ပုဂ္ဂိုလ်တွေကတော့ သက်တော်ထင်ရှား မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်သပေါ့။ သက်တော်ထင်ရှား ဘုရားပရိနိဗ္ဗာန် စံသွားတဲ့ အခါကြတော့ မာတ်တော်တွေ, စေတီတော်တွေ, ဆင်းတုတော်တွေ, အခုလို ခြေတော်ရာ ဆိုတာလဲ ပါဒစေတီတော်ပဲ။အဲသလို စေတီတော်မြတ်တွေ ကိုးကွယ်ဆည်း ကပ်ရင်လည်းပဲ တကယ့်သက်တော်ထင်ရှား ဘုရားကိုးကွယ် ဆည်းကပ် တာနဲ့ အတူတူပဲ အကျိုးရတယ်လို့ ဝိမာနဝတ္ထုပါဠိတော်များမှာ လာတဲ့အတွက် ဒို့ ဧကန္တ အပါယ်တံခါး ပိတ်ပြီးတော့ လူဘုံ, နတ်ဘုံ, ဗြဟ္မာဘုံ ရောက်ကြရမယ်လို့ ယုံကြည် ကြပါနော်၊ ယုံကြည်ပြီးတော့ ရာသက်ပန် ကိုးကွယ် ဆည်းကပ်ကြဖို့ နေ့စဉ် နေ့စဉ် ဗုဒ္ဓခြေတော်ရာ ပါဒစေတီတော် အာရုံပြုပြီးတော့ ပုတီးတွေ စိပ်ကြပေါ့။

မိုးပျံဘောလုံး မိုးပျံပူပေါင်း ဥပမာ

ဒကာတစ်ယောက်က ဘုန်းဘုန်းကိုမေးတယ် - ဒါလောက်ကလေး ကိုးကွယ် ဆည်းကပ်တာနဲ့ဘုရား အပါယ်တံခါးပိတ်တယ်ဆိုတာ ဘယ်လို ကြောင့် ပိတ်နိုင်တုံး ပြောပြ စမ်းပါလို့ မေးတယ်။ ဒကာရာ ကျုပ် ဥပမာလေး ပြောပြမယ်။ ခင်ဗျား မိုးပျံဘောလုံးတစ်လုံး မြင်ဘူးသလား။ မြင်ဘူးပါတယ် ဘုရား၊ မိုပျံဘောလုံး တစ်လုံးမကဘူး၊ အခမ်းအနားတွေဆို အတွဲလိုက် အတွဲလိုက် မိုးပျံဘောလုံးတွေ သုံးဆယ်လေးဆယ်တွဲပြီး လွှတ်လိုက်ကြတယ်၊ အေး အဲဒီမိုးပျံဘောလုံးတွေဟာ မိုးပဲပျံသွားတာ၊ မြေရှိုးတယ်လို့ အောက်ငုံ့ သွားတယ်လို့ မရှိဘူး၊ အထက်ပဲ တက်တာ၊ ဘာပြုလို့လဲဆိုတော့ အဲဒီဘောလုံး ထဲမှာ ငရဲမီးနဲ့ ဆာလ်ဖြူရစ် အက်စစ်စတဲ့ ငရဲမီးပေါ့ အဲဒီ ငရဲမီး တစ်ခုနဲ့ အလူမီနီယံခေါ်တဲ့ ဒန်သတ္တုတစ်ခု ရောလိုက်တယ်ဆိုရင် - ရှဲဆို ဟိုက်ဒရိုဂျင် ဓာတ်ငွေ့တွေ ထွက်လာတယ်၊ အဲဒီဓာတ်ငွေ့တွေက လေထက်ပေါ့တဲ့အတွက် အပေါ်တက် သွားတာ၊ အောက်ငုံ့ သွားတယ်လို့ မရှိဘူးနော် - အဲသလိုပဲပေါ့။

ဒီ ဘုရား, တရား, သံဃာ ရတနာသုံးပါး ကိုးကွယ်ဆည်းကပ်တဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ခုနက ဟိုက်ဒရိုဂျင် ဓာတ်ငွေ့ထည့်သလို ကိုးကွယ်ဆည်းကပ်တဲ့ ကုသိုလ်တွေ ထည့်ထားတာလို့၊ အဲဒီကုသိုလ် စေတနာရဲ့ အရှိန်အဝါကြောင့် သူက အထက် တက်သွားတာ၊ အောက်ငုံ့ရှိုးသွားတယ်လို့ မရှိဘူး၊ ခုနတုန်းက မိုးပျံဘောလုံးတွေကို ရေကန်ထဲ, မြစ်ထဲ, ပင်လယ်ထဲ, ဆိုတဲ့ ရေအောက်ကိုယူပြီး မြေကြီးအထိ အနက်ကြီး ယူသွားပြီးတော့ လွှတ်လိုက် ရင်လည်း ရေပေါ်တက်၊ ရေပေါ်ကနေပြီး ကောင်းကင်ပဲ ပျံတက်တာပဲနော်။ မိုးပေါ်ပဲတက်တာ။ အဲသလိုပါပဲ၊ ဒီ ရတနာသုံးပါး ကိုးကွယ်ဆည်းကပ်တဲ့ ပုဂ္ဂိုလ်ကို, ဟို-ရေအောက်ခေါ်, မြေအောက်ခေါ်ပြီး သတ်လည်းပဲ သူက အပေါ်ပဲ တက်မှာလို့ ပြောလိုက်တော့ မဆိုးပါဘူးဘုရား-တဲ့ ဒကာကြီးက ပြောတယ်၊ အေး-အေး။ အဲဒါကြောင့် ဒီဘုရား, တရား, သံဃာ ရတနာသုံးပါး ကိုးကွယ် ဆည်းကပ်တဲ့ ပုဂ္ဂိုလ်များ အပါယ်တံခါးပိတ်တယ်လို့ အောက်မေ့ ရတယ်နော်။

(၁၀၈)ချင်း တူညီနေပုံ

အဲဒီတော့ တို့ဒီလို ဗုဒ္ဓခြေတော်ရာ ကုသိုလ်ထူး ဆည်းပူးရတယ်ဆိုတာ လှရတနာဆရာတော်ကို အကြောင်းပြုပြီးတော့ ဒီလို ကုသိုလ်တွေကို တိုးပွား များပြားရတယ်လို့သိပြီး ဝမ်းသာကြရမယ်နော်၊ ဘုန်းဘုန်းတို့ သက်တော် ထင်ရှား ဘုရားများရှိရင် လှရတနာ ဆရာတော်ကို ခြေတော်ရာ ပါဒစေတီ ကိုးကွယ်တဲ့နေရာ အမြတ်ဆုံးရဟန်းတော်လို့ ဧတဒဂ်ပေးကောင်း ပေးပါလိမ့် မယ်နော်၊ အေး-အဲဒီလို ဆရာတော်ကိုလည်း တို့ကိုးကွယ် ဆည်းကပ်ရတယ် ဆိုပြီး ဝမ်းသာကြည်နူးနော်။

ဘုန်းဘုန်းက ခုလာမည့် သီတင်းကျွတ်မှာ သွန်းလောင်းမည့် အနန္တဇိန ဗုဒ္ဓခြေတော်ရာ နဝရတ် ပါဒစေတီတော်ကြီးအတွက် ပြဒါးလေးလိုချင်လို့ ပြဒါးသည် နှစ်ပေါင်း လေးနှစ်တိုင်တိုင် (၈)ပိသာ လောက်မေးထားတဲ့ ဒကာကြီးတစ်ယောက်ဆီ သွားတယ်။ ကျုပ်ကို ပြဒါးလေး နည်းနည်း လှူဖျာ၊ ခင်ဗျားလည်း ကုသိုလ်ရ၊ ကျုပ်လည်း အဲဒီ ဗုဒ္ဓခြေတော်ရာ နဝရတ်ဖြစ်အောင် ဥပမာအားဖြင့် ရွှေရယ်,ငွေရယ်,သံရယ်, ကြေးရယ်, သွပ်ရယ် စသည်ဖြင့် ဓာတ်ရှစ်ပါးပဲ ခုရှိနေတယ်၊ ကိုးပါးဖြစ်အောင်

ပြဒါးဓောတ်ပါ ခင်ဗျားက လျှပါလို့ဆိုတော့ လျှမယ်ဘုရားတဲ့။ တပည့်တော် အောင်ပြီဘုရားတဲ့။ ဘာအောင်တာတုန်းဗျလို့ မေးလိုက်တဲ့ အခါ တပည့်တော် လုပ်တာက ဣန္ဒာစရိယ (၁၀၈)ဘုရားတဲ့၊ အဲ(၁၀၈)ဆိုတာ တစ်-ဆိုတာက ခဲ၊ သုည ဆိုတာက ပြဒါး၊ ရှစ်ဆိုတာက ဘော်၊ တစ် သုည ရှစ် (၁၀၈) ထိုးရင် ထွက်ရပ်ပေါက်တယ်၊ အခုလဲ ဆရာတော်တို့က (၁၀၈) ကွက် စက်လက္ခဏာ ဆိုတော့ တပည့်တော် အောင်ပြီဘုရားတဲ့၊ သူကလည်း ဝမ်းမြောက်ဝမ်းသာ လျှလိုက်ပါတယ်။ အေး-အေး-အေး၊-တို့ကလည်း (၁၀၈)ကွက် စက်လက္ခဏာ၊ သူကလည်း (၁၀၈) ပြဒါးတွေ တို့ သီတင်းကျွတ်လမှာ သွန်းလောင်းမည့် အနန္တဇိန ဗုဒ္ဓခြေတော်ရာ (၁၀၈)ကွက် ပါဒစေတီတော်, နဝရတ် စေတီတော် ကြီးလည်းပဲ အောင်မယ်လို့ အောက်မေ့ပါတယ်နော်။

ဗုဒ္ဓခြေတော်ရာနှင့် သုဂတ - ဂုဏ်တော်ပွားများနည်း

ဘုန်းကြီးတို့ သုဂတဂုဏ်တော်မှာဆိုရင် **သုဂတပုဒ်**မှာ, **သု**-ရယ်၊ **ဂတ**- ရယ်ပါတယ်၊ **သု**, ကို **သုန္ဒရံ နိဗ္ဗာနံ**၊ **ဂတ**-ကို **ဂစ္ဆတိ**-လို့ဖွင့်တယ်။ **သုန္ဒရံ နိဗ္ဗာနံ ဂစ္ဆတိ**တိ သုဂတော၊ မြတ်စွာဘုရား သခင်သည် ကောင်းတဲ့ နိဗ္ဗာန်သို့ ကြွသွားတော်မူတတ်သောကြောင့် သုဂတမည်တယ်၊ နိဗ္ဗာန်သို့ ကြွသွားတာ ကတော့ ခြေထောက်နဲ့ ကြွလို့မရဘူးပေါ့။ အာရမ္မဏကရဏ -ဖလသမာပတ် ဖိုလ်ဇောတွေနဲ့ အာရုံပြုပြီးတော့ ကြွသွားတာ၊ အဲဒါကြောင့် သုဂတဂုဏ်တော်လို့ ခေါ်တယ်၊ ပြီးတော့ **သောဘနံ ဂစ္ဆတိ**တိ သုဂတောပေါ့၊ **သောဘနံ**၊ တင့်တယ်သပ္ပါယ်စွာ။ **ဂစ္ဆတိ**၊ ကြွသွားတော်မူတတ်၏။ **ဣတိ**၊ ထို့ကြောင့်။ **သုဂတော**၊ သုဂတမည်၏။ တင့်တယ်သပ္ပါယ်စွာ မြတ်စွာဘုရားသခင် ကြွသွားတော်မူတယ်တဲ့၊ တင့်တယ်သပ္ပါယ်စွာ ကြွသွားဆိုတာ ဘယ်လိုကြွသွား သလဲဆိုတော့ -

ပါသာဏာ သက္ခရာစေဝ၊ ကထလာ ခါဏု ကဏ္ဏကာ။
သဗ္ဗေ မဂ္ဂါ ဝိဝဇ္ဇန္တိ၊ ဂစ္ဆန္တေ လောကနာယကေ။

လောကနာယကေ၊ လူတို့၏ ရှေ့သွားခေါင်းဆောင် ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည်။ **ဂစ္ဆန္တေ**၊ ခရီးဒေသစာရီ ကြွချီသည်ရှိသော်။ **ပါသာဏာစ**၊ ကျောက်တုံး ကျောက်ခဲတို့သည်လည်းကောင်း။ **သက္ခရာစ**၊

ကျောက်စရစ်ခဲ ကျောက်ခဲ ငယ်တို့သည်လည်းကောင်း။ **ခါဏု ကဏ္ဍကာစ၊** သစ်ငုတ် ဆူးငြောင့် ခလုတ်တို့သည် လည်းကောင်း။ **သဗ္ဗေ၊** အလုံးစုံသော ဘေးအန္တရာယ် ပြုတတ်သည့် အရာမှန်သမျှ တို့သည်။ **မဂ္ဂါ၊** မြတ်စွာဘုရား သခင်ကြွသွားမည့် လမ်းခရီးမှ။ **ဝိဝဇ္ဇန္တိ၊** ဖယ်ရှား သွားကြကုန်၏။

ခြေတော်ရာတန်ခိုးကြောင့် ဘေးရန်များပယ်ရှား

မြတ်စွာဘုရားသခင် ကြွသွားမည်လို့ ခြေလှမ်း လှမ်းလိုက်တာနဲ့ တပြိုင်နက် ရှေ့မှာရှိတဲ့ ကျောက်တုံး ကြီးတွေ ကျောက်ခဲကြီးတွေ ဘေးဖယ်သွားကြတယ်။ တချို့က အောက်ငုံ့လျှိသွားကြတယ်၊ ထို့အတူပဲ ကျောက်ခဲအငယ် လေးတွေ ဆူးငြောင့်တွေ ခလုတ်တွေ ပုလင်းကွဲတွေစတဲ့ အန္တရာယ်ပြုတတ်တဲ့ အရာတွေဟာ ဘုရားသခင် ကြွချီ လိုက်တာနဲ့ တပြိုင်နက်ပင် ဘေးကိုဖယ်သွား ကြတယ်တဲ့၊ တချို့က မြေအောက် ငုံ့လျှိုး သွားကြတယ်၊ အဲဒီလို မြတ်စွာဘုရား သခင်ရဲ့ သုဂတဂုဏ်တော်ရှိတယ်၊ **သုဂတ** - တင့်တယ်သပ္ပါယ်စွာ ကြွသွား တော်မူတတ်သော မြတ်စွာဘုရား၊ **သောဘနံ ဂစ္ဆတီတိ** သုဂတော၊ **သောဘနံ၊** တင့်တယ်သပ္ပါယ်စွာ။ **ဂစ္ဆတိ၊** ကြွသွားတော်မူတတ်၏။ **ဏ္ဍတိ**-ဤသို့ တင့်တယ်သပ္ပါယ်စွာ ကြွသွားတော်မူတတ်သည်၏ အဖြစ်ကြောင့်။ **သုဂတော၊** သုဂတဂုဏ်တော်မည်တော်မူပါပေ၏။

ဘုရားသခင် ကြွတယ်ဆို အဲဒီလို ကျောက်တုံး ကျောက်ခဲ ကျောက်စရစ် အိုးခြမ်းကွဲ ဆူးငြောင့် ခလုတ်တွေ ဘေးအန္တရာယ်အားလုံး ဖယ်ရှား သွားကြတယ်၊ အဲဒါကြောင့် ခရီး ဒေသစာရီ သွားမည် ခရီးထွက်မည်ဆိုရင် သုဂတ ဂုဏ်တော်တွေ ပုတီးတစ်ပတ်လောက်စိပ်ပြီးမှ သွားကြပေါ့နော်၊ အဲဒီလို စိပ်ပြီးတော့ ခြေတော်ရာကိုလည်းပဲ "မြတ်စွာဘုရားသခင် တပည့်တော် ဦးခေါင်းပေါ် ကြွပါဘုရား"လို့ ခြေတော်ရာ ပင့်ပြီးတော့ ပုတီးတစ်ပတ်လောက် စိပ်သွား အားလုံးအန္တရာယ်တွေ ကင်းပါလိမ့်မယ်နော်၊ ဘုရားသခင် ကြွတယ်ဆို ခုနတုံးက ပြောပြခဲ့တာတွေ ရှောင်ရှားသွားတာတွေ ရှိသလိုပဲ၊ တချို့ သစ်ပင်တွေဟာ ဘုရားသခင် တောထဲ တောင်ထဲ နောက်ပါ သံဃာတော်တွေနဲ့ ကြွလာတယ်ဆိုရင် ဘေးကသစ်ပင်တွေ ပွင့်တဲ့အပင်တွေ

ဟာ ပင်လုံးကျွတ် ပွင့်ပြီးတော့ ပူဇော်လိုက်ကြတယ်၊ သရက်ပင်တို့ ပိန္နဲပင်တို့ စတဲ့ အပင်တွေ ကလည်းပဲ ပင်လုံးကျွတ် သီးပြီးတော့ ပူဇော် လိုက်ကြတယ်နော်။

မြတ်စွာဘုရားသခင် ကြွတယ်ဆို တောထဲမှာနေတဲ့ သမင် ဒရယ် ဖွတ် ပတတ် စတဲ့ တိရစ္ဆာန်တွေ၊ ကောင်းကင်မှာရှိတဲ့ ဌက်တိရစ္ဆာန်တွေဟာ မြတ်စွာဘုရားသခင် ကြွတယ်ဆိုပြီးတော့ ဝိုင်းပြီး လမ်းဟိုဘက် ဒီဘက်က ဖူးမျှော်လိုက်ကြတယ်။ ကောင်းကင်ကနေ တောင်ပံယုက်ပြီး ရှိခိုးကြတယ်တဲ့၊ အဲဒီလို သက်ရှိသတ္တဝါတွေ နတ်ပြဟ္မာတွေရော ဘုမ္မစိုး ရုက္ခစိုး အာကာသစိုး နတ်တွေရော ပူဇော်လိုက်ကြတယ်၊ အဲဒါ သုဂတ ဂုဏ်တော်တဲ့၊ အဲဒီလို သက်ရှိတွေ သက်မဲ့တွေတင် မကပါဘူး၊ ကောင်းကင်မှာရှိတဲ့ မိုးတိမ်တွေ မိုးသားတွေကလည်း ဘုရားသခင် ကြွတယ်ဆိုရင် နေသိပ်မပူရအောင် မိုးအုံ့ပေးပြီးတော့ တစ်ခါတစ်လေ လမ်းက ဖုံတွေ ဘာတွေ ထနေတယ်ဆိုရင် မိုးနတ်သားများက မိုးအနည်းငယ်ရွာပြီးတော့ အဲဒီလို ပူဇော်လိုက်ကြသတဲ့၊ ဩော် တို့မြတ်စွာဘုရား သုဂတဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေတယ်။ တင့်တယ်သပ္ပါယ်စွာ ကြွသွားတော်မူပါပေသည်လို့ စိတ်ထဲအာရုံပြုပြီး ပူဇော်ကြပေါ့နော်။

ဗုဒ္ဓခြေတော်နှင့် ရဟန္တာအရှင်မဟာကဿပ

အဲသလို သုဂတဂုဏ်တော်နှင့် ပြည့်စုံတဲ့ မြတ်စွာဘုရားကို မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံပြီး (၇)ရက်ရှိတဲ့ အခါကြတော့ မီးသင်္ဂြိုဟ်ဖို့ စန္ဒကူးနဲ့သာထင်းပုံကြီးပေါ်မှာ ဘုရားသခင်ရဲ့ ရုပ်ကလာပ် အလောင်းတော် တင်ပြီး မီးရှို့ပူဇော်ကြတယ်၊ မီးရှို့လို့ မလောင်ပဲ ဖြစ်နေကြတယ်၊ ရှို့လို့ကို မရဘူး၊ ဘယ်လို ရှို့ရှို့ မီးက မစွဲဘူး၊ အဲဒီတော့မှ ရဟန္တာ မထေရ်တွေကို မေးတယ်ပေါ့၊ မီးရှို့လို့ မရဘူး ဘုရားလို့-လျှောက်တဲ့အခါ ရဟန္တာ မထေရ်တွေက တပည့်ကြီး အရှင်မဟာကဿပမထေရ် မလာသေးလို့၊ မရောက်သေးလို့ လမ်းခရီးမှာပဲ ရှိသေးတယ်၊ မကြာခင် ရောက်လာ လိမ့်မယ်၊ ခဏစောင့်ပါလို့ ဖြေကြတယ်၊ အရှင်မဟာကဿပ မထေရ်မြတ် နောက်ပါ တပည့် ငါးရာနှင့် ကြွရောက်လာတယ်၊ ဒီလိုအကြောင်းကို ပြောပြတယ်ပေါ့၊ တပည့်တော်တို့ မီးရှို့တာ မရဘူးဘုရား၊ အရှင်ဘုရား ရောက်လာပြီဆိုတော့ ခုမီးရှို့တော့မယ်ဘုရားလို့ လျှောက်ထားတော့၊ ခဏနေဦး လို့ ပြောတယ်။

ပြောပြီးတော့ အရှင်မဟာကဿပ မထေရ်မြတ်ကြီးက အဓိဋ္ဌာန်ပြီးတော့ ရှိခိုးတယ်၊ အဲဒီလို ရှိခိုးလိုက်တဲ့အခါ မြတ်စွာဘုရားရှင်ရဲ့ (၁၀၈) ကွက် စက်လက္ခဏာ ခြေတော်အစုံဟာ ထင်းပုံပေါ်က ကြွပြီးတော့ အရှင်မဟာ ကဿပ မထေရ်မြတ်ကြီးရဲ့ ခေါင်းပေါ်မှာ တင်ပြီး၊ အဲဒီလို ခြေတော်ရာ တံဆိပ် ခတ်နှိပ်လိုက်တဲ့နောက် မီးလောင် သွားတယ်၊ မရှိုပဲနဲ့ လောင်သွားတယ်၊ အဲဒီလို မြတ်စွာဘုရားသခင်ရဲ့ ခြေတော်ရာ (၁၀၈)ကွက် စက်လက္ခဏာတံဆိပ် ခတ်နှိပ်လိုက်တဲ့အတွက် အရှင်မဟာကဿပ မထေရ် မြတ်ကြီး လုပ်ချင်တဲ့ ပထမသင်္ဂါယနာတင်ပွဲ ကိစ္စအားလုံး ချောချောမောမော ပြီးစီးသွားတယ်။

စက်နှင့် လက္ခဏာ ကွာခြားပုံ

အဲဒီလိုပဲ၊ လောကလူတွေအားလုံး ကိစ္စတစ်ခု ဆောင်ရွက်တော့မယ်၊ တချို့ကိစ္စတွေက ကြီးကျယ်တယ်၊ ကြီးကျယ်တဲ့ကိစ္စတွေ ဆောင်ရွက်မယ်ဆိုရင် သာမည ကုသိုလ်နဲ့ မရပါဘူး၊ အဲဒီတော့ ကြီးမားတဲ့ ကုသိုလ်တစ်ခု ဒီလိုခြေတော်ရာ မြတ်စွာဘုရား သခင်ရဲ့ (၁၀၈)ကွက် စက်လက္ခဏာ ခြေတော်အစုံ တပည့်တော်ခေါင်းပေါ် တံဆိပ် ခတ်နှိပ်လိုက်ပါဘုရားလို့ ပင့်ပြီးတော့ ပုတီးတစ်ပတ် စိပ်ပြီးတော့ အားထုတ်ကြပေါ့နော်။

ဘုန်းဘုန်းတို့ (၁၀၈)ကွက် စက်လက္ခဏာဆိုတဲ့စကားမှာ၊ (၁၀၈)ကွက် ဆိုတာ စက်-ရယ်၊ လက္ခဏာ-ရယ်(၂)မျိုးရှိတယ်၊ တချို့ကစက်နဲ့ လက္ခဏာနဲ့ မကွဲဘူး၊ စက်-ဆိုတာက ဒီဘုရားခြေတော်ရာ ပုံတော်လေး ကြည့်လိုက်ရင် အလယ်ခေါင် အဝိုင်းလေးနော်၊ အဝိုင်းလေးကို စက်လို့ ခေါ်တယ်၊ ဘေးက ဥစ္စာက (၁၀၈)ကွက် ပါတယ်၊ သူက လက္ခဏာပဲ၊ စက်ရယ်၊ လက္ခဏာရယ် စက်က ဘယ်နေရာရှိရမလဲဆိုတော့ ဒီခြေဖျားကနေပြီးတော့ ဖနောင့်အထိ ဥပမာအားဖြင့် တစ်ပေထားပါတော့၊ တစ်ပေဆိုရင် လေးပုံ ပုံလိုက်ရင် သုံးလက်မ တစ်ပုံပေါ့၊ သုံးလက်မ၊ သုံးလက်မ၊ သုံးလက်မ လေးပုံရှိတယ်။ အဲဒီမှာ တတိယအပုံမှာ စက်ရှိရတယ်၊ တတိယအပုံမှာ စက်ရှိပြီးတော့ စတုတ္ထအပုံက ဖနောင့်ပိုင်းပေါ့။

ဒီမယ် ပထမအပုံ၊ ဒုတိယအပုံတို့မှာ အတန်းလေး ခြောက်တန်းရှိတယ်၊ ခြောက်တန်းက တစ်တန်းမှာ (၁၀)ကွက်။ ဆယ်လက္ခဏာ (၆)တန်း

ဆိုတော့ (၆၀)ကွက် ပေါ့နော်၊ ပြီးတော့မှ စက်ဝိုင်းရဲ့ ညာဘက်မှာ (၁၂)ကွက်၊ စက်ဝိုင်းရဲ့ဘယ်ဘက်မှာ (၁၂)ကွက်စီဆိုတော့ (၂၄)ကွက်၊ အဲဒီတော့ ခုနတုန်းက (၆၀)ကွက်နှင့် (၂၄)ကွက်နဲ့ ပေါင်းလိုက်တော့ ဘယ်လောက် ရှိမတုန်း (၈၄)ကွက်နော်၊ ပြီးတော့မှ စက်ဝိုင်းရဲ့အောက် ဖနောင့်ပိုင်းမှာ (၂၄)ကွက်ရှိပါတယ်၊ အကွက်ကလေးတွေနော်၊ အဲဒီဥစ္စာကို ခုနက (၈၄)ကွက်ထဲကို (၂၄)ကွက်ထည့်လိုက်ရင် (၁၀၈)ကွက်ရှိပါတယ်နော်၊ ဩောင်း (၁၀၈)ကွက် ဗုဒ္ဓစက်လို့ ခေါ်ရတယ်။

အရှင်မဟာကဿပ အလောင်းတော် ဘုန်းကံကြီးမားပုံ

ဒီလိုစက်လက္ခဏာ (၁၀၈)ကွက်ပါတဲ့ ပုဂ္ဂိုလ်ဆိုရင် ဘုရားသော်လည်းကောင်း ဖြစ်တယ်၊ စကြဝတေးမင်း မန္ဓာတ်မင်းကြီးသော်လည်းကောင်း ဖြစ်ပါတယ်နော်၊ သာမည ပုဂ္ဂိုလ်တွေမှာ၊ ဒီလို(၁၀၈)ကွက်တွေ မပါပါဘူးနော်၊ ဘုန်းဘုန်းတို့ အရှင်မဟာကဿပ အလောင်းတော် တစ်ခါတော့ ဥယျာဉ်ထဲမှာ ခေါင်းမြီးလေးခြုံပြီးတော့ အိပ်နေတယ်၊ ခေါင်းမြီးလေးခြုံပြီး အိပ်နေတော့ အဲဒီတိုင်းပြည်ကလည်း ဘုရင်မရှိလို့ ဘုရင်မြောက်ချင်တာ၊ ဘုရင်မြောက် ချင်တော့ ဗိုလ်ချုပ်ကြီးတွေကလည်းပဲ သူတို့က ဘုရင်လုပ်ချင်သပေါ့၊ စစ်သူကြီးတွေကလည်း ဘုရင်လုပ်ချင်တယ်၊ သူဌေးကြီးတွေကလည်း ဘုရင်လုပ်ချင်တယ်၊ အမတ်ကြီး ဝန်ကြီးချုပ်တို့ကလည်း ဘုရင်လုပ်ချင်တယ်၊ ဘုရင် လုပ်ချင်သူတွေ များနေတယ်၊ ဘုရင်လုပ်ချင်သူတွေ များနေတာနဲ့ မဖြစ်ဘူး ဒီလိုဆိုရင် ဖုဿရထား မင်္ဂလာရထားလွှတ်မယ်ဆိုပြီး ရထားပေါ်မှာ မင်းမြောက်တန်ဆာငါးပါး တင်ပြီးတော့ ဘုရင်ဖြစ်ထိုက်တဲ့ပုဂ္ဂိုလ်ရဲ့ရှေ့မှာ ဟောဒီရထားရပ်ပါစေ- ဒီလို အဓိဋ္ဌာန်တင်ပြီးတော့ မြင်းကိုရိုက်လိုက်တယ်ပေါ့။

မြင်းကိုရိုက်လိုက်တော့ မြင်းက တစ်မြို့လုံးလှည့်တယ်၊ အိမ်သူအိမ်သားတွေ မြို့ထဲရှိတဲ့သူတွေက တို့အိမ်ရှေ့ ရထားရပ်ပါစေ၊ တို့အိမ်ရှေ့ ရထားရပ်ပါစေနဲ့ ဆုတောင်းကြတယ်၊ ဘယ်မှမရပ်ဘူးတဲ့၊ ရထားက ခုနက အရှင်မဟာကဿပ အလောင်းတော် အိပ်နေတဲ့ ဥယျာဉ်ထဲမှာရှိတဲ့ ကျောက်ဖြာရှေ့မှာ သွားရပ်တယ်၊ ဟာ ဘုရင်ဖြစ်မယ့်လူတော့ တွေ့ပြီဟေ့၊

ဟုတ်မှလည်း ဟုတ်ပါ့မလား၊ မဟုတ်တဲ့ မတော်တဲ့လူ ဘုရင် မြောက်ထားရင် တိုင်းပြည်တပြည်လုံး ဒုက္ခရောက်လိမ့်မယ်၊ ကြည့်ကြစမ်းပါအုံး ပုဏ္ဏားဖြူတို့ ပုဏ္ဏားညို တို့ဆိုပြီး ပုဏ္ဏားတွေ ဗေဒင်တတ်တဲ့ပုဂ္ဂိုလ်၊ လက္ခဏာတတ်တဲ့ ပုဂ္ဂိုလ်တွေကို ကြည့်ခိုင်းတယ်၊ ကြည့်ခိုင်းတော့ အဲဒီသူတို့က မင်းလောင်းဟာ ခေါင်းမြီးခြုံ၊ အိပ်နေတာဆိုတော့ ခေါင်းဘက်ကလည်း မလှုပ်ရဲတာနဲ့ ခြေဖဝါးလေးကို ကြည့်လိုက်တယ်၊ ခြေဖဝါးမှာ (၁၀၈)ကွက် စက်လက္ခဏာလည်း တွေ့လိုက်ကော ဟာ ဒီပုဂ္ဂိုလ် တို့တိုင်းပြည် တပြည် မပြောနဲ့ တစ်ကမ္ဘာလုံး အုပ်ချုပ်နိုင်တဲ့ စကြဝတေးမင်း ဖြစ်မယ်၊ အဲသလောက် ဖြစ်နိုင်တဲ့ ဘုန်းကံရှိတယ်။

(၁၀၈)ကွက် စက်လက္ခဏာရဲ့ တန်ခိုးကြောင့် တစ်ကမ္ဘာလုံး အုပ်ချုပ်နိုင်တဲ့ စကြဝတေးမင်းဖြစ်နိုင်တဲ့ ကုသိုလ်ပါရမီရှိတဲ့ ပုဂ္ဂိုလ်ကို မင်းမြောက်ကြပါစို့ဆိုပြီး၊ မင်းမြောက် လိုက်ကြတယ်၊ အဲဒါကြောင့် မြတ်စွာဘုရား သခင်ရဲ့ (၁၀၈)ကွက် စက်လက္ခဏာကို တို့ကိုးကွယ်ရတယ် ဆည်းကပ်ရတယ်လို့ ဝမ်းသာကြ၊ ရာသက်ပန် ဝမ်းမြောက် ကြရမယ်နော်။

အရှင်ဘုရား ဘုရားခြေတော်ရာက ဒါလောက်ပဲ ကြီးသလားဘုရား ဟုတ်ပါ့ မလားလို့ မေးမယ် ဆိုရင်တော့ ဘုရားခြေတော်က ဒါလောက် မကြီး ပါဘူး၊ ဒီလက္ခဏာ လေးတွေပေါ်လွင်အောင် ဖူးတဲ့ပုဂ္ဂိုလ်တွေ ထင်ရှားအောင်ဆိုပြီး ပုံကြီးခဲ့ထားတာ ဖြစ်ပါတယ်နော်၊ ဘုရားခြေတော်ရာ ကတော့ လူထွားထွားကြိုင်းကြိုင်း ပုဂ္ဂိုလ်တစ်ယောက်ရဲ့ ခြေရာလောက်ပေါ့၊ တစ်ပေ, တစ်ပေခန့် အဲလောက်ပဲ ရှိပါမယ်နော်။

သံလိုက်မာတ် ကရိန်း ဥပမာ

အေး အဲသလို မြတ်စွာဘုရားသခင်ရဲ့ ခြေတော်ရာကို ကိုးကွယ်ရတယ်၊ ကိုးကွယ်တော့ ကိုးကွယ်သူဟာ စေတီထိုက်သွားတယ်ပေါ့။ အဲဒီကိုးကွယ်တဲ့ ဗုဒ္ဓါနုဿတိ ဂုဏ်တော်ကြောင့် ကိုးကွယ်တဲ့ ပုဂ္ဂိုလ် ဘယ်သူမဆို စေတီထိုက် သွားတယ်၊ ဥပမာအားဖြင့် ဘုန်းဘုန်းတို့ ပင်လယ် ဆိပ်ကမ်းတွေမှာ ကုန်တင် ကုန်ချ လုပ်တဲ့ နေရာတွေ ဆိုလို့ရှိရင် ကရိန်းကြီးတွေရှိတယ်၊ ကရိန်းကြီးထိပ်မှာ သံပြားကြီး တပ်ထားတယ်၊ အဲဒီ သံပြားကြီးကို လျှပ်စစ် မာတ်အား လွှတ်လိုက် တာနဲ့ တပြိုင်နက် သံပြား

ကြီးက ရိုးရိုးသံပြားကြီး မဟုတ်တော့ဘူး၊ သံလိုက် ဖြစ်သွားတယ်၊ ဟောလို ကပ်လိုက်ရင် သံပြားကြီးနဲ့ ကုန်ပစ္စည်း သေတ္တာတွေ ကျုံးဆို ကပ်တာပဲ၊ သံကြိုးနဲ့ သံတုံးကြီးနဲ့ သံအိမ်ကြီးနဲ့ ဘာမှ ချိစရာမလိုပါဘူး။ ဒီကရိန်းကို ဒီမှာကပ်လိုက်၊ ကပ်ပြီးတော့ လျှပ်စစ် ဓာတ်အားလည်း လွှတ်လိုက် ရော အောက်ကကုန်ပစ္စည်းသေတ္တာဟာ ဒီကို ကပ်ပါလာတယ် တန်းပြီးတော့ ကုန်တွေ တင်လို့ ချလို့ ရတယ်နော်။

အဲဒီလိုပဲ၊ မြတ်စွာဘုရားသခင် ကိုယ်တော်ရဲ့ သုဂတဂုဏ်တော် (၁၀၈)ကွက် စက်လက္ခဏာ ဂုဏ်တော် ပွားလိုက်တာနဲ့ တပြိုင်နက် ဒီခန္ဓာကိုယ်က စေတီထိုက် သွားတယ်နော်၊ အဲဒီ ဘုရားဂုဏ်တော်ရဲ့ တန်ခိုးကြောင့် ဒီခန္ဓာကိုယ် စေတီထိုက်သွားတဲ့ အတွက် ဒီစေတီ ကုသိုလ်ရဲ့အရှိန် အဝါကြောင့် ဒီပုဂ္ဂိုလ်တွေ မြင့်မြတ်တဲ့ ဘုံကိုလည်း ရောက်တာ၊ ဘုန်းဘုန်းကို့ ဘုရား ဂုဏ်တော်နဲ့ပတ်သက်ပြီးတော့ ပြောမယ်ဆိုရင် မကုန်နိုင်ပါဘူး။

ဆုပန်နည်း

အဲဒီလို မကုန်နိုင်တဲ့ အနန္တကျေးဇူးဂုဏ်နဲ့ ပြည့်စုံတဲ့ မြတ်စွာဘုရား သခင်အား တို့ကိုးကွယ်ဆည်းကပ်ရတယ်။ ပူဇော်ရတယ်။ ဒီကုသိုလ် ကောင်းမှု အစုစုကြောင့် တပည့်တော်များ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန် ပရမတ် အရဟတ္တဖိုလ်ပေါက် ရောက်ပါရစေ ဘုရားလို့ အဲလို ဆုပန် ရမယ်နော်။

အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါရစေဘုရား။ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ကို မျက်မှောက်ပြုကြရသဖြင့် ရဟန္တာပုဂ္ဂိုလ်တို့၏ စုတိ၏ အခြားမဲ့၌ မည်သည့်ဘုံ, မည်သည့်ဘဝ,ဂတိ, ယောနိ, သတ္တာဝါသ တို့မှာမှ တဖန်ထပ်မံ၍ မဖြစ်ရခြင်းဆိုတဲ့ အနုပ္ပါဒနိရောဓ အနုပါဒိသေသ ပရိနိဗ္ဗာန် ကိုယ်စီစံနိုင် ကြပါစေ။အနုပါဒိသေသပရိနိဗ္ဗာန် ကိုယ်စီ စံကြရ သဖြင့် ကမ္မဝင်္ဂ, ဝိပါကဝင်္ဂ, ကိလေသဝင်္ဂဟူသော ဒုက္ခခပ်သိမ်း သံသရာ မီးတောက် မီးပုံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

သာဓု, သာဓု, သာဓု။

(အဂ္ဂရသ ဗုဒ္ဓခြေတော်ရာ ရေစက်ချင့်ခဲ့၌
ဟောကြားသော တရားဖြစ်ပါသည်)

အဘိဇေမဟာရဋ္ဌဂုရု၊ ဂန္ထကာရက
စစ်ကိုင်း သဇ္ဇနောဒယ ဆရာတော်ကြီး၏ ခြေတော်ရာတရား

လောကမာရဇိန်ဘုရား ခြေတော်ရာ

ဒီနေ့အခမ်းအနားဟာ အင်မတန်ကြီးကျယ်တဲ့ အခမ်းအနား ဆိုလို့ ရှိရင် မမှားပါဘူး။ (၁)နံပါတ်က လှရတနာဆရာတော် ဆရာတော် ဦးနာရဒရဲ့ မွေးနေ့မင်္ဂလာ အထိမ်းအမှတ်ပွဲ၊ ထို့နောက် သုံးထပ်တိုက် ကြီးရဲ့ အထပ် သုံးထပ် မျက်နှာကျက်၊ အဲဒါကို ရည်ရွယ်ပြီးတော့ ရေစက်ချမှာ - အခုခြေတော် ရာက ပန်းလှိုင်လမ်းနေ ဦးအောင်ဇော်ဝင်း၊ ဒေါ်မြတ်ဇင်မာချို၊ သမီး မထက်ရည်မွန်အောင်၊ သား မောင်အောင်ခန့်တို့ရဲ့ ကုသိုလ်ကောင်းမှု ဖြစ်တယ်။ အဓိက ပါဒစေတီကို ရှေးဦးစွာ မျက်နှာကျက်ဝဲယာမှ အကျိုး အကြောင်းလဲ ပြောပြပေးမယ်။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးအား ကိုးကွယ် ပူဇော်မယ် ဆိုရင် (၃၂) ကောဌာသ အစုအဝေး၊ အနေနဲ့ပြောပြော အင်္ဂါကြီး ငယ် အနေနဲ့ပြောပြော။ ပူဇော်မယ်ဆိုရင် ဦးခေါင်းတော်ကိုလည်း ခြေတော် အဖြစ်နဲ့ ပူဇော်နိုင်တာပဲတဲ့၊ လက်မောင်းတော်တို့ ညှပ်ရိုးတော်တို့စတဲ့ အဲဒီ အင်္ဂါအစိတ်အပိုင်းတွေကိုလည်းပဲ တည်ထား ကိုးကွယ် မယ်ဆိုရင် ဖြစ်တာ ပါပဲတဲ့၊ အခုတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ အမြင့်မြတ်ဆုံးဖြစ်တဲ့ ဦးခေါင်းတော်ကိုတော့ စေတီတည်ပြီးတော့ မကိုယ်တွယ်ဘဲနဲ့ ဒီပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း လူတိုင်းလူတိုင်း အနေနဲ့ပြောရင် ခြေထောက်ဆိုတာဟာ အင်္ဂါထဲမှာ အည့်ဆုံး အင်္ဂါတစ်ခု ပဲတဲ့။ အဲဒီ အင်္ဂါတစ်ခုကို ဘုရားမှာတော့ လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့ထက် အဆပေါင်း မြင့်မြတ် သာလွန်နေသည့်အတွက် ဘုရားရဲ့ ခြေထောက်ရာကိုပဲ နင်လား၊ ငါလား လှိုက်လှိုက်လှဲလှဲကို ကိုးကွယ်ကြတယ်။ ခြေတော်ရာကိုတောင်မှ ကိုးကွယ် နေရင် ကျန်တဲ့ အင်္ဂါ အစိတ်အပိုင်းတွေကိုတော့ ဘာမှ ပြောစရာ မလိုပါဘူး တဲ့။ အဲဒီလောက်ထိ အောင် ထူးကဲတဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါ။

ကမ္ဘာတစ်သိန်း ပါရမီတော်တွေကို ဖြည့်ကျင့်တဲ့အတွက် တစ်ကိုယ် လုံးမှာ ရွှေတုံး ရွှေနယ်သဖွယ် အင်မတန်ကို တင့်တယ် သပ္ပါယ်ပြီး တော့ နှစ်သက်စရာ မြတ်နိုးစရာ၊ ပူဇော်စရာ သိပ်ကောင်းတဲ့ တစ်ကိုယ်လုံး ပါတဲ့ အဲဒီ တစ်ကိုယ်လုံးထဲမှာမှ အများအမြင်နဲ့ ပြောရင် ခြေတော်ရာတို့ ဆိုရင် အညံ့ဆုံးလို့ထင်ရပါတယ်တဲ့။ အဲဒီ အညံ့ဆုံးလို့ ထင်ရတဲ့ ခြေတော်ရာ တောင်မှ ကိုးကွယ်သင့် ကိုးကွယ်ထိုက်လျှင်၊ စေတီတော်အနေနဲ့ မြတ်နိုးသင့် မြတ်နိုးထိုက်တယ် ဆိုလို့ရှိရင် ဒီပြင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ အင်္ဂါ အစိတ်အပိုင်းနှင့် တကွ ဂုဏ်တော်တွေဟာ အမှန်ကို စဉ်းစားစရာ မလိုဘူး၊ တကယ့်ကို လှိုက်လှိုက်လဲလဲ လူတွေကော နတ်တွေကော အကုန်လုံး မှီခိုသင့် မှီခိုထိုက်တယ်တဲ့၊ အဲဒီခြေတော်ရာနဲ့ ပတ်သက်ပြီးတော့ မာဂဏ္ဍီပုဏ္ဏားနဲ့ ပုဏ္ဏားမကြီး ဇနီးမောင်နှံတို့ရဲ့ အဖြစ် အပျက်ကလေး ဘုန်းကြီး အထိုက် အလျောက် ရှေးဦးစွာ ပြောပြမယ်။ မာဂဏ္ဍီပုဏ္ဏားကြီးက သမီးလေး တစ်ယောက်ရှိတယ်။

မာဂဏ္ဍီပုဏ္ဏားသားအဖ ဝတ္ထု

အဲဒီသမီးကလေးကဆိုရင် ရုပ်ရည်ရူပကာ အင်မတန်ကို တင့်တယ် တယ်။ စာထဲမှာတော့ သုဝဏ္ဏာဝဏ္ဏာ တဲ့၊ သူ့ရဲ့အသားအရောင်က ရွှေရောင်လို ဝါဝင်း နေလောက် အောင်တဲ့ အဲဒီလောက်ထိအောင် လှပတဲ့ အမျိုးသမီး တစ်ဦး တစ်ယောက်ပဲ။ သူတို့ ကိုယ်တိုင်ကလည်း စည်းစိမ် ဥစ္စာတွေနဲ့ မိဘကပြည့်စုံတော့ မွေးလာတဲ့ သမီးလေးက တစ်ဦးတည်းသော သမီးလေး။ ရွှေလို ဥပြီးတော့ အင်မတန်ကို လှပတဲ့သမီးလေး ဖြစ်နေတော့ တော်ရုံ တန်ရုံ မတော်တဲ့ အမျိုးသားတစ်ဦးယောက်နဲ့ တွဲ့သွားမှာကို သိပ်ပြီးတော့ စိုးရိမ် ကြောင့်ကြ ဖြစ်နေကြတယ်။ ထိုသမီးနဲ့ ထိုက်ထိုက် တန်တန် သမက်ကို ရမှ သတို့သမီးကို နေရာချထားမယ် ဆိုတဲ့ ဇနီးမောင်နှံရဲ့ စိတ်ကူး သူတို့မှာ အင်မတန်ကို ပြင်းပြနေတယ်။ ပြင်းပြသည့်အားလျော်စွာ တစ်နေ့ေသာ အချိန်အခါမှာ သမက် ရှာတဲ့အနေအားဖြင့် မာဂဏ္ဍီပုဏ္ဏား ဇနီးမောင်နှံတို့ သမက်အရှာ ထွက်တယ်တဲ့၊ အဲဒီတော့ နှစ်ဦးလုံးမှာ လက္ခဏာနှင့် ပတ်သက်လို့ အဖက်ဖက်မှ ကျွမ်းကျင်လိမ္မာတဲ့ ပါရဂူမြောက် လောက်အောင်တတ်တဲ့ ပုဂ္ဂိုလ်တွေပေမယ့်လို့ မာဂဏ္ဍီပုဏ္ဏားကြီးကတော့

သမီး ပေးစား ချင်တဲ့ဇောက သိပ်ပြင်းထန်နေတော့ ဘုရားရှင် ကိုယ်တော်မြတ် သီတင်းသုံးတဲ့ တိဏသန္ဆာရ ခေါ်တဲ့ အခင်းကိုလည်းပဲ သိပ်ပြီးတော့ ဂရုမစိုက်နိုင်ဘူး၊ ဘုရားရှင် ချတော်မူထားတဲ့ ခြေတော်ရာကိုလည်း သိပ်ပြီးတော့ နင်လား၊ ငါလား ဂရုတစိုက် မဟုတ်ဘူး။ အရေးကြီးတာက တကယ်ထိုက်တန်တဲ့ အမျိုးကောင်း သား အင်မတန် အဆင့်တန်းမြင့်တဲ့ အမျိုးကောင်းသားနဲ့ ရဖို့က သူရဲ့ အဓိက ဖြစ်နေတယ်။

ဖြစ်နေတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး တိဏသန္ဆာရလို့ ခေါ်တဲ့ မြက်အခင်းကို ကြည့်လိုက်တယ်။ ပုဏ္ဏားမကြီးက တစ်ခါ ကြည့်လိုက်တယ်။ ဒီအခင်း ဒီနေရာ ဘယ်သူထိုင်သွားတဲ့ နေရာလဲလို့ သူ့ပုဏ္ဏားကြီးကို မေးတယ်။ အဲ့ဒါ တို့ရှာနေတဲ့ သမက်လောင်း ထိုင်တဲ့ နေရာပဲတဲ့။ အဲ့ဒီလိုဆိုယင် ကျွန်မတို့မှာ အခုလိုလာပြီးတော့ သမက်လာရှာတာ လာရကျိုးနပ်မှာ မဟုတ်တော့ဘူး၊ ပုဏ္ဏားမကြီးက ပြောတယ်။ အခုလို မင်္ဂလာ ရှာဖွေနေတဲ့ အချိန်အခါကြမှ မင်္ဂလာမရှိတဲ့ အမင်္ဂလာအယူ မပြောပါနဲ့၊ ဒို့အခု လာတာ မင်္ဂလာအတွက် လာတာ၊ မင်းပြောနေတာက မျှော်လင့်ချက်မရှိဘူး၊ ငါတို့ အရှာထွက်ပေမယ့်လို့ ပြည့်စုံမှု မရှိဘူးလို့ ပြောတာ၊ မင်္ဂလာမရှိတဲ့ စကားတဲ့။ အဲဒီ မင်္ဂလာမရှိတဲ့စကား မပြောပါနဲ့တဲ့ တားမြစ်တယ်။ ပုဏ္ဏားမကြီးက နောက်တစ်ခါ ခြေတော်ရာကို တွေ့ပြန်တော့ ပြောတယ်။ ဒီခြေတော်ရာကော ရှင်ပြောတဲ့ပုဂ္ဂိုလ်ရဲ့ ခြေရာလား ဘယ်သူ့ခြေရာလဲ၊ ဟုတ်တယ် ငါပြောတဲ့ ပုဂ္ဂိုလ်ရဲ့ ခြေရာပဲ။ တို့လိုက်ရှာ နေတာ သူပဲ၊ တို့သမီးနဲ့ ရည်ရွယ်ထားတာလဲ သူပဲ။ အဲဒါနဲ့ ခြေတော်ရာကို ပုဏ္ဏားမကြီးက သေသေ ချာချာ ကြည့်တယ်။ ဒီခြေတော်ရာဟာ ကိလေသာ အာသဝေါ ကုန်ခမ်းနေတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ ခြေတော်ရာပဲ၊ သာမာန် ပုထုဇဉ်တွေလို လောဘ ဒေါသ မောဟ မာန်မာနအစရှိတဲ့ ကိလေသာများတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ ခြေရာ မဟုတ်ဘူး၊ ကိလေသာ ကုန်ခမ်းနေမှတော့ ဒို့သမီး ဘယ်လောက်ပဲ ချောနေနေ ဘယ်နည်းနဲ့မှ ဒို့ရည်မှန်းထားတဲ့အတိုင်း ဖြစ်လာမှာ မဟုတ်ဘူးလို့ ပုဏ္ဏားမကြီးက ဆုံးဖြတ်ချက်ချတယ်။ ဒီအကြောင်းကိုလည်း ပုဏ္ဏားမကြီးကို ပြန် ပြောပြတယ်။ ပြန်ပြောတော့လည်း ပုဏ္ဏားမကြီးက လက်မခံဘူး၊ သူ့စိတ်ထဲမှာ သမီး နေရာချထား ရေးကိုသာ ပြင်းထန်နေတော့ ပုဏ္ဏားမကြီးရဲ့ စကားကို သိပ် စိတ်မဝင် စားဘူး။

အဲဒါနဲ့ ဒို့သွားကြစို့၊ အဲဒီပုဂ္ဂိုလ်ရှိရာကို ရှာကြအုံးစို့ ဆိုပြီးတော့ အဲဒီဘုရားရှင် ကိုယ်တော်မြတ်ကြီးက တောအုပ်တစ်ခုမှာ သီတင်းသုံးပြီးတော့ နေတယ်။ အဲဒီ အနားမှာလည်း အထိုက်အလျောက် ပရိသတ်ကလည်း ရှိတယ်။ အဲဒီတော့ ပုဏ္ဏားမကြီးက မေးတယ်။ ကျွန်မတို့ မြင်နေရတဲ့ ပုဂ္ဂိုလ်က ရှင်ပြောတဲ့ ပုဂ္ဂိုလ်လားတဲ့။ ဟုတ်တယ်။ ရုပ်ရည် ရူပကာက အင်မတန် တင့်တောင့်တင့်တယ်၊ အင်မတန် သပ္ပါယ်၊ အင်မတန် ချောတဲ့ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ပဲတဲ့။ အဲဒီပုဂ္ဂိုလ်နဲ့ ကျွန်မသမီးကို ကျွန်မသိပ်ပြီးတော့ သဘောကျ ပါတယ်တဲ့။ ဒါပေမယ့် သူ့ရဲ့ ရုပ်ရည် ရူပကာနဲ့ ကွန်ဒြေ သိက္ခာကို ကြည့်လိုက်တဲ့ အခါကြတော့ ရှင်ထင်သလို ကိလေသာ အာသဝေါ မရှိတော့ဘူး။ ကိလေသာ အာသဝေါ ကုန်ခမ်းနေတဲ့ ပုဂ္ဂိုလ်ပဲ ဖြစ်ဖို့များတယ်။ ဒါပေမယ့်လို့ ပုဏ္ဏာကြီးက လက်မခံဘူး။ လက်မခံဘဲနဲ့ ဘုရားကို လျှောက်တယ်။ အရှင်ဘုရား တပည့်တော်ရဲ့ သမီးကလဲ ရွှေလိုဥ သလောက် ရုပ်ရည် ရူပကာယအားဖြင့် တင့်တောင့်တင့်တယ် လှပပါတယ်။ အရှင်ဘုရား ကြည့်ရတာလဲပဲ တပည့်တော် မျက်စိနဲ့ ကြည့်လိုက်လို့ရှိရင် ကြည့်လို့ မဝ၊ ရှုလို့ မဝ၊ အင်မတန်ကို တင့်တယ်လှပပါပေတယ်။ ရွှေရောင်အဆင်းလို ဝါဝင်းနေတဲ့ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက် ဖြစ်ပါတယ်။ အဲဒီတော့ တပည့်တော်သမီးနဲ့ ထိုက်တန်တာ ကတော့ အရှင်ဘုရားမှ တပါး လောကမှာ မရှိနိုင်ပါဘူး။ ဒါကြောင့် တပည့်တော် သမီးကို တပည့်တော်ကိုယ်တိုင် အရှင်ဘုရားအား အလုပ်အကျွေး အဖြစ်နဲ့ အပ်နှံပါတယ်။ ပေးလှူပါတယ်လို့ ပုဏ္ဏားကြီးက ဘုရားကို လျှောက်တယ်။

ဘုရားက အဲဒီပုဏ္ဏားကြီးကို စိတ်မဝင်စားတဲ့ အနေမျိုးနဲ့ အနားရှိတဲ့ ပရိသတ် အနည်းငယ်ကို ဘုရားက အကျိုးအကြောင်းတွေ ပြောနေတာ ရှိတယ်။ ပြောနေပေမယ့်လို့ အဲဒီပရိသတ်ကို ရည်ရွယ်ပြောတာ မဟုတ်ဘူး။ မာဂဏ္ဍိပုဏ္ဏားနီးမောင်နှံကို ရည်ရွယ် ပြီးတော့ အနားရှိတဲ့ ပရိသတ်ကို အကျိုးအကြောင်းတွေ ပြောနေတယ်။ ဘာတွေ ပြောနေတုံး ဆိုတော့ **"ဒိသွာန တဏှံ ရတိ ရာဂဉ္စ၊ န ဟောသိ ဆန္ဒော အပိ မေထုနသ္မိ "** ဒါလေးကို အနားရှိတဲ့ ပရိသတ်ကို ဘုရားက ပြောတယ်။ ငါဘုရားဟာတဲ့ ဗောဓိပင်နှင့် ရွှေပလ္လင်အောင်မြင်လို့ မကြာခင် အတောအတွင်းမှာ နတ်ပြည်

(၆)ထပ်ကို အစိုးရတယ် ဆိုတဲ့ မာရ်နတ်က သူ့သမီး (၃)ယောက်ကလည်း နတ်ပြည် (၆)ထပ်ကို အစိုးရတဲ့ နတ်ဘုရင် တစ်ဦးတစ်ယောက်ရဲ့ သမီး ဆိုတော့ ချောသလား၊ လှသလား၊ အရုပ်ဆိုးသလား ဘာမှ စဉ်းစား နေစရာ မလိုပါဘူးတဲ့။ ကျွန်ုပ်တို့လောက အမြင်နဲ့ ပြောရင်တော့ အင်မတန် ချော၊ အင်မတန်လှတဲ့ သမီး (၃)ယောက်ပါတဲ့။ ဒါပေမယ့်လို့ **နု ဟောသိ ဆန္ဒာ အာပိ မေထုနသ္မိံ**၊ ဘယ်လောက်ချောချော ဘယ်လောက်လှလှ ငါဘုရား၏ စိတ်ထဲမှာ မေထုန်နဲ့ ပါတ်သက်တဲ့ ကိစ္စ လုံးဝသာယာမှု၊ တွယ်တာမှု၊ နှစ်သက်မှု၊ ခင်မင်မှုဆိုတာ ငါဘုရား လုံးဝ မဖြစ်ပါဘူးတဲ့။

ဒါက မာဂဏ္ဍိပုဏ္ဏားကြီး လင်မယားကို ရည်ရွယ်ပြီးတော့ နှင့်သမီးထက် အဆပေါင်း သိန်း သန်းမကသာတဲ့ မာရ်နတ်ရဲ့သမီးတောင်မှ ငါ ဘယ်နည်း နဲ့မှ မယူနိုင်ဘူး၊ မတွယ်တာဘူး၊ မသာယာဘူး၊ မချစ်ဘူး၊ မကြိုက်ဘူးလို့၊ ဒီလိုပြောလိုက် သဖြင့် ခုနပြောတဲ့ တဏှာတို့ အရတိတို့ ရာဂါတို့ဆို မာရ်နတ်ရဲ့ သမီး (၃) ယောက်နဲ့ မာဂဏ္ဍိရဲ့သမီးနဲ့ နှိုင်းယှဉ်လိုက် မယ်ဆိုရင် လူနဲ့မျောက်လောက်မက ကွာရင်ကွာသွားနိုင်ပါတယ်တဲ့။ ဒီဖြစ်တာတွေ ကွာတာ မကွာတာ အသာထား၊ နတ်သမီး (၃)ယောက်က အညစ်အကြေး လုံးဝမရှိဘူး။ ကျင်ကြီးကျင်ငယ်စသည့် နှပ်၊ တံတွေးစတဲ့ အဲဒီ အညစ်အကြေးတွေ လုံးဝ ကင်းစင်ပြီးတော့ အင်မတန် သန့်ရှင်းဖြူစင် ဝါဝင်းပြီးတော့နေတဲ့ အမျိုးသမီး (၃)ယောက်တဲ့။ အခု မာဂဏ္ဍိရဲ့ သမီးက မုတ္တကရီသပုဏ္ဏဲ့ ကျင်ကြီး ကျင်ငယ်တွေနဲ့ ဝမ်းဗိုက်ထဲမှာ အပြည့်ရှိနေတဲ့ အမျိုးသမီးတစ်ယောက်တဲ့။ အပြင်ပ အနေအားဖြင့် တကယ်ကိုပင် ရွှေရောင်တွေ တောက်နေပါစေ။ အတွင်းကို လှမ်းပြီးတော့ နတ်မျက်စိနဲ့ ကြည့်လိုက်မယ်ဆိုရင် မုတ္တကရီသပုဏ္ဏဲ့ ကျင်ကြီး ကျင်ငယ်ကို တောင်မှ ငါဘုရား နှစ်သက်တွယ်တာမှု၊ သာယာမှုတွေ မရှိရင် ခုလို ကျင်ကြီး ကျင်ငယ်တွေနဲ့ ပြည့်နေတဲ့ မာဂဏ္ဍိပုဏ္ဏားကြီးရဲ့ သမီးကို ငါက ဘယ်လိုလုပ် နှစ်သက်မှာ တုန်းတဲ့၊ **ကုမာရိကာယ** - သင့်သမီး (မာဂဏ္ဍိရဲ့ သမီးဖြစ်တဲ့ သမီးလေး၊) မုတ္တကရီသပုဏ္ဏဲ့ကျင်ကြီး ကျင်ငယ်တွေနဲ့ ပြည့်နေသည်။ အမျိုးသမီး တစ်ဦးတစ်ယောက်ကို ကိုး ဆန္ဒာ၊ နှစ်သက်သာယာမှုဆိုတဲ့ ဆန္ဒဟာ။ ကိုး ဘဝိသတိ၊ ဘယ်လိုလုပ် ငါဘုရား ဖြစ်မှာလဲ။ မင်းတို့ စဉ်းစားကြည့်ပါ။

မင်းတို့သမီးထက် အဆပေါင်း သိန်းသန်းမကသာတဲ့ နတ်သမီး (၃) ယောက်ကို တောင်မှ ငါကပြစ်မှားစိတ်မရှိရင် မင်းတို့လို လူသား ကျင်ကြီး ကျင်ငယ်တွေနဲ့ ပြည့်နေတဲ့ အမျိုးသမီး တစ်ယောက်ကို လုံးဝကို မစဉ်းစားဘူး။ မစဉ်းစားရုံတင် မကဘဲနဲ့ **ပါဒေနပိ ဖုသိတုံ နက္ကစ္ဆေ** ငါ့ရဲ့ ခြေတော်နဲ့တောင်မှ မင်္သမီးကို တို့ဖို့၊ ထိဖို့ဆိုတာ လုံးဝ စိတ်ကူးကို မရပါဘူးလို့ အဲဒီလိုပြောလိုက်တယ်။

ဒီတော့မှ ပုဏ္ဏား ကြီးကလဲ ပြန်စဉ်းစားတယ်။ ပုဏ္ဏားမကြီးကတော့ နဂိုကထဲက ရိပ်မိတယ်။ ဒါနဲ့စပ်ပြီးတော့ အမေးအဖြေတွေ လုပ်ပြီး တရားဟောလိုက်တော့ မာဂဏ္ဍိပုဏ္ဏားကြီး ဇနီးမောင်နှံဟာ အကျွတ်တရား ရပြီး တစ်မဂ်တစ်ဖိုလ် ရသွားကြတယ်။ တခါတည်း နှစ်နှစ်ကာကာကို ဘုရားမှ ဘုရားဆိုတဲ့ သုံးလူထွဋ်ထား ရှင်တော်မြတ်ဘုရားမှ ဘုရား၊ ကျန်တာတွေ တို့ဘုရားလို့ အသိအမှတ် မပြုနိုင်ဘူး။ **အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**။ ယနေ့မှ အစပြု၍ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကိုပဲ ရိုသေလေးမြတ်မြတ် ကိုးကွယ် ဆည်းကပ်မယ်လို့ အဲဒီလိုဖြစ်တယ်။

အဲဒီတော့ ကိုယ့်ရှုတဲ့ စည်းစိမ်ဥစ္စာကို လျှဒါန်းတယ်ဆိုတာ အသင့်အတင့်တော့ ရတယ်၊ ရှိသမျှ အကုန် အိတ်သွန်ဖာမှောက် အကုန် လျှဒါန်းပါဆိုရင် လျှဝံ့ပါ့ မလား။ ဘယ်သူမှ မလျှဝံ့ဘူး၊ လျှဝံ့တဲ့လူ ရှိရင် ထပါ။ ဘုန်းကြီးက ကျောင်းခေါ်သွားပြီး အလျှခံမယ်။ ထဝံ့လား။ ဘုန်းကြီးတို့ရဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက လူနတ်ဗြဟ္မာ သတ္တဝါတွေရဲ့ အထွဋ် အထိပ်ဖြစ်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မာဂဏ္ဍီ ဇနီးမောင်နှံတို့ရဲ့ သမီးကို လုံးဝ စုံမက်ခြင်း လောဘကင်းတယ်၊ တဏှာကင်းတော်မူတဲ့ ဘုရင်းရှင်ကိုယ်တော်မြတ်ကြီးကျတော့ ထဝံ့ရုံတင် မကဘူး။ တလောကလုံးကို လှည့်မပြဝံ့ ဘူးလား။ ပြဝံ့တယ်။ ဒါကြောင့် ဘုရားကို အရဟံဂုဏ်တော်နဲ့ ဂုဏ်တော် (၉)ပါးတို့တွင် အစဦ ချီးမွမ်းရတာ။

အဲဒီဂုဏ်ဒတော် (၉)ပါးကို မြန်မာပြန်လိုက်ရင် လောဘကင်းတော် မူသော မြတ်စွာဘုရား။ ဒေါသ ကင်းတော်မူသော မြတ်စွာဘုရား။ မောဟကင်းတော်မူသော မြတ်စွာဘုရား။ မာန်မာန လုံးဝရှိတော် မမူသော မြတ်စွာဘုရား။ ကိလေသာတရား လုံးဝ ကင်းစင်တော်မူသော မြတ်စွာဘုရား၊

နှမြောတွန့်တိုခြင်း၊ မစ္ဆရိယ လုံးဝ ကင်းမှုရှိသော မြတ်စွာဘုရားဆိုတာ ဒါအရဟံဂုဏ်တော်ပဲ။ အရဟံဂုဏ်နဲ့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ ခန္ဓာကိုယ် (၃၂) ကောဋ္ဌာသလုံးပဲ။ ခန္ဓာကြီးငယ် အားလုံးဟာ မပူဇော်သင့်၊ မပူဇော်ထိုက် ရှိမခိုးသင့်၊ ရှိမခိုးထိုက်တဲ့ အဂ်ါ အစိတ် အပိုင်းရယ်လို့ ရှိနိုင်မလား။ မရှိနိုင်ဘူး။ အာသဝေါ ကုန်ခမ်းနေတဲ့ ဘုရားကို မဆိုထားနဲ့တော့ အရဟံ ဂုဏ်တော်နဲ့ ပြည့်စုံတဲ့ ဘုရားရှင်ကို မဆိုထားနဲ့တော့ အရဟံဂုဏ်တော် ပွားတဲ့ ပုဂ္ဂိုလ်တောင်မှ အဲဒီပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ် တစ်ကိုယ်လုံးဟာ စေတီထိုက်တယ်တဲ့။

အဲဒါကို ရှေ့တုန်းက ဘုန်းကြီးတို့၊ ကိုရင်တုန်းက ကြားဖူးတာ။ မိုးညှင်း ဆရာတော်ကြီးက--**ဗုဒ္ဓဂုဏာ ပွား သူမှာ ခန္ဓာစေတီထိုက်**။ (လက်ာ) ဘုရားရဲ့ ဂုဏ်တော် (၉)ပါးလုံးပဲ ဖြစ်ဖြစ်၊ (၁)ပါးပဲဖြစ်ဖြစ် ပွားတဲ့ ပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ်ဟာ ဂုဏ်တော်တို့ဖြင့် ထုံမွမ်းထားတဲ့အတွက် တစ်ကိုယ်လုံးဟာ စေတီပူဇော်ခြင်းဌာ၊ ရှိခိုးခြင်းဌာ ထိုက်တယ်။ အဲဒီတော့ ဘုရားဂုဏ်တော်ပွားတဲ့ ပုဂ္ဂိုလ်ရဲ့ခန္ဓာကိုယ်တောင်မှ စေတီထိုက်ရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး တစ်ကိုယ်လုံးက စေတီမထိုက်ပဲ နေမလား။ မထိုက်ပဲ မနေဘူး။ အဲဒီတော့ ခြေတော်ရာကို ဘာဖြစ်လို့ ကိုးကွယ် သလဲဆိုရင် ခြေတော်ရာတောင်မှ လူ နတ် ဗြဟ္မာ သတ္တဝါတို့ရဲ့ ပူဇော်အထူးကို ခံထိုက်တယ်ဆိုရင် ဘုရားရှင် တစ်ကိုယ်လုံးက ပြောစရာ မရှိဘူးဆိုတဲ့ ဒီအဓိပ္ပါယ်ကို လေးလေးနက်နက် သိစေချင်သည့်အတွက် ဘုရားရှင် ကိုယ်တော်မြတ်ကလဲ ဒီခြေတော်ရာကို နောင်လာနောက်သားတွေတွေ့ရင် ငါဘုရားကို ကြည်ညိုတဲ့ သဒ္ဓါဟရားတွေ ဖြစ်။ ငါဘုရားလို လောဘ၊ ဒေါသတွေကင်းချင်တဲ့ စိတ်တွေ ဖြစ်ပြီးတော့ တရားတွေကို အားထုတ်ကြလိမ့်မယ်။ အားထုတ်ရင် တစ်မင်္ဂတစ်ဖိုလ် ရပြီးတော့ သံသရာဝဋ်မှ ကျွတ်လွတ်ကြလိမ့်မယ်လို့ ဒီလို ရည်ရွယ်ချက်နဲ့ ဘုရားရှင် ကိုယ်တော် မြတ်ကြီး ခြေတော်ရာကို ထားခဲ့တာ။

ကဲ အဲဒီလို ထားခဲ့တဲ့ခြေတော်ရာ။ ဒီထဲမှာတော့ အညွှန်းတွေနဲ့ အကုန် ပါပါတယ်။ ဘယ်နှစ်ဆူဆိုတာ။ အဲဒါကို မာဂဏ္ဍိပုဏ္ဏားတို့ ဇနီးမောင်နှံအတွက် ဘုရားရှင်က တကယ့်ကို မေတ္တာနဲ့ ကရုဏာနဲ့၊ သတ္တဝါတွေကို ကျွတ်လွတ်စေချင်တဲ့ စေတနာနဲ့ ချပေးလိုက်တဲ့ ခြေတော်ရာ

တဲ့။ ခြေတော်ရာကို အကြောင်းပြုပြီးတော့ ဇနီးမောင်နှံလည်း တစ်မင်္ဂ တစ်ဖိုလ် ရပြီးတော့ သံသရာက လွတ်မြောက်သွားပြီ။ ယခုလည်း (၃)ထပ် ကျောင်းကြီး အဘိဓဇ သုံးထပ်ကျောင်းကြီး အထပ်သုံးထပ် တကယ့်အဆင့် အမြင့်ဆုံးဖြစ်တဲ့ မျက်နှာကျက်၊ ငွေပေါင်းမြောက်များစွာ အကုန်အကျ ခံပြီးတော့ လှူဒါန်းထားတဲ့ မျက်နှာကျက်၊ ဒီတစ်ကျောင်းလုံးရဲ့ အထွဋ်အထိပ် ဖြစ်တဲ့ မျက်နှာကျက်ကြီးမှာမှ လက်ဝဲခြေတော်ရာ၊ လက်ျာခြေတော်ရာ၊ စေတီတော် (၂)ဆူကို ကျွန်းသားတွေနဲ့ ကျကျနန ထုလုပ်ပြီးတော့ ဘုန်းကြီး ခပ်စောစောက ဖတ်ပြတဲ့ အလှူဒကာ၊ အလှူဒကာမ များက တည်ထားကိုးကွယ်ကြတယ်။ အဲဒီတော့ ဘုရားကို ကိုးကွယ်တဲ့အခါမှာ ပါဒစေတီကိုလဲ ရှိခိုးပေးရမယ်။

ဘယ်လို ရှိခိုးရမလဲ - - -

"ဝန္ဒေ ပါဒမ္ဗုဇံ ဒွယံ၊ သုဇာလီဘိ စုမ္ဗိတံ။

ဝီတရာဂဿ ဗုဒ္ဓဿ၊ ဝိပ္ပသန္နေန စေတသာ"တဲ့။ အဲဒီလို စေတီတော်ကို အာရုံပြုပြီးတော့ လှိုက်လှိုက်လဲ့လဲ့ လောဘတွေ လုံးဝကင်းစင်တော်မူတဲ့၊ လောဘ လုံးဝရှိတော်မမူတဲ့၊ ဒေါသတွေ လုံးဝကင်းစင်တော် မူတဲ့ ဒေါသလုံးဝရှိတော်မမူတဲ့၊ မာန်မာန လုံးဝကင်းစင်၊ ရှိလည်းမရှိတဲ့၊ ထို့အတူ ကွဿာ မစ္ဆရိယတရားဆိုတဲ့ အင်မတန်ဆိုးဝါး၊ တရားတွေ အကုန်လုံး သုတ်သင်ရှင်းလင်းပြီးတော့ ဖယ်ရှားတော်မူပြီးဖြစ်တဲ့ ဘုရားရှင် ကိုယ်တော် မြတ်ကြီး။

အဲဒီ ကိုယ်တော်မြတ်ကြီးကို ခုနပြောတဲ့ ဂါထာနဲ့ **သုဇာလီဘိ**တဲ့၊ သောတာပန် သကဒါဂါမ် အစရှိတဲ့ အရိယာသဒ္ဓါတော်စင် ပုဂ္ဂိုလ်တို့သည် သူတော်စင် ပုဂ္ဂိုလ်တည်းဟူသော ဟူးပီတုန်းတို့သည် **စုမ္ဗိတံ**-ဘုရားရှင် ခြေတော်ရာ တည်းဟူသော ကြာပဒုံကို နမ်းစုပ်ကြကုန်သည်ဖြစ်၍ (ဝါ) အဆီအနှစ်ကို စုပ်ယူအပ်သော၊ **ပါဒမ္ဗုဇံဒွယံ**၊ ခြေတော်အစုံကြာပဒုံကို။ ဘယ်သူရဲ့ ခြေတော်အစုံ ကြာပဒုံလဲဆိုတော့ **ဝီတရာဂဿ**- တဏှာရာဂလုံးဝ ရှိတော်မမူတဲ့၊ **ဗုဒ္ဓဿ**-သုံးလူထွဋ်ထား ရှင်တော်မြတ်ဘုရား၏။ **ပါဒမ္ဗုဇံ**- ခြေတော်အစုံ ကြာပဒုံကို **ဝိပ္ပသန္နေန**- ကြည်လင် အေးမြစွာသော စိတ်ဓာတ်ဖြင့်။ **ဝန္ဒေ**မိ- လက်အုပ်မိုး၍ ရှိခိုးပါ၏။ စေတီတော်ကို

လှိုက်လှိုက်လဲလဲ တစ်နေ့ တစ်ကြိမ် ဖြစ်ဖြစ်၊ နှစ်ကြိမ် ဖြစ်ဖြစ်၊ တတ်နိုင်သမျှ ရှိခိုးပူဇော် ကြမယ်ဆိုရင် အဲဒီပူဇော်တဲ့ ပုဂ္ဂိုလ်တွေရဲ့ ခန္ဓာတော်ကြီးပါ စေတီထိုက်သွား ပါလိမ့်မယ်။

စေတီထိုက်ရုံတင် မကဘဲနဲ့ ရှေ့သို့ ဆက်လက်ပြီးတော့ တရားမမှုကို ဘုရားရှင်တို့ ရတဲ့အတိုင်း လိုက်နာကျင့်ကြံ ကြိုးကုတ် အားထုတ် ကြမယ်ဆိုရင် သံသရာ တဖက်ကမ်း နိဗ္ဗာန်နန်းကို မိမိတို့မျှော်မှန်းထားတဲ့ အတိုင်း မုချဧကန် ရမှာသေချာတယ်။ ထို့ကြောင့် အားလုံးသော ပရိသတ် အပေါင်း သူတော်ကောင်း တို့သည် မိမိတို့ရဲ့ ရာဂတည်းဟူသော ကိလေသာ အညစ်အကြေးတွေကို ပြောင်စင်အောင် ဆေးကြောနိုင်ကြ ကုန်သည်ဖြစ်၍ သံသရာတဖက်ကမ်း နိဗ္ဗာန်နန်းသို့ လျှင်မြန်စွာ တက်လှမ်းနိုင်ကြပါစေ ကုန်သတည်း။

(လောကမာရဇိန်ဘုရား ခြေတော်ရာ ရေစက်ချပွဲ၌ ဟောတော်မူသည်)

လှရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ ဟောကြားသော အဌီရသ ဗုဒ္ဓခြေတော်ရာ တရားတော် မင်္ဂလာများနှင့်

၁၃၆၉-ခုနှစ် တော်သလင်းလပြည့် **ဂရုဓမ္မအခါတော်နေ့**- ဒီနေ့ ဟာဉီးကျော်ထွဋ်+ဒေါ်စန်းစန်းဝင်း သားသမီးမြေးတစုက ပါဠိတက္ကသိုလ် ညောင်တုန်း ကျောင်းတိုက် လှရတနာကျောင်းမှာ ရွှေဝါယွန်း ဗုဒ္ဓခြေတော်ရာ **အဌီရသပါဒစေတီ တည်ထားတဲ့နေ့**ပါပဲ၊ အခမ်းနားမျှး ကြေငြာတဲ့ ဒကာရဲ့ စကားနဲ့ ပြောရင်တော့ **မဟာမင်္ဂလာ အခမ်းအနားကျင်းပတဲ့နေ့၊** အနုမောဒနာတရားချီးမြှင့်တဲ့ ဗန်းမော် ဆရာတော် စကားနဲ့ပြောရင်တော့ **ဟိုက် ဒရိုက်ကုသိုလ်ဓာတ်ငွေ့တွေ မိမိတို့ ခန္ဓာကိုယ်အတွင်းမှာ ထည့်သွင်းတဲ့နေ့, ကုသိုလ်သံလိုက် ဓာတ်တွေ လွှတ်တဲ့နေ့** ပါပဲ။

ဒီနေ့မှာ ဗန်မော်ဆရာတော်က တသက်တာပတ်လုံး စဉ်းစားလိုက်တိုင်း ဝမ်းမြောက်ဖွယ် အနုမောဒနာ စကားကို ပြောကြားလိုက်တဲ့အတွက် အဌီရသပါဒစေတီ ကုသိုလ်ရှင်မိသားစုသာမက ကြွရောက်လာတဲ့ ဓမ္မမိတ်ဆွေ အားလုံးလည်းပဲ ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြရပါတယ်၊ ယခုကြွရောက်လာတဲ့ တရားနာပရိတ်သတ်တွေဟာ အနန္တဇိနဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီတော်ကြီးရဲ့ ဘုရားဒါယကာ+ဘုရားဒါယိကာမတွေ အားလုံးပဲ ဖြစ်ကြပါတယ်၊ အနန္တဇိနဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီတော်ကြီးဟာ မန္တလေးမှာ ခုအချိန် သွန်းလောင်းတော့မှာ ဖြစ်ပါတယ်၊ သွန်းလောင်းတဲ့အခါ **နဝလောဟ ဗုဒ္ဓခြေတော်ရာ နဝရတ် ဗုဒ္ဓခြေတော်ရာဖြစ်အောင်** ရတနာဓာတ် အမျိုးမျိုး ထည့်သွင်းပြီးတော့ သွန်းလောင်း ပူဇော်မည့်အကြောင်းကိုလည်းပဲ ဗန်းမော် ဆရာတော် အမိန့်ရှိတဲ့ စကားအရ အားလုံးပဲ ကြားသိရပြီးဖြစ်ပါတယ်၊ အဲဒီတော့ ယခုပိုပြီးတော့ ဝမ်းမြောက်အောင် ခြေတော်ရာ ရေစက်မချခင် အနုမောဒနာ စကားပဲ နဲနဲပြောပေးပါမယ်။

ဆင်းတုရုပ်ပွါးနှင့် ဗုဒ္ဓခြေတော်ရာ ကွာခြားပုံ

စောစောပိုင်းက ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့, ဥက္ကဋ္ဌ ဦးကြည်ဝင်းရဲ့ လျှောက်ထားချက် ထဲမှာ ခြေတော်ရာဟာ စေတီ (၄) မျိုးထဲမှာ ဥဒ္ဒိဿ

စေတီထိုက်တယ်လို့ လျှောက်ထားသွား ပါတယ်၊ ဆင်းတုရုပ်ပွါး ကိုယ်တော်မြတ်တွေ့ ကလည်းပဲ ဘုရားရှင်ရဲ့ ခန္ဓာကိုယ်ပုံသဏ္ဌာန်ကို ရည်မှန်းပြီးတော့ ထုလုပ်ပူဇော်ထားတာဖြစ်လို့ ဥဒ္ဒိဿစေတီပဲ ထိုက်တော် မူကြပါတယ်၊ အဲဒီတော့ ဆင်းတုရုပ်ပွားလဲပဲ ဥဒ္ဒိဿစေတီပဲ, ခြေတော်ရာလည်းပဲ ဥဒ္ဒိဿစေတီပဲ ဘယ်လိုမျှား ကွာခြားသလဲ ဘာမျှားထူးခြားသလဲ ဒီလိုနှိုင်းယှဉ်ကြည့်ရပါမယ်၊ ဥဒ္ဒိဿ စေတီချင်း အတူတူပါပဲ ဆင်းတုရုပ်ပွားမှာတော့ လက်ရာမြောက်အောင် ပန်းပုဆရာက ထုနိုင်ရင် (၃၂)ပါး လက္ခဏာတော်ကြီးတွေ ထိုက်သင့်သလောက် ထင်ရှားစွာ ဖူးတွေ့ နိုင်ပါတယ်၊ (၃၂)ပါးသော မဟာပုရိသလက္ခဏာကြီးတွေ အကြောင်းကိုလဲ လောကထိပ်ပန် ဘုရားရေစက်ချ အလျှူပွဲမှာ၊ **"ဘုရားဟုတ် မဟုတ် လက္ခဏာတော်ဖြင့် စစ်ဆေးကိုးကွယ်နည်း"** ဆိုတဲ့ စာအုပ်မှာ အကျယ်တဝင့် ဖော်ပြပြီးဖြစ်ပါတယ်၊ ခြေတော်ရာ မှာတော့ ခြေတော်နဲ့ ပတ်သက်တဲ့ လက္ခဏာတော်တွေ (၅)ပါး (၆)ပါးလောက် ပါရှိပါတယ်။

လယ်ပေါ် ဆရာတော်ကြီး စကား

အဲဒီလို လက္ခဏာတော်ချင်း ကွာခြားရုံတင်မက ဆင်းတုရုပ်ပွါးနှင့် ခြေတော်ရာ ကွာခြားပုံကို ၂၀၀၄ -ခုနှစ်က ပြင်ဦးလွင်မြို့ ပိတ်ချင်းမြောင် လိုဏ်ဂူအတွင်းမှာ ပူဇော်မည့် ခြေတော်ရာကို မန္တလေးမြို့ ဘုရားကြီးတိုက် ဒေါနခြံအုဉ်ကျောင်းမှာ ရေစက်သွန်းချ လျှုဒါန်းခဲ့ပါတယ်၊ အဲဒီရေစက်သွန်းချတဲ့ပွဲမှာ ဘုရားကြီးတိုက်ရဲ့ မဟာနာယက လယ်ပေါ် ဆရာတော်ကြီးက အနုမောဒနာဟောကြားတဲ့အခါ ဘာအမိန့်ရှိသွားသလဲဆိုတော့ ဆင်းတုရုပ်ပွါးလည်း ဥဒ္ဒိဿစေတီပါပဲ၊ ဗုဒ္ဓခြေတော်ရာလဲ ဥဒ္ဒိဿစေတီပါပဲတဲ့၊ ဥဒ္ဒိဿစေတီချင်း ဘာကွာခြားသလဲ၊ ဆင်းတုရုပ်ပွါး ဥဒ္ဒိဿစေတီထုတဲ့ ပန်းပုဆရာက လက်ရာမမြောက်ဘူး ဆိုရင် ဆင်းတုရုပ်ပွါးကို ဖူးမျှော်တဲ့ ပုဂ္ဂိုလ် တွေမှာ စိတ်အနှောင့်ဇယ်ကျက်ဖြစ်သွားနိုင်တယ်၊ ခြေတော်ရာဥဒ္ဒိဿစေတီက တော့ (၁၀၈) ကွက် စက်လက္ခဏာ ပူဇော်ထားတဲ့ အတွက် စိတ်အနှောင့် အယှက် မဖြစ်ရပဲနဲ့ ကြည်ကြည်လင်လင် ဖြစ်နိုင်တယ်၊ ခြေတော်ရာ ကိုးကွယ် ရတာက ပိုပြီးတော့ စိတ်ကြည်လင်နိုင်ပါတယ်၊ အဲဒီလို ဘုရားကြီးတိုက်ရဲ့ မဟာနာယက လယ်ပေါ် ဆရာတော် ဘုရားကြီးက အမိန့်ရှိ သွားပါတယ်။

အညာအရပ်ဒေသမှ ဘုရားအမ တစ်ဦး

ဒီဆရာတော် ဘုရားကြီး အမိန့်ရှိတာလည်းပဲ အလွန်မှန်ကန်လှ ပါတယ်၊ ဘုန်းဘုန်းတို့ အညာဒေသမှာ ဘုရားအမတစ်ယောက်က **ဆင်းတုရုပ်ပွါး ဥဒ္ဒိဿစေတီကို သစ်သားဖြင့် ထုလုပ်ပူဇော်ခဲ့ပါတယ်၊** သစ်သား ဖြင့်ထုပ်လုပ်ပူဇော်တဲ့ အခါ ပန်းပုဆရာက လက်ရာမမြောက်တော့ ဖူးမျှော်ရတဲ့ ပုဂ္ဂိုလ်တွေမှာ စိတ်အနှောင့် အယှက် ဖြစ်ရပါတယ်၊ ထုလုပ်လိုက်တဲ့ သစ်သားက ပေါင်းပြီးသား သေပြီးသား သစ်သား မဟုတ်ပဲနဲ့ **အစိုဖြစ် နေတော့ နွေခါရောက်တဲ့**အခါ သစ်သားတွေရဲ့သဘာဝ ကြုံ့တာ ကြွတာ ဖြစ်လိုက်တော့ ဆင်းတုရုပ်ပွါးဟာ ရွှေ့လျားသွား တဲ့အခါ ဘုရားရှင်ရဲ့ခန္ဓာကိုယ် ခါးဟာ စောင်းသွားခဲ့ပါတယ်၊ ခါးစောင်းသွားပြီ ဆိုတော့ စ,ထုတုန်းကလည်း လက်ရာက အချိုးမပြေ၊ သစ်သားက ကြုံ့လိုက် ကြွလိုက်တဲ့-အခါ ခါးကပါ စောင်းသွားတော့ ဘုရားအမဟာ သူ့ရဲ့ ဆင်းတု ရုပ်ပွါးကို ကြည့်ပြီးတော့ ချုံးပွဲ ချပြီး ငိုခဲ့ရပါတယ်၊ ဒါ-တကဲ့အဖြစ်အပျက်ပါပဲ။

အနန္တဇိန ဆင်းတု ရုပ်ပွါးတော်ကြီး

အဲဒီတော့ အညာက ဆင်းတုရုပ်ပွါးဆိုတာက ဝေးသေးတယ်၊ ခုဘုရားဖူး တရားနာ ပရိသတ်တွေရဲ့ ရှေ့မှာမြင်တွေ့ဖူးမျှော်နေရတဲ့ အနန္တ ဇိနဘွဲ့ အမည်တော်ရတဲ့ ဆင်းတု ရုပ်ပွါးကိုယ်တော်မြတ်ကြီးကိုပဲ ဖူးမျှော် ကြည့်ကြရအောင်၊ ဒီဆင်းတုရုပ်ပွါး ကိုယ်တော်မြတ်ကို ဖူးမျှော်ရတဲ့ ပုဂ္ဂိုလ် တိုင်း ဘာပြောကြသလဲဆိုတော့ လက်ရာ အလွန်မြောက်တယ်၊ ခန္ဓာကိုယ် အချိုးအစား အင်မတန်ကျနတယ်၊ အင်မတန် ကြည်ညိုဖွယ် ကောင်းတဲ့ ဆင်းတုရုပ်ပွါးပဲ ဘုရားတဲ့၊ အဲဒီလို လျှောက်ထားကြပါတယ်။

အဲဒီလိုလျှောက်ထားတဲ့ ပုဂ္ဂိုလ်တွေဟာ အခုမြင်တွေ့နေရတဲ့ အနေ အထားကို ကြည့်ပြီးတော့ လျှောက်ထားကြခြင်း ဖြစ်ပါတယ်၊ တကယ်တော့ ဒီအနန္တဇိန ဆင်းတု ရုပ်ပွါးဟာ ပထမဆုံးအကြိမ် လှရတနာ ကျောင်း ရေစက် မချခင် ပန်းရံဆရာ သွန်းလောင်း ထုလုပ်လိုက်တဲ့ပုံဟာ လက်ရာအချိုး အစား မပြေပြစ်ခဲ့ပါဘူး၊ မပြေပြစ်တဲ့အတွက် ကျောင်းဒကာ ဦးရှမ်းက အဲဒီပန်းရံ ဆရာကို ဖြုတ်ပြီးတော့ စစ်ကိုင်းက နောက်ပန်းရံဆရာ တစ်ယောက်နဲ့ ထပ်ပြီးတော့ ပူဇော်ခဲ့ပါတယ်၊ နောက်ဆရာတစ်ယောက် ကိုင်လိုက်တဲ့

ဆင်းတုရုပ်ပွါးဟာလည်းပဲ အခ်ိုးအစား မပြေပြစ်ခဲ့ပါဘူး၊ ဒါနဲ့ ကျောင်းရေစက် ချပွဲ နီးတာနဲ့ ရောင်တော်ဖွင့်ပြီးတော့ ပူဇော်လိုက်ရပါတယ်၊ ကျောင်းရေစက် ချပွဲလာတဲ့ပရိသတ်ဟာ အလွန်ကြီးကျယ် များပြားပါတယ်၊ အညာပရိသတ် ရန်ကုန်ပရိသတ် အလွန် စုံလင်လှပါတယ်။

ဘုရားဖူးပြီးတော့ ဘုရားကို မော်ကြည့်လိုက်ရင် ဘုရားက မကြည်တဲ့ ပုံနဲ့ ငေါက်နေတဲ့အမူအရာကြီးကို တွေ့ရပါတယ်၊ ဘုရား ဆိုတော့လည်း မပြော ကောင်းတော့ အသာပဲ အောင့်သက်သက်နဲ့ ဒီလိုပဲ ရှိခိုးဦးချလိုက် ကြရပါတယ်၊ ဒါနဲ့ (၂)နှစ်ပတ်လုံး ဘုရားဟာ ရှိခိုးတဲ့ပုဂ္ဂိုလ်တွေကို ငေါက်တဲ့အမူအရာမျိုးကြီး ဖြစ်နေပါတယ်၊ လှရတနာကျောင်း အလယ်ထပ်မှ ကျောက်ဆင်းတုရုပ်ပွါးဟာ မန္တလေးမြို့ သူရဲတန်းက ထုလုပ်တဲ့ ကျောက်ဆင်းတု ရုပ်ပွါးကို ဖြစ်ပါတယ်၊ ကျောက်ဆစ်တန်းထက် အဆင့်မြင့်တဲ့ သူရဲတန်းဖြစ်ပါတယ်၊ အဲဒီသူရဲတန်းက ထုတဲ့ ကျောက်ဆင်းတုရုပ်ပွါးကို ရောင်တော်ဖွင့်တဲ့ အခါကျမှ ပန်းတမော့ ဆရာကြီး ဦးတော်တော်ရဲ့ အဆက်အသွယ်နဲ့ ဒကာ ကိုသန်းထွန်း လာရောက်ပြီးတော့ ရောင်တော်ဖွင့်တဲ့ အခါကျမှ ယခုဘုရားဖူးပရိတ်သတ်တွေ မြင်တွေ့ရတဲ့ ဆင်းတုရုပ်ပွါး ကိုယ်တော်မြတ်ကြီးကို ဖူးမျှော်ရတာဖြစ်ပါတယ်။ အဲဒီတော့ ဆိုလိုတာက ဆင်းတုရုပ်ပွါးကို ဖူးမျှော် ရတာဟာ ထုလုပ်တဲ့ပုဂ္ဂိုလ်က အခ်ိုးအစား ပြေပြစ်အောင် ထုလုပ်နိုင်မှ ကြည်ညိုဘွယ်ဆောင်ပါတယ်၊ ထုလုပ်တဲ့ ပုဂ္ဂိုလ်က အခ်ိုးအစား မပြေပြစ်ရင် ဘုရားဒကာ+ဘုရားအမတွေ သာမက ဖူးမျှော်တဲ့ ပုဂ္ဂိုလ်တွေပါ စိတ်အနှောင့်အယှက် ဖြစ်ရပါတယ်၊ ခြေတော်ရာ ဥဒ္ဒိဿစေတီကတော့ (၁၀၈)ကွက် စက်လက္ခဏာ အပြည့်အစုံ ပူဇော်ထားတာ ဖြစ်တဲ့အတွက် ဘုရားဒကာ+ဘုရားအမသာမက မြင်ရတဲ့ ပုဂ္ဂိုလ်တိုင်း ကြည်နူးရွှင်လန်းကြရပါတယ်။

မူသစ် ဒီဇိုင်းအသစ်ဖြင့် ပထမဆုံး ပူဇော်သော ခြေတော်ရာ

အထူးသဖြင့် ဒီနေ့ ရွှေဇဝါယွန်း ဗုဒ္ဓခြေတော်ရာ ရတနာထိုက်တဲ့ ဗုဒ္ဓခြေတော်ရာ အကြီရသပါဒစေတီဟာ စောစောပိုင်းက ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ဥက္ကဋ္ဌဦးကြည်ဝင်း လျှောက်ထားတဲ့အတိုင်း ပန်းမော်ဆရာတော် အမှူးပြု တဲ့ ဗုဒ္ဓခြေတော်ရာ မူမှန်ပူဇော်ရေး အဖွဲ့ (၂၉၊ ၆၊ ၂၀၀၇) နေ့မှာ

အတည်ပြု လိုက်တဲ့ ဒီဇိုင်းအသစ်မူသစ်နှင့် ပူဇော်တဲ့ ခြေတော်ထဲမှာ ပထမဆုံးခြေတော်ရာ ဖြစ်ခဲ့ပါတယ်၊ ပထမဆုံးပူဇော်တဲ့ ခြေတော်ရာ ဖြစ်သလို ရွှေဇဝါ ယွန်းဖြင့် ပူဇော်ထားတာ ဖြစ်တဲ့အတွက် လက်ရာလည်း အလွန် မြောက်ခဲ့ပါတယ်၊ ဘုန်းဘုန်းတို့ ခြေတော်ရာတွေကို ဝတ္ထုပစ္စည်း အမျိုးမျိုးနဲ့. ပူဇော်ခဲ့ပြီးပါပြီ၊ အဘိဓဇဆွမ်းစားကျောင်းကြီးအပေါ်ထပ်မှာ သစ်သားခြေတော်ရာ၊ အောက် ထပ်မှာနဲ့. မဟာဝိဇယဘုရား အိမ်တော်ရာ ဘုရားဟို့မှာ စကျင်ကျောက် ခြေတော်ရာတွေ ပူဇော်ခဲ့ ပြီးပါပြီ၊ သာသနပါလ အသင်းဥက္ကဋ္ဌ ဦးချစ်အေးတို့ အနေနဲ့.ဆိုရင်တော့ ဆူးလေဘုရားမှာ ရွှေခြည်ထိုးခြေတော်ရာကို ပူဇော်ခဲ့ပြီးပါပြီ၊ ဒကာမကြီး ဒေါ်အေးသန်း အနေနဲ့လည်း လှရတနာကျောင်းမှာ ကျောက်မျက်ရတနာခြေတော်ရာ၊ ဦးကျော်ကင်ရော့+ဒေါ်အောင်ပိုးလှဲ မိသားစု အနေနဲ့.လဲ ရွှေခြေတော်ရာ စသည်ဖြင့် ခြေတော်ရာအမျိုးမျိုးကို ပူဇော်ခဲ့ပါပြီ။

ရွှေဇဝါယွန်း ဗုဒ္ဓခြေတော်ရာရဲ. ထူးခြားချက်

အဲဒီအမျိုးမျိုးသော ခြေတော်ရာတွေ ပူဇော်တဲ့အထဲမှာ ဒီနေ့ ပူဇော်ထိုက်တဲ့ ရွှေဇဝါယွန်းခြေတော်ရာကတော့ တကယ့်သက်တော်ထင်ရှား မြတ်စွာဘုရားရှင်ရဲ့ပကတိ ခြေဖဝါးမှာရှိတဲ့ (၁၀၈)ကွက် စက်လက္ခဏာတွေကို ဖူးမြင် မြင်တွေ့.ရတဲ့အတိုင်း ပူဇော်ရမှာ ဖြစ်ပါတယ်၊ စကျင်ကျောက် ခြေတော်ရာတို့ သစ်သားခြေတော်ရာတို့ဟာ အနုပညာအနေနဲ့. ပီပြင်အောင် ဆိုပြီးတော့ (၁၀၈)ကွက် စက်လက္ခဏာတွေကို ဖောင်းကြွအောင် ထုလုပ် ပူဇော် ပေးထားရပါတယ်၊ ဖောင်းကြွအောင် ပူဇော်ပေးထားတော့ (၁၀၈) ကွက် စက်လက္ခဏာကို ဖူးမြင်တဲ့ ပုဂ္ဂိုလ်တွေ မှတ်သားရတာ လွယ်ကူခဲ့ပါတယ်၊ ဒါပေမဲ့ တကယ့်မြတ်စွာဘုရားရှင်ရဲ့ ပကတိခြေတော်မှာတော့ (၁၀၈)ကွက်ဟာ အဲဒီလို ဖုဖုဖေါင်းဖေါင်းကြီးတွေ မညီမမျှကြီးတွေ မဟုတ်ပါဘူး။

ဘုရားရှင်ရဲ့ ခြေဖဝါးတော်မှာပါတဲ့ သုပ္ပတိဋ္ဌိတပါဒ လက္ခဏာ ဆိုတာ- **သုပ္ပတိဋ္ဌိတပါဒေါ ခေါ ပန သော ဘဝံ ဂေါတမော-သော ဘဝံ ဂေါတမော၊** ထို အရှင်ဂေါတမဘုရားသည်။ **သုပ္ပတိဋ္ဌိတပါဒေါ၊** မြေဦးနှင်းသော ချသောအခါ ရွှေခြေနင်းလို ကောင်းစွာတည်ထိသော ညီညာသည့်

ခြေဖဝါးတော်အပြင် ရှိတော်မူပါပေ၏ဆိုတဲ့ ဗြဟ္မာယုသုတ် ပါဠိတော်မှာ လာတဲ့အတိုင်း -

ယခု ရွှေဇဝါယွန်းခြေတော်ရာလို ရွှေခြေနင်းလို မျက်နှာအပြင်ဟာ ညီညာ နေရပါတယ်၊ ညီညာနေတဲ့ ခြေဖဝါးတော်အပြင်မှာ စက္ကေနကိတပါဒ လက္ခဏာဖြစ်တဲ့ (၁၀၈)ကွက် စက်လက္ခဏာတွေဟာ အရေးအကြောင်း အနေနဲ့ ပေါ်လွင်နေတာ ဖြစ်ပါတယ်။

အဲဒီတော့ ဒီနေ့ ရွှေဇဝါယွန်းခြေတော်ရာဟာ တကယ်သက်တော် ထင်ရှား မြတ်စွာဘုရားရှင်ရဲ့ ညီညာတဲ့ ခြေဖဝါးအပြင်မှာ အရေးအကြောင်း အနေနဲ့ ရွှေရေး ကြောင်းတွေ ပေါ်လွင်နေတာဆိုတော့ ပကတိသက်တော် ထင်ရှားမြတ်စွာဘုရားရှင်ရဲ့ ခြေဖဝါးနီးပါးကို တူညီနေတာ တွေ့ရတဲ့အတွက် အလွန်ပဲ ကြည်ညိုရတာ ဖူးမျှော် ရတာ ကုသိုလ်ပီတိ သဒ္ဓါဇောတွေ ဖြစ်ပွားရပါတယ်။

ဘုရားဖြစ်ရမှာ ကြောက်သူနှင့် ဘုရားဖြစ်ချင်သူ

ညကအခမ်းအနားကို ဘုန်းဘုန်းတို့ပြင်တဲ့အခါ ဘုန်းကြီးတပါးက ဘာပြောသလဲ ဆိုတော့ ဒီခြေတော်ရာ မူမှန်ပူဇော်ရေးအဖွဲ့အနေနဲ့ ခြောက်လပိုင်း တလလုံးဟာ အကြိမ်ကြိမ် အဖန်ဖန် အစည်းအဝေးတွေ ကျင်းပခဲ့ရတယ်၊ ဒီဇိုင်းပုံတွေ အမျိုးမျိုးပဲ ပူဇော်ခဲ့ရတယ်၊ ဗန်မော် ဆရာတော်တို့ ဦးနာရဒတို့အဖွဲ့က ပြင်ကြတယ်၊ ပညာရှင်တွေ ကလည်း ခေတ်အဆက်ဆက်မှာ ပြင်ခဲ့ကြတယ်၊ အဲဒီတော့ (၁၀၈)ကွက် အနေအထား ခက်ခက်အပြင်ခံရတော့ သူ့အနေနဲ့ ဘုရားဖြစ်ရမှာတောင် ကြောက်လာပြီတဲ့၊ အဲဒီလို ပြောခဲ့ပါတယ်၊ ဘုန်းဘုန်းတို့ အဖွဲ့အနေနဲ့လည်း ပြင်ချင်လို့ပြင်ရတာ မဟုတ် ပါဘူး ခေတ်အဆက်ဆက် မှားလာတာတွေကို အမှန်ရောက်အောင် စာနဲ့ပေနဲ့ ညီနှိုင်သမျှ ညီအောင် နှိုင်ငံအသီးသီးကို ကိုယ်တိုင်သွားပြီး ခေတ် အဆက်ဆက်က ခြေတော်ရာတွေ စုဆောင်းပြီးတော့ စာနဲ့ပေနဲ့ တိုက်ဆိုင် ပြီးတော့ ပူဇော်ရတာဖြစ်ပါတယ်။

အဲဒီလိုပြောတဲ့ ဘုန်းကြီးကပဲ ညက ပုဂံရွှေဇဝါယွန်းခြေတော်ရာကို မြင်တွေ့တဲ့ အခါမှာတော့ ဘာပြော လာပြန်သလဲဆိုတော့ ဒီလောက် သပ္ပါယ် အောင် ခမ်းခမ်းနားနား ပူဇော်ထားတာတွေ့ပြန်တော့လည်း ဘုရား ဖြစ်ချင်

စိတ်တောင် ပေါက်လာပြန်ပြီလို့ အဲဒီလို စကားကို ပြန်ပြီးတော့ ပြင်ပြီး ပြောလာပါတယ်၊ ဆိုလိုတာကတော့ ရွှေဇဝါယွန်း ခြေတော်ရာဟာ ပကတိ သက်တော်ထင်ရှား မြတ်စွာဘုရားရှင်ရဲ့ ခြေဖဝါးမှာ ပေါ်လွင်နေတဲ့ (၁၀၈) ကွက် အရေး အကြောင်းနှင့် အညီညွတ်ဆုံး ခြေတော်ရာပါပဲ။

နောက်တော့ အဲဒီဘုန်းကြီးကပဲ ဘာလျှောက်ထားသလဲဆိုတော့ တပည့်တော် ပူဇော်လို့ရှိရင်တော့ ခုလို ရွှေဇဝါယွန်းခြေတော်ရာပဲ ပူဇော်တော့ မယ်ဘုရား စာနဲ့ပေနဲ့ ညီနိုင်သမျှ နီးစပ်နိုင်သမျှ အနီးစပ်ဆုံး ဖြစ်လို့ပါပဲ၊ အဲဒီလိုလျှောက်ထားတယ်။

အဲဒီတော့ ဆိုလိုတာကတော့ ယခုတရားနာပရိသတ်တွေဟာ အနန္တဇိနဗုဒ္ဓခြေတော်ရာအလျှို့ရှင် အားလုံးပါပဲ အကြီးဆုံးဖြစ်တဲ့ သက်တော်ရှည် ညောင်တုန်းတိုက် ပဓာနနာယက ဆရာတော်ဘုရားကြီးက စပြီးတော့ အနန္တဇိန ဗုဒ္ဓခြေတော်ရာ ရတနာပါဒ စေတီတော်ရဲ့ ဘုရား ဒါယကာ+ ဘုရားဒါယိကာမတွေပါပဲ၊ အဲဒီတော့ ဘုရားဒါယကာ+ဘုရား ဒါယိကာမ တွေ အနေနဲ့ ဗုဒ္ဓခြေတော်ရာနဲ့ ဆက်စပ်ပြီးရရှိထားတဲ့ ကုသိုလ် ကောင်းမှု တို့ကြောင့် ဗန်မော်ဆရာတော်မိန့်ကြားလိုက်တဲ့အခါ အနုပါဒိသေသ နိဗ္ဗာန်ကို စံဝင်နိုင်ကြပါစေကုန်သော ဟု ဆုပန်လိုက်ကြ ကုန်ရာသတည်း။

“သာဓု, သာဓု, သာဓု”



လှရတနာ ဆရာတော် ဟောကြားသော စေတီ(၅)ဆူ အလှူတရားတော် ခြေတော်ရာအလူရှင်များ

၁၃၆၉-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၈)ရက်နေ့ (၂၂-၇-၂၀၀၇) ခုနှစ်၊ တနင်္ဂနွေနေ့ ဒီနေ့ ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုကပါဦးတင်ကွယ်သိုလ် ညောင်တုန်းကျောင်းတိုက် လှရတနာမြေညီထပ်တွင် သီတင်းသုံးသော အနန္တဇိန ဘွဲ့အမည်တော်ရသည့် ဘုရားဆင်းတု ရုပ်ပွားတော်၏ ရှေ့မျက်နှာစာ၌ တည်ထားကိုးကွယ်မည့် ရတနာပါဒစေတီတော်အား ဗုဒ္ဓဂါယာဘုရားဖူးမျှားမှ ဦးဆောင်၍ ဓမ္မမိတ်ဆွေအပေါင်းတို့က ရတနာပါဒစေတီတည်ထားပူဇော်နိုင်ရန်အတွက် နဝကမ္မဝတ္ထုငွေကို ပထမအကြိမ်အနေနဲ့ ရေစက်သွန်းချလှူဒါန်းတဲ့ နေ့ဖြစ်ပါတယ်။ ပထမအကြိမ်အနေနဲ့ ရေစက်သွန်းချလှူဒါန်းတဲ့နေ့မှာ ဝမ်းမြောက်ဖွယ်အနေနဲ့ အနုမောဒနာ ဟောပြပေးမဲ့တရားနာမည်က **"စေတီ(၅)ဆူအလှူတရား"** ဖြစ်ပါတယ်။ စေတီ(၅)ဆူအလှူတရား ဖြစ်ပေါ်လာပုံကို မူလပဘဝအနေနဲ့ ပြည့်ပြည့်စုံစုံ ပြောပြပေးမှာဖြစ်ပါတယ်။ ယခုတရားနာနေတဲ့ အလှူရှင်တွေဟာ **"စွယ်တော် ရတနာစေတီ"** တည်ထားတဲ့ တစ်နှစ်ပြည့်အချိန်မှာ **"အဖေ့ခြေရာ"** အမည်ရတဲ့တရားကို နာချိန်ကစပြီးတဲ့နောက် ရန်ကုန်မြို့မှာရှိတဲ့ ဗုဒ္ဓခြေတော်ရာအပါအဝင် မြန်မာနိုင်ငံမှာရှိတဲ့ဗုဒ္ဓခြေတော်ရာ ထက်ဝက်နီးပါးကိုလည်းပဲ ကိုယ်တိုင်ကိုယ်ကျ လိုက်လံပြီးတော့ ဖူးမျှော် ပူဇော်ကြတယ်။ မြန်မာပြည်တွင်း မှာသာမက အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံမှာရှိတဲ့ ဗုဒ္ဓခြေတော်ရာတွေကိုလည်းပဲ သွားရောက်ပြီးတော့ ဖူးမျှော် ကြတယ်။ ပြီးခဲ့တဲ့ (၂၁-၅-၂၀၀၇) မှ (၂၆-၅-၂၀၀၇)ခုနှစ်ထိအောင်လည်းပဲ ထိုင်းနိုင်ငံမှာရှိတဲ့ ဗုဒ္ဓခြေတော်ရာ တွေကို သွားရောက်ပြီးတော့ ဖူးမျှော်ပူဇော်ကြတဲ့ အလှူရှင်ဒကာ, ဒကာမ ပရိသတ်တွေပါပဲ။ ဒီပရိသတ် တွေထဲမှာ တစ်ချို့အလှူရှင်တွေဟာ သီးသန့်အနေနဲ့ မဟာဝိဇယဘုရား, အဘိဓဇဆွမ်းစားကျောင်း, မေမြို့ ပိတ်ချင်းမြောင် လိုက်ဂူ, ဆူးလေစေတီ,ရန်ကုန်အိမ်တော်ရာ

ဘုရားစေတီစသည်တွေမှာ တစ်ဦးစီ မိသားတစ်စုစီအနေနဲ့ ခြေတော်ရာကို တည်ထားကိုးကွယ်ကြတဲ့ ဘုရားဒကာ ဘုရားအမတွေ ဖြစ်ကြပါတယ်။

ခြေတော်မူမှန် ပူဇော်ရေးအဖွဲ့ ဖြစ်ပေါ်လာပုံ

လှရတနာကျောင်းမှာလည်း ခြေတော်ရာ မျိုးစုံကို တစ်ဦးစီ မိသားစု တစ်စုစီ လှူဒါန်း ပူဇော်ထားကြတဲ့ ခြေတော်ရာ ဘုရားအမ, ဘုရားဒကာတွေ ဖြစ်ကြပါတယ်။ ထိုင်းနိုင်ငံ ဗုဒ္ဓခြေတော်ရာ သွားဖူးတဲ့ အချိန်တုန်းကတော့ ဖူးမျှော်ရုံသက်သက်ပဲ ဖူးမျှော်ကြပါတယ်။ ဒါပေမဲ့ ထိုင်းနိုင်ငံ မသွားခင် ဦးကျော်ထွဋ်+ဒေါ်စန်းစန်းဝင်းတို့ မိသားစု တိုက်သစ်မှာ ပူဇော်မဲ့ ရွှေနဲ့ကြေး ခြေတော်ရာအတွက် ဘုန်းဘုန်းကို အပ်နှံထားခဲ့ပါတယ်။ ထိုင်းနိုင်ငံမှ ပြန်လာတဲ့အခါမှာတော့ ဒေါ်စန်းစန်းဝင်းရဲ့ လျှောက်ထားချက်အရ ဗုဒ္ဓခြေတော်ရာမှာ အဓိကဖြစ်တဲ့ စက်ဝန်းကို စာနဲ့ပေနဲ့ ညီနိုင်သမျှ ညီအောင် အလယ်ဗဟိုဝန်းကျင်းမှာ ထားပြီးတော့ ပူဇော်ဖို့ စီစဉ်ကြပါတယ်။ အဲဒီလို စီစဉ်တဲ့အခါ ခြေတော်ရာနဲ့ ပတ်သက်ပြီးတော့ ကျွမ်းကျင်တဲ့ ပညာရှင်တွေ ဗန်းမော်ဆရာတော်အမျှးရှိတဲ့ ရဟန်းပညာရှိ၊ လူပညာရှင် ပုဂ္ဂိုလ်တွေကို လှရတနာကျောင်းမှာ ပင့်ဖိတ်ပြီးတော့ "ခြေတော်ရာ မူမှန်ပူဇော်ရေးအဖွဲ့" ဆိုပြီး ဖွဲ့စည်းကာ စည်းဝေးပွဲ (၄)ကြိမ်ထိုင်ခဲ့ကြပါတယ်။ ပထမအကြိမ် စည်းဝေးပွဲက (၆-၆-၂၀၀၇) ဗုဒ္ဓဟူးနေ့မှာ ပထမအကြိမ် စည်းဝေးပွဲ ထိုင်ခဲ့ကြပါတယ်။ ဒုတိယ အကြိမ် စည်းဝေးပွဲကိုတော့ (၁၀-၆-၂၀၀၇) ခုနှစ်၊ တနင်္ဂနွေနေ့မှာ အစည်းအဝေး ထိုင်ခဲ့ကြပါတယ်။ တတိယ အကြိမ်အစည်းအဝေးကျင်းပတဲ့ (၁၂-၆-၂၀၀၇) ခုနှစ်၊ အင်္ဂါနေ့မှာတော့ (၁၀၈)ကွပ် စက်လက္ခဏာ အနေအထား ဒီဇိုင်းမူကို အတည်ပြုနိုင်ခဲ့ကြပါတယ်။ စတုတ္ထအကြိမ် စည်းဝေးတဲ့ (၂၉-၆-၂၀၀၇) ခုနှစ် သောကြာနေ့မှာတော့ (၁၀၈) ကွပ် စက်လက္ခဏာအတွင်းမှာ ထည့်သွင်းမဲ့ မင်္ဂလာအမှတ်အသားတွေကို အတည်ပြုနိုင်ခဲ့ကြပါတယ်။ အဲဒီလို စတုတ္ထအကြိမ် အစည်းအဝေး မင်္ဂလာအမှတ်အသားတွေကို အတည်ပြုတဲ့ပွဲမှာ ထူးထူးခြားခြား ဘာကိုအတည်ပြုနိုင်သလဲဆိုတော့ စောစောပိုင်းက

ငွေဝယြားနီစားထိစ ဒီပွယဲပွထစဉ်စံရိုးဌေဒွမ်ထိဂ ထင်စမ်း။ဂ်ဆေးလေးဒွမ်ထပွယုဉ်စ ပွထစဲထပွဂစန်ဒ



ဒိုးယြပ်ရောဝီ ယယီလပ်ရေ ပယီ(၈၀၄) ဒိုဂိုဇွဇ်ကြပ်ဇင်







ပလွင်အလှူအမ ဒေါ်ခင်ထားရီ အုတ်မြစ်စိုစဉ်

ပုံစံ (၆) မွတ်ဖော်ငှိုင်းဒုဝိုင်းဒုဝိုဇေယျပွဲ ငန်ဂဝ် ဒုလိဂ



၊ဟ်း ဟ်း ယြ စပ္စဝဓစဂီစ ၎ဝိဂ်း ၃ဝိင် ၊ ၃ဝိဝဧ်ပပ်ဝ်ဖန်ဂ်

[illegible]



[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]

[illegible]

[illegible]

[illegible]

[illegible]



ညောင်တုန်းတိုက်ဆရာတော်ကြီး ဌပနာပစ္စည်းထည့်သွင်းစဉ်





မန္တလေးမြို့မှ ပြည့်ဝဦးလှမြင့် ရေခြေတော်ရာသွန်းလောင်းမည့်နေ့၌ ကန်တော့ပွဲပေးစဉ်



ခြေတော်ရာဖယောင်းမိုပုံစံ



ခြေတော်ရာဖယောင်းမိုပုံစံကို လှရတနာဆရာတော်နှင့်
ဦးကြည်လွင်၊ ဒေါက်တာကျော်ဇော်လွင်တို့ စစ်ဆေးကြစဉ်



ဓမ္မမိတ်ဆွေတွေ ရွတ်ဖတ်ပူဇော်သွားတဲ့ (၁၀၈)ကွပ် စက်လက္ခဏာထဲမှာ (၆) နံပါတ်မြောက်ဖြစ်တဲ့ ဝမုမာနက လက္ခဏာကို အတည်ပြု ပူဇော်နိုင်ခဲ့ကြပါတယ်။

ဒီကိစ္စတွေ ဘုန်းဘုန်းတို့ မင်္ဂလာအမှတ်အသားပုံလေးတွေ ထည့်သွင်းမယ် လုပ်တဲ့အခါ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဆရာတော်, သကျသီဟဝင်္ဆုံသကာဘွဲ့, အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ဒေါက်တာ ဗန်းမော်ဆရာတော်က အမိန့်ရှိခဲ့ပါတယ်။ ဦးနာရဒတို့ (၁၀၈) ကွပ် စက်လက္ခဏာထဲ မင်္ဂလာအမှတ်အသား ပုံလေးတွေ ထည့်သွင်းတဲ့အခါ (၆) နံပါတ် ဝမုမာနက လက္ခဏာကိုတော့ မထည့်သွင်းသေးဘဲနဲ့ ချန်ထားပါ။ ကျန်တဲ့ (၁၀၇)ကွက်ကိုတော့ ထည့်သွင်း နှင့်ပါလို့ ဒီလိုအမိန့်ရှိသွားပါတယ်။ ဘာကြောင့် ဒီလို အမိန့်ရှိသလဲဆိုတော့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ရဲ့ ပထမဆုံးပါမောက္ခချုပ်ဖြစ်တဲ့ အဘယာရာမဆရာတော် ဦးသီလာနန္ဒာဘိဝံသက ဗန်းမော်ဆရာတော်ကို အမိန့်ရှိခဲ့ပါတယ်။

အဘယာရာမ ဆရာတော် ဦးသီလာနန္ဒာဘိဝံသ စကား

ဦးကုမာရ ခြေရာတော်တွေမှာ (၁၀၈)ကွက် စက်လက္ခဏာကို ဆွဲတဲ့အခါ (၆)နံပါတ် ဝမုမာနက ဆွဲတဲ့အခါ ဆွမ်းအုပ်ပုံ ထမင်းအုပ်ပုံကို ဆွဲထားကြတယ်။ ဒါပေမဲ့ အမှန်က ဆွမ်းအုပ်ပုံ၊ ထမင်းအုပ်ပုံ မဟုတ်ဘူး။ ပဏ္ဏာသဋီကာအဖွင့်နဲ့ အဒ္ဓမာဂဓီအဘိဓာန်,ပါကဋအဘိဓာန်, သက္ကတအဘိဓာန်, အင်္ဂလိပ်အဘိဓာန်တွေမှာ လာတဲ့အတိုင်း ယောက်ျားတစ်ဦးက အခြားတစ်ဦးကို ထမ်းတဲ့ပုံကို ဆွဲရမယ်၊ အဲဒီလို အမိန့်ရှိထားတဲ့အတွက် ဦးနာရဒတို့အနေနဲ့ (၆)နံပါတ် ဝမုမာနက စက်လက္ခဏာကိုတော့ မထည့်သေးဘဲနဲ့ ချန်ထားလိုက်ပါ။ တပည့်တော် မန္တလေးရောက်မှ အဒ္ဓမာဂဓီ အဘိဓာန်-, ပါကဋအဘိဓာန်, သက္ကတအဘိဓာန်, အင်္ဂလိပ်အဘိဓာန်တွေကို ပါဋိဋီကာအဖွင့်နဲ့ တိုက်ဆိုင်ကြည့်ပါ့မယ်။ အဲဒီလို မှားထားသွားခဲ့ ပါတယ်။

ဒါနဲ့ ဆရာတော် မန္တလေးကပြန်လာတဲ့အခါမှာတော့ အင်္ဂလန်သွားဖို့အတွက် အလုပ်များနေလို့ မကြည့်ရှုခဲ့ရပါဘူး။ ဆရာတော် အင်္ဂလန်မသွားခင် ဒီကိစ္စဆွေးနွေးအတည်ပြုနိုင်မှ အားလုံးပြီးပြည့်စုံမှာဖြစ်တဲ့အတွက် ဆရာတော် စီစဉ်ပေးပါလို့ လျှောက်ထားတဲ့အတွက် ဆရာတော် ကြည့်ချင်တဲ့ အဒ္ဓမာဂဓိ အဘိဓာန် ပါကဋ္ဌ အဘိဓာန်, သင်္ကတ အဘိဓာန်, အင်္ဂလိပ်အဘိဓာန်တွေကို အမြန်ပဲ စီစဉ်ပေးရပါတယ်။ ဒါနဲ့ (၂၉-၆-၂၀၀၇)ခုနှစ် စတုတ္ထအကြိမ် ဆွေးနွေးပွဲမှာ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာမှာလာတဲ့ ဝမုမာနက ၎င်းကို မဇ္ဈိမပဏ္ဏာသဋီကာဆရာတော်က **ဝမုမာနကန္တိ ပုရိသဟာရိ ပုရိသင်္ဂီ** လို့ ဖွင့်လိုက်တဲ့အခါ ဒီအဖွင့်ဟာ မာဂဓအဘိဓာန်တွေ မာဂဓအဖွင့် ပါဠိအဋ္ဌကထာ ဋီကာတွေမှာ မပါဘဲနဲ့ အဒ္ဓမာဂဓိနဲ့ ပါကဋ္ဌအဘိဓာန်, သင်္ကတအဘိဓာန်, အင်္ဂလိပ်အဘိဓာန်တွေမှာ သွားပြီးတော့ ပါတာကိုတွေ့ရပါတယ်။ အဒ္ဓမာဂဓိ သင်္ကတအဘိဓာန် အင်္ဂလိပ်အဘိဓာန်တွေမှာ ပြထားတဲ့ အတ္ထုဒ္ဓါရ (၅) နက်ထဲက တတိယမြောက်နက်ဟာ မဇ္ဈိမ ပဏ္ဏာသဋီကာမှာ ဖွင့်တဲ့ ပုရိသဟာရိ ပုရိသင်္ဂီ ဆိုတဲ့အဖွင့်နဲ့ ညီညွတ်တဲ့အတွက် (၆) နံပါတ်ဝမုမာနက စင်္ကလက္ခဏာဟာ ယောဂျားတွေ စီတန်းနေတဲ့အထဲက ရှေ့ဆုံးမှာရှိတဲ့ ယောဂျားကို ယောဂျားရဲ့အထက် ပုခုံးထက်မှာ အခြားတစ်ဦးကို ထမ်းထားတဲ့ အနက်ကိုဟောတဲ့အတွက် မဇ္ဈိမ ပဏ္ဏာသဋီကာနဲ့ ညီညွတ်တိုက်ဆိုင်မိတာကို တွေ့ရပါတယ်။ ဋီကာမှာ ဗန်းမော်ဆရာတော်ဟာ အဘယာရာမဆရာတော် ဦးသီလာနန္ဒာဘိဝံသ အမိန့်ရှိတဲ့အတိုင်း (၆) နံပါတ်ဝမုမာနက လက္ခဏာကို ယောဂျားတစ်ဦးက အခြားတစ်ဦးကို ထမ်းသည့်ပုံလို့ ဆုံးဖြတ်ပြီးတော့ ဒီဇိုင်းဆရာ ဦးမြင့်မောင်ကို ရေးဆွဲစေခဲ့ပါတယ်။ ယခု တရားနာပရိတ်သတ်တို့ မြင်တွေ့ရတဲ့ အနန္တဇိန ဗုဒ္ဓခြေတော်ရာ ဒီဇိုင်းမူဟာ ယခုပြောပြလိုက်တဲ့အတိုင်း ပါဠိဋီကာတွေရဲ့အဖွင့်နှင့် သင်္ကတ အင်္ဂလိပ် အဘိဓာန်တွေနဲ့အညီ ရေးဆွဲလိုက်တဲ့ မူဖြစ်ပါတယ်။

နောက် အဓိက ဖြစ်တဲ့ စက်ဝန်းဟာလည်းပဲ **"အမေးတော် အဖြေကျမ်း"** သုတ်မဟာဝါ အဋ္ဌကထာ , မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ တို့နှင့်အညီ ခြေဖဝါးကို (၄) ပုံ ပုံပြီးတော့ ခြေဖျားမှ စရေတွက်ရင် တတိယမြောက် အဖို့မှာ စက်ဝန်းရှိတယ်လို့ ဖွင့်ပြလိုက်တဲ့အတိုင်း စက်ဝန်းကိုလည်းပဲ ခြေဖျားမှ ရေတွက်ရင် တတိယအဖို့နေရာမှာ ထားလိုက်တဲ့ ဒီဇိုင်းမူပြစ်ပါတယ်။ အဲဒီလို စာပေနဲ့ ညီသွားတဲ့ဒီဇိုင်းမူကို ဘုန်းဘုန်းတို့ ရတနာပါဒစေတီအနေနဲ့ ပူဇော်မယ်လို့ စီစဉ်ခဲ့ကြပါတယ်။ စီစဉ်တဲ့အခါ အရွယ်ပမာဏကိုလည်းပဲ သက်တော်ထင်ရှား ဘုရားရှင်ရဲ့ ပကတိ ခြေတော်ရာ အရွယ်ပမာဏအတိုင်း သွန်းလောင်း ပူဇော်မယ်လို့ ဆုံဖြတ်ခဲ့ကြပါတယ်။ အဲဒီလို ဆုံးဖြတ်တဲ့အခါ ဗန်းမော်ဆရာတော်ကို မေးမြန်းစုံစမ်းတဲ့အခါ ဗဒုံးမင်းလို့ ခေါ်တဲ့ ဘိုးတော် ဦဝိုင်းက ဘုရားခြေတော်ရာရဲ့ အရွယ်ပမာဏအတိုင်း ခြေတော်ရာ ထုလုပ် ပူဇော်ချင်တဲ့အတွက် သီလဂွန် ဦကာသစ်ကျမ်းကို ရေးသားတဲ့ မောင်းထောင် သာသနာပိုင်ဆရာတော်ကို ဘုရားခြေတော်ရာရဲ့ အရွယ်ကို မေးမြန်းလျှောက်ထားခဲ့ပါတယ်။ အဲဒီလို မေးမြန်းလျှောက်ထားတဲ့ အခါ သာသနာပိုင် မောင်းထောင် ဆရာတော်က အဖြေပေးလိုက်တော့ စာပေမှာတော့ ဘုရားခြေတော်ရာရဲ့ အရွယ်ပမာဏ ဘယ်လောက်ဆိုတာ မပါဘူး။ ဒါပေမဲ့ ရှေးဆရာတွေရဲ့ အဆုံးအဖြတ်အတိုင်း ပြုလုပ်မယ် ဆိုရင်တော့ ဒီလို ဒီလို ပြုလုပ်ရမယ်ဆိုပြီးတော့ အရွယ်ပမာဏကို ရှေးခေတ်အတိုင်းအတာအနေနဲ့ သာသနာပိုင်ဆရာတော်က အမိန့်ရှိခဲ့ပါတယ်။ မောင်းထောင်သာသနာပိုင် အမိန့်ရှိတဲ့ ရှေးခေတ် အတိုင်းအတာကို ခုခေတ်အတိုင်းအတာအနေနဲ့ တွက်ချက်လိုက်တဲ့အခါ ဗန်းမော်ဆရာတော်တို့ တွက်ပေးလိုက်တဲ့ဟာက ယခု တရားနာပရိတ်သတ်တွေရှေ့မှာ မြင်တွေ့ရတဲ့အတိုင်း ဘုရား အရှည် (၄) ပေနဲ့ (၃)လက်မဖြစ်ပါတယ်။ အနံကတော့ အလျားရဲ့ (၃)ပုံ ပုံရင် (၁)ပုံလို့ အမိန့်ရှိထားတဲ့အတိုင်း ယခု ပူဇော်ထားတာဖြစ်ပါတယ်။ အဲဒီလို အတိုင်းအတာတွေ နေရာ အနေအထားအသိုတွေ အတိအကျရသွားတဲ့ အခါမှာ

အနန္တဇိနဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီကို ပူဇော်တော့မယ်လို့ ဘုန်းဘုန်းတို့ စီစဉ်တဲ့အခါ ဒီအကြောင်းကို ကြားသိတဲ့ ဒကာမကြီး ဒေါ်အေးသန်းက သူတစ်ဦးတည်းကိုပဲ ဘယ်လောက်ကုန်ကျကျ ပေးပါလို့လျှောက်ထားလာပါတယ်။ ဒါပေမဲ့ ဘုန်းဘုန်းအနေနဲ့တော့ ခြေရာတော်ရဲ့ တန်ဖိုးကုန်ကျစရိတ် ဘယ်လောက်ဆိုတာ မန္တလေးသွားမှ သိနိုင်မှာ ဖြစ်တဲ့ အတွက် မန္တလေးက ပြန်လာမှပဲ အကြောင်းပြန်မယ်လို့ ဒေါ်အေးသန်းကို ဖြေကြားပေးခဲ့ပါတယ်။

မန္တလေးကို ရောက်တဲ့ အခါမှာတော့ စောစောပိုင်းက ဥက္ကဋ္ဌဦးကြည်ဝင်းတို့ ဆွေးနွေးတင်ပြလိုက်တဲ့အတိုင်း အနန္တဇိနဗုဒ္ဓခြေတော်ရာဟာ (၅၄)သိန်း အနည်းဆုံးပူဇော်ရမှာဖြစ်ပါတယ်။ ဒီအကြောင်းကို သိတဲ့ ကျော်မော်စတိုးက သူတို့မိသားစု တစ်စုကပဲ အားလုံးတာဝန်ယူပြီးတော့ လှူဒါန်းပူဇော်ပါရစေလို့ လျှောက်ထားလာပါတယ်။ ဒီအခါမှာလည်း ဘုန်းဘုန်းတို့အနေနဲ့ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့အနေနဲ့ စုပေါင်းပြီးတော့ ပူဇော်ထားတဲ့ခြေတော်ရာဟာ တစ်ဆူမှ မရှိခဲ့သေးပါဘူး။ သက်ဿနဂိုရ် ဗုဒ္ဓခြေတော်ရာကြီးကို ကြေးသွန်းလောင်းပူဇော်ထားတာကို တွေ့ရတဲ့ အခါမှာတော့ တို့ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့အနေနဲ့ ခိုင်ခိုင်မာမာ အရောင်တွေ လွင်လွင်နဲ့ ကြေးခြေရာတော်ကြီး တစ်ဆူ ပူဇော်မယ်။ အဲဒီလို စိတ်ထဲမှာ ရည်စူးထားခဲ့ပါတယ်။ ရည်စူးထားတဲ့အတိုင်းလည်းပဲ ထီတွေ အကြိမ်ကြိမ်ပဲ ထိုးလာခဲ့ပါတယ်။ ဒါပေမဲ့ အချိန်မရောက်သေးတဲ့အတွက် ထီဟာ မပေါက်လာသေးပါဘူး။ ဒါပေမဲ့ အခု ခြေရာတော် မူမှန်ပူဇော်ရေး အနေနဲ့ ဒီဇိုင်းအနေအထား, အကွက်အနေအထား, စက်အနေအထား, အရွယ်ပမာဏအနေအထား ပြည့်စုံလာတဲ့အခါမှာတော့ ထီပေါက် သည်ဖြစ်စေ, မပေါက်သည်ဖြစ်စေ တို့ပူဇော်တော့ မယ်။ ပူဇော်တဲ့အခါမှာလည်းပဲ အများကောင်းမှုအနေနဲ့ ပူဇော်မယ်လို့ ဆုံးဖြတ်ပြီးတော့ ဒီခြေရာတော် ပူဇော်ဖြစ်သွားတာဖြစ်ပါတယ်။

စေတီ(၅)ဆူ လှူဖြစ်ပုံ

အများကောင်းမှုအနေနဲ့ ပူဇော်မယ်လို့ ဆုံးဖြတ်လိုက်တဲ့ အခါမှာတော့ အားလုံးပဲ ဝိုင်းဝန်းပြီးတော့ လှူဒါန်းပူဇော်လိုက်ကြပါတယ်။ အဲဒီလို လှူဒါန်းပူဇော်လိုက်တဲ့ အလှူ့ရှင်တွေက ရှေးဦးစွာ မန္တလေးမှာထဲ ကိုယ်က လှူဒါန်းလိုက်ကြပါတယ်။ ပထမအကြိမ် ရေစက်သွန်းချလှူဒါန်း တဲ့ပွဲမှာ ဝမ်းမြောက်ဖွယ် အနုမောဒနာအနေနဲ့ ဟောမဲ့တရားက **"စေတီ (၅)ဆူ အလှူတရား"** ဖြစ်ပါတယ်။ ခြေတော်ရာ လှူတာ ဘယ်နည်းနဲ့ စေတီ(၅)ဆူ အလှူတရားဖြစ်သွားသလဲဆိုတော့ ဒီခြေတော်ရာကြီးရဲ့ အတွင်းမှာ ထိုင်းနိုင်ငံက ရရှိလာတဲ့ ဓာတ်တော်တွေ ဌာပနာပြီးတော့ လှူဒါန်းတာကိုတော့ **"ဓာတုစေတီ"** လို့ခေါ်ရပါတယ်။ ဒီစေတီခြေတော်ရာ ကြီးရဲ့အတွင်းမှာပဲ ဗုဒ္ဓခြေတော်ရာနဲ့ပတ်သက်တဲ့ ပါဋိတော်တွေကို ရွှေပေလွှာမှာ ထည့်သွင်းပြီး ဌာပနာမှာကိုတော့ **"ဓမ္မစေတီ"** ကို ပူဇော်တယ် လို့ ပြောရပါတယ်။ ဥဒ္ဒိဿစေတီကတော့ ဗုဒ္ဓဂယာက ပင့်လာတဲ့ သံဝေဇနိယ (၄)ဌာနပါတဲ့ ရွှေဆင်းတုရုပ်ပွားကို ဌာပနာမှာကတော့ **"ဥဒ္ဒိဿစေတီ"**ကို ပူဇော်ရာ ရောက်ပါတယ်။ ဗုဒ္ဓဂယာကပဲ ဗောဓိ ညောင်ရွက်တွေကို ရွှေချပြီးအောင် မြေတွေကို ထည့်သွင်း ဌာပနာလိုက်တာ ကိုတော့ **"ပရိဘောဂစေတီ"** ကို ပူဇော်ရာရောက်ပါတယ်။ ရွှေ, ငွေ, သွပ်, တင်း, ဘင်, ခဲ အစရှိတဲ့ ပစ္စည်းတွေနဲ့ ပေါင်းစပ်ပြီးတော့ လှူဒါန်းတာကတော့ **"ပါဒစေတီ"** ဖြစ်ပါတယ်။ အဲဒီတော့ ဘုန်းဘုန်းတို့ စွယ်တော်ရတနာ စေတီကိုတော့ စေတီ(၄)ဆူ ကိန်းဝပ် စံပါယ်တော်မူတယ်လို့ ဝေါဟာရ အနေနဲ့ ကြည်ညို ရပါတယ်။ စွယ်တော်ဆိုတော့ ခြေတော်ရာထည့်မဖြစ်တဲ့ အတွက် စေတီဟာ (၄)ဆူပဲ ထည့်သွင်းပြီးတော့ ပူဇော်နိုင်ခဲ့ပါတယ်။ ခုခြေတော်ရာထဲမှာတော့ ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂ စေတီ, ပါဒစေတီအနေနဲ့ စေတီ (၅)မျိုးထိအောင် ထည့်သွင်းပြီးတော့ ပူဇော်နိုင်သွားမှာ ဖြစ်ပါတယ်။ ဒီလို ထည့်သွင်းဌာပနာပူဇော်တဲ့ အခါမှာလည်း ဂေါတမဘုရားရှင် တစ်ဆူတည်းကိုသာ ရည်ညွှန်းပြီးတော့

ပူဇော်မှာ မဟုတ်ပဲနဲ့ ထိုင်းခြေတော်ရာတွေ ပူဇော်သလို ဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူပြီးသားဖြစ်တဲ့ ကကုသန်ဘုရားရှင်, ဂေါဏာဂုံဘုရားရှင်, ကဿပဘုရားရှင်နှင့် ဂေါတမဘုရားရှင် အားဖြင့် ဘုရားရှင် (၄) ဆူရဲ့ ဗုဒ္ဓခြေတော်ရာတွေကို ရည်ညွှန်းပြီးတော့ ပလ္လင်(၄)ဆင့် ရွှေကြေးခြေရာတော်ကိုလည်းပဲ အနားရေး (၄)ဆင့် အနေနဲ့ ရည်ညွှန်းပြီးတော့ ပူဇော်လိုက်မှာဖြစ်ပါတယ်။ အဲဒီတော့ ခုပြောပြလိုက်တဲ့အတိုင်း ထည့်သွင်းဌာပနာမှာကလည်း စေတီ(၅)မျိုး ရည်ညွှန်းလိုက်တဲ့ ဗုဒ္ဓခြေတော်ရာကလည်း ဘုရား(၄)ဆူဆိုတော့ ယခုအမျှားကောင်းမှု၊ ပူဇော်လိုက်မဲ့ အနန္တဇိန ဗုဒ္ဓခြေတော်ရာ ဟာ ဒီလောက်နဲ့တင်ကိုပဲ အလွန်ကို ကြည်ညိုလို့ သဒ္ဓါတရားဖြစ်ဖို့ ကောင်းလှပါပြီ ဒီလိုခြေတော်ရာမျိုး ကမ္ဘာပေါ်မှာ ဘယ်မှာမှ မပူဇော်ရသေးပါဘူး၊ မြန်မာနိုင်ငံမှာရော, အိန္ဒိယ, ထိုင်း, နီပေါနိုင်ငံမှာရော အဲဒီလို ဘုရား(၄)ဆူလည်း ရည်ညွှန်းပြီးတော့ စေတီ(၅)မျိုးလုံး ဌာပနာပြီးတော့ ပူဇော်တာ ဘယ်မှာမှ မပူဇော်ရသေးပါဘူး။ ဒီထက်ပိုပြီးတော့ သီဒ္ဓိတင်ရာ ရောက်သွားအောင် ရွှေသုဝဏ်ဆရာတော် အကြံပြုတဲ့ အတိုင်း မန္တလေး မဟာမြတ်မုနိဘုရားကြီး ရင်ငွေ့တော် တစ်ည ခိုလှုံမယ် အပူဇော်ခံလိုက်မယ်ဆိုရင်တော့ ဒီအနန္တဇိန ဗုဒ္ဓခြေတော်ရာဟာ အလွန်ကိုပဲ တန်ခိုးသီဒ္ဓိတွေအနေနဲ့ ပြီးပြည့်စုံသွားမှာပါပဲ။ သံဃာတော်တွေအနေနဲ့လည်းပဲ သီလကွန် စာဝါတက်တဲ့ သံဃာတော်အပါး (၃၀၀) ကျော်ဟာ ယခုအတည်ပြုလိုက်တဲ့ ဗုဒ္ဓ ခြေတော်ရာ ဒီဇိုင်းမူကြိုးကို စောစောပိုင်းက တရားနာပရိသတ်တွေ ပူဇော်တဲ့အတိုင်း ပူဇော်ပြီးသွားပါပြီ ဒါတင်မက ပိုပြီးတော့ အောင်မြင်အောင် ကြည်ညိုဖွယ်ဖြစ်အောင် စောစောပိုင်းက တရားနာ ပရိသတ်တွေ အာသီသမင်္ဂလာပြုလိုက်တဲ့ အတိုင်းလည်းပဲ ပြုလုပ်ပူဇော်မှာ ဖြစ်ပါတယ်။ ဒီခြေတော်ရဲ့ ဂုဏ်ပုဒ်အနေနဲ့ ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးဖြစ်ကြသော ကကုသန်, ဂေါဏာဂုံ, ကဿပ, ဂေါတမ အားဖြင့် ဘုရားရှင် (၄)ဆူတို့၏ ဗုဒ္ဓခြေတော်ရာတို့ကို ရည်မှန်း၍ သွန်းလောင်းပူဇော်ပြီး စေတီ(၅)မျိုးကိန်းဝပ်စံပါယ်တော် မူမည့် အနန္တဇိန ဗုဒ္ဓခြေတော်ရာ

ရတနာပါဒစေတီ အာသီသမင်္ဂလာဆိုတာ ပါဠိလို ခန့်ခန့်ငြားငြား သုံးစွဲလိုက်တာဖြစ်ပါတယ်။ မြန်မာလိုဆိုရင်တော့ ဒီ အနန္တဇိန ဗုဒ္ဓခြေတော်ရာ ရတနာပါဒ စေတီတော်ကြီး ချောချောမောမော အန္တရာယ်ကင်းရှင်းစွာ ပြီးမြောက်အောင်မြင်နိုင်ဖို့အတွက် ဘုရားဒကာ, ဘုရားအမတွေ အနေနဲ့ ဆုတောင်းမင်္ဂလာ ပြုလုပ်လိုက်တာပါပဲ။

ပြုလုပ်လိုက်တဲ့အခါ ဖြန့်ဝေထားတဲ့စာရွက်မှာ ၁, ၂, ၃, ၄ ကတော့ ဘုရား(၄)ဆူဖြင့် ဆုတောင်းတာဖြစ်ပါတယ်။ အပိုဒ် (၅) အပိုဒ် (၆) အပိုဒ် (၇) အပိုဒ် (၈) ဒီ (၄) ပိုဒ် ကတော့ ဘုရား(၄)ဆူရယ် နောက် သဇီဝပါဒစေတီ, ပရိဘောဂပါဒစေတီ, နောက်ထူးခြားတဲ့ ပုဂ္ဂိုလ်(၈)ဦးတို့ ဖြင့် ဆုတောင်းတာဖြစ်ပါတယ်။ ပိုဒ်ရေ နံပါတ် (၉)ကတော့ မိမိတို့ တည်ထား ကိုးကွယ်မဲ့ အနန္တဇိန ဗုဒ္ဓ ခြေတော်ရာ ရတနာပါဒစေတီတော်မှာ ထည့်သွင်း ဌာပနာမဲ့ စေတီတော် (၅) မျိုးဖြင့် ဆုတောင်းမင်္ဂလာ ပြုလုပ်တာ ဖြစ်ပါတယ်။ အဲဒီတော့ အပိုဒ် (၉)ကိုပဲ ကြည့်လိုက်ပါမယ်။ အနန္တဇိန ဗုဒ္ဓခြေတော်ရာ ရတနာပါဒ စေတီတော်တွင် ထည့်သွင်းဌာပနာ ပူဇော်မည့် ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿစေတီ , ပရိဘောဂစေတီ, ပါဒစေတီအား ဖြင့် စေတီ(၅)မျိုးတို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်ဂုဏ်၊ တပည့်တော်တို့ သွန်းလောင်းပူဇော်မည့် အနန္တဇိနဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီတော် သည် သတ္တဝါအများ၏ အားထားကိုးကွယ်ပူဇော်ခံ၍ ဘေးရန်အန္တရာယ် မငြိတွယ်ပဲ ပြီးစီးအောင်မြင်ခြင်းသို့ ရောက်ရှိပါစေသတည်း။ ဒါ ဘုရားဒကာ, ဘုရားအမတွေအနေနဲ့ မိမိတို့ တည်ထား ကိုးကွယ်ပူဇော်မဲ့ ခြေတော်ရာပါဒ စေတီအတွက် ဆုတောင်းမှု ပြုလုပ်တာဖြစ်ပါတယ်။

ဒီလောက်ဆိုရင် အနန္တ ဇိန ဗုဒ္ဓခြေတော်ရာ ရတနာပါဒ စေတီရဲ့ အနေအထားကို သိပြီးတဲ့နောက် ဒီနေ့ ရေစက်ချတဲ့အခါ လက်ဝတ် လက်စား ရွှေ, ငွေ, ရတနာတွေ, နဝကမ္မဝတ္ထုငွေတွေအတွက် စေတီ (၅)ဆူအလှူတရားဆိုတဲ့ နာမည်ဖြင့် ဝမ်းမြောက်ဖွယ် အနုမောဒနာကို ဆက်လက်ပြီးတော့ ပြောပြမှာ ဖြစ်ပါတယ်။ အဲတော့ ခုပြောပြလိုက်တဲ့

အတိုင်း ကြားရုံနဲ့တင်တောင်မှ အလွန်ကိုပဲ ဝမ်းမြောက်ဖွယ်၊ ကြည်နူးဖွယ် ကောင်းလှပါပြီ လှူဖွယ်ဝတ္ထုအနေနဲ့ အလှူငွေတွေ လက်ဝတ်လက်စားတွေ အမြတ်တနိုး မိမိပန်ဆင်နေတဲ့ ဝတ်ဆင်နေတဲ့ လက်ဝတ်လက်စား ရွှေ, ငွေ, ရတနာတွေ ချွတ်ပြီး လှူဒါန်းလိုက်ပြီဆိုတော့ အတိုင်းထက်အလွန် ပိုပြီးတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။ စေတီ (၅)ဆူလုံးကို လှူဒါန်းတာ ဖြစ်ပါတယ်။ ဘုရားအနေနဲ့လည်း ဂေါတမဘုရား တစ်ဆူတည်း ကို လှူဒါန်းတာမဟုတ်ပဲ ဘဒ္ဒကမ္ပာမှာ ပွင့်ပြီးသား ဘုရား(၄)ဆူလုံးကို လှူဒါန်းတာ ဖြစ်ပါတယ်။

ကုသိုလ်ကံကုန်လျှင် ရတနာများကျောက်ခဲဖြစ်သွား

အဲဒီလို လှူဒါန်းတဲ့အခါ စေတီ(၅)ဆူအလှူတရားအနေနဲ့ နာယူမှာကတော့ ဘုန်းဘုန်းတို့ ဝိမာနဝတ္ထုပါဠိတော်မှာ "ပေသဝတီ" ဝိမာနဝတ္ထုဆိုပြီးတော့ အမျိုးသမီးငယ်တစ်ယောက်အကြောင်းကို ဟောပြထားတဲ့ ဒေသနာတော်ကို နာယူရမှာဖြစ်ပါတယ်။ မြတ်စွာဘုရားရှင် ကတော့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံး နေစဉ်အခါ ဖြစ်ပါတယ်။ ယခု ဘုရားဖူးပရိသတ်တွေ ရောက်ခဲ့တဲ့ ရာဇဂြိုဟ်မြို့ရဲ့ မလှမ်းမကမ်းမှာ အရှင်သာရိပုတ္တရာ မွေးဖွားတဲ့ မွေးရပ်မြေ နာဠကရွာဆိုတာ ရှိပါတယ်။ အဲဒီ နာဠကရွာဟာ ရှင်သာရိပုတ္တရာရဲ့ မွေးရပ်မြေဖြစ်တဲ့အတွက် ယခုအချိန်အခါမှာတော့ နာဠန္ဒာ တက္ကသိုလ်ဆိုပြီးတော့ ကမ္ဘာကျော် တက္ကသိုလ်ကြီး တည်ထောင်ထားပါတယ်။ နာဠန္ဒာတက္ကသိုလ် တည်ထောင် ထားတဲ့ ရှင်သာရိပုတ္တရာရဲ့ မွေးရပ်မြေဖြစ်တဲ့ နာဠကရွာမှာ အလွန်ချမ်း သာတဲ့ ဂဟပတိသာလလို့ခေါ်တဲ့ သူဌေးတစ်ဦးလည်း နေထိုင်ပါတယ်။ အဲဒီသူဌေးဟာ ဆွေစဉ်မျိုးဆက်ထဲက ရရှိထားတဲ့ ဘဏ္ဍာတိုက်တွေ အပါအဝင် အလွန်ချမ်းသာတဲ့ သူဌေး တစ်ဦးဖြစ်ပါတယ်။ နည်းနည်းပါးပါး ချမ်းသာရင်တော့ သူဌေးလို့ပဲ ခေါ်ရပါတယ်။

အလွန်အလွန်ချမ်းသာပြီဆိုရင်တော့ **"ဂဟပတိမဟာသာလ"**လို့ခေါ်ရပါတယ်။ ခု ဒီသူဌေးဟာ ရွှေ ငွေ ရတနာ ကျောက်သံ

ပတ္တမြားတွေ ဘဏ္ဍာတိုက်ထဲမှာ အစုအပုံလိုက်ထိအောင် ထည့်သွင်းသိုလှောင် နိုင်တဲ့အတွက် ဂဟပတိ မဟာသာလသူဌေးဖြစ်ပါတယ်။ ရွှေငွေ ကျောက်သံပတ္တမြားတွေ ဘဏ္ဍာတိုက်ထဲမှာ အစုအပုံအနေနဲ့ မိဘ,ဘိုးဘွားလက်ထက်က ရရှိတုန်းကတော့ ရွှေအတိတ်ကုသိုလ်ကံကြောင့် အမွေဆက်ခံတဲ့အနေနဲ့ ရရှိတာဖြစ်ပါတယ်။ ရတနာဆိုတာ ထိုက်သူအတွက်သာ ဖြစ်ပါတယ်။ ကိုယ်နဲ့ မထိုက်တော့ဘူးဆိုရင်တော့ ကိုယ့်ကုသိုလ်ကံဟာ ကုန်ဆုံးသွားလို့ပါပဲ၊ ခုလည်းပဲ ဂဟပတိမဟာသာလ ဖြစ်တဲ့ အဲဒီသူဌေးဟာ ကုသိုလ်ကံ ကုန်သွားတဲ့အတွက် မိဘ ဘိုးဘွားတွေဆီထံက အမွေရထားတဲ့ ဘဏ္ဍာတိုက် ထဲမှာ ရှိသမျှ ရွှေ ငွေ ပုလဲ ပတ္တမြား မြ အစရှိတဲ့ ရတနာတွေဟာ ရွှေရောင် ငွေရောင် မြရောင် ပတ္တမြားရောင် ပျောက်ပြီးတော့ အိုးခြမ်းကွဲ ကျောက်စရစ်ခဲတွေ ဖြစ်ကုန်ပါတယ်။ ဘဏ္ဍာတိုက်ကြီးဟာ အိုးခြမ်းကွဲတွေ ကျောက်စရစ်ခဲတွေ သိုလှောင်တဲ့ တိုက်ဖြစ်သွားပါတယ်။ ဒီသူဌေးဟာ တော်တော် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်သွားရပါတယ်။ ဥါကုသိုလ်ကံ ကုန်ဆုံးသွားလို့ ရွှေ ငွေ ကျောက်သံပတ္တမြားတွေဟာ ရတနာစစ်စစ်က နေပြီးတော့ အိုးခြမ်းကွဲတွေ ကျောက်စရစ်ခဲတွေ ဖြစ်သွားရပြီ အကယ်၍ ကုသိုလ်ကံရှိတဲ့ ပုဂ္ဂိုလ်ရဲ့ အစွမ်းကြောင့် ဒီအိုးခြမ်းကွဲ ကျောက်ခဲတွေဟာ ရွှေ ငွေ ကျောက်သံ ပတ္တမြား မြ ပုလဲ စတဲ့ ရတနာအနေနဲ့ မူလပင်ကိုယ်အတိုင်း ပြန်ပြီးတော့ ဖြစ်လာနိုင်လောက်တယ်။

အဲဒီလို စဉ်းစားပြီးတော့ အဲဒီသူဌေးဟာ ဈေးအတွင်းမှာ အိုးခြမ်းကွဲတွေ ကျောက်ခဲတွေကို စုပုံပြီးတော့ ရောင်းချခဲ့ပါတယ်။ သူ့ရဲ့ မျှော်လင့်ချက် ကတော့ သူ့လိုပဲ ကုသိုလ်ကံမရှိတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ ဆိုရင်တော့ ဖြန့်ခင်းထားတဲ့ အိုးခြမ်းကွဲတွေ ကျောက်ခဲ တွေကို အိုးခြမ်းကွဲ ကျောက်ခဲအနေနဲ့ပဲ မြင်တွေ့ကြလိမ့်မယ်။ ကုသိုလ်ကံရှိတဲ့ပုဂ္ဂိုလ်အနေနဲ့ ဆိုရင်တော့ ရွှေ ငွေ ပုလဲ မြ ပတ္တမြားအနေနဲ့ မြင်တွေ့ရလိမ့်မယ်။ အဲဒီလို မျှော်လင့်ချက်နဲ့ ဈေးအတွင်းမှာ အိုးခြမ်းကွဲ ကျောက်ခဲတွေကို စုပုံပြီးတော့ ရောင်းချခဲ့ပါတယ်။

အံ့ဖွယ်အမျိုးသမီးငယ်

အဲဒီအချိန်မှာ အမျိုးသမီးလေးတစ်ဦးဟာ မိဘက ဆီဝယ်ခိုင်းလို့ ဈေးအတွင်းမှာ ဆီဝယ်ဖို့ ရောက်ရှိလာခဲ့ပါတယ်။ ရောက်ရှိလာတဲ့အခါ အဲဒီခလေးမ မိန်းမပျိုလေးဟာ သူ့မျက်စိထဲမှာ မြင်တွေ့ရတာက အိုးခြမ်းကွဲ ကျောက်ခဲတွေအနေနဲ့ မမြင်တွေ့ရပဲနဲ့ ရွှေ ငွေ ပုလဲ မြ ပတ္တမြားစတဲ့ ရတနာအနေနဲ့ မြင်တွေ့ရတဲ့အခါ အလွန်အံ့အားသင့်ပြီးတော့ ဖြန့်ခင်းရောင်းချနေတဲ့ သူဌေးကို ပြောပြခဲ့ပါတယ်။ **ကသွာ အာပဏေ ရတနာနိ ဧဝံ ဌပိတာနိ၊ နနု နာမ သမ္မဒေဝ ပဋိသာမေတဗ္ဗာနိ၊** ဦးဦး ဘာဖြစ်လို့ ဒီလို ရွှေ ငွေ ပုလဲ မြ ပတ္တမြား ရတနာတွေကို ဖြန့်ခင်းပြီးတော့ ဈေးထဲမှာ ထားရသလဲ၊ ဒီရတနာတွေဟာ လုံလုံခြုံခြုံ ဘဏ္ဍာတိုက်မှာပဲ ထားထိုက်တဲ့ ရတနာပစ္စည်းတွေမဟုတ်လား ဒီလို မေးမြန်း လိုက်ပါတယ်။ ဒီအခါမှာ ဂဟပတိ မဟာသာလသူဌေးဟာ ချက်ချင်းပဲ ရိပ်စားမိသွားပါတယ်။

မဟာပုညာ အယံ ဒါရိကာ၊ ဣမိဿာ ဝသေန သဗ္ဗမိဒံ ဟိရညာဒိ ဧဝ ဟုတွာ အမှာကံ ဝိနိယောဂံ ဂမိဿတိ၊ သင်္ဂဏှိဿာမိနံ- ဟူ၍ ချက်ချင်းပဲ စိတ်ကူးလာခဲ့ပါတယ်။ ဒီအမျိုးကောင်းသမီးလေးဟာ မဟာပုည ကုသိုလ်ကောင်းမှုရှိတဲ့ ကုသိုလ်ရှင် ကံထူးရှင် အမျိုးကောင်းသမီးလေးပဲ၊ ဒီကုသိုလ်ရှင် ကံထူးရှင် အမျိုးသမီးလေးရဲ့ အစွမ်းကြောင့် ဒီကျောက်ခဲ အိုးခြမ်းကွဲ တွေဟာ ပကတိ ပင်ကိုယ်အတိုင်း ရွှေ ငွေ ကျောက်သံ ပတ္တမြား ပြန်ပြီးတော့ ဖြစ်သွားလိမ့်မယ်။ အဲဒီလို မျှော်လင့်ချက်နဲ့ ဒီကလေးမလေးကို သူ့အိမ်က မှာလိုက်တဲ့အတိုင်း ဆီဝယ်ပြီးတဲ့အခါ အိမ်ကို လိုက်သွားခဲ့ ပါတယ်။ အိမ်ကို လိုက်သွားပြီးတော့ သူ့အိမ်မှာလည်း အရှယ်ရောက်နေတဲ့ သားရှိပါတယ်။ အဲဒီသား အတွက် ပစ္စည်းဥစ္စာများစွာ ပေးပြီးတော့တောင်းလိုက်ပါတယ်။

အိန္ဒိယ ထုံးတမ်းစဉ်လာကတော့ အမျိုးသမီးဘက်က အမျိုးသားကိုပဲ တင်တောင်းရပါတယ်။ ယခု ဂဟပတိမဟာသာလ သူဌေးကတော့ ဒီဘုန်းရှင်ကံရှင် ကုသိုလ်ရှင် အမျိုးသမီးလေး ကိုယ့်အိမ်ကို

ပါလာဖို့အတွက် အမျိုးသမီးဘက်က တင်မတောင်း ခိုင်းဘဲနဲ့ အမျိုးသားဘက်
ကနေပြီးတော့ ပစ္စည်းဥစ္စာမြောက်များစွာ တင်ပြီးတော့ တောင်းလိုက်
ပါတယ်။ ဒီအခါ အမျိုးသမီးဘက်က သဘောတူလိုက်တဲ့အတွက် ချက်ချင်းပဲ
မင်္ဂလာဆောင်ပြီး သတို့သမီး ချွေးမကို သူ့ရဲ့အိမ်ကို ခေါ်လာခဲ့ပါတယ်။
ခေါ်လာပြီးတဲ့နောက် ချွေးမကို အကဲခတ်လိုက်တဲ့အခါ အနေအထိုင်
အကျင့်သီလ ကောင်းတဲ့အတွက် တစ်ရက်မှာ ယောကျ်ားထီးဖြစ်တဲ့
သူဌေးကိုယ်တိုင်ချွေးမကို ခေါ်ပြီးတော့ ဘဏ္ဍာတိုက်ထဲကို ပြလိုက်ပါတယ်။
သမီး ဟောဒီ ဘဏ္ဍာတိုက်ထဲမှာ ဘာတွေကိုများ မြင်တွေ့. ရသလဲ
သမီးကြည့်စမ်းပါ။ အဲဒီလို ခေါ်ပြလိုက်ပါတယ်။ ဒီအခါမှာ ချွေးမက အဖေ
ဟောဒီ ဘဏ္ဍာတိုက်ထဲမှာတော့ ရွှေ ငွေ ကျောက်သံ ပတ္တမြားတွေ အစု
အပုံလိုက်ကိုပဲ မြောက်မြားစွာ သမီးမြင်တွေ့.ရပါတယ်။ အဲဒီလို အဖြေပေး
လိုက်တဲ့အခါ ယောကျ်ားထီးဖြစ်တဲ့ ဂဟပတိမဟာသာလသူဌေးက ချွေးမဖြစ်တဲ့
ကံထူးရှင် ကုသိုလ်ရှင်ကို ပြန်လည်ပြီးတော့ ပြောပြခဲ့ပါတယ်။

ဇတာနိ အမှာကံ ကမ္မဗလေန အန္ဓရ ဓာယန္တာနိ ဇတာနိ-
ထို ရွှေ ငွေ ကျောက်သံ ပတ္တမြား အစရှိသော ရတနာတို့သည်။ အမှာကံ
ငါတို့၏။ ကမ္မဗလေန၊ ကုသိုလ်ကံကုန်သွားခြင်း၏ အစွမ်းကြောင့်။
အန္ဓရဓာယန္တာနိ၊ ရတနာအဖြစ်မှ ပျောက်ကွယ်ပြီးတော့ အိုးခြမ်းကွဲ
ကျောက်ခဲအဖြစ်သို့ ရောက်ရှိသွားကြရကုန်ပြီ။ **တဝ ပုညဝသေန ပုန**
ဝိသေသာနိ ဇာတာနိ၊ တဝ၊ သင်ချွေးမ သမီးရဲ့။ ပုညဝသေန၊ ကုသိုလ်
ကောင်းမှုအထူး၏ အဖြစ်ကြောင့်။ ပုန၊ တစ်ဖန်။ ဝိသေသာနိ၊ ပင်ကိုယ်
အတိုင်း ကျောက်မျက်ရတနာ အထူးအဖြစ်သို့။ ဇာတာနိ၊ ရောက်ကြရ
လိမ့်မယ်။ သမီးအနေနဲ့ အဲဒီအိုးခြမ်းကွဲ ကျောက်ခဲ တွေကို သမီးလက်နဲ့
ထိပေးစမ်းပါ။ အဲဒီလို ယောကျ်ားထီးဖြစ်တဲ့သူဌေးက ပြောလိုက်တဲ့အခါ
ချွေးမရဲ့လက်နဲ့ ထိလိုက်တဲ့အခါ အကုန်လုံး အိုးခြမ်း ကွဲကျောက်ခဲတွေဟာ
ပင်ကိုယ်သဘာဝအတိုင်း ရွှေ ငွေ ပုလဲ မြ ပတ္တမြား စတဲ့ ရတနာတွေအတိုင်း
အရောင် တဖိတ်ဖိတ် တဝင်းဝင်းနဲ့ မူလပင်ကိုယ်အတိုင်း ပြန်လည်ပြီးတော့

ဖြစ်သွားရပါတယ်။ အဲဒီလို ဖြစ်သွားတဲ့အခါကျမှ ယောကျ်ဖထီးက ချွေးမကို အားလုံးအကုန်ပုံပြီးတော့ လွှဲအပ် လိုက်ပါတယ်။ သမီး ဟောဒီဘဏ္ဍာတိုက် ထဲမှာရှိတဲ့ အစုအပုံ ရတနာပစ္စည်းတွေဟာ သမီးရဲ့ကုသိုလ်ကံကြောင့် မူလအတိုင်းပြန်ပြီးတော့ ဖြစ်လာရပါတယ်။ အဲဒီတော့ အဖေအနေနဲ့ကတော့ သမီးကို အကုန်လုံးပဲ လွှဲအပ်လိုက်ပြီ။ စီးပွားရေးကစပြီး သမီး စိမ်ခန့်ခွဲတဲ့အတိုင်း အဖေတို့ မိသားစုလိုက်နာပါမယ်။ သမီးကပဲ အားလုံးပဲ စီမံခန့်ခွဲပေးပါတော့။ ယောကျ်ဖထီးဖြစ်တဲ့ ပုဂ္ဂိုလ် ဂဟပတိမဟာသာလ သူဌေးဟာ ချွေးမကို လွှဲအပ်လိုက်ပါတယ်။ အဲလိုလွှဲအပ်လိုက်တာနဲ့ ချွေးမရဲ့ နာမည်ဟာ **"ပေသဝတီ"** လို့ အမည်ရသွားခဲ့ပါတယ်။ ပေသဝတီဆိုတာက သူဟာ ဒီသူဌေးအိမ်မှာ အိမ်ဦးအရှင်သခင်ဖြစ်ပြီးတော့ သူ့ရဲ့စီမံစေခိုင်းတဲ့အတိုင်း ယောကျ်ထီး ယောကျ်မက စပြီးတော့ လိုက်နာကြ ပါမယ်။ အိမ်ကြီးရှင် ရတနာသခင်မလို့ အဓိပ္ပါယ်ရသွားပါတယ်။

အဲဒီတော့ ရတနာတွေဆိုတာ ထိုက်သူအတွက်ပဲ ခံစားခွင့်ရှိတယ်။ ကုသိုလ်ကံရှိသူတွေအတွက်ပဲ ခံစားခွင့် ရှိတယ်။ ကုသိုလ်ကံကုန်ပြီဆိုရင်တော့ ရတနာစစ်စစ်ကနေ အိုးခြမ်းကွဲကျောက်ခဲတွေ ဖြစ်သွားရပါတယ်။ အဲ အကယ်၍ ကုသိုလ်ကံ ရှိတဲ့ပုဂ္ဂိုလ်တွေအတွက်ဆိုရင်တော့ အိုးခြမ်းကွဲ ကျောက်ခဲတွေက နေပြီးတော့ မူလပင်ကိုယ်အတိုင်း ရွှေ ငွေ ကျောက် သံ ပတ္တမြား ရတနာအဖြစ်ကို ပြန်ပြီးတော့ ရောက်သွားရပါတယ်။ ဒီပေသဝတီ ဝိမာနဝတ္ထုကို ကြည့်ခြင်းအားဖြင့် ကုသိုလ်ကံရှိဖို့ အဓိကပဓာနကျတယ်။ ကုသိုလ်ကံရှိပြီဆိုရင်တော့ အိုးခြမ်းကွဲ ကျောက်ခဲကတောင်မှ ရတနာအဖြစ်သို့ ရောက်ပေးရပါတယ်။

ဒီလို ဆိုတော့ ဒီပေသဝတီ အမျိုးသမီးက ဘာကုသိုလ်တွေ ရှိလို့ အိုးခြမ်းကွဲ ကျောက်ခဲကနေပြီးတော့ ရတနာအဖြစ်သို့ ရောက်ပေးရသလဲ သူ့ရဲ့ အကြောင်းကံ သိဖို့လိုလာပါတယ်။ သူ့ရဲ့အကြောင်းကံက ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံပြီးတဲ့နောက်မှာ သူ့ရဲ့ ဘဝကုသိုလ်ကံ အကြောင်းတရားဟာ ပါလာပါတယ်။ ကဿပဘုရားရှင်ဟာ သက်တမ်း

နှစ်သောင်းတန်းမှာ ပွင့်တဲ့အတွက် သက်တော်အလွန်ရှည်လှပါတယ်။ သက်တော်ရှည်တဲ့ ဘုရားရှင်တွေကတော့ ပရိနိဗ္ဗာန်စံ လို့ရှိရင် ဓာတ်တော်တွေဟာ တစ်လုံးတစ်ခဲတည်းပဲ ကျန်ခဲ့ပါတယ်။ ဘုန်းဘုန်းတို့ ဂေါတမဘုရားရှင်ကတော့ သက်တမ်းတစ်ရာတမ်းမှာ ပွင့်တာဆိုတော့ အလွန်တို့တဲ့အတွက် ဓာတ်တော် တစ်လုံးတစ်ခဲတည်းဆိုရင် နိုင်ငံအသီးသီး ဒေသအသီးသီးက လာရောက်ဖူးနိုင်ဖို့ မလွယ်ဘူး။ နိုင်ငံအသီးသီး ဒေသအသီးသီး လူမျိုးအသီးသီး ဖူးမျှော်ဖို့ရအောင် ဓာတ်တော်တွေ မုန်ညှင်းစေ့အရွယ်ကစပြီးတော့ ဆန်ကျိုး ဆန်ခွဲ အရွယ် ပဲဆန်စေ့ အရွယ်ထိအောင် အစိတ်စိတ် အမွှာမွှာ ဖြစ်ပါစေလို့ အဓိဋ္ဌာန်ပေးခဲ့ရပါတယ်။ ဒါကြောင့် ဘုန်းဘုန်းတို့ ဂေါတမဘုရားရဲ့ ဓာတ်တော်တွေဟာ အစိတ်စိတ် အမွှာမွှာ အမျိုးမျိုးဖြစ်ပြီးတော့ ပူဇော်ခွင့် ရလိုက်တာဖြစ်ပါတယ်။ ကဿပဘုရားရှင်ကတော့ သက်တမ်းရှည်တဲ့အတွက် ဓာတ်တော်တွေကို တစ်လုံးတစ်ခဲတည်းပဲ ကျန်ရစ်ပါတယ်။ အဲဒီဓာတ်တော်ကို ဌာပနာပြီးတော့ ဓာတုစေတီတည်တဲ့အခါ ဘယ်လိုတည်ကြသလဲဆိုတော့ တကယ့်ရွှေအုပ်အစစ်နဲ့ "ရွှေစေတီ" တည်ကြပါတယ်။ ခုခေတ်လို ရွှံ့တွေကိုလုပ်တဲ့ မြေအုပ်နဲ့စီပြီးတော့ မတည်ကြပါဘူး။ ရွှေအုပ်နဲ့စီပြီး တည်တဲ့ အခါမှာလည်းပဲ စေတီရင်ပြင်မှာပဲ ပန်းထိမ်ဆရာတွေက အလှူရှင်တွေရဲ့ရှေ့မှာပဲ ရွှေအုပ်လုပ်ပြီးတော့ ချက်ချင်း လက်ငင်းပဲ ရွှေစေတီမှာ အလှူရှင်တွေကိုယ်တိုင် စီပြီးတော့ လှူဒါန်းခွင့်ရအောင် ဂေါပကတွေက စီစဉ်ပေးကြပါတယ်။

အဲဒီအချိန် သားအမိနှစ်ယောက်ဟာ ကဿပဘုရားရှင်ရဲ့ ဓာတုစေတီကို လာရောက်ပြီးတော့ ဖူးမျှော်ကြပါတယ်။ ကဿပ ဘုရားရှင်ရဲ့ ဓာတုစေတီဟာ ရွှေအုပ်နဲ့တည်တဲ့အတွက် ရွှေစေတီဖြစ်ပါတယ်။ မပြီးဆုံးသေးပါဘူး။ အဲဒီအချိန်မှာ (၇) နှစ် (၈) နှစ် သမီးအရွယ် မိန်းကလေးက ပန်းထိမ်ဆရာတွေ လက်ဝတ် လက်စားတွေကို ပြုလုပ်နေတာကို မြင်တဲ့အခါ မအေကို မေးမြန်းခဲ့ပါတယ်။ အမေ လက်ဝတ်လက်စားတွေကို

ပုံစံပြောင်းပြီးတော့ ပန်းထိမ်ဆရာတွေ လုပ်နေတာ ဘာအတွက် လုပ်နေကြတာလဲ ဒီလို မေးမြန်းလိုက်တဲ့အခါ အမေဖြစ်တဲ့ ပုဂ္ဂိုလ်က သမီးကို ပြောပြခဲ့ပါတယ်။ သမီး ဒါ ကဿပဘုရားရှင်ရဲ့ ဓာတ်တော်ကို ဌာပနာပြီးတော့ ရွှေစေတီတည်နေကြတယ်။ ရွှေအုပ်အစစ်နဲ့ ပူဇော်ကြတယ်။ ရွှေအုပ်နဲ့ ပူဇော်တဲ့အခါ လက်ဝတ်လက်စားတွေကိုလည်း ပူဇော်ကြတယ်။ ရွှေတုံး ရွှေခဲကိုလည်း လှူဒါန်းကြတယ်။ အဲဒီ ရွှေတုံးရွှေခဲတွေ လက်ဝတ်လက်စားတွေကို ရွှေအုပ်သဏ္ဍာန် ပန်းထိမ်ဆရာတွေဟာ ပြုလုပ်နေတာဖြစ်တယ်။ အဲဒီလို ပြောလိုက်တဲ့အခါ သမီးက ပြန်ပြီးတော့ မအေကို ပြောကြားခဲ့ ပါတယ်။ **အမ္မ မမ ဂီဝါယ ဣဒံ သောဝဏ္ဏမယံ ခုဒ္ဒက ပီဋ္ဌန္ဓနံ အတ္ထိ။ ဣမာဟံ စေတိယတ္ထာယ ဒေမိ။** အမ္မ၊ မိခင်။ မမ၊ သမီး၏။ ဂီဝါယ၊ လည်ပင်း၌။ သောဝဏ္ဏမယံ၊ ရွှေဖြင့်ပြီးသော။ ဣဒံ ခုဒ္ဒက ပီဋ္ဌန္ဓနံ၊ ဤရွှေလည်ဆွဲသည်။ အတ္ထိ၊ ရှိ၏။ မေမေ သမီးရဲ့လည်ပင်းမှာ ရွှေလည်ဆွဲ အသေးလေးရှိပါတယ်။ (၇)နှစ် (၈)နှစ် သမီးအရွယ်ဆိုတော့လည်း ရွှေလည်ဆွဲ အကြီးကြီးဆင်ပေးလို့ မဖြစ်ဘူး။ ခပ်သေးသေး ရွှေလည်ဆွဲလေး ဆင်ပေးထားရတယ်။ အဟံ၊ သမီးသည်။ ဣမံ၊ ဤလည်ဆွဲလေးကို။ စေတိယတ္ထာယ၊ ကဿပဘုရားရှင်ရဲ့ ရွှေစေတီအလို့ငှာ။ ဒေမိ၊ ပေးလှူချင်ပါတယ်။ ဒီလို မအေကို ပြောလိုက်တယ်။ ပြောလိုက်တော့ မအေကလည်း သဘောတူလိုက်တယ်။ သမီးလည်ကို ဆွဲပေးထားတဲ့ ရွှေလည်ဆွဲပဲ၊ သမီး ဆန္ဒအတိုင်း လှူဒါန်းနိုင်ပါတယ်။ အဲလိုပြောပြီးတော့ ပန်းထိမ်ဆရာတွေကို ပြောပြ လိုက်တယ်။ ကျွန်မ သမီးလေးရဲ့ ဟောဒီရွှေလည်ဆွဲလေးကို ရွှေအုပ်ထဲမှာ ထည့်ပြီး ပြုလုပ်ပေးပါလို့ အဲဒီလို ပြောပြီးတော့ အဲဒီရွှေအုပ်နဲ့ ကဿပဘုရားရဲ့ ဓာတုစေတီ ရွှေစေတီကို လှူဒါန်းလိုက်တယ်။ အဲဒီ ကုသိုလ်ကံကြောင့် အဲဒီအမျိုးသမီးလေးဟာ ကဿပဘုရားရှင်ရဲ့ ရွှေစေတီ ဓာတုစေတီအား ရွှေလည်ဆွဲ လှူဒါန်းရသောကုသိုလ်ကြောင့် အထက်နတ်ပြည်နဲ့ လူ့ပြည်မှာပဲ အကြိမ်ကြိမ် အဖန်ဖန် သုဂတိဘုံမှာပဲ ကျင်လည်ခဲ့ရတယ်။ အဲ ဂေါတမဘုရားပွင့်တော်

မူတဲ့အချိန်မှာတော့ နာဥကရွာမှာ လာပြီးတော့ အမျိုးသမီးလေးဖြစ်ပြီးတော့ စောစောပိုင်းက ပြောပြလိုက်တဲ့အတိုင်း အိုးခြမ်းကွဲတွေ ကျောက်ခဲတွေဟာ သူ့ရဲ့လက်နဲ့ ထိလိုက်တဲ့အခါ အကုန်လုံးပဲ ရတနာတွေ ဖြစ်သွားရတာပါပဲ။ ဒါဟာ ကဿပဘုရားရှင်ရဲ့ ဓာတုစေတီအား ရွှေလည်ဆွဲလှူဒါန်းလိုက်ရတဲ့ အကျိုးပါပဲ။ အဲဒီတော့ ကုသိုလ်ရှင်အနေနဲ့ ဘာကုသိုလ်ပြုလုပ်ခဲ့သလဲဆိုတော့ ကဿပဘုရားရှင်ရဲ့ ဓာတုစေတီ ရွှေစေတီ ကို ရွှေလည်ဆွဲ ရတနာလှူဒါန်းတဲ့ ကုသိုလ်ပါပဲ၊ ဒီကုသိုလ်ကြောင့် ကျောက်ခဲအိုးခြမ်းကွဲတွေဟာ ရတနာအဖြစ်သို့ ရောက်ရှိသွားကြရတာပါပဲ။

ယခုလည်းပဲ ဘုရား(၄)ဆူရဲ့ ဗုဒ္ဓခြေတော်ရာကို (၅)မျိုးလုံးကို လှူဒါန်းကြတာပါပဲ။ လှူဒါန်းတဲ့အခါ ကြေးတွေလည်း လှူဒါန်းကြတယ်။ လက်ဝတ်လက်စား တွေလည်း လှူဒါန်းကြတယ်။ ရွှေ ငွေ တွေလည်း လှူဒါန်းကြတယ်။ နဝကမ္မဝတ္ထုငွေတွေလည်း လှူဒါန်းကြတယ်။ ဒါတွေအားလုံးဟာ စောစောက ပြောပြခဲ့တဲ့အတိုင်း ကြေးတင်မက တန်ဖိုးကြီးမားတဲ့ ရွှေရော တင်းရော ခဲရော သွပ်ကော ရတနာတွေ အနေနဲ့ပဲ လှူဒါန်းလိုက်မှာပါပဲ။ အဲလို လှူဒါန်းလိုက်တာဟာ ဘုရား(၁)ဆူလှူဒါန်းတာသာမက ဘုရား(၄)ဆူလုံးအတွက် ရည်ညွှန်းပြီး လှူဒါန်းလိုက်တဲ့ကုသိုလ်ဆိုတော့ ဒီကုသိုလ်ဟာ နည်းနည်းကုသိုလ် ဒုဗ္ဗလကုသိုလ် မဟုတ်တော့ဘူး။ ဗလဝကုသိုလ် အားကြီးတဲ့ကုသိုလ် အားကောင်းတဲ့ကုသိုလ် ဖြစ်သွားပါတယ်။ ဒီကလေးမလေးဟာ ဘုရားရှင်ရဲ့ ဓာတ်တော်တွေကို လှူဒါန်းတဲ့ အခါ ဓာတ်တော်ရဲ့ သဘာဝကိုလည်း မသိပါဘူး။ ကြည်ညိုတဲ့ကုသိုလ်စိတ်သက်သက်နဲ့ပဲ လှူဒါန်းလိုက်တာ ပါပဲ။ ခု တရားနာပရိသတ်ကတော့ တစ်လတစ်ကြိမ် ဘုရားရှိခိုးအမျိုးမျိုးနဲ့ ရှိခိုးနေတာဆိုတော့ ဓာတ်တော်ရဲ့ သဘာဝကိုလည်း သိပြီးသားပါပဲ။ ခြေတော်ရာရဲ့ သဘာဝတွေလည်း နားလည်ပြီးသားပါပဲ။ အဲဒီလို မိမိတို့ ကိုယ်တိုင် သိပြီး နားလည်ပြီးမှ လှူဒါန်းတယ်ဆိုတော့ ဒီအလှူဟာ **"သမ္မာဇာနဒါနကုသိုလ်"** အလှူဖြစ်သွားတဲ့အတွက် အကျိုးဟာ အလွန်ကြီးမားတာပါပဲ။

ဘာအကျိုးကို မိမိလိုချင်သလဲ လိုချင်တဲ့အကျိုးကို ပေးမှာပါပဲ။ စီးပွားဥစ္စာ ချမ်းသာ ကြွယ်ဝချင်တယ် ဆိုရင်လည်းပဲ စီးပွားဥစ္စာချမ်းသာ ကြွယ်ဝမှာပါပဲ။ ရုပ်ရည်ချောမောလှပ ချင်တယ်ဆိုရင်လည်းပဲ ရုပ်ရည် ချောမော လှပမှာပါပဲ။ အသံကောင်းချင်တယ်ဆိုရင်လည်းပဲ အသံကောင်းမှာ ပါပဲ။ ဘာလိုချင်လိုချင် လူစည်းစိမ်လိုချင်သလား။ နတ်စည်းစိမ် လိုချင် သလား။ စကြာဝတေးမင်းစည်းစိမ်ကို လိုချင်သလား။ နောက်ဆုံး လောကုတ္တရာဖြစ်တဲ့ မဂ်စည်းစိမ် မဂ်ချမ်းသာ ဖိုလ်စည်းစိမ် ဖိုလ်ချမ်းသာ နိဗ္ဗာန် စည်းစိမ် နိဗ္ဗာန်ချမ်းသာကို လိုချင်သလား။ လိုချင်တဲ့ ချမ်းသာကို ပေးမှာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ခုပြောလိုက်တဲ့အတိုင်း အလှူခံဘက်က ဘုရား(၁)ဆူမက (၄)ဆူတောင် ဖြစ်နေတယ်။ နောက်စေတီ အနေနဲ့လည်း (၅)ဆူလည်း အပြည့်အဝကို လှူဒါန်းလိုက်တာပဲ။ လှူဒါန်းတဲ့အခါ အကျိုးသိနေပြီးတော့ လှူဒါန်းလိုက်တဲ့ အတွက် ဒီကုသိုလ်ဟာ မဟပ္ပလဒါန အင်မတန် အကျိုးကြီးမဲ့ကုသိုလ်ပါပဲ။ ရည်ညွှန်းတဲ့အခါတော့ လောကီ ချမ်းသာတွေ မရည်ညွှန်းတော့ဘဲနဲ့ လောကုတ္တရာချမ်းသာဖြစ်တဲ့ နိဗ္ဗာန် ချမ်းသာကိုပဲ ရည်ညွှန်းရမှာဖြစ်ပါတယ်။

ကောရဏ္ဍာပုပ္ပိယ မထေရ်ဆိုရင် မုဆိုးဘဝက သူမျှား အသက်တွေ သတ်ဖြတ်နေပေမဲ့ တိဿဘုရားရှင်ရဲ့ ခြေတော်ရာ (၃) ဆူကို ပန်းဆိုင်း ပန်းခိုင်နဲ့ပဲ လှူဒါန်းလိုက်တာပါပဲ။ ရွှေတွေ ငွေတွေ ရတနာတွေ လှူဒါန်းတာတောင် မဟုတ်ပါဘူး။ ဒါပေမယ့် ပန်းခိုင် ပန်းဆိုင်းလှူဒါန်းပေမဲ့ ဒီမုဆိုးဟာ သုဂတိဘုံတွေမှာပဲ ကျင်လည်ပြီး နောက်ဆုံး ဂေါတမဘုရားရှင်ရဲ့ လက်ထက်မှာ **"ကောရဏ္ဍာပုပ္ပိယရဟန္တာ"** အနေနဲ့ နိဗ္ဗာန်ချမ်းသာကို ရရှိမျက်မှောက်ပြုသွားနိုင်တာပါပဲ။ အဲတော့ မိမိတို့အနေနဲ့ အဲဒီ မုဆိုးထက်မက အသိဉာဏ်တွေလည်း ကြီးမားပြီးသားပါပဲ။ လှူဖွယ် ဝတ္ထုအနေနဲ့လည်း ပန်းတွေတင်မက နဝကမ္မအလှူငွေတွေ ကျောက်မျက်

ရတနာတွေ လက်ဝတ်လက်စားတွေ ဘုရားဂုဏ်တွေနဲ့ အာမိသ ဒါနရော ဓမ္မဒါနပါ လှူဒါန်းတာဖြစ်တဲ့အတွက် အကျိုးဟာ ရည်ညွှန်းတဲ့အတိုင်းကို မုချမသွေ ရရှိမှာပါပဲ၊ မိမိတို့အနေနဲ့ အနန္တဇိန ဗုဒ္ဓခြေတော်ရာ ရတနာပါဒ စေတီတော်အား လှူဖွယ်ဝတ္ထုမျိုးစုံ အာမိသဒါနကုသိုလ် ခြေတော်ရာ ဘုရားဂုဏ်တော်တွေနဲ့ ရွတ်ဖတ်ပူဇော်ရတဲ့ ဓမ္မဒါနကုသိုလ်တွေကြောင့် ဘုရားရှင် ရဟန္တာတို့ မျက်မှောက်ပြုရာ ဖြစ်တဲ့ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။

ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီး ဖြစ်ကြသော ကကုသန်, ကောဏာဂုမ်, ကဿပ, ဂေါတမအားဖြင့် ဘုရားရှင် (၄) ဆူတို့၏ ဗုဒ္ဓဝင်တော်ရာတို့ကို ရည်မှန်း၍ သွန်းလောင်းပူဇော်ပြီး စေတီ (၅) မျိုး ကိန်းဝပ် စံပယ်တော်မူသော

အနန္တဇိန ဗုဒ္ဓဝင်တော်ရာ ရတနာပါဒစေတီ အာသီသ မင်္ဂလာ

၁။ **ကကုသန်**မြတ်စွာဘုရားသည် အတောင် လေးဆယ် အရပ်မြင့်တော်မူ၏ ထိုကကုသန် မြတ်စွာဘုရား၏ ကိုယ်တော်မှဖြစ်သော ရောင်ခြည်တော်တို့သည် တဆဲ့နှစ်ယူဇနာ အရပ်တိုင်အောင် ပြိုးပြိုးပြက်ပြက် ကွန့်မြူး ထွက်ကြွတော် မူကုန်၏၊ အသက်တော်သည် အနှစ်လေးသောင်း ရှည်တော်မူ၏၊ အတုမရှိ မြတ်တော်မူ၏၊ ထိုကကုသန် မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း အသက်ရှည်ခြင်း,ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း, ခွန်အားကြီးခြင်းကို ပြုတော်မူပါဘုရား။

၂။ **ကောဏာဂုမ်**မြတ်စွာဘုရားသည် အတောင် သုံးဆယ် အရပ်မြင့်တော်မူ၏၊ ထိုကောဏာဂုမ် မြတ်စွာ ဘုရား၏ အသက်တော်သည် အနှစ်သုံးသောင်း ရှည်တော်မူ၏၊ နတ်ပြည်,ဗြဟ္မာပြည်၌ နတ်,ဗြဟ္မာ အပေါင်းကိုင်၄င်း၊ လူပြည် မြေအပြင်၌ လူအပေါင်းကိုင်၄င်း၊ တရားတော်ဟူသော အမြိုက်သုဓာဖြင့် နှစ်သိမ့် ရောင့်ရဲတော်မူစေ၏၊ ထိုကောဏာဂုမ် မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၃။ **ကဿပ**မြတ်စွာဘုရားသည် တရားမင်းဖြစ်တော်မူ၏၊ ကိုယ်တော်ရောင်, ဉာဏ်တော်ရောင်ကို ပြုတော်မူ၏၊ အတောင် နှစ်ဆယ် အရပ်မြင့်တော်မူ၏၊ အနှစ် နှစ်သောင်း အသက်ရှည်တော်မူ၏၊ နိုင်းယှဉ်စရာ ဥပမာရှိတော်မမူ၊ တူသူမရှိသော ရှေးဘုရားတို့နှင့်သာ တူတော်မူ၏၊ နတ်,ဗြဟ္မာတို့ဆရာဖြစ်တော်မူ၏၊ အတုမရှိ မြတ်တော်မူ၏၊ ထိုကဿပမြတ်စွာ

ဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း မွန်မြတ်သော ငြိမ်သက်ချမ်သာခြင်း, အနာရောဂါ ကင်းခြင်း, ရန်အပေါင်း အောင်မြင်ခြင်းကို ပြုတော်မူပါဘုရား။

၄။ ဂေါတမမြတ်စွာဘုရားသည် သာကီဝင်မင်းတို့၏ နှစ်သက် မြတ်နိုးခြင်းကို ပွါးတိုးစေတော်မူ၏၊ တဆဲ့ရှစ်တောင် အရပ်မြင့်တော် မူ၏၊ ခပ်သိမ်းသော တရားတို့ကို သိမြင်တော်မူ၏၊ သူခပ်သိမ်းတို့၏ မှန်ကူသဖွယ်ဖြစ်တော်မူ၏၊ သူခပ်သိမ်း တို့အား ချမ်းသာကို ပေးတော်မူ၏၊ ခပ်သိမ်းသော တရားတို့ကို ကိုယ်တော်တိုင် သိမြင်တော်မူ၏၊ ဘုန်းတော်ခြောက်ပါးနှင့် ယှဉ်တော်မူ၏၊ ဒါန,သီလ-စသည်တို့၏ အထွဋ်အထိပ်သို့ရောက်သော ပါရမီရှိတော်မူ၏၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏ တဆဲ့ငါးပါးနှင့် ပြည့်စုံတော်မူ၏၊ ထိုဂေါတမမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား စီးပွါးချမ်းသာခြင်း, အနာရောဂါကင်းခြင်းကို ပေးတော်မူပါဘုရား။

၅။ ဘဒ္ဒကမ္ပာတွင် ပွင့်တော်မူကြကုန်ပြီးသော ကကုသန်ဘုရားရှင်, ကောဏာဂုမ်ဘုရားရှင်,ကဿပဘုရားရှင်, ဂေါတမဘုရားရှင် အားဖြင့် **ဘုရားရှင်လေးဆူ**တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်၎င်း. . . ။

၆။ သက်တော်ထင်ရှား မြတ်စွာဘုရား၏ **“စက္ကေနကိတ ပါဒ လက္ခဏာ”** ဖြစ်သော တထောင်သော အကန့်အကွက် အကွပ်တံကူပုံတောင်းအချက်နှင့်တကွ ခပ်သိမ်းသော အခြင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈) ကွက် စက်လက္ခဏာ မင်္ဂလာအမှတ် အသား ပါရှိသော နှစ်ဖက်သော ခြေဖဝါး,ခြေတော်အစုံ ဟူဆိုအပ်သော **သဇိဝ,ပဒစေတီ**၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်၎င်း. . . ။

၇။ ဒေါဏပုဏ္ဏား, မာဂဏ္ဍိပုဏ္ဏား ဇနီးမောင်နှံ,ကုဏ္ဍဉ္ဇမိတ္တ မုဆိုးသားအဖ,အဇိတစသောရဿေ့, အရှင်သာရိပုတ္တရာ မထေရ်, သုမန နတ်မင်း,နမ္မဒါနဂါးမင်း,သစ္စဗန္ဓ ရဟန္တာမထေရ်တို့ မြင်တွေ့စေရန် မြတ်စွာဘုရားရှင် အဓိဋ္ဌာန်ဖြင့် ပြအပ်,ချထားအပ်သော ဗုဒ္ဓခြေတော်ရာ **ပရိဘောဂ ပဒစေတီ**တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်၎င်း. . . ။

၈။ မြတ်စွာဘုရားရှင် အဓိဋ္ဌာန်ဖြင့် ပြအပ်,ချထားအပ်သော ဗုဒ္ဓခြေတော်ရာ ပရိဘောဂ ပဒေတိတို့ကို မြင်တွေ့ ဖူးမျှော် လိုက်ကြရကုန်သော အရှင်သာရိပုတ္တရာ, အရှင်သစ္စဗန္ဓု ရဟန္တာစသော ပုဂ္ဂိုလ်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်ငင်း. . . ။

၉။ **အနန္တဇိန ဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီတော်တွင်** ထည့်သွင်းဌပနာပူဇော်မည့် ဓာတုစေတီ,ဓမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီ, ပါဒစေတီအားဖြင့် **စေတီ (၅) မျိုး**တို့၏ တန်ခိုးတေဇော် အာနုဘော် ကြောင့်ငင်း. . . -တပည့်တော်တို့ သွန်းလောင်း ပူဇော်မည့် အနန္တဇိန,ဗုဒ္ဓခြေတော်ရာ,ရတနာပါဒစေတီတော်သည် သတ္တဝါအများ၏ အားထားကိုးကွယ် ပူဇော်ခံရန် ဘေးရန်အန္တရာယ် မငြိတွယ်ပဲ ပြီးစီး အောင်မြင်ခြင်းသို့ ရောက်ရှိပါစေသတည်း။

၁၀။ **အနန္တဇိနဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီတော်တွင်** ထည့်သွင်း ဌပနာပူဇော်ထားသည့် ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီ,ပါဒစေတီအားဖြင့် စေတီ(၅)မျိုးတို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်ငင်း၊ တပည့်တော်တို့ ပြီးစီးအောင်မြင်စွာ သွန်းလောင်း ပူဇော်ထားသည့်အနန္တဇိနဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီတော်သည် လျှုဒါန်းကိုးကွယ်ပူဇော်ကြသူ အလှူရှင်များနှင့် ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ အများတို့ ဘေးရန်အန္တရာယ်ကင်းရှင်ကြလျက် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာခြင်းကို ပြုပေးတော်မူပါဘုရား။

(အနန္တဇိန ဗုဒ္ဓခြေတော်ရာရတနာပါဒစေတီ အတွက်
ထမအကြိမ် စုပေါင်းရေစက်ချ လှူဒါန်းသည့်နေ့, –၂၂၊၇၊ ၂၀၀၇)

လှရတနာဆရာတော်ဟောကြားသော
ဧရွပန်းတိမ်သည်သား ဝတ္ထုတရားတော်
(အနန္တဇိနဗုဒ္ဓခြေတော်ရာ ရေစက်ချတရား)
နေ့ထူးနေ့မြတ်

ဒီနေ့ပြုလုပ်တဲ့ကုသိုလ်ကောင်းမှုက အားလုံးကြွရောက်လာကြတဲ့ ဓမ္မမိတ်ဆွေပရိတ်သတ်အပေါင်း သူတော်ကောင်းတို့က စုပေါင်းလျက် တည်ထားကိုးကွယ်အပ်သော အနန္တဇိနဗုဒ္ဓခြေတော်ရာ ရတနာပါဒ စေတီတော်ကို (၁၃၆၉) ခုနှစ်၊ သီတင်းကျွတ်လပြည့်၊ အဘိဓမ္မာအခါတော်နေ့ (၂၆. ၁၀. ၂၀၀၇)နေ့မှာ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် အတွင်းမှာ တည်ထားကိုးကွယ် ရေစက်ချလှူဒါန်းတဲ့ မဟာ ကုသိုလ်တော်နေ့ ဖြစ်ပါတယ်။အနန္တဇိန ဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီတော် ဖြစ်ပေါ်လာပုံ အကြောင်းအရာတွေကို အခမ်း အနား အစီစဉ်မှာပါတဲ့အတိုင်း (၁၀၈) တောင် ဆင်ဖြူတောင်ဆရာတော်ရဲ့ မော်ကွန်းစာနဲ့ ဗုဒ္ဓဂယာဘုရားဖူး အဖွဲ့ဥက္ကဋ္ဌ ဦးကြည်ဝင်းရဲ့ ကျေးဇူးတင်လျောက်ထားချက်အရ ထိုက်သင့် သလောက် သိပြီးဖြစ်ကြပါတယ်။ ယခုဘုရားဒကာ၊ ဘုရားအမတွေ ဝမ်း မြောက်ဖွယ်အနေနဲ့ ပြောကြားမှာကတော့ ရေစက်ချလှူဒါန်းတဲ့ ဒီသီတင်းကျွတ်လပြည့်နေ့ရဲ့ နေ့ထူးနေ့မြတ် အခါတော်ကြီးနေ့ဖြစ်ပုံ၊ ထိုနေ့ထူးနေ့မြတ်အခါတော်ကြီးနေ့မှာ ထိုက်ထိုက်တန်တန် ပန်းမျိုးစုံဖြင့် ပူဇော်ရပုံ၊ ထိုပူဇော်ထားတဲ့ ပန်းတွေဟာ ဘယ်လောက်ကြီးပဲ မည်မျှအောင် ဆေးဝါးပစ္စည်းတွေနဲ့ စိမ်ထားသည်ဖြစ်စေ၊ ညှိုးနွမ်းသွားတဲ့ အတွက် ထိုညှိုးနွမ်းသွားတဲ့ ပန်းတွေကိုကြည့်ပြီး စိတ္တာလက််ရ စိတ္တာပရိက္ခာရဒါန ဝိပဿနာဘာဝနာ ကုသိုလ်ဟူးမျှားပုံ ဒီ(၃)မျိုးကိုပဲ ပြောပြပေးမှာဖြစ်ပါတယ်။

သံယာ့ပဝါရဏာနေ့

ဒီ(၃)မျိုးဟာ ဒီပါဒစေတီတော်ကြီး အလှူငွေပေးအပ်ပွဲ (၄)ကြိမ် တိုင်တိုင်ကျင်းပခဲ့ပေမယ့် မပြောပြရ သေးပဲနဲ့ ရေစက်ချမဟာမင်္ဂလာ အခမ်း

အနားကျင်းပတဲ့ ဒီနေ့မှာပဲ ပြောပြပေးမှာဖြစ်ပါတယ်၊ ရေစက်ချ တည်တားတဲ့ နေ့ရက်ဟာ ကြိုက်တဲ့နေ့ တည်ထားလှူဒါန်းလို့ရပါတယ်၊ သို့ပေမယ့် သီတင်းကျွတ် လပြည့်နေ့ရွေးချယ် လိုက်တာကတော့ ပိဋကတ်သုံးပုံ ဒေသနာနည်းနဲ့ကြည့်ရင် သီတင်းကျွတ်လပြည့်နေ့ဟာ အလွန်ထူးခြားတဲ့ နေ့ထူးနေ့မြတ်ဖြစ်နေပါတယ်၊ ရှေ့ဦးစွာ ဝိနည်းပိဋကတ်ဒေသနာတော် အနေနဲ့ပြောရင် စောစောပိုင်းအချိန်ကပဲ သံဃာတော်အရှင်မြတ်တွေ သံဃာပဝါရဏာပြုခဲ့ကြပါတယ်၊ သံဃာ့ပဝါရဏာဆိုတာ ငယ်သည် ကြီးသည် မဟူ ဆရာတော်ရယ် နာယကရယ် စာသင်သားရယ် ဆိုပြီးမခွဲခြားပဲ တစ်ပါးနဲ့ တစ်ပါး အပြစ်ရှိရင် ဖွင့်ပြောကြေးဆိုပြီး ဖိတ်ကြားတော့ လပြည့်နေ့မှာ ဖိတ်ကြားခဲ့ပါတယ်၊ သံဃာ့ပဝါရဏာ ဆိုတော့ သံဃာတွေနဲ့ပဲ သက်ဆိုင်ပါတယ်၊ သိမ်ထဲမှာပဲ ပဝါရဏာပြုရပါတယ်၊ မြတ်စွာဘုရားရှင်က တော့ ဇေတဝန်ကျောင်း ဂန္ဓကုဋီကျောင်းအတွင်းမှာပဲ နေခဲ့ပါတယ်၊ သို့ပေမယ့် မြတ်စွာ ဘုရားရှင်ဟာ သာသနာတည်ထောင်တဲ့ ပုဂ္ဂိုလ်ဖြစ်ပေမယ့် ငါပြောသလိုလုပ်ရမယ်၊ ငါခိုင်းတဲ့အတိုင်းလုပ်ရမယ်၊ ငါနေသလို နေရမယ်၊ ဆိုတဲ့အာဏာရှင်စနစ်နဲ့ အုပ်ချုပ်တဲ့ ဘုရားရှင် မဟုတ်ခဲ့ပါဘူး။

တစ်ရက်သောလပြည့်နေ့ အချိန်အခါမှာတော့ ရဟန်းသံဃာ အားလုံးကို ဖိတ်ကြားခဲ့ပါတယ်၊ သင်ချစ် သားတို့အနေနဲ့ ငါဘုရားရဲ့ ကာယကံ၊ ဝစီကံများ အပြစ်ကိုမြင်တွေ့ရင် လျောက်ထားနိုင်တယ်၊ ငါဘုရားကို လျောက်ထားခွင့်ရှိတယ်လို့ အဲဒီလိုပဝါရဏာအနေနဲ့ ဖိတ်ကြားခဲ့ပါတယ်၊ သာသနာတည်ထောင်တဲ့ ပုဂ္ဂိုလ် ကိုလည်းပဲ သူရဲ့သားသမီးတွေ ဒီနေနဲ့ အပြစ်ရှိတယ်လို့ယူဆယုံကြည်ရင် အဲဒီအပြစ်ကိုဖွင့်ပြောကြေး ဆိုပြီးတော့ လပြည့်နေ့မှာ ဖိတ်ကြားခဲ့ပါတယ်။အဲဒီအခါမှာ သားထဲမှာ အကြီးဆုံး ဖြစ်တဲ့ ဓမ္မသေနာပတိ တရားစစ်သူကြီး အရှင်သာရိပုတ္တရာကပဲ လက်အုပ်ချီမိုး မတ်တပ်ရပ်ပြီးတော့ လျောက်ထားခဲ့ပါတယ်။

မြတ်စွာဘုရားရှင်အပေါ်မှာ တပည့်တော်တို့သားသမီးတွေအနေနဲ့ ဘာအပြစ်မှ မမြင်ရအောင် ဖခမည်းတော်ဟာ အလွန်စင်ကြယ်ဖြူစင်တဲ့

ပုဂ္ဂိုလ်ဖြစ်ပါတယ်ဘုရား။ အဲ့ဒီလိုလျှောက်ထားပြီးတဲ့နောက်မှ **"ဘဂဝါ ဟိ ဘန္တေ အနုပပန္နသ မဂ္ဂသ ဥပ္ပါဒေတာ"** စသည်ဖြင့် လမ်းစဉ်ကိုတီထွင်တဲ့ အဋ္ဌကထာမင်္ဂလာကို ရှေ့သွား ခေါင်းဆောင်ပြုတဲ့ ပုဂ္ဂိုလ်စသည်ဖြင့် ဘုရားရှင်ရဲ့ သီးခြားအဝေးကိုက ဂုဏ်တော်တို့ကို ထုတ်ဖော်လျှောက် ထားခဲ့ပါတယ်။

အဲဒီတော့ သီတင်းကျွတ်လပြည့်နေ့ဟာ သံဃာတော်အချင်းချင်း အပြစ်ရှိရင် ဖွင့်ပြောကြေးလို့ ဖိတ်ကြားတဲ့ **"သံဃာပဝါရဏာနေ့"**သာမက၊ ဘုရားရှင်ကိုယ်တိုင်ကလည်းပဲ အပြစ်ရှိရင် ဖွင့်ပြောကြေး ဆိုပြီးတော့ ဖိတ်ကြားထားတဲ့ နေ့ထူးနေ့မြတ်ဖြစ်ခဲ့ပါတယ်။ ဒါက ဘုန်းဘုန်းတို့ ဝိနည်း ဒေသနာအရ ထူးခြားတဲ့ နေ့ဖြစ်ပုံပါပဲ။

အဘိဓမ္မအခါတော်နေ့

အဘိဓမ္မာ ပိဋကတ်ဒေသနာတော်အနေနဲ့ ဆိုရင်တော့ (၇)ဝါ မြောက် တာဝတိံသာနတ်ပြည်မှာ မယ်တော်ဖြစ်ခဲ့ဘူးတဲ့ သန္တုသိတနတ် သားအား ကျေးဇူးဆပ်တဲ့အနေနဲ့ အဘိဓမ္မာ(၇)ကျမ်းထဲက မဟာပဋ္ဌာန်း ကျမ်းကို ဟောလိုက်တာ ဒီနေ့သီတင်းကျွတ်လပြည့်နေ့မှာပဲ ပြီးဆုံးခဲ့ပါတယ်၊ အဲ့ဒီလိုပြီးဆုံးတဲ့ အထိမ်အမှတ်ကို အကြောင်းပြုပြီးတော့ သီတင်းကျွတ် လပြည့်နေ့ကို **"အဘိဓမ္မာအခါတော်နေ့"** ဆိုပြီးတော့ သတ်မှတ်ကြရတာပါ၊ အဲဒီတော့ ဘုရားဒကာ၊ ဘုရားအမတွေအနေနဲ့ မိမိတို့တည်ထားရေစက်ချ လှူဒါန်းထားမယ့် အနန္တဇိနဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီတော်ကြီးကို မဟာပဋ္ဌာန်းကျမ်းမှာလာတဲ့ ပဋ္ဌာန်း(၂၄)ပစ္စည်းဖြင့် ရွတ်ဆိုပြီးတော့ ဖွင့်လှစ်ကြမှာဖြစ်ပါတယ်။

ဘကြီးတော်ဘုရားရဲ့ မိဖုရားခေါင် နန်းမယ်တော်မယ်နု ဆောက် လုပ်ခဲ့တဲ့ နန်းမယ်တော်မယ်နု အုတ်ကျောင်းကြီးကို ဆရာတော်ဦးဗုဒ္ဓ လက်ခံတဲ့အခါ မဟာပဋ္ဌာန်းကျမ်းကြီးမှာလာတဲ့ ပဋ္ဌာန်း(၂၄)ပစ္စည်းကို ရွတ်ဆိုပြီးတော့ ဖွင့်လှစ်ခဲ့ပါတယ်။ ရန်ကုန်သာသနာ့တက္ကသိုလ်ကို မင်းကွန်း တိပိဋကဆရာတော်တို့ ဖွင့်လှစ်တဲ့ အခါမှာလဲပဲ မဟာပဋ္ဌာန်းကျမ်းမှာလာတဲ့ ပဋ္ဌာန်း(၂၄)ပစ္စည်းဖြင့် ရွတ်ဆိုပြီးတော့ ဖွင့်လှစ်ခဲ့ပါတယ်၊ ယခုလည်းပဲ

ရှေးဆရာတော်ကြီးတို့ရဲ့ ထုံးကို နှလုံးမူပြီတော့ မိမိတို့တည်ထားကိုးကွယ်တဲ့ အနန္တဇိနဗုဒ္ဓဓြေတော်ရာ ရတနာပါဒ စေတီတော်ကြီးကို ပဋ္ဌာန်းကျမ်း ဟောကြားပြီးပြီဆိုတဲ့ အဘိဓမ္မာ အခါတော်နေ့မှာ ပဋ္ဌာန်း(၂၄)ပစ္စည်းကို ရွတ်ပြီးဖွင့်ကြပါစို့-

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရ ပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတ ပစ္စယောတိ။

သဗ္ဗမင်္ဂလ အခါတော်နေ့

သုတ္တန်ဒေသနာတော်နည်းအရ သီတင်းကျွတ်လပြည့်နေ့ရဲ့ ထူးခြားချက်ကိုလည်းပဲ ဆက်လက် ပြီးတော့ ပြောပြပေးမှာဖြစ်ပါတယ်။ အားလုံးပဲရွတ်ဆိုနေကြတဲ့ **"ဒိဝါ တပတိ အာဒိစ္စော"** အစချီတဲ့ သဗ္ဗမင်္ဂလာဂါထာကို မြတ်စွာဘုရားရှင်ဟာ သာဝတ္ထိပြည် ကျောင်းအမကြီး ဝိသာခါ ဆောက်လုပ် လှူဒါန်းတဲ့ ဗုဇ္ဈာရုံကျောင်းမှာ ဒီနေ့သီတင်းကျွတ်လပြည့်နေ့ နေဝင်ခါနီး လထွက်ပေါ်လာစ အချိန်အခါမှာပဲ ရွတ်ဆိုဟော ကြားခဲ့တာ ဖြစ်ပါတယ်။သုတ္တန်ဒေသနာ နည်းအားဖြင့် ကြည့်မယ် ဆိုရင်လည်းပဲ သီတင်းကျွတ်လပြည့်နေ့ဟာ **"သဗ္ဗမင်္ဂလာ အခါတော်နေ့"** ဖြစ်နေပြန်ပါတယ်၊ မိမိတို့တည်ထား ကိုးကွယ် ပူဇော်မယ် အနန္တဇိန ဗုဒ္ဓဓြေတော်ရာ ရတနာပါဒစေတီတော်ကြီး ကျက်သရေမင်္ဂလာ အဖြာဖြာနဲ့ အမြဲတမ်း ပြည့်စုံနေစေရန် သဗ္ဗမင်္ဂလာဂါထာကို အားလုံးညီညီညာညာ ရွတ်ဆိုပြီးတော့ ဖွင့်လှစ်ပူဇော်လိုက်ကြပါကုန်စို့-

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ။
သန္နဒ္ဓါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြဟ္မဏော။
အထ သဗ္ဗ မဟောရတ္တိ၊ ဗုဒ္ဓါ တပတိ တေဇသာ။

ရတနာပါဒစေတီတော်တည်ထားတဲ့ သီတင်းကျွတ် လပြည့်နေ့ရဲ့ ပိဋ္ဌကတ်သုံးပုံ ဒေသနာနည်း အားဖြင့် နေ့ထူး နေ့မြတ်မှာ တမင်ရွေးချယ်ပြီးတော့ တည်ထားကိုးကွယ်ပြီးတဲ့နောက် ဒီပါဒစေတီတော်ရေစက်ချတဲ့နေ့မှာ ထူးထူးခြားခြား ဆန်းဆန်းပြားပြား ပန်းမျိုးစုံနဲ့ ဘာ့ကြောင့်ပူဇော်ရသလဲဆိုတဲ့ ဒုတိယပိုင်းကို ဆက်လက်ပြီးတော့ ဖြောပြပေးမှာဖြစ်ပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်မှာ ညဏ်ပညာအရာမှာ အကြီးမားဆုံး ဧတဒဂ်ရတဲ့ မထေရ်မြတ်က အရှင်သာရိပုတ္တရာ မထေရ်မြတ်ဖြစ်ပါတယ်။ အရှင်သာရိပုတ္တရာမထေရ်မြတ်ဘာ့ကြောင့် ညဏ်ပညာကြီးမားကြရသလဲ ဘာကြောင့် ပညာအရာမှာ ထူးချွန်ရသလဲ ဘာကြောင့် အဂ္ဂသာဝကရာထူးဖြင့် ချီးကျူးမြောက်စားခံခဲ့ရသလဲ ဒီအမေးရဲ့အဖြေဟာ ဒီနေ့ပန်းမျိုးစုံဖြင့် ပူဇော်ရခြင်းမှာ ပါရှိလာမှာ ဖြစ်ပါတယ်၊ အဂ္ဂသာဝက အလောင်းလျာတွေဟာ မဟာသာဝက ရဟန္တာတွေထက် ပိုလွန်ပြီးတော့ (၁)သင်္ချေ ပါရမီဖြည့်ခဲ့ရပါတယ်။

သုရုစိရသေ့ ပန်းဖြင့်ပူဇော်ခြင်း

မဟာသာဝက ရဟန္တာဖြစ်ဖို့ကတော့ ပဒုမုတ္တိုရ်ဘုရားရှင်လက်ထက်က စပြီးတော့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရင် မဟာသာဝကဖြစ်နိုင်ပါတယ်။ အဂ္ဂသာဝကဖြစ်ဖို့ကတော့ တစ်သင်္ချေ ပိုလွန်ရတဲ့အတွက် အရှင်သာရိပုတ္တရာမထေရ်လောင်းဟာ အနောမဒဿီဘုရားရှင် လက်ထက်ကစပြီးတော့ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီတော်တွေဖြည့်ကျင့်ခဲ့ရပါတယ်။ အရှင်သာရိပုတ္တရာမထေရ်အလောင်းဟာ ဟိမဝန္တာတောထဲမှာ ရသေ့ပေါင်းမြောက်များစွာရဲ့ ဆရာကြီးအနေဖြင့် အုပ်ချုပ်နေပါတယ်၊ သုရုစိရသေ့လို့အမည်တွင်ပါတယ်၊ အဲ့ဒီအချိန်မှာ အနောမဒဿီမြတ်စွာဘုရားရှင်က ဘယ်ပုဂ္ဂိုလ်ကို ချီးမြှောက်ရမလဲလို့ကြည့်ရှုတဲ့အခါ သုရုစိရသေ့ကို မြင်တွေ့ခဲ့ရပါတယ်၊ ဒီအချိန်မှာ အနောမဒဿီမြတ်စွာ ဘုရားရှင်ဟာ သုရုစိရသေ့ သီတင်းသုံးတဲ့ ဟိမဝန္တာတောထဲမှာ အထက်

ကောင်းကင်ကနေ ကြွရောက် လာပြီးတော့ အထက်ကောင်းကင်မှာပဲ စကြိန်လျှောက်ခဲ့ပါတယ်။

ဒီအခါမှာ ကောင်းကင်မှာ စကြိန်လျှောက်တာကိုမြင်တွေ့တဲ့ သုရစိရသေ့က အထက်ကောင်းကင်ကို မော်ဖူးလိုက်တဲ့ အခါမှာ ဒီပုဂ္ဂိုလ်ဟာ လူလား နတ်လား ဗြဟ္မာလား ရသေ့လား၊ ရဟန်းလား ဆိုပြီတော့ လက္ခဏာတော်ကြီးငယ် အသွယ်သွယ်ကို စစ်ဆေးခဲ့ပါတယ်။ အဲဒီလို စစ်ဆေးတဲ့အခါမှာ မြေပြင်ကနေ အထက် ကောင်းကင်ကိုမော်ပြီးတော့ ဖူးမြော်နေတာဆိုတော့ အနောမဒဿီမြတ်စွာဘုရားရှင်ရဲ့ ခြေဖဝါးအပြင်မှာ စောစော ပိုင်းက ဘုရားဒကာ၊ ဘုရားအမတွေ ရွှတ်ဖတ်လိုက်တဲ့ တစ်ထောင်သောအကန့်အကွက် စက်လက္ခဏာကို မြင်တွေ့ခဲ့ရပါတယ်။

"သဟဿရာနိ စက္ကာနိ၊ ဒိဿန္တိ စရဏာတ္တမေ။
လက္ခဏာနိဿ ဒိသွာန၊ နိဋ္ဌံ ဂစ္ဆိ တထာဂတေ"။

(မဟာဒါန်ပါဠိတော်)

အနောမဒဿီ ဘုရားရှင်ရဲ့ ခြေဖဝါးအပြင်မှာ တစ်ထောင်သော အကန့်အကွက် အကွပ်တကူ ပုံတောင်း အချက်နှင့်တကွ (၁၀၈)ကွက် စက်လက္ခဏာကို မြင်တွေ့လိုက်ရတဲ့အတွက် ဒီပုဂ္ဂိုလ်ဟာ လောက(၃)ပါးမှာ အမြတ်ဆုံးဘုရား ရှင်ပဲလို့ ဆုံးဖြတ်ချက်ချပြီးတော့ သူနေတဲ့ရသေ့ကျောင်းကန်မှာ ကြွရောက်သီတင်းသုံးဖို့ ပင့်ခဲ့ပါတယ်။ ဒီအခါမှာ အနောမဒဿီဘုရားရှင်ဟာ ပင့်ဖိတ်ချက်ကို လက်ခံပြီးတော့ ကျောင်းသခ်ိန်းမှာ ကြွရောက် သီးတင်းသုံးပါတယ်။

အဲဒီအခါမှာ သုရစိရသေ့ဟာ လက်အုပ်ချီပြီတော့ ရှိခိုးနေပါပြီ အနောမဒဿီဘုရားရှင်ကို လက်အုပ် ချီမိုးရှိခိုးနေတဲ့ သုရစိရသေ့ ဆရာကြီးထံကို သောင်းနဲ့ချီတဲ့ စျာန်အဘိညာဉ်တွေရတဲ့တပည့် ရသေ့တွေလာတဲ့ အခါ သူတို့ရဲ့ဆရာကြီး လက်အုပ်ချီတာတွေတော့ တအံ့တသြဖြစ်ခဲ့ရပါတယ်။ ဆရာကြီး အကျွန်ုပ်တို့အနေနဲ့ လောကမှာ ဆရာကြီးကို အမြတ်ဆုံး ဆိုပြီးတော့ ကြည့်ညိုကိုးကွယ်နေကြတာပါ။ ယခုဆရာကြီးက လက်အုပ်ချီပြီး

ကိုးကွယ်နေတဲ့ ပုဂ္ဂိုလ်ဟာ ဆရာကြီးထက် မြတ်နေတယ်ဆိုတော့ ဘယ်လို ပုဂ္ဂိုလ်ပါလဲ။ ဒီလိုမေးမြန်းတဲ့အခါ သုရုစိရသေ့က ဘုရားရှင်ရဲ့ ဂုဏ်တော်တွေ အမျိုးမျိုးကို ပြောပြခဲ့ပါတယ်။ အဲဒီလို ပြောပြပြီးတော့ ချစ်သားတို့ ဒီအနောမဒဿီဘုရားရှင်ကို ငါတို့အနေနဲ့ ဒို့ကျောင်းသခင်နှင်းကို ကြွရောက် သီတင်းသုံးတဲ့အတွက် ပန်းမွေရာကြီးနဲ့ ပူဇော်ကြရအောင်၊ ချစ်သားတို့ဟာ စျန်အဘိညာဉ်တွေရရှိတဲ့အတွက် ဟိမဝန္တာတောထဲမှာ ရှိတဲ့ အထူးအထူး အဆန်းအဆန်း အနံ့အဆင်းပြည့်စုံတဲ့ ပန်းတွေကို အမြန်ဆွတ်ခူးယူလာခဲ့ကြပါ။ ခုလိုပြောနေတာဟာ အလွန်ကြာခဲ့ပါတယ်။ သုရုစိရသေ့ရဲ့ သောင်းနဲ့ချီတဲ့ ရသေ့တွေဟာ စျာန်အဘိညာဉ်ရတဲ့ ရသေ့တွေဆိုတော့ ဆရာကြီးပြောလိုက်တာနဲ့ ချက်ချင်းလက်ငင်း ဟိမဝန္တာတောကြီးအတွင်းမှာ ရှိတဲ့ အင်မတန်မွှေးကြိုင်ပြီး အဆင်းလည်းလှတဲ့ ပန်းတွေကို ချက်ချင်းဆွတ်ခူးပြီးတော့ ချက်ချင်းယူဇနာနဲ့ချီပြီး အင်မတန်ကြီးမားတဲ့ ပန်းမွှေ့ရာပလ္လင်ကြီးကို စီမံကြပါတယ်။ စီမံပြီးတော့ ခေါင်းဆောင်ဖြစ်တဲ့သုရုစိရသေ့က အနောမဒဿီဘုရားရှင်ကို လျှောက်ထားခဲ့ပါတယ်။

တပည့်တော်တို့ကို သနားခြီးမြှောက်တဲ့အနေနဲ့ တပည့်တော်တို့ ပူဇော်ထားတဲ့ ပန်းမွှေ့ရာပလ္လင်ထက်မှာ ကြွရောက်သီတင်းသုံးတော်မူပါဘုရား အဲဒီလိုလျှောက်ထားခဲ့ပါတယ်။ အဲဒီအချိန်မှာ အနောမဒဿီဘုရားရှင်ဟာ ပန်းမွှေရာပလ္လင်ပေါ်မှာ သီတင်းသုံးပြီးတော့ သုရုစိရသေ့အမှူးရှိတဲ့ သောင်းနဲ့ချီတဲ့ ရသေ့ တွေကိုခြီးမြှောက်ခဲ့ပါတယ်။

သဗ္ဗညုတဉာဏ်ကို ချီးကျူးခြင်း

အဲဒီလိုခြီးမြှောက်တဲ့အခါ သုရုစိရသေ့အမှူးရှိတဲ့ ရသေ့တွေဟာ အလွန် ဝမ်းသာအားရဖြစ်ခဲ့ရပါတယ် အထူးသဖြင့် သုရုစိရသေ့ဟာ အနောမဒဿီဘုရားရှင်ကို သဗ္ဗညုတ ဉာဏ်တော်နဲ့ ပတ်သက်တဲ့ များစွာသော ဂါထာတို့ဖြင့် ချီးကျူးလျှောက်ထားခဲ့ပါတယ်။ သာရိပုတ္တရာထေရာပါဒါန်မှာ ဘုရားရှင်ရဲ့ ဂုဏ်တော် မြောက်များစွာကို သုရုစိရသေ့လျှောက်ထားခဲ့ပါတယ်။ မြောက်များစွာသော ဂုဏ်တော်ဂါထာတွေထဲက (၃)ဂါထာကိုပဲ လျှောက်ထားပြပါမယ်။

သက္ကာ သမုဒ္ဒေ ဥဒကံ၊ ပမေတုံ အာဠကေနဝါ။
နတွေဝ တဝ သဗ္ဗညု၊ ဉာဏံ သက္ကာ ပမေတဝေ။

အနောမဒဿီမြတ်စွာဘုရား ပင်လယ်မဟာသမုဒ္ဒရာ လေးစင်းအတွင်းမှာရှိတဲ့ ရေတွေကို ခွက်,ပြည်တောင်းစသည်တို့ဖြင့် ချင်တွယ်ခြင်းငှါ စွမ်းဆောင်နိုင်မှု စွမ်းဆောင်နိုင်ရာပါ၏၊ အရှင်ဘုရား၏ သဗ္ဗညုတ ဉာဏ်တော်ကြီးကိုမူ မည်သူမျှ နှိုင်းယှဉ်ရေတွက်ခြင်းငှါ အတတ်နိုင်ပါဘုရား၊

အဲဒီလိုဘုရားရှင်ရဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးကို ပင်လယ်မဟာသမုဒ္ဒရာနဲ့ နှိုင်းပြီးတော့ ခြိုးကျူး ပူဇော်ခဲ့ပါတယ်။

မာရေတုံ ပထဝီ သက္ကာ၊ ဌပေတွာ တုလ မဏ္ဍလေ။
နတွေဝ တဝ သဗ္ဗညု၊ ဉာဏံ သက္ကာ မရေ တဝေ။

အနောမဒဿီမြတ်စွာဘုရား ပထဝီမြေကြီးဟာ ထုထည်ပမာဏာအလွန်ကြီးမားလှပါတယ်။ အပြန့်လည်း အလွန်ကျယ်ပြန့်လှပါတယ်။ ထုထည်ပမာဏာဘယ်လောက်ပဲ ကြီးမားကြီးမား အလွန်ကြီးမားတဲ့ ချိန်ခွင်ထက်မှာ တင်ပြီးတော့ တန်ခိုးရှင်ပုဂ္ဂိုလ်ဟာ ချိန်မယ်ဆိုရင် အလေးချိန်ဘယ်နှစ်တန်ရှိတယ်ဆိုတာ ချိန်စက်ရေတွက်လို့ ရနိုင်ပါတယ်ဘုရား။ အရှင်ဘုရားရဲ့ သဗ္ဗညုတ ဉာဏ်တော် ကြီးကိုတော့ ဘယ်လောက်ကြီးကျယ်တဲ့ ပညာရှင်ဖြစ်ဦးတော့၊ ရေတွက်လို့မရနိုင်လောက်အောင် သဗ္ဗညုတ ဉာဏ်တော်ကြီးဟာ ထုထည်ပမာဏာ အလျားအပြန့်အလှန်ကြီးမားလှပါပေတယ် ဘုရား အဲဒီလို ဒုတိယအကြိမ် သဗ္ဗညုတ ဉာဏ်တော်ကြီးကို ပဟာပထဝီမြေကြီးနဲ့ နှိုင်းယှဉ်ပြီးတော့ ခြိုးကျူးခဲ့ပါတယ်။

အာကာသော မိနိတုံ သက္ကာ၊ ရဇ္ဇုယာ အဂုံလေနဝါ၊
နတွေဝ တဝ သဗ္ဗညု၊ ဉာဏံ သက္ကာ ပမေတဝေ။ ။

အနောမဒဿီမြတ်စွာဘုရား အဇ္ဈာပြင်ထက်ကောင်းကင်ဟာ အနန္တ(၄)မျိုးထဲမှာ ပါဝင်တဲ့အတွက် ဘယ်လိုမှ ယူဇနာနှင့် တိုင်တာလို့မရအောင် ကျယ်ပြန့်လှပါတယ်ဘုရား။ အဆုံးအစမရှိတဲ့ ကောင်းကင်ပြင်ကြီးကို တန်ခိုးရှင်က မိုင်တွေယူဇနာတွေနဲ့ ရေတွက်လို့ ရချင်ရနိုင်ပေမယ့်

သဗ္ဗညုတ ဉာဏ်တော်ကြီးကိုတော့ ချိန်ဆနှိုင်းဆလို့ မရနိုင်ခဲ့ပါဘူးဘုရား။ အဲ့ဒီလို သဗ္ဗညုတဉာဏ်တော်ကြီးကို အဇ္ဈာပြင် ကောင်ကင်းကြီးနဲ့ နှိုင်းယှဉ်ပြီးတော့ ချီးကျူးခဲ့ပါတယ်။ ဒီလောက်ပဲ မဟာသမုဒ္ဒရာရေပြင် မဟာပထဝီမြေပြင် အဇ္ဈာပြင် ထက်ကောင်းကင်တို့နဲ့ နှိုင်းယှဉ်ကြည်ညိုလိုက်ရင် ဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်တော်ကြီးဟာ ထိုက်သလောက်ပေါ်လွင်လာမှာ ဖြစ်ပါတယ်။ သုရုစိရသေ့ကတော့ သာရိ ပုတ္တာထေရာ ပါဒါန်မှာ ဂုဏ်တော်မြောက်များစွာ ဂါထာမြောက်မြားစွာ ဆက်လက်ပြီးတော့ ချီးကျူးနေခဲ့ ပါတယ်။ အဲဒီလိုလဲ ချီးကျူးပြီး နိဂုံးချုပ်တဲ့အခါ အရှင်ဘုရား ပညာရှင် ပုဂ္ဂိုလ်ဟာ အရှင်ဘုရားရဲ့ ဉာဏ်ပညာတွေကုန်အောင် ချီးကျူးမယ် ဆိုပြီးတော့ ဘယ်လောက်ပဲ ချီးကျူး ချီးကျူး အဲဒီပုဂ္ဂိုလ်ဟာ မောပြီးတော့ ရပ်နားသွားရပါမယ်။ အရှင်ဘုရားရဲ့ ဉာဏ်တော်တွေဟာ မကုန်နှိုင်လောက်အောင်များပြားပါပေတယ်ဘုရား-ဆိုပြီးတော့ နိဂုံးချုပ် လျှောက်ထားခဲ့ပါတယ်။

ဒီအခါမှာ အနောမဒဿီ ဘုရားရှင်က ဗျာဒိတ်ပေးခဲ့ပါတယ်။ ချစ်သားသုရုစိရသေ့ သင်ရသေ့ဟာ ငါဘုရားအား ပန်းမွှေယာကြီးနဲ့ လှူဒါန်းခဲ့တဲ့ကုသိုလ် သဗ္ဗညုတဉာဏ်တော်ကြီးကို ချီးမွမ်းခဲ့တဲ့ ကုသိုလ်ကြောင့် သင်ဖြစ်ချင်နေတဲ့ ဉာဏ်ပညာကြီးမားတဲ့ အရာမှာ ဉာဏ်အကြီးမားဆုံး အဂ္ဂသာဝကရာထူးကို ရရှိလိမ့်မယ်လို့ ဗျာဒိတ်ပေး ခဲ့ပါတယ်။

ယခုလည်းပဲ အနန္တဇိနဗုဒ္ဓခြေတော်ရာကြီးကို ပူဇော်တဲ့အခါ သုရုစိရသေ့ဟာ အနောမဒဿီ ဘုရားရှင်ရဲ့ ခြေဖဝါး၊ အပြင်မှာ တစ်ထောင်သော အကန့်အကွက် အကွပ်တံကူ ပုံတောင်းအချက် (၁၀၈)ကွက် စက်လက်ခဲဏာတွေကို ကြည့်ပြီးမှ ဘုရားရှင်လို့ ဆုံးဖြတ်ချက်ချပြီးမှ ယူဇနာနဲ့ ချီပြီး ကြီးမားတဲ့ ပန်းမွှေ့ရာပလ္လင်ကြီးဖြင့် ပူဇော်ခဲ့တဲ့ထုံးကို နှလုံးမူပြီးတော့ ယခုအားလုံးပဲ ဘုရားဖူးပရိတ်သတ်တွေ မြင်တွေ့ရတဲ့အတိုင်း ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် ပန်းမျိုးစုံဖြင့် ဗုဒ္ဓခြေတော်ရာအား ပူဇော်ခဲ့တာ ဖြစ်ပါတယ်။ အရှင်သာရိပုတ္တရာကတော့ ဂါထာတွေနဲ့ သဗ္ဗညုတ

ဉာဏ်တော်ကို ချီးကျူးသွားပါပြီ။ ဘုရားဒကာ၊ ဘုရားအမတွေ အနေနဲ့တော့ တောင်မြို့ မဟာဂန္ဓာရုံဆရာတော် ရေးသားပူဇော်ထားတဲ့ သဗ္ဗညုတ ဉာဏ်တော်စွမ်းရည်ပြ လင်္ကာတို့ကို ရွတ်ဆိုပူဇော်လိုက်ရအောင်၊ အားလုံးပဲ လိုက်ဆို လိုက်ကြမယ်။ လိုက်ဆိုတဲ့အခါ သုရုစိရသေ့လို လက်အုပ် ချီပြီတော့ ရိုရိုသေသေ ပူဇော်ကြရမှာဖြစ်ပါတယ်။

၁။ သိရန်မှန်က၊ မကျန်ရအောင်၊ လုံးဝစုံလင်၊ အကုန်မြင်၊ သဗ္ဗဉ် ဉာဏ်တော် အစွမ်းတည်း။

၂။ သိသည့်တရား၊ များအပြား၌၊ ဟောထားစဖွယ်၊ နည်းသွယ်သွယ်ကို၊ ခြယ်လှယ်စုံလင်၊ အကုန်မြင်၊ သဗ္ဗဉ် ဉာဏ်တော် အစွမ်းတည်း။

၃။ ကျွတ်ထိုက်ကြပေ၊ များဝေနေ၏၊ ဣန္ဒြေစရိုက်၊ သူ့အကြိုက်ကို၊ နှိုက်ချွတ်စုံလင်၊ အကုန်မြင်၊ သဗ္ဗဉ်ဉာဏ်တော် အစွမ်းတည်း။

၄။ ဉာဏ်တော်စွမ်းပကား၊ ဤ ၃-ပါးကြောင့်၊ အများဝေနေ၊ ကျွတ်လွတ်စေဖို့၊ မနေမနား၊ သက်တော်အားဖြင့် ကြီးမား လေဘိ၊ ရှစ်ဆယ်ပြည့်၍၊ ပရိနိဗွာန်၊ စံသည့်တိုင်အောင်၊ သယ်ယူဆောင်၊ ဘုန်းခေါင် ငါတို့ဘုရာတးည်း။

(မဟာဂန္ဓာရုံဆရာတော်)

အနန္တဇိနဗုဒ္ဓခြေတော်ရာ ရတနာပါဒ စေတီတော်အား ပန်းမျိုးစုံဖြင့် ခမ်းခမ်းနားနား ဆန်းဆန်းပြားပြား ပူဇော်ရခြင်းရဲ့ အပိုင်းပြီးသွားပြီး ဖြစ်ပါတယ်။ နောက်ဆုံးအပိုင်းကို ဆက်လက်ပြီးတော့ ပြောပြမှာဖြစ်ပါတယ်။ အားလုံးသော ဘုရားဒကာ၊ ဘုရားအမတွေ ခမ်းခမ်းနားနားပူဇော်ထားတဲ့ ပန်းတွေကို လှမ်းမျှော်ပြီးတော့ ကြည့်လိုက်ကြပါ။ ဒီပန်းတွေဟာ ဘယ်လိုပဲ သိပ္ပံနည်းပညာဖြင့် မနွမ်းအောင် မညိုးအောင် ဆေးဝါးတွေ ပက်ဖျန်း ထားပေမယ့် ညိုးနွမ်းနေကြပါပြီ၊ ညိုးနွမ်းနေတဲ့အတွက် တချို့ဘုရားဒကာ ဘုရားအမတွေက ပန်းလှူရတာ ညိုးနွမ်းတဲ့အတွက် အားမရဖြစ်ကြ ရပါတယ်။ ထာဝရရေရှည်တည်တံ့တာကိုပဲ လှူဒါန်းချင်ကြပါတယ်။

သို့ပေမယ့် အရှင်သာရိပုတ္တရာကတော့ ပန်းနဲ့ပဲ လျှုဒါန်းသွားတာဖြစ်ပါတယ်။ ပန်းညှိုးနွမ်းတာကို ကြည့်ပြီးတော့ စိတ္တာလက််ာရ စိတ္တာပရိက္ခာရဒါနကုသိုလ်၊ ဝိပဿနာ ဘာဝနာကုသိုလ်တွေဖြစ်အောင် ဉာဏ်ဖြင့် ဆင်ခြင်ပြီးတော့ လျှုဒါန်းရယူရမှာဖြစ်ပါတယ်။

ရွှေပန်းတိမ်သည်သားရဟန်း

ဘုရားရှင်ရဲ့လက်ထက်တုန်းက အခုပြောပြနေတဲ့ ဉာဏ်ပညာအရာမှာ ဧတဒဂ်ရတဲ့ အလွန်ဉာဏ် ကြီးမားတဲ့ ဉာဏ်ကြီးရှင်ဖြစ်တဲ့ အရှင်သာရိပုတ္တရာဟာ ပန်းတိမ်သည်သားတပည့်ရဟန်းကို ငယ်ရွယ်သူဖြစ်တဲ့အတွက် ရာဂစရိုက်အားကြီးမယ်လို့ထင်ပြီးတော့ အသုဘကမ္မဋ္ဌာန်းကို ပေးခဲ့ပါတယ်၊ ပန်းတိမ်သည်သားဆိုပေမယ့် ရာဂစရိုက် လောဘကြီးမှုမဖြစ်ဘူး။ လောဘကြီးမှု မဖြစ်တဲ့ ပုဂ္ဂိုလ်ကို အသုဘကမ္မဋ္ဌာန်းစီးဖြန်းခိုင်းလို့ တစ်ဝါတွင်းလုံး အရှင်သာရိပုတ္တရာခိုင်းတဲ့အတိုင်း စီးဖြန်းပေမယ့် ရွှေပန်းတိမ်သည် သားရဟန်းတော်ဟာ ဘာမင်္ဂလာမှမရခဲ့ပါဘူး၊ ဒါနဲ့ ရွှေပန်းတိမ်သည် သားရဟန်းကို ဘုရားထံခေါ်ပြီးတော့ အရှင်သာရိပုတ္တရာက အကျိုးအကြောင်းလျှောက်ထားခဲ့ပါတယ်။ ဒါနဲ့ပဲ ဘုရားရှင်က ချစ်သားသာရိပုတ္တရာ သင့်ရဲ့တပည်ထားခဲ့ပါ၊ သင်တဝါတွင်းလုံး ကမ္မဋ္ဌာန်းပေးလို့မင်္ဂလာနိဗ္ဗာန်မရတဲ့ သင့်ရဲ့တပည့်ကို တစ်ညနေအတွင်းမှာပဲ ငါဘုရား ကမ္မဋ္ဌာန်းပေးလိုက်မယ်။ အဲဒီလိုပြောပြီးတော့ အရှင်သာရိပုတ္တရာကို ပြန်လွှတ်ခဲ့ပါတယ်။

မြတ်စွာဘုရားရှင်က ရွှေပန်းတိမ်သည်သား ရဟန်းတော်ရဲ့စရိုက်ကို ကြည့်လိုက်တဲ့အခါ ရွှေပန်တိမ်သည် သားဖြစ်ပေမယ့် လောဘကြီးတဲ့ စရိုက်ရှိတဲ့ပုဂ္ဂိုလ်မဟုတ်တဲ့အတွက် အင်မတန်လှပတဲ့ အနီရောင်ကြာနီတစ်ပွင့်ကို တန်ခိုးနဲ့ ဖန်ဆင်းပြီးတော့ ပေးလိုက်ပါတယ်။ ချစ်သား ဟောဒီ ကြာနီပွင့်ကို သင့်ရဲ့ရှေ့နားမှာရှိတဲ့ သဲပုံပေါ်မှာ စိုက်ထူလိုက်ပါ။ ကြာနီပွင့်ကိုကြည့်ပြီးတော့ **"လောဟိတက်၊ လောဟိတက်၊ အနီရောင် အနီရောင်"** ဆိုပြီးတော့ အမြဲတမ်း ကမ္မဋ္ဌာန်းစီးဖြန်းတဲ့ အနေနဲ့ရွတ်ဆိုနေပါ ဆိုပြီတော့ ခိုင်းထားလိုက်ပါတယ်။ အဲဒီသဲပုံရဲ့မလှမ်းမကန်းမှာလည်းပဲ ရေကန်ရှိပါတယ်။ အဲဒီ

ရေကန်အတွင်းမှာလည်း ခုလိုသီတင်းကျွတ်လဆိုတော့ ကြာပန်းတွေပွင့်လန်းနေတာဖြစ်ပါတယ်။ ရွှေပန်းတိမ်သည်သား ရဟန်းဟာ ဘုရားခိုင်းတဲ့အတိုင်း သဲပုံထက်မှာ စိုက်ထူထားတဲ့ ပဒုမ္မာကြာနီကို ကြည့်ပြီးတော့ လောဟိကကံ၊ လောဟိတကံ အနီရောင် အနီရောင် ဆိုပြီးတော့ စီဖြန်းနေခဲ့ပါတယ်။ ဘုရားရှင်က ရွှေပန်းတိမ်းသည်သားရဲ့ စိတ်ဓာတ် စရိုက်ကို လှမ်းကြည့်လိုက်တော့ သူ့ပင်ကိုယ်အတိုင်း မဂ်ဖိုလ်နိဗ္ဗာန် မရနိုင်ဘူးလို့သိတဲ့အခါ တန်ခိုးနဲ့တစ်နေရာကနေ ကြာနီပန်းကိုညိုးနွမ်းအောင် တဖြည်းဖြည်းနဲ့ တန်းခိုးနဲ့ဖန်ဆင်းပေးခဲ့ပါတယ်။

ကြာနီပွင့်မှ ခန္ဓာကိုယ်သို့ ပြောင်းရွှေ့ပုံ

ကြာနီပွင့်ဟာ ဘုရားရှင်ပေးစက ပွင့်ဖက်တွေဟာ ထောင်ပြီးတော့ ရေတွေ စိုပြီးတော့ အလွန်ကြည့်လို့ လှပါတယ်။ ရွှေပန်တိမ်သည် သားရဟန်းဟာ လောဟိတကံ လောဟိတကံ-ဟု ရွတ်ဆိုရင်း ပရိကံစည်းဖျန်းရင်း စိတ်တွေကြည်ပြီး သမာဓိဖြစ်လာတယ်၊ ဥပစာရစျာန်ဖြစ်လာတယ်၊ ထို့နောင်ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်ထိရလာတယ်၊ သမာဓိအားကောင်းကောင်းနဲ့ ကြာပွင့်ဖတ်လေးတွေကြည့် လိုက်တော့၊ တဖြည်းဖြည်းနဲ့ ရေတွေခြောက်၊ ညိုးနွမ်းညိုးနွမ်း၊ အနီရောင်ကနေပြီးတော့ အမည်းရောင်တွေဖြစ်ဖြစ်တာကို မြင့်တွေ့လာရပါတယ်။

ကြာပွင့်ဖတ်လေးတွေရဲ့ ညှိုးနွမ်းစရင့်ရော်တဲ့ ဇရာသဘောကို ကြည့်ပြီးတဲ့ နောက်မှာ သူ့ခန္ဓာကိုယ်ကို ရွှေ့ပြီးတော့ ခန္ဓာကိုယ်ကိုကြည့်နေပါတယ်။ ဒီကြာပွင့်ဟာ အနုပါဒိဏ္ဏကပဲ၊ မိမိရဲ့ ခန္ဓာကိုယ်ကတော့ ဥပါဒိဏ္ဏက ခန္ဓာကိုယ်ပဲ၊ အနုပါဒိဏ္ဏကဖြစ်တဲ့ ဒီကြာပွင့်တောင်မှ ဇရာတရားလွှမ်းဖိစီးလိုက်တဲ့အတွက် လန်းဆန်းနေတဲ့ကြာပွင့်ဖတ်တွေဟာ ညိုးနွမ်းပြီးတော့ အမည်းရောင်သမ်းလာရပြီ၊ ငါ့ရဲ့ခန္ဓာကိုယ်ဟာ ဥပါဒိဏ္ဏက ခန္ဓာကိုယ်ဆိုတော့ပွင့်ဖတ်လောက်တောင်မှ ခိုင်မာမှုမရှိဘူး ဇရာတရားရဲ့ လွှမ်းမိုးမှုဟာ ပိုပြီးဇတော့ခံနေရပြီ။ **အနုပါဒိဏ္ဏကေပိ ပဒုမေ ဧဝံ ဇရာယ အဘိဘုယျ မာနေ ဥပါဒိဏ္ဏကေသရီရေ ကထာဝ နတ္ထိ၊** အနုပါဒိဏ္ဏကဖြစ်တဲ့ ကြာနီပန်းပွင့်

မှာ တောင်မှ ဇရာတရားလွှမ်းမိုးလိုက်လို့ ညှိးနွမ်းသွားတယ်ဆိုရင် ဥပါဒိဏ္ဏကဖြစ်တဲ့ ငါ့ရဲ့ခန္ဓာကိုယ်ကိုလည်း အိုမင်းရင့်ရော်ခြင်း ဇရာတရားဟာ လွှမ်းမိုးမှာပဲ၊

ဣဒမ်ပိဟိ သရီရံ ဇရာယ၊ အဘိဘဝိဿတိ-အဲဒီလို ခန္ဓာကိုယ်ကို ရွှေ့ပြီးတော့ မိမိခန္ဓာကိုယ်မှာ ဇရာတရား၏ လွှမ်းမိုးမှုကြောင့် အိုနေပုံကို မြင်ရပါတယ်။ နုပျိုတာကနေ အိုမင်းလာတဲ့အတွက် လက္ခဏာရေး(၃) ပါးနဲ့ ပြောရင် ဇရာ၊ အနိစ္စလက္ခဏာကို မြင်လိုက်ရပါတယ်။ **တသ္မိ ပန ဒိဋ္ဌေ ဒုက္ခလက္ခဏဉ္စ အနတ္တလက္ခဏဉ္စ ဒိဋ္ဌမေဝဟောတိ**၊ မမြဲတဲ့ အနိစ္စလက္ခဏာကိုမြင်လိုက်တာနဲ့ တပြိုင်နက် ဆင်းရဲတဲ့ ဒုက္ခလက္ခဏာ၊ အစိုးမရအလိုသို့မလိုက် အကြိုက်သို့ မပါတဲ့ အနတ္တလက္ခဏာကိုလည်းပဲ တခါတည်းဆက်လက်မြင်တွေ့လိုက်ရပါတယ်။

အဲဒီအခါမှာ ဝိပဿနာဆင်ခြင် ရှုမှတ်နေပါပြီ၊ မြတ်စွာ ဘုရားရှင်ဟာ မိမိရဲ့သားသမီးတွေကို ပြစ်မထား ပါဘူး။တရားအားထုတ်နေ တဲ့ ယောဂီပုဂ္ဂိုလ်ကိုလည်းပဲ တရားဉာဏ်အဆင့်အတန်း ဘယ်အဆင့် ရောက်နေပြီလဲဆိုတာ ဆက်လက်ပြီးတော့ ကြည့်ရှုနေခဲ့ပါတယ်။ သူရဲ့ ပင်ကိုယ်အတိုင်း မဂ်ဖိုလ်၊ နိဗ္ဗာန်မရနိုင်မှန်း သိတဲ့အတွက် မြတ်စွာ ဘုရားရှင်ဟာ ဆက်လက်ပြီးတော့ စောင့်ရှောက်ပေးရပါတယ်။ သဲပုံကြီး အနီးမှာရှိတဲ့ ရေကန်ကြီးထဲမှာလည်းပဲ ကြာပွင့်တွေဟာ ပွင့်နေပါတယ်၊ ရေကန်အနီးမှာရှိတဲ့ ကလေးတွေဟာ ရေကန်ထဲ ဆင်းပြီးတော့ ကြာပွင့်ကို ဆွတ်ကြကြာဖူးတွေ ခူးကြဆိုတော့ ကြာပွင့်တွေဟာ အစိတ်စိတ် အမွှာမွှာ ပွင့်ဖတ်တွေ ပျက်စီးသွားခဲ့ပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားရှင်အနေနဲ့ ရွှေပန်းတိမ်သည်သားရဟန်းတော် မြင်နိုင်လောက်တဲ့ နေရာမှာ အရောင်အလင်း လွှတ်လိုက်ပါတယ်။ အရောင်အလင်းလွှတ်လိုက်တော့ ရွှေပန်းတိမ်သည် သားဟာ ဘာအရောင်လေးလဲ ကြည့်လိုက်တော့ အထက်ကောင်းကင်မှာ ဘုရားရှင်ရဲ့ ပုံတော်ပေါ်လာခဲ့ပါတယ်၊ တင်ပလ္လင်ခွေပြီးတော့ သီတင်းသုံး နေတဲ့ မြတ်စွာ

ဘုရားရှင်ကို ဖူးမြင်လိုက်ရပါတယ်။ မိမိတို့ဘုရားဒကာ၊ ဘုရားအမတွေ တည်ထားတဲ့ ခြေတော်ရာကြီးရဲ့ နောက်မှာ သီတင်းသုံးနေတဲ့ အနန္တဇိန ဘုရားရှင် ပုံသဏ္ဌာန်တော်လိုပဲ ဖြစ်ပါတယ်။ အဲဒီအခါမှာ ရွှေပန်းတိမ်သည် သားရဟန်းတော်ဟာ လက်အုပ်ချီ လိုက်ပါတယ်။ လက်အုပ်ချီပြီးတဲ့အခါမှာ အထက်ကောင်းကင်မှာ ရောင်တော်အနေနဲ့ သက်တော်ထင်ရှား ဘုရားရှင်ရဲ့ ပုံတော်အတိုင်း ပေါ်လာတဲ့ နိမ္မိတ ဘုရားရှင်က ဂါထာလေးတစ်ပုဒ်ကို ဟောခဲ့ပါတယ်။

သစ္စာ(၄)ပါးပြ ဩဘာသ ဂါထာ

ဥစ္ဆိန္နဒ္ဒ သိနေဟ မတ္တာနော၊ ကုမုဒံ သာရထိကံဝ ပါဏိနာ။
သန္တိမဂ္ဂမေဝ ဗြူဟယ၊ နိဗ္ဗာနံ သုဂတေန ဒေသိတံ။

ဂါထာရဲ့အဓိပ္ပါယ်က- ချစ်သားရဟန်း သင့်ခန္ဓာကိုယ်ကို စွဲလမ်းတပ်မက်ခင်မင်နေတဲ့ တဏှာကို ဖြတ်တောက်ပစ်လိုက်စမ်းပါ။ သင့်ရဲ့ မလှမ်းမကမ်းမှာရှိတဲ့ ရေကန်ထဲမှာရှိတဲ့ ကြာပန်းတွေကို ကလေးတွေက ဖြတ်တောက်ဖျက်ဆီးပစ်လိုက်သလို တဏှာကိုလည်း ဖြတ်တောက်ဖျက်ဆီးပစ်လိုက်စမ်းပါ။ နိဗ္ဗာန်ကို ငါဘုရားရှင်ဟာ ဟောကြားထားပြီးသားဖြစ်တယ်၊ ဒါကြောင့် နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်(၈)ပါး ကျင့်စဉ်ကို သင်ချစ်သား ပွားများရှုမှတ်ကျင့်လိုက်စမ်းပါ။ အဲဒီဂါထာလည်း ဟောလိုက်ပြီးရော ရွှေပန်တိမ်သည်သားရဟန်းဟာ ဂါထာအဆုံးမှာ တဏှာမခြားဘဲနဲ့ မဂ်လေးတန်ကို တဆက်တည်းရပြီးတော့ ရဟန္တာအဖြစ်သို့ရောက်ရှိသွားခဲ့ပါတယ်။ ရွှေပန်းတိမ်သည်သား ရဟန်းတော် ရဟန္တာအဖြစ်သို့ ရောက်တာဟာ ညီးနွမ်းနေတဲ့ကြာပန်းကို ကြည့်ပြီးမှ ရဟန္တာဖြစ်သွားတာပါ။ မညိုးတဲ့ ကြာပန်းကိုကြည့်ပြီး ရဟန္တာဖြစ်တာ မဟုတ်ပါဘူး။ အဲဒီတော့ ဘုရားဒကာ ဘုရားအမတွေ အလှူရှင်တွေကို ပြောလိုတာက ပန်းညိုးနွမ်းတာလေး ကြည့်ပြီးတော့ စိတ်မကောင်းဖြစ်စရာ မလိုပါဘူး၊ ဒို့ဒီပန်းတွေ သောင်းနဲ့ချီ သိန်းနဲ့ချီပြီး လှူဒါန်းထားလိုက်ရတာ တရက်တောင်မခံဘူး။ ဘာမှလည်း အကျိုးမရှိပါလား၊ အဲဒီလိုစိတ် ဖြစ်သွားမှာစိုးတဲ့အတွက် ရွှေပန်းတိမ်သည်

သားရဲ့ ဝတ္ထုကို ထုတ်ဆောင်းပြီးတော့ ပြရတာဖြစ်ပါတယ်။ ငွေသောင်းနဲ့ သိန်းနဲ့ချီတဲ့ကုသိုလ်ထက် ထိုပန်းတွေညိုးနွမ်းတာကို ကြည့်ပြီးတော့ ဆင်ခြင်တဲ့ စိတ္တာလက််ာရဒါနကုသိုလ် စိတ္တာပရိက္ခာရဒါနကုသိုလ် ဝိပဿနာ ဘာဝနာကုသိုလ်ဖြစ်အောင် ဆင်ခြင်နည်းဟာ သိန်းသန်းမက တန်ဖိုးကြီးမား လှပါတယ်။

ဝိပဿနာရှုမှတ်နည်း

အလွန်ခိုင်မာတဲ့ ဘယ်ပစ္စည်းပဲဖြစ်ဖြစ် မမြဲတဲ့အနိစ္စတရားတွေပါပဲ အချိန်တန်ရင် အကုန်လုံးပဲ ပြောင်းလဲပျက်စီးသွားပါတယ်။ အနိစ္စလက္ခဏာ အနိစ္စသဘောအရ ပန်းညိုးနွမ်းတာကို ကြည့်ပြီးတော့ ရွှေပန်းတိမ်သားကဲ့သို့ ဝိပဿနာဘာဝနာတင်ပြီးတော့ ဆင်ခြင်ရမှာဖြစ်ပါတယ်။ ရှုမှတ်ဆင်ခြင်တဲ့ အခါ ဥပမာန အပိုင်းမှာ မိမိတို့လျှာဒါန်းထားတဲ့ ပန်းတွေကိုကြည့်ပြီးတော့ ဥပမေယျအပိုင်းမှာ မိမိရဲ့ခန္ဓာကိုယ်ကိုကြည့်ပြီးတော့ ဆင်ခြင်ပြီးတော့ ဝိပဿနာဘာဝနာလက််ာကို အားလုံးပဲ လက်အုပ်ချီပြီး ပွားများရှုမှတ်လိုက်ကြပါကုန်စို့။

အနုပါဒိဏ္ဏကာ၊ အမည်ရသည့်၊ ပုပ္ပမျိုးစုံ၊ ဤပန်းရုံသည်၊ ရှည်မြင့် ကာလ၊ မတည်ထပဲ၊ ခဏာဖြစ်လျက်၊ ခဏာပျက်ကာ၊ ညိုးရစွာသို့၊ ဥပါဒိဏ္ဏာကာ၊ အမည်ရသည်၊ သရီရတွင်မည၊ ဤခန္ဓာလည်း၊ ရှည်မြင့်ကာလ၊ မတည်ထပဲ၊ ခဏာဖြစ်လျက်၊ ခဏာပျက်၏၊ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်းဒဏ်ဖြင့်၊ တရုံမစဲ၊ လွန်ဆင်းရဲ၏၊ ခိုင်မြဲကျောမှာ၊ နှစ်မပါဘူး၊ ပညာစက္ခု၊ မြွောထောက်ရှုလျှင်၊ သူ့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ မှန်လှစွာ၏၊ ငါငါ့ဥစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတခုမျှ၊ မဟုတ်ကြသည်၊ ဓမ္မသက်သက်ပါတကား။

အနန္တဇိန ဗုဒ္ဓခြေတော်ရာ တည်ထားရေစက်ချ အလှူမှာ ဝမ်းမြောက်ဖွယ်အနုမောဒနာ(၃)မျိုးစလုံး ပြောကြားပြီးသွားပြီဖြစ်ပါတယ်၊ ဒီပါဒစေတီတည်ထားလှူဒါန်းပူဇော်ရခြင်းရဲ့ ကောင်းမှုအတွက် ဥက္ကဋ္ဌဦးကြည်ဝင်း ဖတ်ကြားသွားတဲ့ ကျေးဇူးတင်လွှာမှာ လာသည့်အတိုင်း ခြေတော်ရာအား ဘာမှတန်ဖိုးမရှိတဲ့ တောထဲမှာ အလေ့ကျပေါက်နေတဲ့

လိပ်ဆူးရွေပန်းလေးကို လျှဒါန်းရုံနဲ့ နိဗ္ဗာန်ကိုရရှိသွားတဲ့ ကောရဏ္ဍာပုပ္ပိုယ မထေရ်ကဲ့သို့ နိဗ္ဗာန်ကိုပဲ ရည်ညွှန်းရပါမယ်။

အလွန်တန်ဖိုးကြီးမားတဲ့ သိန်းနဲ့ချီတဲ့ ပန်းတွေကို လျှဒါန်းလိုက်ရတဲ့ကုသိုလ်၊ အနန္တဇိနဗုဒ္ဓခြေတော်ရတနာ ပါဒစေတီတော်အား လက်ဝတ်လက်စား သိန်းတစ်ရာကျော်လျှဒါန်း လိုက်ရတဲ့ကုသိုလ်၊ ပါဒစေတီတော်တည်ထား ပူဇော်တဲ့အတွင်းမှာ (၁၀၈) ကွက်စက်လက္ခဏာတို့ကို အကြိမ်ကြိမ်အဖန်ဖန်ရွတ်ဖတ်လျက် ပူဇော်ရခြင်းဓမ္မဒါန ကုသိုလ် ထိုကုသိုလ်ကောင်းမှုအစုစုတို့သည် ကောရဏ္ဍာပုပ္ပိုယမထေရ် နိဗ္ဗာန်ကို မျက်မှောက်ပြုရသကဲ့သို့ ဘုရားဒကာ-ဘုရားအမဖြစ်ကြကုန်သော ဓမ္မမိတ်ဆွေအပေါင်းသူတော်ကောင်းတို့သည်လည်း နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရပါကုန်သောဟု ရည်မှန်းဆုတောင်းလိုက်ကြကုန်ရာသတည်း။

ဌိဇမံဃိဘဲယားလဲ(၂)းလဲ့ပဟ ဌိဝိကျိုယးဒဂိုင ဌိဝိထ ဒဂိဝယဟ်ဟာ



ဦးပြောဇာဂီ ယယီလပုပေယီ(၀၀င)းဟိပုတစ်ထ ဂွးဒုလစးနှင်ငဂ ထပုတစ်ခြစ



ဌိဇယြမှစာဂီးဒုလားနှင်း ယဒုထာဇြာ





ဝတ်ဖြူစင်ကြယ်ဖြင့် ခြေတော်ရာ သွန်းလောင်းပူဇော်ကြစဉ်



အာဇာနည်ဆရာတော်နှင့်ပြည့်ဝဦးလှမြင့်တို့ ရတနာပစ္စည်းများကို ကျိုက်ရန်ထည့်သွင်းကြစဉ်



မန္တလေးဘုရားကြီးတိုက် ဒေါနရြံအုတ်ကျောင်း၌ သံယာတော်များ ရြေတော်ရာကြီးကို အနေကဇာတင်ကြစဉ်

ဝန်ဆေးကုဆေး ဒုတိုးနှုင်းလါစိုယဖမာ ကြွယ်ပုထာစြာဒီဝ် ဦးဒုဝါယာဝန်ထမိုလ်



ဌိဇးထယ္ပဝါလစးဒ္ဝဝဌိယြးဌိဒ်ထိဝိ စိုဇေယကထာထဝိဂဲ ထာပဒိဝဲ ဂိုါ်ဇယ္ပဇဝစးယြဝဲယ္ပထစဇြစ



ငြဇးထေငှစာဂ် ဒုံရှိဖုံးကြားနှဂ ငွေးပြုပါငှထာဇြာဝင်ဝ် နံမွန်နိန်ငေ



ဒေါ်ဒွဝံရိုးယဏယာလင်ကဲယာပဒိတ် ဇဂိုဇ်ယဖစားယြဝယာစြာဒိတ် နမွန်နေး





နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ ဗန်မော်ဆရာတော်ကြီး အနန္တဇိနဗုဒ္ဓခြေတော်ရာကြီးအား ဆီမီးအလင်းတိုင်တို့ဖြင့် ပူဇော်စဉ်



ခြေရာစာအုပ် ဗုဒ္ဓစာပေ ပထမဆုရသဖြင့် ဒေါက်တာမျိုးမြင့်က လှုရတနာဆရာတော်အား ဂုဏ်ပြုလက်မှတ်ဆက်ကပ်စဉ်

လှရတနာ ဆရာတော်ဟောကြားသော
ပါဒပိဋ္ဌကာဝတ္ထုတရားတော်
(ဗုဒ္ဓ၏ခြေဆေးအင်းပျဉ်တော် တန်ခိုး)
အလှူ (၃)မျိုး

ခရစ်နှစ် ၂၀၁၁-ဇူလိုင်လ (၁၀)ရက် တနင်္ဂနွေနေ့ ဒီတနင်္ဂနွေနေ့တွေမှာ ပြုတဲ့ကုသိုလ်ကောင်းမှုတွေက သိန်းသန်းဦး ပုံနှိပ်တိုက်ကဦးတင်မြင့်ထွေး+ဒေါ်သိဏ္ဍီဦးတို့ ဗုဒ္ဓရုပ်ပွားတော်ပန်းချီကားချပ်အလှူ၊ ဒေါ်ခင်လေး အသက် (၈၀)နှစ် လှူဒါန်းတဲ့ စာတိုက်ဘီဒို၊ ဓမ္မစေတီအလှူဦးကျော်ဆန်းလွင်+ဒေါက်တာမမြင့် လှူဒါန်းတဲ့ ဗုဒ္ဓခြေတော်ရာ ခြေဆေးနဲ့သာအင်ပျဉ်ခုံတော် အလှူအားဖြင့် ဒီအလှူသုံးမျိုး၊ ရေစက်ချကုသိုလ်ကောင်းမှုပြုကြတဲ့ အဲဒီ အလှူမင်္ဂလာပွဲမှာ ဗုဒ္ဓဂယာပုညသဟာယအဖွဲ့က ဗုဒ္ဓခြေတော်ရာတို့အား ရှိခိုးပူဇော်မှု ဗုဒ္ဓပူဇာပြီးသွားပြီ၊ ဒီနေ့အလှူဟာ ဗုဒ္ဓခြေတော်ရာ ခြေဆေးနဲ့သာအင်းပျဉ်ခုံတော်နှင့် စပ်ပြီးတော့ ဝမ်းမြောက်ဖွယ်အနေဖြင့် ပါဒပိဋ္ဌကာဝတ္ထု ဗုဒ္ဓခြေဆေးအင်ပျဉ်တန်ခိုးဆိုတဲ့ တရားကိုဟောပြပေးမှာဖြစ်ပါတယ်။ အဲဒီလို ပါဒပိဋ္ဌကာ ဝတ္ထုတရားတော်ကို မနာခင် ရှေးဦးစွာ မိမိတို့ရဲ့ရှေ့မှာ တင့်တယ်စံပယ် သပ္ပါယ်စွာ သီတင်းသုံးနေတဲ့ ဗုဒ္ဓခြေတော်ရာကြီးတွေမှာပါတဲ့ (၁၀၈)ကွက် စက်လက္ခဏာတို့ကို ပူဇော်ပြီးတော့ ဆုတောင်းကြမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ ရတု,ကဗျာ,လောကမှာတော့ ရတု,ကဗျာ,လင်္ကာဘုရင်လို့ သတ်မှတ်ခံရတဲ့ ရှင်မဟာရဋ္ဌသာရ ရေးသားခဲ့တဲ့ လင်္ကာကြီးဖြစ်ပါတယ်။ ဒီလင်္ကာကြီးထဲက အချို့စက်လက္ခဏာကိုတော့ တောင်ခွင်သာသနာပိုင် ဆရာတော်က စာနဲ့ပေနဲ့ ညီအောင် နည်းနည်းပါးပါးပြင်ပေးထားပါတယ်။ နောက် နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးတို့ အမှူးပြုတဲ့ ခြေတော်ရာ မူမှန်ပူဇော်ရေးအဖွဲ့ကလဲ စာနဲ့ပေနဲ့ညီအောင် ခြောက်ခုမြောက် လက္ခဏာကိုတော့ ပြင်ပေးထားပါတယ်။ ဒီအခါမှာတော့ လင်္ကာကြီးဟာ ပြီးပြည့်စုံတဲ့ လင်္ကာကြီးဖြစ်

သွားပါတယ်။ ရှင်မဟာရဋ္ဌသာရနှင့် တောင်ခွင်သာသနာပိုင် ဆရာတော် ဗန်းမော်ဆရာတော်တို့ အတည်ပြုထားတဲ့အတိုင်း “အတိုင်းမသိ ကျေးဇူး ရှိသား” -စတဲ့ (၁၀၈) ကွက် စက်လက္ခဏာ ခြေတော်ရာ ဘုရားရှိခိုး လက်ာကြီး ဖြင့် ညီညီညာညာ ပူဇော်ပြီး ဆုတောင်းလိုက်ကြပါကုန်စို့။

ဘုန်းဘုန်းတို့ ပန်ချီကားကို အကြောင်းပြုပြီးတော့ မိမိတို့ရဲ့ နှလုံးသားထဲမှာ ဂုဏ်တော် ဘုရားစေတီ တည်ပြီးသွားပြီ မိမိတို့ကိုယ်တိုင်လဲ ဘုရားဒကာ ဘုရားအမတွေ ဖြစ်သွားမယ်။ မြေပြင်ပေါ်မှာ တည်ရမဲ့ မြေစိုက် ပုံတော်ဘုရားစေတီတည်ရတာ လက်သမားဆရာပြောရ ပန်းရံဆရာပြောရ သံချည်သံကွေး ဆရာပြောရ အလုပ် သမားပြောရ ဘဏ္ဍာရေးရှာရနဲ့ အလွန် စိတ်ပင်ပန်းတယ်။ ခုလိုနှလုံးသားထဲမှာ ဂုဏ်တော်ဘုရားစေတီ တည်ရတာတော့ မပင်မပန်းပဲနဲ့ သက်တောင့်သက်သာ စိတ်ချမ်းသာရတယ်။ ပြီးခဲ့တဲ့ (၃) ရက် (၄)ရက် ဝန်းကျင်ကပဲ ဘုန်းဘုန်းတို့ ဟင်္သာတမြို့ ဗုဒ္ဓခြေတော်ရာ ကြီးသွားဖူးတဲ့အခါ နဝဓုတင်္ဂစာရ မထေရ်တည်တဲ့ ကမ္ဘာ့ဗုဒ္ဓမဏ္ဍိုင် သတ္တဋ္ဌာနစေတီကို ရောက်သွားတယ်။ သိန်းပေါင်းငါးထောင်ကျော် ကုန်သွားပြီ၊ ခုထက်ထိ မပြီးသေးဘူးတဲ့၊ အဲဒီစေတီကြီး ဘုန်းဘုန်းတို့ ဖူးတာကြည့်ပြီးတော့ စဉ်းစားတယ်၊ တော်တော်စိတ်ပင် ပန်းစရာ ကောင်းတဲ့ ကိစ္စပဲ၊ သိန်းပေါင်းငါးထောင်ကျော်ကုန်တာတောင်မှ ခုထက်ထိ မပြီးသေးဘူး၊ အဲဒီတော့ မြေကြီးပေါ်မှာ မြေစိုက်ပုံတော်ဘုရားစေတီ ဆင်းတုရုပ်ပွား အဆောက်အဦးတွေတည်ရတာ အလွန် စိတ်ပင်ပန်းတယ်။ နှလုံးသားထဲမှာ ခုလို ဂုဏ်တော်ဘုရားစေတီတည်လိုက်ရတာက စိတ်မပင်ပန်းပဲနဲ့ ကုသိုလ် အပြည့်အဝရတယ်လို့ သဘောပေါက်ရတယ်၊ ထန်စမ်းဂူ ဝတ်ရွက်စဉ်ထဲမှာ နှလုံးသားထဲမှာ ဂုဏ်တော်ဘုရားစေတီတည်ဖို့ သောဋ္ဌသ စေတီသုံးဆူ ပါနေပြီဆိုတော့ ကိုယ့်ဟာကိုပဲ၊ ဘုရားဒကာ ဘုရားအမအနေနဲ့ တည်ပြီး တော့ စိတ်ချမ်းသာအောင် နေထိုင်ကြရမယ်။

ဓမ္မသည်သာ အားကိုးရာ

မြတ်စွာဘုရားရှင်ဟာ ပဉ္စမသတ္တာဟမှာပဲ ညောင်ပင်အောက်မှာ သီတင်းသုံးရင်း စဉ်းစား ကြည့်တယ် ဘာစဉ်းစားသလဲဆိုတော့ လောကကြီးမှာ မှီခိုရာမရှိဘဲနဲ့နေထိုင်ရတာ၊ ဆရာမရှိဘဲနဲ့ နေထိုင်ရတာ ဆင်းရဲတယ်။ မှီခိုရာဆရာရှာပြီးတော့ နေထိုင်မယ်ဆိုပြီးတော့ စကြာဝဋ္ဌာအနန္တ ကမ္ဘာအနန္တထဲမှာ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ရှာကြည့်တယ်၊ မိမိထက် သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏ ဒဿနဂုဏ်အားဖြင့် သာလွန်တဲ့ ပုဂ္ဂိုလ်ရှာကြည့်တယ်။ တွေ့လို့ရှိရင် အဲဒီပုဂ္ဂိုလ်ကို ဆရာအရာထားပြီး မှီခိုပြီးတော့ နေမယ်ဆိုပြီးတော့ ရှာတယ်။ သဗ္ဗညုတဉာဏ် ဆိုတာက အခုခေတ်မှာ ရေဒါထက်တောင်မှ စွမ်းအင်ကြီးမားတယ်၊ ရှာကြည့်လိုက်တဲ့ အခါ သာတဲ့ ပုဂ္ဂိုလ်မပြောနဲ့ တန်းတူ ပုဂ္ဂိုလ်တောင်မရှိဘူး။ ဒီအခါမှာ ဘုရားရှင်အနေနဲ့ ဆုံးဖြတ်ချက်ချလိုက်တယ်။ စကြာဝဋ္ဌာအနန္တ ကမ္ဘာလောကအနန္တမှာ ငါ့ထက်သာတဲ့ ပုဂ္ဂိုလ်မပြောနဲ့ ငါနဲ့တန်းတူ ပုဂ္ဂိုလ်တောင် မရှိဘူး။

ဒီလိုဆို ငါ့အနေနဲ့ ပုဂ္ဂိုလ်ကို ဆရာအရာထားပြီး မှီခိုပြီး နေထိုင်စရာ မလိုတော့ဘူး။ ဗောဓိပင် အပရာဇိတပလ္လင်ထက်မှာ ထိုးထွင်းပြီးတော့ သိမြင်ခဲ့တဲ့ တရားတော်ကိုပဲ အမှီပြုပြီးတော့ တရားတော်ကိုပဲ ဆရာအရာထားပြီး မှီခိုပြီးတော့ နေမယ်လို့ ဆုံးဖြတ်ချက်ချနိုင်ခဲ့တယ်။

ယန္နူ နာဟံ ယွာယံ ဓမ္မော မယာ အဘိသမ္မုဒ္ဓေါ၊ တမေဝ ဓမ္မံ သက္ကတွာ ဂရုံကတွာ နိဿာယ ဝိဟရေယျံ။

ငါ့အနေနဲ့ ဗောဓိပင်အောက် ရတနာပလ္လင်ထက်မှာ ထိုးထွင်းပြီးတော့ သိမြင်လာတဲ့ တရားတော်ကိုပဲ အမှီပြုပြီးတော့ ဆရာအရာမှာ ထားပြီးတော့ နေထိုင်မယ်လို့ ဒီလိုဆုံးဖြတ်ချက်လိုက်တယ်။ အဲဒီလို ဆုံးဖြတ်ချက် ချတာကို ဗြဟ္မာပြည်မှာရှိတဲ့ သဟမ္ပတိ မဟာဗြဟ္မာမင်းကြီးက ဘုရားရှင်ရဲ့ စိတ်အကြံတော်ကို သိတဲ့အတွက် ချက်ချင်းပဲ ဗြဟ္မာပြည်က ဆင်းလာပါတယ်။ ဗြဟ္မာပြည်နဲ့ လူပြည်က မိုင်ပေါင်းကုဋေကုဋာ မက

ဝေးပေမဲ့၊ တန်ခိုးနဲ့ လာတာဆိုတော့ ကွေးထားတဲ့လက် ဆန့်သလောက်၊ ဆန့်ထားတဲ့လက် ကွေးသလောက်တောင် မကြာဘူး။ စက္ကန့်ပိုင်းအတွင်း ချက်ချင်းရောက်လာတယ်။ ရောက်လာပြီးတော့ သဟမ္ပတိဗြဟ္မာမင်းက လျှောက်ထားတယ်။ အရှင်ဘုရား-အရှင်ဘုရား အခု စဉ်းစားပြီးတော့ ဆုံးဖြတ် အတည်ပြုလိုက်တဲ့ တရားတော်ကိုပဲ အမှီပြုပြီး နေထိုင်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ဟာ အလွန်ပဲ မှန်ကန်လှပါတယ်။ အရှင်ဘုရား အရင်ပွင့်သွားတဲ့ နောင်တော့် နောင်တော် ဒီပင်္ကရာ အစရှိတဲ့ ဘုရားရှင်တွေလည်းပဲ သူတို့ထိုးထွင်းသိတဲ့ တရားတော်ကိုပဲ အမှီပြုပြီးတော့ တရားတော်ကို ဆရာအရာထားပြီးတော့ နေထိုင်သွား ကြတာပါပဲ။ နောင်အခါပွင့်မယ့် အရှင်ဘုရားညီတော် အရိမေတ္တယျဘုရားဟာလည်းပဲ သူထိုးထွင်းသိမြင်မဲ့ တရားတော်ကိုပဲ အမှီပြုပြီးတော့ တရားတော်ကို ဆရာအရာထားပြီးတော့ နေထိုင်မှာပါပဲ အရှင်ဘုရားလည်းပဲ နောင်တော်တွေကို တရားတော်ကိုပဲ အမှီပြုပြီးတော့ နေထိုင် သီတင်းသုံးတော်မူပါ။ အဲဒီလို လျှောက်ထားသွားတယ်။ ဒါဟာ ပဥ္စမသတ္တာဟမှာ ဘုရားရှင်နဲ့ သဟမ္ပတိ မဟာဗြဟ္မာမင်းတို့ရဲ့ အတည်ပြုချက်လျှောက်ထားချက်ပါပဲ။

ဒီဒေသနာအရ တစ်စုံတစ်ရာပုဂ္ဂိုလ်ကို အမှီပြုပြီးတော့ နေထိုင်ရမယ်ဆိုပေမဲ့ အဒီပုဂ္ဂိုလ်ထက်ပိုပြီးတော့ အရေးကြီးတာက ကိုယ်ကျင့်သုံးမယ့် တရားဟာ ပိုပြီးတော့ အရေးပါတယ်။ အရာရောက်တယ်။ ဆရာဘုန်းကြီး ရဟန်း သံဃာတွေကိုလည်းပဲ အဆုံးအမ ဩဝါဒခံယူဖို့ မှီခိုပြီး ဆရာအရာထားပြီးတော့ နေထိုင်ရမှာပါပဲ။ သို့ပေမဲ့ အဲဒီပုဂ္ဂိုလ်တွေက တကယ့်တကယ် မိမိမှာ အခက်အခဲ ဖြစ်လာရင် မကယ်တင်နိုင်ပါဘူး။ ဆရာသမားတွေ ရဟန်းသံဃာတွေ လူကြီးမိဘတွေရဲ့ အဆုံးအမဩဝါဒ အတိုင်း ကိုယ်ကျင့်သုံးထားတဲ့တရားကမှ ကိုယ့်ရဲ့ အခက် အခဲကို ကယ်တင်ပေးမယ်။ စောင့်ရှောက်ပေးမယ်။ ခုကြည့်ပေါ့လေ ဘုရားရှင်ဟာ သဗ္ဗညုတ ဉာဏ်တော်ကြီးဖြင့် ဘုရားရှင်ထက်သာလွန်တဲ့ ပုဂ္ဂိုလ်ရှာတာ မတွေ့ဘူး။ တန်းတူပုဂ္ဂိုလ် ရှာပြန်တော့လည်း မရှိဘူး။ ဒီအခါ မိမိထိုးထွင်းပြီး

သိထားတဲ့ တရားတော်ကိုပဲ အမှီပြုပြီးနေမယ်လို့ ဆုံးဖြတ်ချက် ချသွားတယ်။

အဲဒီတော့ တရားသည် မိမိရဲ့ ဆရာ မိမိရဲ့ မှီခိုရာလို့ သိလိုက်ရတယ်။ ကိုယ်နေ့စဉ် ကျင့်သုံးနေတဲ့ သရဏဂုံ (၃)ပါး၊ (၅)ပါးသီလ ဘုရားဂုဏ်တော်ပွားမှု ပုတီးစိပ်မှု ကိုယ်ပြုထားတဲ့ ကုသိုလ် တရားသည်သာလျှင် ကိုယ့်ရဲ့အားကိုးအားထားရာ အစစ်အမှန်၊ အဲဒီလိုနားလည်ပေးရပါမယ်။ ဒီလိုနားလည်ဖို့ ဒီပန်းချီကားချပ်က ညွှန်ပြနေတာဖြစ်ပါတယ်။ **"ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ"**ဟူသော ဒေသနာနှင့်အညီ အခြေခံအနေနဲ့ တကယ် အားကိုးအားထားပြုရမှာက ကိုယ်ကျင့်သုံးနေတဲ့ တရားဓမ္မကမှ ကိုယ့်ရဲ့ အခက်အခဲတွေကို ဖြေရှင်းပေးနိုင်မယ်။ ကိုယ့်ကိုစောင့်ရှောက်ပေးတဲ့အတွက် ကိုယ်ကျင့်သုံးနေတဲ့ တရားကမှ အားထားရာ အစစ်အမှန်ပဲ။ မိဘတွေ၊ ခင်ပွန်းလင်တွေ၊ ဇနီး မယားတွေ၊ သားသမီးတွေ ဆရာ ရဟန်းသံဃာဘုန်းကြီးတွေ တကယ်အားကိုးအားထားရာ အစစ်အမှန် မဟုတ်ပါဘူး။ ဆုံးမသြဝါဒပေးမှု နည်းလမ်းညွှန်ဖို့လောက်ပဲ ကိုးကွယ်ဆည်းကပ်ရမှာပါ။ ဒီလိုလည်းပဲ ခွဲခွဲခြားခြား ပိုင်းပိုင်းခြားခြား နားလည်ထားရပါမယ်။ ဒီလောက် နားလည်ပြီဆိုရင် ဒီပန်းချီကားချပ်ကနေပြီးတော့ ညွှန်ပြတဲ့ ကျင့်သုံးမှု (၂)မျိုးသိလိုက်ပါပြီ။ တစ်မျိုးက နှလုံးသားထဲမှာပဲ ဂုဏ်တော်ဘုရားစေတီသောဋ္ဌသ စေတီတည်တာဟာ ငွေမကုန်ဘဲနဲ့ စိတ်ချမ်းသာမှု အပြည့် အဝရတယ်။ တစ်မျိုးက ဘုရားရှင်ရဲ့ ဆုံးဖြတ်ချက်အရ မိမိ ကျင့်သုံးထားတဲ့ တရားဓမ္မသည်သာလျှင် မိမိရဲ့ အားကိုးအားထားရာ အစစ်အမှန်လို့ သိလိုက်ရတာပါပဲ။

စာတိုက်ဗီဒို ဓမ္မစေတီလှုရက်ကျိုး

ဒေါ်ခင်လေး အသက်(၈၀) လှူဒါန်းတဲ့ စာတိုက်ဗီဒို၊ ဓမ္မစေတီကို ဆက်ပြောပြပါ့မယ်၊ ဒေါ်ခင်လေးဆိုတာ ကွယ်လွန်သွားပါပြီ။ သူ့ရဲ့သမီးတွေဖြစ်တဲ့ မကြီး၊ မစန်းအေးတို့က စာတိုက်ဗီဒို စာအုပ်တွေထည့်ဖို့ စာတိုက်ဗီဒို ဓမ္မစေတီကို ဒီနေ့ ရေစက်ချတာပါပဲ။ ဓမ္မစေတီဆိုတာက ဘုရားဟောကြားတဲ့ တရားတော်တွေ ထည့်သွင်းထားတဲ့ ဗီဒိုကို တရားတော်တွေ

ကိန်းဝပ်တာဖြစ်တဲ့အတွက် ဓမ္မစေတီလို့ခေါ်ရတယ်။ ရှေ့မှာ ဦးရှမ်း-ဒေါ်ခင်သန်းတို့ လှူဒါန်းထားတဲ့ လှရတနာစာကြည့်တိုက်မှာ ဓမ္မစေတီလို့ ရေးထားတာ တွေ့ရပါမယ်။ တရားဓမ္မတွေ သိုမှီး သိမ်းဆည်းထားတာကို ဓမ္မစေတီလို့ခေါ်ရတယ်။ ခု တောင်ဘက်မှလည်းပဲ ဦးလှသောင်း-ဒေါ်လဲ့လဲ့ဝင်းတို့ လှူထားတဲ့ အလူမီနီယံ ဗီဒိုမှာလည်းပဲ စာတိုက်ဗီဒို ဓမ္မစေတီပါပဲ။ အဲဒီ ဓမ္မစေတီစာအုပ်တွေ လှူဒါန်းတဲ့ ကုသိုလ်ကြောင့် မိမိတို့ ဖြစ်လေရာ ဘုံဘဝမှာ အသိဉာဏ်ပညာကြီးမားပြီးတော့ ဉာဏ်ကောင်းတယ်။ ဘုရားဟော ပါဠိတော်တွေ လွယ်လွယ်ကူကူနဲ့ ကျက်မှတ်နိုင်တယ်။ ရနိုင်တယ်။ ဒီအကျိုးတွေကို ရရှိနိုင်တယ်။ ဘုန်းဘုန်းတို့ ညောင်တုန်းတိုက် ထဲက စာချတန်း ပါရာဇိကဏ်ဘာသာပို့ချတဲ့နေရာမှာ အလွန်နာမည်ကြီးတဲ့ ဘုန်းကြီး ဦးသြဘာသာဘိဝံသဆိုတာ ရှိခဲ့ဖူးပါတယ်။ ဘုန်းဘုန်းတို့ (၁၈) နှစ်သားလောက်တုန်းက စာဝါလိုက်ခဲ့ရတယ်။ စာတတ်ပေတတ် အနေ အထိုင်ကောင်း အလွန်ကြည်ညိုစရာကောင်းတဲ့ ဆရာတော်ပါပဲ၊ အဲဒီ ပတ္တမြား ဆရာတော် ဘာဖြစ်လို့ စာတတ်ပြီးတော့ စာချကောင်းသလဲ ဆိုတာ ဘုန်းဘုန်းတို့ မသိပါဘူး။

ဆရာတော် ပြန်လွန်တော်မူပြီးတဲ့အခါကျမှ သူ့ညီကိုမောင်နှမ တွေက သူ့ရဲ့ ခြေသလုံးကို ဖုံးနေတဲ့ သင်္ကန်းကိုဖွင့်ပြတယ်။ ဖွင့်ကြည့်လိုက် တော့ ခြေသလုံးမှာ အမာရွတ်ကလေးတွေ့တယ်။ အဲဒီအမာရွတ် အကြောင်း ကို၊ သူ့ရဲ့ညီကိုမောင်နှမတွေက ပြောပြတယ်။ အရှင်ဘုရားတို့ ဆရာက တပည့်တော်တို့ရွာက လူဝင်စားပါပဲ။ အရင်ဘဝတုန်းက သူက တရုတ် အမျိုးသားဖြစ်ပြီးတော့ သူ့ရဲ့ဇနီးလှူဒါန်းချင်တဲ့ စာအုပ်တွေ ဗီဒိုတွေကို ရန်ကုန်မြို့တက်ပြီးတော့ဝယ်တယ်။ ရွာဦးကျောင်းဘုန်းကြီးကို စာအုပ်တွေ စာတိုက်ဗီဒိုတွေ လှူဒါန်းခဲ့တယ်။ နောက် သူကွယ်လွန်တဲ့အခါ နှစ်နှစ်သား လောက် စကားပြောနိုင်တဲ့အခါ ငါ့အိမ်၊ ငါ့မိသားစု ဆိုသွားမယ်ဆိုပြီးတော့ အရင်ဘဝက မိသားစုအိမ်ကိုသွားပြီးတော့ နှုတ်တွေဆက်၊ စကားတွေ ပြောတာပါပဲ၊ သူအရင်ဘဝတုန်းက စာအုပ်တွေ၊ စာတိုက်ဗီဒိုတွေ လှူဒါန်း

ခဲ့တဲ့ ကုသိုလ်ကြောင့် ဒီဘဝမှာ သူဟာ ဉာဏ်ကောင်း၊ စာတတ်ပေတတ် အကျော်အမော်ဆရာတော်ကြီးဖြစ်သွားတာပါပဲ။ အဲဒီလို ပြောပြတဲ့ အခါကျမှ စာအုပ်တွေ စာတိုက်ဗီဒိုတွေ ဓမ္မစေတီကို လှူတယ်ဆိုတာ အသိဉာဏ်ကြီးတယ်ဆိုတာ သိရတာပါပဲ။ ဒါဟာ စာတိုက်ဗီဒို ဓမ္မစေတီ လှူရခြင်းရဲ့အကျိုးပါပဲ။

တတိယ အလှူက ဗုဒ္ဓခြေတော်ရာ ခြေဆေးနဲ့သာ အင်ပျဉ်ခုံတော် အလှူပါ၊ ဗုဒ္ဓခြေတော်ရာ ခြေဆေး နဲ့သာအင်းပျဉ်ခုံတော်လှူရခြင်းရဲ့ အကျိုးကို ဝမ်းမြောက်ဖွယ် အနေနဲ့ ပါဒပီဋ္ဌကာဝတ္ထု တရားကို ဟောပြ ပေးမှာပါပဲ၊ ပါဒပီဋ္ဌကာဝတ္ထုတရားကို နာယူလိုက်ကြရအောင်၊ မြတ်စွာ ဘုရားရှင်နဲ့ ရဟန်းသံဃာတော်တွေရဲ့ အနေအထားကို ပြောပြပါမယ်။ နံနက် (၈) နာရီ (၈) နာရီခွဲလောက်မှာ မြတ်စွာဘုရားရှင်ဟာ သီတင်းသုံးတဲ့ ကျောင်းတော်ကနေ မြို့တွင်း ရွာတွင်းသို့ တရံတခါ တပါးတည်းဆွမ်းခံ ကြွပါတယ်၊ တခါတရံ ရဟန်းသံဃာတွေ စီတန်းပြီးတော့ အခြံအရံနဲ့ ဆွမ်းခံကြွတယ်။ တရံတခါ မြို့တွင်းရွာတွင်းမှာပဲ အလှူရှင်တွေ ပင့်ဖိတ်တဲ့ အိမ်မှာ ဘုန်းပေးပြီး တရံတခါ တော့ ကျောင်းတော်မှာပဲ ကြွပြီးတော့ ဘုန်းပေးပါတယ်။ အဲဒီလို ဆွမ်းဘုန်းပေးလိုက်တာ (၁၁) နာရီလောက်ဆို အကုန်လုံးပြီးသွားပါပြီ။ သံဃာတွေကများတဲ့အတွက် ဆွမ်းဘုန်းပေးတာ နောက်ကျတယ်။ ဗုဒ္ဓဂါယာဘုရားဖူး အဖွဲ့တွေ ရောက်ဖူးထားတဲ့ သာဝတ္ထိ ပြည်၊ ဇေတဝန်ကျောင်း ဘုရားသီတင်းသုံးတဲ့ ဂန္ဓကုဋီကျောင်းကိုပဲ အာရုံပြု ထားပါ။ ဂန္ဓကုဋီကျောင်းနဲ့ မလှမ်းမကမ်းမှာ ဘုရားသုံးတဲ့ ရေတွင်းလည်း ရှိပါတယ်။ ဂန္ဓကုဋီကျောင်း အနီးအနားမှာပဲ ရေထည့်တဲ့ အင်တုံကြီးနဲ့ ရေကို အရှင်အာနန္ဒက ခတ်ပေးထားရပါတယ်။ အဲဒီ အင်တုံကြီး အနီးအနားမှာ ဘုရားရှင် ခြေဆေးတဲ့အခါ အသုံးပြုဖို့ သစ်သားခြေဆေး အင်းပျဉ်ခုံလို့ ခေါ်တဲ့ (၂) ပေ ပတ်လည် သစ်သားပြားခုံလေးကိုလည်း ချထားပေးတယ်။ အဲဒါကိုတော့ ရှေးဝေါဟာရ စကားနဲ့ဆိုရင် အင်ပျဉ်ခုံလို့ ခေါ်တယ်။ လွယ်လွယ်ပြောရင်တော့ ပျဉ်ပြား သစ်သားပြားပါပဲ။ အဲဒီပေါ်မှာ ဘုရားရှင်က မတ်တပ်ရပ်ပြီး ခြေတော်ကို ဆေးပါတယ်။

အဲဒီအခါမှာ ရဟန်းသံဃာတွေက ဆွမ်းဘုန်းပေးပြီးလို့ ဂန္ဓကုဋီကျောင်းနားမှာလာပြီးတော့ ဘုရားရှင်ကို လက်အုပ်ချီပြီးတော့ ဝပ်ချကြတယ်။ အဲဒီမှာ ဘုရားရှင်က ဒုလ္လဘ ငါးပါး ဟောပြတယ်။

ဒုလ္လဘတရား(၅)ပါး

အပ္ပမာဒေန ဘိက္ခဝေ သမ္မာဒေထ = ရဟန်းတော်များ အို ပရိသတ်အပေါင်းတို့ မမေ့မလျော့တဲ့ ကုသိုလ်တရားမှာ သတိရတဲ့ သတိတရားဖြင့် သိက္ခာ (၃)ပါးကို ပြည့်စုံအောင် နေထိုင်ကြပါ။

၁။ **ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိ**=လောကမှာ ဘုရားပွင့်တာနဲ့ ကြုံကြိုက်ဖို့ အလွန်ခဲယဉ်းတယ်။

၂။ **မနုဿတ္တဘာဝေါ ဒုလ္လဘော** =ဘုရားပွင့်နေတဲ့အချိန်မှာ လူအဖြစ် ရဖို့ဆိုတာလဲ အလွန်ခဲယဉ်းတယ်။

၃။ **ပဋိလာဘော ဒုလ္လဘော** =ဘုရားလဲပွင့်နေပေမယ့် **လူသား** အဖြစ်ကိုလည်း ရနေပေမဲ့ ရဟန်းပြုဖို့ ရဟန်းအဖြစ်ကို ရဖို့ဆိုတာလည်းပဲ ဒုလ္လဘ တစ်ပါးပါပဲ။

၄။ **ဒုလ္လဘာ သမ္မုတ္ထိ**=ဘုရားပွင့်တာနဲ့လည်းပဲ ကြုံကြိုက်ပါရဲ့၊ လူအဖြစ်လည်း ရပါရဲ့၊ ရဟန်းအဖြစ်လဲရပါရဲ့၊ သို့ပေမဲ့ ဘုရားကို ဖူးမျှော်နိုင်မဲ့ ပဋိရူပဒေသအရပ်မှာ နေရဖို့၊ မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ်ဆိုတဲ့ ဘုရားကို ဖူးမြင်နိုင်မယ့် မျက်စိ နာကြားနိုင်တဲ့ နားစတဲ့ ဣန္ဒြေတွေနဲ့ ပြည့်စုံဖို့၊ သဒ္ဓါတရားနဲ့ ပြည့်စုံဖို့ဆိုတာလည်းပဲ ခဲယဉ်းပါတယ်။

၅။ **သဒ္ဓမ္မ သဝဏံ ဒုလ္လဘံ**=ဘုရားရှင်နဲ့ ရဟန်းတော်တွေထံမှ သူတော်ကောင်းတရား နာကြားရဖို့ဆိုတာ လည်းပဲ အလွန်ခဲယဉ်းပါတယ်။ ဒီ ငါးချက်ကို ဒုလ္လဘငါးပါးလို့ခေါ်ရတယ်။ အဲဒီ ဒုလ္လဘငါးပါးကို နေ့တိုင်း ဘုရားရှင်ကဟောပြပေးလေ့ရှိတယ်။ အဲဒီ သစ်သားပျဉ်ချပ်ခုံလေးပေါ်မှာ မတ်တပ်ရပ်လျက် ဘုရားရှင်က ဟောပြတယ်။ ဇေတဝန်ကျောင်းမှ မဟုတ်ဘူး။ ပုဗ္ဗာရုံကျောင်းမှာ နေရင်းလဲပဲ နေ့လည် (၁၁) နာရီလောက် ဆိုရင် ဂန္ဓကုဋီကျောင်းဝမှာရှိတဲ့ ခြေဆေးသစ်သား ပျဉ်ပြားချပ်ပေါ်မှာ

မတ်တပ်ရပ်၊ အင်တုံထဲကရေနဲ့ ခြေဆေးပြီးရင် မတ်တပ်ရပ်လျက်ပဲ ဒီဒုလ္လဘ ငါးပါးကို ဟောပြတယ်။ ပုဗ္ဗာရုံကျောင်းမှမဟုတ်ဘူး။ ဘုန်းဘုန်းတို့ ဘုရားဖူးသွားခဲ့တဲ့ ဇီဝကရဲ့သရက် ဥယျာဉ်ကျောင်းမှာနေရင်လဲပဲ ဟောတာပဲ။ ဗာရာဏသီပဲဖြစ်ဖြစ်၊ ဝေသာလီပဲဖြစ်ဖြစ် ဘယ်မြို့မှာပဲ ဘုရားရှင် သီတင်းသုံးသုံး ဂန္ဓကုဋီကျောင်းအနီးမှာ ခြေဆေးဖို့ အင်တုံထဲမှာ ရေရှိရတယ်။ မတ်တပ်ရပ် ရေဆေးဖို့ သစ်သားပြားလေးလဲ ရှိရတယ်။ မြန်မာပြည်မှာလဲ ရှေ့ခေတ်ဘုန်းကြီးကျောင်းတွေရဲ့ လှေကားရင်းမှာ ရှိတယ်။ ခုခေတ်ကျမှ အဲဒီအစဉ်အလာတွေ ကွယ်ပျောက်သွားတယ်။ အဲဒီလိုမတ်တပ်ရပ်ပြီးတော့ ခြေဆေးတဲ့ သစ်သားခုံလေးကို ရှေးစကားနဲ့ဆိုရင် အင်းပျဉ်ခုံလို့ခေါ်တယ်။ လွယ်လွယ်ပြောရင် ဘုရားခြေဆေး တဲ့အခါ အောက်မှာထားတဲ့ ပွတ်တိုက်ပြီးဆေးတဲ့ ခြေဆေးသစ်သားပြားလေးပါပဲ။ (၂) ပေပတ်လည်လောက်ရှိတယ်။ ဘုရားရှင်သီတင်းသုံးတဲ့ ကျောင်းတိုင်းကျောင်းတိုင်းမှာ ခြေဆေးသစ်သား ပြားရှိတယ်။ ခြေဆေးသစ်သားပြားဟာ ဘုရားရှင်မတ်တပ်ရပ်ပြီးတော့ ခြေဆေးပြီး အသုံးပြုတာဖြစ်တဲ့အတွက် စေတီငါးဆူထဲမှာ ပရိဘောဂ စေတီ ဖြစ်သွားတယ်။ တောင်ဝှေးဆိုတာလဲ ပရိဘောဂစေတီပဲ။ သပိတ်ဆိုတာလဲ ပရိဘောဂစေတီပဲ၊ အဲဒီ အတိုင်းပဲ ခြေဆေးသစ်သားပြားလေးဟာလဲ ပရိဘောဂစေတီထိုက်သွားတယ်။ (၄၅)ဝါ ပြည့်လို့ ဘုရားရှင်ဟာ ကုသိနာရုံမှာ ပရိနိဗ္ဗာန် စံသွားပြီ။ ပရိနိဗ္ဗာန်စံသွားတော့ ဓာတ်တော်တွေကိုလဲ ဝေစုရတဲ့မင်းတွေယူပြီး ပြန်သွားကြပြီ။ သပိတ်တို့ သင်္ကန်းတို့ တောင်ဝှေးတို့ ရေစစ်တို့ လဲ ဆိုင်ရာ ဆိုင်ရာ လူပြည်နတ်ပြည် နဂါးပြည် ဗြဟ္မာပြည်ရောက်သွားပြီး၊ ဆိုင်ရာဆိုင်ရာ အသီးသီး ရဟန်းသံဃာတွေ ဘုရင်မင်းမြတ်တွေရဲ့လက်ထဲမှာ ရောက်သွားပြီ။

ခြေဆေးအင်းပျဉ်ခုံ သယ်ယူပုံ

ရဟန်းတစ်ပါးကတော့ အဲဒီ ခြေဆေးသစ်သားပြားလေးကို ရပြီးတရိုတသေ သိမ်းပြီးတော့ သွားလေရာမှာ အဝတ်သင်္ကန်းနဲ့ ထုတ်ပြီးတော့ သယ်ယူသွားလေ့ရှိတယ်၊ ရောက်တဲ့နေရာမှာ အဲဒီအထုပ်လေးဖြေပြီးတော့

ခြေဆေး အင်ပျဉ်ခုံသစ်သားပြားလေးကို ရိုရိုသေသေ ရှိခိုးတယ်။ ပန်းဆီမီး နံ့သာ အမွှေးကြိုင်တွေနဲ့ ပူဇော်တယ်။ ဘာဖြစ်လို့လဲ ခြေဆေးအင်ပျဉ်ခုံက စေတီငါးပါးထဲမှာ ပရိဘောဂစေတီထိုက်နေပြီလို့ပါပဲ၊ အဲဒီရဟန္တာက နေပြီးတော့ သူပျံလွန်တော်မူတဲ့အခါ သူ့ရဲ့စိတ်ချရတဲ့ တပည့်ကို လွဲလိုက်တယ်။ နောက်တခါ အဲဒီ တပည့်ကလဲပဲ ရဟန္တာဖြစ် ပျံလွန်တော်မူတဲ့အခါ သူစိတ်ချရတယ်ဆိုတဲ့ တပည့်တပါးကိုဆက်ပြီးတော့ အမွေအနေနဲ့ ပေးလိုက်တယ်။ အဲဒီနည်းနဲ့ တပည့်အစဉ်အဆက်ဆောင်လာလိုက်တာ ရဟန္တာတပါး လက်ထက်ရောက်လာပါပြီ။ အဲဒီ ရဟန္တာက ဗုဒ္ဓဂယာရဲ့ တောင်ဘက်မှာရှိတဲ့ ပစ္စန္တရစ်မြို့လေး တစ်မြို့ကို ကြွလာပါတယ်။ နံနက်(၈းဝဝ)နာရီ (၉းဝဝ)နာရီ လောက်ရောက်တော့ သင်္ကန်းကို ရုံပြီး သပိတ်ပိုက် ပြီးတော့ ပစ္စန္တရစ်မြို့တွင်မှာ ကြည်ညိုဖွယ်အနေနဲ့ ဆွမ်းခံ ကြွလာတယ်။

အဲဒီမှာ ဒကာ တစ်ဦးက မြင်မြင်ချင်းပဲ ကြည်ညိုပြီးတော့ သူ့အိမ်ကို ဆွမ်းတွေဘာတွေကပ်ပြီးတော့ အရှင်ဘုရား ဘယ်ကိုကြွမှာတုန်းလို့ မေးတော့ ဘယ်အရပ်ရယ်လို့တော့ သတ်မှတ်ထားတဲ့ နေရာတော့မရှိသေးဘူးလို့ ပြောလိုက်တယ်၊ အဲလိုဆိုရင် တပည့်တော်ရဲ့ ပစ္စန္တရစ်မြို့မှာပဲ သီတင်းသုံးပါ။ တပည့်တော် ကျောင်းဆောက်ပြီးတော့ လှူဒါန်းကိုးကွယ်ပါ့မယ်။ အဲဒီလို လျှောက်ပြီးတော့ သူတို့ ပစ္စန္တရစ်မြို့ရဲ့ မလှမ်းမကမ်းမြစ်ကမ်းဘေးနား သင့်တော်တဲ့နေရာမှာ ကျောင်းလေး ဆောက်လိုက်တယ်။ ခုခေတ်လို အာစီတိုင် အုတ်ကျောင်း မဟုတ်ပါဘူး။ သစ်သားတိုင်လေး လေးတိုင်စိုက် ပြီးတော့ မြက်အမိုးလေးနဲ့ သစ်သားလေးတွေကာပြီးတော့ ဆောက်လိုက်တဲ့ ကျောင်းလေးပါပဲ။ အဲဒီကျောင်းမှာပဲ သီတင်းသုံးပါ။ ဆွမ်းကိစ္စနဲ့ လိုအပ်တဲ့ ကိစ္စတွေကို လှူဒါန်းပါမယ်လို့ လျှောက်လိုက်တယ်။ ဒါနဲ့ပဲ ရဟန္တာက အဲဒီဒကာဆောက်ပေးတဲ့ ကျောင်းလေးမှာပဲ သီတင်းသုံးတယ်။ မြစ်နဲ့နီးတယ် ဆိုတော့ သူ့ကျောင်းဝင်း အတွင်းမှာပဲ သူအမြဲတမ်းသွားလေရာ အိပ်ထဲ ထည့်ပြီးသယ်သွားတဲ့ ခုနက ပရိဘောဂစေတီထိုက်တဲ့ ခြေဆေး အင်ပျဉ်

ခုံလေးကို ဌာပနာပြီးတော့ မြစ်ကမ်းနား သောင်ပြင်က သဲတွေယူပြီးတော့ သဲပုံစေတီ တည်လိုက်တယ်။ တည်ပြီးတော့ နေ့တိုင်း ပန်းနဲ့သာ၊ ဆီမီး၊ ရေချမ်းတို့နဲ့ ရှိခိုးတယ်။ သူ့ကျောင်း ဒကာ မိသားစုကိုလဲ ထိုက်သင့်တဲ့ တရား အဆုံး အမသြဝါဒဟောပြပေးတယ်။ ဆွမ်းဒကာ၊ ကျောင်းဒကာက တရားဓမ္မ အသိဉာဏ်တွေ ရင့်ကျက်လာတယ်။ ရင့်ကျက်ပြီးတော့ စေတီကိုလည်းပဲ မိသားစုလိုက် မကြာခဏ သွားသွားပြီးတော့ ပန်းနဲ့သာ ဆီမီး ရေချမ်းနဲ့ ဆက်ကပ်လှူဒါန်းပူဇော်တယ်။ သူ့ကျောင်းဘုန်းကြီးဟောပြတဲ့ တရားတော်တွေကိုလဲ နာယူတယ်။ နာယူရုံတင်မက သူ့ကျောင်းဘုန်းကြီးသင်ပြပေးထားတဲ့ အတိုင်းလဲပဲ တရားနှလုံးကျင့်သုံးတယ်။ သရဏဂုံ(၃)ပါး ဆောက်တည်တယ်။ ငါးပါးသီလထိန်းသိမ်းတယ်။ ဘုရားဂုဏ်တော်တွေ ပွားများတယ်။ ဒီအသိဉာဏ်တွေ သဒ္ဓါတရားတွေနဲ့ သူကိုယ်တိုင်မိသားစုလဲပဲ တရားဓမ္မ ကျင့်သုံးရတယ်။

ဒါပေမဲ့ သူ့အိမ်နီးနားချင်း မိတ်ဆွေ သူငယ်ချင်းက မဟေသရနတ်ကို ကိုးကွယ်တယ်။ နတ်ဘုရား ကိုင်ထားတဲ့ လက်ကိုင်ဒုတ်မှာ ထိပ်ကတံကျင်လို သုံးခြောင်းလဲ တွေ့ပါလိမ့်မယ်။ အဲဒါမဟေသရနတ်ပါပဲ။ ကျောင်းဒကာရဲ့မိတ်ဆွေက မဟေသရနတ်ကို အားကြိုးမာန်တက် ကိုးကွယ်တယ်။ ပူဇော်တယ်။ ပသတယ်။ အဲတော့ အိမ်နီးနားချင်းဖြစ်တဲ့ ကျောင်းဒကာက ရဟန္တာကို ကိုးကွယ်နေတော့ သူက အသိမှန် အမြင်မှန်ရတယ်။ ဘာသာရေးဗဟုသုတလဲရှိတယ်။ အဲဒီတော့ သူ့သူငယ်ချင်းကို ခင်မင်ရင်းနှီးလွန်လို့ ပြောလိုက်တယ်။

သူငယ်ချင်း မင်းဟာ ကိုးကွယ်ရာမဟုတ်တဲ့နေရာမှာ ပင်ပန်းကြီးစွာ ကိုးကွယ်နေတယ်။ ငွေကုန်ကြေးကျ လည်းများတယ်။ မင်းအကျိုးများမှာ မဟုတ်ဘူး။ အဲလောက်ကြီး ပင်ပင်ပန်းပန်းနဲ့ ကိုးကွယ်ပူဇော် မနေပါနဲ့။ အကျိုးများမည့်နေရာကို ကိုးကွယ်ပူဇော်ပါ။ အဲလို ပြောလိုက်တော့ သူငယ်ချင်းက သူငယ်ချင်းပဲ ခင်မင်ရင်းနှီးတာက တစ်ပိုင်းပဲ၊ ကိုးကွယ်မှုပူဇော်မှုနဲ့ စပ်လာတဲ့ အခါရောက်တော့ အထိမခံဘူး။ မင်းလည်း မင်းကြည်

ညိုတဲ့ဘာသာ ကိုးကွယ်ပေါ့။ ငါလည်း ငါယုံကြည်ရာ နတ်ကိုကိုးကွယ်မှာပဲ၊ ငါကြည်ညိုတဲ့ မဟေသရနတ်က ပေါ့သေးသေး နတ် မဟုတ်ဘူး။ အလွန် တန်ခိုးကြီးတာဆိုပြီး မဟေသရနတ် တန်ခိုးကြီးပုံတွေကို ပြောပြတယ်။ မကောင်းတဲ့အနေနဲ့ ဂုဏ်ကျေးဇူးတွေပါပဲ။ မဟေသရနတ်က မယားသုံးယောက် ယူထားတယ်။ တံကျင်သုံးခုပါတဲ့ဟာနဲ့ နတ်ပြည်ကိုလဲ ဖျက်ဆီးနိုင်တယ်။ အသုရာပြည်ကိုလဲ ဖျက်ဆီးနိုင်တယ်။ လူတွေရဲ့ ဦးခေါင်းနဲ့ ထမင်းစားတယ် စသည်ဖြင့်ပေါ့လေ။ မကောင်းတဲ့ ဂုဏ်ကျေးဇူးတွေကို သူ့အနေနဲ့တော့ ကောင်းတဲ့ဂုဏ် ကျေးဇူးဆိုပြီး တခမ်းတနားပြောပြတယ်။ ပြောတော့ ကျောင်းဒကာကပြောတယ်။ မင်းကိုးကွယ်တဲ့ မဟေသရနတ်ရဲ့ ဂုဏ်တွေဟာ လောကမှာ တကယ့်ဂုဏ်မဟုတ်ဘူး။ လောကကို ဖျက်ဆီးတဲ့ ဂုဏ်တွေပဲ၊ ငါတို့ကိုးကွယ်တဲ့ ဘာသာကမှ တဖက်သားကို မညှင်းဆဲတဲ့ အတွက် တကယ့်ကို ကိုးကွယ်ရာအစစ်အမှန်ပဲ၊ အဲလိုပြောလိုက်တော့ သူကိုးကွယ်တဲ့ မဟေသရနတ်က မှန်တယ်၊ ဒီဘက်က ကျောင်းဒကာ သူကိုးကွယ်တဲ့ ရတနာ (၃)ပါးက မှန်တယ်ဆိုပြီးတော့ ငြင်းကြခုံကြ စကားများကြရော၊ ဘယ်သူမှ ဝင်ပြီးတော့ ဖြေရှင်းလို့မရဘူး။ ဒါနဲ့ သူတို့ရဲ့ အမျိုးတွေကပါ (၂)ချမ်းကွဲသွားတယ်။ ရွာသားတွေထိပါ မြို့သားတွေထိပါ (၂)ခြမ်းကွဲပြီးတော့ ဘုရင်ထံထိ ရောက်သွားတယ်။ ဘုရင့်ထံသွားပြီးတော့ ဘယ်ဘုရားက ဘယ်နတ်က တန်ခိုးကြီးတယ်။ ဘယ်ဟာက အစစ်အမှန်ဖြစ်တယ်၊ ဆုံးဖြတ်ချက်ချပေးပါဆိုပြီးတော့ အဲဒီကျောင်းတကာနဲ့ သူငယ်ချင်းမိတ်ဆွေက သွားပြီးတော့ လျှောက်ထားကြတယ်။

ဘုရင်မင်းမြတ် အမိန့်ချမှတ်ပုံ

ဒီအခါ ဘုရင်မင်းမြတ်က အမိန့်ချလိုက်တယ်။ သူသူကိုယ်ကိုယ် ကိုယ်ကိုးကွယ်ရာကိုတော့ တန်ခိုးကြီးတယ်လို့ ပြောကြဆိုကြမှာပဲ။ ဒီလို အပြောသက်သက်နဲ့ ဆုံးဖြတ်ချက် ချလို့မရဘူး။ လက်တွေ့ပြရမယ်။ သင်တို့ ကိုးကွယ်တဲ့နတ်၊ သင်တို့ကိုးကွယ်တဲ့ ဘာသာ ရတနာ(၃)ပါးက ဘယ်လို တန်ခိုးတွေ ရှိတယ်ဆိုတာကို တန်ခိုးပြ လက်တွေ့ ပြရမယ်။ အဲဒီလို

လက်တွေ့ပြမှ ကျန်တဲ့ ပုဂ္ဂိုလ်တွေ လက်ခံမယ်။ အဲဒီတော့ ဒီနေ့ကစပြီးတော့ (၇)ရက်မြောက်တဲ့အခါ ဘယ်နေရာမှာ တန်ခိုးပြရမယ်။ အဲဒီလိုပြတဲ့အခါ တန်ခိုးပြနိုင်တဲ့ဘက်ကို ကျန်တဲ့ဘက်က အနှုံးပေးပြီးတော့ လိုက်ရမယ်။ အဲလို ဘုရင်က အမိန့်ချလိုက်တယ်။ အမိန့်ချပြီး တိုင်းပြည်ကိုလည်းပဲ စည်လည် လိုက်တယ်။ ဒီနေ့ကစပြီး (၇)ရက်မြောက်ရောက်တဲ့အခါ ရတနာ (၃)ပါးကို ကိုးကွယ်တဲ့ ဒကာနဲ့ မဟေသရနတ်ကို ကိုးကွယ်တဲ့ဒကာတို့ အနေနဲ့ သူတို့ ကိုးကွယ်ရာနတ်၊ သူတို့ကိုးကွယ်ရာ ရတနာ(၃)ပါးက တန်ခိုး အာနုဘော် ပြလိမ့်မယ်။ လာရောက်ပြီးတော့ ဖူးမျှော်ကြပါ။ အဲသည်လို တိုင်းပြည် စည်လည်လိုက်တယ်။ အဲဒီတော့ ရတနာ(၃)ပါး ကိုးကွယ်တဲ့ ဒကာတွေ ကလည်း ဝမ်းသာအားရပေါ့လေ။ တို့ရတနာ(၃)ပါးရဲ့တန်ခိုးကို ဖူးမျှော် ရတော့မယ်။ ဆိုပြီးတော့ အဲဒီတန်ခိုးပြမယ့်နေ့ကို စောင့်ကြတယ်။ ဟိုမဟေသရနတ် ကိုးကွယ်တဲ့ဘက်ကလဲ ဝမ်းသာစရာပဲ တို့မဟေသရ နတ်က တန်ခိုးပြတော့မယ်။ တို့တွေ့ရတော့မယ်ဆိုပြီးတော့ ဝမ်းသာအာရ ဖြစ်တယ်။ ဘယ်ဘာသာမှမယူတဲ့သူတွေကလဲ တို့တော့ ရတနာ(၃)ပါးကပဲ တန်ခိုးပြပြ၊ မဟေသရနတ်ကပဲ တန်ခိုးပြပြ၊ ပြတာကို ဖူးမျှော်ရတော့မယ် ဆိုပြီးတော့ စောင့်မျှော်ငံ့လင့်ကြတယ်။ သို့ပေမဲ့ ဆိုင်ရာဘာသာကို ကိုးကွယ်တဲ့ ပုဂ္ဂိုလ်တွေမှာ အခက်အခဲဖြစ်တယ်။ ကိုယ်ကိုးကွယ်တဲ့ ဘာသာက တန်ခိုးမပြနိုင်ရင် အကုန်လုံးပဲ အရှက်ကွဲ တော့မယ်။ ကျောင်း ဒကာလဲ အရှက်ကွဲမှာပဲ၊ ဟိုဘက်ကနတ်ကို ကိုးကွယ်တဲ့ဒကာလဲပဲ အရှက်ကွဲမှာပဲ။ ဘယ်လိုလုပ်မလဲ၊ အဲဒီတော့ ကျောင်းဒကာက သူ့မိသားစု ဆွေမျိုးသားချင်းတွေနဲ့ တိုင်ပင်ပြီးတော့ သူတို့ကိုးကွယ်တဲ့ ရဟန္တာ မထေရ်မြတ် တည်ထားတဲ့ ဘုရားရှင် ခြေထောက်နဲ့ထိခဲ့တဲ့ ခြေဆေးအသုံး ပြုခဲ့တဲ့ ခြေဆေးအင်ပျဉ်ခုံ ဌာပနာထားတဲ့ သဲပုံစေတီကို နေ့ဝင်းသွားပြီး ပန်း ဆီမီး ရေချမ်း ဆွမ်းတော်တွေလဲ ကပ်၊ ကျက်မှတ်ရထားတဲ့ **"ဣတိပိ သော ဘဂဝါ အရဟံ"**-စသော ရတနာ(၃)ပါးဂုဏ်တော်တွေနဲ့ မိသားစုလိုက် မိသားစုလိုက်ရွတ်ဆိုပြီးတော့ ပူဇော်ကြတယ်။ (၇)ရက်ပတ်လုံးပဲ ရွတ်ဆို

ပူဇော်တယ်။ ဟိုဘက်က မဟောသရနတ် ကိုးကွယ်တဲ့ ဒကာကလဲ ဘူဆိုင်ရာ မဟောသရနတ်ကို သူမိသားစု ဆွေမျိုးသားချင်းတွေနဲ့ အမျိုးမျိုးပူဇော်ပသ ရှိခိုးကြတယ်။ ဒါနဲ့ပဲ (၇)ရက်မြောက် ချိန်းတဲ့နေ့ ရောက်လာပါပြီ။ ဘုရင်မင်းမြတ်လဲပဲ စီးတော်ဆင် စီးပြီးတော့ ရောက်လာပါပြီ။ တိုင်းသူ ပြည်သားတွေလဲ အဲဒီတွင်းကြီးထဲမှာ အပြည့်ရောက်နေပါပြီ။ ကျောင်း ဒကာတို့ မိသားစု ဆွေမျိုးသားချင်း အဖွဲ့ကတော့ တန်ခိုးပြိုင်မဲ့ နေရာမသွားခင် မိမိတို့ကျောင်းမှာရှိတဲ့ သဲပုံစေတီထဲက အဲဒီခြေဆေး အင်ပျဉ်တော်ကို မှန်းပြီးတော့ ပန်းနဲ့သာဆီမီးရေချမ်းနဲ့ ဂုဏ်တော်တွေနဲ့ ရှိခိုးဦးတိုက်ပြီးမှ တန်ခိုးပြိုင်ပွဲ ကျင်းပမည့် ကွင်းထဲကို ရောက်လာကြတယ်။ ရောက်လာလို့ ဘုရင်မင်းမြတ်က အမိန့်တော်မှတ်လိုက်တယ်။ ကဲ သတ်မှတ် ထားတဲ့ ရက်ရောက်ပြီ။ ရှေးဦးစွာ မဟောသရနတ် ကိုးကွယ်တဲ့ ပုဂ္ဂိုလ်က မိမိရဲ့နတ်ရဲ့တန်ခိုးကြီးမားပုံ၊ တန်ခိုးပြာဋိဟာကို ပြစေလို့ အမိန့်ချလိုက်တယ်။

အမိန့်ချလိုက်တော့ မဟောသရနတ်ရုပ်ကြီးကို ကိုးကွယ်တဲ့ ဒကာ အသိုင်း အဝိုင်း မိသားစုက သူတို့ရတဲ့ မဟောသရနတ်ရဲ့ ဂုဏ်ကျေးဇူးတွေ ရွတ်ဆိုပြီး ရှိခိုးပူဇော်ပြီးတော့ တန်ခိုးပြပါလို့ တိုင်တည်တယ်။ အဲဒီတော့ စောစောပိုင်းကပြောခဲ့တဲ့ ဂုဏ်ပုဒ်တွေပေါ့လေ။ မကောင်းတဲ့ဂုဏ်ပုဒ်တွေကို သူတို့ နတ်ကိုးကွယ်တဲ့ ပုဂ္ဂိုလ်တွေကတော့ ဂုဏ်ပုဒ်တွေဆိုပြီး အဲဒါတွေ ရွတ်ဆိုပြီးတော့ ရှိခိုးပူဇော်ပသတယ်။ တန်ခိုးပြပါလို့ တိုင်တည်တယ်။ တကယ်တော့ ဒါတွေက ဂုဏ်ပုဒ်မှ မဟုတ်ပဲနဲ့၊ လောကကို ဖျက်ဆီးနေတဲ့ ဟာတွေပဲ၊ အဲဒီတော့ မဟောသရနတ်ရုပ်က တုတ်တုတ်မှ မလှုပ်နိုင်ဘူး။ အမျိုးမျိုးရွတ်ဖတ်မန်းမှုတ်လည်း ဘာတန်ခိုးမှ မပြဘူး။ ဒါနဲ့ ဘုရင်က အမိန့်ချလိုက်တယ်။ ကိုင်း ရတနာသုံးပါး ကိုးကွယ်တဲ့ ဒကာက မိမိကိုးကွယ် တဲ့ ရတနာသုံးပါးရဲ့ တန်ခိုးပြစေလို့ အမိန့်ချလိုက်တယ်။

ကဲ-ဘယ်လိုလုပ်မလဲ တကယ့်အခက်အခဲ ဖြစ်နေတယ်။ ခုနက ပဌမ သတ္တာဟတုန်းက ပြောခဲ့ပြီး သွားပြီ။ မိဘလည်း ကိုးကွယ်ရာအစစ် မဟုတ်ဘူး။ ဇနီးမယား ခင်ပွန်းလည်း ကိုးကွယ်ရာအစစ် မဟုတ်ဘူး။

သားသမီးလည်း ကိုးကွယ်ရာအစစ် မဟုတ်ဘူး။ ရဟန်းသံဃာဆရာတော်တွေလည်းပဲ ကိုးကွယ်ရာအစစ် မဟုတ်ဘူး။ ကိုးကွယ်ရာ အစစ်ဆိုလျှင် ကျောင်းဒကာက မိမိရဲ့ ကျောင်းဘုန်းကြီးပင့်လာပြီးတော့ အရှင်ဘုရား တပည့်တော်တို့ရဲ့ ဒုက္ခ အခက်အခဲကိုတော့ ဖြေရှင်းပေးပါလို့ လျှောက်ထားလို့ မရဘူး။ ပင့်လို့လည်း မရဘူး။ အဲဒီတော့ ပဉ္စမသတ္တာဟမ္မာဘုရားရှင်ကိုယ်တော်တိုင် အမိန့်ရှိတာက မိမိထိုးထွင်းသိထားတဲ့ တရားကိုသာလျှင် အားကိုးအားထားရာအနေနဲ့ မှီခိုပြီးနေမယ်။

ကျောင်းဒကာ သစ္စာပြုပုံ

ဒီဆုံးဖြတ်ချက်အတိုင်းပဲ အခု ကျောင်းဒကာတို့မိသားစု အသင်းအဝိုင်းက ဘယ်လို လုပ်လိုက်ရလည်း ဆိုတော့ အဲဒီတန်ခိုးပြုင်တဲ့ ကွင်းထဲကနေပြီး သဲပုံစေတီရှိတဲ့ဘက်ကို လက်အုပ်ချီပြီးတော့ လျှောက်တင်ကြတယ် မြတ်စွာဘုရား ခြေတော်နဲ့ ထိပြီးတော့ အသုံးပြုခဲ့တဲ့ ပရိဘောဂစေတီထိုက်တဲ့ ခြေဆေး အင်ပျဉ်တော်ဘုရား တကယ် သက်တော်ထင်ရှားဘုရားရှင်ဟာ ပရိနိဗ္ဗာန် စံသွားပါပြီ၊ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန် အစရှိတဲ့ တပည့်ကြီးတွေ အဂ္ဂသာဝက မဟာသာဝက ရဟန္တာမထေရ်ကြီးတွေလည်းပဲ ပရိနိဗ္ဗာန်စံသွားပါပြီ။ ကျွန်ုပ်တို့မှာ ကိုးကွယ်ရာပုဂ္ဂိုလ်အနေနဲ့ အားထားစရာ မရှိတော့ ပါဘူး။ သို့ပေမယ့် ကျောင်းဘုန်းကြီးသင်ကြားပေးထားတဲ့အတိုင်း ကျွန်ုပ်တို့အနေနဲ့ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေ ရတနာသုံးပါးရဲ့ ကျေးဇူးတော်တွေကိုတော့ သိရှိနားလည်ထားပါတယ်။ ကျွန်ုပ်တို့ သိရှိ နားလည်ထားတဲ့ သရဏဂုံသုံးပါး ဘုရားဂုဏ်တော်တွေကို တိုင်တည်ပြီးတော့ သစ္စာပြုပါတယ်။ တကယ် အခက်အခဲ အခုကြုံနေပါပြီ။ သစ္စာတရားမှတစ်ပါး တစ်ခြားဘာမျှ အားကိုးအားထားစရာ မရှိတော့ပါဘုရား။ အဲဒီလိုလျှောက်ထားပြီးတော့ သစ္စာပြု(၁၁)ဂါထာနဲ့ သစ္စာပြုသွားတယ်။

၁။ အာပါဏကောဋိုံ ဗုဒ္ဓဿ၊
သရဏံ နော ဂတာ ယဒိ။
တေနသစ္စေန ယံဓာတု၊
ဒဿေတု ပါဋိုဟာရိယံ။

အကျွန်ုပ်တို့သည် အသက်ထက်ဆုံးမြတ်စွာဘုရားအား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြပါကုန်၏။ ထိုမှန်ကန်သောသစ္စာစကားကြောင့် အမှန်မလွဲ ဤမြတ်စွာ ဘုရားရှင်၏ ခြေဆေးတော်အင်းပျဉ် ဓာတ်မြတ်သည် တန်ခိုးပြာဋိုဟာကို ပြတော်မူပါစေ သတည်း။

၂။ အာပါဏကောဋိုံ ဓမ္မဿ၊
သရဏံ နော ဂတာ ယဒိ။
တေနသစ္စေန ယံဓာတု၊
ဒဿေတု ပါဋိုဟာရိယံ။

အကျွန်ုပ်တို့သည် အသက်ထက်ဆုံး တရားတော်အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြပါကုန်၏။ ထိုမှန်ကန်သောသစ္စာစကားကြောင့် အမှန်မလွဲ ဤမြတ်စွာ ဘုရားရှင်၏ ခြေဆေးတော်အင်းပျဉ် ဓာတ်မြတ်သည် တန်ခိုးပြာဋိုဟာကို ပြတော်မူပါစေ သတည်း။

၃။ အာပါဏကောဋိုံ သံဃဿ၊
သရဏံ နော ဂတာ ယဒိ။
တေနသစ္စေန ယံဓာတု၊
ဒဿေတု ပါဋိုဟာရိယံ။

အကျွန်ုပ်တို့သည် အသက်ထက်ဆုံး အရိယာရှစ်ဖော် သံဃာတော်တို့အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြ ပါကုန်၏။ ထိုမှန်ကန်သောသစ္စာစကားကြောင့် အမှန်မလွဲ ဤမြတ်စွာဘုရားရှင်၏ ခြေဆေးတော်အင်းပျဉ် ဓာတ်မြတ်သည် တန်ခိုးပြာဋိုဟာကို ပြတော်မူပါစေသတည်း။

၄။ ရာမကာလေ မုနိန္ဒသ၊
ပါဒုကာစာသိ အဘ္ဘုတာ။
တေနသစ္စေန ယံဓာတု၊
ဒသေတု ပါဋိဟာရိယံ။

မြတ်စွာဘုရားသည် ဒသရထမင်း၏သား၊ ရာမမင်းသားဖြစ်တော် မူစဉ်အခါက မြက်ခြေနင်း အစုံသည် အချင်းချင်းထခွပ်သဖြင့် အံ့ဖွယ် သရဲဖြစ်ခဲ့ဖူးပါသည်။ ထိုမှန်ကန်သောသစ္စာစကားကြောင့် အမှန်မလွဲ ဤမြတ်စွာဘုရားရှင်၏ ခြေဆေးတော် အင်းပျဉ် ဓာတ်မြတ်သည် တန်ခိုး ပြာဋိဟာကို ပြတော်မူပါစေသတည်း။

သရဏာဂုံသုံးပါးနဲ့ အဲလိုသစ္စာပြုနိုင်အောင် ကိုယ်က ဘုရား တရား သံဃာအပေါ် အကြွင်းမဲ့ ယုံကြည်ချက် ထားရမယ်။ အဲဒီအကြွင်းမဲ့ ယုံကြည်ချက်နဲ့ အခုကျောင်းဒကာတို့အုပ်စု သစ္စာပြုနေတာပါပဲ၊

ဒသရထဇာတ်ဖြင့် သစ္စာပြုပုံ

စတုတ္ထမြောက် သစ္စာပြုတာက ဒသရထ ဇာတ်တော်နဲ့ သစ္စာပြု သွားတာပါ၊ ဒသရထဇာတ်တော်ကို အကျဉ်းချုပ်ပြောပြပေးပါမယ်။ အားလုံး ကြားဘူးထားတဲ့ ရာမမင်း၊ လက္ခဏာမင်းသား၊ သီတာဒေဝီတို့ဆိုတာကတော့ ဟိန္ဒူကျမ်းတွေကလာတဲ့ အဖြစ်အပျက်ပါပဲ။ အကုန်လုံးကြီး အမှန် အကန်တော့ မဟုတ်ဘူး။ အခုပြောမယ် ဒသရထဇာတ်ကတော့ ဘုရားဟော ဆိုတော့ အစစ်အမှန်ပါပဲ။ ဒသရထ မင်းကြီးက ပထမ သားသမီး (၃)ဦး ထွန်းကားလာတယ်။ အကြီးဆုံး ရာမမင်းသား၊ အလတ် လက္ခဏာမင်းသား၊ နောက်အငယ်ဆုံး သီတာဒေဝီဆိုတဲ့ သမီးတော်လေး မွေးဖွားလာတယ်။ အလွန်လိမ္မာတဲ့ သားသမီးသုံးဦးပေါ့။ အဲဒီ သားသမီး (၃) ဦးအရွယ်ရောက် စအခါမှာပဲ သူတို့ရဲ့ မိခင် မိဖုရားခေါင်ကြီး နတ်ရွာစံသွားတယ်။ ဒါနဲ့ ဒသရထမင်းကြီးက နောက်မိဖုရားငယ် တစ်ယောက်ကို မိဖုရားခေါင်အနေနဲ့ မြှောက်လိုက်တယ်။ အဲဒီမိဖုရားခေါင်က သားလေးမွေးတဲ့ အခါ လိုချင်တဲ့ ဆုတောင်းပါလို့ပြောလိုက်တော့ နောက်မိဖုရားခေါင်က သူ့သားလေး

အရွယ်ရောက်ရင် ရှင်ဘုရင် ရာထူး ပေးပါလို့ တောင်းလိုက်တော့ ဒဿရထ မင်းကြီးက စိတ်ဆိုးတယ်၊ မပေးနိုင်ဘူး။ ငါ့သားကြီး သမီးကြီး ဒီလောက် လိမ္မာယဉ်ကျေးနေတာ ဘာဖြစ်လို့ နင့်သားကို ပေးရမှာလဲ၊ အဲဒီလို ပြောပေမယ့် မိဖုရားခေါင်က အသင်မင်းကြီး၊ မင်းမှာ သစ္စာ လူမှာကတိ ဆိုတဲ့အတိုင်းပဲ အသင်မင်းကြီးပဲ လိုချင်တာတောင်းဖို့ခွင့်ပြုလို့ ကျွန်တော်မျိုးမ တောင်းလိုက်တာ။ ကိုယ်ပေးထားတဲ့ ကတိတည်မှပေါ့လို့ ပြောလိုက်တော့ ငြင်းမရဘူး။ ဒါနဲ့ပဲ သားနှစ်ယောက်ကိုခေါ်ပြီးတော့ ငိုယိုပြီးတော့ ပြောပြတယ်။

ဒီလိုဒီလို ဖြစ်လာပြီ။ အမျိုးသမီးဆိုတာက စိတ်မချရဘူး။ သားတို့ အသက်အန္တရာယ် ရန်ရှာနိုင်တယ်။ ဖခင်ရဲ့အသက်ဟာလည်း (၁၂)နှစ်ပဲ အသက်ရှင်မယ်လို့ ပုရောဟိတ်ပုဏ္ဏားတွေက ဗေဒင် ဟောထားတယ်။ အဲတော့ သားတို့ တိုင်းပြည်ကနေ ထွက်ပေးပါ။ ခမည်းတော် (၁၂)နှစ် နေပြီးလို့ ကံတော်ကုန် တဲ့အခါမှာ သားတို့လာပြီးတော့ ဒီတိုင်းပြည်ကို မင်းလုပ်ပါလို့ ငိုယိုပြီးတော့ ပြောလိုက်တယ်။ ဒီသတင်းကြားတဲ့အခါမှာ နှမတော်သီတာဒေဝီကလည်း အစ်ကိုတွေနဲ့ပဲ လိုက်မယ်ဆိုပြီးတော့ မောင်နှမသုံးယောက် တိုင်းပြည်ကနေ ထွက်သွားကြတယ်။ တောထဲမှာပဲ ဆင်းဆင်းရဲရဲ နေကြရတယ်။ အစ်ကိုကြီးကို အောက်က လက္ခဏာမင်းသားနဲ့ ညီမ သီတာဒေဝီတို့က အစားအသောက် သစ်ဥ သစ်ဖု သစ်သီးတွေ ရှာဖွေပြီးတော့ လုပ်ကျွေးကြတယ်။ မောင်နှမသုံးယောက် တောထဲမှာပဲ တရားကျင့်သုံးနေကြတယ်။ ဒဿရထမင်းကြီးက သားကြီး သမီးကြီး သုံးယောက်ကို သိပ်ချစ်တာဆိုတော့ လွမ်းပြီးတော့ (၁၂)နှစ်ထိ မနေရဘူး၊ (၉) နှစ်နဲ့ နတ်ရွာစံသွားတယ်၊ အဲတော့ မိဖုရားခေါင်က သူ့သား ဘာရတ မင်းသားကို နန်းတင်မယ်လုပ်တော့ မှူးမတ်တွေက သဘောမတူဘူး။ ဘုရင်ကြီးက ဒီလိုမှာသွားတယ်။ သားကြီး သမီးကြီးတွေရှိတယ်။ သားကြီး သမီးကြီးတွေပဲ နန်းတင်မယ် ပြောတော့ ဒဿရထမင်းကြီးရဲ့ စတုတ္ထမြောက် သားငယ် ဘာရတမင်းသားကလည်း သဘောမတူဘူး ဟုတ်တယ်။

အစ်ကိုကြီးတွေကိုပဲ ထီးနန်းပေးပါမယ်ဆိုပြီးတော့ စစ်တပ်နဲ့ သွားပြီးတော့ အစ်ကိုကြီး တွေကို ထီးနန်းလက်ခံဖို့ သံတော်ဦးတင်တယ်။ ခမည်းတော် ဒဿရထမင်းကြီး ကွယ်လွန်အနိစ္စရောက်သွားပြီ။ အဲဒီလိုလျှောက်တင်တဲ့အခါ လက္ခဏာမင်းသားနဲ့ သီတာဒေဝီတို့ ထိန်းမနိုင်သိမ်းမရ ငိုကြတယ်။ သတိတွေကို လွတ်သွားတယ်။ သူတို့ကို တစ်ခါတည်း သတိရအောင် ပြန်ပြီးတော့ အစ်ကိုကြီး ရာမမင်းသားက နှစ်သိမ့်ရတယ်။ နှစ်ကြိမ်တိုင်တိုင် သတိလက်လွတ်ဖြစ်သွားတယ်။ ညီငယ်နဲ့ နှစ်မငယ် ငိုချင်တိုင်းငိုကြပေမဲ့ ရာမမင်းသားကတော့ မငိုဘူး။

အဲဒီတော့ ဘာရတမင်းသားက မေးတယ်။ အစ်ကိုလေးနဲ့ အစ်မကတော့ ထိန်းမနိုင်သိမ်းမရ သတိလွတ်အောင်ကိုပဲ ငိုကြတယ်။ အစ်ကိုကြီး ရာမမင်းသားကတော့ တစ်ချက်မှ မျက်နှာမပျက်ဘူး။ ဘာဖြစ်လို့ မငိုတာလဲ အဲဒီလိုမေးတဲ့အခါ ရာမမင်းသားက လောကသဘာဝတွေ ပြောပြသွားတယ်။ လောက သဘာဝဆိုတာက ဇာတိလို့ခေါ်တဲ့ ပဋိသန္ဓေ ခန္ဓာကိုယ်ရထားလို့ ဆိုရင် ဇရာဆိုတဲ့ အိုမှု၊ မရဏဆိုတဲ့ သေမှုက မြေကြီးလက်ခတ်မလွဲ တွေ့ကြရတယ်။ ခန္ဓာကိုယ်ရဲ့သဘာဝပဲ၊ တန်ခိုးကြီးမားသည်ဖြစ်စေ၊ ချမ်းသာကြွယ်ဝသည် ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ပညာတတ်သည်ဖြစ်စေ၊ ပညာမဲ့သည်ဖြစ်စေ၊ အရွယ်ကြီးသည်ဖြစ်စေ၊ အရွယ် ငယ်သည်ဖြစ်စေ၊ အားလုံး အကုန်လုံး သေမျိုးကြီးပဲ သေကြရမှာပဲ၊ တမလွန်ဘဝကနေ ဒီဘဝ လာရတော့လည်း တစ်ယောက်တည်းလာရတယ်၊ အမျိုးတွေမှာ ခတ္တိယမျိုး၊ ဗြဟ္မဏမျိုး စသည်အမျိုးတွေဖြစ်တော့လည်း တစ်ယောက်ထဲ ဖြစ်ရတယ်။ ဒီဘဝကနေ နောက်ဘဝသွားတော့လည်း တစ်ယောက်ထဲပဲ ကွယ်လွန်အနိစ္စရောက်ပြီး သေကြရတယ်။ ဒါဟာ သတ္တဝါတွေရဲ့ သဘာဝပဲ ငါ့အနေနဲ့ အဲဒီလိုသေခြင်းတရား သဘောသဘာဝကို နားလည်ထားတော့ ခမည်းတော်ကြီး နတ်ရွာစံတယ်လို့ သတင်းကြားပေမဲ့ မျက်နှာ မပျက်ဘူး။ သေခြင်းတရား သဘာဝပဲလို့ ဆင်ခြင်နိုင်ပါတယ်။ အဲဒီလိုပြောလိုက်တဲ့အခါမှ အောက်ကညီနှစ်ယောက်နဲ့ ညီမလည်းပဲ အငိုတိတ်သွားတယ်။

ဖိနပ်နှစ်ဖက်က တိုင်ပြည်အုပ်ချုပ်ပုံ

အဲဒီလိုသေခြင်းတရားဟာလိုက်တော့မှ ညီအစ်ကိုမောင်နှမသုံးယောက်စလုံး အငိုတိတ်သွားတယ်။ ဒါနဲ့ ဘာရတမင်းသားက အစ်ကိုကြီးကို လျှောက်တယ်။ အစ်ကိုကြီး ထီးနန်းကို လက်ခံပါ။ အဲဒီလိုပြောတော့ ရာမမင်းသားက ပြန်ပြီးတော့ အမိန့်ရှိလိုက်တယ်။ ငါ့ကို ခမည်းတော် မှာထားတာက (၁၂)နှစ်တောထဲသွားနေပါ။ (၁၂)နှစ်ပြည့်မှ တိုင်းပြည်ပြန်လာပြီးတော့ ထီးနန်းအုပ်ချုပ် မင်းလုပ်ပါလို့ မှာထားတယ်။ ခု (၉)နှစ်ပဲရှိသေးတယ်။ (၉)နှစ်အတွင်းပြန်လာရင် ခမည်းတော်စကား နားမထောင်ရာ ရောက်သွားလိမ့်မယ်။ ဒီတော့ ငါမလိုက်နိုင်ဘူး၊ သင့်ရဲ့အစ်ကိုလေး ရာမမင်းသားနဲ့ အစ်မသီတာဒေဝီကိုသာ ခေါ်သွားပါ။ အဲဒီလိုပြောလိုက်တော့ ဘာရတမင်းသားက ထပ်မေးတယ်။ အစ်ကိုလေးနဲ့ အစ်မကိုခေါ်သွားပြီ သို့ပေမဲ့ တိုင်းပြည်ကို ဘယ်သူက အုပ်ချုပ်မလဲ၊ အဲဒီလိုမေးလိုက်တော့ ရာမမင်းသားက သူစီးနေတဲ့ မြက်နဲ့လုပ်ထားတဲ့ ဖိနပ်တစ်ရံကိုပေးလိုက်တယ်။ အဲဒီမြက်ခြေနင်းဖိနပ်တစ်ရံကိုယူသွား၊ ရာဇပလ္လင်ပေါ်မှာ ဒီမြက်ခြေနင်းဖိနပ်ကို တင်ထားလိုက်၊ ဒီဖိနပ်တစ်ရံကပဲ တိုင်းပြည်ကို အုပ်ချုပ်လိမ့်မယ်ဆိုပြီးတော့ ပေးလိုက်တယ်။ ဒါနဲ့ပဲ ညီအစ်ကိုမောင်နှမ(၃)ယောက်က အစ်ကိုကြီးရဲ့ မြက်ခြေနင်းဖိနပ်ကို ရိုရိုသေသေယူသွား၊ တိုင်းပြည်ရောက်တဲ့ အခါ ရာဇပလ္လင်ပေါ်မှာ တင်ထားလိုက်တယ်။ မြက်ခြေနင်းဖိနပ်တစ်ရံကပဲ တိုင်းပြည်ကို အုပ်ချုပ်တယ်။ ဘယ်လိုအုပ်ချုပ်လဲဆိုတော့ အမှုကိစ္စတွေဖြစ်လို့ တရားသူကြီးတွေ ဆုံးဖြတ်တဲ့အခါ တရားသူကြီးတွေ လာဘ်စားပြီးတော့ ဆုံးဖြတ်တဲ့အမှု မမှန်ကန်ဘူးဆိုရင် အဲဒီမြက်ခြေနင်းဖိနပ် (၂)ဖက်က ပလ္လင်ပေါ်မှာနေ အချင်းတစ်ဖက်နဲ့တစ်ဖက်ထပြီးခွပ်ကြတယ်။ အဲဒီလိုဆို မှူးကြီးမတ်ရာတွေကသိလိုက်တယ်။ ဒီအမှုဆုံးဖြတ်တာ မမှန်ဘူး ပြန်ပြီးဆုံးဖြတ်ရတယ်၊ အဲဒီအခါကြတော့ တရားသူကြီးတွေပြန်ပြီး ဆုံးဖြတ်လို့ မှန်ပြီဆိုရင် မြက်ခြေနင်းဖိနပ် (၂)ဖက်က ငြိမ်နေတာပဲ။ အဲဒီနည်းနဲ့ ဖိနပ်တစ်ရံကပဲ တိုင်းပြည်ကို (၃)နှစ်

အုပ်ချုပ်သွားတယ်။ ဒါဟာ အလွန်အံ့သြစရာကောင်းတယ်၊ အဲဒီခေတ် တုန်းကပေါ့ ခုခေတ်ဆိုရင်တော့ တရားသူကြီးတွေရဲ့ ဆုံးဖြတ် ချက်နဲ့ဆိုရင် ဒီမျက်ခြေနင်းဖိနပ်နဲ့ကတော့ ဖိနပ်တရံလုံးတောင် စုတ်ပြတ်သတ်သွားမလား မသိဘူး၊ နည်းမျိုးစုံနဲ့ တရားသူကြီးတွေဟာ ဆုံးဖြတ်နေကြတယ်။ မြက်ခြေနင်းဖိနပ်တစ်ရံ အဲဒီလို အုပ်ချုပ်လိုက်တာဟာ အံ့ဖွယ်သရဲပါပဲ၊ ခုလည်းပဲ ကျောင်းဒကာ အဓိက ထားနေတာက သဲပုံစေတီထဲမှ ဘုရား ခြေတော်နဲ့ ထိထားတဲ့ ခြေဆေးအင်းပျဉ်းခုံကို ရည်မှန်းပြီးတော့ ပူဇော်တာ ဆိုတော့ ဖိနပ်ကို ခုလိုသစ္စာဆို ပူဇော်လိုက်တာပါပဲ။

၅။ ဆဒ္ဒန္တကာလေ မုနိနော၊
ဒါဌာ ဆရံသိရဋ္ဌိတာ။
တေနသစ္စေန ယံမာတု၊
ဒဿေတု ပါဋိဟာရိယံ။

မြတ်စွာဘုရားရှင်သည် ဆဒ္ဒန်ဆင်မင်း ဖြစ်တော်မူစဉ်အခါက စွယ်တော်စုံမှ ခြောက်ပါးသော အရောင်တို့ဖြင့် ထွန်းပနေပေ၏။ ထိုမှန် ကန်သော သစ္စာစကားကြောင့် အမှန်မလွဲ ဤမြတ်စွာဘုရားရှင်၏ ခြေဆေးတော်အင်းပျဉ် ဓာတ်မြတ်သည် တန်ခိုး ပြာဋိဟာကို ပြတော်မူပါစေ သတည်း။

(၅)ခုမြောက် သစ္စာပြုတဲ့ဂါထာက ဆဒ္ဒန္တဇာတ်ပါ။ ဆဒ္ဒန္တဇာတ်ဟာ စွယ်တော်ကိစ္စတုန်းက ပြောပြီးသားပါ။ တိရစ္ဆာန်ဖြစ်ပေမဲ့ ဆင်မင်းရဲ့ အစွယ်ဟာ ရောင်ခြည်တော် ခြောက်သွယ်၊ အနီ-အညို-အဝါ-အစိမ်း-အပြာ-စသည်ဖြင့် အရောင်ခြောက်ပါး ဖြာထွက်တယ်၊ အဲဒီလို အစွယ်ကနေ အရောင်ခြောက်ပါးထွက်တာနဲ့ပဲ အဲဒီဆင်မျိုးနွယ်ကို ဆန္ဒန္တလို့ခေါ်ရတယ်၊

ဘုရားလောင်း ဆဒ္ဒန္တဆင်မင်းရဲ့အစွယ်က အရောင်ခြောက်မျိုးဖြာ ထွက်တာဟာ အလွန်အံ့သြစရာ ကောင်းတယ် ဒီဟာနဲ့ပဲ သစ္စာပြုတိုင်တည် လိုက်တာပါပဲ။

၆။ ဇာတမတ္တော တဒါ ဗုဒ္ဓေါ၊
ဌိတော ပက်ဇမုဒ္ဓနိ။
နိစ္ဆာရေသာ သဘိံဝါစံ၊
အဂ္ဂေါသေဌောတိ အာဒိနာ။
တေနသစ္စေန ယံဓာတု၊
ဒဿေတု ပါဋိဟာရိယံ။

မြတ်စွာဘုရားသည် ဖွားတော်မူစဉ်အခါကပင် ပဒုမ္မာကြာထပ်၌ ရပ်လျက် 'အဂ္ဂေါဟမသ္မိ လောကဿ၊ ဇေဌောဟမသ္မိလောကဿ၊ သေဌောဟမသ္မိ လောကဿ အယမန္တိမာ ဇာတိ၊ နတ္ထိဒါနိ ပုနဗ္ဘဝေါ=ငါသည် အဦးဖျားဆုံး၊ ငါသည် အကြီးဆုံး၊ ငါသည်အမြတ်ဆုံး - ငါသည် မွေးဖွားခြင်းဇာတိမရှိတော့ပြီ၊ ငါသည် ဘဝတစ်ဖန် ပြန်၍မဖြစ်တော့ပြီဟု' မကြောက်မရွံ့ ရဲဝံ့တောက်ကြွား အာသဘီဝါစာစကားကို ကျူးရင့်တော်မူခဲ့၏။ထိုမှန်ကန်သော သစ္စာစကားကြောင့် အမှန်မလွဲ ဤမြတ်စွာဘုရားရှင်၏ ခြေဆေးတော်အင်းပျဉ် ဓာတ်မြတ်သည် တန်ခိုး ပြာဋိဟာကို ပြတော်မူပါစေ သတည်း။

၇။ နိမိတ္တေ စတုရော ဒိသွာ၊
နိက္ခန္တော အဘိနိက္ခမံ။
တေနသစ္စေန ယံဓာတု၊
ဒဿေတု ပါဋိဟာရိယံ။

မြတ်စွာဘုရားရှင်သည် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟု လေးမျိုး နိမိတ်တို့ကို မြင်တော်မူသဖြင့် ထီးနန်းစွန့်ခွာ မြတ်သောတောထွက်ခြင်းဖြင့် ထွက်တော်မူခဲ့၏။ ထိုမှန်ကန်သော သစ္စာစကားကြောင့် အမှန်မလွဲ ဤမြတ်စွာဘုရားရှင်၏ ခြေဆေးဟော် အင်းပျဉ် ဓာတ်မြတ်သည် တန်ခိုးပြာဋိဟာကို ပြတော်မူပါစေသတည်း။

၈။ မာရသေနံ ပလာပေတွာ၊
နိသိန္နော ဗုဒ္ဓို ဟောမိယံ။
တေနသစ္စေန ယံမာတု၊
ဒသေတု ပါဠိဟာရိယံ။

၆-၇-၈-သုံးဂါထာက ဘုရားဖြစ်တဲ့ နောက်ဆုံးဘဝ ထူးခြားချက်ဖြင့် သစ္စာပြုဆုတောင်းသွားတယ်၊ မွေးဖွားကစမှာ ဘယ်သူမှ စကားမပြောနိုင်ဘူး၊ ဒါပေမဲ့ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားလေးကတော့ မွေးဖွားကာစမှာ စကားပြောတဲ့အတွက် အံ့သြဖွယ်အနေနဲ့ သစ္စာပြု ဆုတောင်းလိုက်ရတယ်။

နိမိတ်ကြီးလေးပါးကိုမြင်ပြီးတော့ တောထွက်တာဟာလည်းပဲ အံ့သြစရာပါပဲ၊ ဒါကြောင့် သစ္စာပြု ဆုတောင်းလိုက်ပါတယ်၊

ရှစ်ခုမြောက် ဂါထာကတော့ ကဆုန်လပြည့် ညနေဆည်းဆာ အချိန်မှာ မာရ်နတ်သားဦးစီးတဲ့ မာရ်စစ်သည်အပေါင်းကို အောင်မြင်ပြီးတော့ သစ္စာလေးပါးကို သိမြင်တဲ့ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူတဲ့ အချက်ဖြင့် သစ္စာပြုဆုတောင်းတာပါပဲ။

၉။ ဓမ္မစက္ကံ ပဝတ္တေတိ၊
ဇနောသိပတနေ တဒါ။
တေနသစ္စေန ယံမာတု၊
ဒသေတု ပါဠိဟာရိယံ။

ထိုအခါ ကာလ၌ မြတ်စွာဘုရားရှင်သည် ဣသိပတနမည်သော ရဂုံသာမော မိဂဒါဝုန်တော၌ ဓမ္မစကြာ တရားတော်ကို စတင်ဟောကြား၍ တရားစက်ကို လည်စေတော် မူခဲ့ပြီ။ ထိုမှန်ကန်သောသစ္စာစကားကြောင့် အမှန်မလွဲ ဤမြတ်စွာဘုရားရှင်၏ ခြေဆေးတော်အင်းပျဉ် မာတ်မြတ်သည် တန်ခိုးပြာဋိဟာကို ပြတော်မူပါ စေသတည်း။

ကိုးခုမြောက်ဂါထာကတော့ မကြာခင်ရောက်တော့မဲ့ ဝါဆိုလပြည့် စနေနေ့ မိဂဒါဝုန်တောမှာ တရားဦး ဓမ္မစကြာဟောတာနဲ့ သစ္စာပြု တိုင်တည်တာပဲ၊

၁၀။ နန္ဒောပနန္ဒဘောဂိန်း၊
နာဂံ နာဠာဂိရိဝ္ဟယံ။
အာဠာဝကာဒယော ယက္ခေ၊
ဗြဟ္မာနောစ ဗကာဒယော။

နန္ဒောပနန္ဒမည်သော နဂါးမင်းကြီးကိုလည်းကောင်း၊ နာဠာဂိရိမည်သော ဆင်ကို လည်းကောင်း၊ အာဠာဝကအစရှိကုန်သော ဘီလူးတို့ကိုလည်းကောင်း၊ ဗကအစရှိ ကုန်သော ဗြဟ္မာတို့ကိုလည်းကောင်း။

၁၁။ သစ္စကာဒိနိဂဏ္ဌေစ၊
ကူဋဒန္တာဒယော ဒိဇေ။
ဒမေသိ တေနသစ္စေန၊
ဒဿေတု ပါဋိဟာရိယံ။

သစ္စကအစရှိကုန်သော တက္ကတွန်း နိဂဏ္ဌတို့ကိုလည်းကောင်း၊ ကူဋဒန္တအစရှိကုန်သော ပုဏ္ဏားတို့ကိုလည်းကောင်း ဆုံးမတော်မူခဲ့ပြီ။ ထိုမှန်ကန်သော သစ္စာစကားကြောင့် အမှန်မလွဲ ဤမြတ်စွာ ဘုရားရှင်၏ ခြေဆေးတော်အင်းပျဉ် ဓာတ်မြတ်သည် တန်ခိုးပြာဋိဟာကို ပြတော်မူပါစေသတည်း။

နောက်ဆုံး(၂)ဂါထာက ဂုဏ်တော်ကိုးပါးထဲက အနုတ္တရောပုရိသဓမ္မသာရထိ=ဆုံးမသင့်ဆုံးမထိုက်တဲ့ လူနတ်ဗြဟ္မာသတ္တဝါ ဝေနေယျတို့ကို အတုမဲ့ဆုံးမတော်မူနိုင်တဲ့ဂုဏ်တော်ဖြင့် သစ္စာပြုတိုင် တည်တာဖြစ်ပါတယ်။ စုစုပေါင်း (၁၁) ချက် သစ္စာပြုတဲ့အခါ အာနုဘာဝ အစွမ်းသုံးမျိုးပါလာတယ်၊ အာနုဘာဝ=အစွမ်းသုံးမျိုးက -

(၁) **ဗုဒ္ဓါနုဘာဝ** - ဘုရားရှင်၏အစွမ်း အာနုဘော်၊
ဒီသဲပုံစေတီထဲမှာရှိတဲ့ ခြေဆေးအင်းပျဉ်ချပ်ဟာ ရိုးရိုးအင်းပျဉ်ချပ်မဟုတ်ဘူး၊ ဘုရားရှင် ခြေတော်နဲ့ ထိထားတဲ့အတွက် ဘုရားရှင်ခန္ဓာကိုယ်ကနေပြီးတော့ ဓာတ်တွေကူးစက်နေသောကြောင့် ပရိဘောဂစေတီထိုက်သွားတယ်။ ဒါကို ဗုဒ္ဓါနုဘာဝ=ဘုရားအစွမ်းလို့ခေါ်တယ်။

(၂) **ထေရာနုဘာဝ** - ကျောင်းဘုန်းကြီးဟာ ရဟန္တာပါ။ ဒီခြေဆေးအင်းပျဉ် ပရိဘောဂစေတီကို သွားလေရာ အိတ်နဲ့ထည့်ယူဆောင်ပြီးတော့ အလွန်ကြည်ညိုတယ်။ ခုသီတင်းသုံးတဲ့ကျောင်းမှာလည်းပဲ ဒီခြေဆေးအင်းပျဉ်ကို အမြဲတမ်းပဲ ရှိခိုးပူဇော်နေတယ်၊ ဒါကို ကျောင်းထိုင်ဘုန်းကြီးမထေရ်ရဲ့ အစွမ်းလို့ခေါ်တယ်။

(၃) တတိယ အစွမ်းကတော့ **သစ္စကိရိယနုဘာဝ**=သစ္စာပြုတဲ့ကျောင်းဒကာရဲ့ သစ္စာတန်ခိုး သစ္စာတရား စွမ်းအားပဲ။ ဒီအစွမ်း(၃)မျိုးကြောင့် ဒီပြိုင်ပွဲထဲကနေ (၁၁)ဂါထာနဲ့ သစ္စာပြုလိုက်တာနဲ့ ကျောင်းအတွင်း သဲပုံစေတီအတွင်းမှာရှိတဲ့ သဲပုံစေတီအတွင်းမှာ ဌာပနာထားတဲ့ ခြေဆေးအင်းပျဉ်ချပ်က သဲပုံစေတီကို နှစ်ခြမ်းခွဲထွက်ပြီးတော့ အထက်ကောင်းကင်ကို ပျံတက်ပြီးတော့ ရောင်ခြည်တော် (၆)သွယ်လွှတ်ပြီး တန်ခိုးပြတယ်၊ ခုနကပြောတဲ့ ဆဒ္ဒန္တဇာတ်မှာ အဟိတ်တိရစ္ဆာန်ဖြစ်တဲ့ ကိလေသာရှိတဲ့ ဆဒ္ဒန်ဆင်မင်းရဲ့အစွယ်ကတောင်မှာ ရောင်ခြည် (၆)မျိုး ဖြာထွက်နိုင်သေးတာပဲ။ ခုခြေလေးအင်းပျဉ်ဟာ ဘုရားရှင်ရဲ့ ကိလေသာကင်းစင်တဲ့ ခန္ဓာကိုယ်တော်နဲ့ထိထားတဲ့အတွက် ဒီသစ်သားပျဉ်ချပ်ဟာလည်းပဲ ရောင်ခြည်တော် ဖြာထွက်ပြီးတော့ တန်ခိုးပြတာပါ။ အဲဒီလို ဒီခြေဆေးအင်းပျဉ်ဟာ ကောင်းကင်ပြန်တက်ပြီး နီလ-ပီတ-လောဟိတ-ဩဒါတ မဇ္ဇိဋ္ဌ ပဘာဿရ ဆိုတဲ့ ရောင်ခြည်တော် ခြောက်ဖြာလျှံထွက်ပြီးတော့ တန်ခိုးပြာဋိဟာကိုပြတယ်၊ အဲဒီမှာမြင်တွေ့ဖူးမြင်ရတဲ့ ပရိတ်သတ်ပေါင်းဟာ တအံ့တသြနဲ့ မိမိတို့ ဦးခေါင်းမှာပါတဲ့ ဦးထုတ်တွေ ဦးရစ်ခေါင်းပေါင်း တဘက်တွေကို ကောင်းကင်သို့ပစ်လွှင့်ပြီး ကောင်းချီးပေးကြတယ်၊ လက်အုပ်တွေချီပြီး သာဓုတွေခေါ်လိုက်ကြတာဟာ ကောင်းကင်ယံထိ ဆူညံသွားတယ်။ ဘုရင်မင်းမြတ်လည်း တအံ့တသြ ဖြစ်သွားတယ်၊ မဟေသရနတ်ကိုကိုးကွယ်တဲ့ ပုဂ္ဂိုလ်တွေလည်း တအံ့တသြဖြစ်ပြီးတော့ သာဓုတွေ ခေါ်ကြတယ်၊ ဘုရင့်ရဲ့အမိန့်အတိုင်းပဲ မိစ္ဆာဒိဋ္ဌိဖြစ်တဲ့ မဟေသရနတ်ကို ကိုးကွယ်တဲ့ ပုဂ္ဂိုလ်တွေလည်းပဲ သူတို့ရဲ့

နတ်ကိုးကွယ်မှု ဘာသာကိုစွန့်ပြီးတော့ ရတနာသုံးပါးကိုးကွယ်ဆည်းကပ်လိုက်ကြရတယ်။ အဲဒီတော့ ဒီမှာ ရှေ့ဆရာတွေက မှတ်ချက်ချတယ်၊ ဘယ်လိုမှတ်ချက်ချလဲ-

ဖုဋ္ဌောပိ ပါဒေန ဇိနဿ ဧဝံ၊
ကလိင်္ဂရောပါသိ မဟာနုဘာဝေါ။
လောကေကနာထဿ အနာသဝဿ၊
မဟာနုဘာဝေါဟိ အစိန္တိနီယော။ *(မဓုရရသဝါဟိနီကျမ်း)*

မြတ်စွာဘုရား၏ခြေနှင့်ထိတွေ့ပွတ်တိုက်ခဲ့သော ထိုခြေပွတ်သစ်သား အင်ပျဉ်သော်မှ ဤမျှတန်ခိုး အာနုဘော်ကြီးမားခဲ့သည်ရှိသော် လောက၌ တုဖက်မရှိ တစ်ဆူတည်း ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရား၏ ကြီးမားလှသည့် အာနုဘော်တော်တို့သည်ကား ကြံစည်၍ မရနိုင်လောက်အောင် အစိန္တိယဂုဏ်နှင့် ပြည့်စုံတော့သည်သာ။

တကယ်တော့ ဒီသစ်သားပြားဟာ ရိုးရိုးသစ်သားပြား မဟုတ်ဘူး။ ဘုရားရှင်ရဲ့ ခြေတော်နဲ့ ထိလိုက်တဲ့ အတွက် ဓာတ်သဘာဝ ကူးစက်ပြီးတော့ ကျောင်းဒကာရဲ့ သစ္စာတရားအစွမ်းကြောင့် အထက်ကောင်းကင်ပျံတက်ပြီးတော့ ရောင်ခြည်တော်ခြောက်သွယ် လွှတ်ပေးရတာပါ။ အဲဒီတော့ တကယ်သက်တော်ထင်ရှား ဘုရားရှင်ရဲ့ တန်ခိုးဆိုရင်တော့ ကြံစည်စဉ်းစားလို့ မရနိုင်လောက်အောင်ကိုပင် အစိန္တေယျဂုဏ်နှင့် ပြည့်စုံတော် မူပါပေတယ်၊ အဲဒီလိုရှေ့ဆရာတွေက ကောက်ချက်ချသွားတယ်။

သစ္စာစွမ်းအား လွန်ကြီးမားပုံ

ဒါဟာ အိန္ဒိယမှာ ဖြစ်ပျက်ခဲ့တဲ့ ပါဒပီဋ္ဌဟာ ဝတ္ထုပါပဲ၊ ဒီဝတ္ထုမှာ အခက်အခဲဖြစ်တဲ့အခါ ကိုယ်ကျင့်သုံးတဲ့ တရား ကိုယ်သိထားတဲ့ အသိဉာဏ်နဲ့ပဲ ကျောင်းဒကာက သစ္စာပြုသွားတယ် သူနေ့တိုင်းဆောက်တည်ထားတဲ့ သရဏဂုံသုံးပါးနဲ့ဆောက်တည်တယ်၊ သူ့ကျောင်းဘုန်းဘုန်းကြီးထံက နာယူထားတဲ့ (၅၅၀)ဇာတ်တော်ထဲက ဇာတ်တော်(၂)ခုနဲ့ သစ္စာပြုတယ်။ ကျောင်းဘုန်းကြီးထံက နာယူထားတဲ့ ဗုဒ္ဓဝင်လာ နောက်ဆုံးဘဝအနေ

အထားနဲ့ သစ္စာပြုတယ်။ ဘုရားဖြစ်ပြီးတဲ့နောက် ဟောတဲ့ဓမ္မစကြာတရား အောင်ခြင်းရှစ်ပါးထဲက(၆)မျိုးနဲ့ သစ္စာပြုသွားတယ်။ တကယ့်တကယ် အခက်အခဲ ဖြစ်လာတဲ့အခါရောက်တော့ ကိုယ်သိထားတဲ့အသိဉာဏ် ကိုယ်ကျင့်သုံးထားတဲ့ တရားကသာ အားကိုးအားထားထိုက်တယ် အားကိုး အားထားစရာဖြစ်တယ်ဆိုတာ သိလိုက်ရတယ်။ အကယ်၍သာ ဒီကျောင်း ဒကာက ဒီလိုအသိဉာဏ် တွေမရှိဘူးဆိုရင် အရှက်ကွဲပြီး အဲဒီသဲပုံစေတီထဲက ဘုရားရှင်ရဲ့ ခြေတော်နဲ့ ထိတားတဲ့ ခြေဆေးအင်းပျဉ်ဟာလည်း ဒီအတိုင်းပဲ နေမှာပဲ။ ခုတော့ ကျောင်းဒကာရဲ့ သစ္စာပြုတဲ့တရားကြောင့် ဒီခြေဆေး အင်းပျဉ်က သဲပုံစေတီကနေ နှစ်ဖြာခွဲထွက်ပြီးတော့ ကောင်းကင်တက်ပြီး ရောင်ခြည်တော်တွေ လွှတ်ပြီးတော့ တန်ခိုးပြတယ်၊ တန်ခိုးပြပြီးတော့ အဲဒီသဲပုံစေတီအတွင်းကိုပဲ ပြန်ဝင်သွားတယ်၊ နှစ်ဖြာခွဲလိုက်လို့ သဲတွေ ပျက်ကျသွားတာမရှိဘူး၊ ပုံမှန်အတိုင်းပဲ ပြန်ဖြစ်သွားတယ်။

ဒီမှာ ဘာသိလိုက်ရလဲဆိုတော့ ဓာတ်သဘာဝဟာ ကူးစက်တတ်တယ်၊ ဒီပျဉ်ပြားဟာ ရိုးရိုးပျဉ်ပြား မဟုတ်ဘူး၊ ဘုရားရှင်ရဲ့ ခြေတော်နဲ့ ထိလိုက်တဲ့အတွက် ဓာတ်ကူးစက်ပြီးတော့ တန်ခိုးရှိသွားတာပါပဲ၊ ဘုန်းဘုန်းတို့ ဆိုင်ရာဆိုင်ရာအိမ်တွေမှာလည်းပဲ စွယ်တော် တွေကိုးကွယ်နေကြတယ်။ သီရိလင်္ကာနိုင်ငံက စွယ်တော် အစစ်နဲ့ထိထားတဲ့အတွက် ဓာတ်သဘာဝကူးစက်ပြီး သားပါပဲ။ ဘုန်းဘုန်းတို့ စွယ်တော်နဲ့ပတ်သက်ပြီးတော့ ပြောပြီးသားပါပဲ၊ သောနုတ္တိရ်ရမူဆိုးဟာ ဗာရာဏသီက စူဠသုဘဒ္ဒါမိဖုရားရဲ့ စေခိုင်းချက်ကြောင့် ဆဒ္ဒန်ဆင်မင်းရှိတဲ့နေရာကို (၇)နှစ် (၇)လ (၇)ရက်ကြာ အောင်သွားခဲ့ရပေမဲ့ ဆဒ္ဒန်ဆင်မင်းရဲ့ အစွယ်ရလိုက်တဲ့အခါမှာတော့ အဲဒီ အစွယ်ရဲ့တန်ခိုးကြောင့် (၇)ရက်နဲ့ တောထဲကနေ ဗာရာဏသီပြည် ပြန်ရောက်သွားတာဟာ တိရစ္ဆာန်အစွယ်ရဲ့စွမ်းအင်ပါပဲ၊ တိရစ္ဆာန်အစွယ်ကို လက်နဲ့ကိုင်ထားတဲ့အတွက် ဒီအစွယ်ကြောင့် (၇)နှစ် (၇)လ ခရီးဟာကျို့ ပြီးတော့ (၇)ရက်နဲ့ ရောက်သွားရတယ်။ အဲဒီတော့ အဟိတ်တိရစ္ဆာန်ရဲ့ အစွယ်ကတောင် ဓာတ်သဘာဝကူးစက်ပြီး အစွမ်းထက်တယ်ဆိုရင်

သက်တော်ထင်ရှားဘုရားရှင်ရဲ့ ခြေတော်နဲ့ထိထားတဲ့ သစ်သားပျဉ်ချပ် ခြေဆေးအင်းပျဉ်ခုံဟာ အစွမ်းအာနိ သင်ရှိတယ်လို့ လက်ခံရတယ်။

ဓာတ်ခိုက် ဓာတ်ကားပံ

ကောင်းတဲ့ဓာတ်သဘာဝထိခိုက်သလို မကောင်းတဲ့ ဓာတ်သဘာဝ ဆိုတာလဲ ထိခိုက်တာပါပဲ။ ဘုန်းဘုန်းတို့ အရှင်သာရိပုတ္တရာကိုပဲ ကြည့်ပေါ့၊ အရှင်သာရိပုတ္တရာဟာ အလွန်ဘုန်းတန်ခိုးကြီးတဲ့ ရဟန္တာပဲ၊ သူဌေးသူကြွယ်၊ ဒကာ ဒကာမတွေ အလွန်ကြည်ညိုခံရတဲ့ သံဃာပဲ၊ သူဆွမ်းခံသွားပြီဆိုရင် လျှမ့်တန်းမဲ့ ပဂ္ဂိုလ်တွေ ဆွမ်း၊ ဆွမ်းဟင်း သင်္ကန်းလျှူတဲ့ ပုဂ္ဂိုလ်တွေ အများကြီးပဲ၊ သူ့ရဲ့တပည့် လောသကတိဿနဲ့ ဆွမ်းခံပြီဆိုရင်တော့ တပည့်က ရဟန္တာဖြစ်နေတာတောင် အကုသိုလ်ကံက ကြီးတော့ အရှင်သာရိပုတ္တရာကိုပါ ကူးစက်ပြီး လောင်းမဲ့လူမရှိဘူး။ လျှမ့်လူ မရှိဘူး။ ဒါဟာ တပည့်ရဲ့ မကောင်းတဲ့အကုသိုလ်ဓာတ်က ကူးစက်လိုက်တာပဲ၊ ဒါနဲ့ပဲ အရှင်သာရိပုတ္တရာ က တပည့်ကို မင်းကျောင်းမှာပဲနေရစ်ခဲ့တော့၊ ငါတစ်ပါး တည်းပဲ ဆွမ်းခံသွားတော့မယ်။ တစ်ပါးတည်းသွားရင်း ဆွမ်း ဆွမ်းဟင်းတွေ အများကြီးရတယ်၊ ရလာတဲ့ ဆွမ်း ဆွမ်းဟင်းတွေနဲ့ တပည့်ကို ကျွေးတယ် နောက်ဆုံး ပရိနိဗ္ဗာန်စံမည့်နေ့မှာ စတုမဟာတွေ ရလာတယ်။ အဲဒီ စတုမဟာတွေ စားဆိုပြီးတော့ပေးတယ်၊ ပေးတဲ့အခါ သပိတ်ကို အရှင်သာရိပုတ္တရာ လက်နဲ့ကိုင်ထားရတယ် ဆရာနဲ့ တပည့်ဆိုတော့ ဟိုက မစားရဲဘူး၊ ရှက်တာပေါ့လေ။ အဲတော့ အရှင်သာရိပုတ္တရာကလည်းသိတယ် အရှင်သာရိပုတ္တရာက ငါရှင် ဒီသပိတ်ထဲက စတုမဟာတွေက ငါ့လက်နဲ့ကိုင်ထားလို့ သပိတ်ထဲမှာရှိနေတာပဲ၊ ငါ့လက်က လွတ်လိုက်ရင် သင့်ရဲ့အကုသိုလ်ကြောင့် သင်စားလို့ ရမှာမဟုတ်ဘူး အကုန်လုံးပဲ ကွယ်ပျောက်သွား လိမ့်မယ်။ ငါကိုင်ထားတဲ့အတိုင်းပဲ သင်စားပါ။ သပိတ်ကိုကိုင်ပေးထားရတယ်၊ အဲဒီ အခါမှာ လောသကတိဿ ရဟန္တာဟာ နောက်ဆုံးအနေနဲ့ အဝစားသွား ရတယ်။ အဝစားပြီး ပရိနိဗ္ဗာန်စံသွားရရှာတယ်။ အဲဒီတော့ အကုသိုလ်ဓာတ် ဟာလည်းပဲ ကူးစက်တယ်၊ ဓာတ်သဘာဝကူးစက်တယ်၊ ကုသိုလ်သဘာဝ ကုသိုလ်ဓာတ်ဟာလည်း ကူးစက်တယ်။

အဲဒီတော့ လွယ်လွယ် ဥပမာပြောကြပါစို့။ ဘုန်းဘုန်းတို့ စျေးထဲရောင်းနေတဲ့ ဖက်ရွက်တွေရှိတယ် သီရိမင်္ဂလာစျေးလိုပေါ့လေ။ စပါယ်ပန်းတို့၊ မြတ်လေးပန်းတို့ထည့်ထုပ်လိုက်ပြီး ပန်းတွေ ဖက်လိုက်တဲ့အခါ ဖက်ရွက်ထဲမှာ စပါယ်ပန်း၊ မြတ်လေးပန်းတို့ မရှိပေမယ့် ဖက်ရွက်ဟာ မွှေးနေတယ် အမွှေးဓာတ်ကျန်ရစ်တယ် ဒါရုပ်သဘာဝကူးစက်သွားတာပဲ ငါးပိငါးခြောက် တန်းကလည်းပဲ အဲဒီဖက်ရွက်နဲ့ ငါးပိတွေငါးခြောက်တွေ ထည့်လိုက်ရင် ငါးပိငါးခြောက်ကိုဖယ်လိုက်ရင် အဲဒီဖက်ရွက်မှာ ငါးပိငါးခြောက်အနံ့တွေ ကျန်ရစ်သွားတယ်။ ဒါဟာ ဓာတ်သဘာဝကူးစက်တာပါပဲ။ ခုလည်းပဲ ခြေဆေးအင်းပျဉ်ဟာ ဘုရားရှင်ရဲ့ ခြေတော်နဲ့ ထိထားအ တွက် ဓာတ်သဘာဝကူးစက်ပြီးတော့ တန်ခိုးအာနုဘော်ရှိသွားတာပါပဲ၊ ဒါ ပါဒ ပီဌကာ ဝတ္ထုမှာလာတဲ့အတိုင်း ပြောပြတာပါပဲ။ ခုနက ရုပ်သဘာဝတွေ ကူးစက်တာ သိသွားပြီဆိုရင် နာမ်သဘာဝကူးစက်ပုံကို ပြောပြပါမယ်။ ခုနက ဘုန်းဘုန်းတို့ မင်္ဂလသုတ်ပါဠိတော်တွေ ရွတ်သွားတယ်။ မင်္ဂလသုတ်ဟာ ဘုရားဟောပဲ။ ဘုရားနှုတ်တော်က ထွက်ထားတဲ့ တရားတော်တွေပဲ၊ ဒါပေမဲ့ အဲဒီတရားတော်က ဘုရားပရိနိဗ္ဗာန်စံသွားတဲ့အခါရောက်တော့ တရားတော်တွေတင်မကတော့ဘူး ဘုရားလဲ ဖြစ်သွားတယ်။

ယော ဝေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော သော ဝေါ မမစ္စယေန သတ္ထာ။

ချစ်သား အာနန္ဒာ ငါဘုရားဟောထားတဲ့ ပညတ်ထားတဲ့ သုတ် ဝိနည်း အဘိဓမ္မာဆိုတဲ့ ပိဋကတ် တရားတော်တွေဟာ ငါဘုရားသက်ရှိ ထင်ရှားရှိစဉ်အချိန်မှာ တရားတော်ပဲဖြစ်တယ်။ သို့ပေမယ့် ငါဘုရား ပရိနိဗ္ဗာန်စံသွားတဲ့နောက်ပိုင်းဆိုရင်တော့ အဲဒီတရားတော်တွေဟာ တရားတော်အပြင် ဆရာဘုရားလဲ ဖြစ်သွားတယ်။ ဒီမဟာပရိနိဗ္ဗာနသုတ် ဒေသနာအရဆိုရင် ခုနက မင်္ဂလသုတ်ဟာ တရားတော်အပြင် ဘုရားလည်း ဖြစ်တယ်၊ မိမိတို့က ဝတ်တက်တဲ့အခါ မင်္ဂလသုတ်တရားတော် မင်္ဂသုတ် ဘုရားကို ရွတ်ဆိုလိုက်တယ် ရွတ်ဆိုတဲ့အခါ ကိုယ်ရဲ့ နှုတ်နဲ့ လျှာနဲ့ တံတွေးနဲ့

အသံနဲ့ နှလုံးသားနဲ့ အသိဉာဏ်နဲ့ သဒ္ဓါတရားနဲ့ ရွတ်ဆိုတော့ ကိုယ်ခန္ဓာထဲမှာ ဘုရားရဲ့တရားတွေ ကိန်းအောင်းသွားတယ်။ ဘုရားရှင်လည်း ကိန်းဝပ်သွားတယ်၊ ဓမ္မစေတီဟာ ကိုယ်သန္တာန်ထဲမှာ တည်သွားတယ်။ ခုနကပြောတဲ့ စာအုပ်ကြီးထည့်တားတဲ့ ဗီဒိုကြီးသာ ဓမ္မစေတီ မဟုတ်ဘူး။ ကိုယ့်ခန္ဓာဟာလဲ ဓမ္မစေတီဖြစ်သွားတယ် ဘုရားတွေ ကိန်းဝပ်သွားတယ်။

မိတ္တူကူးပုံ ကူးနည်း

ဒီလိုဆိုတော့ မိတ္တာကူးစက်နဲ့ ကူးသလိုဖြစ်သွားပြီး၊ မိတ္တူကူးစက်နဲ့ ကူးတဲ့အခါမှာ သုံးမျိုးတွေ့ရမယ်

(၁) မိတ္တူကူးစက်ရှိတယ်

(၂) မူရင်းစက္ကူရှိတယ်

(၃) ကူးမဲ့ကော်ပီစက္ကူရှိမယ်

အဲဒီတော့ မူရင်းစက္ကူကောင်းမှ မိတ္တူကော်ပီစက္ကူကောင်းမယ်လို့ ပြောကြတယ်၊ ဒီမှာတော့ မူရင်းက ဘုရားဂုဏ်တော်တွေ ဘုရားတရားတော်တွေက ကောင်းပြီးသားဆိုတော့ မူရင်းအတွက် ဘာမှ စီစစ်စရာ မလိုဘူး။ တခြား မဟေသရနတ် တခြားဘာသာကိုးကွယ်တာတွေဆိုရင်တော့ ကောင်းမကောင်းစီစစ်ရမှာပေါ့လေ။ ခုရတနာသုံးပါးကို ကိုးကွယ်တယ်ဆိုတော့ မူရင်းကောင်း မကောင်းကို စီစစ်စရာ မလိုဘူး၊ မူရင်းက အကောင်းဖြစ်နေတယ်၊ ကော်ပီမိတ္တူစက္ကူဖြစ်တဲ့ မိမိရဲ့နှလုံးသားစိတ်နေ စိတ်ထား စက္ကူကည့်ရင် မူရင်းက ဘယ်လောက်ပင် ကောင်းကောင်း ကော်ပီမိတ္တူစက္ကူဖြစ်တဲ့ နှလုံးသားဓာတ်ခံ စိတ်နေ စိတ်ထားဟာ မကောင်းနိုင်ဘူး၊ အဲဒီတော့ ကော်ပီ မိတ္တူစက္ကူဖြစ်တဲ့ မိမိရဲ့စိတ်နှလုံးသား စက္ကူဟာလဲ ကောင်းဖို့လိုပါတယ်။ စိတ်ဓာတ်စင်ကြယ်ရမယ် စိတ်ဓာတ်ဖြူစင်ရမယ်။ ဣသာမစ္ဆေရတွေ လောဘတွေ မာန်မာနတွေမထားရဘူး၊

ဣသာမစ္ဆေရ လောဘမာန်မာနတွေထားနေရင်တော့ မူရင်းဘုရားတရားဟာ ဘယ်လောက်ပင် ကောင်းကောင်း ကိုယ်နှလုံးသား စိတ်ဓာတ် မိတ္တူ စက္ကူမှာ ဝါးဝါးလေးပဲ ထင်ပါတယ်။

အဲဒီလိုဆိုတော့ အရပ်ထဲမှာပြောနေတဲ့ မူရင်းကောင်းမှ မိတ္တူကောင်းမည်ဆိုတာက မပြည့်စုံဘူး၊ ကိုယ်စိတ်နှလုံးသားစိတ်ထား ဖြူစင်နေလေ ဘုရားဂုဏ်တော်တရားတော်တွေဟာ ကိုယ်သန္တာန်မှာကိန်းဝပ်လေပဲ၊ နောက် မိတ္တူစက်လည်းကောင်းဘို့လိုတယ်၊ မိတ္တူကူးစက်က ခပ်ညံ့ညံ့ဆိုရင် မထင်ဘူး၊ အဲဒီမိတ္တူစက်က ဘာလဲဆိုရင် အသိဉာဏ်ပညာနဲ့ သဒ္ဓါတရား ဒီနှစ်ခုပါပဲ၊ ယုံကြည်မှုသဒ္ဓါ တရားကလည်းရှိရမယ် အသိဉာဏ်ပညာ ကလည်းရှိရမယ်။ ခုဒီဝတ္ထုလာ ကျောင်းဒကာကိုပဲကြည့်ပေါ့လေ၊ သူကျောင်းဘုန်းကြီးထံက တရားတွေ နာထားတယ်၊ အသိဉာဏ်တွေ တိုးပွားနေတယ်၊ နောက်ပြီး ရတနာသုံးပါးဟာ တကယ်ကို ကိုးကွယ်အားထားရာ အစစ်အမှန်ပဲ အခက်အခဲဖြစ်လာရင် ဖြေရှင်းပေးနိုင်တယ်ဆိုတဲ့ ယုံကြည်မှုသဒ္ဓါတရားလည်းရှိတယ်။ အဲဒီတော့ ကျောင်းဒကာမှာ မိတ္တူစက်လို့ခေါ်တဲ့ အသိဉာဏ်ပညာရော သဒ္ဓါတရားပါကောင်းနေတဲ့ အတွက် သစ္စာတရားဟာ အစွမ်းထက်ပြီး သူ့အခက်အခဲပြေလည်သွားတယ်၊ သဲပုံစေတီထဲက ခြေဆေးအင်းပျဉ်ချပ်ဟာ အထက်ကောင်းကင် ထက်ကိုပျံတက်ပြီး၊ ရောင်ခြည်တော်တွေ ဖြာထွက်ပေးလိုက်ရတယ်။

ဒီလိုလေ့လာပြီးတော့ ၃-ချက်ပေါ့လေ (၁)မူရင်းစက္ကူ (၂)ကော်ပီမိတ္တူစက္ကူ (၃)မိတ္တူစက် ဒီ(၃)မျိုးထဲက မူရင်းစက္ကူဖြစ်တဲ့ရတနာသုံးပါးကို ဘာမှစစ်စရာမလိုဘူး ရတနာသုံးပါးကိုးကွယ်နေတဲ့ ပုဂ္ဂိုလ်တွေဖြစ်တဲ့အတွက် ရတနာသုံးပါးမူရင်းဟာကောင်း ပြီးသားပါ၊ ကော်ပီမိတ္တူစက္ကူဖြစ်တဲ့ မိမိစိတ်နှလုံးသားက ရိုးသား ဖြောင့်မတ်ရမယ်၊ ကုသိုလ်မာန်မာနတွေ ကင်းရှင်းနေရမယ်၊ အဲဒီလိုဆိုရင် မိတ္တူစက်ဖြစ်တဲ့ သဒ္ဓါတရား အသိဉာဏ် ပညာကောင်းကောင်းနဲ့ဆိုရင် ခုနကရွတ်တဲ့ ဓမ္မစေတီတွေ ကိန်းသွားပြီး အခက်အခဲပေါ်ရင် ခုနက ကျောင်းဒကာလို ဖြေရှင်းသွားနိုင်ပြီ။ အဲဒီတော့ ဘာအလုပ်ပဲလုပ်လုပ်၊ အခက်အခဲပေါ်လာရင် ခု(၁၁)ဂါထာမှာလာတဲ့နည်းအတိုင်း သစ္စာပြုတိုင်တည်ဆုတောင်းရင် ပြေလည်သွားမှာပါ၊ ဘယ်လောက်ထိပြေလည်သွားသလဲဆိုတော့ လောကီကောင်းကျိုးတင်

မကဘူး လောကုတ္တရာကိစ္စဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ထိရောက်သွားနိုင်ပါတယ်။ အဲတော့ ဒီနေ့ တရားတော်တွေကို နှလုံးသွင်းရခြင်းကုသိုလ်တွေ ဖြစ်ပွားရတယ်၊ ပန်းချီကားချပ်လှူဒါန်းတဲ့ကုသိုလ် စာတိုက် ဗီဒို ဓမ္မစေတီ လှူဒါန်းတဲ့ ကုသိုလ်တွေ ခြေဆေးနဲ့သာ အင်းပျဉ်လှူဒါန်းတဲ့ ကုသိုလ်တွေ၊ ရတနာသုံးပါးနှင့်စပ်တဲ့ သစ္စာပြုရွတ်ဆိုပူဇော်ရတဲ့ကုသိုလ်တွေကြောင့် မိမိတို့မှာရင်ဆိုင်နေရတဲ့ အခက်အခဲတွေ ကျော်လွှားပြီးတော့ နောက်ဆုံးမှာ မဂ်ဖိုလ်နိဗ္ဗာန်အထိ မျက်မှောက်ပြုသောအားဖြင့် ရောက်နိုင် ရနိုင်ကြပါစေ ကုန်သတည်း။

(သာဓု သာဓု သာဓု)

(၈)ဗုဒ္ဓခြေတော်ရာ ဆွမ်းတော်ကပ်နည်း

(၁၀၈)ကွက် စက်လက္ခဏာ
ဆွမ်းတော်ကပ်နည်းဖြစ်ပေါ်လာပုံ

ခုနှစ်ဌာန အသားတော် ပြည့်ဖြိုးသော ဘုရားရှင်
ချီမြိန်ကောင်းမြတ်၊ ရသာဓာတ်ကို၊ ဆက်ကပ်ပူဇော်၊ လှူဘူး
သော်ကြောင့်--၊ ခြေတော်ဖမိုး၊ လက်ဖမိုးတော်၊ ပခုံးတော်နှင့်၊
ကုပ်တော်ခုနှစ်ချက်၊ စုံလျက်ဖြိုးဖြိုး၊ ညှပ်ရိုးပခုံး၊ လက်ရုံး ရင်တော်၊
ခုနှစ်ဖော်လည်း၊ ရှုမြော်မည်း၊ ဆူးဖြိုးတင့်စွာ၊ လက္ခဏာဖြင့်--၊ အရသာ
ဓာတ်၊ ထူးအမြတ်ကို၊ မပြတ်သုံးဆောင်တော်မူရပါသော မြတ်စွာဘုရား
မြတ်စွာဘုရား--။

ဤလက်ာသည်ကား မြတ်စွာဘုရားရှင်၏ မဟာပုရိသ လက္ခဏာ
တော်ကြီး (၃၂)ပါးထဲမှ **"သတ္တရသဒတာ လက္ခဏာတော်"** ကို ပုံဖော်ဖွဲ့
ဆိုထားသော လက်ာဖြစ်သည်၊ ဤလက်ာတွင် မြတ်စွာဘုရားရှင်၌
သတ္တရသဒတာလက္ခဏာ ရရှိခြင်း၏ ရှေးအတိတ်အကြောင်း ကသိုလ်ကံ
ကိုလည်းကောင်း၊ အကျိုးရင်း လက္ခဏာကိုလည်းကောင်း၊ အကျိုးဆက်
အာနိသံသကိုလည်းကောင်း၊ (၃)မျိုးပိုင်းလျက် ဖော်ပြထားပေသည်။

မြတ်စွာဘုရားရှင်သည် အလောင်းတော် ဘဝဖြင့် ကမ္ဘာများစွာဖြစ်ခဲ့ရာ၌ မွန်မြတ်၍ အရသာနှင့် ပြည့်စုံသော မုန့်ခဲဘွယ်ဘောဇဉ် တို့ကို လည်းကောင်း၊ ထောပတ်ဆီဥစသည်နှင့်နို့ယနာစသည့် အစာအာဟာရ တို့ကိုလည်းကောင်း၊ အဖျော်တို့ကိုလည်းကောင်း ပေးလှူတော်မူခဲ့၏။ ယင်းသို့ ပေးလှူရာ၌ အဆီသြဇာ ပြည့်ဝ၍ အရသာရှိလှသော အစာ အာဟာရ တို့ကိုသာ ပေးလှူခဲ့ ပေသည်၊ အဆီသြဇာ ခြောက်ခန်းသော အစာအာဟာရ တို့ကိုမူ မပေးလှူခဲ့ချေ။

ဝမ်းပိုက်၏ သံတမန်

ဘုရားလောင်း၏ ချို့မြန်ကောင်းမြတ်သော ရသာဓာတ်ပါရှိသည့် အစာအာဟာရပေးလှူခဲ့ပုံကို (၅၅၀)ဇာတ် နိပါတ်တော်လာ ဒူတဇာတ် (ဇာတက ဋ္ဌကထာ၊ ၂၊ ၂၈၈)အရ သိနိုင်ပါ၏။ ဘုရားလောင်းသည် တခုသော ဘဝတွင် ဗာရာဏသီပြည်၌ **"ဘောဇနသုဒ္ဓိက"** အမည်ဖြင့် ဘုရင်မင်းမြတ် ဖြစ်ခဲ့ လေသည်၊ ထိုဘောဇနသုဒ္ဓိက ဘုရင်မင်းမြတ်ကား အလွန်ဘုန်းကံ ကြီးမားသူ ဖြစ်၏။ ပွဲတော်တည် စားတော်ခေါ် (သုံးဆောင်)သည့်အခါ အဖိုးတစ်သိန်း ထိုက်သည့် ရွှေခွက်ထဲမှာ အဖိုးတစ်သိန်းပင် ထိုက်တန်သော မွန်မြတ်သည့် စားသောက်ဖွယ်ရာတို့ကို သုံးဆောင် လေ့ရှိ၏။ သုံးဆောင် သည့် အခါမှာလည်း မြင်ရသူများ ကုသိုလ်ကောင်းမှု ပြုချင်စိတ် ပေါ်လာ စေရန် ရွှေအတိ ပြီးသည့် ရာဇပလ္လင်ပေါ်မှာ ထိုင်ပြီး မင်းသမီးများ ခြံရံစေကာ ကြီးကျယ်ခမ်းနားစွာ သုံးဆောင်တော်မူလေသည်။

တနေ့တွင်မူ အရပ်သားတစ်ယောက်သည် ဆာလွန်းလှသဖြင့် 'သံတမန် တဦးပါ'ဟု ပြောဆိုပြီး ဘုရင်၏ ရွှေခွက်ထဲမှ ထမင်းတစ်ဆုပ်ကို ကောက်ယူပြီး စားလိုက်လေသည်၊ သက်တော်စောင့်က သန်လျက်များဖြင့် ထိုသူ၏ဦးခေါင်းကို ဖြတ်မည်ပြုရာ ဘုရင်က ဟန့်တားလိုက်ရ၏၊ သံတမန် ကိုလည်း မကြောက်မရွံ့ပဲ စားရန်တိုက်တွန်းပြီး ကျွေးမွေးလိုက်၏၊ စားသောက်ပြီး သည့်အခါတွင်ကား ဘုရင်က "သင်ဟာ မည်သူရဲ့ သံတမန်ပါလဲ"ဟု မေးမြန်းရာ ထိုအရပ်သားက "အရှင်မင်းကြီး ကျွန်တော် မျိုးဟာ ဆာလောင်မှု တဏှာရဲ့ စေခိုင်းချက်အရ လာရတာမို့ တဏှာဒူတ= တဏှာရဲ့

သံတမန်ဖြစ်သလို ဝမ်းရေးအတွက် လာရတာမို့ ဥဒရဒူတ= ဝမ်းဗိုက်ရဲ့ သံတမန်လည်း ဖြစ်ပါတယ်ဘုရား"ဟု လျောက်တင်ခဲ့လေသည်၊ ထိုအခါ ဘုရင်မင်းမြတ်က "မောင်မင်း-လျောက် တင်သည့် စကား မှန်လှပါပေ၏၊ အားလုံးသော သတ္တဝါ တွေဟာ ဝမ်းဗိုက်ရဲ့ အမှုတော်ကို ထမ်းရွက်နေကြရလို့ ဝမ်းဗိုက်ရဲ့ သံတမန်တွေချည်း ပါပဲ၊ ထို့အတူ ဆာလောင်မှု တဏှာရဲ့ စေခိုင်းစီမံချက်အရ ဆောင်ရွက်နေရတာ မို့လည်း တဏှာရဲ့ သံတမန်တွေ ဖြစ်နေကြရတယ်၊ သင်ဟာ နှစ်သက်ဖွယ်စကား လျောက်ထား ပြောဆိုလိုက်တာပဲ"ဟု အမိန့်ရှိလိုက် လေသည်၊ ထို့အပြင် ဥသဘ နွားလားနှင့် နွားတထောင်ကို ဆုတော်လာဘ်တော် အနေဖြင့် ပေးကမ်းချီးမြှင့်ခဲ့လေသည်။

ငါတို့နေရာ ဤကမ္ဘာ တဏှာအုပ်စိုးသည်။
တဏှာစေရာ မနေသာ ဖွေရှာဆက်ရသည်။

(မဟာဂန္ဓာရုံဆရာတော်)

ဂဝပါနဘောဇဉ်

ထို့အပြင် ဂေါတမဘုရားလောင်းသည် မင်္ဂလဘုရားရှင်ကို တွေ့ဆုံ ဖူးမြော်ရချိန်၌ သုရုစိပုဏ္ဏားအနေဖြင့် တွေ့ဆုံရ၏၊ မင်္ဂလဘုရားရှင် အမှူးရှိသော ကုဋ္ဌေတစ်သိန်းသော သံဃာတော်များအား ရတနာ(၇)ပါး စီချယ် ထားသော ရတနာမဏ္ဍပ်ကြီးအတွင်းဝယ် "ဂဝပါန"မည်သော ဘောဇဉ်ကို (၇)ရက်ပတ်လုံး ဆက်ကပ်လှူဒါန်းခဲ့လေသည်။

(အဌသာလိနီ အဌကထာ-၆၁)

"ဂဝပါနဘောဇဉ်"ဟူသည် ထမင်းအိုးကြီးတို့ကို နို့ရည်ဖြင့် ပြည့်စေ၍ နို့ရည် ခပ်ပျစ်ပျစ်ကျက်ပြီးလေသော် ဆန်အနည်းငယ်တို့ကို ထည့်၍ ကျက်ပြီးသော ပျားရည် သကြားမှုန့် ထောပတ်တို့ဖြင့် ရောစပ်ပြုစီရင် ထားသော အစာအာဟာရ ဘောဇဉ်ပင်ဖြစ်သည်။

ယင်းသို့ မွန်မြတ်ကောင်းမွန်သည့် အစာအာဟာရတို့ကို ပေးလှူတော် မူခဲ့ခြင်းသည် ရှေးအတိတ်အကြောင်း ကုသိုလ်ကံပင်ဖြစ်သည်၊ ဤရှေး အတိတ် အကြောင်း ကုသိုလ်ကံကို လင်္ကာတွင် "ချိုမြိန်ကောင်းမြတ်၊

ရသာဓာတ်ကို၊ ဆက်ကပ်ပူဇော်၊ လှူဘူးသော်ကြောင့်” ဟူသောအပိုဒ်ဖြင့် ပြဆိုသည်။

ထိုသို့ ဘဝများစွာ၌ မွန်မြတ်ကောင်းမွန်သော အစာအာဟာရတို့ကို ပေးလှူတော်မူခဲ့သောကြောင့် ဘုရား ဖြစ်တော်မူသည့်ဘဝ၌ “သတ္တုဿဒတာလက္ခဏာ”ကို ရရှိတော်မူသည်၊ သတ္တုဿဒတာလက္ခဏာဟူသည် နေရာခုနစ်ဌာနတို့၌ အသားတော် ပြည့်ဖြိုးခြင်း သပ္ပါယ်ခြင်းပင်ဖြစ်သည်၊ မြတ်စွာဘုရားရှင်၏ ခြေဖမိုးတော်နှစ်ဖက် လက်ဖမိုးတော်နှစ်ဖက်တို့သည် ပြားချပ်ချပ် မနေပဲ အသားရေပြည့်၍ မို့မို့မောက်မောက်ရှိတော်မူကြသည်၊ ပခုံးတော် နှစ်ဖက်မှာလည်း ချိုင့်လျက်မနေပဲ အသားအရေပြည့်ဖြိုးတော်မူသည်၊ လယ်ကုပ်တော်လည်း အရိုးမထင်ပေါ်ပဲ အသားအရေပြည့်ဖြိုးတော်မူ၏၊ ဤသို့ ခုနစ်ပါးသော နေရာအရပ်ဌာနတို့၌ အသားအရေပြည့်ဖြိုးလျက် တင့်တယ် သပ္ပါယ်ခြင်းသည် အကျိုးရင်း **“သတ္တုဿဒတာ”** လက္ခဏာပင် ဖြစ်သည်၊ လက််ာတွင် **“ ခြေတော် ဖမိုး၊ လက်ဖမိုးတော်၊ ပခုံးတော်နှင့်၊ ကုပ်တော်ခုနှစ်ချက်၊ စုံလျက်ဖြိုးဖြိုး၊ ညှပ်ရိုးပခုံး၊ လက်ရုံးရင်တော်၊ ခုနှစ်ဖော်လည်း၊ ရှုမြော်မညှီး၊ ဆူးဖြိုးတင့်စွာ၊ လက္ခဏာဖြင့်”** ဟူသော အပိုဒ်မှာ အကျိုးရင်း သတ္တုဿဒတာ လက္ခဏာ ရရှိပုံကို ဖွဲ့ဆို ထားခြင်း ဖြစ်ပေသည်။

အကျိုးဆက်အနေဖြင့်မူ မွန်မြတ်၍ အဆီသြဇာ အရသာနှင့်ပြည့်စုံသော ခဲဘွယ် စားဘွယ် သောက်ဘွယ် လျက်ဘွယ်-ဟူသော အစာအာဟာရတို့ကို များစွာ ရရှိတော်မူလေသည်၊ ဤသို့ အစားကောင်း အသောက်ကောင်းတို့ကို မပြတ်သုံးဆောင်ရရှိခြင်းကို လက််ာတွင် **“အရသာဓာတ်၊ ထူးအမြတ်ကို၊ မပြတ်သုံးဆောင် တော်မူရပါသော မြတ်စွာဘုရား မြတ်စွာဘုရား”** ဟူသောအပိုဒ်က ဖော်ပြပါသည်။

မွန်မြတ်သော အစာအာဟာရများ

မြတ်စွာဘုရားရှင် အစားကောင်း အသောက် ကောင်းတို့ကို ရရှိတော်မူခဲ့သည်တို့မှာ-

၁။ သုဇာတာသူဌေးကတော် လှူဒါန်းသည့် နွားမ တစ်ထောင်တို့၏ နို့ရည်ဖြင့်ချက်သော ယနာနို့ဆွမ်း၊

၂။ တပုဿ,ဘလ္လိက ကုန်သည်ညီနောင်တို့ ကပ်လှူသည့် ကြွက်ကျစ်မုန့်, ပျားဆုပ်မုန့်၊

၃။ သောဏကောဋိဝိသဿဌေး လှူဒါန်းသည့် နို့ရည်ကို သွန်းလောင်းခြင်းဖြင့် ကြီးပွားစေအပ်သော နံ့သာ သလေးဆွမ်း၊

၄။ ဥဂ္ဂသူဌေး လှူဒါန်းသည့် တစ်နှစ်သားအရွယ် ဝက်ပျိုသားဟင်း ကန်စွန်းရွက်ဆီပြန်ကြော်စသည် ပါရှိသော မနာပသလေးဆွမ်း၊

၅။ သီဟစစ်သူကြီး ကပ်လှူသည့် အလိုအလျောက် ဖြစ်ပေါ်နေသော ပဝတ္တာမံသ အသားဟင်း၊

၆။ မစ္ဆရိယကောသိယသူဌေး လှူဒါန်းသော အိုးကင်းမုန့်၊

၇။ မေဏ္ဍကသူဌေးကြီး လှူဒါန်းသည့် နုပျိုလတ် ဆတ်သော နွားနို့ရည်၊

၈။ သာဝတ္ထိပြည် ဥယျာဉ်မှူး ကဏ္ဍာလှူဒါန်းသော သရက်သီးမှည့်(၁)လုံး၊

၉။ ပလလဲတောမှ မျောက် လှူဒါန်းသော ပျားအုံ ပျားသလက်၊

၁၀။ ရွှေပန်းတိမ်သည်သား စုန္ဒသူဌေးလှူဒါန်းသည့် ရသာယနဆေးဖြင့် စီမံထားသော ဝတ်ပျိုသားဟင်း-စသည်တို့ ဖြစ်ကြသည်။ ဤသည်တို့ကား-ဘုရားရှင် မွန်မြတ်သောအစာအာဟာရတို့ကို ရရှိပုံဖြစ်သည်။

ဘိက္ခာပရမ္ပရာတ်မှ အမြတ်ဆုံးပုဂ္ဂိုလ်

မွန်မြတ်သော အစာအာဟာရတို့ကို ခံယူထိုက်သည့် ပုဂ္ဂိုလ်အမျိုးမျိုးတွင်လည်း ဘုရားရှင်ပင် အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်သည်၊ သာဝတ္ထိမြို့က သူကြွယ်တစ်ဦးသည် တရားရတနာကို ပူဇော်လိုသဖြင့် မွန်မြတ်သော ဘောဇဉ်ကို **တရားဘဏ္ဍာစိုး** အရှင်အာနန္ဒာအား လှူဒါန်းခဲ့လေသည်၊ အရှင်အာနန္ဒာက မိမိမသုံးဆောင်ပဲ **တရားစစ်သူကြီး** အရှင်သာရိပုတြာအား လှူဒါန်းခဲ့ပြန်သည်၊ တဖန် အရှင်သာရိပုတြာကလည်း မိမိ မသုံးဆောင်ပဲ **တရားပိုင်ရှင်** မြတ်စွာ ဘုရားသခင်အား ဆက်လက်လှူဒါန်းခဲ့ပြန်သည်၊

ဤဘိက္ခာပရမ္မရဇာတ်လာ အဆင့်ဆင့် လျှုဒါန်းခဲ့ပုံကို သာဓက ပြု၍လည်း မြတ်စွာဘုရားရှင်သည် မွန်မြတ် သော အစာအာဟာရတို့ကို ခံယူထိုက်သည့် အမြတ်ဆုံး ပုဂ္ဂိုလ်ကြီး ဖြစ်ကြောင်း သိရပေသည်။

ဆန်(၃၂)ကီလို ဟင်းမျိုး (၃၂)ခွက်ဖြင့် ဆွမ်းကပ်ခြင်း

စာရေးသူတို့ ဘုရားဖူးအဖွဲ့သည် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တော် သီရီဇယတိလကာရာမကျောင်း ဆွာရဏကျိုတ္တိယ စေတီတော်အား မြန်မာနိုင်ငံ အလှူရှင်တို့၏ကောင်းမှုဖြင့် ၁၃၇၀-ပြည့်နှစ်၊ ဝါခေါင်လပြည့် မေတ္တာအခါတော် နေ့ (၁၆၊ ၈၊ ၂၀၀၈)တွင် ရွှေထီးတော်ကို တင်လှူ ပူဇော်ကြသည်၊ မြန်မာသံအမတ်ကြီး ဦးတင်ဦးလွင်၏ စီစဉ်ပေးချက်အရ (၁၅၊ ၈၊ ၂၀၀၈) နေ့တွင်မူ ကန္ဒီမြို့မှ လက်ဝဲအောက်ဓာတ် စွယ်တော်မြတ်ကို ပထမဦးဆုံး အာရုံတော် ဆွမ်းကပ်ခွင့် ဖူးမျှော်ခွင့်ရရှိခဲ့ကြပါသည်၊ စွယ်တော်ဒါရိုက်တာ ဂါမဏီ၏ လိုက်ပါပို့ဆောင် ပြသမှုကြောင့် စွယ်တော် ဆွမ်းချက်ဆောင်ကိုပါ ရောက်ရှိခဲ့ကြ၏။

စွယ်တော်ဒါရိုက်တာက **"စွယ်တော်မြတ်အား ဆန် (၃၂)ကီလို ချက်ထားသည့် ဆွမ်း၊ ဟင်းအမျိုး ခွက်ပေါင်း (၃၂)ခွက်တို့ဖြင့် နေ့စဉ်ဆွမ်းကပ် ကြောင်း"** ကို ရှင်းပြသဖြင့် အံ့သြဝမ်းသာ ကြည်နူး မိသည်၊ မိမိ၏မွေးနေ့ ရောက်လျှင် ထိုကဲ့သို့ပင် ဘုရားရှင်၏ ဓာတ်တော် စွယ်တော်တို့အား ဆွမ်းတော် ကပ်လှူမည်ဟု ထိုစဉ်ကပင် ပုဗ္ဗစေတနာတွေ တဖွားဖွား ဖြစ်ပွားခဲ့ရသည်။

စာရေးသူ၏ (၄၈)နှစ်ပြည့် မွေးနေ့သို့ ရောက်ရှိလာပါပြီ၊ သို့ဖြစ်၍ ဤအကြောင်းကို ရဟန်းဒါယိကာမတို့အား အသိပေးပြောကြားလိုက်ရာ စီစဉ်ပေးကြသည်၊ မြန်မာနိုင်ငံ၌ ဓာတ်ကြီး(၄)ပါးဆွမ်းကပ်နည်း၊ ဓာတ်ကြီး (၆)ပါး ဆွမ်းကပ်နည်းစသည်တို့ကို ကြားဘူးပါသည်၊ ပထဝီ, အာပေါ,တေဇော, ဝါယော-ဟူသော ရုပ်ဓာတ်ကြီး (၄)ပါး၊ အာကာသဓာတ်, ဝိညာဏဓာတ် တို့ကိုပါထည့်၍ ဓာတ်ကြီး(၆)ပါးကို ရည်ရွယ်၍ ကပ်လှူခြင်း ဖြစ်သည်။

ဓာတ်ကြီး(၄)ပါး ဆွမ်တော်ကပ်နည်း

စာရေးသူ၏ (၄၈)နှစ်ပြည့် မွေးနေ့သို့ ရောက်ရှိလာပါပြီ၊ သို့ဖြစ်၍ ဤအကြောင်းကို ရဟန်းဒါယိကာမတို့အား အသိပေးပြောကြားလိုက်ရာ စီစဉ် ပေးကြသည်၊ မြန်မာနိုင်ငံ၌ ဓာတ်ကြီး(၄)ပါးဆွမ်းကပ်နည်း၊ ဓာတ်ကြီး(၆)ပါး ဆွမ်းကပ်နည်း စသည်တို့ကို ကြားဘူးပါသည်၊ ပထဝီ, အာပေါ, တေဇော, ဝါယော-ဟူသော ရုပ်ဓာတ်ကြီး (၄)ပါး၊ အာကာသဓာတ်, ဝိညာဏဓာတ် တို့ကိုပါထည့်၍ ဓာတ်ကြီး(၆)ပါးကို ရည်ရွယ်၍ ကပ်လှူခြင်း ဖြစ်သည်။

ဓာတ်ကြီးလေးပါး ဆွမ်းတော်ကပ်လှူရာ၌

၁။ ဆွမ်းပွဲ (၂၀)ပွဲ

၂။ သောက်တော်ရေ (၁၂)ခွက်

၃။ ဆီမီးဖယောင်းတိုင် (၄)တိုင်

၄။ ယပ် (၆)စင်းတို့ ရှိရပါမည်။

ပထဝီမြေဓာတ်(၂၀)

ဆွမ်းပွဲ(၂၀)ပြင်ဆင်ခြင်းမှာ ခက်မာခြင်း နူးညံ့ခြင်းသဘောကို ဆောင် သည့် ပထဝီမြေဓာတ် (၂၀)ရှိခြင်းကြောင့် ဆွမ်းပွဲ(၂၀) ဆက်ကပ်ရသည်။

ပထဝီမြေဓာတ်(၂၀)ဟူသည် ခန္ဓာကိုယ်တွင် တည်ရှိသည့် (၃၂) ကောဋ္ဌာသထဲမှ ရှေ့ပိုင်းလာ အဖို့အစု (၂၀)ဖြစ်သည်၊ ထို(၂၀)တို့ကား **"ဆံလျှင်ဘာဝိ၊ ဥဏှောက်ထိ၊ ဝိသတိမြေဓာတ်လွန်"**ဟူသော လက်ာနှင့် အညီ ဆံပင်, မွေးညှင်း, ခြေသည်းလက်သည်း, သွား, အရေ၊ အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညို့၊ နှလုံး, အသည်း, အမြှေး, အဖျင်း, အဆုတ်၊ အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဥဏှောက်-ဟူသော ခန္ဓာကိုယ် အစိတ်အပိုင်းတို့ ဖြစ်ကြ၏၊

အာပေါရေဓာတ်(၁၂)ပါး

သောက်တော်ရေ (၁၂)ခွက် ပြင်ဆင်ရခြင်းမှာ ဖွဲ့စည်းမှု ယိုစီးမှု သဘောကို ဆောင်သည့် အာပေါ ရေဓာတ်(၁၂)ပါး ရှိခြင်းကြောင့် သောက်တော်ရေ (၁၂)ခွက် ဆက်ကပ်ရသည်။

အာပေါရေဓာတ်(၁၂)ပါးဟူသည် (၃၂)ကောဋ္ဌာသထဲမှ နောက်ပိုင်းလာ ခန္ဓာကိုယ် အဖို့အစု(၁၂)ပါးဖြစ်သည်။ ထို(၁၂)ပါးတို့ကား **"သည်းခြေအစ ကျင်ငယ်ကျ ဒွါဒရေဓာတ်လွန်"**ဟူသော လက်ာနှင့်အညီ သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ၊ မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်-ဟူသော ခန္ဓာကိုယ် အစိတ်အပိုင်းတို့ ဖြစ်ကြ၏။

တေဇောဓာတ် (၄)ပါး

ဆီမီးဖယောင်းတိုင် (၄)တိုင် ထွန်းညှိရခြင်းမှာ အလင်းရောင် ရရှိနိုင်သော မီးတောက်မီးလျှံ ဖြစ်ပေါ်စေသော ပူမှု အေးမှုသဘောကို ဆောင်သည့် တေဇောမီးဓာတ်(၄)ပါးရှိခြင်းကြောင့် ဆီမီးဖယောင်းတိုင် (၄)တိုင် ပူဇော်ရခြင်း ဖြစ်သည်။

တေဇောမီးဓာတ်(၄)ပါးဟူသည် **"သန္တာပန-ဒဟန နှင့် ဇီရဏပေါစကော၊ လေးထွေ တေဇောပြား"**ဟူသော လက်ာနှင့်အညီ

၁။ ပြင်းစွာ ပူလောင်သော သန္တာပန တေဇော၊

၂။ ညီးညူရလောက်အောင် အလွန်ပူလောင်သော ဒဟန တေဇော၊

၃။ အရွယ်ယိုယွင်း အိုမင်းရင့်ရော်အောင် ပူလောင်သော ဇီရဏ တေဇော၊

၄။ စားသောက်အပ်သမျှ အစာအာဟာရတို့ကို ကြေကျက်စေတတ်သော ပါစက တေဇောတို့ ဖြစ်သည်။

ဝါယောဓာတ်(၆)ပါး

ယပ်(၆)စင်း လှုပ်ရခြင်းမှာ ထောက်ကန်ခြင်း လှုပ်ရှားခြင်းသဘောကို ဆောင်သည့် ဝါယောလေဓာတ်(၆)ပါး ရှိခြင်းကြောင့် ယပ်(၆)စင်း လှုပ်ဒါန်းရခြင်း ဖြစ်သည်။

ဝါယောလေဓာတ်(၆)ပါးဟူသည် ခန္ဓာကိုယ်တွင်း၌ တည်ရှိကြသော လေဓာတ်(၆)ပါးတို့ပင် ဖြစ်သည်၊ ထိုလေဓာတ်သည် **"ဥဒ္ဓံ-ဓောဂမ၊ ကုစ္ဆိဋ္ဌနှင့်၊ ကောဋ္ဌာသယ၊ အင်္ဂသာရီ၊ အဿာမည်၊ ခြောက်လီ လေဓာတ်လွန်"** ဟူသော လက်ာနှင့်အညီ

၁။ အထက်သို့ ဆန်တက်သော ဥဒ္ဓင်္ဂမ လေ။

၂။ အောက်သို့ စုန်(သက်)သော အဓောဂမ လေ။

၃။ ဝမ်းထဲ၌ တည်သော ကုစ္ဆိသယ လေ။

၄။ အူအတွင်း၌တည်သော ကောဋ္ဌာသယ လေ။
၅။ အဂ်ါကြီးငယ်တို့သို့ အစဉ်လျှောက်သော အင်္ဂမဂ်ါနုသာရီ လေ။
၆။ အဿာသ ပဿာသ-ဝင်လေ ထွက်လေတို့ဖြစ်ကြ၏။

ဤသို့အားဖြင့် ပထဝီမြေဓာတ် = (၂၀)ပါး
အာပေါရေဓာတ် = (၁၂)ပါး
တေဇောမီးဓာတ် = (၄)ပါး
ဝါယောလေဓာတ်- (၆)ပါး အားဖြင့်

စုစုပေါင်း = (၄၂)ပါးသော ဓာတ်တို့ကို မဇ္ဈိမနိကာယ် မူလပဏ္ဏာသ မဟာဟတ္ထိပဒေါ ပမသုတ် ပါဠိတော်၌ ဟောတော်မူသည်။ ဝိသုဒ္ဓိမဂ်၌လည်း "ဒွါစတ္တာလီသာယ အာကာရေဟိ" စသည်ဖြင့် စတုဓာတုဝဝတ္ထာနအခန်းတွင် လာရှိသည်၊ ဓာတ်ကြီး(၄)ပါးတို့၏ ဤအခြင်းအရာ(၄၂)ပါးတို့ကို ရည်ရွယ်ပြီး ဓာတ်ကြီး(၄)ပါး ဆွမ်းတော်ကပ်လှူရာ၌ ဆွမ်းပွဲ(၂၀)ပွဲ၊ သောက်တော်ရေ (၁၂)ခွက်၊ ဆီမီးဖယောင်းတိုင် (၄)တိုင်၊ ယပ်(၆) စင်းအား ဖြင့် (၄၂)မျိုး ပြင်ဆင်ကပ်လှူခြင်းဖြစ်သည်။

လက္ခဏာတော်ကြီး (၃၂)ပါး ဆွမ်းတော်ကပ်နည်း

သီရိလင်္ကာနိုင်ငံမှစွယ်တော်မြတ်အား ဆန် (၃၂)ကီလိုချက်ထားသည့် ဆွမ်း၊ ဟင်းခွက်ပေါင်း (၃၂)ခွက်တို့ဖြင့် နေ့စဉ်ဆွမ်းကပ်လှူရာ၌ ဆန် (၃၂) ကီလို ဟင်း (၃၂) မျိုးသည် ဘာကိုရည်ရွယ်ပါသနည်း၊ စွယ်တော်ဂေါပက အဖွဲ့က ဘာကိုရည်ရွယ်၍ကပ်လှူသည်ကိုမသိပါ၊ ဤမွေးနေ့ရှင်အနေဖြင့်မူ ဒွတ္တိံသာ ကာရကမဟာန်းမှ ခန္ဓာကိုယ် အစိတ်အပိုင်း(၃၂)ကောဋ္ဌာသနှင့် မဟာ ပုရိသလက္ခဏာတော်ကြီး (၃၂)ပါးကိုရည်ရွယ်၍ကပ်လှူပါသည်၊ဟင်း (၃၂) မျိုးကို ရဟန်းဒါယိကာမများ ဖြစ်ကြသည့် ဒေါ်ရီရီအေး၊ ဒေါ်လဲ့လဲ့ဝင်း၊ ဒေါ်ကြည်ကြည်ခင်၊ ဒေါ်လီလီမြင့်တို့က ချက်ကြပြီး သစ်သီးအချိုပွဲ (၃၂)မျိုး ကိုမူဗုဒ္ဓဂယာသီရိလင်္ကာ ဘုရားဖူးအဖွဲ့ဝင်တို့ကလှူဒါန်းကြသည်။

မဟာပုရိသလက္ခဏာတော်ကြီး(၃၂)ပါး

ရည်ရွယ်၍လှူဒါန်းအပ်သော (၃၂)မျိုးတို့တွင် ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်း မှ ခန္ဓာကိုယ်အစိတ်အပိုင်း (၃၂)ကောဋ္ဌာသတို့ကို ဓာတ်ကြီး (၄)ပါး ဆွမ်းတော်ကပ်နည်းတွင် ဖေါ်ပြခဲ့ပြီးဖြစ်သည်။ မြတ်စွာဘုရားရှင်တစ်ပါး၌သာ အလွန်ပီပြင်ပြတ်သားထင်ရှားစွာပါရှိသည့် ယောကျ်ားမြတ်တို့၏ အမှတ်

အသားဖြစ်သော မဟာပုရိသလက္ခဏာတော်ကြီး (၃၂)ပါးတို့ကို မဇ္ဈိမပဏ္ဏာသ ဗြဟ္မာယုသုတ်ပါဋိတော်မှာလာသည့် အတိုင်းဖော်ပြလိုက်ပါသည်။

၁။ မြေ၌နင်းသောအခါ ကောင်းစွာတည်ထိသော ညီညွတ်သည့်ဖဝါးတော်အပြင်ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၂။ နှစ်ဖက်သော ခြေဖဝါးတော်အပြင်တို့၌ တစ်ထောင်သောအကန့်အကွက်ပုံတောင်းအချက်နှင့်တကွ ခပ်သိမ်းသောအချင်းအရာတို့နှင့်ပြည့်စုံသောတစ်ရာ့ရှစ်ကွက် စက်လက္ခဏာအမှတ်အသားပါရှိခြင်း လက္ခဏာတော်တစ်ပါး၊

၃။ ရှည်လျားသော ဖနောင့်တော်ရှိခြင်း လက္ခဏာတော် တစ်ပါး၊

၄။ ရှည်သွယ်သောခြေချောင်းတော် လက်ချောင်းတော်ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၅။ နူးညံ့သိမ်မွေ့လှစွာသောလက်ဖဝါးတော် ခြေဖဝါးတော် အပြင်ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၆။ ရွှေပွတ်လုံး(ဇာလီ)တိုင်ကဲ့သို့ညီညွတ်စွာ အချောင်းအချောင်း အကြားစိပ်သောလက်ချောင်းတော်ခြေချောင်း တော်ရှိခြင်း လက္ခဏာတော် တစ်ပါး၊

၇။ မြူမလိမ်းသွယ် စဉ်းငယ်မြင့်သော ခြေဖမျက်တော်ရှိခြင်း လက္ခဏာတော် တစ်ပါး၊

၈။ ဧဏီမည်သောသားကောင်၏ သလုံးမြင်းခေါင်းနှင့်တူသော ပြည့်ဖြိုးသော သလုံး မြင်းခေါင်းတော်ရှိခြင်းလက္ခဏာတော်တစ်ပါး

၉။ ရပ်တော်မူလျက်ပင်ကိုယ်တော်ကိုမကိုင်းညွတ်ပဲ လက်ဖဝါးတော် နှစ်ဖက်ဖြင့် ပုဆစ်ဒူးဝန်းတော်နှစ်ဖက်ကိုသုံးသပ်ထိတွေ့နိုင်ခြင်း လက္ခဏာတော်တစ်ပါး၊

၁၀။ ဆဒ္ဒန်ဆင်မင်းပမာ အအိမ်ဖြင့်ဖုံးလွှမ်းအပ်သောယောက်ျားနိမိတ်ရှိတော်မူခြင်း လက္ခဏာတော်တစ်ပါး၊

၁၁။ သိဏီနိက်ရွှေစင်အဆင်းကဲ့သို့ ဝါဝင်းသောအရေတော် ရှိခြင်း လက္ခဏာတော် တစ်ပါး၊

၁၂။ ချောမွေ့သောအသားအရေတော်ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၁၃။ မွေးညင်းတွင်းတစ်တွင်းလျှင် မွေးညင်းတော် တစ်ပင်စီ တစ်ပင်စီသာ ပေါက် ရောက်ခြင်း လက္ခဏာတော်တစ်ပါး၊

၁၄။ မျက်နှာတော်ကိုမော်ဖူးသည့်ပမာ အထက်သို့သာအဖျားကော့သည့် မွေးညင်း တော်ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၁၅။ ဗြဟ္မာမင်း၏ကိုယ်ကဲ့သို့ ဖြောင့်မတ်သောကိုယ်တော်ရှိခြင်း လက္ခဏာ တော်တစ်ပါး၊

၁၆။ ခြေဖဝါးတော်နှစ်ဖက်၊ လက်ဖဝါးတော်နှစ်ဖက်၊ ပခုံးတော်နှစ်ဖက်၊ လည်ကုပ်တော်ဟုဆိုအပ်သော-ဤခုနစ်ဌာနတို့၌ပြည့်ဖြိုးသော အသားတော် ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၁၇။ ခြင်္သေးမင်း၏ရှေ့ပိုင်းကိုယ်ကဲ့သို့ အောင်မောင်းပြည့်ဝသော ကိုယ်တော် ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၁၈။ ရွှေပျဉ်ချပ်ပမာ ခါးတော်မှစ၍အထက်လည်ကုပ်တော်တိုင်အောင် ရေစီး ကြောင်း(အကြား)မထင် ပြည့်ဖြိုးစင်သောကျောက်ကုန်းတော် ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၁၉။ အရပ်တော်နှင့်အလံတော်ညီမျှသဖြင့် ပညောင်ပင်အဝန်းကဲ့သို့ ဝန်းသော (လုံး ချောသော) ကိုယ်တော်ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၂၀။ ညီလည်းညီညွတ် လုံးလည်းလုံးသော လည်တိုင်တော်ရှိခြင်း လက္ခဏာတော် တစ်ပါး၊

၂၁။ တစ်ကိုယ်တော်လုံးပျံ့နှံအောင် ဆောင်နိုင်သည့်ခုနှစ်ထောင်သော အရသာကြောတို့ အဖျားချင်းအပ် လည်မှာစွပ်လျက်ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၂၂။ ခြင်္သေမင်း၏မေးကဲ့သို့ (ပြုံးတော်မည့်အရိပ် သွေးနေသည့်) မေးတော် ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၂၃။ သွားတော်ချောင်းရေ (၄၀) အစေ့အငရှိတော်မူခြင်း လက္ခဏာတော်တစ်ပါး၊

၂၄။ ညီညွတ်သောသွားတော်ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၂၅။ သွားတော်မကျဲမကွာ စေ့စပ်စွာရှိခြင်း လက္ခဏာတော်တစ်ပါး၊

၂၆။ သောက်ရှူးကြယ်ပမာလွန်စွာစင်ကြယ် ဖြူဝင်းသောအရောင် တလက်လက်ထွက်သည့်စွယ်တော်လေးဆူရှိခြင်း လက္ခဏာတော်တစ်ပါး၊

၂၇။ ရှည်လျားနူးညံ့ ပြန့်သောလျှာတော်ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၂၈။ ဗြဟ္မာမင်းကရဝိက်ဉက်မင်းတို့၏ အသံကဲ့သို့ အဂီါရှစ်ပါးနှင့် ပြည့်စုံသည့် အသံတော်ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၂၉။ အလွန်ညိုကြည်သည့်မျက်လုံးတော်ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၃၀။ ဖွားသစ်စနွားသူငယ်၏မျက်မွေးကဲ့သို့ အလွန်နူးညံ့နုပျိုသည့် မျက်မွေး တော် ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၃၁။ မျက်မှောင်(မျက်ခုံး)တော်နှစ်ဖက် အလယ်ချက်၌ဖြူစင်နူးညံ့သော လဲဝါဂွမ်း နှင့်တူသောဥဏ္ဏာလုံးမွေးရှင်တော်ပေါက်ရောက်ခြင်း လက္ခဏာတော်တစ်ပါး၊

၃၂။ နဖူးတော်ဝယ်ပကတိပင်ကိုယ်အားဖြင့်ပင် သင်းကျစ်ရွှေပြား တပ်စီ၍ ထားသကဲ့သို့ သင်းကျစ်တော်အသားလွှာပါရှိခြင်း လက္ခဏာတော်တစ်ပါး၊

ဤသည်တို့ကား မဟာပုရိသလက္ခဏာတော်ကြီး (၃၂)ပါးတို့ ဖြစ်ကြ၏။

မွေးနေ့ဖြစ်သည့် (၁၊၁၁၊၂၀၀၈)နေ့တွင် ဗုဒ္ဓမြတ်စွယ်တော် မာတ်တော်တို့အား အလှူရှင်တို့ ဆွမ်းတော်ကပ်လှူရာ၌ ရွတ်ဆိုကြရန် **"လက္ခဏာ တော်ကြီး (၃၂)ပါး ဆွမ်းတော်ကပ်နည်း"**ကို ရေးသားစီစဉ် ပေးခဲ့ရသည်၊ ထိုဆွမ်းတော်ကပ်နည်းကို **"ဗုဒ္ဓမြတ်စွယ်တော် ကိုးကွယ် ပူဇော်နည်း"** စာအုပ်တွင်လေ့လာပူဇော်နိုင်ပါသည်၊ ယခုတဖန် **"(၁၀၈)ခွက် စက်လက္ခဏာ ဆွမ်းတော်ကပ်နည်း"** ဖြင့် ဘုရားရှင်အား ပူဇော်ဖြစ်ပုံကို တင်ပြပါမည်။

စာရေးသူတို့ဘုရားဖူးအဖွဲ့သည် ကျောင်းဘုန်းကြီးဦးအာစိဏ္ဏနှင့် မြန်မာသံ အမတ်ကြီးဦးအုန်းသွင်တို့၏ပင့်ဖိတ်ချက်အရ သီရိလင်္ကာနိုင်ငံ၊ ကန်ဒီမြို့ မြန်မာစွယ် တော်ကျောင်းရေစက်ချပွဲသို့ (၁၇၊ ၂၊ ၂၀၁၁)နေ့တွင် တက်ရောက်ခွင့်ရကြ၏၊ ထိုမှတ ဖန် ပေပေါင်း(၇၆၃၀)မြင့်မားသည့်

စေတီယပါဒတောင်ပေါ်သို့ (၂၀၊ ၂၊ ၂၀၁၁) နေ့တွင် တက်ရောက်လျက် ပုဒ္ဓခြေတော်ရာကိုဖူးမြော်ကြ၏။

ထို(၂၀၊ ၂၊ ၂၀၁၁)နေ့ကား တနင်္ဂနွေနေ့ဖြစ်သည်၊ သို့ဖြစ်၍ စေတီယပါဒ တောင် ဩဝါဒါစရိယ ဆရာတော်ဦးဆောင်၍ အလှူရှင်တို့က ပုဒ္ဓခြေတော်ရာအား ဆွမ်းကပ်နေပုံနှင့် ကြံကြိုက်ဆုံစည်းလိုက်ရသည်၊ စွယ်တော်ဂေါပကအဖွဲ့က ကန့်မြို့မှ ပုဒ္ဓစွယ်တော်အား ဆွမ်းတော်ကပ်ပုံမှာ အလွန်ကြီးကြယ်ခမ်းနားသလို ပုဒ္ဓခြေတော် ရာဂေါပကအဖွဲ့က စေတီယပါဒတောင် ပုဒ္ဓခြေတော်ရာအား ဆွမ်းတော်ကပ်ပုံမှာ လည်း ငေးမောကြည့်ရှုရလောက်အောင်စနစ်ကျလှပေသည်။ ထိုပုဒ္ဓခြေတော်ရာဆွမ်း တော်ကပ်ပွဲကို ဖူးမြော်လိုက်ရသောအခါတွင်မူ မိမိတို့ မြန်မာနိုင်ငံသို့ ပြန်ရောက်လျှင် ပုဒ္ဓခြေတော်ရာကို ယင်းသို့ပင် ဆွမ်းတော်ကပ်လှူချင်စိတ် သဒ္ဓါတရားများ တဖွားဖွား ဖြစ်ပွားခဲ့ရသည်။

အဖေ့ခြေရာ-စာအုပ် ပုဒ္ဓစာပေ ပထမဆုရခြင်း

သီရိလင်္ကာနိုင်ငံမှ ပုဒ္ဓခြေတော်ရာအစစ် ကိန်းဝပ်တည်ရှိရာ စေတီယပါဒတောင် ပေါ်သို့တက်ရောက် ဖူးမြော်အပြီး မြန်မာနိုင်ငံသို့ ပြန်ရောက်လာသော အခါတွင်ကား "အဖေ့ခြေရာ" စာအုပ် ပုဒ္ဓစာပေဆု ပထမဆုရကြောင်း မင်္ဂလာသတင်းကိုကြား သိလိုက်ရသည်၊ ဂျပန်နိုင်ငံ သာသနာပြု ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေ ပုလ္လမဟာထေရ်၏ ဒသမအကြိမ်မြောက်ပုဒ္ဓစာပေဆုတွင် ပထမဆုအနေဖြင့် ရရှိခြင်းဖြစ်သည်။

ပုဒ္ဓစာပေဆုနှင့် စာအောင်ဆုပေးပွဲကို (၆၊ ၃၊ ၂၀၁၁) တနင်္ဂနွေနေ့တွင် မဟာသာသနဝေပုလ္လ ကျောင်းတိုက်၌ ကျင်းပသည်၊ ပုဒ္ဓစာပေဆု ပထမဆုရသည့် ဂုဏ်ထူးဆောင်လက်မှတ်ကို အတွင်ရေးမှူး ဒေါက်တာ မျိုးမြင့်က ဆက်ကပ်ပါသည်။ ပုဒ္ဓစာပေပထမဆုရသည့် အထိမ်းအမှတ် အဖြစ် ထိုနေ့ညနေပိုင်း၌ပင် လှရတနာ ကျောင်းမှ **"အနန္တဇိနပုဒ္ဓခြေတော်ရာ ကြီး"**အား ပုဒ္ဓဂယာ ပုညသဟာယအဖွဲ့၀င် ပူဇော်ကြ၏၊ ထိုပုဒ္ဓခြေတော်ရာ ပူဇော်ပွဲမှပင် ဤ**"(၁၀၈) ကွက် စက်လက်ဂရာ ဆွမ်းတော်ကပ်နည်း"** သည် ဖြစ်ပေါ်လာပါ၏။

ယင်းဗုဒ္ဓခြေတော်ရာပူဇော်ပွဲ၌ပင် အဖေ့ခြေရာ စာအုပ် ဗုဒ္ဓစာပေ ပထမဆု ရသည့် အထိမ်းအမှတ်အဖြစ် စာရေးသူက (၁၈၊ ၃၊ ၂၀၁၁) သောကြာနေ့တွင် ပါဠို တက္ကသိုလ်ညောင်တုန်းကျောင်းတိုက် သံဃာအပါး (၂၂၀)နှင့် ဧည့်ပရိသတ်တို့ အား ဆွမ်းကပ်မည်၊ ထိုနေ့၌ပင် အလှူရှင်တို့က အနန္တဇိန ဗုဒ္ဓခြေတော်ရာကြီးအား -

၁။ ဆန် နို့ဆီဗူး (၁၀၈)လုံးချက် ဆွမ်း

၂။ ဟင်း (၁၀၈)ခွက်

၃။ သစ်သီး (၁၀၈)ခွက်

၄။ သောက်တော်ရေ (၁၀၈)

၅။ ပန်းမျိုးစုံ (၁၀၈)ခွက်

၆။ ဆီမီးအလင်း (၁၀၈)ခွက်တို့ဖြင့် ကပ်လှူကြရန် ဆုံးဖြတ်လိုက်ကြ၏၊

အနန္တဇိနဗုဒ္ဓခြေတော်ရာအား (၁၈၊ ၃၊ ၂၀၁၁)နေ့ တွင် ဆွမ်း ပန်း ရေချမ်း ဆီမီး ကပ်လှူရာ၌ အလှူ ရှင်များညီညီညာညာရွတ်ဆိုလျက် ကပ်လှူ ပူဇော်နိုင်ရန် ဤ"(၁၀၈)ကွက် စက်လက္ခဏာ ဆွမ်းတော် ကပ်နည်း"ကို စီစဉ်ပေးရသည်။

(၁၀၈)ကွက် စက်လက္ခဏာ ဆွမ်းတော်ကပ်ပွဲသို့ တက်ရောက်သူများ

(၁၈၊ ၃၊ ၂၀၁၁)နေ့တွင် ကျင်းပသည့် အနန္တဇိနဗုဒ္ဓခြေတော်ရာအား (၁၀၈) ကွက် စက်လက္ခဏာဆွမ်းတော်ကပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် သြဝါဒါစရိယအဘိဓဇမဟာရဋ္ဌဂုရု ပါဠိတက္ကသိုလ်ညောင်တုန်း ကျောင်းတိုက် ပဓာနနာယကသက်တော် ရှည်ဆရာတော်ကြီး ဘဒ္ဒန္တသောဘဏ အမှူး ပြုသောသံဃာတော်များ၊ ဗုဒ္ဓဂယာပုည သဟာယ အဖွဲ့ဥက္ကဋ္ဌဦးကြည်ဝင်း အမှူးရှိသောအဖွဲ့ဝင်များ၊ သာသနာရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးထွန်းနိုင် -စသော သာသနာရေးဌာနအရာရှိများ၊ ခြေတော်ရာပညာရှင်ဦးအောင်မြင့် -အမှူးရှိသော အောင်မြင့်ဟိန်းစခန်းသွင်း ဘော်ဒါ သင်တန်းမှ ကျောင်းသား၊ ကျောင်းသူများ၊ အဖေ့ခြေစာအုပ် ဓမ္မဒါနအလှူရှင် ဦးလှသောင်း+ဒေါ်လဲ့လဲ့ဝင်း (၉၉၉) မိသားစုနှင့် ဆွမ်း,ပန်း, ရေချမ်းအလှူရှင် ဒကာ +ဒကာမများ တက်ရောက်ကြသည်၊

နဝင်းမာတ်မိသော ဆွမ်းတော်ကပ်လှူပွဲ

ဘုရားရှင်၏ မရေတွက်နိုင်အောင် များပြားလှသောဂုဏ်တော်တို့တွင် အမိ က ပမာနအားဖြင့် ရေတွက်လျှင် အရဟံ-စသည်ဖြင့် (၉)ပါး ရှိခြင်း၊ ခြေဖဝါးပြင်တွင် ပေါ်ထင်နေသော (၁၀၈)ကွက် စက်လက္ခဏာတို့ မှာလည်း (၉)ဂဏန်းရခြင်း၊ အနန္တ ဇိနဗုဒ္ဓခြေတော်ရာ တည်ရှိရာ လှရတနာကျောင်းမှာလည်း ဂြိုဟ်သက်အရ (၉) ဂဏန်း ရခြင်း၊ ဆွမ်းတော်ပွဲကပ်လှူသည့် ဆန် နို့ဆီဗူး (၁၀၈)လုံးချက် ဆွမ်း၊ ဟင်းခွက် (၁၀၈)ခွက်စသော လှူဖွယ်ဝတ္ထု များများလည်း (၁၀၈×၆)အားဖြင့် (၉)ဂဏန်းဖြစ်နေခြင်း၊ ကပ်လှူသည့် နေ့ရက်မှာလည်း (၁၈)ရက် ဖြစ်နေ၍ (၉)ဂဏန်းရရှိခြင်း၊ ဤအကြောင်း တို့ကြောင့် ဤ(၁၀၈)ကွက် စက်လက္ခဏာဆွမ်းတော်ကပ်ပွဲသည် "နဝင်းမာတ် မိသော ဆွမ်းတော်ကပ်ပွဲ" ဖြစ်သည်၊

(၁၀၈)ခွက် ကပ်လှူကောင်းပါရဲ့လား

ဘုရားပွဲ-စသည့် အလှူပွဲတို့၌ ကန်တော့ပွဲတင်ရာတွင် ငှက်ပျောပွဲ အုန်းပွဲတို့ကို (၁၀၈)ပွဲအထိ တင်လေ့ရှိကြ၏၊ (၁၀၈)ခွက်တို့ဖြင့် ဆွမ်းတော်တင်သည်ကိုမူ မကြားဖူးရကား (၁၀၈)ခွက်ဖြင့် ဆွမ်းတော်ကပ် လှူကောင်းပါသလား?၊ လောကီဂိုဏ်းဆရာတို့ (၁၀၈)ပွဲ ထိုးသလို ဖြစ်မနေဘူးလား? 'ဟူ၍ တချို့က သံသယဝင်ကြ၏။

လောကီဂိုဏ်းဆရာတို့ ငှက်ပျောပွဲ အုန်းပွဲ(၁၀၈)ပွဲ တင်သည်မှာ ဘာကို ရည်ရွယ်၍ တင်လှူသည်ကို မသိပါ၊ (၁၀၈)ခွက်တို့ဖြင့် ဆွမ်းတော်တင် ကပ်လှူသည်မှာမူ ဘုရားရှင်၏ ခြေဖဝါးပြင်တွင် ပေါ်လွင်ထင်ရှားစွာ ပါရှိသည့် မင်္ဂလာအမှတ်အသား(၁၀၈)ကွက် စက်လက္ခဏာတော်တို့ကို ရည်ရွယ်၍ ကပ်လှူပူဇော်ခြင်း ဖြစ်ပါသည်။

ယင်းသို့ (၁၀၈)ကွက် စက်လက္ခဏာ မင်္ဂလာအမှတ်အသားတို့ကို ရည်မှန်းသမှု အကြောင်းပြု၍ (၁၀၈)ခွက်တို့ဖြင့် ဆွမ်းကပ်လှူပူဇော်ထိုက်ကြောင်းကို ဖော်ပြပါ ပေတဝတ္ထု ပါဠိတော်လာ ပိဋ္ဌမိတလိကာဝတ္ထု ဂါထာကို သာဓကပြု၍ သိရ၏။

ယံ ကိဉ္စာရမ္မဏံ ကတ္တာ၊ ဒဇ္ဇာဒါနံ အမစ္ဆရီ။
ပုဗ္ဗပေတေစ အာရဗ္ဘ၊ အထဝါ ဝတ္ထု ဒေဝတာ။

အို ကျောင်းဒါယကာ အနာထပိဏ်သူဌေးကြီး -- မင်္ဂလာစသည် စိတ်မှန်းရည်၍ ကြံစည်ပြုရ တစုံတခုသော ကိစ္စကို ရည်ရွယ်ရှေ့ရှု အာရုံပြု၍ဂုဏ်း၊ ရှေးရှေးအခါ သေလွန်ရှာကြ မိဘဆွေမျိုး ဘိုးဘွားများကို ဆင်းရဲကင်းကွာ ချမ်းသာစေမှု စိတ်မှန်းပြု၍ဂုဏ်း၊ ထိုမှတဖြာ အိမ်ရာခြံမြေ အထွေထွေ၌ တည်နေစောင့်ကြပ် နတ်ကောင်းနတ်မြတ်တို့ကို ချမ်းသာစေမှု အာရုံပြု၍ဂုဏ်း၊ ဝေဿဝဏ်နတ်မင်း ဓတရဋ္ဌနတ်မင်း ဝိရူပက္ခနတ်မင်း ဝိရုဠ္ဟကနတ်မင်းဟုဆိုအပ်သော လောကစောင့်ကြပ် နတ်မင်းကြီးလေးပါးတို့ကို ရည်မှန်းရှေးရှု အာရုံပြု၍ဂုဏ်း၊ နှမြောမှုကင်း ပေးလှူခြင်း၌ သန့်ရှင်းထက်သန် သော စိတ်ရှိသည်ဖြစ်၍ လှူဖွယ်ဝတ္ထု အစုစုကို ပူဇော်မြတ်နိုး ကောင်းကျိုး မြော်မြင် သိဉာဏ်ယှဉ်၍ ကြည်လင်သဒ္ဓါ လှူဒါန်းလေရာ၏။ *(ပေတဝတ္ထု အဋ္ဌကထာ၊ ၁၆)*

နရသီဟပတေ့မင်းနှင့် ဟင်းခွက် (၃၀၀)

မြတ်စွာဘုရားရှင်အား (၁၀၈)ခွက်သော ဆွမ်း, ဆွမ်းဟင်း, သစ်သီး, ပန်း, ရေချမ်း, ဆီမီးတို့ဖြင့် ကပ်လှူပူဇော်ရာ၌ ဟင်းခွက် (၁၀၈)ခွက်တို့မှာ များလွန်းမနေဘူးလား?-ဟူ၍လည်း သံသယဝင်တတ်ကြသေး၏၊ သံသယဝင်စရာ မလိုပါ၊ လူမင်း နတ်မင်း ငြဟ္မာမင်းအားဖြင့် တစ်လောကလုံးထက် အမြတ်ဆုံးဖြစ်သော တရားမင်း မြတ်စွာဘုရားရှင်အား ကပ်လှူပူဇော်သည် ဖြစ်၍ (၁၀၈)ခွက်တို့မှာ မများလွန်းလှပါ၊ မြတ်စွာဘုရားရှင်၏ ခြေဖဝါးတွင် ပေါ်လွင်ထင်ရှားနေသော မင်္ဂလာအမှတ်အသားတို့မှာ (၁၀၈)မျိုး ဖြစ်နေ၍သာ (၁၀၈)ခွက် ကပ်လှူရခြင်းဖြစ်ပေသည်။

ပုဂံခေတ် သက္ကရာဇ် (၆၁၇)ခုနှစ်တွင် နန်းတက်သောမင်းမှာ နရသီဟပတေ့မင်း ဖြစ်၏၊ ထိုမင်းကား ပွဲတော်တည် စားတော်ခေါ်လျှင် ဟင်းခွက်ပေါင်း (၃၀၀)ပါရှိရလေသည်၊ သက္ကရာဇ်(၆၄၆)ခုနှစ်တွင်မူ စစ်ရှုံးသဖြင့် ပုသိမ်မြို့သို့ တိမ်းရှောင် နေရ၏၊ စစ်ပြေးရင်း ပွဲတော်တည်ရာ၌ ဟင်းခွက်တို့မှာ (၃၀၀) မပြည့်တော့ချေ၊ (၁၅၀)ခွက်သာ ဆက်သကြ၏၊ ထိုအခါ နရသီဟပတေ့မင်းသည် စားနေကြ ဟင်းခွက် (၃၀၀)မပြည့်သဖြင့် ငိုတော်မူ၏-ဟူ၍ ပုဂံရာဇဝင်တွင် သမိုင်းပညာရှင်တို့က စာတင်ခဲ့ ကြလေသည်။

ထိုအခါ စားတော်သည်တို့သည် စမဲ စဆား အခွက်(၃၀၀) မရနိုင်ဟူ၍ အခွက်(၁၅၀)သာ ရံပြီးလျှင် စားတော်ပြင်ဆင် ဆက်သည်ကို ငါ-ဆင်းရဲလှ၏-ဟု မျက်နှာတော်ကို ဖျင်လက်ဖုံး၍ ဦတော်မူ၏။။

(မှန်နန်း ရာဇဝင်တော်ကြီး၊ ပဉ္စမတွဲ၊ စာမျက်နှာ-၃၅၅)

ရိုးရိုးမင်းဖြစ်သည့် နရသီဟပတေ့မင်းသော်မှ ဟင်းခွက်ပေါင်း (၃၀၀)ဖြင့် ပွဲတော်တည် စားတော်ခေါ်သေးလျှင် တရားမင်းဖြစ်သည့် မြတ်စွာဘုရားရှင်အားမူ ဟင်းခွက်ပေါင်း (၁၀၀၀)ဖြင့်ပင် ကပ်လှူပူဇော်ထိုက်ပါပေ၏၊ မှန်ပါသည်၊ မြတ်စွာဘုရားရှင်၏ ခြေဖဝါးပြင်တွင် ဘုရားရှင် စစ်မှန်ကြောင်း သက်သေခံနေသည့် စက်ဝန်း၌ မင်္ဂလာအကန့်ပေါင်း (၁၀၀၀)ပါ ရှိနေသောကြောင့် ထိုမင်္ဂလာအကန့်ပေါင်း (၁၀၀၀)ကို ရည်မှန်း၍ ဟင်းခွက်ပေါင်း (၁၀၀၀)ဖြင့်လည်း ကပ်လှူပူဇော်ထိုက်သည်သာဖြစ်၏။

အကန့်(၁၀၀၀)သော စက်လက္ခဏာတော်တို့သည် မြတ်သော ခြေဖဝါးတော်၌ ပီပြင်ပြတ်သားစွာ ထင်ရှားကုန်၏၊ ထိုမြတ်စွာဘုရား၏ စက်လက္ခဏာတော်တို့ကို ခြေဖဝါးတွင် တွေ့မြင်ရသောကြောင့် မြတ်စွာဘုရား၌ (ဘုရားဟုတ်မှန်၏ ဟူ၍) ဆုံးဖြတ်ချက် ချနိုင်ခြင်းသို့ ရောက်ခဲ့ပြီ။

ဤ **"(၁၀၈)ကွက် စက်လက္ခဏာ ဆွမ်းတော် ကပ်နည်း"**ကို ရွတ်ဆိုလျက် ဆွမ်းတော်ကပ်လှူပါလျှင် အလှူရှင်တို့အား အလွန်အကျိုးများပါသည်၊ ဆွမ်းတော်ကပ်လှူခြင်း ဒါနကုသိုလ်အပြင် ဗုဒ္ဓါနုဿတိဘာဝနာ, ဝိပဿနာဘာဝနာ, မေတ္တာဘာဝနာ ကုသိုလ်တို့ကိုပါ ဆင့်ပွားအနေဖြင့် ရရှိနိုင်ပါသည်။

ဥဂ္ဂသူဌေး ဆွမ်းကပ်နည်း

ဆွမ်းအလှူရှင်တို့ ချက်ပြုတ်လှူဒါန်းကြရာ၌ မိမိတို့စိတ်ကြိုက် တရုပ်ဟင်း, မြန်မာဟင်း, ကုလားဟင်း, သက်သတ်လွတ်ဟင်းတို့ကို စုံလင်စွာကပ်လှူ စီစဉ်ထားသည်ကို တွေ့ရသည်၊ ယင်းသို့ မိမိတို့စိတ်ကြိုက် ချက်ပြုတ် လှူဒါန်းကြခြင်းသည် ဥဂ္ဂသူဌေးအား ဘုရားရှင် ဟောကြားခဲ့သည့် **"မနာပဒါယီ လဘတေ မနာပံ"** ဟူသော ဒေသနာနှင့် အညီပင်ဖြစ်သည်၊ ဥဂ္ဂသူဌေးကား ဘုရားရှင်ကို ဆွမ်းကပ်လျှင် မွန်မြတ်သော အစာအာဟာရ

တို့ကိုသာ ကပ်လှူလေ့ရှိ၏၊ သူကြိုက်နှစ်သက်သော အင်ကြင်းပန်းပွင့် အဆင်းနှင့်တူသည့်ခဲဘွယ်၊ ဆီးသီး ဇီရာစသည်တို့ဖြင့် ချက်ထားသော ဝက်ပျိုသားဟင်း၊ ကန်စွန်းရွက်ဆီပြန်ကြော်၊ ပဲဟင်းအသားဟင်း သလေးဆွမ်းတို့ဖြင့်လည်း ကပ်လှူခဲ့လေသည်၊ ထို့ကြောင့် ဘုရားရှင်က ဥဂ္ဂသူဌေးအား မနာပဒါယက နှစ်သက်ဖွယ်ဝတ္ထု လှူဒါန်းသည့်အရာ၌ အသာဆုံး အမြတ်ဆုံး **"တေဒင်္ဘွဲ့ထူး"**ကို ဖော်ပြပါအတိုင်း ပေးလိုက်ခြင်း ဖြစ်သည်။

ချစ်သားတို့ နှစ်ခြိုက်ဖွယ်သော ဝတ္ထုပစ္စည်းကို ပေးလှူလေ့ရှိကြသည့် ငါဘုရား၏ တပည့်သာဝက ဥပါသကာတို့တွင် ဝေသာလီပြည်သား ဥဂ္ဂသူဌေးသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏။

ဥဂ္ဂသူဌေး၏ ဆွမ်းကပ်နည်းကို အင်္ဂုတ္တိုရ် ပါဠိတော် ဒုတိယတွဲ ပဉ္စက နိပါတ် မနာပဒါယိသုတ် (အံ၊ ၂၊ ၄၂)မှ ထုတ်နှုတ်ဖော်ပြလိုက်ပါသည်။

မနာပဒါယိသုတ် ပါဠိတော် မြန်မာပြန်

အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တောပြာသာဒ်ဆောင်ပေါက်သော ကူဋာဂါရ ကျောင်းကြီး၌ သီတင်းသုံးနေတော်မူ၏။ ထိုစဉ်အခါ မြတ်စွာဘုရားသည် နံက်အခါ၌ (သင်္ကန်း)ကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ပြီးလျှင် ဝေသာလီပြည်သား အနာဂါမ်အရိယာ ဥဂ္ဂသူကြွယ်အိမ်သို့ ချဉ်းကပ်၍ ခင်းထား အပ်သော နေရာ၌ ထိုင်နေတော်မူ၏၊ ထိုအခါ ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား **"အရှင်ဘုရား မနာပဒါယီ လာဘတေ မနာပံ= နှစ်ခြိုက်ဖွယ်(ဝတ္ထု)ကို ပေးလှူ သူသည် နှစ်ခြိုက်ဖွယ်(အကျိုး)ကို ရ၏"** ဟူသော ဤစကားကို အကျွန်ုပ်သည် မြတ်စွာဘုရား မျက်မှောက်တော်မှ ကြားနာရဘူးပါသည်၊ မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ခံယူရဘူးပါသည်။

၁။ အရှင်ဘုရား အကျွန်ုပ်၏ အင်ကြင်းပွင့် အဆင်း ရှိသော ခဲဖွယ်သည် နှစ်ခြိုက်ဖွယ်ရှိပါသည်၊ မြတ်စွာဘုရား သည် သနားစောင့်ရှောက်ခြင်းကို အကြောင်းပြု၍ အကျွန်ုပ်၏ ထိုခဲဖွယ်ကို ခံယူတော်မူပါဟုလျှောက်၏၊

မြတ်စွာဘုရားသည် သနားစောင့်ရှောက်ခြင်းကို အကြောင်းပြု၍ ခံယူတော်မူပါသည်။

၂။ အရှင်ဘုရား အကျွန်ုပ်၏ ဆီးသီးဖြင့် စိမ်ထားသော ဝက်သားဟင်းသည် နှစ်ခြိုက်ဖွယ် ကောင်းလှပါ၏၊ မြတ်စွာဘုရားသည် သနား စောင့်ရှောက်ခြင်းကို အကြောင်းပြု၍ အကျွန်ုပ်၏ ထိုဟင်းကို ခံယူတော်မူပါဟု လျှောက်ထား၏။

၃။ အရှင်ဘုရား အကျွန်ုပ်၏ ကန်စွန်းရွက် ဆီပြန်ကြော်သည် နှစ်ခြိုက်ဖွယ် ကောင်းလှပါ၏၊ မြတ်စွာ ဘုရားသည် သနားစောင့်ရှောက်ခြင်းကို အကြောင်း ပြု၍ အကျွန်ုပ်၏ ထိုကန်စွန်းရွက် ဆီပြန်ကြော်ကို ခံယူတော် မူပါဟု လျှောက်ထား၏။

၄။ အရှင်ဘုရား ဆန်မည်းကို ရွေးချယ်ပြီး၍ မျှားစွာသော အရည်သောက်ဟင်းနှင့် စားမဲဟင်းလျှာ ရှိသော အကျွန်ုပ်၏ သလေးဆွမ်းသည် နှစ်ခြိုက်ဖွယ် ကောင်းလှပါ၏၊ မြတ်စွာဘုရားသည် သနားစောင့်ရှောက်ခြင်းကို အကြောင်းပြု၍ အကျွန်ုပ်၏ ထိုသလေးဆွမ်းကို ခံယူတော်မူပါဟု လျှောက်ထား၏။

၅။ အရှင်ဘုရား အကျွန်ုပ်၏ ကာသိကတိုင်းဖြစ် အဝတ်တို့သည် နှစ်ခြိုက်ဖွယ် ရှိပါကုန်၏၊ မြတ်စွာဘုရား သည် သနားစောင့်ရှောက်ခြင်းကို အကြောင်းပြု၍ အကျွန်ုပ်၏ ထိုအဝတ်တို့ကို ခံယူတော်မူပါဟု လျှောက်ထား၏။

၆။ အရှင်ဘုရား အကျွန်ုပ်၏ ပလ္လင်မွေးရှည် ကော်ဇောကြီး ပန်းပြောက်ခြယ်သားမွေးအခင်း ဝံပိုင့်ရေအခင်း (နီသော)မျက်နှာကြက်နှင့် အုံးနီနှစ်ဖက်ရှိ နေရာသည် နှစ်ခြိုက်ဖွယ် ကောင်းလှပါ၏၊ အရှင်ဘုရား အကျွန်ုပ်တို့သည်လည်း "ဤအရာဝတ္ထုများသည် စင်စစ်အားဖြင့် မြတ်စွာဘုရားရှင်အား မအပ်"ဟု သိပါကုန်၏၊ အရှင်ဘုရား အကျွန်ုပ်တို့၏ ဤစန္ဒကူးနှစ် ထိုင်ခုံသည် တသိန်းကျော် တန်ပါ၏၊ အကျွန်ုပ်၏ ထိုအသုံးအဆောင် ဝတ္ထုတို့ကို မြတ်စွာဘုရားသည် သနား စောင့်ရှောက်ခြင်းကို အကြောင်းပြု၍ ခံယူတော်မူပါဟု လျှောက်ထား၏။ မြတ်စွာဘုရားသည် သနားစောင့်ရှောက် ခြင်းကို အကြောင်းပြု၍ ခံယူတော်မူပါသည်။

ထိုအခါ မြတ်စွာဘုရားသည် ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်ကို ဤအနုမောဒနာစကားဖြင့် ကောင်းချီး ခေါ်တော်မူ၏။

"နှစ်ခြိုက်ဖွယ်ဝတ္ထုကို ပေးလှူသူသည် နှစ်ခြိုက် ဖွယ်(အကျိုး)ကို ရရှိနိုင်၏၊ အကြင်သူသည် ဖြောင့်မတ် သော ရဟန္တာပုဂ္ဂိုလ်တို့၌ လိုလိုချင်ချင်အားဖြင့် အဝတ်ကိုဂင်း အိပ်ရာနေရာကိုဂင်း ဆွမ်းဘောဇဉ် အဖျော်ကိုဂင်း အထူးထူးသော ပစ္စည်းတို့ကို ပေးလှူ၏။

လယ်ယာမြေကောင်းနှင့် တူကုန်သော ရဟန္တာပုဂ္ဂိုလ်တို့ကိုသိ၍ စွန့်အပ်လွတ်အပ် ချီးမြှောက်အပ်၏၊ နှစ်ခြိုက်ဖွယ်ကို ပေးလှူသော ထိုသူတော်ကောင်းသည် စွန့်နိုင်ခဲသည်ကို စွန့်၍ နှစ်ခြိုက်ဖွယ်အကျိုးကို **ရ၏**"ဟု ကောင်းချီး ခေါ်တော်မူပါသည်။

ထို့နောက် မြတ်စွာဘုရားသည် ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်ကို ဤအနုမောဒနာစကားဖြင့် ကောင်းချီး ခေါ်တော် မူပြီးလျှင် နေရာမှထကာ ဖဲခွါကြွသွားတော်မူ၏၊ ထို့နောက် အခါတပါး၌ ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်သည် ကွယ်လွန်လေ၏၊ ကွယ်လွန်လေပြီးသော ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်သည်ကား (စျာန်)စိတ်ဖြင့် ပြီးသော တခုသော (သုဒ္ဓါဝါသ) ဗြဟ္မာ့ဘုံ၌ ဖြစ်လေ၏။

ထိုစဉ်အခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ ည၌ဦးယံ လွန်ပြီးသော (သန်ကောင်ယံ)အခါ၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန်ကျောင်းအလုံးကို ထိန်လင်းစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ရပ်တည် နေသော ရဟန္တာ ဥဂ္ဂဗြဟ္မာကို မြတ်စွာဘုရားသည်--

"ဥဂ္ဂ အသို့နည်း၊ သင့်အား အလိုအတိုင်း ပြည့်စုံ၏လော"ဟု မေးတော်မူ၏၊ **"အရှင်ဘုရား-တပည့်တော်အား အလိုအတိုင်း စင်စစ် ပြည့်စုံပါ၏"** ဟု ဖြေကြား လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားသည် ဥဂ္ဂဗြဟ္မာကို ဂါထာတို့ဖြင့် ဟောကြားတော်မူပါသည်။

၁။ မနာပဒါယီ လဘတေ မနာပံ၊
အဂ္ဂဿ ဒါတာ လဘတေ ပုနဂ္ဂံ။
ဝရဿ ဒါတာ ဝရလာဘီ ဟောတိ၊
သေဋ္ဌံ ဒဒေါ သေဋ္ဌမုပေတိ ဌာနံ။

၁။ နှစ်ခြိုက်ဖွယ်ကို ပေးလှူသူသည် နှစ်ခြိုက်ဖွယ်ကို ရ၏၊ မွန်မြတ်သည်ကို ပေးလှူသူသည် တဖန် မွန်မြတ် သည်ကို ရ၏၊ တောင့်တအပ်သည်ကို ပေးလှူသူသည် တောင့်တအပ်သည်ကိုရ၏၊ ချီးမွမ်းအပ်သည်ကို ပေးလှူသူသည် ချီးမွမ်းအပ်သည့် (ဌာန)သို့ ရောက်ရလေ၏။

၂။ ယော အဂ္ဂဒါယီ ဝရဒါယီ၊ သေဋ္ဌဒါယီ စ ယော နရော။
ဒီဃာယု ယသဝါ ဟောတိ၊ ယတ္ထ ယတ္ထူပပဇ္ဇတိ။

၂။ အကြင်သူသည် အထွတ်အမြတ် ဝတ္ထုပစ္စည်းကို ပေးလှူလေ့ရှိ၏၊ တောင့်တအပ်သော ဝတ္ထုပစ္စည်းကို ပေးလှူ လေ့ရှိ၏၊ အကြင်သူသည် ချီးမွမ်းအပ်သော ဝတ္ထုပစ္စည်းကို ပေးလှူလေ့ရှိ၏၊ ထိုသူသည် ဖြစ်လေရာရာ ဘုံဘဝ၌ အသက်ရှည်သူ အခြံအရံများသူ ဖြစ်ရ၏"ဟု ဟောတော်မူပါသည်။

ဘုရားရှင်ဟောကြားသည့် **"မနာပဒါယီ လဘတေ မနာပံ"** ဟူသည် နှစ်သက်မြတ်နိုးဖွယ် အရာဝတ္ထုကို လှူဒါန်းသူသည် နှစ်သက်မြတ်နိုးဖွယ် ကောင်းကျိုး ချမ်းသာကိုပင်ရ၏ဟူ၍ ဆိုလိုပေသည်၊ ဘုရားရှင်အား **"(၁၀၈) ကွက်စက်လက္ခဏာ ဆွမ်းတော် ကပ်နည်း"** ဖြင့် နှစ်သက်မြတ်နိုးဖွယ် အရာဝတ္ထုတို့ကို လှူဒါန်းကြသည့် အလှူရှင်တို့သည် နှစ်သက်မြတ်နိုးဖွယ် ကောင်းကျိုး ချမ်းသာတို့ကို ရရှိနိုင် ကြပါစေဟူ၍ အာသီသ ဆန္ဒပြုရ ပါသည်။



(၁၀၈)ကွက် စက်လက္ခဏာ ဆွမ်းတော်ကပ်နည်း

ပဏီတံ ရသသမ္ပန္နံ၊ ဘောဇနံဂန္ဓသံယုတံ။

တဒါမိ တေန နိဗ္ဗာနံ၊ သီဃံ ပပ္ပေါမိ နာသဝံ။

(က)ဘုရားရှင်၏ ဂုဏ်တော်အဖုံဖုံ ဆင်ခြင်ပုံ

မြေမိုးအလုံး စွေဖြိုးချုန်း၍ ပြိုင်နှုံးမရ မြင့်မြတ် လှသည့် ခြောက်ဝ ဘုန်းဟုန် တန်ခိုးဂုဏ်နှင့် ပြည့်စုံပေငြား ရှင်တော်မြတ်ဘုရား။

ရူပကာယဂုဏ်,ဓမ္မကာယဂုဏ်အားဖြင့်လည်းကောင်း+အတ္ထဟိတ သမ္ပတ္တိဂုဏ်,ပရဟိတပဋိပတ္တိဂုဏ် အားဖြင့် လည်းကောင်း+ကရုဏာဂုဏ်, ပညာဂုဏ် အားဖြင့်လည်းကောင်း+ ဟေတုသမ္ပဒါဂုဏ်,ဖလသမ္ပဒါဂုဏ်, သတ္တု ပကာရသမ္ပဒါ ဂုဏ်အားဖြင့်လည်းကောင်း+စရိယဝဏ္ဏဂုဏ်, သရီရဝဏ္ဏဂုဏ်, ဂုဏဝဏ္ဏဂုဏ်အားဖြင့်လည်းကောင်း+ဇာတိမဟတ္တဂုဏ်, ပုညမဟတ္တဂုဏ်, ဂုဏမဟတ္တဂုဏ်အားဖြင့်လည်းကောင်း+ရူပါစိန္တေယျဂုဏ်, ဝါစာစိန္တေယျဂုဏ်, ဣဒ္ဓိအစိန္တေယျဂုဏ်, ဉာဏာစိန္တေယျဂုဏ်အားဖြင့် လည်းကောင်း+ရူပဂုဏ်, ဃောသဂုဏ်,လူခဂုဏ်, ဓမ္မဂုဏ်အားဖြင့် လည်းကောင်း+သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်,ဝိမုတ္တိဂုဏ်, ဝိမုတ္တိ ဉာဏဒဿနဂုဏ်အားဖြင့်လည်းကောင်း၊ အရဟတာ အစလာသည့် ကိုးဖြာသော ဂုဏ်တော် အပေါင်းနှင့်လည်းကောင်း ပြည့်စုံတော်မူသော၊ နတ်,လူ,ဗြာဟ္မာ, သတ္တဝါတို့၏ ကိုးကွယ်အားထား ရာလည်း ဖြစ်တော်မူသော၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို ရည်ရော်မှတ်သား နှလုံးထား၍ ထိုသဗ္ဗညု ထွဋ်ထား မြတ်စွာဘုရား၏ ခန္ဓာကိုယ်တော်၌ တည်ရှိ ကြသည့်-

(ခ) (၁၀၈)ကွက် စက်လက္ခဏာတော် နာမည်များ

မြတ်စွာဘုရားရှင်၏ နှစ်ဘက်သောခြေဖဝါးတော် အပြင်တို့၌ တစ်ထောင်သော အကန့်အကွက် အကွပ်တံကူ ပုံတောင်း အချက်နှင့် တကွ ခပ်သိမ်းသော အချင်းအရာ တို့နှင့်ပြည့်စုံသော (၁၀၈)ကွက် စက်လက္ခဏာ မင်္ဂလာ အမှတ်အသားများဖြစ်ကြကုန်သော--

၁။ သတ္တိလက္ခဏာ=လှံမပုံ

၂။ သိရိဝစ္ဆ,လက္ခဏာ=အိမ်မွန်ပုံ

၃။ နန္ဒိယာဝဋ္ဋ,လက္ခဏာ=ဇလပ်ပန်းသဏ္ဌာန်ကလာပ်ပုံ
၄။ သောဝတ္ထိက,လက္ခဏာ=လည်ရေးသုံးဆင့်ပုံ
၅။ ဝဋ်ံသက,လက္ခဏာ=ဦးဆောက်ပန်းပုံ
၆။ ဝမုမာနက,လက္ခဏာ=ယောက်ျားတဦးက အခြားတဦးကို ထမ်းသည့်ပုံ
၇။ ဘဒ္ဒပီဋ္ဌ,လက္ခဏာ=အင်းပျဉ်ပုံ
၈။ အက်ံသ,လက္ခဏာ=ချွန်းတောင်းပုံ
၉။ ပါသာဒ,လက္ခဏာ=ပြာသာဒ်ပုံ
၁၀။ တောရဏ,လက္ခဏာ=တံခါးတိုင်ပုံ
၁၁။ သေတစ္ဆတ္တ,လက္ခဏာ=ထီးဖြူပုံ
၁၂။ ခဂ္ဂ,လက္ခဏာ=သန်လျက်ပုံ
၁၃။ တာလဝဏ္ဋလက္ခဏာ=ထန်းရွက်ယပ်ဝန်းပုံ
၁၄။ မယူရဟတ္ထ,လက္ခဏာ=ဥဒေါင်းမြီးယပ်ပုံ
၁၅။ ဥဏ္ဍီသ,လက္ခဏာ=သင်းကျစ်ပုံ
၁၆။ မဏိ,လက္ခဏာ=ပတ္တမြားပုံ
၁၇။ ပတ္တ,လက္ခဏာ=သပိတ်ပုံ
၁၈။ သုမနဒါမ,လက္ခဏာ=မြတ်လေးပန်းဆိုင်းပုံ
၁၉။ နီလုပ္ပလ,လက္ခဏာ=ကြာညိုပုံ
၂၀။ ရတ္တုပ္ပလ,လက္ခဏာ=ကြာနီပုံ
၂၁။ သေတုပ္ပလ,လက္ခဏာ=ကြာဖြူပုံ
၂၂။ ပဒုမ,လက္ခဏာ=ပဒုမ္မာကြာပုံ
၂၃။ ပုဏ္ဍရိက,လက္ခဏာ=ပုဏ္ဍရိက်ကြာပုံ
၂၄။ ပုဏ္ဏကယဋ္ဌ,လက္ခဏာ=ရေပြည့်အိုးပုံ
၂၅။ ပုဏ္ဏကပါတီ,လက္ခဏာ=ရေပြည့်ဖလားပုံ
၂၆။ သမုဒ္ဒ,လက္ခဏာ=မဟာသမုဒ္ဒရာပုံ
၂၇။ စက္ကဝါဠပဗ္ဗတ,လက္ခဏာ=စကြဝဠာတောင်ပုံ
၂၈။ ဟိမဝန္တပဗ္ဗတ,လက္ခဏာ=ဟိမဝန္တာတောင်ပုံ
၂၉။ မေရုပဗ္ဗတ,လက္ခဏာ=မြင်းမိုရ်တောင်ပုံ
၃၀။ သူရိယမဏ္ဍလ,လက္ခဏာ=နေဝန်းပုံ
၃၁။ စန္ဒမဏ္ဍလ,လက္ခဏာ=လဝန်းပုံ

၃၂။ နက္ခတ္တာနိ,လက္ခဏာ=နက္ခတ်တာရာများပုံ
၃၃။ ပုဗ္ဗဝိဒေဟ,လက္ခဏာ=အရှေ့ကျွန်းပုံ
၃၄။ အပရဂေါယာန,လက္ခဏာ=အနောက်ကျွန်းပုံ
၃၅။ ဥတ္တရကုရု,လက္ခဏာ=မြောက်ကျွန်းပုံ
၃၆။ ဇမ္ဗုဒီပ,လက္ခဏာ=ဇမ္ဗူဒိပ်(တောင်)ကျွန်းပုံ
၃၇။ စက္ကဝတ္တိ,လက္ခဏာ=စကြဝတေးမင်းပုံ
၃၈။ သေတသဒ်,လက္ခဏာ=လက်ယာရစ်ခရုသင်းဖြူပုံ
၃၉။ မစ္ဆယုဂဋ္ဌ,လက္ခဏာ=ငါးကြင်းအစုံပုံ
၄၀။ စက္ကာဝုဓ,လက္ခဏာ=စက်လက်နက်ပုံ
၄၁။ လဝဏသီဒါ,လက္ခဏာ=ဆားငံသမုဒ္ဒရာပုံ
၄၂။ ဥစ္ဆုသီဒါ,လက္ခဏာ=ကြံရည်အဆင်းရှိသော သမုဒ္ဒရာပုံ
၄၃။ သုရာသီဒါ,လက္ခဏာ=သေရည် အဆင်းရှိသော သမုဒ္ဒရာပုံ
၄၄။ သာဓိသီဒါ,လက္ခဏာ=အမှုခပ်သိမ်းပြီးစေသော သမုဒ္ဒရာပုံ
၄၅။ ဒဓီသီဒါ,လက္ခဏာ=နို့ဓမ်း အဆင်းရှိသော သမုဒ္ဒရာပုံ
၄၆။ ဒုဒ္ဓသီဒါ,လက္ခဏာ=နို့ရည်အဆင်းရှိသော သမုဒ္ဒရာပုံ
၄၇။ ဇလသီဒါ,လက္ခဏာ=ရေချို သမုဒ္ဒရာပုံ
၄၈။ ယုဂန္ဓရ,လက္ခဏာ=ယုဂန္ဓရတောင်ပုံ
၄၉။ ဤသဓရ,လက္ခဏာ=ဤသဓရတောင်ပုံ
၅၀။ ကရဝိက,လက္ခဏာ=ကရဝိကတောင်ပုံ
၅၁။ သုဒဿန,လက္ခဏာ=သုဒဿနတောင်ပုံ
၅၂။ နေမိန္ဓရ,လက္ခဏာ=နေမိန္ဓရတောင်ပုံ
၅၃။ ဝိနတက,လက္ခဏာ=ဝိနတကတောင်ပုံ
၅၄။ အဿကဏ္ဏလက္ခဏာ= အဿကဏ္ဏတောင်င်ပုံ
၅၅။ အနောတတ္တ,လက္ခဏာ=အနောတတ္တရေအိုင်ပုံ
၅၆။ ကဏ္ဏမုဏ္ဍလက္ခဏာ=ကဏ္ဏမုဏ္ဍရအိုင်ပုံ
၅၇။ ရထကာရ,လက္ခဏာ=ရထကာရရေအိုင်ပုံ
၅၈။ ဆဒ္ဒန္တ,လက္ခဏာ=ဆဒ္ဒန္တရေအိုင်ပုံ
၅၉။ ကုဏာလ,လက္ခဏာ=ကုဏာလရေအိုင်ပုံ

၆၀။ မဏ္ဍကိနီ,လက္ခဏာ=မဏ္ဍကိနီရေအိုင်ပုံ
၆၁။ သီဟပွပါတ,လက္ခဏာ=သီဟပွပါတရေအိုင်ပုံ
၆၂။ သုပဏ္ဏရာဇာ,လက္ခဏာ=ဂဠုန်မင်းပုံ
၆၃။ သံသုမာရ,လက္ခဏာ=မိကျောင်းမင်းပုံ
၆၄။ ဓဇ,လက္ခဏာ=တံခွန်လျားပုံ
၆၅။ ပဋာကာ,လက္ခဏာ=တံခွန်ကုက္ကားပုံ
၆၆။ သုဝဏ္ဏသိဝိကာ,လက္ခဏာ=ရတနာသံလျင်းပုံ
၆၇။ သုဝဏ္ဏဝါဠဗီဇနီ,လက္ခဏာ=ရွှေစာမရီသားမြီး ယပ်ပုံ
၆၈။ ကေလာသပဗ္ဗတ,လက္ခဏာ=ကေလာသငွေတောင်ပုံ
၆၉။ သီဟရာဇာ,လက္ခဏာ=ခြင်္သေ့မင်းပုံ
၇၀။ ဗျဂ္ဃရာဇာ,လက္ခဏာ=ကျားမင်းပုံ
၇၁။ ဝလာဟကအဿရာဇာ,လက္ခဏာ =ဝလာဟက မြင်းမင်းပုံ
၇၂။ ဥပေါသထ ဆဒ္ဒန္တဟတ္ထိရာဇာ,လက္ခဏာ=ဥပေါသထ
ဆဒ္ဒန္တဆင်မင်းပုံ
၇၃။ ဗာသုကီနာဂရာဇာ,လက္ခဏာ=ဗာသုကီနဂါးမင်းပုံ
၇၄။ ဟံသရာဇာလက္ခဏာ=ဟင်္သာမင်းပုံ
၇၅။ ဥသဘရာဇာ,လက္ခဏာ=ဥသဘနွားမင်းပုံ
၇၆။ ဧရာဝဏဟတ္ထိရာဇာ,လက္ခဏာ=ဧရာဝဏ်ဆင်မင်းပုံ
၇၇။ သုဝဏ္ဏကာရ,လက္ခဏာ=ရွှေမကာရ်းပုံ
၇၈။ သုဝဏ္ဏနာဝါ,လက္ခဏာ=မုခ်ထွင့်လေးခုရှိသော ရွှေလှေပုံ
၇၉။ ဗြဟ္မရာဇာ,လက္ခဏာ=ဗြဟ္မာမင်းပုံ
၈၀။ သဝစ္ဆကာမေနု,လက္ခဏာ=နွားသားအမိပုံ
၈၁။ ကိံပုရိသ ကိံပုရိသီ,လက္ခဏာ=ကိန္နရာအဖို အမပုံ
၈၂။ ကရဝိက,လက္ခဏာ=ကရဝိက်ငှက်မင်းပုံ
၈၃။ မယူရရာဇာ,လက္ခဏာ=ဥဒေါင်းမင်းပုံ
၈၄။ ကောဉ္စရာဇာ,လက္ခဏာ=ကြိုးကြားငှက်မင်းပုံ
၈၅။ စက္ကဝါကရာဇာ,လက္ခဏာ=စက္ကဝါကျ်ငှက်မင်းပုံ
၈၆။ ဇီဝဉ်ဇီဝကရာဇာ,လက္ခဏာ=ဇီဝဇိုဝ်းငှက်မင်းပုံ

၈၇။ စာတုမဟာရာဇိကာ, လက္ခဏာ= စာတုမဟာရာဇ် နတ်ဘုံ
၈၈။ တာဝတိံသာ,လက္ခဏာ=တာဝတိံသာနတ်ဘုံ
၈၉။ ယာမာ,လက္ခဏာ=ယာမာနတ်ဘုံ
၉၀။ တုသိတာ,လက္ခဏာ=တုသိတာနတ်ဘုံ
၉၁။ နိမ္မာနရတီ,လက္ခဏာ=နိမ္မာနရတီနတ်ဘုံ
၉၂။ ပရနိမ္မိတဝသဝတ္တီ,လက္ခဏာ=ပရနိမ္မိတဝသဝတ္တီ နတ်ဘုံ
၉၃။ ဗြဟ္မပါရိသဇ္ဇာ,လက္ခဏာ=ပါရိသဇ္ဇာဗြဟ္မာဘုံ
၉၄။ ဗြဟ္မပုရောဟိတာ,လက္ခဏာ=ပုရောဟိတဗြဟ္မာဘုံ
၉၅။ မဟာဗြဟ္မာ,လက္ခဏာ=မဟာဗြဟ္မာဘုံ
၉၆။ ပရိတ္တာဘာ,လက္ခဏာ=ပရိတ္တာဘာဗြဟ္မာဘုံ
၉၇။ အပ္ပမာဏာဘာ,လက္ခဏာ=အပ္ပမာဏာဘာဗြဟ္မာဘုံ
၉၈။ အာဘဿရာ,လက္ခဏာ=အာဘဿရာဗြဟ္မာဘုံ
၉၉။ ပရိတ္တသုဘာ,လက္ခဏာ =ပရိတ္တသုဘာဗြဟ္မာဘုံ
၁၀၀။ အပ္ပမာဏသုဘာ,လက္ခဏာ=အပ္ပမာဏသုဘာ ဗြဟ္မာဘုံ
၁၀၁။ သုဘကိဏ္ဏာ,လက္ခဏာ=သုဘကိဏ္ဏာဗြဟ္မာဘုံ
၁၀၂။ ဝေဟပ္ဖလာ,လက္ခဏာ=ဝေဟပ္ဖလာဗြဟ္မာဘုံ
၁၀၃။ အသညသတ္တာ,လက္ခဏာ=အသညသတ္တာဗြဟ္မာဘုံ
၁၀၄။ အဝိဟာ,လက္ခဏာ=အဝိဟာဗြဟ္မာဘုံ
၁၀၅။ အတပ္ပါ,လက္ခဏာ=အတပ္ပါဗြဟ္မာဘုံ
၁၀၆။ သုဒဿါ,လက္ခဏာ=သုဒဿာဗြဟ္မာဘုံ
၁၀၇။ သုဒဿီ,လက္ခဏာ=သုဒဿီ ဗြဟ္မာဘုံ
၁၀၈။ အကနိဋ္ဌာ,လက္ခဏာ=အကနိဋ္ဌာဗြဟ္မာဘုံ တို့-

အားဖြင့် (၁၀၈)ကွက် စက်လက္ခဏာတော်တို့ကို ရည်မှန်း သမှု အကြောင်း ပြု၍-

ဓာတုစေတီ,ဓမ္မစေတီ,ဥဒ္ဒိဿစေတီ,ပရိဘောဂစေတီ, ပါဒစေတီ အားဖြင့် စေတီ(၅)ဆူတို့အား ကောင်းနိုး ရာရာ အဖြာဖြာကို များစွာပေါင်းစပ်စီမံလတ်၍ မွန်မြတ်ထသော၊ ချိုမြိန်လှစွာ အရသာနှင့် ကောင်းစွာဖုံဖုံ ပြည့်စုံထသော၊ မွှေးကြိုင်သင်းပျံ့ ကောင်းသောရနံ့နှင့်လည်း ယှဉ်ထသော၊ သုံးဘုံ

ထွဋ်ထား ဘုန်းဂုဏ်ကြွားသည့် ဘုရားနှင့်သာ ထိုက်တန်ရာဟု မျှားစွာချို့ချဉ်ဆွမ်း ဘောဇဉ် ဖြစ်ကြသော-

(ဂ)ကပ်လှူပူဇော်ခြင်း

အဆင်းအနံ့ အရသာနှင့်ပြည့်စုံသည့် (၁၀၈)ခွက်သော ဤဆွမ်းခဲဘွယ် ဘောဇဉ်တို့ကိုလည်းကောင်း၊ သစ်သီး (၁၀၈)ပုဂံတို့ကိုလည်းကောင်း၊ စင်ကြယ် သန့်ရှင်း မြူနည်းကင်းသော ဤသောက်တော်ရေ သုံးတော်ရေ (၁၀၈) ခွက်တို့ကို လည်းကောင်း၊ အနံ့အဆင်း ကြိုင်ကြိုင်သင်းသော သန့်ရှင်းဝေလန်း ဤမြတ်သော ပန်း(၁၀၈)မျိုး တို့ကိုလည်းကောင်း၊ မိုက်မှောင် ပယ်ဖျောက် လင်းရောင်တောက်သည့် ဤလျှပ်စစ်ဆီမီးအလင်းတိုင်(၁၀၈)တိုင် တို့ကို လည်းကောင်း၊ နံ့သာမွှေးကြိုင် ဤအမွှေးတိုင်တို့ကိုလည်းကောင်း၊ ပုဇွ,မုဆွ, အပရအား ဖြင့် စေတနာသုံးတန် ထက်သန်လှစွာ ကပ်လှူ ပူဇော်ပါ၏ အရှင်ဘုရား။

(ဃ)ဝိပဿနာ ဘာဝနာ ပွါးများခြင်း

ဤသို့လျှင် ဘုရားရှင်အား ဆွမ်းခဲဘွယ်ဘောဇဉ် ချို့ချဉ်အရသာ အဖြာဖြာနှင့် သောက်တော်ရေချမ်း ဆီမီးပန်းတို့ကို လှူဒါန်းရကြောင်း ဒါန ကုသိုလ်ကံ စေတနာ အပေါင်းတို့သည် ငါဧကန် မဟုတ်ကြပေ၊ စေ့ဆော် ထက်သန်သော သဘာဝမှ စေတနာတို့မျှသာ ဧကန်ဟုတ်ကြ ပါပေသည် တကား။

ထိုစေတနာတို့သည် အကြောင်းကင်းလျက် ဖြစ်ပေါ်လာကြသည် မဟုတ်ပေ၊ အဝိဇ္ဇာ,တဏှာ, ဥပါဒါန်စသော အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာကြပေကုန်သည်တကား။ ထိုစေတနာတို့သည် ယခုဖြစ် ယခုပျက်၍ မမြဲလေသောကြောင့် အနိစ္စသဘောတရားတို့ချည်းပါတကား၊ ဖြစ်ပျက်နှစ်ဝ နှိပ်စက်လှ၍ ဆင်းရဲသောကြောင့် ဒုက္ခသဘော တရား တို့ ချည်းပါတကား၊ အလိုသို့ မလိုက် အကြိုက်သို့မပါ ကိုယ်ဖြစ်ချင် သလိုမဖြစ် သူဖြစ်ချင်သလိုသာ အကြောင်းအားလျော်စွာ ဖြစ်ပျက်ပြောင်း လဲ၍ နေသောကြောင့် အစိုးမရ အနတ္တသဘောတရားတို့ ချည်းပါတကား၊

ဤသို့အားဖြင့် ဝိပဿနာ ဘာဝနာကိုလည်း နှလုံး သွင်းကာ ပွားများ ပါ၏ အရှင်ဘုရား။

(၈)ဆုမွန်ကောင်း တောင်းခြင်း

ဤသို့လျှင် ဘုရားရှင်အား ဆွမ်းခဲဘွယ်ဘောဇဉ် ချို့ချဉ်ရသာ အဖြာဖြာနှင့် သစ်သီးဆွမ်း သောက်တော်ရေချမ်း ဆီမီး ပန်းတို့ကို လှူဒါန်း ရကြောင်း ဒါနကုသိုလ်ကံ စေတနာ အပေါင်းကြောင့်လည်းကောင်း၊ ဝိပဿနာ ဘာဝနာကို နှလုံးသွင်းကာ ပွားများရခြင်း ဘာဝနာ ကုသိုလ်ကံ စေတနာ အပေါင်းကြောင့်လည်းကောင်း ဘုရားတပည့်တော်သည် ကိုယ်တွင်းကိုယ်ပ နှစ်ဌာနတို့၌ (၃၂)ပါးသော ကံကြမ္မာ စသည့် ဘေးရန် ခပ်သိမ်း ကင်းပျောက်ငြိမ်း၍ ကောင်းကျိုးသုခ ကဋ္ဌမဂ််လာ အဖြာဖြာတို့သည် တနေ့တခြား တိုးပွား ပြည့်စုံကြ ကုန်ပြီးလျှင် (ဤယ ခုဘဝ၌ပင်) ဆင်းရဲ အားလုံးတို့၏ ကုန်ဆုံးရာ နိဗ္ဗာန်ချမ်းသာကို လွယ်ကူချမ်းသာ လျင်မြန်စွာ မဂ်ဉာဏ်ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် တို့ဖြင့် မျက်မှောက် ပြုရပါလို၏ အရှင်မြတ်ဘုရား။

(စ) မေတ္တာပို့သခြင်းနှင့် မေတ္တာခံယူခြင်း

ကြွင်းမဲ့ညဿုံ အားလုံးကုန်သော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ဆင်းရဲခပ်သိမ်းမှ ကင်းငြိမ်းလွတ်မြောက်ကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ၊ အကျွန်ုပ်သည် မိဘဆရာသမား ပညာရှိ သူတော်ကောင်းများ တန်ခိုးကြီးဒွိပါဒ်နှင့် ပြည့်စုံကုန်သော ပုဂ္ဂိုလ်များ အရိယာ သူတော်စင်များ ပို့လွှတ်အပ်သည့် မေတ္တာဓာတ်ကိုလည်း အားထားကြည်ဖြူ ခံယူပါ၏ အရှင်မြတ်ဘုရား။

(ဆ)အမျှဝေခြင်းနှင့် အမျှယူခြင်း

ဤသို့လျှင် ယနေ့ယခု အကျွန်ုပ်ပြုရသော ကုသိုလ်ကောင်းမှု အစုစုတို့၏ အဖို့ဘာဂ ဟူသမျှကို သက်ရှိ ထင်ရှား ရှိကြကုန်သော မိဘဆရာသမားများ, အကျွန်ုပ်ကို စောင့်ရှောက်ခဲ့ဘူးသည့် ကျေးဇူးရှင်ပုဂ္ဂိုလ်များ၊ ယခုအခါ စည်းဝေး ရောက်လာကြကုန်သော ပရိသတ်အပေါင်း သူတော်ကောင်းတို့အား အမျှဝေထား၍ ကိုယ်စောင့်နတ်, အိမ်စောင့်နတ်, ကျောင်း

စောင့်နတ်, နယ်စောင့်နတ်,လောက စောင့်နတ်,သာသနာစောင့်နတ်, ဘုရားစေတီစောင့်နတ်, သိကြားနတ်မင်း, ပဇ္ဇုန်မိုးနတ်မင်း, ယမမင်း အစ ရှိကုန်သော အားလုံးကုန်သော သုခိတ,ဒုက္ခိတသတ္တဝါများ၊ ဘဝသံသရာ အဆက်ဆက်မှ ဆွေမျိုးတော်စပ်ဖူးကုန်သော ဆွေဟောင်းမျိုးဟောင်း ဝေမာနိက ပြိတ္တာ အပေါင်းတို့အား ကုသိုလ်အမျှ ပေးဝေဌပါ၏။ ကုသိုလ် အမျှ ပေးဝေဌပါ၏၊ သာဓု သာဓု-ဟူ၍ ခေါ်ဆိုကြလျက် ကုသိုလ်အမျှ ယူကြပါကုန်လော့၊ အကျွန်ုပ်သည်လည်း ကုသိုလ်ရှင်ကောင်းမှု ရှင်တို့ ပြုလုပ် အားထုတ်၍ ပေးဝေအပ်သော ကုသိုလ် ကောင်းမှု အဖို့ဘာဂကိုလည်း ဝမ်းမြောက်နုမော်သာဓု ခေါ်ပါ၏၊ ကုသိုလ်အမျှ အမျှ-အမျှ ယူတော်မူကြပါ ကုန်လော။ ။

သာဓု သာဓု သာဓု။ (၃) ကြိမ်။ ။ ဆွမ်းတော်ကပ်ပြီး၏

(ဃ) ဗုဒ္ဓခြေတော်ရာ ဘုရားရှိခိုးမှာ

ဗုဒ္ဓခြေတော်ရာ ဘုရားရှိခိုးမှာ

ဘုရား,စေတီ,ကျောင်းတို့တွင် ဗုဒ္ဓခြေတော်ရာတို့ကို ဖူးမြင်ကြရာ၌ ရှိခိုးပူဇော်နိုင်ကြရန် **"အဖေ့ခြေရာ"**စာအုပ်မှ ဗုဒ္ဓခြေတော်ရာ ဘုရားရှိခိုးဂါထာ လက်ဝများနှင့် (၁၀၈)ကွက် စက်လက္ခဏာ, ခြေတော်ရာပုံတီးစိပ်နည်းတို့ကို ထုတ်နုတ်လျက် ဖော်ပြလိုက်ပါသည်။

ဗုဒ္ဓခြေတော်ရာ စက်နှီး ဂါထာတော်များ

၁။ **စက္ကပါဒေစ ဗုဒ္ဓဿ၊ အက္ကန္တဉာန စေတိယေ။**
ဥဒ္ဒိဿကေ ဗုဒ္ဓပါဒေ၊ တိဏံ ဝန္ဒာမိ အာဒရံ။

၂။ **ပါဒစက္ကံ ပဝတ္တေန္တော၊ ယော လောကိယေသု ဣဿရော။**
ဓမ္မစက္ကံ ပဝတ္တေန္တော၊ လောကုတ္တရေသု ဣဿရော။

၃။ **ဒ္ဝိစက္ကဝတ္တိရာဇာ သော၊ ဗောဇ္ဈင်္ဂရတနိဿရော။**
နလာဋ္ဌေ မေ ပါဒစက္ကံ၊ ပဝတ္တေတု ပဒက္ခိဏံ။

ဗုဒ္ဓဿ၊ သက်တော်ထင်ရှား မြတ်စွာဘုရား၏။ **စက္ကပါဒေစ**၊ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ အစုံပါသော ခြေတော်အစုံ ကြာပဒုံ ဟုဆိုအပ်သော **"သဇီဝပဒ စေတီ"** တို့ကိုငင်း။ **ဗုဒ္ဓဿ-ဗုဒ္ဓေန**၊ သက်တော်ထင်ရှား မြတ်စွာ ဘုရားသည်။ **အက္ကန္တဉာနစေတိယေ**၊

အရပ်ဒေသ ရှစ်ဌာန၌ အဓိဌာန်ဖြင့် ပြအပ် ချထား အပ်သဖြင့် ထင်ကျန်ရစ်သော ခြေတော်ရာ **"ပရိဘောဂ ပဒစေတီ"** တို့ကိုဋင်း။ **ဥဒ္ဒိဿကေ ဗုဒ္ဓပါဒေ၊** မြတ်စွာဘုရားရှင်၏ မူလ ခြေတော်ရာတို့ကို ရည်မှန်းသမှု အကြောင်းပြု၍ တူနိုင်သမျှတူအောင် စက္ကူတစ်ထွေ, အင်္ဂတေအုတ်, ပလာစတာ,သဲကျောက်ဖျာနှင့်, စကျင်ကျောက်များ သစ်သား,အဝတ်အထည် ယွန်းကိုချယ်လျက် ဖန်သား, ပြဒါး-ကြေးပြား,ငွေပြား-ရွှေသား တို့ဖြင့် ကောင်းစွာ ထွင်းထု သွင်းပြု လုပ်လျှက်ပူဇော်ထားသော အရပ်ဒေသ-ဟူသမျှရှိ ဗုဒ္ဓခြေတော်ရာ ပွါး **"ဥဒ္ဒိဿက ပဒစေတီ"** များကိုဋင်း။ **ဣတိ၊** ဤသို့သောအားဖြင့်။ **တီဏိ၊** သဇီဝ ပဒစေတီ, ပရိဘောဂ ပဒစေတီ, ဥဒ္ဒိဿက ပဒစေတီအားဖြင့် သုံးမျိုးသော ပဒစေတီ တော်တို့ကို။ **အဟံ၊** ဘုရားတပည့်တော်သည်။ **အာဒရံ၊** ရိုသေလှစွာ။ **ဝန္ဒာမိ၊** သဒ္ဓါမြတ်နိုးလက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။

ယောဘဂဝါ၊ သုံးလောကထွဋ်ထား အကြင်ရှင်တော်မြတ် ဘုရားသည်။ **ပါဒစက္ကံ၊** တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ အစုံပါသော ခြေတော်အစုံ ကြာပဒုံကို။ **ပဝတ္တေနွော၊** အဝန်းသုံးပါးဝယ် ဖြန့်ချီ သွားတော်မူလျက်။ **လောကိယေသု၊** လောကီဘုံသား သတ္တဝါများ အပေါ်၌။ **ဣဿရော၊** ကိုယ်တော့်အလိုအတိုင်း လိုက်စေခြင်းဖြင့် အစိုးရတော်မူ၏။ **သောဘဂဝါ၊** သုံးလောကထွဋ်ထား ထိုမြတ်စွာ ဘုရားသည်။ **ဓမ္မစက္ကံ၊** ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါး သစ္စာလေးဖြာ စကြာရတနာကို။ **ပဝတ္တေနွော၊** (၄၅)ဝါ ကာလ ကြာအောင် နေ့ညမပြတ် ဟောကြားတော်မူလျှက်။ **လောကုတ္တရေသု၊** လောကုတ္တရာတရားတို့၌။ **ဣဿရော၊** အစိုးရတော်မူ၏။ **ဗောဇ္ဈင်ရတနိဿရော၊** ဗောဇ္ဈင်ခုနစ်ဖြာ ရတနာကို အစိုးရတော်မူသော။ **သောဒ္ဓိစက္ကဝတ္တိရာဇာ၊** ထိုစကြာနှစ်ဖြာကို ဖြစ်စေတော်မူတတ် တရားမင်းမြတ်သည်။ **မေ၊** ခြေတော်ရာဂုဏ်ကို စွဲမြဲထုံ၍ ယုံကြည်ပေငြား ဘုရားတပည့်တော်၏။ **နလာဋေ၊** အမြတ်ထွဋ်တင် နဖူးပြင်၌။ **ပဒက္ခိဏံ၊** လက်ျာလှည့်၍။ **ပါဒစက္ကံ၊** တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ အစုံပါသော ခြေတော်အစုံ ကြာပဒုံကို။ **ပဝတ္တေတု၊** ရှင်ပင်မြတ်စွာ သာသနာကို

ကမ္ဘာတစ်ဝန်း ပြုနိုင်စွမ်းဖို့ ဘုန်းတန်းဂ္ဂဒ္ဓိ မဟိဒ္ဓိနှင့် သိဒ္ဓိတော်ဓာတ် တံဆိပ်ခတ်၍ လှည့်ပတ်စေသား မိန့်မြွက် ကြားလျက် စက်အား နှိုးဖွင့်တော် မူပါဘုရား-။

သမ္ပဒါ(၃)ဖြာ ဗုဒ္ဓခြေတော်ရာ ဘုရားရှိခိုး

၁။ ဗုဒ္ဓဂုဏော အနန္တောဟု ပြဟောသေချာ ဂုဏ်ကိုရှာသော် မဟာသုဂတ အတုလဟု ဗုဒ္ဓမြတ်စွာ စောသတ္ထာသည် ကမ္ဘာ တွက်ရေ လေးသင်္ချေ နှင့် သိန်းနေကာလ ကြာသမျှဝယ် အနန္တသတ္တဝါ ဝေနေယျာကို ကရုဏာလွန်မင်း သနားခြင်းသည် သားရင်း မျှသာ မကပါတည်း မာတာပီတ မိနှင့်ဘဟု ရှိကြသူငါ ကရုဏာထက် ပြန်ရာထောင်သောင်း မယှဉ်ကောင်းအောင် ဆပေါင်းလွန်လေ သင်္ချေမက ကြီးကျယ်လှ၏။

၂။ မဟန္တတြာ ကရုဏာကြောင့် ပါရမီစာဂ စရိယကို ဖြည့်ရသည်မှာ တို့မြတ်စွာသည် ကိုယ်မှာအသား လှူငြားခဲ့လေ ဤမြေမက သွေးတော် မှလည်း လေးဝသမုဒြာ ရေထက်သာ၏ ရတနာမကိုင့် သိုက်မြိုက် ပေါင်းလျော် ဦးခေါင်းတော်ကို တောင်းသော်ခုတ်ပိုင်း မဆုတ်ဆိုင်းပဲ လိုတိုင်းလှူရာ ပုံစုပါသော် မဟာနေရု မြင်းမိုရ်ထုတည်း လှူပြုမျက်လုံး မိုးကြယ်ရှုံးမျှ ကျင့်ထုံးစာဂီ ပါရမီဒါန တပါးမျှကို ပြေပမကုန် မြေမိုးတုန်အောင် ဗိုလ်ပုံစုပြီး လက်ဖျောက် တီး၍ အံ့ချည်းစရာ ဖြစ်ဖွယ်သာတည်း။

၃။ ပါရမီဆယ်ဆူ ဖြည့်ဟန်မူကို ကြံသူဟီချ ကြက်သီးထမျှ ကြီးလှကရုဏာ မဟန္တာကို သမ္ပဒါဟေတု အကြောင်းပြု၍ ပေါင်းစု ကျိုးပေါ် တန်ခိုးတော်နှင့် ဉာဏ်တော်ရုပ်ဆင်း တုဘက်ကင်းလျက် ချက်ခွင်းကိလေ သမုစ္ဆေဟု ခေါ်ထွေပဟာန ဤလေးဝဖြင့် ဖလသမ္ပဒါ ခြံရံကာလျှင် သတ္တဝါနုရင့် ထောက်မျှော်ချင့်၍ ကျွတ်ခွင့်ရှိသူ ချွတ်တော်မူလျက် ဗိုလ်လူအနန္တ မြိုက်သုခကို ရကြကျိုးစု ကိုယ်တော်

ပြုသား သတ္တုပကာရ မည်ရသမွဒါ ဂုဏ်ဖြာဖြာဖြင့် ထုံကာကြိုင်လတ်
ကိုယ်တော်မြတ်၏ "စက်မှတ်စုံလင် ဖဝါးပြင်ကို" ကြည်လင် မြတ်နိုး
လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား။

ဗုဒ္ဓခြေတော်ရာပါဒစေတီ ဘုရားရှိခိုးနှင့်ဆုတောင်း

၁။ မုနိသင်းကျစ် ဓမ္မရာဇ်၏ လွန်နှစ်သက်အပ် လျှပ်လျှပ် ပြောင်ပြောင်
ခြေသည်းရောင်ကား မြားမြောင်အကု ကိလေစုကို အောင်မှုစိုက်ထူ
အောင်လံဟူ၏ ရန်သူများဖြင် ဖြိုဖျက်နှင်သည် တို့ရှင်ဘုရား
ခြေတော်များသည် ငါ့အားအောင်ဆု ပေးစေသော်။

၂။ သူ့ချမ်းသာဆောင် မကြောက်အောင်ရွယ် စောင့်ရှောက် ကယ်၍
ဖွယ်ရာခြံရံ လှူဒါနံကြောင့် - ဝန်းရံပတ်လျက် ရာရှစ်ကွက်ဖြင့်
မြချက်ပုံတောင်း အကွပ်ဆောင်း၍ ထောင်ပေါင်း အကန့် ရှင်းသန့်
ပြတ်သား ခြေတော်ဖဝါး၌ ကြီးမားတေဇော် စက်တော်ရတနာ လက္ခဏာ
ဖြင့်- မကွာခစား ထံတော်ပါးဝယ် များသောအခြံအရံ ရှိတော်မူသော
မြတ်စွာဘုရားအား ရှိသေ မြတ်နိုး ရှိခိုးပါ၏။

၃။ စကြာဝဠာပေါင်း သောင်းလောကဓါတ် ဖူးလာလတ်သား နတ်နတ်
တကာ ဗြဟ္မာအားလုံး ပျားပိတုန်းတို့ စုရုံးချွင်လန်း စုပ်နမ်းရာလည်း
ဖြစ်တော်မူသော၊ စကြာဝဠာ အနန္တတိုင် မွှေးကြိုင်ကောင်းမွန်
လွန်သောနံ့သာ ဖြစ်တော်မူသော၊ ဘုရားစိန္တေ သီတာရေ၌ ပုံသေ
ရောက်လတ် ကြာမြတ်ပဒုံ ခြေတော်စုံသည်၊ ဒွတ္တိံသာကာရ ဇေဋ္ဌစုတ်
ကိုယ်ဟုသမုတ် အကျွန်ုပ်၏၊ ကိုယ်အင်္ဂါတွင် မြတ်ရာထားတင် ဦးထိပ်
ပြင်၌၊ ဤသတ္တဝါ ဆင်းရဲစွာကို ငါချွေချွတ်မည် မှတ်ရည်သနား
ဖြစ်သောအားဖြင့် တန့်ရပ်သောထွေ တည်နေတော်မူပါဘုရား။

၄။ စကြာခြေမွန် တင့်တယ်ဟန်ကို မိုးစွန်ဘုံဖျား သိကြားဗြဟ္မာ တူရေ
ရှားလည်း ဘယ်မှာတမျှ အတူရချိမ့် အသမ,သမာ သုံးလှု.ချာ၏
ရတနာလျှံဝင်း နီဆင်းစင်သန့် အကန့်တစ်ထောင် ထွန်းပြောင်သိဂ်ီ

သန္တာအကွပ် ထိန်လျှပ် ပုံတောင်း ညိုမောင်း ကျောက်မျက် ခြေတော်စက်ကို စုံမက်မြတ်နိုး ရှိလျှင် ခိုးသည် (ကောင်းကျိုးလျှင်ဆော ရောက်စေသော်) အကျိုးကောင်းမွန် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန် ထုတ်ချောက် ရောက်စေသော်။

၅။ သုံးလောကနတ် ခြေတော်မြတ်သည် ညီညွတ်ပေါင်းယှဉ် ခြေသည်း စဉ်ဖြင့် လှယဉ်နှစ်ဖွယ် လွန်တင့်တယ်၏၊ ဆန်းကြယ် နုယဉ် ခြေသည်းစဉ်မူ ဖိတ်စင်ရောင်ဝါ တို့ဖြင့်သာလျှင် လွန်စွာတောက်ပ တင့်တယ်လှ၏၊ ထွက်ကြွ ပြောင်ပြောင် ထိုအရောင်လည်း မိုက်မှောင် ဖျောက်မှု တစ်ခုကိစ္စ ရှိလေရသည် - တင့်လှ အလွန့်အလွန်တည်း။

၆။ ခြေချောင်းဆယ်ဖြာ ပွင့်ချပ်လွှာဖြင့် လွန်စွာတင့်မော် ခြေသည်း တော်မှ ထွက်ပေါ်ရောင်လျှံ ဝတ်ဆံများစွာ အပြည့် ပါသား မြတ်ဘုရား၏ ဖဝါးခြေစုံ ကြာပဒုံကို သုံးဘုံတိုက်သား ဘယ်သူများသည်- ဦးဖျားမဆင် ရှိမည်နည်း။

၇။ မဟာဝိသယ တိလောက၌ နရမရူ သနက်္ဇတို့ သရဖူဦးစိုက် မကိုင်္ဂ နဝရတ် ကျောက်စိန်ထွတ်ဖြင့် ညွတ်၍ညွတ်၍ ဦးနှိမ် ဝှေ့လျှက် ညဉ့်နေ့မစဲ တရဲရဲတိ အမြဲရောင်ညိ မပြတ်ထိသား နန္ဒိဝမုန သကျ မာရဇိန် စောမုနိန်၏ သီရိနှာဘိ သီရိရတနာ မင်္ဂလာမျို့ပေါင်း ပုံတောင်းပြိုးပြက် ရာရှစ်ကွက်နှင့် ရွှေစက်ပဝရ စရဏဟု ပါဒနက်သန် စုံနှစ်တန်ကို ငွေဗိတာန်ကြီး ကဒဏ်ထီးသို့ မိုးပြီးဥသုံ ဘေးမျိုးလုံမှ သုံးပုံပိဋကတ် ဝါဏီမြတ်ဟု သူရဿတီ နတ်ဒေဝီလည်း ယှဉ်မှီနိစ္စ မပြတ်မ၍ ငါနှလုံးတိုက် ရွှေကြာသိုက်နှိုက် ပျော်ပိုက်စေပြီး ဂိုဏ်းကြီး အရိယာ ဂုဏ်ကိုးဖြာနှင့် သဃ်ာပရမတ် ရှစ်ပါးနတ်ကား လောကဓါတ် ဒိသာ ရှစ်မျက်နှာက စကြာဝဋာတောင်ကြီး ကာဆီးသော့ယောင် တန်ခိုးရောင်ဖြင့် ရန်မှောင်မမှောင့် တည်နေစောင့်၍ (ချမ်းသောင့် ချမ်းသာ နေရပါလို တောင်းဆုဆို၏။)

၈။ ခန္ဓာအိမ်ဟောင်း စွန့်ပစ်ပြောင်းလည်း ကျွန့်ခေါင်းခွံရိုး မြူမှုန် မျိုးသို့

ပွားတိုးမသွေ ရောက်ပါစေသား မြတ်ဘုရားကို လေးစား ကြည်ညို၊ ယင်းကုသိုလ်ကြောင့် ထိုသို့ပြောင်းကုန် ခေါင်းမြ။ မှုန်သည် ကိုးဂုဏ်သခင် မြတ်ရှင်ပင်၏ ခြေတွင်အမြဲ ငြိကပ်စွဲလျက် --- မှီဝဲဆည်းကပ်ပါစေသောဝ်။

ဗုဒ္ဓခြေတော်ရာ ပရိဘောဂ ပါဒစေတီ(၈)ဆူ
ဘုရားရှိခိုးနှင့်ဆုတောင်း

ငါးမာရ်အောင်မြင် မြတ်စွာဘုရားရှင်သည်-

၁။ "ဒေါဏာပုဏ္ဏားကြီး မြင်တွေ့စေရန်" ဥက္ကဋ္ဌမြို့နှင့် သေတဗျ မြို့တို့၏ အကြား လမ်းခရီးအရပ်ဌာန၌ အဓိဋ္ဌာန်ဖြင့် ပြအပ်ချထား အပ်သော တစ်ထောင်သော အကန့်အကွက် အကွပ် တကူ ပုံတောင်း အချက်နှင့်တကွ ခပ်သိမ်းသော အချင်းအရာ တို့နှင့် ပြည့်စုံသော (၁၀၈) ကွက်စက်လက္ခဏာ အမှတ်အသား ပါရှိသော ခြေတော်ရာ ပါဒစေတီကို သုံးပါးမွန်စွာ ဝန္ဒနာနှင့် သဒ္ဓါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

၂။ "မာဂဏ္ဍီပုဏ္ဏား ဇနီးမောင်နှံတို့ မြင်တွေ့စေရန်" ကမ္မာသဒ္ဒမ နိဂုံးရွာကြီးနှင့် တောအုပ်အကြား လမ်းခရီး အရပ် ဌာန၌ အဓိဋ္ဌာန်ဖြင့် ပြအပ်ချထားအပ်သော တစ်ထောင်သော အကန့်အကွက် အကွပ်တကူ ပုံတောင်း အချက်နှင့်တကွ ခပ်သိမ်းသော အချင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈)ကွက် စက်လက္ခဏာအမှတ်အသားပါရှိသော ခြေတော်ရာပါဒစေတီကို သုံးပါးမွန်စွာ ဝန္ဒနာနှင့် သဒ္ဓါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကျိုး ခပ်သိမ်း ကြွယ်စေသော်။

၃။ "ကုဏ္ဍဉ္ဉမိတ္တ မုဆိုးသားအဖတို့ မြင်တွေ့စေရန်" ရာဇဂြိုဟ် မြို့အနီး တောအတွင်း၌ ထောင်ထားအပ်သော ကျော့ကွင်းအနီး အရပ်ဌာန၌ အဓိဋ္ဌာန်ဖြင့် ပြအပ် ချထား အပ်သော တစ်ထောင်သော အကန့်အကွက် အကွပ်တကူ၊ ပုံတောင်းအချက်နှင့်တကွ ခပ်သိမ်းသော အချင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈) ကွက် စက်လက္ခဏာ အမှတ် အသား ပါရှိသော ခြေတော်ရာ ပါဒစေတီကို သုံးပါးမွန်စွာ ဝန္ဒနာနှင့်

သဒ္ဓါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကိုးခပ်သိမ်း ကြွယ်စေသော။

၄။ "အဇိတ-စသော ရသေ့တို့ မြင်တွေ့စေရန်" သာဝတ္ထိ ပြည် ဇေတဝန် ကျောင်းတိုက်အတွင်း ဂန္ဓကုဋီ ကျောင်းအနီး အရပ်ဌာန၌ အဓိဋ္ဌာန်ဖြင့် ပြအပ်ချထားအပ်သော တစ်ထောင်သော အကန့်အကွက် အကွပ်တကူ ပုံတောင်းအချက်နှင့်တကွ ခပ်သိမ်းသော အချင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈)ကွက် စက်လက္ခဏာ အမှတ်အသား ပါရှိသော ခြေတော်ရာ ပါဒစေတီကို သုံးပါးမွန်စွာ ဝန္ဒနာနှင့် သဒ္ဓါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကိုး ခပ်သိမ်း ကြွယ်စေသော။

၅။ "အရှင်သာရိပုတြာမထေရ် မြင်တွေ့စေရန်" ဟိမဝန္တာရှိ တစ်ခုသော တောင်ဝှမ်းအတွင်း အရပ်ဌာန၌ အဓိဋ္ဌာန်ဖြင့် ပြအပ် ချထားသော တစ်ထောင်သော အကန့်အကွက် အကွပ်တကူ ပုံတောင်း အချက် နှင့်တကွ ခပ်သိမ်းသော အခြင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈)တွက် စက်လက္ခဏာ အမှတ်အသား ပါရှိသော ခြေတော်ရာ ပါဒစေတီတော်ကို သုံးပါးမွန်စွာ ဝန္ဒနာနှင့် သဒ္ဓါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော။

၆။ "သုမနနတ်မင်း၏ တောင်ပန်ချက်အရ" သီဟိုဠ်ကျွန်း သမန္တကူဋ သုမနတောင်ပေါ် အရပ်ဌာန၌ အဓိဋ္ဌာန်ဖြင့် ပြအပ် ချထားအပ်သော တစ်ထောင်သော အကန့်အကွက် အကွပ်တကူ ပုံတောင်းအချက်နှင့် တကွ ခပ်သိမ်းသော အချင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈) ကွက် စက်လက္ခဏာ အမှတ်အသား ပါရှိသော ခြေတော်ရာပါဒစေတီကို သုံးပါးမွန်စွာ ဝန္ဒနာနှင့် သဒ္ဓါ ဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကျိုး ခပ်သိမ်း ကြွယ်စေသော။

၇။ "နမ္မဒါနဂါးမင်း၏တောင်ပန်ချက်အရ" သုနာပရန္တတိုင်း နမ္မဒါမြစ်တမ်း နားအရပ်ဌာန၌ အဓိဋ္ဌာန်ဖြင့် ပြအပ် ချထားအပ်သော တစ်ထောင်သော အကန့်အကွက် အကွပ်တကူ ပုံတောင်း အချက်နှင့်တကွ ခပ်သိမ်းသော အချင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈)ကွက် စက်လက္ခဏာ အမှတ်အသား ပါရှိသော ခြေတော်ရာ ပါဒစေတီကို သုံးပါးမွန်စွာ ဝန္ဒနာနှင့် သဒ္ဓါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော။

၈။ "သစ္စဗန္ဓရဟန္တာမထေရ်၏ တောင်းပန်ချက်အရ" သစ္စဗန္ဓ တောင်ပေါ်အရပ်ဌာန ကျောက်ဖျာ၌ အဓိဌာန်ဖြင့် ပြအပ် ချထားသော တစ်ထောင်သော အကန့်အကွက် အကွပ်တကူ ပုံတောင်းအချက်နှင့် တကွ ခပ်သိမ်းသော အခြင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈)ကွက် စက်လက္ခဏာ အမှတ်အသားပါရှိသော ခြေတော်ရာ ပါဒစေတီတော်ကို သုံးပါးမွန်စွာ ဝန္ဒနာနှင့် သဒ္ဓါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

ဗုဒ္ဓခြေတော်ရာ ပဒစေတီ(၃)မျိုး
ဘုရားရှိခိုး သစ္စာပြုဂါထာ
စက္ကပါဒေစ ဗုဒ္ဓဿ၊ အက္ကန္တဌာန စေတိယေ။
ဥဒ္ဒိဿကေ ဗုဒ္ဓပါဒေ၊ တီဏိ ဝန္ဒာမိ အာဒရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။

၁။ သဇီဝ ပဒစေတီ

၁။ သက်တော်ထင်ရှား မြတ်စွာဘုရား၏ စက္ကေနကိတပါဒ လက္ခဏာ ဖြစ်သော တစ်ထောင်သော အကန့်အကွက် အကွပ်တကူ ပုံတောင်း အချက်နှင့်တကွ ခပ်သိမ်းသော အခြင်းအရာ တို့နှင့် ပြည့်စုံသော (၁၀၈) ကွက် စက်လက္ခဏာ အမှတ်အသား ပါရှိသော နှစ်ဖက်သော "ခြေဖဝါး, ခြေတော်အစုံကြာပဒုံ သဇီဝပဒစေတီ"တို့ ကိုးရင်း။

၂။ ပရိဘောဂ ပဒစေတီ

၂။ ငါးမာရ်အောင်မြင် မြတ်စွာဘုရားရှင်သည် -
(၁) ဒေါဏပုဏ္ဏားကြီး မြင်တွေ့စေရန် ဥက္ကဋ္ဌမြို့နှင့် သေတဗျမြို့ တို့၏ အကြား လမ်းခရီးအရပ်ဌာန၌ရင်း၊
(၂) မာဂဏ္ဍီပုဏ္ဏားဇနီးမောင်နှံတို့ မြင်တွေ့စေရန် ကမ္မာသဒမ္မ နိဂုံး ရွာကြီးနှင့် တောအုပ်အကြား လမ်းခရီး အရပ်ဌာန၌ရင်း၊
(၃) ကုက္ကုဋမိတ္တ မုဆိုးသားအဖတို့ မြင်တွေ့စေရန် ရာဇဂြိုဟ် မြို့အနီး တောအုပ်အတွင်း၌ ထောင်ထားအပ်သော ကျော့ကွင်း အနီး အရပ် ဌာန၌ရင်း၊

(၄) အဇိတစသော ရသေ့တို့မြင်တွေ့စေရန် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်အတွင်း ဂန္ဓကုဋီကျောင်းအနီး အရပ် ဌာန၌ဂင်း၊
(၅) အရှင်သာရိပုတြာမထေရ် မြင်တွေ့စေရန် ဟိမဝန္တာရှိ တစ်ခုသော တောင်ဝှမ်းအတွင်း အရပ်ဌာန၌ဂင်း၊
(၆) သုမနနတ်မင်း၏ တောင်းပန်ချက်အရ သီဟိုဠ်ကျွန်း သမန္တကူဋ သုမနတောင်ပေါ် အရပ်ဌာန၌ဂင်း၊
(၇) နမွဒါနဂါးမင်း၏ တောင်းပန်ချက်အရ သုနာပရန္တတိုင်း နမွဒါမြစ်ကမ်းနား အရပ်ဌာန၌ဂင်း၊
(၈) သစ္စဗန္ဓု ရဟန္တာမထေရ်၏ တောင်းပန်ချက်အရ သစ္စဗန္ဓုတောင်ပေါ် အရပ်ဌာန ကျောက်ဖျာပေါ်၌ဂင်း၊

ဤအရပ်(၈)ဌာနတို့၌ အဓိဌာန်ဖြင့် ပြအပ် ချထားအပ်သော နေရာ၌ ထင်ကျန် ရစ်သော တစ်ထောင်သော အကန့်,အကွက်-အကွပ်,တကူ-ပုံတောင်း အချက်နှင့်တကွ ခပ်သိမ်းသော အခြင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈)ကွက် စက်လက္ခဏာ အမှတ်အသား ပါရှိသော "ခြေတော်ရာ-ပရိဘောဂ ပဒေတီ" တို့ကိုဂင်း။

၃။ ဥဒ္ဒိဿက ပဒေတီ

၃။ ထို စက္ကေနကိတ ပါဒလက္ခဏာ, သဇီဝပဒ စေတီ, ပရိဘောဂ ပဒေတီ,ဖြစ်သော မြတ်စွာဘုရားရှင်၏ မူလခြေတော် ရာတို့ကို ရည်မှန်းသမှု အကြောင်းပြု၍ တူနိုင်သမျှတူအောင် စက္ကူတစ်ထွေ အင်္ဂတေနှင့် မသွေ အုတ်ခွက် တချက်ပလာစတာ သဲကျောက်ဖျာတည့် တဖြာစကျင် ကျောက်ကိုဆင်လျှက် ပေါ်လွင်စေငြား သစ်သားများနှင့် တပါး အဝတ် တထည် ယွန်းကို ချယ်လျှက် တသွယ်ဖန်သား ပြဒါးများတည့် ကြေးပြား ငွေပြား ရွှေသားတို့ဖြင့် ကောင်းစွာထွင်းထု သွင်းပြုလုပ်လျက် ပူဇော်ထားသော အရပ်ဒေသ ဟူသမျှရှိ "ဗုဒ္ဓခြေတော်ရာပွါး ဥဒ္ဒိဿက ပဒေတီ" များကိုဂင်း၊ ဘုရားတပည့်တော်သည် ဦးခေါင်း ရတနာမြတ်အင်္ဂါဖြင့် ရိုသေလှစွာ သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား။

သစ္စာပြုဆုတောင်းခြင်း

ဤသို့လျှင် ဘုရားရှင်၏ သဇီဝပဒစေတီ ပရိဘောဂပဒစေတီ ဥဒ္ဒိဿက ပဒစေတီအားဖြင့် ဗုဒ္ဓခြေတော်ရာ ပဒစေတီ သုံးမျိုး တို့ကို ကောင်းစွာယခု ရှိခိုးမှုပြုရသော, ပဏာမစေတနာ, ကုသိုလ် မဂ်လာကြောင့် ပကတိခရီး, ဘဝခရီး, သံသရာခရီး, တို့သို့ သွားလာရာတွင် ဘေးရန်စဉ်လျက် ကုသိုလ်ဆန္ဒ ဟူသမျှတို့ ပြည့်ဝပါစေတောင်းဆုခွေ၏၊ မသွေအမှန် မဂ်ဖိုလ်ဉာဏ်ဖြင့် ဘေးရန်ကင်းငြားနိဗ္ဗာန်တရားကို မျက်မှောက်ပြုရန် တောင်းဆု ပန်သည် ဧကန်မုချ ပြည့်စေသော်။

(၁၀၈)ကွက် စက်လက္ခဏာ ခြေတော်ရာ ဘုရားရှိခိုး လက်ာကြီး

အတိုင်းမသိ၊ ကျေးဇူးရှိသား၊ မုနိသက္ခ၊ ဂေါတမ၏၊ ပါဒမြတ်ကျော်၊ ဖဝါးတော်၌၊ ထွန်းပေါ်ကျစ်လစ်၊ တရာ့ရှစ်ကို၊ စိစစ်လျှင်ထွေ၊ လျှင်းလျှင်းရေပိမ့်၊ ခြိုလေအစ --- (၁-၂)လုံမ, အိမ်မွန်၊ (၃)သုံးတန်ပွင့်ချပ်၊ ဇလပ်ညွှတ်နှံ, ကလာပ်ဟန်နှယ်၊ (၄) လည်ရေး သုံးဆင့်၊ (၅) လှတင့် ထွန်းတောက်၊ ဦးဆောက်ပန်းက၊ (၆) စွမ်းထယောက်ျား တစ်ဦးသားကို ထမ်းထားသည့်သွင်၊ (၇) အင်းပျဉ်ဝန်းနှင့်၊ (၈-၉) ချွန်းတောင်း,ပြာသာဒ်၊ (၁၀) အထွတ်မြင့်ခိုင်၊ တံခါးတိုင်က၊ (၁၁-၁၂) ဖြူဆွပြိုးပြက်၊ ထီး, သန်လျက်နှင့်၊ (၁၃) ထန်းရွက် ယပ်ဝန်း၊ (၁၄) ရွှန်းရွှန်းရောင်မောင်း၊ ဥဒေါင်းမြီးယပ်၊ (၁၅) သင်းကျပ်ရွှေပြား၊ (၁၆) ပတ္တမြား ကျောက်မျက်၊ (၁၇) စားခွက် ရောင်ပြေး၊ (၁၈) မုလေးပန်းဆိုင်း၊ (၁၉-၂၃) တုန့ိုင်းမရ၊ ပွင့်လှ အပြား၊ ငါးပါးကြာမျိုး၊ (၂၄) ပြည့်သည့်အိုးနှင့်၊ (၂၅) ပြည့်ဖြိုး ဖလား၊ (၂၆) ရေငြားသမုဒ္ဒါ၊ (၂၇) စကြာဝဠာတောင်မွန်၊ (၂၈) ဟိမဝန် တောချောင်၊ (၂၉) မြင်းမိုရ်တောင်နှင့်၊ (၃၀-၃၁) ထွန်းပြောင် နေ,လ၊ (၃၂) နက္ခတ္တာက၊ (၃၃-၃၆) ဒီပလေးသွယ်၊ ကျွန်းငယ် ရံဆောင်၊ (၃၇) ဘုန်းခေါင်စကြာမင်း၊ (၃၈) ခရုသင်းဖြူနစ်၊ ဗွေရစ်လက်ျာ၊ (၃၉) ရွှေဝါအဆင်း၊ ငါးမင်းစုံလျက်၊ (၄၀) လက်နက်စက်က၊

(၄၁-၄၇) ရေတွက်သင်္ချာ၊ ဂဂီခုနစ်တန်၊ (၄၈-၅၄) တောင်ရံခုနစ်လုံး၊ (၅၅-၆၁) အိုင်ထုံးခုနစ်ကွက်၊ (၆၂) ငှက်ဂဋ္ဌန်မင်း၊ (၆၃) မြစ်တွင်းကိန်းအောင်း၊ မိကျောင်းရေသား၊ (၆၄) တံခွန်လျားနှင့်၊ (၆၅) ကုက္ကားတံခွန်၊ (၆၆) မင်းတန်သံလျင်း၊ (၆၇) အဆင်းရွှေလား၊ သားမြီးလေဆောင်၊ (၆၈) ငွေတောင် ကေလာသ၊ (၆၉-၇၀) သီဟ,ဗျဂ္ဃါ၊ (၇၁) ဝလာဟမြင်း၊ (၇၂) ဆင်မင်းမြတ်စွာ၊ ဥပေါသထာယာဉ်မွန်၊ ဆဒ္ဒန်တူပြီ၊ (၇၃) ဗာသုကီမည်ရင်း၊ နဂါးမင်းနှင့်၊ (၇၄) ဟင်္သာရွှေလား၊ (၇၅) နွားဥသဘမွန်၊ (၇၆) ဧရာဝဏ် တခဏ်း၊ (၇၇) ရွှေမကရ်းတထွေ၊ (၇၈) ရွှေလှေလျှံဝါ၊ (၇၉) ဗြဟ္မာထွတ်ဖျား၊ (၈၀) သားနှင့်တကွ၊ နွားမနို့ညစ်၊ (၈၁) အချစ်မြဲစွာ၊ ကိန္နရာ ဖို,မ၊ (၈၂) သဒ္ဒမဆိတ်၊ ကရဝိတ်တွန်ညောင်း၊ (၈၃-၈၄) ဥဒေါင်း, ကြိုးကြာ၊ (၈၅) သံသာစက္ကဝါက်၊ (၈၆) စုံလျှက်ဇီဝဇိုဝ်း၊ (၈၇-၉၂) မိုးဝဘုံသာ၊ ဆကာမာနှင့်၊ (၉၃-၁၀၈) ဗြဟ္မာဘုံရပ်၊ ဆယ့်ခြောက်ထပ်လည်း၊ ယှဉ်စပ် မကင်း၊ ခပင်းများစွာ၊ ရံစကာနှင့်၊

စကြာခြေမွန်၊ တင့်တယ်ဟန်ကို၊ မိုးစွန်ဘုံဖျား၊ သိကြားဗြဟ္မာ၊ တူရေး လှာလည်း၊ ဘယ်မှာတမျှ၊ အတူရချိမ့်၊ အသမ,သမာ၊ သုံးလူ့ချာ၏၊ ရတနာလျှံဝင်း၊ နီဆင်းစင်သန့်၊ အကန့်တထောင်၊ ထွန်းပြောင်သိဂီ၊ သန္တာအကွပ်၊ ထိန်လျှပ်ပုံတောင်း၊ ညိုမောင်း ကျောက်မျက်၊ ခြေတော်စက်ကို၊ စုံမက်မြတ်နိုး၊ ရှိလျှင်ခိုးသည်၊ (ကောင်းကျိုးလျင်ဆော ရောက်စေသောဝ်) အကျိုးကောင်းမွန်၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ်၊ နိဗွာန်ထုတ်ချောက်၊ ရောက်စေသောဝ်၊ *(တောင်ခွင်သာသနာပိုင်မူ)*

ခြေတော်ရာပုတီးစိပ်နည်းနှင့် အကျိုးများ

(၁၀၈)ကွက် ဗုဒ္ဓစက်လက္ခဏာကို (၁၀၈)လုံး ပါရှိသော ပုတီးကုံးဖြင့် စိပ်လိုပါလျှင် အောက်ပါအတိုင်း ပါဠိဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာဖြင့်ဖြစ်စေ ရွတ်ဆိုလျှက် စိပ်နိုင်ပါသည်။ သမာဓိ ရလွယ်သော ပုတီးစိပ်နည်း ဖြစ်ပါသည်။

ရွှတ်ဆိုပုတီးစိပ်နည်း

မြတ်စွာဘုရားရှင်၏ နှစ်ဘက်သောခြေဖဝါးတော် အပြင် တို့၌ တစ်ထောင်သောအကန့်အကွက် အကွပ်တံကူ ပုံတောင်း အချက်နှင့် တကွ ခပ်သိမ်းသောအချင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈)ကွက် စက်လက္ခဏာ မင်္ဂလာအမှတ် အသားများ ဖြစ်ကြကုန်သော -

၁။ သတ္တိ,လက္ခဏာ=လှံမပုံ
၂။ သိရိဝစ္ဆ,လက္ခဏာ=အိမ်မွန်ပုံ
၃။ နန္ဒိယာဝဋ္ဋ,လက္ခဏာ=ဇလပ်ပန်းသဏ္ဌာန်ကလာပ်ပုံ
၄။ သောဝတ္တိက,လက္ခဏာ=လည်ရေးသုံးဆင့်ပုံ
၅။ ဝဇ္ဇံသက,လက္ခဏာ=ဦးဆောက်ပန်းပုံ
၆။ ဝမုမာနက,လက္ခဏာ=ယောကျ်ားတဦးက အခြားတဦးကို ထမ်းသည့်ပုံ
၇။ ဘဒ္ဒပီဋ,လက္ခဏာ=အင်းပျဉ်ပုံ (ရွှေသလွန်)
၈။ အက်ံသ,လက္ခဏာ=ချွန်းတောင်းပုံ
၉။ ပါသာဒ,လက္ခဏာ=ပြာသာဒ်ပုံ
၁၀။ တောရဏ,လက္ခဏာ=တံခါးတိုင်ပုံ
၁၁။ သေတစ္ဆတ္တ,လက္ခဏာ=ထီးဖြူပုံ
၁၂။ ခဂ္ဂ,လက္ခဏာ=သန်လျက်ပုံ
၁၃။ တာလဝဏ္ဏ,လက္ခဏာ=ထန်းရွက်ယပ်ဝန်းပုံ
၁၄။ မယူရဟတ္ထ,လက္ခဏာ=ဥဒေါင်းမြီးယပ်ပုံ
၁၅။ ဥက္ခိသ,လက္ခဏာ=သင်းကျစ်ပုံ
၁၆။ မဏိ,လက္ခဏာ=ပတ္တမြားပုံ
၁၇။ ပတ္တ,လက္ခဏာ=သပိတ်ပုံ
၁၈။ သုမနဒါမ,လက္ခဏာ=မြတ်လေးပန်းဆိုင်းပုံ
၁၉။ နီလုပ္ပလ,လက္ခဏာ=ကြာညိုပုံ (ကြာပြာ)
၂၀။ ရတ္တုပ္ပလ,လက္ခဏာ=ကြာနီပုံ
၂၁။ သေတုပ္ပလ,လက္ခဏာ=ကြာဖြူပုံ
၂၂။ ပဒုမ,လက္ခဏာ=ပဒုမ္မာကြာပုံ

၂၃။ ပုဏ္ဏရိက,လက္ခဏာ=ပုဏ္ဏရိက်ကြာပုံ
၂၄။ ပုဏ္ဏယဉ္ဇ,လက္ခဏာ=ရေပြည့်အိုးပုံ
၂၅။ ပုဏ္ဏပါတီ,လက္ခဏာ=ရေပြည့်ဖလားပုံ
၂၆။ သမုဒ္ဒ,လက္ခဏာ=မဟာသမုဒ္ဒရာပုံ
၂၇။ စက္ကဝါဠပဗ္ဗတ,လက္ခဏာ=စကြဝဠာတောင်ပုံ
၂၈။ ဟိမဝန္တပဗ္ဗတ,လက္ခဏာ=ဟိမဝန္တာတောင်ပုံ
၂၉။ မေရုပဗ္ဗတ,လက္ခဏာ=မြင်းမိုရ်တောင်ပုံ
၃၀။ သူရိယမဏ္ဍလ,လက္ခဏာ=နေဝန်းပုံ
၃၁။ စန္ဒမဏ္ဍလ,လက္ခဏာ=လဝန်းပုံ
၃၂။ နက္ခတ္တာနိ,လက္ခဏာ=နက္ခတ်တာရာများပုံ
၃၃။ ပုဗ္ဗဝိဒေဟ,လက္ခဏာ=အရှေ့.ကျွန်းပုံ
၃၄။ အပရဂေါယာန,လက္ခဏာ=အနောက်ကျွန်းပုံ
၃၅။ ဥတ္တရကုရု,လက္ခဏာ=မြောက်ကျွန်းပုံ
၃၆။ ဇမ္ဗုဒီပ,လက္ခဏာ=ဇမ္ဗူဒိပ်(တောင်)ကျွန်းပုံ
၃၇။ စက္ကဝတ္တိ,လက္ခဏာ=စကြဝတေးမင်းပုံ
၃၈။ သေတသဉ်,လက္ခဏာ=လက်ယာရစ်ခရုသင်းဖြူပုံ
၃၉။ မစ္ဆယုဂဉ္ဇ,လက္ခဏာ=ငါးကြင်းအစုံပုံ
၄၀။ စက္ကာဝုဓ,လက္ခဏာ=စက်လက်နက်ပုံ
၄၁။ လဝဏသီဒါ,လက္ခဏာ=ဆားငံ သမုဒ္ဒရာပုံ
၄၂။ ဥစ္ဆုသီဒါ,လက္ခဏာ=ကြံရည်အဆင်းရှိသော သမုဒ္ဒရာပုံ
၄၃။ သုရာသီဒါ,လက္ခဏာ=သေရည် အဆင်းရှိသော သမုဒ္ဒရာပုံ
၄၄။ သာဓိသီဒါ,လက္ခဏာ=အမှုခပ်သိမ်းပြီးစေသော သမုဒ္ဒရာပုံ
၄၅။ ဒဓိသီဒါ,လက္ခဏာ=နို့ဓမ်း အဆင်းရှိသော သမုဒ္ဒရာပုံ
၄၆။ ဒုဒ္ဓသီဒါ,လက္ခဏာ=နို့ရည်အဆင်းရှိသော သမုဒ္ဒရာပုံ
၄၇။ ဇလသီဒါ,လက္ခဏာ=ရေချို သမုဒ္ဒရာပုံ
၄၈။ ယုဂန္ဓရ,လက္ခဏာ=ယုဂန္ဓရတောင်ပုံ
၄၉။ ဣသဓရ,လက္ခဏာ=ဣသဓရတောင်ပုံ
၅၀။ ကရဝီက,လက္ခဏာ=ကရဝီကတောင်ပုံ

၅၁။ သုဒဿန,လက္ခဏာ=သုဒဿနတောင်ပုံ
၅၂။ နေမိန္ဓရ,လက္ခဏာ=နေမိန္ဓရတောင်ပုံ
၅၃။ ဝိနတက,လက္ခဏာ=ဝိနတကတောင်ပုံ
၅၄။ အဿကဏ္ဏလက္ခဏာ=အဿကဏ္ဏဆောင်ပုံ
၅၅။ အနောတတ္တ,လက္ခဏာ=အနောတတ္တရေအိုင်ပုံ
၅၆။ ကဏ္ဏမုဏ္ဍ,လက္ခဏာ=ကဏ္ဏမုဏ္ဍရေအိုင်ပုံ
၅၇။ ရထကာရ,လက္ခဏာ=ရထကာရရေအိုင်ပုံ
၅၈။ ဆဒ္ဒန္တ,လက္ခဏာ=ဆဒ္ဒန္တရေအိုင်ပုံ
၅၉။ ကုဏာလ,လက္ခဏာ=ကုဏာလရေအိုင်ပုံ
၆၀။ မဏ္ဍကိနီ,လက္ခဏာ=မဏ္ဍကိနီရေအိုင်ပုံ
၆၁။ သီဟပ္ပပါတ,လက္ခဏာ=သီဟပ္ပပါတရေအိုင်ပုံ
၆၂။ သုပဏ္ဏရာဇာ,လက္ခဏာ=ဂဠုန်မင်းပုံ
၆၃။ သံသုမာရ,လက္ခဏာ=မိကျောင်းမင်းပုံ
၆၄။ ဓဇ,လက္ခဏာ=တံခွန်လျားပုံ
၆၅။ ပဋာကာ,လက္ခဏာ=တံခွန်ကုဋ်ကားပုံ
၆၆။ သုဝဏ္ဏသိဝိကာ,လက္ခဏာ=ရတနာသံလျင်းပုံ
၆၇။ သုဝဏ္ဏဝါဠဗီဇနီ,လက္ခဏာ=ရွှေစာမရီသားမြီးယပ်ပုံ
၆၈။ ကေလာသပဗ္ဗတ,လက္ခဏာ=ကေလာသငွေတောင်ပုံ
၆၉။ သီဟရာဇာ,လက္ခဏာ=ခြင်္သေ့မင်းပုံ
၇၀။ ဗျဂ္ဃရာဇာ,လက္ခဏာ=ကျားမင်းပုံ
၇၁။ ဝလာဟကအဿရာဇာ,လက္ခဏာ =ဝလာဟကမြင်းမင်းပုံ
၇၂။ဥပေါသထ ဆဒ္ဒန္တဟတ္ထိရာဇာ,လက္ခဏာ=ဥပေါသထဆဒ္ဒန္တဆင်မင်းပုံ
၇၃။ ဇာသုကိနာဂရာဇာ,လက္ခဏာ= ဇာသုကီ နဂါးမင်းပုံ
၇၄။ ဟံသရာဇာလက္ခဏာ=ဟင်္သာမင်းပုံ
၇၅။ ဥသဘရာဇာ,လက္ခဏာ=ဥသဘနွားမင်းပုံ
၇၆။ ဧရာဝဏဟတ္ထိရာဇာ,လက္ခဏာ=ဧရာဝဏ်ဆင်မင်းပုံ
၇၇။ သုဝဏ္ဏကာရ,လက္ခဏာ=ရွှေမကာရ်းပုံ
၇၈။ သုဝဏ္ဏနာဝါ,လက္ခဏာ=မုခ်ထွင့်လေးခုရှိသောရွှေလှေပုံ

၇၉။ ပြဟ္မရာဇာ,လက္ခဏာ=ပြဟ္မာမင်းပုံ
၈၀။ သဝစ္ဆကာဓေနု,လက္ခဏာ=နွားသားအမိပုံ
၈၁။ ကိပုရိသ ကိပုရိသီ,လက္ခဏာ=ကိန္နရာအဖို အမပုံ
၈၂။ ကရဝိက,လက္ခဏာ=ကရဝိက်ငှက်မင်းပုံ
၈၃။ မယူရရာဇာ,လက္ခဏာ=ဥဒေါင်းမင်းပုံ
၈၄။ ကောဉ္စရာဇာ,လက္ခဏာ=ကြိုးကြားငှက်မင်းပုံ
၈၅။ စက္ကဝါကရာဇာ,လက္ခဏာ=စက္ကဝါက်ငှက်မင်းပုံ
၈၆။ ဇီဝဉ္ဇီဝကရာဇာ,လက္ခဏာ=ဇီဝဇိုဝ်းငှက်မင်းပုံ
၈၇။ စာတုမဟာရာဇိကာ,လက္ခဏာ=စာတုမဟာရာဇ်နတ်ဘုံ
၈၈။ တာဝတိံသာ,လက္ခဏာ=တာဝတိံသာနတ်ဘုံ
၈၉။ ယာမာ,လက္ခဏာ=ယာမာနတ်ဘုံ
၉၀။ တုသိတာ,လက္ခဏာ=တုသိတာနတ်ဘုံ
၉၁။ နိမ္မာနရတီ,လက္ခဏာ=နိမ္မာနရတီနတ်ဘုံ
၉၂။ ပရနိမ္မိတဝသဝတ္တီ,လက္ခဏာ=ပရနိမ္မိတဝသဝတ္တီနတ်ဘုံ
၉၃။ ပြဟ္မပါရိသဇ္ဇာ,လက္ခဏာ=ပါရိသဇ္ဇာပြဟ္မာဘုံ
၉၄။ ပြဟ္မပုရောဟိတာ,လက္ခဏာ=ပုရောဟိတပြဟ္မာဘုံ
၉၅။ မဟာပြဟ္မာ,လက္ခဏာ=မဟာပြဟ္မာဘုံ
၉၆။ ပရိတ္တာဘာ,လက္ခဏာ=ပရိတ္တာဘာပြဟ္မာဘုံ
၉၇။ အပ္ပမာဏာဘာ,လက္ခဏာ=အပ္ပမာဏာဘာပြဟ္မာဘုံ
၉၈။ အာဘဿရာ,လက္ခဏာ=အာဘဿရာပြဟ္မာဘုံ
၉၉။ ပရိတ္တသုဘာ,လက္ခဏာ =ပရိတ္တသုဘာပြဟ္မာဘုံ
၁၀၀။ အပ္ပမာဏသုဘာ,လက္ခဏာ =အပ္ပမာဏသုဘာပြဟ္မာဘုံ
၁၀၁။ သုဘကိဏ္ဏာ,လက္ခဏာ=သုဘကိဏ္ဏာပြဟ္မာဘုံ
၁၀၂။ ဝေဟပ္ဖလာ,လက္ခဏာ=ဝေဟပ္ဖလာပြဟ္မာဘုံ
၁၀၃။ အသညသတ္တာ,လက္ခဏာ=အသညသတ္တာပြဟ္မာဘုံ
၁၀၄။ အဝိဟာ,လက္ခဏာ=အဝိဟာပြဟ္မာဘုံ
၁၀၅။ အတပ္ပါ,လက္ခဏာ=အတပ္ပါပြဟ္မာဘုံ
၁၀၆။ သုဒဿိ,လက္ခဏာ=သုဒဿာပြဟ္မာဘုံ

၁၀၇။ သုဒဿီ,လက္ခဏာ=သုဒဿီ ဗြဟ္မာဘုံ
၁၀၈။ အကနိဋ္ဌာ,လက္ခဏာ=အကနိဋ္ဌာဗြဟ္မာဘုံ တို့ ရှိကြပါပေ ကုန်သည် တကား။

စက်လက္ခဏာ ပုတီးစိပ်ခြင်း အကျိုးများ

ဆိုခဲ့ပြီးသည့်အတိုင်း စက်လက္ခဏာတို့ကို ရွတ်ဆို ပုတီးစိပ်သော သူသည်-

၁။ အခြံအရံပရိသတ်ပေါများခြင်း
၂။ ခရီးသွားလာရာ၌ ဘေးရန်အန္တရာယ်ကင်းခြင်း
၃။ ဂြိုဟ်စီးဂြိုဟ်နင်း အတိုက်အခိုက်ဆိုးများ၊ အန္တရာယ်ဆိုးများ ပြေပျောက် စေခြင်း
၄။ စက်လက္ခဏာတို့ကို ကျက်မှတ်ရွတ်ဆို ပွားများ ပုတီးစိပ်စဉ် စကြာဝတေး မင်းကဲ့သို့ ဟိတ်ဟန်တို့ ပြည့်စုံစေခြင်း
၅။ စက်လက္ခဏာ တစ်ကွက်စီမှာရှိသော သိဒ္ဓိဓါတ်များ ရရှိ စေနိုင်ခြင်း
၆။ စက်လက္ခဏာကို ရွတ်ဆို ကျင့်ကြံ ပူဇော်သူများအား ခြေတော်ရာ စက်ကို စောင့်ရှောက်သော နတ်နဂါးများက ကြည့်ရှု စောင့်ရှောက်ခြင်း
၇။ အပါယ်လေးပါး မကျနိုင်ခြင်း
၈။ နိဗ္ဗာန်သို့မရောက်မီ လူ့ပြည် နတ်ပြည်တို့၌သာလျှင် စုန်ဆန် ကျင်လည်ရခြင်း
၉။ စကြာဝတေးမင်းဖြစ်နိုင်ခြင်း
၁၀။ နောက်ဆုံးဘဝ၌ **ပဒသညကမထေရ်**ကဲ့သို့ အာသဝေါတရား ကုန်ခမ်းသော ရဟန္တာအဖြစ်သို့ ရောက်ရှိနိုင်ခြင်း စသော အကျိုးများကို ရရှိနိုင်သည်။

(အပါဒါန် ပါဠိတော်)

နမက္တာရကျမ်းလာ ရှိခိုးဂါထာ

ယော ပါဒပက်ဇ မုဒုတ္တလ ရာဇိကေဟိ၊
လောကေဟိ တီဟိ ဝိကလေဟိ နိရာကုလေဟိ။
သမ္ပါပုဏော နိရုပမေယျတမေဝ နာထော၊
တံ သဗ္ဗလောက မဟိတံ အသမံ နမာမိ။

ယော နာထော၊ အကြင် လူသုံးပါးတို့၏ ကိုစားရာတစ်ဆူ ဖြစ်တော်မူသော သဗ္ဗညူ မြတ်စွာဘုရားသည်။ **အဝိကလေဟိ၊** စက္ကဝတ်အလျာရာဟုလာသား သူတို့အားကဲ့သို့ လျော့ပါးယွင်းယို လိုလေသေးမရှိကုန်သော။ **နိရာကုလေဟိ၊** ပါရမီတော် ရွှေဘုန်းတော်တို့ နှိုးဆောက်ထောက်ပံ့ဖူးတိုင်းအံ့အောင် သန့်လျက် သန့်လျက် အကန့်အကွက်တို့ဖြင့် ရောယှက်ရှုပ်ထွေး မှိန်မှေးခြင်း မရှိကုန်သော။ **ပါဒပက်ဇမုဒုတ္တလရာဇိကေဟိ ဧဝ၊** ခြေတော်အစုံ ကြာပဒုံ၏ ဂွမ်းပုံလဲစု ပုလဲဥသို့ ချောနုပြေသန့် ကြွေခမန့်လျင်နူးညံ့ထင်ပေါ် အပြင်တော်၌ မြင်သော်မဝ ထိန်လျှံပသား တစ်ရာ့ရှစ်ဖေါ် စက်လက္ခဏာတော် အရေးတို့ဖြင့်ပင်လျှင်။ **တီဟိ လောကေဟိ၊** ဗြဟ္မာနတ်လူ သုံးဘုံသူတို့နှင့်။ **နိရုပမေဟိ၊** ရွှေမျက်နှာတော် လုံးရပ်တော်နှင့် ဂုဏ်တော်ကိုကား အပထားတော့၊ ဖဝါးစကြာ စုံနှစ်ဖြာ၌ပင် ဂုဏ်အင်တဝိုင်းတူသည်ဟု နှိုင်းရုံမျှ နှိုင်းပြိုင်အပ်သူ မပြု မရှိသည်၏အဖြစ်သို့။ **သမ္ပါပုဏော၊** ပါရမီတော် နှိုးပင့်ဆော်၍ ရောက်တော် မူကြီး ရောက်တော်မူလေပြီ။

သဗ္ဗလောကမဟိတံ၊ လူရောနတ်ပါ ဗြဟ္မာအဆုံး သတ္တဝါအားလုံးတို့ ညွှတ်ရုံးကော်ရော် ပူဇော်ဦးခိုက် အပ်ပေထသော။ **အသမံ၊** လောကဓာတ်ခရိုင် ဘုံသုံးဆိုင်ဝယ် နှုန်းပြိုင်အပ်သူ တစ်ယောက်လူမျှ မပြု မရှိပေထသော။ **တံ နာထံ၊** ထိုလူသုံးပါးတို့၏ ကိုးစားရာတစ်ဆူ ဖြစ်တော်မူသော သဗ္ဗညူ မြတ်စွာ ဘုရားကို။ **နမာမိ၊** ကျေးဇူးတော်ဂုဏ် အဖုံဖုံကို အာရုံမြတ်နိုးတုံ့ဝပ်လျှိုး၍ ရှိခိုးကန်တော့်ပါ၏ အရှင်ဘုရား။ *(မင်းကွန်းဆရာတော်)*

ပဇ္ဇမဇ္ဇကျမ်းလာ ဆုတောင်းဂါထာများ
အာဂါမိကာလ ဇနမင်္ဂလဘတ္တုဘာဝံ။
ဗျာကတ္တု မတြ ကုသလေနိဝ နိမ္မိတာနိ။
ယတြာသု မဌသတမင်္ဂလ လက္ခဏာနိ။
သာဓေတု တံ ပဒယုဂံ ဇယမင်္ဂလာနိ။

နောက်အနာဂါတ်အခါ၌၊ လူအပေါင်းတို့၏ ကြီးပွားကြောင်း ဖြစ်ခြင်းကြောင့်၊ ဆည်းကပ် ပူဇော်ခြင်း ပြုအပ်သည်၏အဖြစ်ကို ဤလောက၌၊ တင်စွာပြုခြင်းငှာ၊ ရှေးကောင်းမှုတော် ကုသိုလ်ကံသည် စီမံဖန်ဆင်း အပ်ကုန်သော(ဝါ) ပြုလုပ်ဖန်ဆင်းခြင်း၌ လိမ္မာ ကျွမ်းကျင်သော ပညာရှင်သည် ပြုလုပ်ဖန်ဆင်း အပ်ကုန် သကဲ့သို့ ဖြစ်သော တရာ့ရှစ်ကွက်၊ စက်လက္ခဏာ၊ မင်္ဂလာတို့သည်၊ အကြင် ကြက်သရေယှိသော ခြေတော် အစုံ၌ ထင်ရှားစွာ ဖြစ်ပေါ်တော် မူလာကြကုန်ပြီ။ ထိုအသရေရှိသော ခြေတော်စက်အစုံသည် အောင်မြင် ခြင်းနှင့် ကြီးပွားခြင်း မင်္ဂလာတို့ကို ကိုယ်တော်၌ မင်္ဂလာကို ပြီးစေ တတ်သော အမှတ်တံဆိပ် လက္ခဏာတော်များ ယှိခြင်းကြောင့် ပြီးစီး တော်မူပါစေသတည်း။

သဗ္ဗေဘိဘူယ သပဒေသု နိပါတနဿ၊
သညာဏကံ ဝိယ ယဒဿိတ သဗ္ဗလောကာ။
ပါဒါတျ ဓောတက တိလောက သိရောဝရာပိ၊
လောကံ ပုဏန္တု ဇယမင်္ဂလ ကာရဏာနိ။

အကြင် အသရေယှိသော၊ ခြေတော်တို့၌မှီသော၊ အလုံးစုံသော လောက၏ ရုပ်ယှိကုန်သော၊ ဆန့်ကျင်ဘက် ရန်သူအားလုံးတို့ကို၊ လွှမ်းမိုးနှိပ်နင်း၍ ကိုယ်တော်မြတ်၏၊ ခြေဖဝါးတော် အပြင်တို့၌ ဝပ်လျှိုးစေတော်မူခြင်း၏ ရှေးကောင်းမှုတော် ကုသိုလ်ကံသည်၊ ပြုလုပ်စီမံအပ်သော အမှတ်အသား တံဆိပ်သဘွယ်လည်း ဖြစ်ထသော။

ထိုလက္ခဏာတော် တံဆိပ် အမှတ်အသားအားလျော်စာပင်လျှင်၊ အောက်အဖို့၌ ပြုထားအပ်သော၊ လောကသုံးပါး၌နေသူ၊ နတ်လူပြဟ္မာတို့၏၊ မြတ်သော ဦးခေါင်းလည်း ယိုတော်မူကုန်ထသော၊ ထိုမြတ်စွာဘုရားသခင်၏၊ ခြေတော်မြတ်နှစ်ဆူတို့သည်၊ ရန်အောင်ခြင်းနှင့် ကြီးပွားခြင်း အကြောင်းတို့ကို (ပြုတော်မူကုန်လျက်) လူအပေါင်းကို သုတ်သင် ဖြူစင်တော်မူစေပါကုန်သတည်း။ *(မော်လမြိုင် တောင်ပေါက်ဆရာတော်)*

(၄)အနန္တဇိနဗုဒ္ဓခြေတော်ရာမှတ်တမ်း

ဗုဒ္ဓခြေတော်ရာ(ပါဒစက်တော်ရာ)
ဒီဇိုင်းမူ+မင်္ဂလာအမှတ်အသား အတည်ပြုနိုင်ရေး
ဆွေးနွေးပွဲမှတ်တမ်း
ပထမအကြိမ် ဆွေးနွေးပွဲ (၆၊ ၆၊ ၂၀၀၇)
၁၃၆၉-ခုနှစ် နယုန်လပြည့်ကျော် (၇)ရက် ဗုဒ္ဓဟူးနေ့

တက်ရောက်သူများ

၁။ ဗန်မော်ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ, Ph.D B.A အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် တိပိဋကပါဋိမြန်မာ အဘိဓာန်ကျမ်းပြု, ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ, သကျသီဟ ဝင့်သကာ,သိရီပဝရ ဓမ္မာစရိယ, ပါဋိသိရောမဏိ)

၂။ လှရတနာဘုန်းကြီးဘဒ္ဒန္တနာရဒါဘိဝံသ (ပထမကျော်, အဂ္ဂမဟာကျော်, အဌကထာပြန်အကျော်, ဝင့်သကာ,ပါဋိပါရဂူ, သ. စ. အ ဓမ္မာစရိယ)

၃။ မင်္ဂလာသီဟိုဘုန်းကြီး ဘဒ္ဒန္တစန္ဒာသီရိဘိဝံသ (ပထမကျော်)
၄။ ချမ်းအေးဘုန်းကြီး ဘဒ္ဒန္တဝိလာသ (ဝေမိုး-ကျွန်းလှ)
၅။ ဦးအောင်မြင့် (အောင်မြင့်ဟိန်း သာသနာပြု)
၆။ ဦးမြင့်မောင် (မြန်မာမှု ဒီဇိုင်းပညာရှင်)
၇။ ဦးကျော်ဆန်းလွင်
၈။ ဒေါက်တာ ဒေါ်မြင့်မြင့်
၉။ ဒေါ်စန်းစန်းဝင်း

ဒုတိယအကြိမ် ဆွေးနွေးပွဲ (၁၀၊ ၆၊ ၂၀၀၇)
၁၃၆၉-ခုနှစ်၊ နယုန်လပြည့်ကျော် (၁၁)ရက်၊ တနင်္ဂနွေနေ့

၁။ လှရတနာဘုန်းကြီး ဘဒ္ဒန္တနာရဒါဘိဝံသ
၂။ ဦးအောင်မြင့်ထွန်း (B.A တာဝန်ခံစီစဉ်ပူဇော်သူ၊ ကုံလုံ ဆရာတော်ကြီး နယားဆရာတော်ကြီးများ၏ တဘဝသာသနာ ကျမ်းပြု)
၃။ ဦးမြင့်မောင်
၄။ ဒေါ်သန်းသန်းဝင်း

တတိယအကြိမ် ဒီဇိုင်းမှူ ဆွေးနွေးအတည်ပြုပွဲ (၁၂၊ ၆၊ ၂၀၀၇)
၁၃၆၉-ခုနှစ်၊ နယုန်လပြည့်ကျော် (၁၃)ရက်၊ အင်္ဂါနေ့

၁။ ဗန်မော်ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ
၂။ လှရတနာဘုန်းကြီး ဘဒ္ဒန္တနာရဒါဘိဝံသ
၃။ မင်္ဂလာသီဟိုဘုန်းကြီး ဘဒ္ဒန္တစန္ဒာသီရိဘိဝံသ
၄။ ချမ်းအေးဘုန်းကြီး ဘဒ္ဒန္တဝိလာသ
၅။ ဦးမြင့်မောင်
၆။ ဦးအောင်ဟိန်း (ဓာတ်ပုံပညာရှင်)
၇။ ဒေါ်လဲ့လဲ့ဝင်း

စတုတ္ထအကြိမ် မဂ်လာအမှတ်အသား ဆွေးနွေးအတည်ပြုပွဲ
(၂၉၊ ၆၊ ၂၀၀၇)
၁၃၆၉-ခုနှစ်၊ ပထမဝါဆိုလပြည့် သောကြာနေ့

၁။ ဗန်မော်ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ
၂။ လှရတနာဘုန်းကြီး ဘဒ္ဒန္တနာရဒါဘိဝံသ
၃။ ချမ်းအေးဘုန်းကြီး ဘဒ္ဒန္တဝိလာသ
၄။ ဦးမြင့်မောင်
၅။ ဦးအောင်ဟိန်း
၆။ ဒေါ်လဲ့လဲ့ဝင်း
၇။ ဒေါ်စန်းစန်းဝင်း

မြတ်စွာဘုရားရှင်၏ ဗုဒ္ဓခြေတော်ရာ (ပါဒစက်တော်ရာ) ဒီဇိုင်းမူ-အတည်ပြု ဆွေးနွေးပွဲ အခမ်းအနား အစီအစဉ်

(၁၂၊၆၊ ၂၀၀၇)

၁။ နမောတဿ (၃)ကြိမ် ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ရန်။

၂။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒု-ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ-ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော် ဆရာတော်က အဖွင့်သြဝါဒစကား မိန့်ကြားရန်။

၃။ ချမ်းအေးဘုန်းကြီး ဦးဝိလာသ (ဝေမိုး-ကျွန်းလှ)က အစည်းအဝေးသို့တက်ရောက်လာသော အဖွဲ့ဝင်ပုဂ္ဂိုလ်တို့အား မိတ်ဆက်ပေးရန်။

၄။ လှရတနာ ဆရာတော်က ထုတ်ထားသော ဒီဇိုင်းမူ (၃)မျိုးကို ရှင်းလင်းတင်ပြရန်။

၅။ အဖွဲ့ဝင်ပုဂ္ဂိုလ်တို့က ဆွေးနွေးတင်ပြကြရန်။

၆။ ဗန်းမော်ဆရာတော်က ဗုဒ္ဓခြေတော်ရာ ဒီဇိုင်းမူကို အတည်ပြု ဆုံးဖြတ်ရန်။

၇။ အတည်ပြုပြီးသော ဗုဒ္ဓခြေတော်ရာ ဒီဇိုင်းမူကို (၁၀၈)ကွက်စက် စက္ခဏာ ပါဠိ+မြန်မာနှစ်ဘာသာတို့ဖြင့် ရွတ်ဖတ်ပူဇော်ရန်။

၈။ ကြွရောက်လာသော ဆရာတော်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းရန်။

၉။ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" (၃)ကြိမ် ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းရန်။

အနန္တဇိန ဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီတော်
တည်ထားကိုးကွယ်ရန် ပလ္လင်တော် အုတ်မြစ်တော်စိ
မင်္ဂလာအခမ်းအနား အစီအစဉ်

အုတ်မြစ်တော်စိ မင်္ဂလာနေ့ရက်အချိန် = ၁၃၆၉-ခုနှစ်၊ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ (၂၈၊၈၊၂၀၀၇) အင်္ဂါနေ့ နံနက် (၇၊ ၂၀)နာရီ အချိန်

ပလ္လင်တော်ပတ်ဝန်းကျင်အနီးတွင် နေ့နံသား (၇)ဦးစုံလင်စွာ ပါရှိရမည်။ ရှေးဦးစွာ သောကြာသားက အင်္ဂတေကို အင်္ဂါထောင့်မှစ၍ အုတ်မြစ်စိမည့်နေရာ၌ ထည့်သွင်းရမည်။ ပြီးမှ အလှူရှင် (၄)ဦးတို့က အစဉ် အတိုင်း အင်္ဂါ+စနေ+ရာဟု+တနင်္ဂနွေထောင့်အလိုက်စိရမည်။

နေ့နံသား (၇)ဦးတို့ကား -

၁။ ဒေါ်အေးမြစန္ဒာ၊ ဒေါ်အေးမြင့် (တနင်္ဂနွေ)။

၂။ ဒေါ်ခင်ထားရီ (တနလ်ာ)။

၃။ ကိုဇော်လွင်ဦး၊ ဒေါ်စန်းစန်းဝင်း (အင်္ဂါ)။

၄။ ဒေါ်တင်နွဲအေး (ဗုဒ္ဓဟူး)။

၅။ ဒေါ်ခင်ဌေးရီ + ဒေါ်လဲ့လဲ့ဝင်း၊ ဒေါ်ခင်မိမိ (ကြာသပတေး)

၆။ ဦးလှသောင်း၊ ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်သိန်းသိန်းမြ၊ ဒေါ်သီတာပြိုး (သောကြာ)။

၇။ ဒေါ်ရင်ရင်ဝင်း (စနေ)။

သောကြာသမီး ဒေါ်သီတာပြိုးက အင်္ဂတေဒယ်ကို ကိုင်ဆောင်၍ သောကြာသားညောင်တုန်း ဆရာတော်က အင်္ဂတေကိုအင်္ဂါထောင့် အုတ်မြစ်စိမည့် နေရာ၌ ထည့်သွင်းပေးရပါမည်။

၁။ ဒေါ်လဲ့လဲ့ဝင်း ကိုင်ဆောင်ပေးသော ရွှေအုတ်ကို ဦးလှသောင်းက အင်္ဂါထောင့်တွင် စိသွင်းရပါမည်။

၂။ ဒေါ်ခင်မိမိကိုင်ဆောင်ပေးသော ရွှေအုတ်ကို ဒေါ်မြင့်မြင့်ဝင်းက စနေထောင့်တွင် စိသွင်းရပါမည်။

၃။ ဒေါ်ရင်ရင်ဝင်း ကိုင်ဆောင်ပေးသော ရွှေအုတ်ကို ဒေါ်ခင်ထားရီက ရာဟု ထောင့်တွင် စီသွင်းရပါမည်။
၄။ ဒေါ်ခင်ဌေးရီ ကိုင်ဆောင်ပေးသော ရွှေအုတ်ကို ဒေါ်သိန်းသိန်းမြက တနင်္္ဂနွေထောင့်တွင်စီသွင်းပေး ရပါမည်။

ဘုရားလေးဆူ အထိမ်းအမှတ်အဖြစ် ရွှေအုတ် (၄)ချပ်ကို စီသွင်းပြီးသော အခါ၌ ညောင်တုန်းကျောင်းတိုက် ဆရာတော်နှင့် အင်ဂျင်နီယာဦးမြင့်အောင်တို့က အမွေးနုံ့သာရေတို့ဖြင့် ပက်ဖျန်းကြပြီး ကြွရောက်လာကြသော ပုဂ္ဂိုလ်အပေါင်းတို့က “ဇယန္တော ဗောဓိယာ မူလေ” ဂါထာကို (၃)ခေါက် ရွတ်ဆိုကြရပါမည်။

ထို့နောက် မြတ်စွာဘုရားရှင်၏ (၁၀၈)ကွက် စက်လက္ခဏာတော်တို့ကို ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် ရွတ်ဆို ပူဇော်ကြရပါမည်။ ၎င်းနောက် ပလ္လင်တော် အလှူရှင် ဦးကျော်ကင်ရော့+ဒေါ်အောင်ပိုးလှ၊ သားသမီး၊ မြေး၊ မြစ်တစ်စုက ကြွရောက်လာသော ညောင်တုန်းတိုက် ဆရာတော်၊ အဘိဓဇဆွမ်းစားကျောင်း ဆရာတော်၊ လှရတနာ ဆရာတော်၊ မင်္ဂလာသိဒ္ဓိ ဆရာတော်အားဖြင့် ဆရာတော် (၄)ပါးတို့ကို လှူဖွယ်ဝတ္ထု ဆက်ကပ် လှူဒါန်းပြီး လှရတနာ ဆရာတော်က ရေစက်သွန်းချ အမျှပေးဝေပါမည်။ ယင်းနောက် ပလ္လင်တော် အလှူရှင်မိသားစုက ရွှေမိုး၊ ငွေမိုးရွာသွန်းပြီး အခမ်းအနားကို ရုပ်သိမ်းပါမည်။

အနန္တဇိန ဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီတော်
သီတင်းသုံးမည့် ရတနာပ လွှင်တော် ဌပနာတိုက်အတွင်းသို့
စေတီ(၅)ဆူ ပင့်ဆောင် ဌပနာသွင်းခြင်း
မဟာမင်္ဂလာ အခမ်းအနား အစီအစဉ်

၁၃၆၉-ခုနှစ်၊တော်သလင်းလဆန်း (၁၁) ရက်၊ (၂၂၊ ၉၊ ၂၀၀၇) စနေနေ့
နံနက်- (၇-၂၀) နာရီ

ဌပနာသွင်းခြင်း မဟာမင်္ဂလာအခမ်းအနားကို (၃) ပိုင်းခွဲ၍
ကျင်းပခြင်း

(က) ပထမပိုင်း သီးလခံယူဆောက်တည်ခြင်း

၁။ ပရိသတ်အားလုံးက ချမ်းအေးဘုန်းကြီး ဦးဝိလာသအထံမှ
ငါးပါးသီလခံယူဆောက်တည်ကြခြင်း၊

၂။ သံဃာတော်များက မေတ္တာသုတ် ပရိတ်ချီးမြှင့်ရန်၊

(ခ) ဒုတိယပိုင်း-ဌပနာသွင်းခြင်း

၁။ နမော တဿ (၃) ကြိမ် ရွတ်ဆို၍ ဘုရားရှိခိုးရန်၊

၂။ မင်္ဂလာသိဒ္ဓိဘုန်းကြီး ဦးစန္ဒာသိရိဘိဝံသက ပလ္လင်တော်
ဌပနာတိုက်အတွင်းသို့ စေတီ (၅) ဆူကို ပင့်ဖိတ်ရန်၊

၃။ ဒေါက်တာ မြင့်ဌေးက ကြေးမော်ကွန်းစာကို ဌပနာတိုက်အတွင်းသို့
ထည့်သွင်းရန်၊

၄။ ဆွမ်းစားကျောင်း ဆရာတော် ဘဒ္ဒန္တဉာန္ဒက က ကကုသန် ဘုရား
ရုပ်ပွါးတော်၊

၅။ မင်္ဂလာသိဒ္ဓိဘုန်းကြီး ဘဒ္ဒန္တစန္ဒာသိရိဘိဝံသက ကောဏာဂုမ်
ဘုရားရုပ်ပွါးတော်၊

၆။ ရတနာဘုန်းကြီးဘဒ္ဒန္တနာရဒါဘိဝံသက ကဿပဘုရားရုပ်ပွါးတော်၊

၇။ ညောင်တုန်းတိုက် ဆရာတော်ဘုရားကြီးက ဂေါတမဘုရား
ရုပ်ပွါးတော်၊

၈။ ဦးလှသောင်းက ပိဋကတ် (၃) ပုံ ဓမ္မစေတီ ရွှေပေလွှာ (၃) ချပ်၊

၉။ တရားသူကြီး-ဦးမြင့်စိုးက ပရိဘောဂစေတီ ရွှေသင်္ကန်းနှင့် အောင်မြေမျှား၊

၁၀။ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့. ဥက္ကဋ္ဌ ဦးကြည်ဝင်းက ပရိဘောဂစေတီ ဗောဓိ ရွှေညောင်ရွက် (၄)ရွက်+ရွှေအသုံး အဆောင် ပစ္စည်း၊

၁၁။ ပရိယတ္တိသာသနပါအသင်းဥက္ကဋ္ဌ ဦးချစ်အေးက မာတုစေတီ ဓာတ်တော်ကြွတ်၊

၁၂။ ချမ်းအေးဘုန်းကြီး ဦးဝိလာသက လျှောင်းတော်မူရုပ်ပွါးတော် ဥဒ္ဒိဿစေတီ (၁) ဆူ၊

၁၃။ ဦးသန်းစိန်က ရွှေဆင်းတုရုပ်ပွါး ဥဒ္ဒိဿစေတီ (၁၂) ဆူ၊

၁၄။ ကိုဝင်းထွန်းနိုင်က နဂါးရုံဘုရား+ကမာကုရဘုရား+ အုတ်ခွက်ဘုရား ရုပ်ပွါးတော် (၄) ဆူ၊

၁၅။ ပန်းခြံးပန်းပု နည်းပြဆရာ ကိုမြင့်မောင်က ကြေးဗုဒ္ဓခြေတော်ရာ ပါဒစေတီကိုထည့်သွင်းရန်၊

၁၆။ အင်ဂျင်နီယာ ကိုမြင့်အောင်က ကျောက်မျက်ရတနာများကို ထည့်သွင်း ပူဇော်ရန်၊

၁၇။ ကျွန်ုပ်ဆရာ ကိုဇော်မျိုးအောင်က နံ့သာရေများပက်ဖြန်းရန် (ကျွန်ုပ်ဆရာကိုဇော်မျိုးအောင်ကပင် ဌပနာပစ္စည်းတို့ကို ယူပေးရန်)၊

(၈) တတိယပိုင်း ရှိခိုးပူဇော် အလှူရေစက်ချခြင်း

၁။ သံယာတော်များက ဦးဆောင်၍ စေတီ (၅) ဆူကို အနန္တဇိန ဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီ ဘုရားရှိခိုးဖြင့် ရှိခိုးပူဇော်ရန်

၂။ ဦးဇော်မျိုးအောင်+ဒေါ်စောမွန်အေး မိသားစုက-သံယာတော် အရှင်မြတ် (၅) ပါးတို့အား သင်္ကန်းကပ်လှူရန်

၃။ လှရတနာဘုန်းကြီး ဘဒ္ဒန္တနာရဒါဘိဝံသက အနုမောဒနာရေစက်ချ တရားချီးမြင့်ရန်၊

၄။ ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု (၃) ကြိမ် ရွတ်ဆို၍ အခမ်းအနား ရုပ်သိမ်းရန်၊

၅။ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့. ဥက္ကဋ္ဌ ဦးကြည်ဝင်းက ရွှေမိုး ငွေမိုး ရွာသွန်းရန်၊

ရန်ကုန်တိုင်း၊ဗဟန်းမြို့နယ်-
ပါဋိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်
လှရတနာသုံးထပ်ကျောင်း မြေညီထပ်တွင် သီတင်းသုံးစံပယ်မည့်
အနန္တဇိန ဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီတော်
ရေစက်ချ လှူဒါန်း တည်ထားကိုးကွယ်ပူဇော်ခြင်း
မဟာမင်္ဂလာ အခမ်းအနား အစီအစဉ်
၁၃၆၉-ခုနှစ်၊ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့
(၂၆၊ ၁၀၊ ၂၀၀၇)

၁။ ပရိသတ်အားလုံးက **"နမော တဿ"** ဘုရားရှိခိုး (၃) ကြိမ် ရွတ်ဆို၍အခမ်းအနားဖွင့်လှစ်ရန်၊

၂။ ပါဋိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂု နိုင်ငံတော် ဩဝါဒါစရိယ-ဆရာတော်ကြီး ဘဒ္ဒန္တသောဘဏ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ရန်၊

၃။ (၁၀၈)တောင် ဆင်ဖြူတောင် ဆရာတော် ဘဒ္ဒန္တဂုဏိန္ဒ က အနန္တဇိနဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီတော်မော်ကွန်းကို ဖတ်ကြားပူဇော်ရန်၊

၄။ သံဃာတော်များ ဦးဆောင်၍ (၁၀၈) ကွက် စက်လက္ခဏာ ပါဋိ+မြန်မာ နှစ်ဘာသာဖြင့် ရွတ်ဖတ်လျက် အနန္တဇိန ဗုဒ္ဓ ခြေတော်ရာ ရတနာပါဒစေတီတော်ကို ပူဇော်ရန်၊

၅။။ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့ ဥက္ကဋ္ဌ ဦးကြည်ဝင်း က အနန္တဇိနဗုဒ္ဓ ခြေတော်ရာ ရတနာပါဒစေတီတော်နှင့်စပ်၍ ဝမ်းမြောက် ဂုဏ်ယူဖွယ် ကျေးဇူးတင်စကားကို လျောက်ထားရန်၊

၆။ ဘုရားဒါယကာ+ဒါယိကာမတို့က သင်္ကန်းစသော လှူဖွယ်ဝတ္ထု ပစ္စည်းတို့ကို သံဃာတော်များအား ဆက်ကပ်လှူဒါန်းရန်၊

၇။ ပါဋိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် စာချ,နာယက

ပထမကျော်,အဂ္ဂမဟာအကျော်, သ. စ. အ-ဓမ္မာစရိယ,
ဝဠုံသကာ, ဝိနယပါဠိပါရဂူ-ဘဒ္ဒန္တနာရဒါဘိဝံသ က ရေစက်ချ
အနုမောဒနာတရားချီးမြှင့်ရန်၊

၈။ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" (၃) ကြိမ် ရွတ်ဆို၍ အခမ်းအနား
ရုပ်သိမ်းရန်၊

၉။ ပရိယတ္တိသာသနပါအသင်းဥက္ကဋ္ဌကြီး ဦးချစ်အေးက အနန္တဇိနဗုဒ္ဓ
ခြေတော်ရာ ရတနာပါဒစေတီတော် တည်ထားကိုးကွယ် ပူဇော်
အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုး,ငွေမိုး ရွာသွန်းရန်။



အနန္တဇိန ဗုဒ္ဓခြေတော်ရာ ရတနာ ပါဒစေတီတော် တည်ထားကိုးကွယ် ပူဇော်ပွဲနှင့် စပ်လျဉ်း၍ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့ ဥက္ကဋ္ဌ-တပည့်တော် ကြည်ဝင်း၏ ဝမ်းမြောက်ဂုဏ်ယူဖွယ် ကျေးဇူးတင် လျော်ထားလွှာပါဘုရား

သံယာတော် အရှင်မြတ်တို့ဘုရား ဘုရားတပည့်တော်တို့ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့ အဖွဲ့ဝင် ဓမ္မမိတ်ဆွေတို့သည် လှရတနာ ဆရာတော်နှင့်အတူ မြန်မာပြည်အရပ်ရပ်ရှိ ဘုရား,စေတီ,ပုထိုးကျောင်းကန်တို့မှ ဗုဒ္ဓခြေတော်ရာတို့ကို လှည့်လည် ပူဇော်ဖူးမျှော်ခဲ့ကြပါသည်ဘုရား၊ ထို့အပြင် အိန္ဒိယ၊ နီပေါ၊ ထိုင်း၊ သီရိလင်္ကာ-စသော နိုင်ငံတို့သို့လည်း သွားရောက်လျက် ဗုဒ္ဓခြေတော်ရာတို့ကို လှည့်လည် ကြည်ညိုရှိခိုးခဲ့ကြပါတယ်ဘုရား။

ထို့မှတဖြာ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့ဝင်ထဲမှ ဓမ္မမိတ်ဆွေ မိသားစုတစုစီတို့က ပြင်ဦးလွင်မြို့ ပိတ်ချင်းမြောင် လှိုဏ်ဂူ တောင်ဂူမြို့ ဆီဖြူပင်သာသာနာ့ ရိပ်သာ၊ ရန်ကုန်မြို့ အိမ်တော်ရာဘုရား၊ ဆူးလေဘုရား၊ မဟာဝိဇယစေတီနှင့် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်မှာလည်းသဲ သစ်သား ယွန်း စကျင်ကျောက် ရွှေချည်ထိုး ရွှေ ကျောက်မျက် ရတနာစသည်တို့ဖြင့် ဗုဒ္ဓခြေတော်ရာတို့ကို ပြုလုပ်လျက် လှူဒါန်း ပူဇော်ခဲ့ကြပါတယ်ဘုရား။

ထိုင်းနိုင်ငံမှ ဗုဒ္ဓခြေတော်ရာတို့ကို ဖူးမျှော်အပြီးမှာတော့ ဗန်မော်ဆရာတော်၊ လှရတနာဆရာတော် စသော ခြေတော်ရာ မူမှန်ပူဇော်ရေးအဖွဲ့ဟာ အကြိမ်ကြိမ် စည်းဝေးထိုင်ပြီး (၂၉၊ ၆၊ ၂၀၀၇)နေ့မှာ အနန္တဇိန ဗုဒ္ဓခြေတော်ရာ မူကို အတည်ပြုနိုင်ခဲ့ပါတယ်ဘုရား၊ ထို့အနန္တဇိန ဗုဒ္ဓခြေတော်ရာမူအသစ် ဒီဇိုင်းသစ်အတိုင်း နဝရတ် ဗုဒ္ဓခြေတော်ရာ တစ်ဆူကို ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့မှ ဦးဆောင်လျက် အများကောင်းမှုဖြင့် တည်ထားကိုးကွယ်ရန်ကို (၂၂၊ ၇၊ ၂၀၀၇)နေ့တွင် အစည်းအဝေးခေါ်လျက် ဆုံးဖြတ်ခဲ့ကြပါတယ်ဘုရား။

မူလက ရွှေ (၆) ကျပ်သားဖြင့် (၅၄)သိန်းဟု သတ်မှတ်လျာထားခဲ့သော်လည်း အစည်းအဝေးကျင်းပသည့် နေ့မှာပင် (၅၅) သိန်းကျော် လှူဒါန်း

ခဲ့ကြပါတယ်ဘုရား၊ သို့ဖြစ်၍ အစည်းအဝေးမှာ ဘုရားတပည့်တော်က "ရွှေ (၆) ကျပ်သား လျာထားချက် ပြည့်ခဲ့သော်လည်း ရွှေရောင်အဆင်းရှိတဲ့ မြတ်စွာဘုရားကို ရွှေမျှားမျှားဖြင့် ပူဇော်နိုင်လေ အကျိုးကြီးမားစွာ ရရှိနိုင်မှာ ဖြစ်ပါတယ်၊ တခြားသတ္ထု ပစ္စည်းတွေကို အချိုးအစားအတိုင်း ထည့်ကြရသော်လည်း ရွှေကိုမူ မျှားစွာ ထည့်ဝင်နိုင်ပါတယ်၊ ဒါကြောင့် မလျှူရသေးတဲ့ ပုဂ္ဂိုလ်များလည်း လျှူဒါန်းနိုင်ပါတယ်" ဟူ၍ ပြောကြားခဲ့ပါတယ်ဘုရား။

ဗုဒ္ဓခြေတော်ရာကို ကြည်ညိုတဲ့ အလျှူရှင်တွေ ထည့်ဝင်လိုက်ကြတာ သိန်း(၁၀၀) ကျော်သွားခဲ့ပါတယ်ဘုရား၊ တခို့ဓမ္မမိတ်ဆွေတွေက ငွေသား အလျှူအပြင် လက်ဝတ်လက်စား ကျောက်သံပတ္တမြား အစရှိသော ရတနာ ပစ္စည်း တို့ကိုပါ လျှူဒါန်းကြပါတယ်ဘုရား။

ဘုရားရှင်၏ကြာဏ်တော် အနန္တတွေထဲမှာ ဗုဒ္ဓကြာဏ်တော် (၁၄) ပါးဟာ အဓိက ပဓာနကြတယ်ဟူ၍ ဆရာတော်တွေထံမှ ကြားနာမှတ်သားရဘူးပါတယ်ဘုရား၊ ထိုဗုဒ္ဓကြာဏ်တော် (၁၄)ပါးကို ရည်မှန်းပူဇော်တဲ့ အနေနဲ့ ရွှေကို (၁၄)ကျပ်သားထည့်ဝင်ပြီး ဗုဒ္ဓခြေတော်ရာကြီးကို ပူဇော်ခဲ့ပါတယ်ဘုရား၊ သို့ဖြစ်၍ ဗုဒ္ဓခြေတော်ရာကြီးကို သိန်း (၉၀)ကျော်၊ ရတနာပလ္လင်တော်ကို (၁၀)သိန်းကျော်အားဖြင့် စုစုပေါင်း သိန်း (၁၀၀)ကျော် ပူဇော်ထားခြင်း ဖြစ်ပါတယ်ဘုရား။

ဤသို့ အနန္တဇိန ဗုဒ္ဓခြေတော်ရာကြီး တည်ထားကိုးကွယ်ပူဇော်ရာမှာ ပြီးစီးအောင်မြင်အောင် အဖက်ဖက်မှ ကူညီပေးကြကုန်သော ဗန်မော်ဆရာတော် အမျှူးရှိသော ဗုဒ္ဓခြေတော်ရာ မူမှန်ပူဇော်ရေးအဖွဲ့၊ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့- အမျှူးရှိသော အလျှူရှင်များ၊ အာဇာနည် ဆရာတော်၊ ဒေါနခြံအုပ်ကျောင်း ဆရာတော်-စသော ဘုရားကြီးတိုက် သံဃာများ ဒေါ်နွယ်နီလှိုင်နှင့် ပြည့်ဝ ဦးလှမြင့် မိသားစု၊ မန္တလေးမဟာမြတ်မုနိဘုရားကြီး ဂေါပကအဖွဲ့၊ အနန္တဇိန ဗုဒ္ဓခြေတော်ရာကြီး ကြုံဆိုပင့်ဆောင်ပူဇော်ပွဲမှာ ကူညီဆောင်ရွက်ပေးကြတဲ့ ဝေယျဝေစ္စအဖွဲ့တို့အား ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ကိုယ်စား အထူးပင် ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း လျှောက်ထား ပါတယ်ဘုရား။

ဤသို့ အနန္တဇိန ဗုဒ္ဓခြေတော်ရာ ရတနာပါဒ စေတီတော်ကို ထည်ထားကိုးကွယ်ပူဇော်ရတဲ့ ကုသိုလ်ကံ စေတနာတို့ကြောင့် ဘုရား ဒါယကာ+ဒါယိကာမအပေါင်းနှင့် ကမ္ဘာသူသမ္ဘာသား သတ္တဝါအများတို့သည်၊ ပကတိခရီး,ဘဝခရီး,သံသရာခရီးတို့သို့ သွားလာရာတွင် ဘေးရန်ကင်းရှင်း ကြလျက် ကုသိုလ်ဆန္ဒ ဟူသမျှတို့ ပြည့်ဝကြပါစေ မသွေအမှန်မဂ်ဖိုလ် ဉာဏ်ဖြင့် ဘေးရန်ကင်းငြား နိဗ္ဗာန်တရားကို မျက်မှောက်ပြု နိုင်ကြပါစေကြောင်း ဆုတောင်း မင်္ဂလာပြုလျက် နိဂုံးချုပ်အပ်ပါသည်ဘုရား။

နမော ဗုဒ္ဓါယ၊ သိဒ္ဓမ်
အနန္တဇိန ဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီတော် မော်ကွန်း

၁။ မြတ်စွာဘုရားရှင်သည် အရှင်သာရိပုတ္တရာစသော တပည့်သာဝက များး သတိသံဝေဂဖြစ်ကြစေရန်နှင့် ဒေါဏပုဏ္ဏား စသော ဝေနေယျ သတ္တဝါတို့ မင်္ဂလ,ဖိုလ်,နိဗ္ဗာန် တရားထူးကို ရကြစေရန် ရည်သန်၍ ဖြစ်စေ၊ နောင်လာနောက်သားတို့ ထာဝရဖူးမျှော် နိုင်ကြစေရန် ရည်သန်လျက် နမ္မဒါနဂါးမင်း စသောပုဂ္ဂိုလ်တို့၏ တောင်းပန် ချက်ကြောင့်ဖြစ်စေ၊ နေရာအရပ်(၈)ဌာနဌ အဓိဋ္ဌာန်ပြု၍ ခြေတော်ကို ချတော်မူသည်၊ ခြေတော် ချရာအရပ်ဌာနဌ ခြေဖဝါးတော်မှ အကန့်တစ်ထောင် အကွပ်တံကူ ပုံတောင်းအချက်နှင့်တကွ (၁၀၈) ကွက် လက္ခဏာတို့နှင့် ပြည့်စုံသော စက်ဝန်းအရာတော်တို့ ထင်ကျန်ရစ်ခဲ့သည်၊ ထိုထင်ကျန်ရစ်သော အရာတော်တို့ကို **"ခြေတော်ရာ"** ဟူ၍ ခေါ်ရသည်။

မြတ်စွာဘုရားရှင်၏ ခြေတော်ရာတို့သည် **"ပါဒစေတီ"** ဟူသော နာမည်တော်အပြင် အဓိဋ္ဌာန်ဖြင့် အသုံးပြု ချပြခဲ့သော ပူဇော်ဖွယ်ဝတ္ထုဖြစ်၍ **"ပရိဘောဂစေတီ"** လည်း ထိုက်ကြပေသည်၊ မူလခြေတော်ရာကို ရည်မှန်း၍ ထုလုပ်ပူဇော်ထားသော ခြေတော်ရာပွါး တို့သည်ကား **"ဥဒ္ဒိဿစေတီ"** ထိုက်ပေသည်။ နေရာအရပ်(၈)ဌာနတွင် သီရိလင်္ကာနိုင်ငံ သမန္တကူဋတောင် ပေါ်၌ သုမနနတ်မင်း၏၊ တောင်းပန်ချက်အရ ချထားသော ခြေတော်ရာမှာ မြတ်စွာဘုရားရှင် (၈)ဝါအရွှေ ချထားခြင်း ဖြစ်သည်။ သို့ဖြစ်၍ ပရိဘောဂ စေတီဖြစ်သော ဗုဒ္ဓခြေတော်ရာကို ကိုးကွယ်ဆည်းကပ်မှုသည် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ် အခါကပင် ကိုးကွယ် ဆည်းကပ်နေပြီဟူ၍ သိရသည်။

ရှေးဆရာတော်ကြီးများ ဘုရားဒါယကာ ဒါယိကာမများ ဂေါပက လူကြီးတို့သည် မြန်မာပြည်အနှံ့ စေတီပုထိုး ဘုရားတန်ဆောင်း ကျောင်းကန် အတွင်းနှင့် တောင်ပေါ် အရပ်ဒေသဌာနတို့၌ စကျင်ကျောက်၊ အင်္ဂတေ၊ သစ်သား စသည်တို့ကို ထုလုပ်ပူဇော်လျက် ခြေတော်ရာပါဒစေတီတို့ကို တည်ထားခဲ့ကြသည်။ လိုဏ်ဂူ ပါသောစေတီတို့၌မူ မုခ်ဝအထက် အဝင်ဝ

မျက်နှာကြက်တွင် နံရံဆေးဖြင့် ရေးခြယ်လျက် ခြေတော်ရာပါဒစေတီကို ပူဇော်ကြသည်။

၂။ ဗန်းမော်ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ, သက္ကသီဟဝင်္သသကာ,စာပေပါရဂူ, ဒုတိယ ပါမောက္ခချုပ် အပြည်ပြည် ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်)၊ လှရတနာဆရာတော် ဘဒ္ဒန္တ နာရဒါဘိဝံသ(ပထမကျော်,အဂ္ဂမဟာအကျော်, အဋ္ဌကထာပြန်အကျော်, ဝင်္သကာ, သ, စ, အ ဓမ္မာစရိယ, ဝိနယပါဠိပါရဂူ)၊ မဂ်လာသီဏိဆရာတော် ဘဒ္ဒန္တစန္ဒာသိရီဘိဝံသ(ပထမကျော်,စေတိယင်္ဂဏဓမ္မာစရိယ)၊ ချမ်းအေး ဘုန်းကြီး ဘဒ္ဒန္တဝိလာသ(ဝေမိုး-ကျွန်းလှ)၊ ဦးမြင့်မောင် (မြန်မာမှု ဒီဇိုင်းပညာရှင်) ဦးအောင်ဟိန်း (ဓာတ်ပုံပညာရှင်) စသော ဗုဒ္ဓခြေတော်ရာ မူမှန်ပူဇော်ရေးအဖွဲ့သည် အကြိမ်ကြိမ် အစည်းအဝေးထိုင်လျက် နိုင်ငံအသီးသီး ခေတ်အဆက်ဆက်မှ ဗုဒ္ဓခြေတော်ရာပုံတော်တို့ကို ပါဠို, အဋ္ဌကထာ,ဋီကာ, မဂဓ, သင်္ဂဠ,အင်္ဂလိပ်, အဘိဓာန်စသော ကျမ်းတို့နှင့် စီစစ်တိုက်ဆိုင်လျက် **"အနန္တဇိန ဗုဒ္ဓခြေတော်ရာမူ"** ကို (၂၉၊ ၆၊ ၂၀၀၇) နေ့တွင် အတည် ပြုနိုင်ခဲ့သည်၊ တောင်ခွင်သာသနာပိုင်နှင့် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ၏ နိုင်ငံတော် မဟာဗုဒ္ဓဝင်မူကို အခြေခံ၍ စီစစ်အတည်ပြုထားသောမူ ဖြစ်သည်။

လှရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ စေတိယင်္ဂဏအသင်း စာမေးပွဲတွင် **"စေတိယင်္ဂဏပရိယတ္တိ ဓမ္မာစရိယ,ဂဏဝါစက ဝင်္သကာ ဘွဲ့"** ရရှိခြင်း (၂၅)နှစ်ပြည့်မြောက် **"ငွေရတု"** အထိမ်းအမှတ်အဖြစ် ထိုမူသစ် ဒီဇိုင်းအသစ်ဖြင့် ဗုဒ္ဓခြေတော်ရာကို တည်ထားပူဇော်ရန် ဆုံးဖြတ်ကြသည်။

ရန်ကုန်တိုင်း-ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၊ သက္ကသီဟအသင်းလူကြီး ဦးရှမ်း+ဒေါ်ခင်သန်း မိသားစု၊ ဆောက်လုပ်လှူဒါန်းသော လှရတနာသုံးထပ်တိုက်ကျောင်း မြေညီထပ်ရှိ အနန္တဇိန ဘွဲ့အမည်ရသည့် ဘုရားရုပ်ပွါးတော်၏ ရှေ့ဥပစာတွင် ထိုမူအတိုင်း တည်ထား ကိုးကွယ် သည်ဖြစ်၍ **"အနန္တဇိန ဗုဒ္ဓခြေတော်ရာ"** ဟူ၍ အမည်တွင်သည်။

စက်လက္ခဏာ ပုံတော်များကို ရန်ကုန်မြို့ ပန်းချီပန်းပုကျောင်းမှ မြန်မာမှု ဒီဇိုင်းပညာရှင် ဦးမြင့်မောင်ကို ရေးဆွဲစေကြပြီး **"နဝလောဟ ဗုဒ္ဓခြေတော် ရာ"** ကိုမူ မန္တလေးမြို့ တမွဝတီရပ် ပြည့်ဝဦးလှမြင့်ကို သွန်းလောင်း စေကြသည်။ ကြေနီ,ကြေးဝါ, ရွှေ, ငွေ, တင်း, သံ, သွပ်,ဒန်, ပြဒါး အားဖြင့် သတ္တုရတနာ (၉)မျိုးတို့ကို ပေါင်းစု သွန်းလောင်းသဖြင့် **"နဝရတ် ဗုဒ္ဓ ခြေတော်ရာ, နဝလောဟ ဗုဒ္ဓခြေတော်ရာ"** ဟူ၍လည်း အမည်ရသည်။

၃။ ထို **"နဝလောဟ ဗုဒ္ဓခြေတော်ရာ"** ကို (၂၅၊ ၇၊ ၂၀၀၇) နေ့မှစ၍ ပန္နက်တင် မဂ်လာပြုလုပ်၍(၁၁၊၁၀၊ ၂၀၀၇)နေ့တွင် ဗုဒ္ဓ ခြေတော်ရာ ဂုဏ်တော်များ ရွတ်ဖတ်လျက် သွန်းလောင်းပူဇော်သည်၊ ပလ္လင်တော်ကိုမူ (၂၈၊ ၈၊ ၂၀၀၇)နေ့တွင် အုတ်မြစ်စိုက် (၂၂၊ ၉၊ ၂၀၀၇) နေ့တွင် ဌပနာတော် ထည့်သွင်းသည်။

ဌပနာတော် ထည့်သွင်းရာ၌ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ ဘုရားရှင် မာတ်တော်များ **"မာတုစေတီ"**၊ ပိဋကသုံးပုံ ပါဠိတော်များ **"ရွှေပေလွှာ ဓမ္မစေတီ"**၊ မြန်မာ, တရုပ်, အိန္ဒိယ, သီရိလင်္ကာနိုင်ငံတို့မှ ဘုရားလေးဆူတို့၏ ဆင်းတုရုပ်ပွါးတော် များ **"ဥဒ္ဒိဿစေတီ"**၊ အိန္ဒိယနိုင်ငံ, နီပေါနိုင်ငံ, သံဃနိယလေးဌာနမှ အောင်မြေများ ဗောဓိရွှေညောင်ရွက်များ, သင်္ဃန်း တော်များ **"ပရိဘောဂစေတီ"**၊ ဗုဒ္ဓခြေတော်ရာ**"ပါဒစေတီ"**အားဖြင့် စေတီ(၅) မျိုးတို့ကို ကျောက်မျက် ရတနာများနှင့် တကွ ထည့်သွင်း ဌပနာသည်။

ဘဒ္ဒကမ္ပာတွင် ပွင့်တော်မူကြပြီးသော ကကုသန်,ကောဏာဂုမ်, ကဿပ, ဂေါတမ-အားဖြင့် ဘုရားရှင် (၄)ဆူတို့၏ ခြေတော်ရာတို့ကို ရည်မှန်း၍ အနန္တဇိန ဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီကို သွန်းလောင်း ပူဇော်ကြခြင်း ဖြစ်သည်။ ပလ္လင်တော်ကိုလည်း ဘုရားလေးဆူ အထိမ်းအမှတ် အဖြစ် လေးဆင့်ပင် ပြုလုပ်လျက် ပူဇော်ကြသည်။

အနန္တဇိန ဗုဒ္ဓခြေတော်ရာကား ဘယ်+ညာ (၂)မျိုးတွင် မြန်မာပြည်၌ ချခဲ့သော ဘယ်ခြေတော်ရာဖြစ်သည်၊ အရွယ်ပမာဏမှာမူ အလျား (၅၄) လက်မ၊ အနံ ခြေဖျားတော် (၂၅) လက်မ၊ ခြေဖဝါးတော် (၂၃)လက်မ၊

ခြေဖနောင့်တော် (၂၃)လက်မ ဖြစ်သည်၊ (၁၀၈) ကွက် ထားနည်း (၂) မျိုးတွင် စက်ဝန်းအဝိုင်း၏ အပြင်ဘက်မှ ခရုပတ်လှည့်ပတ်၍ ပြထားသည်၊ အလေးချိန်အားဖြင့်မူ (၄၁)ပိဿာ၊ (၂၅)ကျပ်သားရှိသည်။

မန္တလေးမြို့တွင် သွန်းလောင်းပြီးသော အနန္တဇိန ဗုဒ္ဓခြေတော်ရာသည် မဟာမြတ်မုနိဘုရားကြီး ဂန္ဓကုဋီဆောင်တွင် တည်ဉ့် ရင်ငွေ့တော် ခိုလှုံခြင်း၊ ရန်ကုန်မြို့ မဟာဝိဇယစေတီ၊ ရွှေတိဂုံစေတီတော်တို့ကို လက်ျာရစ်လှည့်ပတ်ပူဇော်ခြင်းတို့ကို ပြုပြီးမှ ပါဠိတက္ကသိုလ်ညောင်တုန်းတိုက်သို့ ကြွရောက်တော်မူလာသည်။

၄။ သံဃာတော် အရှင်မြတ်တို့က အနန္တဇိန ဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီတော်အား “**အနေကဇာတိ သံသာရံ**” စသော ဂါထာတို့ဖြင့် ရွတ်ဖတ်ကြကုန်လျက် အကြိမ်ကြိမ် အနေကဇာတင် ပူဇော်ကြသည်၊ အနန္တဇိန ဗုဒ္ဓခြေတော်ရာ “**ရတနာပါဒစေတီတော်**” ကို စင်ကြယ်အောင် ပြုပြင်စီမံမွမ်းမံခြင်း၊ သီဒိုတင်ခြင်းတို့ကို ပြုကြသည်။

ပါဠိတက္ကသိုလ်ညောင်တုန်ကျောင်းတိုက် ပဓာနနာယက, နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တသောဘဏ၊ အဂ္ဂမဟာပဏ္ဍိတ, သက္ကသီဟဝင်္သကာ, စာပေပါရဂူ, ဗန်မော်ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ၊ပထမကျော်, အဂ္ဂမဟာအကျော်, အဋ္ဌကထာပြန်အကျော်, စေတိယင်္ဂဏ ဝင်္သကာ, ဝိနယပါဠိပါရဂူ-လှရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသတို့ကို အမှူထား၍ အေးမြပြည့်စုံကုမ္ပဏီပိုင်ရှင် ဦးမြ+ဒေါ်အေးသန်း မိသားစု အမှူးရှိသော (၇) ရက်သားသမီး ဘုရားဒါယကာ+ ဒါယိကာမ အလှူရှင်တို့က ဤအနန္တဇိန ဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီတော်ကို (၁၃၆၉) ခုနှစ်၊ သီတင်းကျွတ်လပြည့် အဘိဓမ္မာ အခါတော်နေ့ (၂၆၊ ၁၀၊ ၂၀၀၇)တွင် ကောရဏ္ဍာပုပ္ပိယ မထေရ်ကဲ့သို့ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ရည်သန်လျက် ရေစက်ချလှူဒါန်းပူဇော်ကြသည်၊ အနန္တဇိန ဗုဒ္ဓခြေတော်ရာ ရတနာ ပါဒစေတီတော်နှင့် စပ်ဆိုင်သမျှ ကုသိုလ် အလုံးစုံကို သတ္တဝါအားလုံးတို့အား ကုသိုလ်ဘာဂ ပေးဝေကြ ပါကုန်၏။ နတ်,လူအပေါင်း တို့သည်လည်း သာဓု,သာဓု,သာဓုဟု ခေါ်ဆိုကြလျက် ကောင်းချီးပေးခြင်းကို ပြုကြပါစေကုန်သော်။

သိဒ္ဓိရတ္ထု-အောင်မြင်ပြီးစီးခြင်းသည် ဖြစ်ပါစေသတည်း။
သုဘမတ္ထု-ကောင်းခြင်းအဖြာဖြာသည် ဖြစ်ပါစေသတည်း။
သိရိမတ္ထု-ကျက်သရေမင်္ဂလာသည် ဖြစ်ပါစေသတည်း။

ပလ္လင်တော်အတွင်းထည့်သွင်းဌာပနာထားသည့် ကြေးပြားပေါ်တွင် ရေးထွင်းထားသော ပိဋကသုံပုံ ဓမ္မစေတီတော်များ

(ပဋိစ္စသမုပ္ပါဒ်) အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ,မရဏံ,သောက, ပရိဒေဝ,ဒုက္ခ, ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ အဝိဇ္ဇာယ တွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏ နိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿ နိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာ နိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ, မရဏံ, သောက, ပရိဒေဝ, ဒုက္ခ,ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။ **(ဝစသာဥဒါန်း)** ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော စျာယတော ဗြာဟ္မဏဿ။ အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊ ယတော ပဇာနာတိ သဟေတု ဓမ္မံ။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော စျာယတော ဗြာဟ္မဏဿ။ အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊ ယတော ခယံ ပစ္စယာနံ အဝေဒီ။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော စျာယတော ဗြာဟ္မဏသ။ ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊ သူရိယောဝ ဩဘာသယ'မန္တလိက္ခံ။ **(သစ္စာလေးပါး)** ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ' န လဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဘဝိကာ နန္ဒီရာဂသဟဂတာ တတြ တတြာဘိနန္ဒိနီ၊ သေယျထိဒံ၊? ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။ **(ဂါထာ)** ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။ တေသဉ္စ ယော နိရောဓော၊ ဧဝံဝါဒီ မဟာသမဏော။

(မနသာဉဒါန်း) အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။ ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။ ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။ သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခံတံ။ ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယ မဇ္ဈဂါ။ **(ဗုဒ္ဓုပ္ပါဒဂုဏ်တော်)** ဣဓ တထာဂတော လောကေ ဥပ္ပဇ္ဇတိ အရဟံ,သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏ သမ္ပန္နော,သုဂတော,လောကဝိဒူ, အနုတ္တရောပုရိသဒမ္မသာရထိ, သတ္ထာဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ။ သော ဣမံ လောကံ သဒေဝကံ သမာရကံ သဗြာဟ္မကံ သဿမဏဗြာဟ္မဏိံ ပဇံ သဒေဝမနုဿံ သယံ အဘိညာ သစ္ဆိကတ္ဝာ ပဝေဒေတိ သော ဓမ္မံ ဒေသေတိ အာဒိကလ္ယာဏံ မဇ္ဈေကလ္ယာဏံ ပရိယောသာနကလ္ယာဏံ သာတ္ထံ သဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ

ပဂိသုဒ္ဓံ ပြဟ္မစရိယံ ပကာသေတိ။ **(စက္ကေနကိတပါဒလက္ခဏာ)** ဟေဋ္ဌာ ခေါ ပန တဿ ဘောတော ဂေါတမဿ ပါဒတလေသု စက္ကာနိ ဇာတာနိ သဟဿာရာနိ သနေမိကာနိ သနာဘိကာနိ သဗ္ဗာကာရပရိပူရာနိ။

(ဩဝါဒပါတိမောက်) ခန္တီပရမံ တပေါ တိတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။ န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊ န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။ သဗ္ဗပါပဿ အကရဏံ၊ ကုသလဿူပသမ္ပဒါ။ သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။ အနုပဝါဒေါ အနုပဃာတော၊ ပါတိမောက္ခေစ သံဝရော၊ မတ္တညုတာ စ ဘတ္တသ္မိံ။ ပန္တဉ္စ သယနာသနံ၊ အဓိစိတ္တေ စ အာယောဂေါ။ ဧတံ ဗုဒ္ဓါနသာသနံ။ **(အနန္တရာယိကဂုဏ်တော်)** အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယ္ယ။ အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။ တထာဂတဿ အဘိဟဋ္ဌဘိက္ခာ သခ်ဳံပေနဝါ နိဗ္ဗဒါနဿ အပ္ပိတဝတ္ထာသခ်ဳံပေနဝါ ပရိစ္စတ္တာနံ စတုန္နံ ပစ္စယာနံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။ ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။ အသီတိယာ အနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယဝါ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။ ဗုဒ္ဓါနံ သဗ္ဗညုတဉာဏဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။

(မြတ်စွာဘုရားရှင်) ကတမော စ ပုဂ္ဂလော သမ္မာသမ္ဗုဒ္ဓေါ ဣဓလောကေစ္စော ပုဂ္ဂလော ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု သာမံ သစ္စာနိ အဘိသမ္ဗုဇ္ဈတိ၊ တတ္ထ စ သဗ္ဗညုတံ ပါပုဏာတိ၊ ဗလေသု စ ဝသီဘာဝံ၊ အယံ ဝုစ္စတိ ပုဂ္ဂလော သမ္မာသမ္ဗုဒ္ဓေါ။ **(ဓာတုဝိဘင်း)** ဆ ဓာတုယော ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတု အာကာသဓာတု ဝိညာဏဓာတု။ **(မဟာပဋ္ဌာန်း)** ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊

ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

(ဘဒ္ဒေကရတ္တ ဂါထာ) အတီတံ နာန္ဝာဂမေယျ၊ နပ္ပဋိကခေ်ၚ အနာဂတံ။ ယဒတီတံ ပဟီနံ တံ၊ အပ္ပတ္တဉ္စ အနာဂတံ။ ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ တတ္ထ တတ္ထ ဝိပဿတိ။ အသံဟီရံ အသံကုပ္ပံ၊ တံ ဝိဒ္ဓါ မနုဗြူဟယေ။ အဇ္ဇေဝ ကိစ္စမာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။ နဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။ ဧဝံ ဝိဟာရိံ အာတာပိံ၊ အဟောရတ္တ မတန္ဒိတံ။ တံ ဝေ ဘဒ္ဒေကရတ္တောတိ၊ သန္တော အာစိက္ခတေ မုနိ။

(ဗောဓိပက္ခိယ ဒေသနာ) စတ္တာရော သတိပဋ္ဌာနာ၊ စတ္တာရော သမ္မပ္ပဓာနာ၊ စတ္တာရော ဣဒ္ဓိပါဒါ၊ ပဉ္စိန္ဒြိယာနိ၊ ပဉ္စ ဗလာနိ၊ သတ္တ ဗောဇ္ဈင်္ဂါ၊ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ နဝ လောကုတ္တရာ ဓမ္မာ၊ မဇ္ဈေ ဧကော သမ္မာသမ္ဗုဒ္ဓေါ။

လှရတနာကျောင်း ကိန်းအောင်းစံရာ အနန္တဇိနဗုဒ္ဓ ခြေတော်ရာ ရတနာပါဒစေတီ၌ ပူဇော်ထားသော စေတီငါးမျိုးထဲမှ ပိဋကတ်သုံးပုံ ဓမ္မစေတီများ။

ဦးလှသောင်း+ဒေါ်လဲ့လဲ့ဝင်း မိသားစု ကောင်းမှု. နတ်,လူ
သာဓုခေါ်စေသော် . . . (၂၂၊ ၉၊ ၂၀၀၇) စနေနေ့

အနန္တဇိန ဗုဒ္ဓခြေတော်ရာ ရတနာပါဒစေတီတော်
သွန်းလောင်းပူဇော်ရန်
ကုသိုလ်ရှင်များစာရင်း

၁။ ဦးလှသောင်း+ဒေါ်လဲ့လဲ့ဝင်း မိသားစု၊ ရန်ကုန်မြို့-
သန့်စင်ပြီး ဂျပန်ကြေးခွောင်း
၁၂၅-ခွောင်း၊ ၅-ပိဿာ-၅၀-ကျပ်သား၊

၂။ ကျော်မော်စတိုးနှင့်- ဘတ္ထရီလုပ်ငန်း၊ ဦးကြည်လွင်+ဒေါ်တင်ထွေး၊
မန္တလေးမြို့၊ ၄၀၀၀၀ဝိ/

၃။ ဒေါက်တာ-ကျော်ဇောလွင်+ဒေါ်စီစီတင် မိသားစု၊
မန္တလေးမြို့၊ ၅၀၀၀၀ဝိ/

၄။ ဦးတင်ချို+ဒေါ်နု မိသားစု၊ မန္တလေးမြို့၊
သန့်စင်ပြီး ဂျပန်ကြေး -၂-ပိဿာ၊

၅။ ဦးရှမ်း+ဒေါ်ခင်သန်း မိသားစု၊ မန္တလေးမြို့၊ ၁၀၀၀၀ဝိ/

၆။ မချိုမွှေး -မန္တလေးမြို့၊ ရွှေ-၁-ကျပ်သားကျော်၊

၇။ မအေးမြင့်-မန္တလေးမြို့၊ ရွှေလက်စွပ်-၁-ကွင်း၊

၈။ ဒေါက်တာမြင့်ဌေး- မန္တလေးမြို့၊ ရွှေလက်စွပ်-၁-ကွင်း၊

၉။ မချိုချိုဦး-မန္တလေးမြို့၊ ရွှေနားကပ်-၁-ရံနှင့် ရွှေကြိုး၊

၁၀။ မယ်တော်ကြီး-ဒေါ်ခင်ညွှန့်၊ ငါရဟိုးရွာ၊
ကျောက်နီလက်စွပ် ၁-ကွင်းနှင့် ငွေ ၂၀၀၀ဝိ/

၁၁။ ဦးတင်ညွှန့်+ဒေါ်လှသောင်း မိသားစု၊ ငါရဟိုးရွာ၊ရွှေဆံညှပ်

၁၂။ ခမည်းတော်ကြီး-ဦးသိန်းရ၊ ငါရဟိုးရွာ၊ ၁၀၀၀၀ဝိ/

၁၃။ ဦးမြသန်း+ဒေါ်ပို မိသားစု၊ မန္တလေးမြို့၊ ၂၀၀၀ဝိ/

၁၄။ မနှင်းနှင်းဆွေ၊ မန္တလေးမြို့၊ ၅၀၀ဝိ/

၁၅။ မစပယ်၊ မန္တလေးမြို့၊ ၅၀၀ဝိ/

၁၆။ ဗိုလ်မှူး-ကျော်ကျော်ဦး+ဒေါ်မော်မော်သန်း မိသားစု
ပြင်ဦးလွင် ၃၀၀၀ဝိ/

၁၇။ ဒေါ်စိန်ရီ မိသားစု မန္တလေးမြို့ ၃၀၀၀ဝိ/

၁၈။ ဦးတင်အောင်+ဒေါ်ညွှန့်ညွှန့်မေ မိသားစု၊ကြွေပုဂံရွာ ၁၀၀၀ဝိ/

၁၉။ ညောင်တုန်းတိုက် ပဓာနနာယက ဆရာတော်ကြီး ၁၀၀၀၀၀ဝိ/
၂၀။ လှရတနာ ဆရာတော် ၁၀၀၀၀၀ဝိ/
၂၁။ ဦးချစ်အေး+ဒေါ်သန်းသန်းဆွေ မိသားစု၊ ရန်ကုန်မြို့၊ ၃၀၀၀၀၀ဝိ/
၂၂။ မောင်ဇော်လွင်ဦး ၊ ရန်ကုန်မြို့၊ ၁၀၀၀၀၀ဝိ/
၂၃။ ဒေါ်ဇင်ဇင်ခိုင်၊ ရန်ကုန်မြို့၊ ၁၀၀၀၀၀ဝိ/
၂၄။ ဒေါ်မင်းမင်းခိုင်၊ ရန်ကုန်မြို့၊ ၁၀၀၀၀၀ဝိ/
၂၅။ မမွန်မွန်ထိုက်၊ ရန်ကုန်မြို့၊ ၁၀၀၀၀၀ဝိ/
၂၆။ မောင်ကျော်မွန်လင်း၊ ရန်ကုန်မြို့၊ ၁၀၀၀၀၀ဝိ/
၂၇။ ဦးမြ+ဒေါ်အေးသန်း မိသားစု၊ ရန်ကုန်မြို့၊ ၁၅၀၀၀၀ဝိ/
၂၈။ ဦးကျုံကင်ရော့+ဒေါ်အောင်ပိုးလျှံ မိသားစု ၈၁၀၈၀ဝိ/
၂၉။ ဦးသိန်းအောင်+ဒေါ်အေးကြည်-သမီး-ဒေါ်အေးအေးဝင်း၊
ရန်ကုန်မြို့၊ ၂၀၀၀၀ဝိ/
၃၀။ ဦးသန်းမောင်+ဒေါ်မိမိ မိသားစု၊ ရန်ကုန်မြို့၊ ၁၀၀၀၀ဝိ/
၃၁။ ဦးထွန်းဖေ+ဒေါ်ညွှန့်ညွှန့် (နှိုင်)မိသားစု၊ ရန်ကုန်မြို့၊
၁၀၀၀၀ဝိ/
၃၂။ ဦးဉာဏ်မြင့်+ဒေါ်ရွှေ မိသားစု၊ ရန်ကုန်မြို့၊ ၁၀၀၀၀ဝိ/
၃၃။ ဦးကြည်ဝင်း+ဒေါ်ရီရီအေး မိသားစု၊ ရန်ကုန်မြို့၊ ၄၀၀၀၀ဝိ/
၃၄။ ဦးမြင့်အောင်+ဒေါ်ကြိုင် မိသားစု၊ ရန်ကုန်မြို့၊ ၁၀၀၀၀ဝိ/
၃၅။ ဒေါ်ခင်ကြွေ မိသားစု၊ ရန်ကုန်မြို့၊ ၃၀၀၀ဝိ/
၃၆။ ဦးမြင့်စိုး+ဒေါ်တင်နွဲ့အေး မိသားစု၊ ရန်ကုန်မြို့၊ ၁၁၀၀ဝိ/
၃၇။ မစရဏာပညာ+မကေသာဝတီ-ဟသ်ာတ စာသင်တိုက်၊ ၅၀၀ဝိ/
၃၈။ ဒေါ်နှင်းနွယ်အောင်၊ ရန်ကုန်မြို့၊ ၂၀၀၀ဝိ/
၃၉။ ဦးစိုးမင်း+ဒေါ်ခင်ဦးမြင့် မိသားစု၊ ကနေဒါနိုင်ငံ၊ ၃၀၀၀ဝိ/
၄၀။ ဦးသန်းထွန်း+ဒေါ်အေးအေးကြူ မိသားစု၊
စင်္ကာပူနိုင်ငံ၊ ၁၀၀၀ဝိ/
၄၁။ ဦးအောင်ဟိန်း၊ ရန်ကုန်မြို့၊ ၄၀၀၀ဝိ/
၄၂။ ဒေါ်ကြည်ကြည်သန်း၊ ရန်ကုန်မြို့၊ **ရွှေကြယ်သီးတစုံ-ငါးလုံး၊**

၄၃။ ဒေါ်သန်းကြည် နှင့် သားသမီးမြေးတစ်စု၊ ရန်ကုန်မြို့၊ ၆၅၀၀၀/
၄၄။ ဦးကံညွှန့်+ဒေါ်တင်ရီ မိသားစု၊ ရန်ကုန်မြို့၊ ၅၀၀၀၀/
၄၅။ ဦးတင်မောင်လှ+ဒေါက်တာ-ဒေါ်ငွေးငွေးအောင် မိသားစု၊
ရန်ကုန်မြို့၊ ၅၀၀၀၀/
၄၆။ ဒေါ်ချင်ထွေးကြည်-သမီး- မလိန်းလိန်း မိသားစု၊
ရန်ကုန်မြို့၊ ၅၀၀၀၀/
၄၇။ ဒေါ်နုနုဝင်း-အလုံ၊ ရန်ကုန်မြို့၊ ၃၀၀၀၀/
၄၈။ ဒေါ်ခင်ဝင်းမော်-ဆင်ဖြူတော်ရွှေမောင်း သက်နိုးတိုက်၊
ရန်ကုန်မြို့၊ ၁၀၀၀၀၀/
၄၉။ စိန် နှင့် မြ-ဦးကျော်မင်း+ဒေါ်ခင်ပြုံးယဉ် မိသားစု၊
မန္တလေးမြို့၊ ၁၀၀၀၀၀/
၅၀။ ဒေါ်ရွှေဥ-ရွှေဥရတနာရွှေဆိုင် မိသားစု၊ ရန်ကုန်မြို့၊ ၄၀၀၀၀၀/
၅၁။ ဒေါ်မြယူ မိသားစု၊ အလုံ-ရန်ကုန်မြို့၊ ၃၀၀၀၀၀/
၅၂။ ဦးထွန်းလေး+ဒေါ်ခင်ပြုံး မိသားစု၊ အလုံး-ရန်ကုန်မြို့၊ ၁၀၀၀၀၀/
၅၃။ မသန်းတင်၊ ရန်ကုန်မြို့၊ ၅၀၀၀/
၅၄။ ဦးကြည်အေး+ဒေါ်ကြည်ကြည်ခင် မိသားစု၊ ရန်ကုန်မြို့၊ ၁၀၀၀၀/
၅၅။ အဘိဓဇဆွမ်းစားကျောင်းဘုန်းကြီး-ဦးဣန္ဒက၊ ၅၀၀၀၀/
၅၆။ ဝိဇယသိဂီကျောင်းဘုန်းကြီး- ဦးတေဇနိယ၊ ၁၅၀၀၀/
၅၇။ လှရတနာကျောင်း ၁၃၆၈-ခုနှစ်၊ စာအောင်သံယာများ၊ ၂၀၀၀၀/
၅၈။ ၁၃၆၉-ခုနှစ်၊ သီလကွန်စာဝါ သီလရှင် ဆရာလေးများ၊ ၄၀၀၀၀/
၅၉။ ဦးဇော်ဝင်းဦး+ဒေါ်သန်းသန်းအေး မိသားစု၊ ၁၀၀၀၀၀/
၆၀။ ဦးသန်းစိန်+ဒေါ်တင်တင်မြိုင် မိသားစု၊ နားကပ်တစ်ရံ
၆၁။ ဦးစိုးနိုင်+ဒေါ်ယဉ်ကြည်၊ ၅၀၀၀/
၆၂။ ဦးကျော်ဆန်းလွင်+ဒေါက်တာဒေါ်မြင့်မြင့်၊ ၅၀၀၀၀/
၆၃။ ကိုဝင်းကြိုင်+မမိုးသီတာစီ၊ ၁၀၀၀၀/
၆၄။ ဦးတင်ထွေး+ဒေါ်သက်သန်းတင်၊ ၅၀၀၀/
၆၅။ ဦးကျော်မိသားစု၊ ၁၀၀၀၀/

၆၆။	ဒေါ်တင်မာကြည် မိသားစု၊	၁၀၀၀၀ိ/
၆၇။	ဦးမင်းဆွေ+ဒေါ်ဌေးဌေးရီ၊	၁၀၀၀၀ိ/
၆၈။	ဒေါ်ခင်ယုတီ၊	၅၀၀၀ိ/
၆၉။	ကွယ်လွန်သူ ဦးလှမောင် ကို ရည်စူး၍- ဒေါ်ခင်နှင်းဝေ မိသားစု၊	၃၀၀၀၀၀ိ/
၇၀။	ဦးလှသောင်း+ဒေါ်လဲ့လဲ့ဝင်း မိသားစု၊	၁၀၀၀၀၀ိ/
၇၁။	နှစ်ဖက်သော ဘိုးဘွားတို့ကို အမှူးထား၍ မောင်သိန်းဇော်ဝင်း၊	၁၀၀၀၀ိ/
၇၂။	နှစ်ဖက်သော ဘိုးဘွားတို့ကို အမှူးထား၍ မသီတာခင်မျိုးသောင်း၊	**အီတလီ-ရွှေဆွဲကြိုးတစ်ကုံး၊**
၇၃။	ဦးကျော်မင်း+ဒေါ်လှလှဝင်း၊	၃၀၀၀၀ိ/
၇၄။	ဦးစောတိုးတိုး+ဒေါ်ဒေလီဝင်း၊	၅၀၀၀၀ိ/
၇၅။	ဒေါက်တာ-ကျော်ကျော်စိုး မိသားစု၊	၃၅၀၀၀ိ/
၇၆။	ဦးချစ်အောင်+ဒေါ်တင်တင်ခိုင် မိသားစု၊	၅၀၀၀၀ိ/
၇၇။	ဒေါ်တင်မြင့် မိသားစု၊	၁၀၀၀၀ိ/
၇၈။	ဦးမောင်မောင်+ဒေါ်သန်းစိန် မိသားစု၊	၁၀၀၀၀၀ိ/
၇၉။	ဦးကျော်ဟိန်း မိသားစု၊	၁၀၀၀၀ိ/
၈၀။	ဦးခင်မောင်မြင့်+ဒေါ်မြင့်မြင့်သွင် မိသားစု၊	၁၀၀၀၀၀ိ/
၈၁။	ဒေါ်ခင်မာဝေ၊ (သရုပ်ပြ-မြို့ပြဌာန)	၃၀၀၀၀ိ/
၈၂။	သာသနာ့မဏ္ဍိုင်သိမ်ကျောင်း ဘုန်းကြီး ဦးအာသဘ	၂၀၀၀၀ိ/
၈၃။	မနန္ဒသိဏီ မဟာပညာရာမ သီလရှင် စာသင်တိုက်	၅၀၀၀ိ/
၈၄။	မတိက္ခညာဏီ မဟာဝေပုလ္လ ဣစ္ဆာသယကျောင်းတိုက်	၅၀၀၀ိ/
၈၅။	မဝဏ္ဏစာရီ မဟာပညာရာမ သီလရှင်စာသင်တိုက်	၃၀၀၀၀ိ/
၈၆။	မဧစာရီ မဟာပညာရာမ သီလရှင်စာသင်တိုက်	၁၀၀၀၀ိ/
၈၇။	မသြသဓညာဏီ အလယ်တောရကျောင်းတိုက်	၁၀၀၀၀ိ/
၈၈။	မဂန္ဓသောဘာ ရွှေတောင်ကုန်ရိပ်သာ	၁၀၀၀၀ိ/
၈၉။	ဦးသက်ရှည်+ဒေါ်စန်းကြည် မိသားစု၊ ဝင်ဒါမီယာ	၃၀၀၀၀ိ/
၉၀။	ဦးချစ်ဖေ ကို ရည်စူး၍ ဒေါ်မြကြည် မိသားစု၊	၂၀၀၀၀ိ/

၉၁။ ဦးဖိုးဟန်+ဒေါ်စောနွယ် မိသားစု၊ ၃၀၀၀ဝိ/
၉၂။ ကိုအောင်ကျော်ဝင်း+မခင်မာအေး မိသားစု၊ ၂၀၀၀ဝိ/
၉၃။ ကိုမျိုးခင်+မအေးအေးလှိုင် မိသားစု၊ ၂၀၀၀ဝိ/
၉၄။ ဦးမြင့်စိုး+ဒေါ်တင်နွဲ့အေး (ဒုတိယအကြိမ်) ၁၀၀၀၀ဝိ/
၉၅။ ဒေါက်တာ-မြင့်ဌေးနှင့် ဆေးဝန်ထမ်းများ
(နဝဒေးအထူးကုဆေးခန်း) ၂၀၀၀၀ဝိ/
၉၆။ ဦးအောင်ကြည်+ဒေါ်အုန်းခင် မိသားစု
(သပြေနွယ်ဆေးခန်း) ၅၀၀၀ဝိ/
၉၇။ ဒေါ်အေးသိန်း မိသားစု၊ ၁၀၀၀ဝိ/
၉၈။ ဦးဟန်လင်း+ဒေါ်စန်းစန်းညွှန့် မိသားစု၊ ၁၀၀၀၀ဝိ/
၉၉။ ဒေါ်မြင့်မြင့်သန်း၏ မိခင် ၁၀၀၀ဝိ/
၁၀၀။ ဦးအောင်သန်း+ဒေါ်မာလာခိုင် မိသားစု၊ ၁၀၀၀၀ဝိ/
၁၀၁။ ဦးဦးခင်+ဒေါ်ကြူကြူဝင်းနှင့်
ဦးနိုင်ဝင်းဆွေ+ဒေါ်တင်သိုက်ဝင်း မိသားစု၊ ၁၅၀၀ဝိ/
၁၀၂။ ဦးထွန်းတင့်+ဒေါ်ချစ်ထွေး မိသားစု၊ ငါရဟိုးရွာ၊ ၂၀၀၀ဝိ/
၁၀၃။ ဒေါ်ကြိုင် (လှိုင်သာယာနည်းပညာတက္ကသိုလ်ကထိက)၅၀၀၀ဝိ/
၁၀၄။ ဦးဝင်းမောင်+ဒေါ်မြင့်မြင့်ရီ မိသားစု၊ ၂၀၀၀ဝိ/
၁၀၅။ စောအယ်ထီမူး+မခင်ခင်စန်း မိသားစု၊ ၅၀၀ဝိ/
၁၀၆။ ဦးခင်မောင်ဌေး+ဒေါ်စန်းစန်းအေးမိသားစု၊
ကျောက်စိမ်း(၂၆)ပွင့်နှင့်မြကျောက် (၅)ပွင့် ၁၅၀၀ဝိ/
၁၀၇။ ဒေါ်စိန် ကို ရည်စူး၍ သမီး မမာမာသိန်း၊
ကျောက်ဖြူရွှေလက်စွပ်တစ်ကွင်း၊
၁၀၈။ မိခင် ဒေါ်ခင်မြင့် ကို ရည်စူး၍ ဦးမြင့်မောင်+ဒေါ်မိုးမိုးဝင်း မိသားစု၊
ရွှေနားကပ်တစ်ရံ၊
၁၀၉။ ဦးလှသောင်း+ဒေါ်လဲ့လဲ့ဝင်း မိသားစု၊
ပိဋကသုံးပုံ ဓမ္မစေတီရွှေပေလွာ (၃) ချပ်၊
၁၁၀။ ဦးတင်မြတ်+ဒေါ်မြင့်မြတ်ငြိမ်း မိသားစု၊ ၁၀၀၀၀ဝိ/
၁၁၁။ မဟာဂန္ဓာရုံ ဆွမ်းကျွေးအဖွဲ့-ကသာမြို့၊ ၅၀၀၀ဝိ/

၁၁၂။ ဦးတင်မောင် (ညီမ)ဒေါ်မိမိလေး-ဒေါ်ဝင်းမြိုင်၊

နီလာလက်စွပ်တစ်ကွင်း

၁၁၃။ ဦးစိန်ထွန်း+ဒေါ်မြဝင်း မိသားစု၊ ကသာမြို့၊ ၅၀၀၀ိ/

၁၁၄။ ဦးတင်ဝင်းသန်း+ဒေါ်သိန်းရွှေ မိသားစု၊ ကသာမြို့၊ ၅၀၀၀ိ/

၁၁၅။ ဦးရဲမော်မြင့်+ဒေါ်ခင်မာချို မိသားစု၊ မန္တလေးမြို့၊ ၃၀၀၀ိ/

၁၁၆။ ဦးသက်ဦး+ဒေါ်ခင်ထွေး မိသားစု၊ မန္တလေးမြို့၊ ၁၀၀၀၀ိ/

၁၁၇။ ဦးအောင်မူ+ဒေါ်မြခင် မိသားစု၊ ပြင်ဦးလွင်မြို့၊ ၁၀၀၀၀ိ/

၁၁၈။ ဦးသန်းဌေးဝင်း+ဒေါ်သိန်းသိန်းဝင်း၊ ၃၀၀၀ိ/

၁၁၉။ ဦးမောင်မောင်+ဒေါ်မိမိကြီး မိသားစု၊ ၅၀၀၀ိ/

၁၂၀။ ဦးမြဇော်+ဒေါ်ခင်မာရီ မိသားစု၊ မန္တလေးမြို့၊ ၅၀၀၀ိ/

၁၂၁။ ဦးသိန်းဇော်+ဒေါ်ကြူကြူဝင်း မိသားစု၊ မန္တလေးမြို့၊ ၁၀၀၀၀၀ိ/

၁၂၂။ ဦးသန့်စင်ဌေး+ဒေါ်သန်းသန်းဝင်း မိသားစု၊ ရန်ကုန်မြို့၊ ၂၀၀၀၀ိ/

၁၂၃။ စင်ကာပူနိုင်ငံမှ-စေတနာရှင်ဇနီးမောင်နှံ ၄၈၀၀ိ/

၁၂၄။ မိဘနှစ်ပါးအမှူးထား၍ မခင်ခင်မော်၊ ရန်ကုန်မြို့၊ ၃၀၀၀၀ိ/

၁၂၅။ ဦးတင်မြင့်ထွေး+ဒေါ်သိဏ္ဍီဦး မိသားစု၊ ရန်ကုန်မြို့၊ ၂၀၀၀၀၀ိ/

၁၂၆။ ဦးသန်းစိန်+ဒေါ်တင်တင်မြိုင် မိသားစု၊ ရန်ကုန်မြို့၊

ရွှေလက်စွပ်တစ်ကွင်း၊

၁၂၇။ ဦးဉာဏ်မြင့်+ဒေါ်ရွှေ မိသားစု၊ ရန်ကုန်မြို့၊

ရွှေနားကွင်း (၂)ကွင်း၊

ပတ္တမြားလက်စွပ် (၁)ကွင်း

၁၂၈။ ဒေါ်မြင့်မြင့်ဝင်း ရန်ကုန်၊ **ရွှေလက်စွပ် (၁)ကွင်း၊ ပုလဲ (၄) လုံး၊**

၁၂၉။ ဦးလှသောင်း+ဒေါ်လဲ့လဲ့ဝင်း **ကျောက်မျိုးစုံအပွင့်များ (၃၅)ပွင့်၊**

ဗုဒ္ဓခြေတော်ရာကို ကိုးကွယ်ပူဇော်ရကျိုးများ

စကြာခြေမွန် တင့်တယ်ဟန်ကို မိုးစွန်ဘုံဖျား သိကြားပြဟ္မာ တူရေရှာလည်း

ဘယ်မှာတမျှ အတူရချိမ့် အသမ သမာ သုံးလူ့ချာ၏ ရတနာလျှံဝင်း နီဆင်းစင်သန့်

အကန့်တစ်ထောင် ထွန်းပြောင်သိဂ်ါ သန္ဓာအကွပ် ထိန်လျပ်ပုံတောင်း ညိုမောင်းကျောက်မျက်

ခြေတော်စက်ကို စုံမက်မြတ်နိုး ရှိလျှင်ခိုးသည် (ကောင်းကျိုးလျှင်ဆောရောက်စေသော်)

အကျိုးကောင်းမွန် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ထုတ်ချောက် ရောက်စေသော်။

ဗုဒ္ဓခြေတော်ရာကို တည်ထားကိုးကွယ်သူများ ပန်း နံ့သာ ဆီမီးတို့ဖြင့် လှူဒါန်း

ပူဇော်ရှိခိုးသူများသည် အခြံအရံ ပရိသတ် ပေါများခြင်း၊ ကုန်းလမ်း ရေလမ်း လေလမ်း

ဟုဆိုအပ်သော ပကတိခရီးသွားလာရာ၌ ဘေး အန္တရာယ်ကင်းခြင်း၊ ဘဝခရီးသွားလာရာ၌

ကောင်းသော လောကဓံတို့နှင့် ကြုံကြိုက်ရခြင်း၊ သံသရာခရီးသွားလာရာ၌ အပါယ်လေးပါး

မကျနှိုင်ခြင်း၊ နိဗ္ဗာန်မရောက်မီ လူအဖြစ် နတ်အဖြစ်တို့၌သာ စုန်ဆန် ကျင်လည်ရခြင်း၊

ရုပ်ရည်အဆင်း လှပတင့်တယ်ခြင်း၊ စကြဝတေးမင်း ဖြစ်နိုင်ခြင်း၊ နောက်ဆုံးဘဝ၌ အာသဝေါ

ကုန်ခမ်းသော ရဟန္တာအဖြစ်သို့ ရောက်ရှိခြင်းစသော အကျိုးများကို ရရှိနိုင်ပါသည်။